ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ





ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်

(၇၉)(၈၀)(၈၁)(၈၂)(၈၃)(၈၄)(၈၅)(၈၆)(၈၇)(၈၈)(၁၀၇)(၁၀၈)(၁၀၉)
(၁၁၀)(၁၁၁)(၁၁၂)(၁၁၃)(၁၁၄)(၁၁၅)(၁၁၆)(၁၁၇)(၁၁၈)(၁၁၉)(၁၂၀)

ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၁၃)



– စီစဉ်ပူဇော်သူ –

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

(၁) ဒိုလ်မှူးဆရာတော် ဦးသုမန — 09-250432050
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။

(၂) ဦးမျိုးအောင် (ရန်ကုန်) — 09-5105997

(၃) ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် — 09-5107496

(၄) ဆရာလေး ဒေါ်စန္ဒာသီရိ — 09-447572355

(၅) ဆရာလေး ဒေါ်မိတ္တစာရီ — 09-251620128

(၆) "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ — 09-49741462

(၇) "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ — 09-796685516

(၈) ကိုတိုး (မြောင်းမြ) — 09-796685527

(၉) ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ — 09-447204724

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## (၆-၃-၂၀၀၄) ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မေဘယ်အထည်ချုပ်စက်ရုံ တွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၇၉)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

# မာတိကာ


| စဉ် | အကြောင်းအရာ | | တရားတော်အမှတ် |
|---|---|---|---|
| ၁။ | ၆.၃.၂၀၀၄ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ၊ ဗုလဲမြို့သစ်၊ မေဘယ်အထည်ချုပ်စက်ရုံ တရားတော် | ၇၉ |
| ၂။ | ၄.၄.၂၀၀၀ | ရွှေတိဂုံတောင်ဘက်မုခ်၊ သစ်လုပ်ငန်းဓမ္မာရုံ တရားတော် | ၈၀ |
| ၃။ | ၁၅.၁၀.၂၀၀၀ | ရန်ကုန်၊ သာကေတ၊ ဇိနမာန်အောင်ဘုရား တရားတော် | ၈၁ |
| ၄။ | ၃၁.၈.၂၀၀၂ | ရန်ကုန်၊ သာကေတ၊ ဇိနမာန်အောင်ဘုရား တရားတော် | ၈၂ |
| ၅။ | ၃.၁၀.၁၉၉၁ | ရော၀တီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့ တရားတော် | ၈၃ |
| ၆။ | ၃.၆.၂၀၀၀ | ဗိုလ်တထောင်ဘုရား တရားတော် | ၈၄ |
| ၇။ | ၁၂.၁၀.၂၀၀၂ | ရန်ကုန်၊ ရွှေပြည်သာမြို့ တရားတော် | ၈၅ |
| ၈။ | ၂၃.၉.၂၀၀၂ | ရန်ကုန်၊ စမ်းချောင်း၊ ကိုးထပ်ကြီးဘုရား တရားတော် | ၈၆ |
| ၉။ | ၁၀.၁၂.၂၀၀၂ | ရွှေတိဂုံအရှေ့မုခ်၊ ကြေးသွန်းဘုရားကြီး တရားတော် | ၈၇ |
| ၁၀။ | ၁၃.၁၀.၂၀၀၂ | ရန်ကုန်၊ ရန်ကင်း၊ မိုးကောင်းဘုရား တရားတော် | ၈၈ |
| ၁၁။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၀၇) | | ၁၀၇ |
| ၁၂။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၀၈) | | ၁၀၈ |
| ၁၃။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၀၉) | | ၁၀၉ |
| ၁၄။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၀) | | ၁၁၀ |
| ၁၅။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၁) | | ၁၁၁ |
| ၁၆။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၂) | | ၁၁၂ |
| ၁၇။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၃) | | ၁၁၃ |
| ၁၈။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၄) | | ၁၁၄ |
| ၁၉။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၅) | | ၁၁၅ |
| ၂၀။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၆) | | ၁၁၆ |
| ၂၁။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၇) | | ၁၁၇ |
| ၂၂။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၈) | | ၁၁၈ |
| ၂၃။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၁၉) | | ၁၁၉ |
| ၂၄။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၀) | | ၁၂၀ |

## (၆-၃-၂၀၀၄) ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မေဘယ်အထည်ချုပ်စက်ရုံတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂတရားတော်

ဦးဇင်းကစာမတတ်ပါဘူးဗျာ။ ဒီတော့ အသက် (၅၂) နှစ်အရွယ်မှာ ဝိပဿနာမဂ္ဂိရှစ်ပါး၊ သိက္ခာသုံးပါး၊ ဓေကာ ဓမ္မောဆိုတဲ့ ခန္ဓာမှာဉာဏ်စိုက်တယ်။ ပြီးတော့ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောဥဒပါဒိ၊ ဉာဏ်ဥဒပါဒိ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမိ ထိအောင်သူမသိ၊ စာတွေ ငါတွေ့ အတွေ့နှစ်လိရှိတယ်။ စာတွေထက် ငါတွေ့ကသာတယ်။ သဘောလေးနဲ့နော်။ တရားဆိုတာ မင်္ဂတို့ဖိုလ်တို့ဈာန်တို့ ဆိုတာက ကျင့်တဲ့သူပဲသိတယ်။ ကိုင်ပြလို့မရဘူး။ ဒါကြောင့် ယုံကြည်ပါတဲ့ ယုံကြည်ပါဗျာတဲ့။ ဘာကိုယုံကြည်ရမလဲ၊ သစ္စာ လေးပါးကို ယုံကြည်ပါ။ ဒုက္ခသစ္စာဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား နိရောဓသစ္စာ မဂ္ဂသစ္စာ အဲ့ဒါ သစ္စာလေးပါးက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဘယ်မှာဟောမလဲ။ အားလုံးရှိတဲ့ ဦးဇင်းတို့ရဲ့ အတိတ်ပစ္စုပ္ပန် အနာဂတ် အဲ့ဒီပစ္စုပ္ပန် လူဘုံမှာ ပစ္စုပ္ပန်ဆိုတာက လူဘုံမှာတည့်တည့်ရှေ့လဲမမျှော်နဲ့ နောက်လဲမတွေးနဲ့ တည့်တည့်မြင်တာကို သိရမယ်။ ကြားတာကို ကိုယ်နားကကြားတာကို သိရမယ်။ ကိုယ့်နှာခေါင်းကနံတာကို သိရမယ်။ ဇိဝါမှာစားတာကို သိရမယ်။ သိတာ စိတ်ပဲ၊ သိတာကို သိရမယ်။ ဒီကံတရားတွေကိုပဟာတာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးမျိုးရှိတယ်။ ခင်ဗျားတို့သီလထဲမှာ ပါပါတယ်။ ဒီကံတရား ကံဆိုတာက ဗာလိရေးထားတာ။ မြန်မာလိုပြန်မယ် ဆိုရင်တော့ ကံဟာသွားစွဲတာပဲ။ အဲ့ဒီတော့ သွားစွဲတာ။ အဲ့ဒီတော့သွားစွဲရင်ဘာလဲ။ အဲတာ တဏှာလို့ခေါ်တယ်။ တဏှာလို့ခေါ်တယ်။ ဒါဝိပဿနာ၊ ဒီနေ့စိတ်ကလေးကို သာယာတယ်။ စိတ်ကလေးက ကိုယ့်နားလေးရဲ့အာရုံမှာမှတ်ပြီး သာယာတယ်။ အဲ့တာ အနုသယပဲ။ ဒါသံသရာလည်တယ်။ ၃၁ ဘုံမလွတ်သေးဘူးနော်။ သက္ကာယအယူယူမှုတဲ့အတွက် သက္ကာယဒိဋ္ဌိအယူနဲ့ ယူမယ်။ သမ္မာဒိဋ္ဌိအယူနဲ့ယူမယ်။ အဲ့ဒါခင်ဗျားတို့အပေါ်မူတည်တယ်။ ဒီဘဝဟာ နောက်ဆုံး ဘဝပဲနော်။ ဒီမင်္ဂတရား၊ ဖိုလ်တရား၊ ဈာန်တရားဆိုတာ အလုပ်ကမှရတာ။ စာကတော့ ရေးထားတာပဲ။ ကိုယ်လုပ်မှ ကိုယ်ရမှာနော်။ ဒုက္ခသစ္စာဟာဘာလဲ။ သမုဒယသစ္စာကဘာလဲ။ ဒုက္ခသစ္စာဆင်းရဲခြင်း၏ အမှန်တရား ဆင်းရဲတယ်။ ဘုရားကစိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေ။ စိတ်ဘာကြောင့် ဆင်းရဲတာလဲ။ သွားစွဲလို့ဆင်းရဲတာ။ ဒါကံတရား ဘယ်ကံလဲ မနောကံ။ မနောကံဘာကြောင့်ဖြစ်တာလဲ။ အာရုံငါးပါး ဘုရားပညတ်တာ၊ ပညတ်တဲ့ သဘောကိုလဲ သိပြီနော်။ အဲ့ဒီတော့ ပညတ်ကိုလဲသွားတော့မစွဲနဲ့။ ဦးဇင်းကစာတော့မတတ်ဘူး။ ဒါစာတွေနဲ့ရေးထားတဲ့စကားလုံး တွေဘဲ။ ပညတ်ရှိရင် ပရမတ်ရှိတယ်နော်။ ပရမတ်ဆိုတာ ခန္ဓာက အစစ်အမှန်ကိုသွားသိတဲ့တရား။ အနတ္တတရား၊ သဘာဝသဘောဖြစ်နေတဲ့တရားတွေ။ ဖြစ်တာကို ဖြစ်တာကိုနော်။ အဲ့တော့ စိတ်ရဲ့စေတသိတ်ဆိုတာ မြင်စိတ်ပေါ့။ မျက်စိမြင်တာပေါ့။ ကိုယ့်နားကြားတာကို အဲ့တာစိတ်ကလေးတွေ စိတ်လိုပဲခေါ်ဆိုသမုတ်တယ်။ အဲ့ဒီတော့မြင်တာစိတ်ပဲ၊ ကြားစိတ်တို့၊ နာစိတ်တို့ကနေပြီးတော့ တွေးတော့တာပဲ။ အဲ့ဒါတွေးစိတ်ဖြစ်သွားပြီ။ ဗာလိစေတသိတ်ခေါ်တယ်။ စိတ် စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်၊ အဲ့ဒီသုံးချက်ကိုပိုင်နိုင်ပြီးမယ်ဆိုရင် ဉာဏ်နဲ့ပိုင်မယ်ဆိုရင် နိဗ္ဗာန်ကိုယခုရပဲ့ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ဆိုတာ ပါဠိလိုရေးထားတာ။ မြန်မာလိုအေးငြိမ်းခြင်းခါတ်၊ အေး မစွဲတော့ဘူး။ သားသေတယ်။ သမီးသေတယ်။ မစွဲတော့ဘူး။ ကျင့်တဲ့စရဏသူမှာရှိတယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ စာကရှိတယ်။ ကာယသတိပဋ္ဌာန်ဆိုတာ ကာယမှာရှိတဲ့ ကံတရားများ ကာယကံ၊

ဝစီကံ၊ မနောကံ များအဲ့ဒီတော့ ဒါတွေကိုစင်ကြယ်အောင် လုပ်ရမယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်ဆိုတာက ရုပ်မှာရုပ်ရှိရင် ဝေဒနာရှိတယ်နော်။ ဝေဒနာက အာရုံကိုလိုက်။ အဲ့ဒီတော့ ကာယသတိပဋ္ဌာန် ဝေဒနာသတိပဋ္ဌာန် စိတ်တသတိပဋ္ဌာန်၊ စိတ်တကနေ ဓါတ်ဖြစ်အောင်လုပ်၊ အဲ့ဒီတော့ ဓမ္မာသတိပဋ္ဌာန်ကိုရောက်လိမ့်မယ်။ ခင်ဗျားတို့ အပေါ်မှာမူတည်တယ်။ အာရုံခြောက်ပါးလွတ်သလား။ လွတ်တဲ့လူရှိတယ်။ မလွတ်တဲ့လူရှိတယ်။ ဒါသစ္စာတရားတွေ သမုဒ်သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမက်တသစ္စာ၊ အရိယာဓါတ်သစ္စာ စာကရေးထားတယ်။ စာနဲ့စိတ်နဲ့ တစ်ထပ်ထဲဖြစ်မှ အရိယာထသစ္စာခေါ်တယ်။ အရိယာထသစ္စာဆိုတာ သိသလား။ ကြားတော့ကြားဘူးတယ်။ သိတဲ့ သူလဲရှိတယ်။ မသိတဲ့သူလဲရှိတယ်။ ဦးဖင်းက စာတော့မတတ်ဘူး။ ဒါပေမယ့် သစ္စာရဲ့သဘောကို သဘောလေးတော့ ပြောပြပါမယ်။ သမုဒ်သစ္စာ၊ သဘာဝသစ္စာ၊ ဝိရတိသစ္စာ၊ ပရမက်သစ္စာ၊ အရိယာဓါတ်သစ္စာ၊ အရိယာဓါတ်သစ္စာဆိုတာ သုတ္တန်မှာရှာကြည့်တော့ စိန်စမဏဘုရားက လူပုဂ္ဂိုလ်အလယ်မှာ တရားဟောနေတာကို ဗိဿမာနကရှင်ဒီလိုပြုလုပ်တာ ဘာညာနဲ့ တရားဟောပွဲမှာလူတွေကကြည့်ကြတယ်။ အဲ့ဒီတော့ဘုရားကဘာပြောလဲဆိုတော့ နှင်နဲ့ကျုပ်နဲ့ နှစ်ယောက် ပဲသိတယ်။ အဲ့ဒါသစ္စာပဲ သမုဒ်သစ္စာ၊ အရိယာသစ္စာ၊ ရှေ့လဲမမျှော်နဲ့ နောက်လဲမတွေးနဲ့ အဲ့ဒါသစ္စာပဲ အရိယာဓါတ်သစ္စာ အတိတ်ကိုလဲမပြောဘူး၊ အနာဂါတ်ကိုလဲ မပြောဘူး။ ပစ္စုပ္ပန်တည့်တည့်လေး သမုတိရဟန်း အရိယာရဟန်းကွာနေတယ်။ သင်္ကန်းတော့ဝတ်ထားတယ် စာအသိမှန်တယ်။ ဒီကစာတော့ မတတ်ဘူး။ ဝန်ခံထားတယ်။ ဘာလဲဥပါဒါန်တရား၊ ဗျာပါဒနဲ့ အဘိဇ္ဈာတရား ဗျာပါဒဆိုတာ ဘာလဲ။ သားလေးတစ်ခုခုဖြစ်တာ။ သမီးလေး တစ်ခုခုဖြစ်တာ မနောကပူလောင်တာပဲဗျို့ မနောဟောနေတာ မနောကိုပြောတာ အသီးတရာ အညွှာတစ်ခု အညွှာပြတ်မှ အသီးတရာပါမှာ အဲ့ဒါမှအေးမှာ အမိုက်ကစ ပြဿာဒ်မီးလောင်ဆိုတာ ဒီအာရုံ ငါးပါးမလွတ်လို့ သံသရာတွေလည်နေတာ ဒါကြောင့်မို့ သဗ္ဗေသင်္ခါရ အနိစ္စ သဗ္ဗေသင်္ခါရ ဒုက္ခ သဗ္ဗေ သင်္ခါရ အနတ္တ အနိစ္စ ဒုက္ခ အနတ္တ အနိစ္စ ကိုလဲသိရမယ်။ ဒုက္ခကိုလဲသိရမယ်။ အနတ္တကိုလည်း သိရမယ်။ ပြီးတော့ ခန္ဓာမှာ ဉာဏ်စိုက် မဂ္ဂင်ရှစ်ပါးနဲ့ခင်ဗျာ။ ဒီလမ်းကိုလျှောက်ရမယ်။ လမ်းဆုံးရင် ရွာတွေ့မယ်ကွ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဝိပဿနာဉာဏ်စခန်း သမထမဟုတ်ဘူး။ ဆက်ပေးတဲ့ဘုန်းကြီးမဟုတ်ဘူး။ ဆက်ပေးတယ်ဆိုတာ လောကီဇေဒင်တွေပေါ့။ အကြားအမြင်ရတာ ဒါပေါ့ဗျာ။ ဒီကမရဘူး။ ကံနဲ့ဉာဏ်ပဲသိတယ်။ ဖျန်ပဲသိတယ်။ ဒါလာဟောတာ။ ဒါနောက်ဆုံးဘဝ ခင်ဗျားတို့လဲ အိုမယ် နာမယ် သေမယ် ဦးပဏ္ဍိတလဲ အိုမယ် နာမယ် သေမယ် အဲ့ဒီတော့တစ်ဘဝနဲ့ တစ်ဘဝမပြောင်းခင် ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ လူမျိုးမရွေးဘာသာမရွေး ကိုယ်လုပ် ရင်ကိုယ်ရမယ်။ သဒ္ဒါဗိုလ်ဆိုတာ ယုံကြည်တာ။ သဒ္ဒါဗိုလ်တွေ သီလဗိုလ်တွေ သမာဓိဗိုလ် တွေ ပညာဗိုလ်တွေ စာကရေးထားတယ်။ သဒ္ဒါဆိုတာယုံကြည်တာ။ ဒို့စာမတတ်ဘူး။ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို ဗိုးလို့မွှေ ရေလို့နှောက်မယ် ရုပ်ရှိရင်ဝေဒနာရှိမယ်။ ဟောဒီရုပ်မှာ တဏှာရှိတယ်။ အဲ့ဒီတဏှာကို ခင်ဗျားဉာဏ်နဲ့ ကျင့်ပေတော့ ကံနဲ့ကျင့်လို့ကတော့မရဘူး။ ကံဆိုတာ တဏှာခေါ်တယ်။ အဲ့ဒီတော့ ဒီတရားတွေကို နှလုံးသွင်းပြီး ကျင့်ပေတော့။ ကျင့်တော့ မဂ္ဂင်ရှစ်ပါး သမ္မာဝါစာ သမ္မာ ကမ္မန္တ သမ္မာအာဇီဝ။ အဲ့ဒါ သီလပဲ သမ္မာ ဝါယာမ သမ္မာ သတိ သမ္မာ သမာဓိ အဲ့ဒါသမာဓိပဲ။ သမ္မာ ဒိဋ္ဌိ သမ္မာသင်္ကပ္ပ။ အဲ့ဒါပညာမဂ္ဂင် သုံးပါး ခင်ဗျားဝိနည်း မဟုတ်ဘူး။ ကိုယ်စိတ်ကို စစ်တယ်

သမာဓိဆိုတာ ကောင်းတာလုပ်တာ သမ္မာဝါစာ ဆိုတာ တရားအားထုတ်နေပြီး အဲ့ဒီတော့ ကာယကံ ဝစီကံ မနောကံ အစွဲဥပါဒါန်တွေ ငြိမ်းလာမယ်။ ဟောထိုင်ပြီးတော့ တွေးတောနေတယ်။ သူဟာ လောကီရဲ့အကြောင်းတွေကို တွေးနေတယ်။ ဒါကံပဲစွဲလို့တွေးတာ ဒါအနလယ စိတ္တန ပဿနာ ၃၁ ဘုံလွတ်တဲ့တရားတွေပေးနေတာ အဲ့ဒီတော့ သမ္မာဝါစာ ကမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ ကိုယ်စိတ် ကိုစစ် မနောကိုစစ် ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်ဆိုတာ ကမ္မိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ ဉာဏဥဒပါဒိ၊ အာလောကော ဥဒပါဒိ အာသွက်ခရာ ဉာဏ်ခေါ်တယ်။ အာရုံပျက်ပြီး အခုဟော့ အာရုံခြောက်ပါး စွဲလဲစွဲတယ်။ ယူလဲယူတယ်။ မှတ်တာကို ဒါငါ့သား ငါ့သမီး တစ်ခုနဲ့တစ်ခု ခွဲခြားပြီးတော့ သိတာကို သညာအသိခေါ်တယ်။ အဲဒါကံ တရားတွေ ဥပမာ သမီးလေးတွေသာ သားလေးတွေ သေသွားပြီး အဖေ အမေဘယ်လိုနေမလဲ။ ပူဆွေး ဆောက်လောင်တာပဲဗျို့ ဗျာပါဒ အဲ့ဒါခေါ်တာ စိုးရိမ်ကြောင်းကြ ဗျာပါဒ ပရိဒေဝ အဲဒါသံသရာလည်တယ်။ အဲ့ဒါ စိတ်ကိုမစစ်တတ်လို့ ဒုက္ခတွေရောက်ကုန်တာ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား သူမသိဘူး။ စာပဲသိတယ်။ သွားစွဲတာကို စွဲတော့ကံ။ အဲ့ဒါအရိယထသစ္စာနဲ့ ဟောသွားတာ။ သမုတိသစ္စာမဟုတ်ဘူး။ ဝိရတိသစ္စာ သဘာဝ သစ္စာ၊ ပရမက်တသစ္စာ အဲ့ဒါကျင့်သွားပြီး ကျင့်လို့ပေါက်တယ်။ ပေါက်လို့ခင်ဗျားတို့ကိုလာဟောတာ။ စာမတတ်ဘူး။ မတတ်တော့ရေးထားတဲ့ ပါဠိအနက်အဓိပ္ပါယ်စကားတွေ ပါဠိကိုအနက်ပြန်ပေး။ ဒါမှ တရားနာတဲ့သူက သဘောပေါက် မယ်။ ဟုတ် မဟုတ် စဉ်းစားတယ။ သံသရာလည်တာ ဘယ်ကံလဲ။ မနောကံ ဘာကြောင့်လဲ။ အာရုံငါးပါး ပစ္စုပ္ပန် တည့်တည့်လေး မြင်လိုက်တာ စိတ်ပဲ အရာဝတ္ထုမှတ်လိုက်တယ်။ အဲ့ဒါသညာခေါ်တယ်။ သညာကြောင့် သခၤါရသွား စွဲရော။ သဗ္ဗေ အလုံးစုံသောသခၤါရ ဒုက္ခ သဗ္ဗေ အလုံးစုံသော အနိစ္စ သဗ္ဗေ အားလုံးစုံသော သခၤါရ အနတ္တ၊ အနစ္စ ဒုက္ခ အနတ္တ ကလေးတောင် ဆိုတတ်တယ်။ အဲ့ဒါကိုယ်ရုပ်တရားကိုရှုပါ။ ကိုယ့်ရဲ့ရုပ်တရားကြီးကို အနိစ္စဆိုတာဘာလဲ။ ဒုက္ခဆိုတာဘာလဲ။ အနတ္တဆိုလာဘာလဲ။ တရားအားထုတ်တဲ့အခါမှ အနုဆုံးကံတွေ ညိမ်လာလိမ့်မယ်။ ကံတွေငြိမ်လာမယ်။ အာရုံငါးပါးမြင်ခြင်လား မမြင်ခြင်ဘူး၊ ကြားခြင်လား မကြားခြင်ဘူး။ တရားနှလုံးသွင်းတယ်။ ထိတယ်။ သိတယ်။ ထိတာကရုပ်၊ သိတာကနာမ်။ အဲ့ဒါမြင်အောင်ကြည့်၊ ဝိဇ္ဇာဉာဏ်နဲ့ကြည့်။ အဝိဇ္ဇာဉာဏ်နဲ့ မကြည့်နဲ့။ ဒီလိုလုပ်လိုက်တော့ သီလ သမာဓိ ပညာသုံးပါး အကယ်၍ ဉာဏ်မရရင်တောင် ခင်ဗျား အပွါယ်ပိတ်ပြီး သီလကလဲဖြူစင်သွားပြီ။ သီလကနတ်ဘုံ၊ သမာဓိကဗြဟ္မာဘုံ ပညာဒါတွေက ကိုယ်လုပ်ရမှာ ကြည့်စမ်း အကာမှာမျှောနေကြတာ။ လောဘစိတ်တွေ၊ ဒေါသ၊ တဏှာ၊ မာန စိတ်တွေ အဲ့ဒီစိတ်တွေ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ ဒိဋ္ဌိဆိုတာဘာလဲ အာရုံငါးပါးမလွတ်လို့ ဒိဋ္ဌိခေါ်တယ်။ အာရုံနဲ့ မနောတွေးကြည့်။ ဒါဖြင့်တပည့်တော်တို့ ဘယ်လိုနေရမလဲ။ ဘယ်လိုထိုင်ရမလဲ။ အေး သက္ကာယဒိဋ္ဌိ အယူမယူနဲ့။ မိစ္ဆာဒိဋ္ဌိမယူနဲ့။ အတ္တဒိဋ္ဌိအယူ မယူနဲ့။ သမ္မာဒိဋ္ဌိကိုယူ သမ္မာဆိုတာ အင်မတန်မှထူးမြတ်တဲ့ သမ္မာ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေကြတာ။ သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ မင်းဘာဖြစ်လို့လိုက်လဲ။ တဏှာကမာနဲဖြစ်တော့ အာရုံနဲ့ မနောတွေ့တာကိုမှတ်ပြီပေ့ါ။ သီလဝိသုဒ္ဓိ မစင်ကြယ်တော့ဘူး အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အကယ်၍ဉာဏ်မရရင်တောင် အာရုံခြောက်ပါးမှာ သမ္မာလေးနဲ့နေ သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ အတ္တ ဒိဋ္ဌိ ဒီဖာယူတွေမယူနဲ့။

နောက်ဆုံးဘဝပြန်မှာပဲ။ ဘုရားက ဟောထားတယ်။ ၃၁ ဘုံ၊ လူ့ဘုံလဲပါတယ်။ နတ်ဘုံ အပ္ပါယ်လေးပုံ ဗြဟ္မာဘုံလဲ
ပါတယ်။ သေခါနီးရင် ခင်ဗျားတို့ဇော်သုံးတန်ပြန်လိမ့်မယ်။ အဲ့ဒီတော့မှ ငါမှားပြီ၊ ခင်ဗျားတို့ ဘောသမားတွေလို နိုင်ငံခြား
မှာကန်ခြင်ရင် စောစောစီးစီးပြေး၊ စောစောစီးစီးကျင့်၊ ကျင့်လိုက်ပြေးလိုက် ကြာတော့တတ်လာမယ်။ ဒီလိုပဲ ဝိပဿနာ
အလုပ်ကလဲကျင့်ရမှာ စိတ်ကလေးကိုတွေး စိတ်တွေစေတသိတ်တွေ တွေးသေးလား။ အာရုံနဲ့မနောတွေးသေးလား
နော်  ဆရာကောင်းအရေးကြီးတယ်နော်။ ဝိနည်းမဟုတ်ဘူး။ အစိသီလ အစိစိတ်တ္တ အစိပညာ သိက္ခာ သုံးပါး
ကောမမွော ဘယ်ကလာလဲ။ ရုပ်ပေါ်နာမ်ပေါ်က လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။  သီလမှာ
ချုပ်တယ်။ ချုပ်တာကိုသိရမယ်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဒီတရားကိုသိရမယ်။ နောက်ဆုံးမဂ်ဉာဏ် ဖိုလ်ဉာဏ်
မရတောင် အပ္ပါယ်ပိတ်တယ်။ စိတ်ကိုစစ်ထားတာ မနောစစ်တယ် ဗျာပါဒရယ် အဘိဇ္ဈာ ဒိဋ္ဌိရယ် ဒိဋ္ဌိကိုသတ်တယ်။
ဒိဋ္ဌိသတ်မှ ဗျာပါဒရဲ့အကြောင်း၊ အဝိတ်စာအကြောင်းသိလိမ့်မယ်။ စွဲတာကိုဗျ။ သားလေးသေတယ်။ စိုးရိမ်ကြောင်းကြ
ပူဆွေးသောကဖြစ်ကြတယ်။ ဒါကြောင့် မိုစာကဇာတိ ဇရာ မရဏလို့ရေးထားတယ်။ ဇာတိဆိုတာ ဘာလဲ၊ ဇရာဆိုတာ
ဘာလဲ။ မရဏဆိုတာဘာလဲ။ အဲ့ဒါကိုသိမှ သံဝေဂရမယ်။ အကျင့်တွေလဲ ကျင့်လာမယ်။ သေခါနီးမှ ဘာမှလုပ်လို့
မရတော့ဘူး။ သွားရောမရဏ သေမင်းက ကံကုန်ရင် သွားရမှာပဲ ဦးဇင်းလည်း ဒီလမ်းသွားရမှာဘဲ။ ခင်ဗျားတို့လဲ
သွားရမှာဘဲ။ ကောင်းရာသုဂတိဘုံကို ရောက်အောင်သွားရမယ်။  အခုတော့လူတွေက အာရုံပေါ်မှာ ဒေါသတွေ
လောဘတွေသူထက်သာအောင် ဖြစ်ကုန်ရော မနောပေါက်တယ်။ အပြင်သီလနဲ့ ပညတ် သီလနဲ့ ပရမက် သီလ
ဘယ်ဟာက ကောင်းလဲ ပရမက်သီလကကောင်းတယ်။ ပညတ်သီလက အကာခေါ်တယ်။ ပညတ်သီလက စိတ်မချ
ရဘူး။ သားသွားစွဲတာ ကံဥပါဒါန် ကံလည်အုန်းမယ်။ သံသရာ အဲ့ဒီကံကို သမ္မာလေးနဲ့ယူ။ အဲ့ဒီကံကို မိစ္ဆာ ဒိဋ္ဌိ
သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ကံတွေမဖြစ်စေနဲ့။ သမာလေးနဲ့ယူမှ တကယ်ကိုယ်စိတ်ကိုယ်အောက် တဏှာရယ် မာန်ဒိဋ္ဌိရယ်
ဖြုတ်ထားလိုက်။ တဏှာကြောင့် ကိလေသာရဲ့ ရုပ်တရားမှာ တဏှာတွေကြီးပဲ။ အဲ့ဒီတဏှာရှိရင် မာန်ရှိတယ်။ တစ်ခုခု
ဖြစ်ကြည့်ပါလား။ တဏှာကြောင့် မာန်ဖြစ်သွားမယ်။  မင်းဘာကြောင်းလဲကွ။ ဘာညာနဲ့ ကာယကံတွေ ဝစီကံတွေက
ပါကုန်ရော။ နတ်တွေရှိတယ်။ ခင်ဗျားနတ်ရှိတာလဲမသိဘူး။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ သာသနာစောင့်နတ်
လောကပါရနတ် နတ်ရှိတယ်။ ကိုယ်ကလူပြည်မှာ ကာယကံ ဝစီကံမနောကံတွေကို သစ္စာရှိရှိထားရင် နတ်ကကန်တော့
တယ်။ သကြားမင်းကလဲကန်တော့တယ်။ ဘာဖြစ်လို့လဲ ရုပ်နာမ်ကိုသိသွားတာကို သူတို့ကနာမ်အကောင်တွေ သူတို့က
ရုပ်မရှိဘူး။ ဦးပဏ္ဍိတက ရုပ်ရှိတယ်။ ဒါကြောင့်သစ္စာလေးပါးကိုသိတာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ ဒုက္ခသစ္စာဆိုတာ
ကံကြောင့်အစွဲတွေကို ဖြစ်နေတာ သွားစွဲတာကို ကောင်းတာလဲစွဲ၊ မကောင်းတာလဲစွဲ ဘီလပ်မြေအိတ် ဘုရားတည်
ဘီလပ်မြေအိတ်ပျောက်သွားတော့ ဘုရားလူကြီးက တောက်ခေါက်တယ်။ ဒလဝမ်ဘယ်မှာလဲ၊ ဘီလပ်မြေအိတ် ၄၀၊
၅၀ လောက်ပျောက်သွားတယ်ဆို မာန်ဖြစ်တာဘဲ။ ပျောက်သွားတယ်ကွာ။ မင်းတို့သတိမထားတာကို ပျောက်လဲ
ထက်ဝယ်တာပေါ့။ ဘယ်လောက်ကောင်းတဲ့စိတ်လဲ။ ဥပမာ ဘီလပ်မြေအိတ်လေးငါးဆယ် ပျောက်သွားတာကို
မာန်ဖြစ်ပြီး ဒလဝမ်ကိုဆူတော့တာဘဲ။ မာန်တွေဖြစ်နေတာ။ အဲ့ဒါဘာလဲ။ ကိုယ်တွင်းက တဏှာကိုမသတ်လို့
စကားတော့ ဝစီကံကနေ မာန်တွေဖြစ်ကုန်ရော။ တစ်ဖက်သားကခံရတယ်ဗျို့ သူမှားတာကို သူမျှားစိတ်ဆင်းရဲအောင်

သွားမလုပ်နဲ့။ ကိုယ်ပဲအနစ်နာခံပါသူများစိတ်ဆင်းရဲတာ ကိုယ်မှာအကျိုးမရှိပါဘူး။ အကျိုးပေါ်အကြောင်းသတ်ရမယ်။ မြင်လိုက်တဲ့အကြောင်းကြားလိုက်တဲ့အကြောင်း စားလိုက်တဲ့အကြောင်း၊ တွေးလိုက်တဲ့အကြောင်း၊ အကြောင်းကိုသတ်မစွဲနဲ့ အကြောင်းသတ်မှခင်ဗျားအေးမယ်။ အကျိုး ဒုက္ခ သစ္စာမှမသိရင် အကြောင်းသတ်လို့ရပ့ါမလား။ ဒုက္ခသစ္စာဆိုတာ ကိလေသာရုပ်ကြီးကိုပြောတာ။ ဒုက္ခကြီးအကျိုးသတ်မှ အကြောင်းပြတ်မှာ။ ဒီဂ္ဂိသတ်မှ တဏှာသိမယ်။ တဏှာဆိုတာ စိတ်ကလေးသာယာတာ စက္ခုမှာသာယာတာ ခင်ဗျားတို့ တီဗွီကြည့်တယ်။ အဲ့ဒါတွေ အဲ့ဒါတွေ စွဲနေတာပဲ။ အဲ့ဒါ တဏှာ ၃၁ ဘုံမလွတ်ဘူး၊ ၃၁ ဘုံလည်အုန်းမှာပဲ ကိုယ်မှားကကြာတာတဏှာ၊ အဲ့ဒါအရိယာမဂ်တ် သစ္စာနဲ့ဟောနေတာ။ နာတဲ့သူကကံနဲ့နာနေတာဉာဏ်နဲ့ကျင့်ရမှာ၊ ရဟန်းတာချင်းမတူဘူး မတူလို့စာကရေးထားတာ။ ပဋိယတ္တိ၊ ပဋိပတ္တိ ဒါဘုရားကဟောထားတာ။ ဦးဇင်းက လုပ်ကြံပြီးပြောတာမဟုတ်ဘူး။ ပဋိယတ္တိကဘာလဲ။ ပဋိပတ္တိကဘာလဲ၊ ပဋိဝေဒ ကဘာလဲ။ ဒါဘုရားဟောထားတာ ကိုယ်မှားရင် တစ်ခုခုဖြစ်တယ်။ ၃၂၄-၃၂၅-၃၂၆ ရိုက်မှုကို ကျူးလွန်ရင် အဖမ်းခံရမှာဘဲ။ စိတ်သာချ ၄၅၁၊ ၄၅၂ ဒါဥပဒေရဲ့ကျူးလွန်မှုတွေ ရာဇသတ်တွေပဲ သွားပြီးဥပဒေကို မချိုးဖောက်နဲ့၊ ကိုယ်ဖြစ်ကိုယ်ခံဘဲ။ ဘုန်းကြီးပဲဆိုပြီးသွားလုပ်လို့မရဘူး။ သူ့ဥပဒေကရှိနေပြီ၊ အဲ့ဒီကမဖြစ်ခင်ကတည်းကနေ ဒီကသိနေပြီ။ အရိယာမဂ်တ် ကြည့်စမ်း ခင်ဗျားတို့ဟောဒီအထဲမှာ အင်္ဂလိပ်ခေတ် ဂျပန်ခေတ် ဦးနုခေတ်တွေမှာ လမ်းတွေလုပ်လိုက်တာ အလုပ်သမားတွေအများကြီးပဲ ပုသိမ်ဘက်ကြည့်လဲ အလုပ်သမား၊ မြောင်းမြဘက်ကြည့်လဲ အလုပ်သမား၊ အိမ်မဲ၊ ပန်းတနော်ကြည့်လဲ အလုပ်သမား လုပ်လိုက်သူတို့စက်တွေနဲ့ကြည့်စမ်း၊ ဒီအစိုးရဘယ်လောက် သနားဖို့ကောင်းသလဲ။ ဂျပန်ခေတ်မှာလဲမရှိဘူး။ ဂျပန်ခေတ်ကနိုပ်စက်လိုက်တာ အင်္ဂလိပ်ခေတ်ကလည်း ကြွင်းပေါ်ကို မတတ်နိုင်အောင်နှိပ်စက်တာ။ ဒီအစိုးရကြတော့ ကြည့်စမ်း၊ ထုးမြတ်လိုက်တာ ကြည့်စမ်း၊ တိုက်တွေဆောက်၊ တံတားတွေဆောက် သိန်းပေါင်း၊ သန်းပေါင်းများစွာနဲ့ လူတွေကို ယဉ်ကျေးအောင်လုပ်ပေး၊ ဘုန်းကြီးတွေကို လုပ်ပေး အဲအကုန်လုံး လျှောက်လုပ်ပေးနေတာ သူများအတွက် သူ့အတွက်မဟုတ်ဘူး။ သူကနိုင်ငံတော်အတွက် လုပ်ပေးနေတာ ဦးဇင်းကသာသနာအတွက် လျှောက်လုပ်ပေးနေတာ လှူတဲ့ပိုက်ဆံတွေကိုရှေ့ကွာ သိန်း ၅၀ကွ၊ ကိုယ်အကျိုးအတွက် မဟုတ်ပါဘူး။ သာသနာအတွက် ဟိုကလည်းနိုင်ငံတော် ပြည်သူပြည်သားတွေအတွက် နောက်သားနောက်သမီးတွေ ကောင်းစားအောင်လုပ်တာ လမ်းတစ်ခုလုပ်ရင်နည်းတာမဟုတ်ဘူး။ အလုပ်သမားခ ကျောက်တုံးတွေသယ်တာ ဒီပါရုံဘက်က ကျောက်တွေကိုပယ် လှေသမား၊ သမန်သမားတွေကို ပေးရ၊ ဟုရနဲ့၊ သူ့အတွက် မဟုတ်ဘူး။ ပြည်သူပြည်သားတွေအတွက် နေဖို့စားဖို့ လုပ်ပေးတဲ့ အစိုးရခေါ်တယ်။ ဘုန်းကြီးလဲအသိရှိ တာပေ့ါ။ အသိမရှိတဲ့ဘုန်းကြီးလဲရှိတာပေ့ါ။ ဖွန်တွဲနေတာပေ့ါ။ တစ်ခါတလေလဲ အသိရှိတယ်၊ တစ်ခါတလေလည်း အသိမရှိဘူး။ အားလုံးက သည်းခံရမယ်။ သူတက်တာ ဘာမှမရှိသေးဘူး။ အဲ့ဒီတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သူကောင်းစားရင် ကိုယ်လဲကောင်းစားမယ်။ အေး ခင်ဗျားတို့ သံသရာဘယ်ကစလဲ ခန္ဓာကစတယ်။ မနောနဲ့ အာရုံ မပြတ်လို့ဖြစ်တာ ပြတ်ရင် ကပ်ဖတ်တွေ မလုပ်တော့အကုန်လုပ်တယ်။ အဲ့ဒီလူက အပွါယ်ပိတ်ပြီး အခုလဲကောင်းပြီ နောင်လဲကောင်းပြီ သူကအနစ်နာခံတာကိုဗျ။ အဲ့ဒီတော့ ဒီတရားတွေကိုနှလုံးသွင်းတတ်ဖို့ လိုပါတယ်ဗျ။ သူများ အကြောင်းကိုမိစ္ဆာစိတ်၊ မနာလိုစိတ်၊ ဣဿစိတ်၊ ဝန်တိုမိစ္ဆာ စိတ်တွေမလုပ်နဲ့။ စားလဲမစားရဘူး။ တစ်ခါတည်း အပြစ်တွေ

ဖြစ်နေတယ်။ အဲ့ဒီတော့ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့ပတန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကကိုယ်မာန်တွေ ရာဇမာန်တွေ ပစ္စည်းမာန်တွေ ဥစ္စာမာန်တွေ၊ မနမာန်တွေ ငါမာန်တွေ ဗလမာန်တွေ မစွဲနဲ့။ ခင်ဗျားကိုမလုပ်နဲ့ မပြောဘူး။ မစွဲနဲ့။ စွဲရင် ကံဖြစ်သွားမယ်။ စွဲတာကတဏှာခေါ်တာ စာလေးစွဲတာ တဏှာပဲ။ အဲ့ဒီတဏှာကနေ မာန်ဖြစ်သွားတာကနေ နှိပ်စက်တာပဲဗျ။ စာမကတတ်လည်း ရဟန်းကို ငါဘယ်လောက်ရှိပြီလည်း။ မရှိပါဘူးဗျာ။ အဲ့ဒါပညတ်၊ ပညတ်နဲ့ ပရမတ်ကို စကားပြောသွားတာ ဘာကိုအားကိုးလဲ ပညတ်ကိုအားကိုးနေတာ ဒီကပညတ်ကို သိသွားပြီ။ ပညတ်ကို မစွဲဘူး။ သူကပညတ်ကိုယူလဲယူတယ်။ စွဲလဲစွဲတယ်။ အဲ့ဒါသံသရာတွေလည်နေတယ်။ ကဲ ဒီလောက်ဆို တော်ရောပေါ့ဗျာ။ သာဓု . . . သာဓု . . . သာဓု

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမုဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဝိသုဒ္ဓိခွဲနှင့် အောင်သစ္စာဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

## [၄-၄-၂၀၀၀] ရွှေတိဂုံတောင်ဘက်မုဒ်၊
## သစ်လုပ်ငန်းဝန်းမှာရှိ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၈၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၄-၄-၂၀၀၀) ရွှေတိဂုံစေတီတောင်ဘက်မုဒ်၊ သစ်လုပ်ငန်းဓမ္မာရုံ၊ ဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးဖင်းစာပေကျမ်းဂန်မတတ်ဘူး။ တောထွက်ကြီး ငယ်ဖြူမဟုတ်ဘူး။ သူလည်းနောင်တတရားတွေရပြီး အင်မတန်မှဆိုးသွမ်းခဲ့တဲ့ လူတစ်ယောက်ပါ။ အစွဲဥပါဒါန် ကုန်းလမိုင်း။ ရေလမိုင်း ၊အာကာလမိုင်းတွေ စာကရေးထားပါတယ်။ တရားနဲ့ကိုယ်အသိနဲ့ တင်ပြတာပါ။ အင်မတန်အစွဲကြီးတော့ သိပ်စွဲတဲ့အတွက်ကြောင့် လမိုင်းလို့ခေါ်ပါတယ်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းဆိုတာက တောင်ပိုင်၊ ကွင်းပိုင်၊ ယက္ခ၊ ကုမ္ဘဏ္ဍ ဒီလိုဟာတွေကိုခေါ်ပါလိမ့်မယ်။ သဘောလေးနဲ့သာနော။ ဦးဖင်းကနေပြီးတော့ အစွဲဥပါဒါန်ဆိုတာ တစ်ဘဝပြီး၊ တစ်ဘဝဖြစ်ပေါ်လာတဲ့ အကျိုးကိုမသိတော့ အကြောင်းကိုသတ်လို့ မရဘူးဗျ။ မြင်လိုက်တဲ့အကြောင်း ကြားလိုက်တဲ့အကြောင်း အဲ့ဒီအကြောင်းတွေသတ်လို့မရဘူး။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဒါအရိယာသစ္စာ၊ သစ္စာနဲ့ဉာဏ်တရားတွေ ဟောသွားတာ သဘောလေးနော။ ဆရာတော်သမားတော် သံဃာတော် အရှင်သူမြတ်အားလုံး တပည့်တော်က စာပေကျမ်းဂန်မတတ်တဲ့အတွက် ဟောတဲ့အခါမှာ ပဋိယတ္တိအသိနဲ့ ပဋိပတ္တိအသိပြောတဲ့အခါမှာ မှားယွင်းသွားရင် သည်းခံပါလို့ ဒကာ၊ ဒကာမ၊ ဆရာလေးတွေ ယောဂီပုဂ္ဂိုလ်များ သီလရှင်ပုဂ္ဂိုလ်များအားလုံးကို တောင်းပန်တယ်။ ပညတ်အသိနဲ့ ပရမတ်အသိပြောတဲ့အခါမှာ မှားယွင်းရင် တောင်းပန်တယ်။ ဦးဖင်းဟောသွားတာ ဉာဏ်အသိတွေကို ဟောတာပါ။ နာတဲ့ပုဂ္ဂိုလ် ခင်ဗျားတို့အပေါ်မှာဘဲ မူတည်တယ်။ ဘုရားဟောထားတယ်။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသောသင်္ခါရ ဒုက္ခ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ၊ သင်္ခါရပါတယ်။ အနိစ္စပါတယ်။ ဒုက္ခပါတယ်။ အနတ္တပါတယ်။ ရုပ်နာမ်ရှိတဲ့ သတ္တဝါတွေဟာ ကိလေသာနဲ့ တဏှာကို မပယ်နိုင်သလောက်ဖြစ်နေကြပါပြီတဲ့။ ကိလေသာရုပ်တရား တဏှာက နာမ်တရား။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့ ကိလေသာနဲ့ တရားကိုမပယ်နိုင်ကြဘူးတဲ့။ ပညတ်ပေါ်မှာ မျှောနေကြပြီ။ ပရမတ်ကိုမသိကြဘူးတဲ့။ ကြားတော့ကြားဖူးတယ်။ သဘောဘဲနော။ ပညတ်တရားနဲ့ ပရမတ်တရား။ ကံတရားနဲ့ဉာဏ်တရား။ ဉာဏ်ရသွားတဲ့ ပုဂ္ဂိုလ်က ကံသမားကိုဟောတယ်။ ခင်ဗျားတို့သွားစွဲနေတာ သားစွဲလိုက်၊ သမီးစွဲလိုက် သောကပဋိဒေဝပူတယ်။ ဘယ်ကလဲမနော။ ကံနော်။ ကိုယ်စိတ်ကိုယ်စစ်၊ အဲ့ဒီစက္ခုအာရုံနားကကြားတယ်။ အဲ့ဒီတော့နင့်အမေသေပြီ။ နင့်အမေသေပြီ။ အဲဒီအသံကြားရင် ပူတာဘဲဗျို့။ အဲ့ဒါကံတရားဥပါဒါန်ကံတရားတွေ အဲ့ဒီကံလေးက မနောဥပါဒါန်လေးက ဘာနဲ့သတ်မလဲလို့ သတ်တတ်ဖို့လိုတယ်။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတဲ့ မနောကံအာရုံမလွှတ်လို့ ကံဖြစ်တာ။ သင်္ခါရတွေ ဖြစ်နေတာ။ သဘောလေးနော။ သင်္ခါရဆိုတာ ပါဠိစကားတွေ အခုမြင်လိုက် အခုကြားလိုက် အခုသိလိုက်။ အခုနံ့လိုက်၊ အခုစကားတွေပြောလိုက် ကာယကံတေ၊ ဝစီကံတွေ၊ မနောကံတွေ အဲပြောကြဆိုကြတယ်။ ဟုတ်တာပေ့ါ။ မှန်တာပေ့ါ။ အဲ့ဒါကံတရားတွေပေ့ါ။ ဥပါဒါန်ရဲ့သောမနဿ၊ ဒေါမနဿ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ အဲ့ဒါသံသရာလည်တဲ့ တရားတွေဘဲ ဒါပညတ်အာရုံပေါ်မှာ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေပါ။ ပညတ်နဲ့ ပရမတ်သိမှ ဒါလူတူးလို့ခေါ်တယ်။ ဦးပဏ္ဍိတက ဘာတွေသတ်လည်း။ ကိလေသာနဲ့ တဏှာသတ်တယ်။ ကိလေသာကရုပ်တရား၊ တဏှာက နာမ်တရား အဲ့ဒီတော့ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်၊ ရုပ်နာမ်မသိတာ အဝိဇ္ဇာဉာဏ်၊ အဝိဇ္ဇာဆိုတာ အာရုံ (၆) ပါး မနောက မှတ်မှားတွေဖြစ်နေတယ် မှတ်ပြီးတော့ မှားနေတယ်။ အမှတ်မှားတွေဖြစ်နေတယ်။ အဲ့ဒါကံ မြင်တာတွေ မမြဲပါလား။ ကြားတာတွေမမြဲပါလား။ နံ့တာလည်း

မမြဲပါလား။ စားတာကလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သိတာလည်း မမြဲပါလား။ မမြဲတော့ မစွဲဘူးပေါ့။ ဒီပစ္စုပ္ပန် တည့်တည့်လေးမှာ မစွဲဘူး။ မစွဲတော့အေးတာပေါ့။ သွားစွဲရင် ပူတယ်ဗျို့။ အဲဒါသံသရာလည်ပြီဗျို့။ အဲ့ဒါလေး ခင်ဗျားတို့အပေါ်မှုတည်ပါတယ်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တယ်။ ဒီကံတရားကိုသတ်ချင်လွန်းလို့ သံသရာ ဘယ်ကစလည်း ခန္ဓာကစတယ်။ သံသရာဘယ်ကစလည်လည်း ခန္ဓာကစလည်တယ်နော်။ သံသရာ ဘယ်ကပြတ်လည်း ခန္ဓာကစလို့ပြတ်တယ်။ အဲပြတ်အောင်ကျင့်တယ်။ ငါတရားအားထုတ်မယ်။ ငါတရားလုပ်မယ်။ ဒါနတွေ၊ သီလတွေ၊ ဘာဝနာတွေ ဖယ်ထားလိုက်တဲ့၊ ငါဟာငါထပလ္လင်ခွေလေးထိုင်ပြီးတော့ ကာယကံ (၃) ပါး၊ သူများ အသက် မသတ်ဘူး။ သူပစ္စည်းမခိုးဘူး။ သူများသားမယားမဖျက်စီးဘူး။ ကာယကလည်း မလုပ်ဘူး။ ဝစီကံဟူသော အပြုအမူတွေမပြောဘူး။ ပိသုဏာဝါစာ၊ ဖရုသာဝါစာ၊ သမ္ဖလာပဝါစာ တိခြင်း၊ မှုတ်ခြင်း၊ နှံသာလိမ်းခြင်း မလုပ်ဘူး။ ဟော ကာယဝစီကို သိမ်းပြီဗျို့။ အဲ့ဒီတော့ သိမ်းတဲ့အခါမှာ ရေလည်းမသောက်တော့ဘူး။ အထွေထွေအလုပ်တွေကို ပယ်လိုက်ပြီကို။ ဟောတပလ္လင်ခွေလေး ခွေနေပြီးတော့  ဘာလုပ်လည်း စိတ်နဲ့စေတသိတ်တွေကို သူသတ်တယ်။ စိတ်ဆိုတာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ကြားစိတ်ကိုမှတ်တယ်။ ဘယ်မှာလည်း မသွားတော့ဘူး။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ သူရှောင်ပြီ။ ဒါတွေကိုအပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ် ရင်ခန္ဓာမှာမစင်ကြယ်ဘူး။ ဘာကမစင်ကြယ်တာလည်း မနော၊ အဲဒါမနောကိုစစ်တာ။ မနောစစ်တဲ့အခါကျတော့ ဘာနဲ့စစ်မလည်း မဂ္ဂင်ရှစ်ပါးနဲ့ ခင်ဗျားစစ် မဂ္ဂင်ရှစ်ပါးကနိဗ္ဗာန်သွားတာဗျ။ အစစ်ဘဲ။ အဲ့ဒီ မဂ္ဂင်ကိုဖျောက်မပြစ်နဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဆိုတာမှန်သော အယူဘဲ ဝါယမဆိုတာ အလုပ် ခေါ်တယ်။ အလုပ်ကိုအင်မတန် ဝိရိယစိုက်ပြီးတော့လုပ်တယ်။ သိတာလေး ကြားတာလေးကိုလည်း သတိထားတယ်။ အေးတာလည်း သတိထားတယ်။ ရှိရင်စားတယ် မရှိရင်မစားဘူး။ သူဟာသူတရားထိုင်နေပြီး ဒီမနောကံလေးဟာ ကံဘာကြောင့်ဖြစ်နေလည်း။ ငါအလုပ်မလုပ်ဘဲနဲ့ စီးပွားရေးတွေ မရှာဘဲနဲ့ ငါဘာကြောင့်ကံဖြစ်သလဲ။ ဒီကံမနောကံ ဖြစ်တယ်။ လောကီအတွေတွေတွေကို စွဲနေတာကို ကိုယ်တွေ့ပြောပြနေတာ။ အုန်းမောင်းခေါက်တော့မယ်။ ဒီနေ့ဘာဖြစ်တော့မယ်။ ငါဒီနေ့ထမင်းစားရတော့မယ်။ သာယာတာတဏှာအဲဒီအာရုံတွေကို သာယာတာ တဏှာ၊ တဏှာကြောင့် ကံဖြစ်တယ်။ ဘယ်လောက်နသလဲဆိုတာ ဒီနေ့ ငါ့ခန္ဓာကိုယ်ကြီးက တရားထိုင်လို့မကောင်းပါလား။ စိတ်ဆင်းရဲနေပါလား။ အဲ့ဒါတဏှာဘုရားကစိတ်မဆင်းရဲပါစေနဲ့တဲ့။ သူစိတ်ဆင်းရဲနေတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ သူသတိမထားတော့ဘူး။ သူလည်းအသိနဲ့ လျှောက်လုပ်တော့ သံသရာလည်ပြီပေါ့။ ဒါပေမယ့် ကာယဝစီတော့ မလုပ်ပါဘူး။ အဲ့ဒီနှစ်ချက်တော့ မလုပ်ဘူးဗျ။ မနောကတော့ဖြစ်နေပြီ။ ဒီမနောစိတ်ကို ဥပါဒါန်မဖြစ်အောင် စိတ်စေတသိတ်ကိုလည်း ပယ်ပြီးစေတသိတ်ကိုလည်း သတ်မယ်။ တွေးစိတ်တွေ၊ လောကီစိတ်တွေ လောကီအကြောင်းတွေ မနောကလျှောက်တွေးနေတာ။ အဲ့ဒါတွေလည်း ပယ်၊ မြင်စိတ်၊ ကြားစိတ်ကိုလည်း ပါယ်တဲ့ ဒီနှစ်ခုပယ်သွားတာနဲ့ ခင်ဗျားအလင်းခါတ်ရလာပြီး။ သတိသိပ်ကောင်းလာပြီး ခင်ဗျားနောက်ယှက်မဲ့ဘာတွေ မလာတော့ဘူး။ မိစ္ဆာအယူတွေမလာတော့ဘူး။ သမာဓိတွေဖြစ်ကုန်ပြီ။ ဘယ်လိုကျင့်သလဲ။ မဂ္ဂင်ရှစ်ပါးနဲ့ စိတ်ကို ကျင့်နေတယ်။ ဘာအယူအဆနဲ့ ကျင့်သလဲဆိုတော့ ကာယသတိပဋ္ဌာန် ကာယမှာရှိတဲ့ ကိုယ်ကာယမှာရှိတဲ့ အသိ၊

အာရုံ (၆) ပါးကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတွေ စင်ကြယ်အောင်တာလုပ်ပါတဲ့။ အဲ့ဒါကာယသတိပဋ္ဌာန် စင်ကြယ်လာပြီလား။ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး၊ ဒုစရိုက် (၁၀) ပါး၊ မိစ္ဆာအယူဝါဒတွေ ပယ်ကုန်ပြီ စင်ကြယ်သွားပြီ။ ကာယသတိပဋ္ဌာန် စင်ကြယ်ရင် တစ်ခါတက်လိုက်အုံးတဲ့ ဝေဒနာသတိပဋ္ဌာန်အဲ့ဒီရုပ်တရားကြီးက အကျိုးတရားကြီးက အကြောင်းတရားပေါ်လာလိမ့်မယ်။ သူ့ဟာသူပေါ်လာလိမ့်မယ်။ မင်းဟာမင်းအေးအေးနေတဲ့ ကာယသတိပဋ္ဌာန်စင်ကြယ်သွားပြီတဲ့။ ဝေဒနာသတိပဋ္ဌာန်သာ အာရုံပြုပေတော့တဲ့။ ဝေဒနာကပူတယ်၊ ကိုက်တယ်၊ ‌တောင့်တင်းတယ်၊ ဗိုက်နာတယ်။ ဝေဒနာအဲ့ဒီတော့ ဒီဝေဒနာ မခံသာမှန်ပါဘိ ဒီတရားခံသာရင် ဒီသံသရာကြော မျှောလိမ့်မယ်အများ။ စာရေးထားတယ်၊ ဆရာတော်ဦးကဝိက ဟောသွားတယ်။ ဒါတွေကိုဝေဒနာလေးဖြစ်တာ စိတ်မဆင်းရဲဘူးလား။ စိတ်ဆင်းရဲတယ်။ စိတ်ချမ်းသာရင်တော့ တဏှာပေါ့။ အဲ့ဒီတဏှာနောက်မလိုက်စေနဲ့။ ဝေဒနာ နိုယောခါ၊ တဏှာနိုရောဓေါ၊ ဝေဒနာမှာ တဏှာပါလာပြီနော်။ ကာယသတိပဋ္ဌာန်ကလည်း မှန်လာပြီ။ ဝေဒနာသတိပဋ္ဌာန် မှာမှန်ဖို့လိုတယ်။ ဝေဒနာသတိပဋ္ဌာန်ကနေပြီးတော့ စိတ္တသတိပဋ္ဌာန်ကို ရောက်ပါလိမ့်မယ်။ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတာ ကျော်တက်လို့မရဘူး။ ကိုယ်ကသိရမယ်။ သိရင်ပယ်တယ်။ ဘာတွေပယ်သလဲ၊ မကောင်းတဲ့ မိစ္ဆာအယူတွေ၊ မကောင်းတဲ့ကံတွေ အကုန်ပယ်ပစ်မယ်။ သူသိပြီ၊ စိတ္တသတိပဋ္ဌာန်ကိုရောက်လာပြီ၊ စိတ္တသတိပဋ္ဌာန် ဟိုတုန်းက ကာယသတိပဋ္ဌာန်နဲ့ဝေဒနာသတိပဋ္ဌာန်က စိတ္တရသတိပဋ္ဌာန် တက်ရတယ်။ မလွတ်သေးဘူး။ စိတ်ထဲမှာဓါတ်ကြီးလေးပါးကပေါ်လာပြီ။ အဲ့ဒါအနတ္တအတ္တမဟုတ်ဘူး။ သူ့ဟာသူသိရမယ်။ အနတ္တဟာအနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တ တစ်လုံး ပိုင်သွားပြီး ဇော်ဒီရုပ်ဒီနာမ်တွေဟာ အနတ္တပါလား။ ရုပ်တရား၊ နာမ်တရားငါ့ကို ဒုက္ခပေးတာ သူပါဘဲလား ဟောစဉ်းစား ပြီး လှည့်ပတ်ပြီး ဖြစ်နေတာ ပညာနဲ့ကြည့်တော့မှ ဒုက္ခမှန်းကိုသိတာ သံယောဇဉ်အကြောင်းကလည်း သိလာပြီ။ အဲ့ဒါယောကျ်ားလည်း မဟုတ်၊ မိန်းမလည်းမဟုတ်၊ ဓါတ်ကောင်ကြီးအပြင်က အုပ်ထားတယ်။ ကေသာလောမာန် (၃၂) ကောဋ္ဌာသလို့ စာကရေးထားပါတယ်။ ပညတ်ကိုသာ ယူကြတယ်။ ဓါတ်ကိုတော့မယူကြဘူး။ ဓါတ်ကိုမသိကြဘူး။ ဓါက်ပေါက်အောင်ရှု၊ သတိပဋ္ဌာန်မှာလည်း မှန်အောင်လုပ် မဂ္ဂင်ရှစ်ပါး ဘုရားဟောတာနဲ့ မဂ္ဂင်ရှစ်ပါးက ကိုယ်မနောကိုစစ်နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ၊ ပြောတာ၊ ဆိုတာ ဗုဒ္ဓရဲ့ယာဉ် ကျေးမှုတွေကို သုံး၊ အပြင်မှာ ဗုဒ္ဓရဲ့ယဉ်ကျေးမှုတွေကို သုံးမှအပြင်မှာ စင်ကြယ်မယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်၊ ဉာဏ်ရသွားရင် (၃၁) ဘုံလွတ်ပြီ၊ ခင်ဗျားကိုဖြတ်လမ်းကနေလိုက်တာ အကယ်၍များ ဦးပဏ္ဍိတက တကယ်ပေါက်မြောက်သွားရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရလာပြီဆိုရင် အရိယာထ ရဟန္တာခေါ်တယ်။ သူကတော့ ဘာမှစွဲတာမဟုတ်ဘူးခင်ဗျားတို့က အင်မတန်မှသဒ္ဓါကောင်းတယ်။ သဒ္ဓါဆိုတာယုံကြည်တာပါ။ ပါဠိလို သဒ္ဓါ၊ သဒ္ဓါသိပ်ကောင်းတဲ့အတွက်ကြောင့် ခင်ဗျားစေတနာတွေ ဖြစ်လာပြီဗျို့။ မနောစေတနာကျွေးချင်တဲ့ စေတနာ၊ ပေးချင်တဲ့စေတနာဟာ သူ့စေတနာသိပ်ရှိတာ၊ သူယုံကြည်တာကိုဗျ။ အဲဒီစေတနာတွေက သူ့စေတနာ သူ့အကျိုးပေးတယ်။ ဒီကမွေ့ဟိုကလည်း စေတနာကံ၊ ကံနဲ့မွေ့နဲ့သွားပေါင်းတော့ ကုသလာနံ ဓမ္မာနံ၊ ဟောတုပစ္စယော ဝေဒနိယ ဒိဋ္ဌိလက်ငှင်း မျက်မှောအကျိုးပေးတယ်တဲ့။ သူ့ရဲ့ယုံကြည်မှုနှလုံးသားရဲ့ ဖြစ်လာတဲ့ စေတနာနဲ့ အံကိုက် ဖြစ်သွားတာကို၊ အဲ့ဒါဘဲဗျို့ လျှုတာတ်ဖို့လိုတယ်၊ ဒါနစစ်၊ ဒါနမှန်ဖြစ်ဖို့လိုတယ်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မှန်နဲ့ တွေ့ဖို့လိုတယ်။

သစ္စာနဲ့လျှာတာနဲ့တွေ့လား အံကိုက်ဖြစ်နေပြီလို့။ တချို့ကသဒ္ဓါနဲ့လှူတယ်။ တစ်ချို့က ပကာသနနဲ့လှူတယ်။ မကောင်းလို့သာ လှူရတယ်။ ဘာမှလည်း မသိဘူး။ အဲ့ဒါတွေအရေးကြီးပါတယ်။ စေတနာနဲ့လှူတဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ်ပိတ်ပါတယ်။ နတ်ပြည်တက်မှာဘဲ။ နတ်ပြည်ကိုကျိန်းသေတက်လိမ့်မယ်။ နတ်ပြည်ကိုပန်းရထားနဲ့ပါလိမ့်မယ်ပါလိမ့်မယ်။ နိဗ္ဗိတ ဘုရားတရားဟောလိမ့်မယ်။ အဲ့ဒီတရားကိုနာရမယ်။ နတ်သတ်တမ်းကုန်လည်း ကုန်ရောအထက်ကိုကူးမှာ သုကဝိဿဒါလိုဖြတ်လမ်းကလိုက်တာ ဒါကြောင့်မို့ သူတော်ကောင်းသူမြတ်လောင်းအစစ်ကို သူလိုက်ရှာနေတာ သူကလည်း သဒ္ဓါကလည်းကောင်း၊ စေတနာကလည်း ကောင်းသူပေါ်မှာ အဲ့ဒီရဟန္တာကလည်း စစ်ရမယ်။ ရဟန္တာအပေါ် မူတည်တယ် ။အပြင်မှာနေတာထိုင်တာကို သွားမကြည့်နဲ့ နှလုံးသားက သူရဲ့နှလုံးသားက ခန့်မှန်းပြီးကြည့်၊ အနားနေတဲ့ သူတောင်မသိပါဘူး။ ဘယ်သူမှမသိဘူး။ ဦးပဏ္ဍိတ ဆဲတယ်။ တိုင်းတယ် ဟုတ်တယ်။ မှန်တယ် ဆဲတယ် ငါဆဲလိုက်တဲ့အသံကောင်းသလား မကောင်းဘူးတဲ့ မကောင်းရင်ဘာလို့ယူရလဲ မင်းဘာလို့ယူတာလဲ မကောင်းမှန်း မင်းသိရင်ဘာလို့ယူလဲ။ ဆူးပေါ်ဖက်ကျရင် ဖက်ပေါက်တယ်ကွ ဖက်ပေါ်မှဆူးကျရင် ဖက်ပေါက်တယ်ကွ။ အဲ့ဒါမင်းတို့ အာရုံတွေပေါ်မှာ ကျက်စားပြီးတော့ မင်းတို့တစ်ခါတည်း စေတနာတွေ ပျက်ကုန်ကျတာဘဲ၊ ဒါကလူသိတယ်ကွ။ ဆဲပြတယ်ကွ။ မင်းဒီအယူကိုယူရတာလဲ မကောင်းမှန်းသိရင် မင်းဘာလို့ယူရတာလဲ။ အေ်မင်းတို့တရားယူနိုင်တာကွ။ စာမတတ်တဲ့အကောင်က မင်းတို့ကိုညာဏ်နဲ့ပေးလိုက်တာကွ မင်းကစာနဲ့ယူတော့ ငါဘယ်လိုပြောမလဲကွ။ အေး ငါကလည်း စာမတတ်။ ငါကပဏ္ဍိတဆိုပြီးတော့ တံခါးတွေပိတ်ထားတာကွ။ မင်းတို့တက်တက်လာတာကွ။ မင်းတို့ ဥပါဒါန်ယူထားကြတယ်ကွ။ သဗ္ဗေအဝးလုံးစုံသော သခ်ီရအနိစ္စ ကိလေသာတဏှာငါကအစ ငါ့မှာလည်းရှိတယ်။ မင်းမှာလည်းရှိတယ်။ ဒါပြင်းတာမရဘူးကွ။ ဥပါဒါန်တရားတွေကွ အဲ့ဒီဥပါဒါန်တရားတွေကို မင်းကိုကြားလာရင် သိလာကြလိမ့်မယ်ကွ။ အဲ့ဒီပုဂ္ဂိုလ်စစ်ပါကွာ။ မင်းတို့သိရောပေ့ါ။ မသိဘူးလို့ မရပါဘူးကွ။ မင်းတကယ်လို့ သဒ္ဓါနဲ့ စေတနာမှန်လာရင် အဲ့ဒီရဟန်းကလည်း စစ်မယ်ဆိုရင်တော့ ဆုမတောင်းနဲ့ကွ။ မင်းပုဆိုးသာ ကျွတ်ကျမယ်။ သူ့ဒီအသိ မပျက်တော့ဘူး။ မကောင်းတဲ့ဒုစရိုက်တွေ အကုန်သိတယ်ကွ။ သူကလမ်းပြသွားပြီကွ။ မင်းတို့အတွက် ငါကျင့်ထားပြီကွ။ မင်းတိုစိတ်တွေငါသိထားတယ်။ ငါကျင့်ထားတယ်။ ငါသစ္စာထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ အခုခင်ဗျားတို့က သင်္ကန်းဝတ်ထားကိုကြည့်တယ်။ မှန်ပါတယ်။ ဒါအကာ ပေ့ါဗျာ။ အကာဟုတ်တာပေ့ါဗျာ၊ ဟောအသိတရားရတဲ့ သူကသိလာလိမ့်မယ်၊ ခင်ဗျားမသိပေမယ့် ဟိုကသိနေပြီတဲ့။ အဲ့ဒီတော့ လူတစ်ထောင်မှာ ပဋ္ဌာစာရိက ဒီအသိကိုရတာတဲ့။ သားလည်းသေ လင်လည်းမြွေကိုက်တယ်။ ဟောသူ့အသိရတယ်တဲ့။ ဒီတရားဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ ဝေဿန္တရာမင်းကြီးတောင်မှ သားတွေ၊ သမီးတွေ လှူလိုက်တယ်မဟုတ်လား၊ အဲ့ဒီတော့ ပုဏ္ဏားကဆင်းရိုက်တော့ သံလျက်ဘာလို့ဆွဲသလည်းတဲ့။ အပြင်မှာမြင်တယ် မဟုတ်လား။ ပညာကိုမြင်တော့ သွားစွဲတာပေ့ါ။ အဲ့ဒါဘာည်း သားသမီးစွဲတော့ တဏှာပေ့ါတဲ့။ တဏှာကြောင့် သံလျက်ကိုဆွဲတော့ ခံပေ့ါ။ အဲ့ဒါဒိဋ္ဌိအကြောင်းကို မသတ်လို့ပေ့ါ။ ဒါအနုသယစိတ္တာနုပဿနာကို ဟောတာပါတဲ့။ ဒါရဟန္တာ တွေဟောတဲ့ တရားသတွေ ဒါပုထုဇဉ်ရဟန်းတွေမဟောနိုင်ဘူးတဲ့၊ ဟောနိုင်းကြည်ပါတဲ့၊ ဒီစိတ်နဲ့ပတ်သက်တဲ့ အရာတွေကိုဟောသွားတာ။ ရဟန္တာအစစ်၊ အတု မဟုတ်ဘူး။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ၊

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဥပါဒါန်ကံတွေ ဟောသွားတာ အဲ့ဒါမှ အဲ့ဒီကံကိုပြတ်သွားလို့ နိရောဓနဲ့မဂ်ရသွားလို့ လာဟောတာ။ အဲ့ဒါရဟန္တာအစစ်ဘဲ အထင်လည်းမသေးနဲ့။ အထင်လည်းမကြီးနဲ့တဲ့။ သူများမြှောက်တိုင်းလည်း မမြှောက်နဲ့တဲ့ သူများချောက်တိုင်းလည်း မကြောက်ဘူးတဲ့။ အကုသိုလ်နဲ့ ကုသိုလ်လွတ်အောင်သာသွား ကုသိုလ် တော့လုပ်တယ်။ မစွဲဘူး အကုသိုလ်တော့လုပ်လည်း မလုပ်တော့ဘူး။ ပြုလည်းမပြုတော့ဘူးတဲ့။ ဒီသဘောဘဲ အဲဒါဘာလဲ မဂ်ဉာဏ်ရလို့ပေါ့။ ကျွန်တော်အဲ့ဒီတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ခင်ဗျားတို့ ဘုန်းကြီးတွေတက်ဟောခိုင်း၊ ဒီဥပါဒါန်ကံတရားတွေ တက်ဟောပါတဲ့။ ဘယ်သူမှမဟောနိုင်ဘူးတဲ့နော်။ နိရောဓနဲ့ မဂ္ဂတော့ ဟောထားတယ်။ ဒုက္ခသစ္စာတွေ၊ သမုဒယသစ္စာ လောကမှာလူတိုင်းရှိနေတယ်။ ဥပါဒါန်တွေ အိမ်ပြန်ရောက်သွားတယ်။ ခင်ဗျားကိုလေသာနဲ့ တဏှာပေါင်းနေတယ်တဲ့။ အဲ့ဒီကိလေသာမှာ တဏှာရှိတယ်တဲ့။ ခင်ဗျားတို့စဉ်းစားပါတဲ့။ ဒီဥပါဒါန်တွေ ဖြစ်နေတယ်။ ဒါပေမယ့် မျိုးစေ့ရသွားပါပြီတဲ့။ အဲ့ဒီမျိုးစေ့ ရရင် သူစိတ်ပြောင်းသွားလိမ့်မယ်နော်။ လင်မယားတောင်မှ လင်ကမုဆိုး၊ မယားကအမဲသားရောင်းတယ်။ ရတော့ မိန်းမကရတယ်။ ပိုကောင်ကသက်တာ။ အဲဘယ်သူသိလဲ။ သိကိုသိရလိမ့်မယ်။ သိတော့မှ ခင်ဗျားတို့ဝမ်းနည်း ပက်လက်တွေဖြစ်ကုန်ပြီနော်။ အယူမှား၊ အမှတ်မှားတွေ၊ တဏှာတွေ မာန၊ ဒိဋ္ဌိတွေက လွှမ်းမိုးထားတာ။ တဏှာက အုပ်ချုပ်ထားလို့ မာန်တွေဖြစ်နေတာ။ ဘာတရားလဲ မင်းကဘယ်လောက်သိလဲ။ ငါကဘယ်လောက်သိလဲ။ မနောကသိနေတာကြီး။ သွားတော့မမေးဘူး။ မင်းတို့ဟာ မင်းတို့ပေတံနဲ့တိုင်းနေတာ။ ကံတရားတွေ အဲ့ဒီကံတရားတွေ ဘာဖြစ်လို့ဖြစ်ရတာလည်း လောကီကိုအားကိုးလို့ ဖြစ်တာဘဝတဏှာတွေ အဲ့ဒါဘယ်သူဟောနိုင်သလဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲ့ဒါရဟန္တာအစစ်တွေမှ ဟောတာ၊ ဘုရားတွေဟောတာ၊ တော်တော် တန်တန် တက်ဟောကြည့် မဟောနိုင်ဘူး။ သူတို့ဟောနိုင်တာ စာဘဲဟောနိုင်တယ်။ ဟုတ်တာပေါ့။ စာကစာဘဲပေါ့။ အခုဟော သွားတာက အနှစ်၊ ဥပါဒါန်ကံကို သတ်ပြီးတော့ ဟောထားဒါဆိုပြီးပြီးပေါ့။ (သာဓု . . . သာဓု . . . သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## [၁၅-၁၀-၂၀၀၀] ရန်ကုန်၊ သာကေတ၊ ဝိနမာန်အောင်ဘုရား
## ဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၈၁)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၁၅-၆-၂၀၀၀) ရက်နေ့ သာကေတ ဖိနပ်မာန်အောင်ဘုရား ဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဖင်းကစာပေကျမ်းဂန်မတတ်ဘူး။ စာပေကျမ်းဂန်မတတ်တော့ ငယ်စဉ်တောင်ကျေးက မိဘများက ကျောင်းမထားနိုင်ဘူး။ ဒါကြောင့်စာသင်ကျောင်းမှာ မနေခဲ့ရပါဘူး။ အဲ့ဒီတော့စာသင်ကျောင်းမနေတော့ တိုင်းပြည်ကခေတ်ပျက်တော့ ဟိုရောက်ဒီရောက် ဒီတော့တောကတောပြေးတွေက မြို့ပုသိမ်ရောက် မြောင်းမြရောက် ရောက်ချင်တဲ့နေရာတွေရောက်နေကြတယ်။ ရောက်ပြီးတော့သူ့ရဲ့ကြံ့ရာကျပမ်း သူ့ရဲ့ခန္ဓာနှင့်သူကကာယနှင့် သူကရင်းပြီးတော့ ရှာဖွေစားရတယ်။ ကံတရားပါပဲ။ ဗလငါးတန်လို့ ဒီလိုခေါ်မှာပေါ့။ စာနှင့်စိတ်နဲ့ဆိုတော့ဆိုတော့ ဗလ ဗလကောင်းတော့ ဆန်အိတ်တွေ ထမ်းနိုင်တယ်။ အုတ်ပြားတွေထမ်းနိုင်တယ်။ သူများခိုင်းတာ အဲ့ဒါဘာကြောင့်လဲ ကာမဝဋ်ကိုမသိလို့ တည့်တည့်လေးပြောလိုက်တာ ကာမဝဋ်တဲ့ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမိထိအောင်သူမသိ ထိတယ်။ သိတယ်။ ထိအောင် သူမသိဘူးတဲ့။ အဲ့ဒါပေါ့ ဒကရုပ်နာမ်ပေါ့ဗျာ။ ထိတာကရုပ် သိတာကနာမ် ဒါကရုပ်နာမ်လို့ ခေါ်ပါတယ်။ အဲ့ဒီရုပ်နာမ်ကိုမသိဘူး။ ဘာတွေသွားသိသလဲဆိုတော့ အာရုံနဲ့ ပတ်သက်ပြီးတော့ အာရုံငါးပါးနဲ့ မနောနဲ့ မနောကံ ဆိုတဲ့ ကာယကံ၊ ဝဇီကံ၊ မနောကံဆိုတဲ့ ရေးထားတဲ့စာရေးထားတယ်။ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ကံရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ သွားဆဲရင် ဥပဒါန်မှ အဲ့ဒါကိုယ်မပြုလုပ်ဘူး။ အဲ့ဒီကံက သံသရာလည်တာဘဲ။ ကိုယ်ပြုလုပ်တဲ့ကံက ကာယကံဆိုတာ ကိုယ်ပြုလုပ်တယ်၊ ဝဇီကံ ကိုယ်ပြုလုပ်ထားတယ်။ ဒါပြုလုပ်တဲ့ကံခေါ်တယ်။ သဘောလေးသာနားနော်။ အဲ့ဒီတော့ဒီက စာပေကျမ်းဂန်မတတ်တော့ ဆရာတော် ကိုရင်တွေအားလုံး ထေရ်ကြီးဝါကြီး သံဃာတော် အရှင်မြတ်အားလုံး စာပေကျမ်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားရင် အားလုံးကသည်းခံကြပါတဲ့ သူစာမတတ်ပါဘူးတဲ့။ နောက်အားလုံးပရိတ်သတ်များ ဒကာ ဒကာမများ တရားနာကြတဲ့ ပုဂ္ဂိုလ်များ ဥပဏ္ဍိတက စာပေကျမ်းဂန်မတတ်တော့ စကားပြောသွားတဲ့အခါမှာ မှားယွင်းသွားရင် သည်းခံပါတဲ့ တောင်းပန်ပါတယ်တဲ့။ အားလုံးတောင်ပန်ကြပါတယ်တဲ့နော်။ စာမတတ်တော့ သူ့ရဲ့အသိနဲ့ ထုတ်ဖော်ပြီးတော့ ပြောရပါတယ်။ ခန္ဓာကသိတာနဲ့ အဲ့ဒီတော့ ခန္ဓာကသိတော့ သူကရှာဖွေစားရတာပေါ့ဗျာ။ အဲ့ဒါကာမဝဋ်ကို မသိတော့ဘဝ ပဟာဒီဘဝမှာ လောဘစိတ်တွေ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာမာန စိတ်တွေ ဒါအစွဲ ဥပဒါန်တွေခေါ်တယ်။ အဲ့ဒါဘာလဲ အာရုံမပယ်နိုင်ဘူး အာရုံပယ်နိုင်တာက အာရုံငါးပါးကိုပယ်နိုင်တာက အာသွကွာယ ဉာဏ်ရတယ်။ ဉာဏ်နယ်ပယ်မှ ဂမ္ဘီယဉာဏ်၊ ဇဝနဉာဏ် စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ လောကီမှာလဲဉာဏ်ရှိရင် လောကုတ္တရာဉာဏ်ရှိရင်နော် ဒါသဘောလေးနဲ့နာ သဘောလေးနဲ့ သဘောလေးနဲ့ အတွင်းအာရုံအပြင်အာရုံနဲ့ သဘောလေးလောက်ပဲသူပြောပြမယ်သဘောဆိုတာ ဘာလဲ သဘာဝကိုသိလို့ သဘောလို့ပြောတာ သဘာဝဆိုတာ ဓါတ်တွေနဲ့ ဓါတ်တွေကြောင့်မို့ စိတ်ဓါတ်တွေရေး ရတယ်။ စိတ်ပြီးရင်ဓါတ်ဘဲ အဲ့ဒီတော့လောကီတွေထဲမှာ စိတ်ကိုစွန့်တယ် လောကုတ္တရာမှာကြည့်တဲ့ ပုဂ္ဂိုလ်ကဓါတ် အဲ့ဓါတ်ကိုဘာခေါ်လဲ ပရမတ်လို့ခေါ်တယ်။ စာလိုဆိုရင်တော့နော်။ ပညာကပရမက်လို့ သင်ထားပါတယ်။ ဒါက သဘောလေးအရပါ။ စာတော့မတတ်ပါဘူး။ အဲ့ဒီတော့ ဒါတွေဟာ (ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်)၊ ဘာကြောင့် ဖြစ်သလဲ ကံတွေက အဲ့ဒီတော့ အော် အေး . .. အေး . . . အေး . . . အေး ကာမဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိပါကဝဋ်တဲ့ ငါဒီဝဋ်သုံးပါး

ဘာကြောင့်ငါမလွတ်သေးသလဲ။ ငါပယ်အပ်မယ့်တရား ဘယ်တရားတွေပယ်ရမလဲဆိုတာ ကာမသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဒါပယ်အပ်မဲ့တရားတွေ သိအပ်မဲ့တရား ကျင့်အပ်မဲ့တရားသိရမယ်။ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ ဒါကျင့်ရမဲ့တရား။ ဒါနော် အဲ့ဒီတော့ သစ္စာတရားတွေဟာ ဘာသစ္စာတွေလဲ ဟော သစ္စာတွေလာပြီး သမုတိသစ္စာ၊ သမုတိသစ္စာ သမုတိသစ္စာ ပိရတိသစ္စာ သဘာဝသစ္စာ ပရမတ်တသစ္စာ အရိယာထသစ္စ ဒါစာရေးထားတာ စာနဲ့မိမိရဲ့စိတ်နဲ့တိုက်ပေတော့ စာရှိလို့အသိသိတာနော်။ စာမတတ်ပေမယ့် ခန္ဓာကနေပြီးတော့စာကို အိုး ဘုရား . . . ဘုရား . . . နော်။ စာကသိပ်မှန်နေတယ်။ ခန္ဓာကရထားတော့ စာကိုလေးစားတယ်နော်။ ခန္ဓာကမရရင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး မသိရင် စာကိုတတ်တာ။ ရှိတာ မခံစားရဘူး တရားကိုနော်။ ဘာလဲ့အဲ့ခံစားရတယ်ဆိုတာ အကျင့်နဲ့တူတူပဲ သိတယ်နော်။ သဘောလေး သဘာနော်။ ခံစားရပါတယ် တဲ့သူပြောသွားတယ်။ အဲ့ဒီတော့ ခုနကပြောသွားတယ်။ မဂ်ဉာဏ်၊ ဖိုဉာဏ် ဒါပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တွေရှိတယ်ဗျ။ ဒါဘယ်လူသိမလဲနော်။ အဲ့ဒါတွေက သစ္စာတွေ၊ သမုတိသစ္စာ၊ ပိရတိသစ္စာ၊ သဘာဝသစ္စာ ပရမတ်တသစ္စာ အရိယတသစ္စာ အရိယတသစ္စာ ဟာ ဘာအဓိပ္ပါယ်လဲ အာရုံအာသဝက်ခယဉာဏ်ရရင် အာရုံကိုပျက်သွားပြီ။ ဘယ်အာရုံလဲ လောကီအာရုံလေနော်။ သဘောလေးသာနာ အဓိကကိုယ်ကြိုးစားရင် ကိုယ်ရမှာပဲ ကိုယ်လုပ်ရင် ကိုယ်ရမှာပဲ။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ အဲ့ သိတတ်ဖို့လိုတယ်။ ဒါခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သီလဆိုတာ ဟုတ်တာပေ့ါနော်။ နိဗ္ဗာန်သည်တဲ့ ဟောရေးထားတယ်။ နိဗ္ဗာန်သည်တဲ့ ခန္ဓာမှာစတယ် ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်နော်။ ရေးထားတယ်။ စာက / စာကမှန်နေတယ်။ အဲ့ဒီတော့ သီလဆိုတာ ဥပမာ စာတော့မတတ်ဘူး။ သီလဆိုတာ ခင်ဗျားတို့ရဲ့ စောင့်တည်ထားတဲ့ သီလအဲဆောက်တည်ထားတဲ့ ဒါတွေမလုပ်နဲ့ ဒါတွေမလုပ်နဲ့။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ အဒိန်တဒါနာ ဝေဒမဏီသိက္ခာပဒံ သမ္မာဒိယာမိ ကာမေသုမိစ္ဆာစာရာ ဝေဒါမဏီသိက္ခာပဒံ သမာဒိယာမိ ရှောင်ထားတာ ဒီနေ့အဖို့ ငါမလုပ်တော့ပါဘူးလို့ ရှောင်ထားတာ အဲ့တော့ မုသာဝါဒါ ပိသုဏဝါစာ ဖရုဿသုနာဝါတ သမ္ဗပ္ပဏပ၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုကာ၊ ဒဿနာ၊ မာလာဂန္ဓ၊ ဝိလေပန၊ ဒါ ခင်ဗျားတို့ရဲ့ ဒီနေ့ ဒီရက်မှာ ဒါတွေငါမလုပ်ပါဘူး။ ခင်ဗျားတို့ဝန်ခံချက်တွေနဲ့ ဆရာတော်ကြီးဆီမှာ ခံတောင်းပြီးနော် အဲ့ဒီသီလ တောင်းထားတဲ့သီလမှန်တာပေ့ါ။ အဲ့ဒီသီလတွေရှိသေးတယ်။ ဟော ဘာတဲ့ ပညတ်တွေ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ပညတ်တွေ ဒါတွေမလုပ်နဲ့။ ဒါတွေမလုပ်နဲ့။ ဒါတွေမလုပ်နဲ့။ ဒါတွေမလုပ်နဲ့။ ဒါတွေမလုပ်နဲ့ ပစ္စုပ္ပန်မှာ အာရုံပေါ်မှာ အာရုံနဲ့မနေ၊ အာရုံနဲ့မနေ၊ အာရုံနဲ့မနေ ပညတ်တွေနော် ဒါဝိနည်း (၂၂၇)သွယ် ခု ဒါတွေဘုရားပညတ်တာတွေ သဘောလေးဘဲဒါမှန်တယ် သိပ်တူတယ်။ ပယ်တာမဟုတ်ဘူး။ သဘောပြောတာ။ သဘောသာနာ သူဒါကြိုက်တယ်။ သူဒါလုပ်တယ်။ သူဒါကြိုက်တယ်။ သူဒါရတယ်။ ဘာမှမပြောဘူး။ သီလ အမျိုးအစား ရှိတယ်။ အဲ့ဒီတော့ သီလအပြင်မှာထိန်းထားတဲ့သီလ (၂) ခုရှိတယ်နော်။ ခုန သီလ၊ သမာဓိ၊ ဟော သီလရယ်၊ သမာဓိရယ်၊ ဒါနရယ်ဟော ပါနေပြန်ရော ဒါအဝိဇ္ဇာတုံးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများ ပါ။ ဒါစာကရေးထားတယ်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ အာရုံ (၆) ပါးကို ဖော် သီလနဲ့ ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဒါသွားတဲ့လမ်းသဘောလေးနဲ့ ဟောထားတာ ဟုတ်တယ်။ မှန်တယ်။ ဟုတ်တယ်။ အဲ့သူထက်

ကောင်းတာ ဘာသီလလဲ ဒါလူတော့ လူတွေပဲ ခင်ဗျားတို့လည်း လူတွေပဲ ဘုန်းကြီးလဲလူပဲ။ ဒါပေမယ့် ထိန်းရတော့မယ်လေ။ ဒါဦးဇင်းဘာမှ စာမှမတတ်တာကို အဲ့ဒီတော့ ဒီသက်နိုးချုတ်ရင် လူပဲဗျ။ ဒါဝတ်ထားတော့ရဟန်းပေါ့ဗျ။ သဘောလေးပဲနော၊ သဘောလေးနော ပညတ်ကို ခေါ်သမုတ်ထားလိုက်တာနော်။ ဒါဘာလဲ၊ ဒါဘာလဲ ခေါ်သမုတ် ပညတ်နံမည်၊ နံပါတ် တပ်ပေးထားတာ မှန်တာပေါ့။ အဲ့ဒါကိုသွားမစွဲနဲ့။ ကိုယ်ကနော် သဘောလေးနဲ့နော ဒါဘယ်သူ့ကိုမှ ဦးဇင်းမပြောဘူး။ ဒါအသိပေးကို ထုတ်ဖော်ပြီးတော့ ပြောတာကိုယ်လုပ်ရင် ကိုယ်ရမှာပဲ အဲ့ဒီတော့ အမိသီလရယ်ပေါ့ အမိကစိတ်ဓာတ်ရယ်။ အသိရယ် သီလဆိုတာထိုင်ရာ မထအာရုံပေါ်မှာပေါ့ အာရုံပေါ်မှာ အာရုံ (၅) ပါးပေါ်မှာ အဲ့ဒါမြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာ သီလ၊ ထိတာသီလ အဲ့ဒါအသိသီလခေါ်တယ်။ ဘာဖြစ်လို့သီလအားကောင်းနေတာကိုဗျ။ ကျင့်ထားတာကိုဗျ။ စိတ်ပေါ့ထားတာ အဲ့ဒီဘဝင်စိတ် အတွင်းစိတ်ကို တည်အောင်ထားပါ။ အတွင်းစိတ်ကို အာရုံပေါင်းရင် တည်အောင်ထားပါ။ သခ်ါရ အနိစ္စဆိုတာ ဘုရားကံကိုပေါ့ထားတာနော်။ ကံကိုပေါ့ထားတာ အဲ့ဒီကံမှာ တဏှာပါနေတယ်။ ဒီတဏှာဘာပါလဲ ကိလေသာမှာ ဖြစ်နေတာ ကိလေသာနဲ့ တဏှာနဲ့ဟာ ဉာဏ်နဲ့ကြည့်မှသိလိမ့်မယ်။ တဏှာမပြတ်တော့ တစ်ဘဝပြီး၊ တစ်ဘဝ အိမ်ဆောက်သွားတယ်နော်။ ဘုရားရှင်ကပြောတာ အဲ့ဒီတဏှာကိလေသာမှာ တဏှာတွေရှိတယ်။ ဘာလဲ ရုပ်တရားကိလေသာ ပေါ့ ကောင်းကောင်းလေး အိပ်ရာနိုးလာတာနဲ့ မိန်းမကို ခိုင်းတယ် ဟေး ရေပေးစမ်း။ ဟေး သွားတိုက်ဖို့သွားပွတ်တံပေးစမ်း။ အိပ်ရာကမနိုးသေးဘူး။ စောင်ကြီး ခေါင်းမြီးခြုံပြီး တော့ ရုပ်ပေါ်မှာတဏှာရှိတယ်။ ဒီတဏှာကိုမသိဘူးနော်။ သဘောလေးပဲ။ အဲ့ဒီတော့ရုပ်ပေါ်မှာလည်း တဏှာရှိတယ်။ အာရုံပေါ်မှာလည်း တဏှာရှိတယ်။ ဒီတဏှာကိုဉာဏ်နဲ့ကြည့်မှသိမှာ။ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စကျဲဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိ ဒီဘုရားပေါ့တဲ့စာတွေစာကမှန်၏။ ဉာဏ်မဝိုသူမှမရတာကိုနော်။ ခုနက ရေထားတယ်နော်။ စာအရပြောတာ။ ဘယ်သူ့ကိုမှဦးဇင်းမပြောဘူး။ စာမှမတတ်တာကို။ အဲ့ဒီတော့ဒီသီလတွေကို သူ့ဘဝမှာရောက်လာရင် ပေါ့ဒီရုပ်ကြီးက အိုရဦးမယ်။ နာရဦးမယ်။ သေရဦးမယ်။ ပေါ့ ဒီရုပ်ကြီးက အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော အနတ္တရဲ့သဘော ရုပ်မှာရှိတာ အဲ့ဒီတော့ အနိစ္စဆိုတာဘာလဲ။ ပေါ့ပါဠိစကားတွေ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်နော။ ပါဠိအနက်အဓိပ္ပါယ်တဲ့ ပါဠိစကားဆိုတာ ဘန္တေ ပေါ့ပုပ္ပစ္စယော သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော ဒါတွေဟာဆရာတော်တွေရှိ ဦးဇင်းတို့ရွက်နေကြတာပဲဗျ။ (၂၄) ပဋ္ဌာန်းတွေ ဦးဇင်းကဘာမှစာမတတ်တော့။ ဒါတွေဟုတ်တယ်ကွ အမလေး သိပ်ကောင်းတာပေါ့ကွာ။ အေး  အေး အေး အေး ဟုတ်တယ်ကွ ရှစ်ခိုးပြီးပြန်တယ်။ သူကစာမှမတတ်တာကိုဗျ။ ကဲ့ရဲ့ပြော ဘာမှမဟုတ်ဘူးနော်။ အဲ့သဘောလေးနဲ့ သာနော အော် ငါမတတ်ပါလား။ ဒီစာအုပ်တွေလည်း မတတ်ပါ အသက်ကကြီးပြီ ငါမသင်နိုင်တော့ ဘူး။ ငါ့အလုပ်နဲ့ပဲ ငါသွားပါပြီ။ သွားတော့မယ်။ သံသရာဟာတယ်ရှည်လျားပါသလား။ ဒီကံဟာတယ်ရှည်လျားပါ သလား။ ရှည်လျားတာ အသီးတစ်ရာ အညှာတစ်ခု ငါအညှာပဲ ဖြတ်တော့မယ်။ မနောသတ်တော့မယ်။ အဲ့မနောသတ် တာပေါ့ဗျာနော်။ အသီးတစ်ရာ အညှာတစ်ခု တစ်လုံးစီတော့ ဖြတ်မနေတော့ဘူး။ ကြာနေတယ်။ မနောသတ်တော့ ဘာနဲ့သတ်လဲပေါ့ လက်ကလေးပိုက်ပြီးတော့ နှာခေါင်းနှစ်ပေါက် ဗိုထိုးတော့တာပဲဗျို့ ဗိုထိုးတော့ မနောရဲ့ဘဝင်အာရုံဟာ ဒီနှာခေါင်းနှစ်ပေါက်ရဲ့

ဝင်လေ ထွက်လေရဲ့ အာရုံကို သတိ အမြဲတမ်းကပ်ထားတယ်။ အတွင်းအာရုံက အပြင်အာရုံ ဝင်တယ်။ ထွက်တယ်။ သတိကပ်ထားတယ်။ အဲ့ဒီတော့ သတိလေးက အမြဲတမ်းသူကငြိမ်နေတယ်။ အဲ့ဒီလိုငြိမ်နေ တယ့်အခါမှာလောကီရဲ့ သားကြောင်း၊ သမီးအကြောင်း၊ စီးပွားရေးအကြောင်း၊ သောကပရိဒေဝအကြောင်း ဘာမှတွေး စရာမရှိဘူး။ ဒီမှာသူအလုပ်လုပ်နေတာကို သိနေရတယ်။ ဒီအသိကိုကပ်နေ။ အဲ့ဒီအာရုံတစ်ခုကို ဝင်တယ်ထွက်တယ်။ အဲ့ဒီအသိလေးကို ကပ်ထားတယ်။ ဘာမှတွေးနိုင်တဲ့ ဇောမရှိတော့ဘူးနော်။ အဲ့ဒါဘာလဲ ခင်ဗျားရဲ့ကာယကံ (၃) ပါးဝစီကံ (၄) ပါး၊ မနောကံ (၃) ပါးဆိုတာ တစ်ပြိုင်နက်တည်း ချုပ်နေတာတစ်ပြိုင်နက်တည်း ချုပ်နေလိုက်တာ အဲ့ဒါရဲ့ သဒ္ဓါယုံကြည်ချက်အရ ဝရိယအားကောင်းတော့ သီလအားကောင်းလာတယ်။ သမာဓိအားကောင်းလာတယ်။ ပညာအားကောင်းလာတယ်။ သိက္ခာ(၃) ပါးဆိုတာ ဒါခေါ်တာနော်။ တရားဟာကိုယ်မှာရှိတယ်။ နီးနီးလေးပဲ ဆရာကောင်းဖို့အရေးကြီးတယ်။ ပြန်ကြမှာခင်ဗျားလည်းပြန်မှာပဲ၊ ဦးဇင်းလည်းပြန်မှာပဲ။ ဒီရုပ်ကမမြဲဘူးဗျ။ ဒီရုပ်ကအဲ အိုရဦးမယ်။ နာရဦးမယ်။ သေရဦးမယ်။ စိတ်ကမအိုဘူး။ နာမ်ကမအိုဘူးနော်။ ရုပ်ကအိုသွားလိမ့်မယ်။ အဲ့ဒီတော့ မသေခင်၊ မအိုခင် ဉာဏ်ဦးအောင်ရှာ ဘယ်သူမှမကဲ့ရဲ့နဲ့။ အာရုံပေါ်မှာ ဒေါသစိတ် အာရုံပေါ်မှာ မလုပ်နဲ့။ အဲ့ မိစ္ဆာဒိဋ္ဌိမလုပ်နဲ့ပ။ အဝိဇ္ဇာစိတ်မလုပ်နဲ့။ မနောအာရုံပေါ်ရင် ဖြစ်တတ်တယ်။ ငါ့အိမ်မှာညည့်သည်လာတယ်။ ငါဒီနေ့ အဖိုအိမ်ကလည်းဆန်လည်းမရှိဘူး။ ညည့်သည်ကလည်း အလိုက်ကန်းဆိုးမသိပါလား။ ကဲမနက်လည်းစား၊ ညလည်းစား၊ နေ့လည်စာ စားပြီးတော့သူကမကောင်းတာတွေ သူကသောက်စားလိုက်သေးတယ်ဗျို့။ ညည့်သည်ကတော့ သူတော် ကောင်းအိမ်ဟာသူယုတ်မာဝင်လာတော့ တစ်ခါတည်းသူတော်ကောင်း စိတ်ဆင်းရဲလာတယ်။ သူလည်းအရိယ မဖြစ် သေးဘူးဗျ။ နော် ဒါကြောင့်မလို့ အော် အေး . . . အေး . . . အေး . . . သူ့မှာဟိုမှာအာရုံကြော၊ မနော ပေါက်နေပြီ သူဆန်လည်းမရှိတော့ဘူး။ ကုန်ပြီး ငါတော့ပြေး ဦးသမီးရေ အဲ့ဒါနောက်ဖေးကနေထွက်ပြီးတော့ အဝတ်ကလေးတွေ သွားပေါင်းချက်ပြုတ်စား အဲ့ဒါလည်း သူကမဆင်းသေးဘူးနော်၊ အင်မတန်မှကြောက်မက်ဖွယ်ကောင်းတယ်၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီမသိတတ်တာနဲ့ မရှိကာနဲ့ ဟောမရှိတာကို ရှာရင်ရတယ် မသိတတ်တာ အခက်ဆုံးပဲ ပြောရမှာ မလွယ်တော့ဘူးနော်။ သဘောလေးနဲ့နာ ဒါကြောင့်မလို့ ဘာတဲဖြစ်ဖြစ် ငါဟာဒီဘဝဟာ ဘာပဲခိုင်းခိုင်း ငါ့ရဲ့စေတနာ မပျက်ပါနဲ့ ဘယ်သူပဲပျက်ပျက် ငါ့စေတနာမပျက်နဲ့ အာရုံပေါ်မှာ ငါ့ကိုဆဲလဲ ငါ့စေတနာမပျက်နဲ့၊ ငါ့ပါးရိုက်လဲ ငါစေတနာ မပျက်နဲ့၊ ငါ့ကိုလက်သီးနဲ့ထိုးလည်း ငါစေတနာမပျက်နဲ့။ ငါ့ဆဲရေးတိုင်းထွာလည်း ငါစေတနာမပျက်နဲ့။ လူကြီးမင်းက ခိုင်းလည်း ငါသွားလုပ်မယ်။ ငါ့စေတနာမပျက်ဘူး သညာမမှတ်နဲ့ မှတ်ချင်တော့ စေတနာပျက်တတ်တယ်နော်။ တစ်လုံး ကည်းပေးလိုက်တယ်ခင်ဗျားကို အဲ့ဒီနေရာမှာ အမှတ်ကရှုပ်နေတယ်။ ငါ့ကြီးဘဲခေါ်တာပဲ။ ဟိုလူတွေတော့ မခေါ်ဘူး။ ငါ့ဘဲခေါ်နေတာဘဲ။ ဟိုလူတွေတော့ မခေါ်ဘူး။ ငါ့ဘဲခေါ်တာဘဲဆိုတော့ မနောပေါက်တယ်ဗျို့နော်။ အဲ့ဒီတော့ အမှတ် ကြောင့် သင်္ခါရတွေဖြစ်ကုန်တယ်။ သဗ္ဗေအလုံးစုံကုန်သော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံကုန်သော သင်္ခါရ ဒုက္ခ၊ သဗ္ဗေအလုံးစုံကုန်သော သင်္ခါရ အနတ္တ ဒီသင်္ခါရက အာရုံနဲ့မနော၊ အဲ့ဒီတော့ နှစ်ခုရှုပ်နေတာ။ အဲ့ဒါဗမာလိုစာလိုပြောရင် တော့ အာရုံယူတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲ့ဒါဒိဋ္ဌိခေါ်တယ်။ သမ္မာဒိဋ္ဌိကောင်းတာ လုပ်တာလည်း ပယ်မှာက မဂ်ဉာဏ်သာပယ်မှာ မဂ်ဉာဏ်မှသိမှာနော်။ ဘာနဲ့ပယ်လို့ရမလဲ။ ဟိုမှာ ဦးပဏ္ဍိတရေ ခင်ဗျား

သားတွေ၊ သမီးတွေ တစ်ခါတည်း သေကုန်ပြီဗျာဆိုရင် ဉပဏ္ဏိတကြားလိုက်တာနဲ့ ဟာ မနောကံက ပေါက်တာပဲဗျို့ ကံဖြစ်သွားပြီ ကံဆိုတာတဏှာပါနေပြီ အဲ့ဒါကံဆိုတာ ဥပါဒါန်ဟော ဥပါဒ်ကံဖြစ်သွားပြီ ဥပဖြစ်သွားပြီ အဲ့ဒါကိုသွား ဖွဲ့လိုက်တယ်။ သွားမှတ်လိုက်တယ်။ သွားယူလိုက်တယ်။ အဲ့ဒီမှာကံဖြစ်ပြီပေါ့။ အဲ့ဒါသံသရာလည်တဲ့အသိတွေဘဲနော်။ ဘယ်မှာလဲခင်ဗျာ။ ဥပဒါန်တစ်လုံးတည်းချလိုက်တာနော်။ ခင်ဗျားသိလတော့ ဒီနေ့ယူထားလိုက်တာ (၅) ပါးသီလတဲ့ အော်ယူထားလိုက်တာ။ သမာဓိတွေကလည်းကောင်းတယ်။ မယားလင့်နောက်လိုက်သွားရင် အဲ့ဒီလူကလည်း ပူတာပဲဗျို့။ သဘောလေးနာ ဥပါဒါန် ကံ ဒီကံကိုဘာနဲ့ဖြတ်လို့ရမလဲ မဂ်ဉာဏ်နဲ့ဖြတ်မှရမယ်။ ခင်ဗျားတို့မေးကြည့်နော်။ သဘောလေးလုပ်ပါ။ ဒီဟာ ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်အကိုကြီး၊ ကိုယ့်ညီမတွေနောက်ဆုံးဘဝ ပြန်တော့မှာနော်။ အလင်းကလာတဲ့သူ အမှောင်ပြန်လိမ့်မယ်။ အမှောင်ကလာတဲ့သူက အလင်းပြန်လိမ့်မယ်။ အဲ့ဒီတော့ သဘောလေးနဲ့ သာနာဘယ်သူဘဲ ပျက်ပျက်ကိုယ့်စေတနာ မပျက်နဲ့ ဘယ်သူပြောပြော ဘယ်သူကဆဲဆဲ ကောင်းပါတယ်ဗျ။ ကောင်းပါတယ်ဗျာ ကောင်းပါတယ်ဗျ အဲ့ဒီလိုကိုယ်နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အတင်းတွေသွားမပြောနဲ့။ သန်းတွေမတုတ်နဲ့။ ပိုးလုံးတစ်လှည့် ငါးဖျံတစ်လှည့်၊ ကြက်မသတ်နဲ့ ဘဲမသတ်နဲ့ အဲ့ဒါကိုယ်ကျင့်တရား ဘယ်မှာရှိသလဲ။ ကိုယ်ကျင့်ထားတဲ့အသိမှာ မရှိတော့ဘူး။ သတ်မှာဘဲဗျ။ ခင်ဗျား ကိုယ်ကျင့်တဲ့ အသိရှိရင်စာနာတယ်ဗျ။ မသတ်တော့ဘူး။ အဲ့ဒါ ဝိပဿနာကိုကျင့်ထားတာ သိသွားပြီ။ အဲ့ဒီတော့မှ စာနာတယ်။ ဒါတောင် စာနာတဲ့စိတ်ရှိတယ်။ စာနာတဲ့စိတ်ဆိုတာ သူ့ဘက်ကိုယ့်ဘက်မျှတတယ်။ အဲ့ဒါသမ္မာခေါ်တယ်။ မိစ္ဆာ ဒိဋ္ဌိ မဟုတ်တော့ဘူး။ မိစ္ဆာ ဒိဋ္ဌိကငါပြောင်တယ်ကွ။ မင်း ငါ့စက်ဘီးမင်းယူသွားတယ်။ မင်းခုကြည့်စမ်း အကုန်ကျိုးပဲ့လာပြီ။ အဲ့ဒါဒေါသဖြစ်တယ်။ အဲ့ဒါစက်ဘီးလေးကို သူ့စက်ဘီးလေးကို သွားစွဲတာတဏှာ အဲ့ဒီစက်ဘီးကြောင့် သူဒေါသဖြစ်သွားတာ သိလပျက်တာပဲဗျို့။ အာရုံကိုယူထားလိုက်တာ။ ဘာလဲယူထားလိုက်တာ အမှတ်နဲ့ယူထားတယ်။ အဲ့ စက်ဘီးကတန်ဖိုးဘယ်လောက် ဟော အမှတ်က ငါ့စက်ဘီးက (၁) သောင်းကျော် တယ်။ (၂) သောင်းကျော်တယ်။ ခင်ဗျားခုံဖိနပ်အစုတ်ကလေး စီးလားတယ်။ ပျောက်သွားတယ်။ ခင်ဗျားစိတ်မဆင်း ရဲဘူး။ နက်ဖြန်ကာ ဝယ်တော့မှာဘဲ။ ဒီဖိနပ်အစုတ်ကလေးက ဘာမှလည်း မဖြစ်လောက်ဘူး ပဲ့နေပြီအဲ အဲ့ဒါသူက ပျောက်ပါစေကွာ ဟောခင်ဗျားစင်ကြယ်ဖိနပ် (၆) ရာတန် ဝယ်စီးလိုက်တယ်။ တစ်ဖက်သာပျောက်ရင် ခင်ဗျားမူး နောက်နေတာဘဲ။ ဒါပစ္စည်းစွဲတာပေါ့ဗျာ။ ဒါဥပါဒါန်ကံတွေ ကိုယ့်စိတ်ကိုစစ်။ အဲ့ဒီတော့ကံပေမယ့် သမ္မာကံရှိတယ်။ မိစ္ဆာကံရှိတယ်။ ကံချင်းမတူဘူး။ အဇာတသတ်နဲ့ ဗိမ္ဗိသာရမင်းကြီး သားအဖကံချင်းမတူဘူး။ ကံချင်းမတူရင် စေတနာချင်း မတူဘူး။ စေတနာချင်းမတူရင် ဘုံချင်းမတူဘူး။ နှစ်သွားမှာဆိုးလို့နော်။ ခင်ဗျားတို့နှစ်သွားမှာ ဆိုးလို့ ဒါမရှိတာ ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဦးပဏ္ဏိတပြောသွားတယ်။ အသိ အဲခင်ဗျားတို့သိတာ ခင်ဗျားတို့ လေ့လာပါတဲ့။ (လေ့လာပါတဲ့၊ သုံးသပ်ပါတဲ့၊ စုံစမ်းပါတဲ့) အဲ့ဒီတော့ စုံစမ်းပါတဲ့ အလုပ်လုပ်ကြည့်မှ ခင်ဗျားတို့သိမယ်။ အော် ဒုစရိုက် (၁၀) ပါးကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး၊ ငါအခုသတ်ထားတာ ဘယ်ကံကို သတ်တာလဲ ဗျာပါဒ အဘိဇ္ဈာ မိစ္ဆာ ဒိဋ္ဌိ ငါသတ်ပါလား။ ဒိဋ္ဌိ ငါသတ်ပါလား။ အဲ့ဒီတော့ ဒိဋ္ဌိသတ်တယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ အပြင်အာရုံနဲ့ အတွင်းအာရုံ ငါမပေါင်းတော့ဘူး။ သခ်ီရမလုပ်တော့ဘူး။ ဟော သခ်ီရတရားရပ်နေတယ်။ အာရုံနဲ့

မနော မပေါင်းဘူး။ မပေါင်းတော့ အပြင်အာရုံပယ်ပြီး တော့ အတွင်းအာရုံသတ်တယ်။ အတွင်းအာရုံဘာနဲ့သတ်လဲ ထိတယ်။ သိတယ်။ ထိတာ သိတာ နှာခေါင်း နှစ်ပေါက် ရဲ့အာရုံကို ဘဝင်က မနောက အဲ့ဒီအာရုံမှာ ကပ်ထားတယ်ဗျို့။ ဘယ်မှမသွားတော့ဘူး။ အဲ့ဒါဘဲ သတိထားနေတာဘဲ။ အဲ့ဒါပဲ သတိထားနေတာ သူနိုးက အဆင်သင့်ဝင်ဝင်တော့မယ်နော်။ လောကီအနုသရနော် သူနိုးကဝင်တော့မယ်။ မယားအကြောင်း၊ သားအကြောင်း၊ အမလေး အုန်းမောင်း ခေါက်ပြီ တော်ပြီ ငါတစ်နာရီရှိပြီ တဏှာကို အားကိုးနေတာ ဝေဒနာ နိရောဓ တဏှာ နိရောဓေ ဝေဒနာကိုမြင်အောင် ရှုဝေဒနာကို ရုပ်ပေါ်မှာရှိတဲ့ ဝေဒနာကို ဝေဒနာမှန်းသိရမယ် နော် အော် ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ၊ အေးတာလည်း ဝေဒနာ၊ သူ့သဘောသူဆောင်နေတယ် တော်ကြာ လာရော အော် ဝေဒနာပါလား။ ငါမဟုတ်ပါလား။ သူ့သဘောသူ လုပ်နေ ပါလား။ ခတ်ကောင်းပါလား။ ဟော ခါတ်ဘက်လှည့်လာတယ်နော်။ သညာကို ပညာနဲ့ယူတယ်နော်။ ကံကိုဉာဏ်နဲ့ ယူထား တယ်။ ယူတတ်ဖို့လိုတယ်။ ခင်ဗျားတို့ခုပညာမှာ ဟော သညာကတန်းလမ်းကြီး ဖြစ်နေတယ်။ အမှတ်က တန်းလမ်းကြီး ဖြစ်နေတယ်နော်။ ဒီအမှတ်သညာကြောင့် ဥပါဒါန်တွေဖြစ်နေကြတာ အော် ဒါငါ့သမီးလေးပါ။ ဒါငါ့သမီးမဟုတ်ပါလား။ ဒါငါ့သားလေးပါလား။ ဒါငါ့သားလေး မဟုတ်ပါလား။ ဒါငါ့ရင်သွေးလေးပါလား။ ဒါတွေဖြစ်နေကြတယ်ဟာ ကြည့်စမ်း ရင်သွေးလေးနော်။ သံယောဇဉ်ကြိုးဟာ တစ်ခါးတည်း ဟိုး ဘဝသံသရာ သံယောဇဉ်ကြိုးဟာ အခုဇီဝလည်း ညှိနေတယ်။ နောက်အနာဂတ်လည်း ညှိဒုန်းမှာပဲ။ အခုလည်း ဖက်သီဖက်သီနဲ့ ရှာနေရတာ။ အဲ အဲ့ဒါဘယ်သူက လုပ်တာလဲဆိုတော့ ဟော တဏှာကလုပ်ထားတာ။ ဒီနေ့စပါးရောင်းယ်တယ်စပါး နှစ်ရာ သုံးရာ လောက်သယ်လိုက်တယ်။ သမ္မာန်တစင်းမှာ ဟာ အဲ့ဒီတော့ စိတ်ခိုင်းတာကို ရုပ်ဒုက္ခရောက်တယ်။ စိတ်ကဘာနဲ့ခိုင်းတာလဲ အဲ့ဒီစိတ်ကလေးက အော် ငါ့သားမယားတွေစားဖို့ ငါသားမယားတွေ ဒီနေ့ငွေလေး (၇) ရာရပြီကွ။ အဲ့ဒါတွေကို အားရှိနေတယ်။ သူ့မှာလုပ်တာ ရုပ် ဒုက္ခကို ရုပ်ခွေးဖြစ်နေတာကို သူမသိဘူး။ နာမ်ခိုင်းထားတာနော်။ သမာနဲ့ခိုင်း မိစ္ဆာနဲ့ သွားမခိုင်းနဲ့ ရုပ်အကျိုး၊ နာမ်အကြောင်း အဲ့ဒီအကျိုးပေါ်မှာ အကြောင်းမြင်လိုက်တဲ့အကြောင်း။ ကြားလိုက်တဲ့အကြောင်း၊ နာမ်လိုက်တဲ့အကြောင်း အကြောင်း (၅) ပါး သတ်လိုက်အဲ့ဒီအကြောင်း သတ်တတ်ဖို့လိုတယ်နော်။ အကြောင်း သတ်တော့ဟာ ခင်ဗျားကံပြတ်တာပဲဗျို့ နော် ဒီကံကိုသတ်ရမယ်နော်။ ဒီကံကို သတ်ရမယ်နော်။ သမာဓိဋ္ဌိ မိစ္ဆာ ဒိဋ္ဌိကံ ကံ (၃၁) ဘုံထဲက ကံတွေဗျ ခင်ဗျားဖြုတ်သွာဘုံရောက်မယ်။ နတ်ဘုံရောက်မယ် ရုပ်ပြစ် (၈) ပါးရောက်မယ်။ အပါယ် (၄) ဘုံရောက်မယ်။ ဟာ ဒါတွေဟာ ကြည့်စမ်း မျက်စိရှေ့မှာ တစ်တိုးကြီးပဲနော်။ အပေါ်လည်း မရောက်အောက်လဲ မရောက်သူဟာကနော် ကြည့်စမ်း အဲ့ဟာတွေက တစ်တိုးကြီးဘဲဟာ။ အားကြီးပဲနော်။ ဒါထုတ်ပြပါဆိုလို့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ ဦးပဏ္ဍိတ ဒါတွေမြင်ပြီးတော့ ဒီကောင်ကြီးလည်း ကြောက်ပြီးတော့ ဒါလုပ်တာ ဒါကြီးမသိတော့လည်း လုပ်ချင်တာလည်းလုပ်တာပဲဗျာ။ အဲ့ဆရာကွယ်ရင်ကွယ်သလိုထင်တာ လုပ်တော့တာပဲဗျ။ ဟောဆရာလာတော့ ဟန်ဆောင်တယ်။ ဟုတ်ကဲ့ဆရာကြီး ဟုတ်ကဲ့ ဟုတ်ကဲ့။ ဟောဆရာလဲ လစ်ကော ထင်တာတွေလုပ်တယ်။ စိတ်ပဲဗျ။ ဒီပညာလှည့်ကွက်က အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်နော်။ ဒါကြောင့် မလို့ဒီရုပ်ပေါ် နာမ်ပေါ်မှာ ခင်ဗျားတို့ရှာပေတော့။ နယ်ဘယ်ဘေးမရှိ (၃၁) ဘုံ လွတ်တဲ့ ပုဂ္ဂိုလ်တွေ နဘယ်ဘေးမရှိ

(၃၁) ဘုံ မလွတ်တဲ့ပုဂ္ဂိုလ်တွေ အာဓရောဂျ် ပရမန် ကျန်းမာရေးလာဘ် ဒါပဲရမယ်။ အဲ့ဒါတွေ ဒီလောက်ကရေးရမယ်။ ဘာကံလေးရမလဲ။ ပစ္စုပ္ပန်ကံလေးရမယ်။ ကံကျိုးရင် ကံဆယ်ထားတယ်။ ကံပေါက်ရင်ကံဖါတယ်။ ကံနိမ့်တော့ ကံမြင့်မယ် ကံဆိုတာ စေတနာကိုကံခေါ်တယ်။ သဗ္ဗာသံပတ္တိ ရတနာသုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းဆိုတဲ့ ဒုလ္လဘောဆိုတာ ရပြီ ဒုလ္လဘ (၅) ပါးထဲမှာ ဒီကံအမြတ်ဆုံးပဲနော်။ ကံပေမယ့် မတူဘူး။ ဒုံလ္လဘ (၅) ပါးထဲမှာ ဘုရားဟောထားတယ်။ မနုဿသဘာဝေါ ဒုံလ္လဗော ဒီကံတွေက ဒုံလ္လဗအတွင်းထဲက ကံတွေခေါ်တယ်။ အပြင်ကံတွေကတော့ ဟော ပဋ္ဌယတင်းစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်တွေ အာရုံကြောင့်ဖြစ်နေတာ တစ်ခါတည်း မနောမဲနေတာ အာရုံကြောင့်မနော၊ အဲ့နားသောတကြောင့် မနော၊ အဲနံ့သာကြောင့် မနော၊ ဇိဝကြောင့် မနော၊ ဒါတွေကို ဝိပဿနာ ဂမ္ဘီရဉာဏ်နဲ့ ဖြတ်မှ ဒီကြိုးနှစ်ကြိုးက ဖြတ်မှာ ခင်ဗျားတို့ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာအကုန်ပြတ်မှာ အဲ့ဒီကြိုးနှစ် ကြိုးပြတ်တာက နိရောဓဆိုက်တာဘဲ။ စာတွေနဲ့ရေးထားတာ။ ဟား ဟုတ်တာပေါ့။ စာကရေးထားတာ ပထမဈာန်ကို၊ ဒုတိယဈာန်ကို ဟား ဈာန်ကိုဖြစ်နေတာပဲ ခင်ဗျားလေယာဉ်ပျံစီးတာထက်တောင် ကောင်းသေးတယ်နော်။ ဟိုကလိုမ့် ကျဦးမယ်။ ဒါကလိုမ့်မကျတော့ဘူး။ မနောအာရုံ သူ့သွားနေတာ ဘယ်သူသိမလဲ။ အဲ့ဒီအာရုံသွားနေတာ ဘယ်သူမှ မသိပါဘူးနော်။ အဲ့ဒီတော့ ဟိုဟာတွေကတော့ သိမှာပေါ့ဗျ။ ဟိုပုဂ္ဂိုလ်ထူးတွေကတော့ ကျင့်တဲ့ လူချင်း ကျင့်တဲ့လူချင်းသိတယ်။ ဉာဏ်ကျတော့ သူလည်းမသိပြန်ဘူး။ ဂမ္ဘီရဉာဏ် ဇဝနဉာဏ် စတ္တုံ ဥဒပါဒိ၊ အာသဝေါ ဥဒပါဒိ၊ ဉာန်ဥဒပါဒိ၊ အဲ့ဒီဉာဏ်ကျတော့ အဲ့ဒီဝိဇ္ဇာလည်း လိုက်မမှီတော့ဘူး။ အဲ့ဒီဉာဏ်ကိုရအောင် လုပ်ပါနော်။ သီလ ခုန ခင်ဗျားတို့ရဲ့ သီလ ဟုတ်တာပေါ့။ အဲ့ဒီသီလထက်မြတ်တာ ခုနက ကျင့်တဲ့သီလ ဒါကြောင့်မို့ စာတော့မတတ်တော့ ဥပမာ ဥပမေနဲ့ ပေးလိုက်မယ်။ ငွေရရင်ငွေနဲ့တင်းမတိမ်ပါနဲ့။ ငွေဟာ တစ်ကျပ်သားရှိရင် ဈေးထဲသွားရောင်းရင် ကာလတန်ဖိုးနဲ့ ဒါဘဲခင်ဗျားရမယ်တဲ့။ လေးငါးရက်စားပြီးရင် ကုန်ရော အဲ့ဒီငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့မတင်းတိမ်ပါနဲ့တဲ့။ ရွှေထက်ကောင်းတဲ့ဟာရှိပါတယ်။ ရွှေဟာလည်း တစ်ကျပ်သား သွားရောင်းရင် ခင်ဗျားလေးငါးခြောက်လ စားကုန်ပြန်ရော။ အဲ့ဒီရွှေထက်ကောင်းတာရှိတယ်တဲ့ ဘာလဲကျောက်တဲ့ အဲ့ဒီကျောက်ကဘယ်ကလာလဲ၊ သဃံဓာတကလာတယ်တဲ့၊ ကျောက်ရဲ့အရည်အသွေးကလည်း သိပ်ကောင်း နေပြီဗျ။ ရတီကလည်း ကမ္ဘာ့နိုင်ငံကတို့တဲ့ဈေးကွက်ထဲမှာ ပါနေပြီတဲ့။ ရတီကလည်း ကောင်းတဲ့ ဟောကျောက်ရဲ့ အရည်အသွေးကလည်း သိပ်ကောင်းတယ်တဲ့။ အဲ့ဒီတော့ တောင်းစမ်းတဲ့။ ခင်ဗျားတောင်းချင်သ လောက် တန်ဖိုးမဖြတ်ရင် အဲ့ဒါရှာ သီလတွေတွေ့လား အဲ့ဒါငွေသီလ၊ ရွှေသီလ၊ ကျောက်သီလ အဲ့ဒီသီလတွေရအောင် သာကြိုးစား သီလဆိုတာ ခင်ဗျားတို့အပေါ်မှာ ဘာတွေပယ်ရမလဲ၊ ကာမသဝ၊ ဘဝါ သဝ၊ မိဗ္ဗာသဝဟော အဝိဇ္ဇာ အာရုံ (၆) ပါး မနောနဲ့ မပေါင်းနဲ့၊ အာရုံ (၅) ပါးနဲ့ မနောနဲ့မပေါင်းနဲ့ တောင်မို့မှာကရယ် (၆) ပေါက်ရှိတယ်။ (၅) ပေါက်ကို ပိတ် အပြင် (၅) ပေါက်ပိတ်၊ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး ပိတ်ထားလိုက် အဲ့ဒီမနောထွက်လာလိမ့်မယ်။ အဲ့ဒီကောင် အဲ့ဒီအပေါက် (၅) ပေါက်ကို လုံအောင်ပိတ်ထားလိုက် ဒီ ဖွတ်ကလေ သူဟိုးအပေါက်ကထွက် ဒီအပေါက်ကထွက် မထွက်နိုင်တော့ဘူး အဲ့ဒီတော့ တစ်ပေါက်ပဲရှိတယ်။ တစ်နေ့တော့ အဲ့ဒီအပေါက်ကနေ သူတစ်ပေါက်ထဲထွက်လာရင်

ရှိက်တာသတ်လိုက်။ အဲ့ဒါတရားပဲ။ ဖွတ်သေရင် ပြီးရောပေါ့ဗျာ။ ဖွတ်ကအားကြီးဒုက္ခပေးတယ်။ ဖွတ်တတ်တယ်။ ဖွတ်တတ်လို့ရှိရင် အိမ်ကုန်တာဘဲ။ တစ်ခါကည်းသိလား ဒါကြောင့်မို့ လို့ကျင့်တာ ခင်ဗျားတို့ပေါ်မူတည်တယ်။ ဒါဥပမာ စာတော့မတတ်ဘူး။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ အကြောင်းကိုသတ်လိုက် ဗောဓိပက္ခိယပွန်အကြောင်း မြင်လိုက်တဲ့အကြောင်းသတ်လိုက် ကြားတဲ့အကြောင်သတ်လိုက် မယူနဲ့ အဲ့ဒါတွေ အယူမှားမယ်။ အမှတ်မှားမယ်။ အစွဲမှားမယ်။ မနောကိုသတ် အတွင်းသတ်မှ အတွင်းကိလေသာကို အမြစ်ကို နုတ်ပစ်မှဒီတဏှာပြတ်မယ်။ ခင်ဗျားကိလေသာကြီးမှ မနုတ်ချင်ရင် ဒီတဏှာဟာ ပြန်ပေါက်မှာ ကြီးပဲနော်။ အဲ့ဒီကိလေသာမှာ တဏှာတွေရှိတယ်။ တဏှာဖြတ်သွားရင် (၃၁) ဘုံ လွတ်ပြီ။ တဏှာမပြတ်ချင်တော့ ခင်ဗျားပြမ္ဘာဘုံရောက်မယ်။ နတ်ဘုံရောက်မယ်။ အပ္ပါယ်လေးဘုံရောက်မယ်နော်။ ဒါတွေ သေသွားတော့ ဘယ်သူသိမလဲ။ ခင်ဗျားတို့တောင်တန်းဆရာတော်ကြီး သေသွားတာ ဘယ်သူသိသလဲ။ ဟမ် ဘယ်သူမှ မသိဘူး အဲ့ဒါတွေသိတော့ကြောက်ပြီးတော့ ဟာ ငါလည်းကြောက်တယ်။ ချ အမိနေတာ စားတာလဲ ဆင်ခြင်ပါ။ နေတာလည်း ဆင်ခြင်ပါ သွားတာလည်း ဆင်ခြင်ပါ လာတာလဲဆင်ခြင်ပါ ပြောတာလည်း ဆင်ခြင်ပါ။ အင်မတန်မှ နလုံးမှာ ကြည်လင်တောက်ပသော နလုံးကိုကြည့်နေရမယ်။ အတွင်းစိတ်ကလေးကြည့် နေရမယ်။ အာရုံနဲ့မပေါင်းနဲ့။ အာရုံနဲ့ပေါင်းရင် သခ်ီရဖြစ်သွားလိမ့်မယ်။ သဗ္ဗေအလုံးစုံသော သခ်ီရ ဒုက္ခ သဗ္ဗေအလုံး စုံသော သခ်ီရအနတ္တ ဒီရုပ်နဲ့ ရင်းရှာမှရမှာ ခင်ဗျာ စာမိုးပျံအောင်တတ်ပစေ ဒီရုပ်နဲ့ရင်းထားမှ ဒီကိလေသာနဲ့ တဏှာသိမှာ ဟမ် ခင်ဗျားဘာနဲ့သွားတုလဲ ကိလေသာ တဏှာသတ်တာဗျ ဒါပေမဲ့ အဲ့ဒီတော့ ကိလေသာ တဏှာရှိလား စာတတ်တဲ့ ပုဂ္ဂိုလ်ကိုမေးပြီး မေးရောဒီကမြောင်းမြက ခင်ဗျားတို့ မဟာစည်ပေါ့ ကိလေသာ တဏှာရှိလားတဲ့ ရှိပါတယ်တဲ့ ရှိလို့ရှိရင် တစ်ယောက်နဲ့ တစ်ယောက်အသိခြင်းတူနိုင်ပါ့မလားတဲ့ မတူပါဘူး ဘုရား။ မင်းရပ်ထားလိုက်။ အထင်လည်း မသေးနဲ့။ အထင်လည်းမကြီးနဲ့။ တဏှာမာန ဒိဋ္ဌိရင်ဝမှာ လှံစိုက်နေရင် မနောမှာစိုက်နေတယ်။ ဟောဒီမှာ အာရုံ မလွတ်လို့စိုက်တာအာရုံလွတ်ရင် တဏှာမာန ဒိဋ္ဌိကိုသိပြီး အဲ့ဒါသိသွားတာဉာဏ် ဂန္တိရဉာဏ် ဇာဝနဉာဏ် စက္ခု ဥဒပါဒိ လာခဲ့တဲ့ လာပါတဲ့မင်းပေးလိုက်လို့ ငါမဖြေနိုင်ရင် ဟောဒီသင်္ကန်း ချွတ်ပေးလိုက်မယ်တဲ့ ငါလူထွက်သွား တော့မယ်တဲ့။ ထွက်မယ် ဘာမှမလုပ်ပါဘူးကွာ။ ငါကလည်း ပြန်မေးမယ်နော်။ မင်းတို့ဖြေဖို့သာ အဆင်သင့်ပြင်ထား မင်းမေးလိုက်လို့ ငါမဖြေနိုင်ရင် ငါချွတ်ပေးမယ်ကွာဟော ခန္ဓာမှာ ကိလေသာ တဏှာကွ လူတိုင်းရှိတယ် သတ္တဝါတိုင်း ရှိတယ်။ အဲ့ဒီကိလေသာကို ဖြတ်ပစ်မှတဏှာ ရပ်သွားမှာကွ အဲ့ဒါမှ (၃၁) ဘုံလွတ်မှာကွ။ မင်းတို့အပြစ် ငါဘယ်သူမှ မပြောဘူးကွ။ မပြောပါဘူး။ အပေါင်းသင်းကြောင့် ဒါနောက်ဆုံး ဘဝဘဲကွ။ ဒါပြတာပါ ဒါကိုယ်ဖအေလို ကိုယ့်မအေလို ကိုယ့်အကိုကြီးလို လုပ်တာ မလုပ်တာ အကြောင်းပဲကွ ငါကလုပ်လို့ယုံတာကွ။ ခံစားရတယ်။ ဒီတရားက အဲ့ဒီတရားကို ခံစားရတယ်ကွ။ ထုတ်တော့မပြတတ်ဘူး။ ပြောတော့ပြမယ်။ ပြောလို့မင်းတို့ယုံရင် လုပ်ပေတော့ဘဲ။ အဲ့ အဲဒါပဲရှိပါတယ် ဗျာ။ ခင်ဗျားတို့ သီလဆိုတာ ရဟန္တာတာ သီလနဲ့ အနာဂံ သီလမတူဘူးဗျ။ အနာဂံသီလနဲ့ သဒ္ဒါဂါမ်သီလမတူဘူးဗျ။ သဒ္ဒါဂါမ်သီလနဲ့ သောတပန်သီလမတူဘူးဗျ။ သောတပန်သီလနဲ့။ ပုထုစဉ်ကလျာန သီလ ဒါခင်ဗျားတို့အပေါ် မူတည်တယ်။ ဒါခင်ဗျားတို့လုပ်တာ မလုပ်တာ ခင်ဗျားတို့အကြောင်း ဦးဇင်းကလုပ်ပြတဲ့ အလုပ်သဘောတွေကို

ဟောပြတာ။ ပြောပြတာ ပြောပြတဲ့ခါလည်း မယုံနဲ့ဦး။ လေ့လာဦး။ သုံးသပ်ဦး၊ စုံစမ်းဦး၊ မေးမြန်းဦး၊ ဘယ်သူမှ ကြောက်စရာ လိုဘူး။ ကိုယ့်အလုပ်ကိုယ်လုပ်၊ မှန်အောင်လုပ်။ သူများပါးရိုက်လည်း သည်းခံလိုက်နော်။ သည်းခံပါလို့ ပြောတာ။ လောကဓံကို ခင်ဗျားသည်းခံထား။ ဒါမှ ဓိတရားကိုသိမယ်နော်။ ခင်ဗျားလောကဓံမှ သည်းမခံရင် ဒေါသတွေ၊ လောဘတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ ဒိဋ္ဌိတွေ ခင်ဗျားလည်း မလွတ်ဘူးနော်။ ပယ်အပ်မယ့်တရား။ သိအပ်မယ့် တရား ကျင့်အပ်မယ့်တရား ပြောထားတာ ပယ်ပလိုက်ဒါတွေ အာရုံတွေပယ်ပလိုက် ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့ ဩော်မျက်စိမြင်တာပေါ့။ မြင်တော့မှတ်တာပေါ့။ ဒေါသဖြစ်ကုန်ပြီ အာရုံကြောင့် မာန်ပေါက်ပြီး ဝိသုဒ္ဓိသီလ နိဗ္ဗာန်သွားမယ့်သီလ ဝိသုဒ္ဓိမစင်ကြယ်တော့ဘူး။ ပျက်ပြီ ဘာလဲ အဲ့ဒါတွေ ကိလေသာတဏှာ တဏှာမွှေးလိုက်တာ ဘာမှအဲ့ယူပါစေဗျာ။ စားပါစေဗျာ၊ လုပ်ပါစေဗျာ။ ပေးလိုက်ပါဗျာ။ လိုချင်သေးလား။ မြေတွေယူလိုက်ဦးဗျာ။ ဟောဒီလို စေတနာထားတာ ခင်ဗျားတို့စေတနာ သင်ညာနဲ့ယှဉ်ထားတဲ့ စေတနာ၊ အတ္တနဲ့ယှဉ်ထားတဲ့ စေတနာ အနတ္တနဲ့ယှဉ်ထားတဲ့ စေတနာ၊ ကံနဲ့ယှဉ်ထားတဲ့ စေတနာ၊ ဉာဏ်နဲ့ယှဉ်ထားတဲ့ စေတနာ ဒါခင်ဗျားတို့ပေါ်မှာ ဝေဖန်ပိုင်းခြားပြီးတော့ ဦးနှောက် ကောင်းကောင်းနဲ့ စဉ်းစားပြီးတော့ အလုပ်ကိုစစ်ပါ။ ခင်ဗျားစစ်တဲ့အခါ သမ္မာနဲ့မိစ္ဆာကိုခွဲရမယ်။ ဝိပဿနာကခွဲပေးလိမ့်မယ်။ မဂ္ဂင်ရှစ်ပါး အဲ့ဒီတော့ မိစ္ဆာဆိုတာ ငါမြင်တယ်။ ငါကြားတယ်။ ငါနားကြားတယ်။ မင်းငါ့အတင်းတွေပြောနေတယ်။ ငါဆဲနေတယ်၊ လက်ဖက်ရည်ဆိုင်မှာ အမ်း နင့်အပေါင်းအသင်းတွေနဲ့ ငါ့ဝိုင်းရိုက်တော့မလို့။ အဲ့ဒါငါကြားတယ်ကွ။ မင်းဘာလုပ်ဦးမလဲ။ ကဲမင်းလုပ်စမ်းကွာ။ ဟော ဓားတွေ၊ တုတ်တွေ ဆွဲပြီးတော့နော်။ အဲ့ဒါတွေ အဲ့ဒီအယူဝါဒတွေ မယူနဲ့။ အဲ့ဒါ မိစ္ဆာကြီး စာလိုဆိုရင်တော့ သက္ကာယဒိဋ္ဌိတဲ့ ဟော တစ်ခါလည်းအခုလည်း မကောင်းဘူး။ နောက်လည်း မကောင်းဘူး။ အော်သူငယ်ချင်းရယ်၊ ငါတောင်းပန်တယ်ကွာ။ ငါမင်းကိုမပြောပါဘူးကွာ။ ကိုယ်ကပြန်ပြီးတောင်းပန် ရတော့မယ်။ ငါတော့မသိလို့ပါ။ သူငယ်ချင်းရယ်၊ ငါမသိလို့ပါကွာ။ မင်းနဲ့ငါနဲ့ လက်တွဲမဖြုတ်ပါဘူးကွာ။ အခင်မပျက် ပါဘူးကွာ။ မင်းစေတနာလည်း မှန်ပါတယ်ကွာ။ ငါ့စေတနာလည်း မှန်ပါတယ်ကွာ။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဖက် တွေဖြစ်နေ.... အဲ့ရန်သူဖြစ်အောင် မလုပ်ကြနဲ့ ဘယ်သူဘာပြောပြော ဘယ်သူဘဲဖျက်စေ ကိုယ်မပျက်နဲ့။ အဲ့ဒါဆိုပြီရောပေါ့ဗျာ။ သာဓု . . . သာဓု . . . သာဓု . . .

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## (၃၁-၈-၂၀၀၂) ရက်နေ့၊ ရန်ကုန်မြို့ သာကေတ၊
## ဇိနတ်မာန်အောင်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်၏
## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၈၂)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၃၁-၈-၂၀၀၂) ရက်နေ့ ရန်ကုန်သာကေတ ဇိနမာန်အောင် ဘုရားဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးဖင်းကစာပေကျမ်းဂန်မတတ်ဘူးနော်။ ငယ်ငယ်ကစာတွေသင်မလာတဲ့အတွက်ကြောင့် စာမတတ်ပါဘူး။ အားလုံးရှိကြတဲ့ ဒကာ၊ ဒကာမတရားနာကြတဲ့ ပရိတ်သတ်အပေါင်း ဆရာတော်၊ သံဃာတော်အရှင်မြတ်အားလုံး ရှိကြတဲ့ ကိုရင်လေးကစပြီးတော့ ဆရာတော်တွေအထိ တပည့်တော်ဟာ စာပေကျမ်းဂန်မတတ်တဲ့အတွက် စကားပြော တဲ့အခါမှားမှားယွင်းယွင်းသွားရင် အားလုံးကသည်းခံပါစာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်အောင်ပြောရမယ့် တရား အဲဒါတွေက အင်မတန်အရေးကြီးတယ်နော်။ အဲဒါကြောင့်မို့ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ သစ္စာလို့ခေါ်တယ်။ အဲဒါကြောင့်မလို့ စာမတတ်ပေမယ့် ခန္ဓာသိလေးတော့ သဘောလေးပြောသွားမယ် ဘာကြောင့်စာမတတ်သလဲ တဲ့ သူကအသက် (၅၀) ကျော်အရွယ်လောက်မှ လောကီကိုအားကိုးစရာမရှိလို့ လောကုတ္တရာကို နှလုံးသွင်းပြီးတော့ အနတ္တတရားကိုရှာတာပါ။ ကိုယ်ဖြစ်နေတာက အတ္တတွေဖြစ်နေတာ အတ္တဆိုတာက ဗမာလိုအစွဲ ငါမြင်တယ်၊ ငါကြားတယ်။ အဲဒါ အဲဒါအစွဲ စာလိုဆိုတော့ အတ္တတဲ့နော် စာနဲ့စိတ်နဲ့ ငါ ငါ့မိန်းမပဲ၊ ငါ့သားပဲ၊ အဲဒါကအတ္တကနေ ပြီးတော့သွားမှတ်တာ ဟောဒါငါ့မိန်းမ ဟောဒါငါ့သား ဟောဒါငါ့သမီး အဲဒါသင်ညာခေါ်တယ်။ အမှတ်ခေါ်တယ်နော်။ ဒါကခန္ဓာနဲ့ စာနဲ့သဘောလေးပြောပေးတာ။ အဲဒီတော့ အတ္တနယ်ကနေပြီးတော့ အနတ္တနယ်ကို သဘောလေး လောက်ဦးဖင်းပြောသွားပါမယ်။ စာပေကျမ်းဂန်ရေးထားတယ်။ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ရှိတယ် ကိုယ်မှာရှာတဲ့ ကိုယ်မှာရှာရင်သိမယ်။ သိရင်ပယ်လိမ့်မယ်တဲ့။ အဲ့ဒီတော့ ရှာပေါ့။ အဲဒီတော့ ဘုရားကဟောထားတဲ့ကံတရားကို သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ တဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခတဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တတဲ့ သင်္ခါရဆိုတဲ့အကြောင်းလေးထည့် ထားတယ်နော်။ သဗ္ဗေဆိုတာ အဲ့တာတွက်သာကြည့်ပေတော့မျိုး ဒါဘာလဲ အစွဲတရားနော်။ အစွဲတရား အဲဒီတော့ ခင်ဗျားတို့လူဟင်မကဘူး။ ကြက်တစ်ကောင်ကို ကိုယ်ကတောထဲကယူလာတဲ့ ကြက်ဖလေ ဟိုမှာ မြို့ထဲကကြက်ဖလေးချပေးခွပ်တာပဲ။ ဒါအစွဲ အစွဲကိုဟောနေတာ ကံကို ပြောနေတာနော်။ ဘယ်ကံလဲ။ မနောကံ ကာယကံ ဝစီကံ၊ မနောကံ သံသရာဘယ်ကစလဲ မနောကံကစတယ်။ သံသရာဘက်ကပြတ်သလဲ။ မနောကံပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်တဲ့။ ဒါစာလေးနဲ့ရေးထားတယ်နော်။ နိဗ္ဗာန်ဟာ ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလချုပ်သလဲတဲ့ အပြင်သီလပညတ်သီလကို ပရမက် ကချုပ်ထားတယ်။ သဘောလေးသာသနာ ဒါဝိပဿနာ ဝိပဿနာရဲ့အလုပ်ပြောတာနော်။ ဒါကြောင့်မို့ သဗ္ဗေအလုံးစုံ သောသင်္ခါရအနိစ္စ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ အဲ့ဒီမှာပါနေတဲ့ အနိစ္စရယ် အနတ္တရယ် ခန္ဓာမှာဉာဏ်စိုက် အဲ့ဒီတော့တရားအားလုံးထုတ် တရားအားထုတ်ချင်ရင် ယူထားတဲ့ခင်ဗျားတို့ရဲ့သီလ (၈) ပါးသီလ (၉) ပါးသီလ၊ (၁၀) ပါးသီလ၊ (၅) ပါးသီလ မှန်တယ်ဗျိုသိပ်မှန်တယ်ဗျ။ သူ့ထက်မှန်တဲ့ သီလရှိသေးတယ် တဲ့ သူ့ထက်မှန်တဲ့သီလရှိတယ်တဲ့။ ဘယ်သီလလဲတဲ့ မနောတဲ့ ဘာလဲတဲ့စာကရေးထားတယ်။ ဗျာပါဒ အဘိဇ္ဈာဒိဋ္ဌိတဲ့ ဟော အဲဒီသီလအမြတ်ဆုံးပဲတဲ့ ဟိုသီလကတော့ ကာယကံ၊ ဝစီကံသူများအသက်မသတ်ပါဘူး။ သူများပစ္စည်းမခိုး ပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက်မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလဂန္ဓ ဝိလေပန တီးခြင်းမှုတ်ခြင်းနဲ့သာ လိမ်းခြင်းမဖွယ်မရာမပြောပါဘူး။ မလုပ်ပါဘူး။ ဟော ဒါအပြင်သီလ၊

ရှောင်ထားတဲ့သီလ ခင်ဗျားတို့ရှောင်ထားတဲ့ သီလဟိုသီလက ဗျာပါဒ အဘိဇ္ဈာ မိစ္ဆာသီလက ဆောင်ထားတဲ့သီလ ပညာသီလ ဟိုးအပြင်ကသီလကသင်ကြား သီလမှတ်ထား ခင်ဗျားတို့သဘောလေးနဲ့ ပြောသွားမယ်။ အဲ့ဒီတော့ အသီးတစ်ရာ အညွှာတစ်ခု အသိတွေလျှောက်ပြီးဖြုတ်နေရင် ကြာတယ်ဗျို့။ အဲ့ဒီတော့တရားတိုင် ကျွဲကူးရေပါတယ်နော်။ အပြင်သီလတွေ ကာယကံ၊ ဝစီကံ သီလတွေ အကုန်ချုပ်ရမယ်။ မနောသတ်မယ် ခုနကခင်ဗျားတို့ယူထားတဲ့ သီလကတော့ မှန်ပါတယ်။ သိပ်မှန်တယ်။ ဒါပေမယ့် အဲဒီသီလကခင်ဗျားမှန်ပေမယ့် ခင်ဗျားသားလေး ရေနစ်သေတယ်။ ခင်ဗျားပစ္စည်းတွေ တိုက်တွေ၊ မီးလောင်းတယ်။ ပိုင်ရှင်ဘယ်လိုနေမလဲ။ ပူတာပေါ့ ဘုန်းဘုန်းရယ်တဲ့။ ဟော ပူတာပေါ့ဘုရားတဲ့။ သားတွေလည်း သေ၊ သမီးတွေလည်းသေ၊ တိုက်တွေလည်းမီးလောင်းတယ်။ ဥပမာ ဥပမာဖြစ်သွားရင် ပိုင်ရှင်ဘယ်လိုနေမလဲ။ ပူတာပေါ့ ဘုန်းဘုန်းရယ်တဲ့။ အဲ့ဒီအပူခင်ဗျားယူထားတဲ့ သီလတွေ အဲ့ဒီအပြင်သီလတွေနဲ့ ဒီစိတ်ကလေးကို သတ်လို့ရပ့ါမလား တဲ့။ မရပါဘူး။ ဘုန်းဘုန်းရယ်တဲ့ သူပဲပြောတယ်။ မရပါဘူးတဲ့။ အေး အဲ့ဒီသီလဆိုတာ သားတွေသမီးတွေလည်း သေပါတယ်။ တိုက်တွေလည်းသေတယ်။ အဲ့တော့သူမပူဘူးတဲ့။ အေးတယ်တဲ့။ သူ့ရင်ထဲမှာအေးနေတယ်တဲ့။ အဲ့ဒီ အာရုံကို မှတ်လည်းမမှတ်ဘူး။ ယူလည်းမယူဘူးတဲ့။ အဲ့ဒါပညာပဲဗျို့နော်။ သင်ညာကပညာကို ကူးလိုက်ဝိပဿနာ ဝိပဿနာ ဝိဆိုအထူးဟဲ့ အဲ့ဒါလုပ်ခင်ဗျားတို့စားကောင်းသောက်ကောင်း အောင်လုပ်တဲ့သီလ၊ မှန်တယ်နော်။ အစွဲ တရားမပယ်နိုင်တဲ့ သီလတွေလုပ်နေ အဲ့ဒါရှောင်ထားတဲ့သီလ အပြင်သီလ အတွင်းသီလရှိတယ်။ ဒါကြောင့်မလို့ စာကရေးထားတယ်။ သမုဒိသစ္စာ ဝိရတိသစ္စာ သဘာဝသစ္စာ ပရမတ္ထသစ္စာ အရိယာသစ္စာတဲ့ ဟောဒါစာရေးထား တယ် စာသွားမဖျက်နဲ့။ စာသိပ်ထူးတဲ့စာ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်အောင်လုပ်နော် ဒါမှခင်ဗျားသိလိမ့်မယ်။ စာနဲ့ စိတ်နဲ့တစ်ထပ်တည်းဖြစ်မှ အရိယာထသစ္စာခေါ်တယ်၊ စာနဲ့စိတ်နဲ့ မနောစိတ်နဲ့တစ်ထပ်တည်းမဖြစ်ရင် အဲ့ဒါသမုဒိသစ္စာခေါ်တယ်၊ သမုဒိရဟာန်းခေါ်တယ်။ ဟိုဟာကအရိယရဟာန်းခေါ်တယ်။ မှတ်ထားစာနဲ့စိတ်နဲ့ မှန်မှစာမတတ်ပေမယ့် သဘောလေး သဘောလေး ပြောပြောသွားတယ်နော်။ ဒါကြောင့်မလို့ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခသဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ အနိစ္စဒုက္ခ အနတ္တ ခန္ဓာမှာဉာဏ်စိုက် အဲ့ဒီတော့ ဒီကာယကံတွေ ဝစီကံတွေ မနောကံတွေဟာ ဘယ်ကဖြစ်သလဲနော်။ ခင်ဗျားတို့တွေးကြည့်မနောကံလို့ခေါ်ထားတယ်။ ကံဆိုတာ တွေးသာကြည့် ပေတော့ဗျို့။ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ်ဗျ။ ကိုယ်ပြုလုပ်တဲ့ကံကတော့ သွားရိုက်တာပေ့ါဗျာ။ သွားဆဲတာပေ့ါဗျာ။ အဲ့ဒါကိုယ်ပြုလုပ်တဲ့ကံ ကိုယ်မပြုလုပ်တဲ့ကံ အဲ့ဒီကံကခြေမရှိ လက်မရှိတဲ့ အဲ့ဒီကံကသိပ်ကြောက် ဖို့ကောင်းတယ်။ သံသရာလည်တာသူပဲနော်။ မျောတရားမြုပ်တရား ပေါ်တရားရှိတယ်။ အဲ့ဒါကျင့်ကျကြံကျ အားထုတ် ကြစာမတတ်ဘူး။ အဲ့ဒီတော့ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား ဘယ်ဟာကောင်းလဲ ပြတ်တဲ့တရား ကောင်းတာပေ့ါ ပြတ်တဲ့တရားကောင်းတယ်၊ ကံကိုဖြတ်ပလိုက် အစွဲဖြတ်ပလိုက် စွဲရင်ကံ မစွဲရင်ဉာဏ် ဒါပဲရှိတယ်၊ ဘာဉာဏ်လဲ ဂုဏ်ဉာဏ် ဇဝနဉာဏ် စကျံ့ဥပေါ်ဒ အာဏောဥဒပါဒီ ဉာဏံပါဒီ အာရုံဘာပါတီ ဉာဏဥတပါတီရေးထားတယ်၊ အာသွက္ခယဉာဏ် အာရုံမှာပညာနဲ့ယူတာ အစ္စကအာရုံမှာ သင်ညာနဲ့ယူထားတယ်။ ကံဖြစ်တာပေ့ါဗျာ၊ အာရုံအမှတ်နဲ့ယူထားတယ်။ မှတ်ထား အဲ့ဒါကံပဲ။ အဲ့ဒါကံခေါ်တာ အောင်မလေး ငါ့သမီးလေးရိုက်လိုက်တာဆိုတော့ မအေကနှုတ်ခမ်းတစ်ခါတည်း အံကြိတ်ပြီးတော့ သူ့ကလေးကိုထိတော့ သူဒေါသဖြစ်သွားတယ်ဗျို့။ အဲ့ဒါအမှတ်ပေ့ါဗျာ။ အမှတ်ကြောင့် သင်္ခါရတွေဖြစ် ကုန်တာနော်။ သင်ညာသင်္ခါရ ဥပါဒါန်ကံတွေဖြစ်ကုန်တာ သံသရာ ဘယ်ကစ အဲ့ဒီခန္ဓာကစတယ်၊ ဘာကြောင့်စသလဲ အာရုံကိုမလွှတ်လို့ဖြစ်တာ ဒါဒီဟာ အင်မတန်နူတဲ့တရား ဘာတရားလဲ စိတ္တာနုပဿနာကိုဟောတာနော်။ သေချာလေး

ပြောသွားမယ်။ သင်္ကိန်းချုတ်ပါဆိုချုတ်ပေးလိုက်မယ်။ ရသွားပြီ ပဏ္ဍိတကနော် ဒါကိုယ့်ဖအေတွေ မအေတွေ ဒါအလုပ်လုပ်မှ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ အဲဘယ်ခုတ်လဲ မနောသတ် မနောသတ်ချင် ကာယဝစီက ငြိမ်တယ်။ အဲ့ဒီကောင်သတ်တာနဲ့ ကာယဝစီငြိမ်တယ်။ အပြင်ကံတွေလုံတယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ဝိပဿနာ ဉာဏ်စခန်းခေါ်တယ်နော်။ ဉာဏ်စခန်းခေါ်တယ်။ သမထနဲ့တိမ်းထိမ်တာကတော့အဲ့ဒီကောင်တွေပေ့ါဗျာ။ ဝိဇ္ဇာအိုတို ဝိဇ္ဇာပေါက်တို အဲအရိယဝိဇ္ဇာတို့ သမထနဲ့တိမ်းထိမ်တာကတော့ မှန်ပါတယ်။ အပြတ်ကိုရှုပါ။ အဲနော် ဒါကြောင့်မလို့ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ် ဝိပဿနာ ဉာဏ်အစစ်ခေါ်တယ်။ ဉာဏ်အစစ် ဉာဏ်သိသက်သက်ပဲနော်။ အဲ့ဒီဉာဏ်ရသွားရင် ခင်ဗျားတိုသိပါလိမ့်မယ်ဗျာ။ အဲ့ဒီဟာ ဆုတောင်းတာအဲ့ဒီဉာဏ်ပါပဲ၊ မဂ်ဉာဏ်ပါပဲ။ အဲ့ဒီတော့ မဂ္ဂင် (၈) ပါးလမ်းဆုံးတော့ ရှာတွေ့တော့ အဲ့ဒါဉာဏ်ခေါ်တယ်။ တကယ်တွေ့ရင်တကယ်ဉာဏ်ရတယ်။ မတွေ့ရင်တော့ မသိဘူးပေ့ါဗျာ။ အဲ့ဒီတော့ အတ္တနဲ့အနတ္တတဲ့ အတ္တဆိုတာက စာဗျ ပဗာလိုစိတ်ကသွားစွဲတာ။ ငါမြင်တယ ငါမြင်တယ်ကွ။ ငါကြားတယ်ကွ။ အယူမှားတယ်။ ငါလို့ယူထားတယ်နော်။ ဒုက္ခသစ္စာကို မသိဘူးနော်။ သူစွဲတော့မယ် ငါမြင်တယ်။ ငါကြားတယ်။ ငါမှတ်တယ်။ ဟောသင့်ညာကမှတ်ပြီး ပညာ မဟုတ်ဘူး။ သင်ညာ သင်ညာ ကိုယ်သိတဲ့အသိ သင်ညာခေါ်တယ်။ အဲ့ဒီတော့ အဲ့ဒီအစွဲဥပါဒါန်ကြောင့် ကံလို့ခေါ်တယ်။ ဘယ်ကံလဲမနောကံ။ ဘယ်လူနဲ့ပေါင်းလဲ။ စက္ခုနဲ့မနောနဲ့ပေါင်းတယ်။ နားသောတနဲ့မနောနဲ့ ပေါင်းတယ်။ နှံသာနဲ့ မနောနဲ့ပေါင်းတယ်။ ဇိဝှါနဲ့မနောနဲ့ပေါင်းတယ်။ ကိုယ်နဲ့မနောနဲ့ပေါင်းတယ်။ စာတော့မတတ်ဘူးနော်။ အဲ့ဒီတော့ မြင် လိုက်တယ်။ ကားလေးဟော့ မင်းအဲ့ဒီကားလေးက (၁၀) သိန်းတန်တယ်။ မင်းငါ့ကိုကွာ (၆) သိန်းပဲ ပေးပါကွာ။ ဟာဝမ်းသာလိုက်တာ။ အဲ့ဒီကားလေးကို သူကဟိုကကားပိုင်ရှင်က (၁၀) သိန်းတန်တဲ့ပစ္စည်းကို (၆) သိန်းနဲ့ ရောင်းတယ်။ ဝယ်မယ့်ကောင်ကလည်း သူ့လက်ထဲမှာ (၁၀) သိန်းလောက်ရှိတယ်။ ဟာသာယာတာ တဏှာ ခေါ်တယ်။ အဲ့ဒီတဏှာကဥပါဒါန်ကံဖြစ်တယ်ဗျို့။ အဲ့ဒီကားလေးကို သွားသာယာတာ အသံမှာလဲသာယာတယ်။ စက္ခု မှာလဲသာယာတယ်။ နားသောတမှာလဲ သာယာတယ်။ ဈေးကလည်း (၁၀) သိန်းက (၆) သိန်းကျတယ်။ မျက်စိကလည်း မြင်လိုက်တော့ ကားလေးကလည်း ရုပကာရလေးလှကလှနဲ့ အောင်မလေး ဝမ်းကိုသာနေတာပဲနော်။ အဲ့ဒါကိုယ့်လည်ပင်းကို ကြိုးကွင်းချည်ထားတာမသိဘူး။ အဲ့ဒါတဏှာပဲ တဏှာကနေ ကံဖြစ်တာ အဲ့ဒါသံသရာလည်တဲ့ တရားပဲ။ သံသရာအခုလည်နေတာ နောက်အနာဂတ်ကိုလည်း သွားလိမ့်မယ် ဘာနဲ့သွားမလဲ။ အနာဂတ်ကို သွားမယ် ဆိုတဲ့လမ်းလေးကစာတော့ မတတ်ဘူး။ စာရေးထားတယ်။ ကိလေသာဝဋ်တဲ့ ကိလေသာဝဋ်တဲ့ ကာမဝဋ်တဲ့ ကိလေသာဝဋ် ကာမဝဋ် ဘဝဝဋ်တဲ့ ဝိပါကဝဋ် ပါသွားသပြီ သူမဝယ်ဘူး။ ဘာကိုမပယ်လဲ။ သူမပယ်တဲ့အကြောင်း လေးက ကာမသဝ ဘဝသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အဝိဇ္ဇာဆိုတာ အာရုံ (၆) ပါး အာရုံအပြင် အာရုံအပြင်အာရုံ (၅) ပါးနဲ့ အတွင်းနဲ့ပေါင်းတယ်နော်။ ပေါင်းလိုက်တယ် ပေါင်းပြီးတော့ ဘာနဲ့ပေါင်းလဲ။ သင်ညာပေါင်းထားတယ်။ ကြည့်စမ်း အမှတ်နဲ့ပေါင်းထားတယ်။ ပညာနဲ့သာပေါင်းရင် ထူးသေးတယ်ဗျို့။ သင်ညာနဲ့ငါသိတယ်။ သင်ညာနဲ့ပေါင်းတယ်။ ငါမြင်တယ်ဆိုတည်းက သွားပြီနော်။ ရုပ် ရုပ် ရုပ် ရုပ် ကိလေသာ ကိလေသာဝဋ် ကိလေသာဒုက္ခ သစ္စာ ကိုမသိဘူး။ ဒုက္ခ သစ္စာကိုမသိတော့ ဒမုဒယသစ္စာအကြောင်းကို သတ်လို့မရတော့ဘူးဗျို့။ မြင်လိုက်တဲ့အကြောင်းကြားလိုက်တဲ့ အကြောင်း နံလိုက်တဲ့အကြောင်း စားလိုက်တဲ့အကြောင်း ထိလိုက်တဲ့အကြောင်းဟော အဲ့ဒါအကြောင်းပဲ အကျိုးတရား ပေါ်ကအကြောင်းတရားတွေဖြစ်နေတယ်။ ကိုယ့်ကိုကိုယ့်စိတ်ကိုစစ်၊ သူများစိတ်သွားမစစ်နဲ့။ သူများအကြောင်း ကိုယ့်

အကြောင်းမလုပ်နဲ့နော်။ အပြင်မှာစင်ကြယ်မှခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ကိုယ့်ထက်လူထက် ကိုယ့်ထက်ကြီးတဲ့လူလည်း ရှိသေးရမယ်။ ကိုယ်ကျင့်တရားထားရမယ်။ ပြဟ္မစိုရ်တရားထားရမယ်။ သံဝေဂရတရားထားရမယ်။ ကိုယ့်ကိုယ်ကို မာန်တွေ မာန်တွေ ရာဇမာန်တွေ ဓမ္မမာန်တွေ ပစ္စည်းမာန်တွေ ဥစ္စာမာန်တွေ ဗလမာန်တွေ ငါမာန်တွေ စာမာန်တွေပယ်လိုက် မစွဲနဲ့။ အစွဲပြောတာမစွဲနဲ့တဲ့။ အဲ့ဒီတော့ ပယ်ရမယ်။ တရားကပယ်ရမှာ ခင်ဗျားလိုချင်တာတော့ နိဗ္ဗာန်ကို မင်္ဂဉာဏ်လိုချင်တာကို ကာမာသဝ ကာမသဝ ကာမသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ၊ ဟော အဲ့ဒီဒိဋ္ဌိသတ်ပြီးတော့ ဒိဋ္ဌိနဲ့ အာရုံ (၆) ပါးနဲ့ မယှဉ်နဲ့ပေါ့ဗျာ။ အဝိဇ္ဇာဆိုတာ အဲ့ဒါ အာရုံ (၆) ပါးပေါ့ဗျာ။ ဒိဋ္ဌာသဝါဆိုတာ ဒိဋ္ဌိဟောတရားထိုင်ပြီး ဟောဒါတရားထိုင်တာပဲ။ ဟောအာရုံ (၅) ပါးပိတ်ပြီး အဲ့ဒီကောင်တွေမြင်ချင်လား မမြင်ချင်ဘူး။ ကြားချင်လား မကြားချင်ဘူး။ မနောကလည်း မသိချင်တော့ဘူး။ ဟောအဲ့ဒီအပြင်အာရုံ (၅) ပါးကို ငါမယူပါတော့ဘူးကွာတဲ့။ သိလည်းမသိချင်တော့ပါဘူးကွာတဲ့။ အဲ့ဒီတော့ တရားထိုင်တော့ ဟောဒီနှာခေါင်းနှစ်ပေါက် ဦးဖင်းရဲ့သဘောလေးပြောမယ်။ ဟောဒီနှတ်ဝင်သွားလိုက် ထွက်သွားလိုက် ဝင်သွားလိုက် ထွက်သွားလိုက် ဝင်သွားလိုက် ထွက်သွားလိုက် အဲ့ဒီလို ဝင်တယ် ထွက်တယ် ဝင်တယ် ထွက်တယ် ဝင်တယ် ထွက်တယ်ဆိုတဲ့ ခင်ဗျားသိချင်ရင် အဲ့ဒါတွေကို သတိလေးထား ဝင်တာကိုလည်းသိတယ်။ ထွက်တာကိုလည်းသတိလေးထား အဲ့ဒီတော့မှ အသိ ခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျားစိတ်ကလေးသိလာလိမ့်မယ်။ စိတ်ကလေးဘယ်နေမှာနေလဲ။ ဒီနေရာမှာနေတယ်။ ဟောဒီအာရုံမှာနေတယ်။ အဲ့ဒီဘဝင်စိတ်ကလေးက ဒီအာရုံမှာနေတယ်။ ဝင်တာသိတယ်။ ထွက်တာသိတယ်။ အဲ့ဒါ အဲ့ဒါအခ်ိစိတ္တခေါ်တယ်။ အဲ့ဒီစိတ်ကလေး စိတ်ကလေးအကြောင်း ပြောတာနော်။ အဲ့ဒီတော့မှ ခင်ဗျားဟာ အဲ့ဒီစိတ်ကလေး ငြိမ်းတော့မှ စာလိုဘာခေါ်လဲ။ သမာဓိလို့ခေါ်တယ်။ ဟာအဲ့ဒါသမာဓိပဲဗျို့။ သဘောလေးပဲပြောတာ။ ဉာဏ်ဘက်ကိုမရောက်သေးဘူး။ အဲ့ဒီဘဝင်စိတ်ကလေးကိုထိန်းထားတယ်။ ဆင်းလိုက် တက်လိုက် ဆင်းလိုက် တက်လိုက် စာမတတ်ဘူးနော်။ သဘောပြောတာ အဲ့ဒီအာရုံလေးကို ခင်ဗျားမှတ်ထား သတိလေးထားအာရုံလေး သတိလေးထားတော့မှ စိတ်အကြောင်းကို သိလာမယ်။ အဲ့ဒီအာရုံကို သတိလေးထား ဩော်ဆိုလဲ မနေနဲ့ သတိလေးထား သတိလေးထားတော့ဩော် မျက်ခြေမပျက် ဒီအာရုံကို သတိအမြဲတမ်းကပ်ထား အဲ့ဒီတော့ သတိလေးကပ်ထား။ အဲ့ဒီသတိလေးကပ်တော့ စိတ်ကလေးငြိမ်လာလိမ့်မယ်။ အဲ့ဒါအခ်ိစိတ္တခေါ်တယ်။ အဲ့အာရုံကလည်း၊ ဝင်တဲ့ထွက်တဲ့ အာရုံကလည်း အာရုံတစ်ခြား အဲ့ဒီဘဝင်က ဘာတွေသွားတွေ့လဲဆိုဟာအိမ်ရောက် လိုက် ဟိုရောက်လိုက်တော့ ရောက်လိုက် တောင်ရောက်လိုက် မြောက်ရောက်လိုက် ပုဂံရောက်လိုက် ဈေးရောက်လိုက်။ လက်ဖက်ရည်ဆိုင်ရောက်လိုက် ဘယ်ရောက်လိုက် ညာရောက်လိုက် အဲ့ဒီလိုစိတ်ကလေးဟာ ပျံ့နှံ့ပြီးလွင့်နေတဲ့အတွက်ကြောင့် ဒါသခ်ီရလို့ခေါ်လိမ့် မယ်လို့ထင်တယ်။ ဦးဖင်းကတော့ စာမှမတတ်တာကိုးနော်။ ဒါကြောင့်မို့လို့ ရုပ်ကုဋေ (၅)ထောင်၊ နာမ်ကုဋေ (၁) သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်။ ကိလေသာကြွေးတင်တယ်။ ကိလေသာရုပ်ကြွေးတင်တယ်။ ဘာကြွေး တွေတင်လဲ။ တဏှာကြွေးတွေတင်နေတယ်။ ရုပ်ကိုမသိလို့ တဏှာကြွေးတွေတင်နေတာ။ အဲ့ဒီတဏှာကြွေးတွေ တင်တော့လည်း ပြန်ပြီးသံသရာနော်။ တဏှာသတ်တဲ့ရဟန်းခေါ်တယ်။ စာမတတ်ပေမယ့် ပြောသွားမယ်။ ခင်ဗျားတို့ တဏှာကို ကစားသွားတယ်။ တဏှာကိုဉာဏ်နဲ့ ကစားသွားတယ်။ မှတ်ထားဦးနော်။ အဲ့ဒီတော့ အဲ့ဒီလိုငြိမ်လာတဲ့ အခါကျတော့ ဘဝင်လေးက သိလို့သာခေါ်သမုတ်တာ ကိုင်ပြလို့မရဘူး။ ထုတ်ပြလို့လည်းမရဘူး။ ဘုရားက ပညတ်ခဲ့တယ်နော်။ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ဘာတွေပညတ်သလဲ ကံသမားတွေကို ပညတ်တာ ကံဘုန်းကြီးတွေကို

ပညတ်တာ အဲ့ဒီလိုပဲပြောတော့မယ်။ ကံဆိုတာက သမုဒ်သစ္စာခေါ်တယ်။ ဟိုမှာတတ်ထားတဲ့ အရိယာတသစ္စာ သူတို့အနားကပ်တာတောင် မသိဘူးနော်။ အနားကပ်နေတဲ့ ပုဂ္ဂိုလ်တွေတောင်မသိဘူး။ အဲ့သလောက် ပဲနော်။ ဒါကြောင့်ဒီဝိပဿနာလုပ်ကြပါ။ သင်္ကန်းချုပ်ပြီးတော့ ခင်ဗျားတို့ ဟောသွားတာ မလိမ်ဘူး။ လိမ်တဲ့တရားမဟုတ်ဘူး။ အရိယာသစ္စာခေါ်တယ်နော်။ သမုဒ်သစ္စာခေါ်တယ်။ အဲ့ဒီအရိယာထသစ္စာခေါ်တာ။ ဘာတွေလုပ်သွားလဲ။ ဝိတတိသစ္စာ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာတွေလား။ ဒါတွေလုပ်သွားခန္ဓာ (၅) ပါးကို ထုံးလိုမွှေ ရေလိုနောက်မှ ရုပ်နာမ်ကိုသိတာ အဲ့ဒီရုပ်နာမ်ဟာ ကိုယ့်ဒုက္ခပေးတဲ့ ကံတရားကြီးပဲ။ အဲ့ဒါကိုအဟုတ်အောက်မေ့ ဟာကြည့်စမ်း ရုပ်ကိုမသိတော့ ဘာဖြစ်လဲဆို သင်္ဂြိုဟ်သင်္ခါရ ဥပါဒါန် နာမ်ခန္ဓာလေးပါး လိမ်ပြီဗျို့။ နာမ်ခိုင်းတာ ခင်ဗျားတို့ရုပ်ခွေး ဖြစ်နေပြီ။ ဟာ နာမ်ကခိုင်းထားတယ်။ အောင်မလေး မြေမရှိ လက်မရှိတဲ့ ကောင်ကခိုင်းတာ ရုပ်ကခွေးဖြစ်တာဘဲဗျို့။ ဟား ဘယ်သူခိုင်းတာလဲ။ နာမ်တဏှာကခိုင်းထားတာ။ မှတ်ထား ရုပ်ခွေးဖြစ်နေပြီ။ ကိုယ့်ကိုယ်ကို ခွေးဖြစ်လို့ ဖြစ်မှန်းလည်း မသိနော်။ ကြည့်စမ်း ရုပ်ကဝေဒနာလို့ခေါ်တယ်။ အဲ့ဒီရုပ်ကြီးက ဝေဒနာ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန် တရားသမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်းမှန်တရား နိရောဓ အဲ့ဒါအကောင်းဆုံးပဲ တန်ဖိုးမဖြတ်နိုင်ဘူးနော်။ အဲ့ဒါသစ္စာ (၄) ပါး အဲ့ဒါရားမှဟောတာ မှတ်ထားဦး ကံကိုဟောသွားတာ ဥပါဒါန်ဟောသွားတာ အခုကံပြတ်လား။ ကိုယ့်စိတ်ကိုစစ် ခင်ဗျားသစ္စာနဲ့သာပြောနော်။ အနုသယစိတ္တနုပဿနာ စိတ်ကနေမာတ်ဖြစ်မှ ကံကိုသိမှာနော်။ အဲ့ဒီတော့စိတ်ဆိုတာ မြင်တာပေါ့။ ငါသိတာစိတ်ပေါ့။ အဲ့ဒီသိတဲ့စိတ်ကလေးက ဘာနဲ့သိသလဲမေး ငါမေးမယ်။ ကျွန်တော်သင်ညာနဲ့သိတာ။ အေးတော်ပြီ ပြန်ပေတော့တဲ့ မင်းနော်အမှတ်နဲ့သိထားတယ်။ အကုသိုလ်ကံ ကုသိုလ်ကံ စိတ်ကုသိုလ် စိတ်သောမနဿ၊ ဒေါမနဿ ဒါကံတရားတွေ အစွဲတရားတွေ ကိုယ့်ကိုကိုယ်စွဲနေတာ အဲ့ဒီတော့ (၃၁) ဘုံ လည်တဲ့တရားတွေနော်။ ခုနကအပါယ်ကိုသွားတာ သတ္တာရဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ အဲ့ဒါစာနော်။ အတ္တဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိတွေပါနေ တယ်။ အဲ့ဒီတော့ခုနက ဝိပဿနာ တရားထိုင်အာရုံငါးပါးပယ် အတွင်းထိတယ်။ သိတယ်။ အနတ္တယူ အတ္တပယ် အဲ့ဒါဒိဋ္ဌိသတ်တာ ဒိဋ္ဌိကအာရုံနဲ့မနောပေါင်းတာ ပေါင်းပြီးတော့မှ သင်္ခါရတွေဖြစ်ကုန်တာ။ သင်ညာသင်္ခါရတွေဖြစ်တာ ဒိဋ္ဌိသတ်မှ တဏှာပြတ်မှာနော်။ အဲ့ဒီဟာ အာရုံနဲ့ပေါင်းထားတယ်။ အဲ့ဒီမနောနဲ့အာရုံပေါင်းတာ အဲ့ဒါဒိဋ္ဌိလို့ခေါ်မယ်။ အဲ့ဒီတော့ သွားစွဲတာ ငါမြင်တယ် ငါကြားတယ် ဆိုတာကငါမြင်တယ်ဆိုတာအတ္တ စွဲတာကသင်ညာလုပ်လို့ စွဲလိုက်တာ အမှတ်ကလုပ်လို့စွဲလိုက်တာ အဲ့အမှတ်ကလုပ်လို့ငါမြင်တယ်ကွဆိုတာ အဲ့ဒါအတ္တမစွဲသေးဘူး။ အဲ့ဒီတော့မြင်တဲ့ အာရုံနဲ့ မြင်သလဲအမှတ်နဲ့မြင်တာစွဲတော့မယ်။ ဟာငါ့မိန်းမလာတယ်ဟေ့။ ကဲသားလေးရေ ဆီးကြိုကြ။ ကံနဲ့က မသိလိုက်ဘူးနော်။ ဒါကြောင့်မလို့ သဗ္ဗေအလုံးစုံသော သင်္ခါရအနစ္စ သဗ္ဗေအလုံးစုံသောသင်္ခါရဒုက္ခ သဗ္ဗေအားလုံး စုံသောသင်္ခါရအနတ္တ တရားထိုင် အပြင်သီလရှိတယ်။ ပညာသီလရှိတယ်။ ပရမက်သီလရှိတယ်။ အတ္တသီလရှိတယ်။ အနတ္တသီလရှိတယ်နော်။ သင်ညာသီလရှိတယ်။ ပညာသီလရှိတယ်။ အဲ့ဒီတော့ ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ကံတရားဆိုတာဘာလဲ။ အဲ့ကံတရားဆိုတာက ခင်ဗျားတို့ရဲ့လှူကြတဲ့ တန်းကြတဲ့ဒါနရဲ့ကုသိုလ်တွေ သီလရဲ့ကုသိုလ် တွေ အာ ဘာဝနာရဲ့ကုသိုလ်တွေ လှူကြတန်းကြပါတယ်။ ဝတ္ထုကလည်းကံ အလှူခံတဲ့ဘုန်းကြီးကလည်းကံ ဟောဝတ္ထု ကာမနှင့် ငါ့မှာမရှိတာက ကိလေသာကာမနှင့်ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာ လည်းမကြိုက်။ ဟောအရိယာထည့်ထားပြီ။ ပိုက်ဆံလေး (၆) သိန်း (၇) သိန်းလာလှူတယ်။ သင်္ကန်းကလည်း (၄) (၅) ခြောက်စုံဟာ ဘုန်းကြီးကပြုံးပြုံးပြုံးပြုံးနဲ့ ဝတ္ထုကာမမြင်နေတယ် အမှတ်နဲ့မြင်နေပြ မနောကသာယာနေပြီ။ တကာမလည်း ပြန်သွားရော။ တစ်ခါတည်း ပိုက်ဆံတွေအကုန်ယူ ကျောင်းမှာ ရှိတဲ့အဖော်တွေသိမှာစိုးလို့

အကုန်သိမ်းတော့တာဘဲ။ စိတ်၊ စိတ်၊ စိတ် လာတော့လည်း တစ်ယောက်တည်း။ ပြန်တော့ လည်းတစ်ယောက်တည်း အဲ့ဒါတွေသာယာတာ တဏှာတွေခေါ်တယ်။ တဏှာတွေခေါ်တယ်။ မှတ်ထားသေချာ ပြောသွားမယ်။ ချွတ်ပါဆိုလို့ချွတ်ပေးလိုက်ပါမယ်။ အဲ့လိုလူ့ဝတ်လဲပေး ပုဆိုးလေးအကျီလေးဝတ် အဘဦးဖင်း တောသရက်ကုန်းမှာနေတယ်။ သီးကွင်းသရက်ကုန်းအိမ်မဲနားမှာ လူနာမည်ကမြမောင်၊ ရဟန်းနာမည်ကပဏ္ဍိတ ဝါဘယ်နှစ်ဝါမှမရှိဘူး။ သုံးလေးဝါပဲရှိတယ်။ ဟမ် အဲ့သုံးလေးဝါပဲရှိတယ်။ ဘာမှလဲဘုန်းကြီးတွေကိုရင်လေး ထိုင်ရှိခိုးလဲ ငါ်ခိုးမှာပဲ၊ ဒါကာမတွေနဲ့ထမင်းစားတယ်။ ဟုတ်တယ်တဲ့စားတယ်။ သူအကုန်ပြောသွားပြီလေ။ ဉာဏ်ကိုဗျ။ အဲ့ဒီဉာဏ်က သူပဲသိတယ။ သူပဲသိတယ်။ အဲ့ဒီလို ဝိပဿနာစာမတတ် ပေမတတ် ရဟန်းပဏ္ဍိတဆိုတာ အဲ့ဒါပဲဗျို့။ မှတ်ထား အဲ့ဒီတော့ သူ့ဘာနဲ့ သာသနာပြုလဲ။ လက်ဖက်ခြောက်ကဆေးဖြစ်တယ်။ ရေကဆေးဖြစ်တယ်။ မြွေဟောက်ကိုက်လာ တယ်။ လာခဲ့ တောင်ပိုင် ကွင်းပိုင်၊ ယက္ခ၊ ဂုဏ်မာန်၊ ဂန္ဓပတွေပြုစားထားတယ်။ လာခဲ့ပျောက်တဲ့သူပျောက်တယ်။ သေတဲ့သူသေတယ်။ ပျောက်တယ်လို့မပြောဘူး။ ဒါလုပ်ရင်ပျောက်တယ်။ သူ့သီလအလွန်စင်ကြယ်တဲ့ သီလကိုးဗျ။ အာရုံဖြတ်တဲ့သီလတွေခေါ်တယ်။ သူ့သီလကဘယ်လောက်ကောင်းလဲ။ အဲ့ဒီတော့မှ နတ်တွေ သိကြားတွေ ဗြဟ္မာတွေ ဘုံ၊ မိကသိုက်တွေကမနေနိုင်ဘူး။ အဲ့ဒါဦးဖင်းကို ဘယ်လိုပြောလဲဆိုတော့ အဲ့ဒီဦးဖင်းကလမိုင်းတွေနဲ့ပေါင်းပြီတော့ ကုစားတယ်တဲ့။ မင်းလမိုင်းလို့ထင်လည်းငါခံပါတယ်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း၊ လမိုင်း(၃) မျိုး မင်းသိသလား တဲ့အဲ့လိုမေးတော့လည်း မသိဘူး။ အေး အေး ကောင်းပါတယ်။ လမိုင်းဆိုတာ အစွဲပြောတာ၊ သဘောပေါ့ဗျာ။ ဦးဖင်းကတော့ ဒီသီလအကြောင်းတွေ သီလ သီလပြည့်စုံဦးဆောက်တည်ကြ၊ သီလပြည့်စုံလျှင် အခုလည်း ချမ်းသာမယ်။ နောင်လည်းချမ်းသာမယ်တဲ့။ ဒါဆရာတော် ဝေဘုယျပြောတာ ဒီသီလတွေကို သီလတွေဆိုတာ အခုနက ဝိနည်း (၂၂၇) သွယ်ယူတဲ့သီလနဲ့ (၈) ပါးသီလနဲ့ကတော့ မတူဘူးဗျို့။ လူတော့လူပဲ လူပဲယူတဲ့အသိ မတူဘူး။ အသိလေးပြောတော့ သူတော်တော်ထိန်းထားတယ်။ အဲ့ဒီဆရာတော်ကြီးက တော်တော် ထိန်းထားတယ်။ အဲ့ခင်ဗျား (၈) ပါးသီလကလည်း (၈) ပါး အလိုအလျောက် ထိန်းထားတဲ့သီလ၊ အဲ့လိုသီလတွေနဲ့ ထိန်းတာနဲ့ အာရုံကိုထိန်းတဲ့သီလနဲ့ မတူဘူးဗျို့။ အဲ့ဒါကတော့ ဝိပဿနာအလုပ်လုပ်မှ သိမယ်။ သိမှပယ်မယ်။ ပယ်ရင်တော့ ခင်ဗျားမင်္ဂဖိုလ်ပေါ့ဗျာ။ မကောင်းတာပယ်တာပေါ့။ အဲ့ဒီတော့ ကံပယ်တာ တဏှာပယ်တာ အဲ့တာတွေ လွတ်ပြီးမှ ဒီဘဝနောက်ဆုံး ခင်ဗျားတို့ဦးဖင်းတို့ ခင်ဗျားတို့ဦးဖင်းတို့က ဟောဒီဘဝမှာ အာဂန္တုဧည့်သည်တွေ ခင်ဗျားတို့ ပြန်ရဦးမယ်နော်။ အဲ့တာလေးကို သံဝေဂလေးကိုကြည့် အတိတ်ကိုပြန်ကြည့် အနာဂတ်ကိုလည်း ငါပြန်မယ့်လမ်းကို ကြည့်ပေတော့ ဟောဒီပစ္စုပ္ပန်ဘဝနော်။ ဉာဏ်နဲ့ကြည့် အဲ့ဒါကိုယ့်လမ်းကိုသာ လျှောက်ပေတော့ အခုခင်ဗျားတို့ စွဲနေကြတဲ့ ဥပါဒါန်ကံတွေ အဲ ဗျာပါဒတွေ အဘိဇ္ဈာတွေ ဒိဋ္ဌိကဒိဋ္ဌိမသတ်တော့ အဲ့ဒါတွေဖြစ်နေတယ်။ အဲ့ဒီတော့ နှလုံးသားမှာတစ်ခါတည်း ပူလိုက်တာ။ သမီးလေးဥပမာ ကျောင်းတက်သွားတယ်။ အဲ့ကျောင်းဆင်းလာတော့ သမီးလေး မပါဘူး။ ဘယ်ဆီရောက်လို့ဘယ်တိုးမှန်းမသိ။ ဖအေနဲ့မအေကပူတာပဲဗျို့။ အဲ့ဒါဘာလဲ စွဲတာ တဏှာဥပါဒါန် ကံတွေအဲ့ဒီလိုမစွဲတဲ့ ဥပါဒါန်တဏှာဥပါဒါန်ကံတွေကို ဘယ်သူကသတ်လဲ။ မဂ်ဉာဏ်သတ်မှရမယ်။ ဘယ်လိုသီလနဲ့ မှသတ်လို့မရဘူး။ မဂ်ဉာဏ် ရရင်အေးပြီ အေးပြီ အခုလည်းအေးရင် နောက်လည်းအေးမှာပဲ။ အခုပူရင် နောက်လည်းပူမှာပဲ။ အဲ့ဒါတွေခင်ဗျားတို့ပေါ်မှာတာဝန်ရှိတယ်။ ခင်ဗျားတို့အာဂန္တု ဧည့်သည်တွေ ဦးပဏ္ဍိတ အာဂန္တုဧည့်သည်ပြန်ရဦးမယ်နော်။ မရဏသေမင်းက ကံကုန်ရင်ခေါ်လိမ့်မယ်။ မရဏသေမင်းမဦးခင် ဉာဏ်နဲ့သွား ဂမ္ဘီရဉာဏ် ဇာဝနဉာဏ် စက္ခုဥဒပါဒိ၊ အာဏောတောဥဒပါဒိ၊ ဉာဏ်ဥဒပါဒိ ဉာဏ်ဆိုတာ မစွဲတာစွဲရင်ကံ မစွဲရင်ဉာဏ်

အဲ့ဒါမဂ္ဂင် (၈) ပါးနဲ့စစ် အဲ့ဒီတော့ ခင်ဗျားတို့ရဲ့ ဒါနရဲ့ကုသိုလ်တွေ သီလရဲ့ ကုသိုလ်တွေ သီလတွေစေတနာပေါ့ဗျာ။ နလုံးသားရဲ့ စေတနာဟာ အယုတ်အလတ်မရွေးဘူး။ အဲ့လူရဲ့စေတနာတွေဟာ စွန့်ကြဲနေတယ်။ လူမျိုးမရွေး ဘာသာမရွေးသူပေးနေတယ်။ အဲ့ဒါစေတနာ စားပါကွာ သောက်ပါကွာ။ စားပါကွာ သောက်ပါကွာစားပါကွာ သောက်ပါကွာ သူပေးနေကုန်ပြီ ဘယ်လောက်ကောင်းတဲ့စေတနာလဲ အဲ့ဒီစေတနာက (၃၁) ဘုံလွတ်တဲ့စေတနာ ဝိသုဒ္ဓိစေတနာခေါ်တယ်။ ဝိရုဒ္ဓိမဟုတ်ဘူး။ ဝိသုဒ္ဓိစေတနာစိတ်ကိုပြောသွားတာ အဲ့ဒီစေတနာ မှန်မှ လှူတဲ့ပစ္စည်းလေးက ညောင်စေ့လောက်ဖြစ်ပေမယ့် စေတနာရှိ လို့လှူတာပေါ့ဗျာ။ မဟုတ်ရင် ဦးပဏ္ဍိတ ဘယ်လှူမလဲဗျ စေတနာကို လှူလိုက်တာ အဲ့ဒီဝတ္ထုကို အဲ့ဒါခင်ဗျားတို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။ ဦးဇင်းဟောဒီကနေပြီးတော့ အလှူခံမယ်။ ရတဲ့ပိုက်ဆံကို ဟောဒီအကုန်ပေးပစ်ခဲ့မယ်။ ခင်ဗျားတို့ လှူဖို့တော့ အဆင်သင့်ထုတ်သာထားပေတော့။ အဲ့တရားပွဲလည်းပြီး ပြီဗျို့။ (သာဓု . . . သာဓု . . . သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခေါ်တ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃.၁၀.၁၉၉၁)ရက်နေ့

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၈၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၃.၁ဝ.၁၉၉၁)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၌ ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်(၈၃)

သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်။ သင်္ခါရ ထည့်ထားတယ်။ သင်္ခါရကို မြင်အောင်ကြည့်။ အဲဒီလို ဝိပဿနာမြင်အောင်ကြည့်။ မြင်တဲ့အာရုံ၊ ကြားတဲ့အာရုံ၊ နံတဲ့အာရုံပေါ့ဗျာ။ အဲဒါလေးတွေကိုကြည့်။ ဦးပဥ္စင်းပြောပါ့မယ်။ ဦးပဥ္စင်း က စာ မတတ်ဘူး။ ခေတ်ပျက်တော့ ရွာတွေမီးလောင်။ အဲဒီတော့ နီးရာဌာန မြောင်းမြကိုလာပါတယ်ဗျာ။ အဲဒီလာတဲ့အရွယ်က (၁၃)နှစ်သားအရွယ်လောက်ရှိပါတယ်ဗျာ။ စာကမတတ်ဘူးဗျာ။ စာမတတ်တော့ အမိအဖကို အလုပ်အကျွေးပြုပါတယ်ဗျာနော်။ အမိအဖဆိုတာ ကိုယ့်ရဲ့အဖေ၊ ကိုယ့်ရဲ့အမေကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မသင်္ကပ္ပ လုပ်ကျွေးသော်လည်း သူ့မှာ ခုနက လောဘရဲ့စိတ်၊ ဒေါသရဲ့စိတ်၊ မောဟရဲ့စိတ်၊ အဲဒီဟာကြီး ရမွတ်တတ်လို့ပေါ့ဗျာ။ ခုနက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝရဲ့လမ်းကြောင်းကို မရောက်တော့ပါဘူးဗျာ။ သူကမှားတာကိုဗျ။ ကိုယ်ကမှားတာကိုဗျ။ အဲဒါ ဒေါသစိတ်၊ မောဟစိတ်၊ လောဘစိတ်။ အဲလိုပဲ မြောင်းမြရောက်လာတဲ့အခါကျတော့ အဲဒီလိုပဲ မကောင်းတာတွေလုပ်လာတယ်။ စိတ်ပါပဲဗျာ။ အဲ မြင်လိုက်တဲ့အာရုံတွေပေါ့ဗျာ။ အာရုံကို အာရုံအတိုင်းထားရင်တော့ ကိစ္စမရှိပါဘူးဗျာ။ အဲဒီအာရုံ သဘာဝရဲ့အာရုံကို သဘာဝမျက်စိနဲ့ မြင်လိုက်တဲ့အာရုံ၊ အာရုံပေါ်မှာ စွဲလန်းရင်၊ အဲဒါကိုသွားစွဲရင် သညာကြောင့် ဥပါဒါန်ဖြစ်ပါတယ်ဗျာ။ ဥပါဒါန်ဖြစ်တာနဲ့ ကံဖြစ်ပါတယ်ဗျာ။ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ အဲဒါပါပဲဗျာ။ အဲဒါ ကိုယ်ကလာတာကလည်း ဘာနဲ့လာသလဲ။ အတိတ်က။ အဲဒီတော့ မနုဿတဘာဝေါဒုလ္လဘော။ ကိုယ့်စိတ်ကိုယ်စစ်ပေတော့။ ကိုယ့်စိတ်ကိုယ်စစ်။ မနုဿတဘာဝေါဒုလ္လဘော။ လူ့ဘဝကို ခဲယဉ်းစွာရပြီ။ အဲဘာနဲ့ရတာလဲဆိုတော့ ကံနဲ့ရတာပဲဗျို့ အဲဒါကံပဲ။ အဲဒါကြောင့်မလို့ ဆိုထားပါတယ်။ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ အဲဒါကံပဲ။ ကိုယ်ကနေပြီးတော့ တစ်ခါအကြောင်းမသတ်တတ်ဘူးတဲ့။ ဘာလို့အကြောင်းမသတ်တတ်လည်း အကျိုးပေါ်ကနေပြီးတော့ အကြောင်းတရားတွေ။ မြင်လိုက်တာအကြောင်း၊ ကြားလိုက်တာအကြောင်း၊ ဥပမာလေးပေါ့ဗျာ- အဲ ဦးပဥ္စင်းကတော့ ဟိုတုန်းကတော့ ဦးမြမောင်ပေါ့ဗျာ။ ဦးမြမောင် ကို ဆဲလိုက်တယ်။ ဆဲလိုက်တဲ့အသံပေါ့ဗျာ။ အသံရဲ့အာရုံ အဲဒီအာရုံကို ကိုယ်ကသွားစွဲတာ။ စွဲလိုက်တော့ ကိုယ့်မှာဘာဖြစ်လဲ။ အသံရဲ့အာရုံက ငါ့ကိုဆဲပါလားဆိုတော့ အဲဒီအာရုံကို ကိုယ်ကစွဲတော့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒန်ကြောင့် ဘဝတဲ့။ အာရုံကိုစွဲတာ။ အဲဒါဘာလို့စွဲလည်း သညာကြောင့်။ အဲဒီသညာက သံသရာကို

မှောက်မှားအောင်လုပ်ပါတယ်တဲ့။ ကောင်းတဲ့သညာ၊ မကောင်းတဲ့သညာ။ အဲဒါ ကံပေါ်ကနေပြီတော့ လို/မလိုဆိုတာ။ ကောင်းလိုက်တာဆိုတာ ဘုရားတွေရှိခိုးလိုက်တော့။ ဘုရားတွေကို ရှိခိုးတဲ့။ အဲဒီ အာရုံ ကိုယ်ကသွားစွဲကာတဲ့။ ဘုရားကြီးရဲ့အာရုံကို သွားစွဲကာ။ စွဲတော့ အဲဒါဘာလဲ။ ကောင်းမှု ကုသိုလ်ဉပါဒါန်လို့ခေါ်တယ်။ အဲဒါ ကောင်းတဲ့ကံပါပဲတဲ့။ ဒါပေမယ့် ပယ်ဖို့ပြောတာမဟုတ်ဘူး။ သဘောကိုပြောသွားတာ။ အဲဒီမကောင်းတဲ့အာရုံကို ကိုယ်ကနေပြီးတော့ တွေးနေတာပဲတဲ့။ အဲဒီ လောင်စာတုံးကြီးက ထလောင်ပြီပေါ့ဗျာ။ အာရုံ(၆)ပါးပေါ့ဗျာ။ အဲဒီတော့ အတိတ်ကလာတာလည်း ကံပဲ။ ပစ္စုပ္ပန် ရောက်ပြန်တော့လည်း ကိုယ်ကလုပ်နေတယ်။ ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှု ကုသိုလ်ကံ ဒါပါပဲဗျာ။ ဒါကြောင့်မို့ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတဲ့။ သာသနာ(၃)ရပ်ရှိတယ်။ သာသနာ(၃)ရပ်ရှိတဲ့အခါမှာ ပဋိယတ္တိက မှန်တာပြောရရင် သီလပဲတဲ့။ သီလကိုတော့ ဖြစ်နိုင်ပါတယ်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ပဋိပတ္တိကို ကူးလိုက်ပါတဲ့။ ကူးလိုက်တော့ သမာဓိဖြစ်လာပါတယ်။ စိတ်ကို အလွန်စင်ကြယ်အောင်ထိန်းကြောင်းပြီးတော့ အလွန်ကောင်းတဲ့ သမာဓိကြီးတဲ့။ အဲဒီ သမာဓိကြီးကနေပြီးနော့ အထွဋ်အထိပ်ရောက်သွားရင် ပညာပဲတဲ့။ အဲဒီတော့ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ။ အဲဒီသဘောပါပဲ။ အေး ဒီအတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ဒီဘုံက အင်မတန်ထူးမြတ်တဲ့ ဘုံ။ ဘာနဲ့မှမတူဘူး။ ဒီဘုံကနေပြီးတော့ ဩော် အေး အေး အေး ဘုန်းကြီးက စာမှမတတ်တာကို ဗျာ။ ဒီဥ္စကို မြင်အောင်ကြည့်၊ ဒီဥ္စကို မြင်ရင် တဏှာပြုတ်သွားလိမ့်မယ်။ တဏှာလျော့ပါးသွားလိမ့် မယ်နော်။ ဦးပဥ္စင်းက စာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ကြပါ။ ဦးပဏ္ဍိတ က အင်မတန်မှ ဆိုးတယ်။ ပုလိပ်လည်း လုပ်ပါတယ်။ ပုလိပ်ကို အပြစ်မပြောပါဘူး။ အပေါင်းအသင်းတွေ အပြစ် မပြောပါဘူး။ ဦးမြမောင်ကြီးက စိတ်ပါလိုက်တာ။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ထိုတွေ ပေါက်တော့ ခြေဖျားမြေမကျတော့ဘူး။ အဲဒါမာန်ပေါ့ဗျာ။ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်ပေါ့ဗျာ။ ဘယ်သူ့လူထင်ရမလဲ။ အဲဒါလည်း စိတ်ပဲ။ အဲဒီစိတ်က ဘယ်ကဖြစ်လဲ။ အကျိုးပေါ်က အကြောင်း တွေဖြစ်နေတယ်။ အဲဒီအကြောင်းတရားကို သတ်လိုက်ပါ။ အဲဒီအကြောင်းတရားက အင်မတန်မှ ကြောက်ဖို့ကောင်းတယ်နော်။ အေး ဦးမြမောင် က မသိဘူး။ သူများပစ္စည်းကို ခိုးချင်တဲ့စိတ်၊ သူများ ဟာတွေကို မတော်လောဘလုပ်ချင်တဲ့စိတ်၊ သူများဟာတွေကို လိမ်လည်လှည့်ဖြားပြီးတော့ လိမ်တဲ့ စိတ်။ အဲဒါ မုသာဝါဒါ ဘယ်ကောင်းတော့မလဲဗျာ။ သီလမှ မရှိတော့တာနော်။ အေး သီလဆိုတာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ၊ ကာယကံတွေ၊ ဝစီကံတွေ သူ့မှာ အင်မတန်သောင်းကြမ်း နေတဲ့ လူတစ်ယောက်ပါပဲ။ အဲဒီတော့ ဩော် သူကနေပြီးတော့ အပါးလည်တာကိုဗျာ။ အပါးလည်

တော့ အပါယ်ဆိုက်တော့မှာပေ့ါ။ သူမှမသိတာကို။ စာကလည်းမတတ်ဘူး။ အဲဒီတော့ ပုလိပ်ထဲမှာလည်း လုပ်တာ၊ ပုလိပ်ကိုလည်း အပြစ်မပြောပါဘူး။ အင်မတန် ဒီအဖွဲ့ကောင်းပါတယ်။ ကိုယ်ညံ့ဖျင်းတာ။ အဲဒီတော့ မင်းမြောက်တန်ဆာ(၅)ပါးလည်း ဆင်တယ်ဆိုပဲ။ တောသားရဲ့ ဆွဲထုတ်တဲ့နော်။ ရာဇမာန်၊ ခနမာန်၊ ပစ္စည်းမာန် ဘယ်သူ့လူထင်ရမလဲ။ မဟုတ်က မဟတ်ကတွေလုပ်ချင်တယ်ဗျို့။ အဲဒါလည်း စိတ်ပဲ။ မြင်လိုက်တာ မြင်လိုက်တဲ့အာရုံ။ ဥပမာ ဒကာမလေးကို မြင်လိုက်တယ်။ မြင်လိုက်တဲ့အာရုံ အဲဒီအာရုံကို သွားစွဲတာပဲ။ စွဲတာနော်။ ကိုယ်သိတဲ့ သညာ၊ ပညာမှမရသေးတော့ အေး အဲဒါလေ သီလမရှိတော့ဘူးဗျ။ အေး အဲဒါနဲ့ဘဲ သူဒီလိုပဲ လောဘရဲ့စိတ်၊ ဒေါသရဲ့စိတ်၊ မောဟရဲ့စိတ် တစ်နေ့တစ်နေ့ အိပ်တုန်းလေးပဲ။ နိုးတာနဲ့တပြိုင်နက် မကောင်းတာပဲ ကြံစည်တော့တယ်နော်။ အဲဒါစိတ်ပဲ။ အဲဒီတော့ သီလ သီလ သီလကုသိုလ်ဖြစ်အောင် ဆောက်တည်ကြ။ သီလပြည့်စုံလျှင် အခုလည်း ချမ်းသာမယ်။ သံသရာမှာလည်း ချမ်းသာနေမယ်။ စာကတော့ မတတ်ဘူး။ သီလအလုပ်သည်၊ ငါလည်း အိပ်လိုက်တော့ မနက်မိုးလင်းတော့ ငါဘာတွေအိပ်မက်မက်မှန်းမသိဘူး။ တစ်ဖက်ကမ်းမှာ ဒရဝမ်လုပ်ပါတယ်။ ဒရဝမ်လုပ်တဲ့အခါကျတော့ ခြောက် မနက်မိုးလင်းလာပြီ။ ငါဘာမှလည်း စားစရာမရှိ၊ သောက်စရာမရှိ တွေးတာပေ့ါဗျာ။ အဲတွေးတဲ့ အာရုံစိတ်ခေါ်တယ်။ အယူမှားလို့ အတွေးမှားကုန်ပြီနော်။ အဲဒါလေးတွေ သိပ်အရေးကြီးပါတယ်။ အဲဒါ သူ သီလလုပ်တော့မှာကို သူစိတ်ပျက်လာတယ်။ အဲဒီတော့ မကောင်းတာတွေ ဘယ်တော့မှမလုပ်တော့ဘူး။ ငါမလိမ်တော့ဘူး။ မညာတော့ဘူး။ ဖဲလည်း မရိုက်တော့ဘူး။ မဟုတ်တာတွေ မလုပ်တော့ပါဘူးဆိုပြီးတော့ အဲအိပ်မက်တွေ မက်။ အဲဒီတော့ အထင်ဉာဏ်၊ အတွေးအမြင်ဉာဏ်တွေကိုမြင် မြင်ရတော့ ကြောက်သွားတယ်။ ကြောက်သွားတဲ့အခါကျတော့ အဲဒီမိုးလေဝသကနေပြီးတော့ မြို့မာလာ(၂)လမ်းကိုသွားတဲ့အခါကျတော့ သူရဲ့မိန်းမကိုမေးပါတယ်။ ညက ဒါတွေ ဒါတွေ ဒီလိုမြင်တယ်။ ငါဘယ်လိုနေရရင် ကောင်းမလဲ။ ဘယ်လိုထိုင်ရရင် ကောင်းမလဲ။ ဦးမြမောင် တဲ့ ရှင်နဲ့ကျွန်မနဲ့ စညားကတည်းက ရှင့်အသက်(၂၄)နှစ်ကနေ စညားတာ။ ရှင့်အသက်(၅၄)နှစ်ရှိပြီ ကျွန်မသိသလောက်ဆိုရင် ရှင်ဟာ ဘာဥပုသ်၊ ဘာသီလမှလည်း မရှိဘူး။ ရှင်ဟာ တစ်နေ့တစ်နေ့ လောဘ၊ ဒေါသ၊ မောဟ။ ရှင်ဟာ လုမယ်၊ ရိုက်မယ်၊ အဲဖဲလိမ်ချမယ်။ ဒီလိုလူစားကြီးပါ။ အဲဒီတော့ ရှင့်ကိုတော့ ကျွန်မကတော့ ကြောက်လို့။ ရှင်က အိမ်မှာအိမ်ထောင်ဦးစီး။ ကျွန်မက ရှင့်ကိုခံပြီးတော့ မပြောရဲတော့ ရှင်လုပ်သမျှကို ကျွန်မကတော့ ခေါင်းငုံ့ခံနေရပါတယ်တဲ့။ အေး အေး အေး အဲဒါနဲ့ သူရဲ့ဇနီးကို တိုင်ပင်ပြီးတော့ ထမင်းလေးတစ်လုတ်နှစ်လုတ်စားပြီးတော့ မိုးလေဝသပြန်ပါတယ်ဗျာ။ မိုးလေဝသပြန်တဲ့အခါကျတော့ စာက မတတ်ဘူး

ဗျ။ အဲ ဝိပဿနာကတော့ ကြားတော့ ကြားဖူးတယ်။ တစ်ခါမှတော့ မလုပ်ဖူးဘူးဗျ။ ဒီတစ်ခါတော့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ ရမ္မက်သတ်တဲ့ ဦးမြမောင် က စိတ်ထိုင်းမှိုင်းတော့တာပဲဗျို့။ ငါဘယ်လိုလုပ်ရကောင်းမလဲ။ ဘယ်လိုနေရကောင်းမလဲ။ သူတစ်မျိုးဖြစ်နေပြီနော်။ တစ်မျိုးဖြစ်နေတော့ ငါတော့ အေး သမ္မာန်တွေကလည်း ဂျိုဂျစ်၊ ဂျိုဂျစ်၊ သဘော်တွေကလည်း ဝုန်းဒိုင်း ဝုန်းဒိုင်း။ သြော် အခုကြားပါလား။ တော်ကြာ မကြားပါလား။ တော်ကြာ လူသံကြားပါလား။ တော်ကြာ မကြားပါလား။ ဒါတွေဟာ မမြဲပါလား။ အနိစ္စ မမြဲပါလား။ ဒုက္ခ ဆင်းရဲပါလား။ အနတ္တ အစိုးမရပါလား။ သူဝေဖန်နေတယ်။ ဝိပဿနာတော့ မလုပ်တတ်သေးဘူး။ အဲဒီလိုဝေဖန်နေတယ်။ တစ်ရက်ကနေ နှစ်ရက်ဝေဖန်။ အဲ သူတစ်ခါတည်းကုတ်သွားပြီ။ ကုတ်သွားတဲ့အခါကျတော့ သူငယ်ချင်းတစ်ယောက်ကလာတယ်။ ကျော်အေး တဲ့။ ဖဲအတူတူရိုက်တဲ့မိတ်ဆွေတစ်ယောက်ပါပဲ။ ဒါပေမယ့် သူ့ကိုတော့ ဖဲသမားမပြောပါဘူး။ ဦးပဥ္စင်းအဖြစ် ဦးပဥ္စင်းအဖြစ်။ သူငယ်ချင်းရယ် ငါတော့ကွယ် ဖဲရိုက်ချင်တဲ့စိတ်တွေ မရှိတော့ပါဘူးကွာ။ ငါဘယ်လိုဖြစ်မှန်းလည်း မသိတော့ပါဘူးကွာ။ ငါဘယ်လိုနေရကောင်းမလဲ။ ငါ့အကူအညီပေးစမ်းပါကွာလို့ သူ့ကိုပြောတဲ့အခါကျတော့ ဦးမြမောင် တဲ့ ကျွန်တော်တို့ ရွှေလောင်းမှာ ဆရာတော်တစ်ပါး ဆရာတော်နာမည်ကတော့ သဲအင်း။ အမြဲလင်း ဖွဲတင်း သဲအင်း ဝိပဿနာတရားတွေ၊ ကမ္မဋ္ဌာန်းတွေပြတယ်ဗျ။ အဲဒါ ကျွန်တော် တာပေါ်ကနေကြည့်တယ်။ ဆရာတော်က တရားတွေပြတယ်။ ဒကာ၊ ဒကာမတွေက တရားအားထုတ်ကြတယ်ဗျ။ ဦးမြမောင် ဒီလိုလုပ်ပါလား။ အေး အေး လုပ်တယ်။ လုပ်တဲ့အခါကျတော့ ကျော်အေး လည်း သွားရော။ လက်ကလေးပိုက်ပြီးတော့ နှာခေါင်းနှစ်ဖက်က ထွက်သွားတယ်။ ဝင်သွားတယ်။ သူက တရားကျင့်တာတောင် ရေသာခိုတယ်နော်။ လွယ်လင့်တကူနဲ့ ကျင့်တဲ့အခါကျတော့ ဟိုနောက်နောင်တုန်းက လုပ်လာတဲ့ အာရုံ ဒီမှာလာပေါ်တာပဲဗျို့။ ဟာ ဒီတရားတွေ ဘယ်လိုလည်းဗျ။ အူလည်ချာပေါက်တွေပါလား။ ငါ ဒါတွေ ထိုင်တွေးနေတာပါလားဆိုပြီးတော့ ကျော်အေး ရယ် ငါထိုင်တွေးနေတာပါလား။ ငါတရားကတော့ သဘောလည်းမပေါက်ဘူး။ ဟာ ဦးမြမောင် ဒီလိုမတွေးနဲ့။ ဒီလိုတွေးရင် ခင်ဗျားတရားမဟုတ်သေးဘူး။ ရှုပေး နင်းကန်ရှုရတယ်။ ရှုရင် ခင်ဗျားမတွေးနိုင်ဘူးတဲ့။ သူပြောတာနဲ့ ရှုရော၊ ရှုတော့ တွေးစိတ်မဝင်တော့ဘူး။ ရှုတဲ့အာရုံပဲဖြစ်တယ်။ ကိုယ့်စိတ်ကိုယ်စစ်တော့ တရားတက်တော့မှာကိုဗျ။ အဲ ရှုပြီးတဲ့ ဦးမြမောင် ရှုလိုက်တဲ့အခါကျတော့ တယ်ဟုတ်ပါလား။ ငါ ဒါတွေ မတွေးတော့ပါလား။ မတွေးနိုင်တဲ့ သဘောတရားဖြစ်နေပါလား။ ရှုတဲ့အာရုံဖြစ်နေပါလား။ အဲဒါ သမာဓိထူထောင်နေပြီနော်။ သီလကို ရအောင်ထူထောင်နေပြီ။ အဲဒီတော့ အဝိဇ္ဇာကြောင့် သခ်ီရ၊

သခ်ီရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ အတွင်းအာရုံများ၊ တွေးစိတ် နိဝရဏတွေ ဝင်နေပြီတဲ့။ အပြင်အာရုံမှာ မစင်ကြယ်ရင် ခန္ဓာမှာလည်း မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူးတဲ့။ အပြင်အာရုံတွေကို ကိုယ်ကနေပြီးတော့ တွယ်တာ တယ်။ တွယ်တာတဲ့အခါတွေ တွေးတယ်တဲ့။ တွေးရင် အဲဒီဉာဏ်လည်း မစင်ကြယ်ဘူးတဲ့။ အခု အတွင်းအာရုံတွေက အခုမှပေါ်ကုန်ပြီတဲ့။ အဲဒီတော့ ငါတော့စာမတတ်ဘူး။ ငါ ဒီနေ့မှစ၍ အာရုံကို ထိန်းတော့မယ်။ ဘယ်အာရုံနောက်မှ ငါမလိုက်တော့ဘူး။ အဲဒီတော့ ဝိစိကိစ္ဆတွေ ငါ ရေလည်း မထမ်းတော့ဘူး။ သူများအိမ်မှာလည်း အကျိုးအကြောင်းကို မပြောတော့ဘူး။ ငါ ဒီအာရုံ ဈေးတွေ၊ ရုပ်ရှင်တွေ မသွားတော့ဘူး။ တရားထိုင်ပြီး ပဋိယတ္တိက အနေခံ၊ ပဋိပတ္တိဇောက်၊ ပဋိယတ္တိက တွင်း တူးတယ်။ ပဋိပတ္တိက တွင်းအောင်းပြီတဲ့။ စာတော့မတတ်ဘူး။ တွင်းအောင်းပြီတဲ့။ အဲဒီတော့ အာရုံ လည်းသိမ်းလိုက်ပြီ။ အာရုံတွေသိမ်းလည်း ဝိစိကိစ္ဆတွေသိမ်းတယ်။ အပြင်အာရုံကိုပဲ ပဋိပတ္တိနဲ့ သိမ်းထားပြီ။ ဆင်ခြင်လိုက်ပြီ။ ဘယ်မှမသွားတော့ဘူးဆိုပြီးတော့ အဲဒီအာရုံတွေကို သိမ်းလိုက်တယ်။ သိမ်းလိုက်တဲ့အခါမှာ တစ်နေ့တစ်နေ့ တရားတွေကို ထိုင်တယ်။ ရှုတယ်။ မရလည်း စိတ်မပျက်ဘူး။ ရလည်း စိတ်မပျက်ဘူး။ ဩော် ငါကောင်းတာလုပ်ရင် ကောင်းတာရောက်မှာပဲ။ အဲဒါပဲ။ စာမှမတတ် တာကို အဲဒီလိုကျင့်လိုက်တဲ့အခါကျတော့ ဩော် ရက်ပေါင်းတွေများလာတဲ့အခါ (၄)(၅)(၇)လ ဖြစ်လာတယ်။ အဲဒီတော့ ရှုပါတယ်။ သူများတွေနဲ့လည်း စကားမပြောဘူးတဲ့။ တစ်ယောက်တည်း နေတယ်။ လူများလာရင် သူအတွေ့မခံဘူး။ ခင်ဗျားတို့ တရားပုဂ္ဂိုလ်တွေ ဦးဇင်း အခြေခံလေးနဲ့ ပြောပ့ါမယ်။ ကိုယ့်စိတ်ကိုယ်စစ်၊ အတွေ့မခံဘူးတဲ့။ တစ်ယောက်တည်း နေတာပဲ။ တရားပဲ ဖိကျင့် တာပဲ။ ကောင်းတာလုပ်ရင် ကောင်းတာရောက်မှာပဲဆိုပြီးတော့ သူကျင့်လိုက်တာနော်။ မရှုပဲနဲ့ သူလက်ကလေးပိုက်ပြီးတော့ သူအာရုံကို သုံးသပ်ပါတယ်။ အဲဒီတော့ ထိတာကရုပ်၊ သိတာက နာမ်၊ အဲဒီလို ကိလေသာတွေမလာပါလား။ တစ်ခုသောအာရုံဖြစ်ပါလား။ ငါ တစ်ခုသောအာရုံဖြစ်နေပါလား။ ဒီအာရုံတွေ အရင်တုန်းကလာတယ်။ အခုမလာတော့ဘူး။ တစ်ခုသောအာရုံ ထိတယ်၊ သိတယ်။ ဒါပဲ။ ငါ့မှာဖြစ်နေပါလား။ ဘယ်အာရုံမှ သမီးအာရုံ၊ အဲ ခုနက ခင်ပွန်းအာရုံ၊ ဖဲဝိုင်းအာရုံ၊ ဘယ်အာရုံ မှ မနောက မတွေးတော့ဘူးဗျို့နော်။ အဲဒါအတွင်းရဲ့ဇကာပဲ။ အပြင်အာရုံကို သတ်ထားတော့ အတွင်း ဇကာကလည်း စင်ကြယ်လာပြီ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်အာရုံသတ်ထားတာ။ အဲအသိနဲ့ ကျင်းအောင်းတာပဲ။ အပြင်အာရုံတွေ အကုန်လုံး အာရုံတွေသိမ်းလိုက်တဲ့အခါမှာ တရားထိုင်ပြီး၊ တရားထိုင်တဲ့အခါမှာ ငါဟာ တစ်ခုတည်း

သောအာရုံဖြစ်နေပါလား။ တစ်ခုသောအာရုံဆိုတာ ဘာလဲ။ ဩော် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ(၃)ခုကို ပေါင်းလိုက်ရင် ဘာလဲ ကောဓမ္မောနော်။ ဓမ္မောဟာ အဓိသီလဆိုတာဘာလဲ။ ကိလေသာအာရုံကို ဝေးကွာတော်မူတယ်။ ကိလေသာအာရုံကို ဘာမှမစွဲတော့ဘူး။ အဲဒါသီလပဲတဲ့။ ကိလေသာတွေ မလာတော့ဘူးတဲ့။ အဲဒါ အဓိသီလတဲ့။ သမာဓိဆိုတာ အာရုံတစ်ခုတည်းကို စွဲဆောင်ပြီးတော့ (၁)နာရီ (၂)နာရီတိုင် ထိုင်သွားတာ။ အဲဒါစင်ကြယ်သွားတဲ့ အာရုံတစ်ခုတည်းကို ထိန်းပြီးတော့ ယူဆောင်သွားတာဟာ ကိလေသာတွေ မလာတော့ဘူး။ တစ်ခုသောအာရုံကိုယူဆောင်ပြီး၊ ကြာကြာလေးရတာဟာ သမာဓိပညာကောင်းလာပြီတဲ့။ သမာဓိတွေကောင်းလာတော့ ပညာတွေ ပေါ်လာပါတယ်။ ဒါကြောင့်မို့ အဓိသီလ၊ အဓိပညာ၊ အဓိစိတ္တ ကိလေသာများကို ဝေးကွာသွားပါပြီတဲ့။ အဲဒါ အဓိသီလဖြစ်သွားပြီတဲ့။ သူ့ကိုယ်သူ သီလဖြစ်ပြီဆိုတာ သူသိသွားပြီတဲ့။ အဲဒါဘယ်လောက်ကြာလည်း (၇)လလောက်ကြာတယ်။ အဲဒါကျင်းထဲအောင်းပြီး ဘယ်ကိုမှမသွားလို့ အဓိသီလဖြစ်သွားတယ်။ ဒီလိုသီလတွေဖြစ်လာတဲ့အခါမှာ ငါ မိုးလေဝသ မှ ထွက်တော့မယ်။ ဒီအလုပ်လည်း မလုပ်တော့ဘူး။ ငါအိမ်ပြန်မယ်။ လျှောက်လွှာတင်မယ်။ စာရေးကြီးကိုပြောတယ်။ ကျွန်တော်တော့ မလုပ်တော့ဘူးဗျာ။ ကျွန်တော်လုပ်ချင်တဲ့စိတ်လည်း မရှိတော့ဘူးဗျာ။ လိမ်ချင်တဲ့စိတ်လည်း မရှိတော့ဘူးဗျာ။ ခိုးချင်တဲ့စိတ်လည်း မရှိတော့ဘူးဗျာ။ ကျွန်တော် ဒီ မိုးလေဝသ မလုပ်တော့ဘူးဗျာ။ ဟာ ဦးမြမောင် ခင်ဗျားဆက်လုပ်ပါဗျာ။ မလုပ်တော့ဘူးဗျာ၊ ကျွန်တော် မလိမ်ချင်တော့ဘူးဗျာ။ သူ လိမ်ချင်တဲ့ စိတ်မရှိတော့ဘူး။ ကောဓမ္မောဖြစ်သွားတာ။ အဲ စိတ် စိတ် စိတ်ပြောင်းသွားတာ။ အဲဒီလို ဖြစ်တော့ ဒါဖြင့် ခင်ဗျားလက်ရေးနဲ့ ခင်ဗျားလက်ရေးပြီးတော့ ညနေဘက် အလုပ်စာထွက်တဲ့အခါ ကျတော့ အိမ်ပြန်သွားတော့ သမီးရှိတယ်။ သမီးရယ် အဖေတော့ သွားတော့မယ်။ ဒီမှာမနေတော့ဘူး။ ထွက်တော့မယ်။ အဲဒီတော့ စရိတ်ကလေးများပေးပါလားကလေးရယ်။ သူကပေးပါမယ်တဲ့။ ကျွန်မမှာတော့ ပိုက်ဆံတော့မရှိဘူး။ နားကပ်လေးရှိတယ်။ နားကပ်ကိုပေါင်သွားပါတဲ့။ နားကပ်က (၂၀ဝိ/-)ရတယ်။ အဖေ ပေါင်သွားပါတဲ့။ ပေါင်လို့ရရင် သမီးကို(၁၀ဝိ/-)ပေးပါတဲ့။ (၁၀ဝိ/-)ကို အဖေ့ကိုလမ်းစရိတ်ပေးပါ တယ်။ အဖေ ဘယ်ကိုသွားမလဲ။ ဖြူးကိုသွားမယ်လို့ဆိုတော့ အဲဒီမှာ သူငွေ(၁၀ဝိ/-)ပေးပါတယ်။ ငွေ(၁၀ဝိ/-)ပေးတော့ အကျီမရှိတော့ အကျီက(၅ဝိ/-)ကုန်တယ်ဗျ။ (၅ဝိ/-)ကတော့ လမ်းစရိတ် ထားတယ်ဗျာ။ အဖေရယ် တစ်ရက်၊ နှစ်ရက် နေပါအုံး။ အာ သမီး မနေတော့ဘူး။ အဖေ မနေချင် တော့ဘူး။ နေချင်တဲ့စိတ်လည်း မရှိတော့ဘူး။ အဲဒီတော့ ဆရာတော် ဇောဓိမြိုင်ဆရာတော်ကြီးကို သွားဖူးတယ်။ မနက်ဘက်သွားဖူးတယ်။ သွားဖူးတဲ့အခါကျတော့ ဦးဖင်း

က ဆုတွေဘာတွေလည်း တောင်းတာပေါ့ဗျာ။ ကောင်းပြီတဲ့။ ဆရာတော်ဆီမှာ ဝေဘူစာအုပ်ကလေး ကိုတော့ အိတ်ထဲမှာထည့်ထားတယ်။ ဆရာတော်ရဲ့ဝေဘူစာအုပ်လေးထည့်ပြီတဲ့။ တရားသိပ်လိုချင် တာကိုးဗျ။ သဒ္ဓါဗိုလ်တွေ၊ သီလဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ ဗိုလ်(၅)ဗိုလ်နဲ့ တက်သွားပြီတဲ့။ တရားကို သိပ်လိုချင်တဲ့လူတစ်ယောက်ပါပဲ။ ကောင်းတာလုပ်ရင် ကောင်းတာရမယ်ဆိုပြီးတော့ သူလုပ်တာကိုးဗျ။ ဇောဓိမြိုင်ဆရာတော်ကိုဖူးပြီးတော့ သူပြန်လာ တယ်တဲ့။ အဲဒါ မနက်ဖက်(၉)နာရီ ပြန်လာတဲ့အခါကျတော့ ပေမာဝန်အဆင်းမှာ ညောင်ပင်ကြီးမှာ ကြည့်လိုက်တဲ့အခါကျတော့ ဘိုးဘိုးအောင်တွေဆိုတာ အများကြီးပဲ၊ ဦးပဋ္ဌင်းနားဝိုင်းနေတာပဲ။ ဟာ ဘယ်လိုဖြစ်တာလဲ။ ဦးပဋ္ဌင်း က ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်နဲ့ ပြန်လာတော့ မောင်တင်မြင့် တို့ဆီ ရောက်သွားပါတယ်။ မချို တို့ မောင်တင်မြင့် တို့ ကလေးတွေ အဘတော့ ဖြူးကိုသွားအုံးမယ်။ ဟာ သမီးတို့ လမ်းစရိတ်ပေးမယ်တဲ့။ မပေးနဲ့။ ကလေး မပေးနဲ့၊ အဘမှာပါလာတယ် အဆင်သင့်ပါလာ တယ် မပေးနဲ့ ကလေးတို့လည်း သင်္ဘောပေါ်လိုက်မပို့နဲ့။ လာလည်းပေးစရာမလိုဘူး။ မင်းတို့ဘာသာ မင်းတို့လုပ်ကြ။ ဒါ ဦးပဋ္ဌင်းကြီး ဦးမြမောင် ဟာ နှုတ်ဆက်ရမည့်ဝတ္တရားရှိလို့ လာခဲ့တာ။ မင်းတို့ သင်္ဘောဆိပ်တွေ မလာ နဲ့နော်။ သင်္ဘောက မနက်(၁၀)နာရီထွက်တာ။ အေး အဲဒါ မိုးလည်းလင်းရော ရောဝတီအမြန်နဲ့ (၁၀)နာရီကျော်တာနဲ့ ထွက်ပါတယ်ဗျာ။ ထွက်တဲ့အခါကျတော့ လိုက်သွားတဲ့အခါ ရန်ကုန်ကို မရောက်သေးဘူး။ ရွှေလောင်းရောက်တယ်။ ရွှေလောင်းရောက်တော့ ခုနက ကျော်အေး သွားတွေ့တယ်။ ကျော်အေး က တက်လာတယ်။ အဲ ဦးမြမောင် ခင်ဗျားတကယ်သွားတာပဲနော်။ အေးကွာ ငါတကယ်သွားတာ။ အာ ကျွန်တော် လွှက်ရည်လေး(၁)ခွက်လောက် တိုက်ချင်လို့၊ အေးကွာ မင်းသဘောပဲ။ လွှက်ရည်လေး(၁)ခွက်သောက်ပါတယ်။ အဲ မုန့်တွေတော့မစားဘူး။ လွှက်ရည်ပဲ သောက်တယ်။ ကျော်အေးရေ ငါသွားအုံးမယ်ကွာ။ ဟုတ်ကဲ့ ဟုတ်ကဲ့တဲ့။ သင်္ဘောပေါ်တက်ပြီး ရန်ကုန် ရောက်တယ်ဆိုရင်ဘဲ ဖြူးသွားတဲ့ကားကြီးနဲ့ပေါ့ဗျာ။ (၁၅)ကျပ်ပေးရမယ်။ အဲဒီကားကြီးနဲ့ ဦးပဋ္ဌင်း လိုက်တယ်။ ဖြူးတော့မရောက်ဘူး။ ဘယ်ရောက်လဲ ကွဲ့နွယ်ဂုတ်၊ ညောင်ပင်သာနဲ့ ကညွတ်ကွင်း ကြား ကွဲ့နွယ်ဂုတ် အဲဒီကျောင်းတစ်ကျောင်းမှာ အဲဒီဘုန်းကြီးကျောင်းကိုရောက်ပါတယ်။ ဦးပဋ္ဌင်း က ဆရာတော်ကို ရေပူရေချမ်းကမ်းလှမ်းတယ်။ ကပ္ပိယအနေနဲ့ တရားကိုအားထုတ်တယ်။ ဆရာတော် ကိုလည်း ဆွမ်းတွေဘာတွေကပ်မယ်။ တရားကိုအားထုတ်တယ်။ ဒီလိုကျင့်တာကို အဲ ကျင့်တဲ့အခါ ကျတော့ ဆွမ်းလေးနည်းနည်းပဲစားတယ်။ အများကြီးမစားဘူး။ သူက ထောင်သားစားသလိုချိန်ပြီး စားတယ်နော်။ စားတာလည်း ဆင်ခြင်ပါ။ အိပ်တာလည်း ဆင်ခြင်ပါ။ သွားတာလည်း ဆင်ခြင်ပါ။

စားတာလည်း ဆင်ခြင်ပြီတဲ့နော်။ သူက မသေရုံလောက်ပဲ စားတယ်။ ရုပ်၏သဘောသည် ရုပ်၏လက္ခဏာ ဖောက်ပြန်တယ်။ နာမ်၏လက္ခဏာသည် ခံစားတယ်။ ရုပ်၏လက္ခဏာကို သူ ဉာဏ်နဲ့ကြည့်နေတယ်။ ဒီတော့ ဖြူးအရပ်ကတော့ ကြံဖက်တွေကို မိုးတာပေါ့ဗျာ။ အဲဒီမှာ တရားအားထုတ်ပါတယ်။ တစ်နေ့လုံး အားထုတ်ပါတယ်။ တရားက သမာဓိအင်မတန်ကောင်းလာတဲ့အခါကျတော့ ကျွန်တော် ဘာဖြစ်လာလဲဆိုတော့ ကိုယ်က စာမှမတတ်တော့ ပြပေးတဲ့ဆရာက လွှတ်ပေးလိုက်တော့ တစ်ခါတည်း သမထဖြစ်တာပဲ။ အား အို အိုး နတ်ပြည်ရောက်သွားတယ်။ ဦးပဥ္စင်း ကို နတ်သမီးတွေက ယပ်ခတ်ပေးနေတယ်။ အဲဒီတော့မှ ဦးပဥ္စင်းကြီး မျက်လုံးဖွင့်ကြည့်လိုက်တော့မှ သြော် ငါဟာ ဘယ်လိုဖြစ်တာလဲ။ တရားထိုင်တာ ဖဝေဖဝါဖြစ်နေတယ်။ အဲဒီ ဖြူးဘုန်းကြီး မေးတဲ့အခါကျတော့ အရှင်ဘုရား တပည့်တော် တရားအားထုတ်တဲ့အခါမှာ အဲဒီလိုတွေ ပေါ်တယ်ဘုရား။ ဘယ်လိုလုပ်ရမလဲဘုရား။ ဦးမြမောင် ဒကာကြီးတဲ့ အဲဒီအာရုံတွေ မလိုက်နဲ့နော်။ ဦးမြမောင် အဲဒီ မီးရထားလမ်းမှာ ရှုးနေကြတယ်။ အဲဒါတွေမလုပ်နဲ့။ ဖျက်ပစ်။ ဒီအာရုံတွေဖျက်ပစ်။ ခင်ဗျား ဝိပဿနာသာလိုက်။ အဲဒီတော့ ဘယ်လိုဖြစ်လဲဆိုတော့ အာရုံတွေမှာ အပြင်ကအာရုံတွေမှာလည်း စင်ကြယ်တယ်။ တရားထိုင်လိုက်တဲ့အခါမှာ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးပေါ်လာ။ ပေါ်ပြီနော်။ နာမ်ခန္ဓာ(၄)ပါးဆိုတာ ရုပ်ကဖောက်ပြန်တယ်။ နာမ်ကခံစားတယ်။ သြော် အကျိုးနဲ့အကြောင်းသာဖြစ်ပါလား။ တရားထိုင်တဲ့အခါမှာ ဝေဒနာတွေမခံမရပ်နိုင်အောင် ဖြစ်လာတယ်တဲ့နော်။ ဒုက္ခရဲ့ဝေဒနာတွေလာလိုက်တာမှာ ဝေဒနာမှာ ငါမရောစေနဲ့နော်။ ဝေဒနာမှာ သညာနဲ့ပညတ်ကထိုးထားတယ်။ အဲဒီတော့ ဝေဒနာဟာ သြော် မမြဲပါလား။ ငါဟာနောက်ဆုံးပဲတဲ့။ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်တွေပါ။ ဒီဝေဒနာကို ဆုံးအောင်လိုက်မယ်ဆိုပြီး ဝေဒနာကိုဆုံးအောင်လိုက်တာပဲဗျို့ မခံသာ မှန်ပါဘိ။ ဒီတရားဝေဒနာတွေ အို အို အို အဲလိုဖြစ်ပြီးတော့ လိမ်ပိန်ပြီးတော့ဗျို့ ဝေဒနာတစ်ခါတစ်လေ မဆုံးတာများပါတယ်ဗျာ။ ဆုံးတာနည်းပါတယ်ဗျာ။ အဲဒါဆုံးလိုက်တော့ ဘာသိလဲတဲ့နော်။ ဒီရုပ်တရားကြီးကို မစုံမက်တော့ဘူးဗျို့ ပုံပျက်လာပြီ။ ဒီရုပ်တရားကြီးကို မတွယ်တာတော့ဘူးတဲ့။ အဲဒီတော့ စိတ်တစ်မျိုးဖြစ်သွားပြီတဲ့။ အဲဒီတော့ ဝေဒနာတွေများလာတော့ သြော် နာမ်လေးက စိတ်ဆင်းရဲတယ်။ စိတ်ဆင်းရဲတော့ ဘာဖြစ်လဲ။ ဒုက္ခဖြစ်တယ်။ သြော် ဒုက္ခတွေဖြစ်နေပါလား။ ဒုက္ခ၏ သစ္စာ ဆင်းရဲခြင်းအမှန်တရား သြော် နာမ်လေးကလည်း မမြဲပါလား။ ဝေဒနာကလည်း မမြဲပါလား။ ရုပ်တရားကလည်း မမြဲပါလား။ အဲဒီလိုတရားရှုပြီးတော့ ဝေဒနာကို နင်းကန်လိုက်ရတာ။ အဲ ဝေဒနာလိုက်တဲ့အခါကျတော့ တရားစဉ်ပေါ်ကလည်း ထွက်ရော၊ မယားအောက်မေ့တယ်ဗျို့ မယားမပြတ်ဘူး။ ထိုင်ပြီး

ငိုတယ်ဗျ။ ထိုင်ပြီးတော့ ဪ ငါမေ့လို့ ဒီတရားတွေကျင့်မိတယ်ဗျ။ မေ့လို့လုပ်မိတယ်။ အဲ တရားစဉ်က လွှတ်တဲ့အခါမှာ ကိလေသာတွေက ထိုးကုန်ပြီတဲ့နော်။ ကိလေသာတွေ ထိုးကုန်ပြီဗျ။ ဒါနဲ့ တရားပြန်ထိုင်တယ်ဗျို့။ တရားလည်း ပြန်ထိုင်ကော ဪ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဪ လာတော့လည်း တစ်ယောက်တည်းပါလား။ ပြန်တော့လည်း တစ်ယောက်တည်းပါလား။ ဪ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတဲ့။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်၊ အတိတ်က ငါ ကံနဲ့လာပါလား။ ငါဒီမှာလည်းကံတွေကိုဖြတ်မယ်။ အဲဒီတော့ ကောင်းမှုကံ မကောင်းမှုကံ အဲဒီကံ(၂)ကံအလယ်ကနေ ငါလျှောက်မယ်။ ကောင်းတဲ့ကုသိုလ်၊ ကံမကောင်းတဲ့ အကုသိုလ်ကံ ဒီနှစ်ခုကို အပြစ်မပြောပါဘူးဗျာ။ အလယ်က မဂ္ဂင်လမ်းကိုလျှောက်ပေတော့။ ဪ သဘော သဘောနော်။ သဘောလေးတွေနှာ အဲဒီအာရုံ(၆)ပါးဗျ။ အာရုံ(၆)ပါးသတ်ရတော့မှာကို ဉာဏ်နဲ့မှ သတ်ရမယ်။ အဲဒီအာရုံ(၆)ပါးကိုသတ်တော့မယ်။ အဲဒီမနောစိတ်သညာ။ ဒီသညာကြောင့် ဥပါဒါန်တွေဖြစ်တယ်။ ဒီဥပါဒါန်က သံသရာကိုလည်နိုင်တဲ့အကြောင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် သဗ္ဗေသင်္ခါရ ဘုံ(၃)ပါးလွှတ်အောင် ရုန်းထွက်နေပြီတဲ့။ ဪ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဪ ငါဟာ ဝေဒနာတွေပါလား။ ဝေဒနာမှာ ငါမရောစေနဲ့။ ငါသွားမရောနဲ့။ ဪ ဒီမှာ အတိတ်ကဝဋ်ကြွေးတွေ၊ ပစ္စုပ္ပန်ရဲ့ ဘဝရဲ့ဝဋ်ကြွေးတွေ ဒီဝဋ်တွေ ငါအကုန်ခံမယ်တဲ့။ ခံတယ်ဗျို့။ ဪ ဘုရား ဘုရား ဘုရား သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဪ လှိမ့်ပိန့်ခံနေတာ။ အဲဒီတော့ တရားစဉ်ကထွက်တယ်ဆိုပဲ ငါတော့တော်ပြီ။ ဒီဝိပဿနာတရားတွေ၊ ဘာမှလည်း တရားတွေ ငါမရပါလား။ ဘာမှလည်း ဉာဏ်လည်း မရပါလား။ တစ်နေ့တစ်နေ့ ဝေဒနာတွေချည်းပါလား။ အဲဒီတော့ သူတွေးကုန်ပြီတဲ့။ မယားကိုလည်း မပြတ်တော့ဘူး။ ထိုင်ပြီးတော့ တွေးနေတာပဲဗျို့။ တရားစဉ်က ဖြုတ်ပြီးတော့ ငေးတွေးနေတယ်။ ဪ ငါ အိမ်ပြန်တော့မယ်။ ဖြူးကနေပြီးတော့ မြောင်းမြပြန်တော့မယ်။ ငါ့မိန်းမနဲ့ ပြန်ပေါင်းမယ်။ ဒီတရားတွေ ငါမကျင့်တော့ဘူး။ ဘာမှလည်း တရားရဲ့အရသာတွေ ငါ မတွေ့ဘူး။ ငါ ဝေဒနာတွေပဲတွေ့တယ်။ ငါ မိန်းမနဲ့ ပြန်ပေါင်းမယ်။ ဪ ဦးမြမောင်ကြီး ကြံစည်နေပြီနော်။ ဒါကြောင့်မို့ သဘောလေး ဦးဇင်း ပြောပါမယ်။ ဖျိုင်းလေးတစ်ကောင်သည် အချိန်ကာလကလည်း နေဝင်ပြီ၊ နေလေးကလည်း စောင်းလာပြီ။ ဖျိုင်းလေးက အဲရေကန်လေးကို နားလိုက်တယ်။ ဖျိုင်းလေးကလည်း ဝမ်းမှာ ဆာတယ်။ အဲဒီအိုင်လေးကို ဖျိုင်းကကြည့်လိုက်တယ်။ ငါးကတစ်ကောင်၊ နှစ်ကောင်။ ရေခမ်းငါးလေးရှိတယ်။ ဖျိုင်းက အဲဒီငါးလေးကို ကောက်စားတယ်။ ကောက်စားတဲ့အခါမှာ ဒီငါးကုန်ရင် ငါဘယ်ကို၊ ဘယ်

အိုင်များရှိသလဲ။ ဖျင်းက ရှေ့အိုင်ကိုလည်း မျှော်တယ်။ နောက်အိုင်ကိုလည်း တွေးတယ်တဲ့။ ဖျင်းက စားနေရင်း ရှေ့အိုင်ကိုလည်းမျှော်တယ်။ နောက်အိုင်ကိုလည်း တွေးတယ်တဲ့။ အဲဒါ ဦးမြမောင် တွေးပြီ။ ဦးမြမောင် ရှေ့လည်း မတက်နိုင်တော့ဘူး။ ဝေဒနာတွေ ဒင်းကြမ်းဖြစ်ပြီး နောက်ကို သားမယားအကြောင်းတွေ တွေးကုန်ပြီတဲ့နော်။ အဲ သူ့အတွေးများကုန်ပြီနော်။ တရားစဉ်မှာ သိပ် အရေးကြီးတယ်ဗျို့ သည်းခံကြ၊ သည်းခံကြပေ့။ ဒီဘဝနောက်ဆုံးဘဝပဲ။ အဲဒီတော့ လာတုန်းက လည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်း။ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တတဲ့နော်။ အဲဒီတရားလေးတွေ ကိုယ့်နောက်ပါမယ့်တရားကို ဦးဇင်း ပြော ပါ့မယ်။ အဲဒီတော့ အဲဒီတရားတွေကို နှလုံးကြည်ဖို့ နှလုံးလှဖို့ အရေးကြီးပါတယ်။ ဘယ်သူ ဘာ ပြောပြော သည်းခံပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက် ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ် ကိုယ်တိုင် မာန်တွေ၊ ရာဇမာန်၊ မနမာန်၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်တွေ မလုပ်ပါနဲ့တဲ့။ အဲဒီမာန်က နိဗ္ဗာန်တံခါးကြီးကို ပိတ်ထားပါတယ်။ ငါဆိုတဲ့မာန် အင်မတန်ကြောက်ဖို့ကောင်း တယ်နော်။ အေး အခုတော့ ဦးမြမောင်ကြီး ဝေဒနာတွေဖြစ်လာတဲ့အခါကျတော့ ဖျင်းလေးက ရှေ့အိုင်ကိုလည်းမျှော်တယ်။ နောက်အိုင်ကိုလည်းတွေးတယ်။ ဩော် ငါအတွေးများနေပါလား။ မထူးပါဘူး။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ ငါတက်မယ်။ သဒ္ဓါဗိုလ်တွေ၊ သီလဗိုလ်တွေ ဝီရိယ မှာ ဖွဲ့၊ သတ္တိ ငါတင်တော့မယ်။ ဝီရိယမှာ ငိုက်ငိုက်ကျတယ်။ ဖွဲ့ သတ္တိသေရင် သေပါစေ။ ဘုရားရဲ့ တရားသစ္စာ(၄)ပါးကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာကို ငါရောက်အောင် တက်မယ်။ ဘုရားရဲ့စကားကို ငါနားထောင်မယ်။ မြေဝယ်မကျ နားထောင်မယ်။ အဲဒီတော့ အဲဒီ ဝေဒနာကို ဆုံးအောင်လုပ်ပြီတဲ့။ ဒီဝေဒနာမှာ မှတ်တယ်။ ဩော် မခံသာ မှန်ပါဘိ။ ဒီတရားဝေဒနာ တွေကို တစ်နေ့တစ်နေ့ ဝေဒနာတွေချည်းပဲ။ ဝေဒနာတွေလာပါတယ်တဲ့။ လာတဲ့အခါကျတော့ အသေခံတက်တဲ့အခါကျတော့ ဝေဒနာဆုံးတော့ ဘာသိသလဲတဲ့နော်။ လောဘစိတ်ခမ်းပါတယ်။ ဒေါသတွေခမ်းခြောက်တယ်။ မောဟတွေ ခမ်းခြောက်တယ်။ ဒီရုပ်တရားကြီးတွေ မလိုချင်တော့ဘူး တဲ့။ မစုံမက်တော့ဘူးတဲ့။ ချီးပုံပဲ ကြည့်ချင်တယ်။ ဒီရုပ်မကြည့်ချင်ဘူး။ အဲ ဉာဏ်စဉ်လေးတွေ တက်လာတယ်။ ဩော် ဒီတော့မှ ဘုရား ဘုရား အဲဒီလိုတရားတွေကျင့်လိုက်တော့မှ ဖြူးကနေပြီး တော့ မနေနိုင်ဘူး ပြန်လာတယ်။ ပြန်လာတဲ့အခါကျတော့ အိမ်မှာလည်း မနေတော့ဘူး။ ကွက်သစ် မှာ တရားအားထုတ်တယ်။ ကွက်သစ်ကနေ တရားအားထုတ်တော့ ဦးပဥ္စင်းကြီးကို လာပြီးတော့

ဗေဒင်တွေလာကြည့်ကြတယ်။ ဦးပဍ္ဍင်း ကလည်း စာမတတ် ပေမတတ် သူတို့ပြောတော့လည်း မှန်တယ်လို့ပြောတယ်။ ဒီကရမ်းပြီးတော့ ပြောလိုက်တာပဲဗျို့။ လူအုပ်ကြီးတွေနဲ့ ဟိုကလာ ဒီကလာ မြို့သူ-မြို့သားတွေလာတယ်။ လာတဲ့သူ အပြစ်မပြောပါဘူးဗျာ။ ဦးပဍ္ဍင်း က လာတဲ့အခါမှာ သူရဲ့ ဆန္ဒကို ဦးပဍ္ဍင်း က အလိုလိုက်ပါတယ်။ ဩော် သူရဲ့ဆန္ဒတွေရှိပါလား။ သဒ္ဓါတွေရှိပါလား။ အဲဒီတော့ ဦးပဍ္ဍင်း က အဲဒါလေးတွေကို သူတို့လေးတွေပြောလိုက်တော့ ဦးပဍ္ဍင်း က ငါတော့ ဒီမှာကြာကြာ နေရင် ဒုက္ခရောက်တော့မယ်။ ငါ ဒုက္ခအကြီးအကျယ်ရောက်မယ်။ စဥ့်ကူးနားက ညောင်ပင်ကြီးကို သွားမယ်။ စဥ့်ကူးနားက ညောင်ပင်ကြီးကို သွားပြီဗျို့ မနေတော့ဘူး။ အဲဒီတော့ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်နော်။ ကရင်လူမျိုး ဦးပေါ်လူး နဲ့ သုံးပန်းလှ က အဲဒီတုန်းက ကိုရင်ကြီးဗျ။ ကိုရင်ကြီး ဖြစ်လာပြီလား။ ဟုတ်ကဲ့ဗျာ။ ဒီတောင်ဟာ အားကြီးဆိုးတယ်တဲ့။ နွေခင်းကို ဖက်တောင်မှ မကောက် ရဲဘူးတဲ့။ အဲဒီတော့ ဒီဖက်ခြောက်တွေက ကောက်ပြီးတော့ ကွမ်းကိုအုပ်ရပါတယ်တဲ့။ ကိုရင်ကြီး ဖြစ်ပွဲမလားတဲ့။ ဖြစ်ပါတယ်ဗျာ။ ကိုရင်ကြီး ဒီတောင်မှာကျင့်ပွဲမယ်ဗျာဆိုပြီးတော့ သူတို့ကျောင်းလေး ဆောက်ပေးတယ်။ အဲဒီမှာ ကျင့်တယ်။ ဆွမ်းလေးတွေ သူတို့လာပေးတယ်။ သူတို့ ဦးပေါ်လူး သိပါ တယ်။ အဲဒီလိုတရားတွေထိုင်တဲ့အခါကျတော့ အဲဒီတောင်ပေါ်မှာပဲ တရားလေး သဘောလေးပေါ့ ဗျာ နည်းနည်းပါးပါးသိသွားပါတယ်။ အဲဒီတောင်ကနေပြီးတော့ အဲ ဖြူးဆရာတော်ကြီး ကြွလာတယ် ဆိုတော့ အဲဒီတောင်ကနေပြီးတော့ ဆရာတော်ထံကို လာတယ်တဲ့။ ဆရာတော်က စကားမြား ကျောင်းမှာနေပါတယ်။ သီတင်းသုံးပါတယ်။ အဲဒီဆရာတော်လာတဲ့အခါကျတော့ တောင်ပေါ်ကို မတက်တော့ဘူးဗျို့ ဆရာတော်ကလည်း ကိုရင်ကြီး တရားတွေအားထုတ်လား။ တရားတွေကို သူက စစ်တယ်။ စစ်တဲ့အခါကျတော့ ဘယ်ကိုရောက်လာလဲဆိုတော့ မောင်တင်မြင့် ဥယျာဥ်ထဲရောက် လာတယ်။ မောင်တင်မြင့် ကနေပြီးတော့ ကိုရင်ကြီးရယ် ဒီမှာမနေတော့ဘူးလား မေးတယ်။ ဦးထွန်းရွှေ တို့ဆီမှာပဲ သွားပြီးတော့ တရားအားထုတ်မယ်ဆိုပြီးတော့ ဦးထွန်းရွှေ တို့ဆီမှာ တရားအားထုတ်ပါ တယ်ဗျာ။ အဲဒီလို တရားအားထုတ်တဲ့အခါမှာ ဘားအံဆရာတော်တစ်ပါးရောက်လာတယ်။ နောက် ပဋ္ဌာတာရုံကျောင်းက ဆရာတော်တစ်ပါးရောက်လာတယ်။ နှစ်ပါးပြီးတော့ ကိုရင်ကြီး ကိုရင်ကြီးက ဆွမ်းမခံသေးဘူး။ ဆွမ်းလေးဘာလေးချက်တယ်။ ရောင့်ရဲတင်းတိမ်ခြင်းနဲ့ ရရာစား အဲဒီတော့ သူတို့က ကိုရင်ကြီး ကြွပါအုံးတဲ့။ ဘားအံဆရာတော်ကခေါ်တော့ ဦးဇင်း တရားတွေကိုမေးကြတဲ့အခါကျတော့ မှန်လှပါဘုရား။ သူတို့ကမေးတယ်။ ဒီကဖြေတယ်။ ဩော် ဒီ ဦးပဍ္ဍင်းကြီးဟာ ဇောဖျှင်(၇)ပါးလွတ်ပြီ။ အဲ သူကဘယ်လိုပြောလဲဆိုတော့ ကိုရင်ကြီးရယ် မေတ္တာတွေပေးပါဘုရားတဲ့။ တပည့်တော် မနက်ဖြန်

ဘားအံကိုကြွရပ့်ါမယ်ဘုရားတဲ့။ အရှင်ဘုရား တပည့်တော်ဘွဲ့က နာမည်ဘယ်လို၊ အရှင်ဘုရား ဘုရားရှိခိုးတဲ့အခါ တပည့်တော်ကို မေတ္တာလေးတွေပေးပါဘုရားတဲ့။ အဲဒီ ဘားအံဆရာတော်က ပြောသွားတယ်။ ဆရာတော်နှစ်ပါးကြွသွားတော့ ဦးပဥ္စင်း တရားတွေကျင့်တယ်။ တစ်နေ့သောအခါ ကျတော့ ဘယ်ရောက်သွားသလဲဆိုတော့ ပိန္နဲကုန်းရောက်သွားတယ်ဗျို့။ ပိန္နဲကုန်းမှာ တောထဲမှာ တရားအားထုတ်တယ်ဗျို့။ တရားသဘောလေးတွေနဲ့ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးတရားလေး တွေ သဘောပေါ့ဗျာ။ အဲဒီနာမ်ရဲ့ အာရုံကို ကိုယ့်သဘောလေးပေါ့ဗျာ။ ဦးပဥ္စင်း လျှောက်မပြောရဲဘူး။ ဦးပဥ္စင်း က ချုပ်တယ်လို့လည်း မပြောရဲဘူးနော်။ အဲဒါဉာဏ်ပဲဗျာ။ နိဗ္ဗာန်သည် ခန္ဓာမုစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အဲဒီတော့ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာလည်း မမြဲ ပါလား။ သုခဝေဒနာလည်း မမြဲပါလား။ ဒုက္ခဝေဒနာ၊ သုခဝေဒနာ သဘောပေါက်တယ်။ သဘော ရှိပါတယ်။ ခန္ဓာက ပဋိစ္စသမုပ္ပါဒ်ပေါ်လာပါတယ်နော်။ ဦးပဥ္စင်းကြီး က ပေါ်လို့ပေါ်တယ်ပြောတယ်။ အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ်ရဲ့အာရုံကို ဦးပဥ္စင်းကြီးက သိပြီးတော့လိုက်ရပါတယ်။ ဒုက္ခဝေဒနာက တဖြည်းဖြည်း လျော့လာပါတယ်။ ဒုက္ခဝေဒနာတွေလျော့လာတဲ့အခါမှာ သုခရဲ့ဝေဒနာ အာရုံဖြစ်နေ ပါတယ်။ အဲဒီအာရုံကို အသာလေးဖြည်းဖြည်းလေး ရှုသွားရပါတယ်။ အဲဒီတော့ နေတာလည်း အထူးအရေးကြီးပါတယ်။ သွားတာလည်း အထူးအရေးကြီးပါတယ်။ ပြောတာလည်း အထူးအရေး ကြီးပါတယ်။ အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်၊ လျောင်းတဲ့အခါမှာလည်း ကိုယ့်စိတ်ကိုယ်စစ်ပါ။ စင်္ကြံ လျှောက်တဲ့အခါမှာလည်း ကိုယ့်ကိုယ်ကိုစစ်ပါ။ ထိုင်တဲ့အခါမှာလည်း ကိုယ့်စိတ်ကိုယ်စစ်ပါ။ အေး ကိုယ့်စိတ်ကိုယ်စစ် မမြဲပါလား။ မမြဲတာ နှလုံးသွင်းထားပါ။ မမြဲပါလားလို့ နှလုံးသွင်းရင် မစွဲတော့ဘူး။ မစွဲရင် ဥပါဒါန်လွတ်တယ်။ ဥပါဒါန်လွတ်ရင် ကံပြတ်တယ်။ ကံပြတ်ရင် ဉာဏ်ခြုံလိမ့်မယ်တဲ့နော်။ ဒုက္ခဝေဒနာကိုလည်း သဘောပါပဲဗျာ။ အဲ ဒုက္ခဝေဒနာရဲ့အကြောင်းကိုလည်း သိတယ်။ သုခဝေဒနာ ရဲ့အကြောင်းကိုလည်း သိတယ်။ အဲဒီတော့ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး ဉာဏ်တွေပဲ။ အဲဒါလေး တွေကို သိပါပြီ။ ဒါပေမယ့် စာမတတ်ဘူး။ ခင်ဗျားတို့ စာတတ်တဲ့သူတွေ ပေတံနဲ့တိုင်းချင်တိုင်းပါ။ အဲဒီအာရုံကို မစွဲတော့ဘူးနော်။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာကို ရုပ်နဲ့ဖောက်ပြန်လာတဲ့ဝေဒနာတွေ ကို နာမ်က မစွဲတော့ဘူး။ ဒီသဘောပါ။ အဲဒီတော့ မစွဲတော့ ဥပါဒါန်လွတ်၊ သညာပြုတ်တယ်။ ဒီလို ဖြစ်သွားတာနဲ့ ရုပ်မှာဘယ်လိုဖြစ်လာလည်းဆိုတော့ တရားထိုင်လိုက်တဲ့အခါကျတော့ ဩော် အေး အေး အာရုံ(၆)ပါးကိုတော့ မြင်နေတာပဲရှိမယ်။ ကြားနေတာပဲရှိမယ်။ နံနေတာပဲရှိမယ်။ အာရုံကို ဥပေက္ခာသွားပြီ။ မြန်မာလိုပြောမယ်။ အာရုံကို မစွဲတော့ဘူး။ အပြင်အာရုံကိုလည်း မစွဲပါဘူး။ ဒါ

ကိုယ့်စိတ်ကိုယ်စစ်တာ လိမ်ပြောရင် ဦးဇင်းက မဟာအဝိဇ္ဇာကျသွားမယ်နော်။ ဝိဇ္ဇာဉာဏ် အမှန်ရသွားရင် သစ္စာဉာဏ်အမှန်ဖြစ်သွားမယ်။ အဲဒီတော့မှ ဒီအာရုံ(၆)ပါးကိုသတ်တာ ဉာဏ်ပဲတဲ့။ အတွင်းထဲကရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးကို သိသွားပြီ။ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကာမာသဝ၊ ဘဝါသဝ သိသွားပြီ။ ခန္ဓာထဲက အကျိုးပေါ်ကဖြစ်နေတဲ့ အကြောင်းတရားကြီး ရုပ်တန့်ပြီ။ အပြင်အာရုံ(၆)ပါးလည်း ရုပ်သွားတယ်။ ကနဦးတုန်းက အပြင်အာရုံကို ပရိယတ္တိနဲ့ဆင်ခြင်ထားတယ်။ အဲ စာတော့မတတ်တော့ ကျင်းအောင်းနေတယ်။ လူကနေ ကျင်းအောင်းပြီးတော့ ရှုတယ်။ ဘယ်သူ့အရင်သတ်ရလဲ။ ဒိဋ္ဌိကို အရင်သတ်ရမယ်။ ဒိဋ္ဌိကို ဘယ်လိုသတ်ရမလဲ။ တစ်နေ့တစ်နေ့ ဒုက္ခသစ္စာ နှလုံးသွင်းတယ်။ ကြာလာတော့ ဒီရုပ်တွေ၊ ဒီနာမ်တွေ မတွယ်တာတော့ဘူး။ အဲဒီတော့မှ သိလိုက်တော့မှ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာဝဝဋ်တွေပါလား။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်းတွေ မြင်တာပဲရှိမယ်။ ဒီတော့ အတွင်းထဲကနေပြီးတော့ အတွင်းဓါတ်(၄)ပါးဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်(၄)ပါးက ရှိပါတယ်။ သူမစွဲတော့ပါဘူးဗျာ။ အာရုံကိုလည်း အတွင်းအာရုံချုပ်မှ အပြင်အာရုံ(၆)ပါးက အကုန်လက်နက်ချကုန်ပြီ။ သမာဓိတွေကောင်းလို့ ပညာတွေကောင်း၊ သီလတွေကောင်း။ အဲဒီ(၃)ခုကို ဆွဲဆောင်သွားပြီ။ တစ်နေ့လုံးထိုင်သွားပြီ။ ပညတ်ကနေပြီးတော့ ပရမတ်အာရုံကို သွားတွေးလိုက်တယ်။ ပရမတ်အာရုံကို မနောနဲ့သွားပြီးတော့ အာရုံဖြစ်နေပြီ။ ခန္ဓဝဋ်ကြီးကတော့ ပညတ်နယ်ထဲမှာ မနောရဲ့အာရုံသည် လောကုတ္တရာထဲမှာဖြစ်နေပြီ။ ကိလေသာ ဘာမှမရှိဘူး။ သဘောပဲ။ ရုပ်သဘော၊ နာမ်သဘော သိတယ်။ ဒီရုပ်တွေကို သူသိတယ်လည်း မပြောဘူး။ မသိဘူးလည်း မပြောဘူး။ သဘောပဲတဲ့။ အာရုံပြတ်သွားပြီ၊ တရားသဘောပရမတ်ကနေပြီးတော့ ပြန်ဆင်းလာတယ်။ ပြန်ဆင်းလာတော့ ပညတ်ဟာ ဩော် ဘာမှမရှိ သဘောပါလား။ ငါသိပြီ။ ပရမတ်ကိုမြင်မှ ပညတ်စင်တယ်။ ပညတ်စင်ပြီဗျ။ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဩော် ဒိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား။ ပညတ်နဲ့ ပရမတ် လောကီကနေ လောကုတ္တရာ။ ဦးဇင်းက သဘောလေးနဲ့ပေ့ါ။ သီလက အရေးကြီးပါတယ်ဗျာ။ ကိုယ့်စိတ်ကိုယ်စစ်ပါဗျာ။ တရားထိုင်တဲ့အခါမှာ ခင်ဗျားတို့ယောဂီပုဂ္ဂိုလ်တွေ တရားထိုင်တဲ့အခါမှ တရားစဉ်ပေါ်မှာ နိဝရဏတွေဖြစ်လား။ ကိလေသာတွေထိုးလား။ ထိုးလို့ရှိရင် အတွင်းအာရုံမှာ ကိလေသာတွေနဲ့ထိုးရင် အဲဒီတော့ ဘာလို့ငါ့ကိုထိုးသလဲ။ ကိုယ့်စိတ်ကိုယ်စစ်၊ ငါဟာငါနေတာ ထိုင်တာမဟုတ်လို့ ငါ့ထိုးပါလား။ ငါမြေးတွေ၊ သားတွေ၊ သမီးတွေနဲ့နေလို့ ငါ့ထိုးပါလား။ ငါ ကိလေသာအာရုံထဲမှာနေပါလား။ ဘာဖြစ်လို့ ဉာဏ်မပေါက်သလဲ။ အဲဒီတော့ ငါနေတာက မစင်ကြယ်

လို့ ဉာဏ်မပေါက်တာ။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူးတဲ့။ အဲဒီတော့ ခင်ဗျားတို့ ထိုင်တာ ထိုင်နေတာ ကံပဲဗျ။ ကောင်းတဲ့ကံတွေ၊ ကောင်းတဲ့အကျင့်တရားတွေပါဗျာ။ မှန်တယ်ဗျို့၊ အဲဒီဉာဏ်ရမှ အဲဒီအာရုံ(၆)ပါး ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ အဲဒါကိုကြည့်ပေ့ါဗျာ။ အဲဒါ ဉာဏ်နော်။ ဒါကြောင့် ဝိဇ္ဇာဉာဏ်၊ သစ္စာဉာဏ်နော်။ အဝိဇ္ဇာကို ပယ်လိုက်တယ်။ အဝိဇ္ဇာကိုပယ်ရင် ဝိဇ္ဇာဉာဏ်ဝင်လိုက်တယ်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တာ။ အဲဒါ တစ်ချက်တည်းလုပ်လိုက်တာ။ အလုပ်နှစ်ခုဖြစ်တာ အဲဒါပဲဗျို့၊ အဲဒါ ကိုယ့်စိတ်ကို ကိုယ်စစ်ပေတော့။ အထူးသဖြင့် သည်းခံပါ။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ ဘယ်သူဘာပြောပြော သည်းခံ။ အေး အေး အေး ကလေးလေး ခွေးကိုက်တာတောင် သွားမရိုက်နဲ့။ ကိုက်ပါစေကွာ။ သည်းခံလိုက်။ အေး အေး အေး အဲဒါတရားလေးထိုင်လိုက်။ အဲဒီတော့ ဒီအာရုံတွေကို မစွဲပါနဲ့တဲ့။ တွယ်တော့ တွယ်ထားပါတဲ့။ သွားတော့ မစွဲလိုက်ပါနဲ့တဲ့။ မြေးလည်း သွားမစွဲနဲ့။ တွယ်တော့ တွယ်ထားပါတဲ့နော်။ မစွဲနဲ့ စွဲရင်တော့ ကိုယ့်အကြောင်းပဲတဲ့။ အကြောင်းကိုသတ်တတ်အောင် သတ်ပါတဲ့။ အကျိုးပေါ်က အကြောင်းကြီးဖြစ်နေတာဗျ။ အကျိုးပေါ်က မြင်လိုက်တာ အကြောင်းကြားလိုက်တာ အကြောင်း။ နံလိုက်တာအကြောင်း၊ အဲဒီအာရုံလေးတွေက သဘာဝမျက်စိနဲ့ မြင်လိုက်တဲ့အာရုံပဲ။ အဲဒီအာရုံကို ကိုယ်က လို/မလို ဆိုတဲ့စိတ်ကလေးဖြစ်သွားရင် အဲဒါ ဥပါဒါန်ပဲ။ အနုသယကိလေသာကိုသတ်ဖို့က အင်မတန်အရေးကြီးတယ်။ အနုသယကိလေသာကိုသတ်ရင် ခင်ဗျား ဟိုဖက်ကမ်းကို တွေ့ပါလိမ့်မယ်တဲ့။ ဒီဟာ သိပ်အရေးကြီးပါတယ်နော်။ လူ့ဘုံက အင်မတန်မှ ထူးမြတ်ပါတယ်တဲ့။ အင်မတန်မှ ဘာနဲ့မှမတူပါဘူးနော်။ ဦးဖင်းတို့ ကမ္ဘာတည်ကတည်းက ဘဝတွေ ဘဝတွေ မျောလာရတယ်။ နောက်ကိုကြည့်လိုက်တော့ ဦးဖင်း တို့ ကြောက်သွားပြီ။ ကျင့်တော့ သိတယ်။ သိတော့ မြင်တယ်။ မြင်တော့ ကြောက်ပြီတဲ့။ တစ်ခါတည်း အလွတ်ရုန်းတော့တာပဲ။ အဲဒီလိုလုပ်ပါ။ အဲဒါ ဒကာမကြီးတို့ ဒကာကြီးတို့ ဒကာမလေးတွေ၊ ဒကာလေးတွ နောက်ဆုံးဘာလဲဆိုတော့ ဓမ္မသာဝန ဒါကြောင့်မို့လို့ ဒုလ္လဘ(၅)ပါးထဲမှာ ပါပါတယ်။ သဒ္ဓမ္မသာဝနံ သူတော်ကောင်းရဲ့တရားစကား နာကြားရလေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ခန္ဓာထဲက ကျင့်တဲ့တရားပါ။ အမှန်ကိုပေးလိုက်တာ အင်မတန်သည်းခံပါတဲ့။ လာတာလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်းတဲ့။ ကိုယ်ကစွဲတာတဲ့။ စွဲရင် ဥပါဒါန်။ ဥပါဒါန်ဖြစ်တာနဲ့ ကံဖြစ်တယ်။ ကံက ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံပဲ။ ကိုယ်ကတွေးကြည့်ပေ့ါ။ ဥပမာလေးပြောရမယ်ဆိုရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတော်မူတယ်။ အာယုသင်္ခါရလွှတ်တယ်လို့ ပြောပါတယ်။ အဲဒီတော့ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးက အာယုသင်္ခါရလွှတ်လိုက်တဲ့အခါမှာ ရှင်အာနန္ဒာ ကျန်ပါတယ်။ အရှင်အာနန္ဒာဟာ စာအားကြီးတတ်ပါတယ်။ သူက အကုန်လုံး တရားတွေရတယ်။ ဘုရား ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ အဲ သူမှာ ရဟန္တာမဖြစ်ဘူး။ စာတော့ တတ်နေတယ်။ အဲဒီတော့ ရဟန္တာပေါင်း(၅၀၀)က ခုနက သံဃာရတနာတင်ဖို့ သူ့ကိုဖိတ်တယ်။ သူက စာ အားကြီးတတ်တယ်။ ဒီပုဂ္ဂိုလ်ပင့်တဲ့အခါကျတော့ သူက ရဟန္တာမဖြစ်သေးဘူး။ မဖြစ်တော့ သူကလည်း ကျင့်ရတယ်။ စာတတ်ကြီး တစ်ညလုံးသူကျင့်တာပဲ မရတဲ့အဆုံး မနက်မိုးလင်းတော့ ငါတော့မရတော့ပါဘူး။ အဲဒီတော့မှ မာန်ချလိုက်တယ်။ အဲဒီတော့မှ ရဟန္တာဖြစ်တာ။ ဖြစ်တော့မှ ကြွသွားတယ်တဲ့နော်။ ဒီတရားကိုကျင့်ပေးရမယ်။ ဒါကြောင့်မို့ ဒကာ၊ ဒကာမတွေ ကျင့်ကြပါတဲ့။ အထူးသဖြင့် ဒီတရားကို ကျင့်ကြပါ။ ဦးမြမောင် နဂိုမူလက လူဆိုးပါ။ ပုလိပ်ကိုတော့ အပြစ်မပြောပါဘူး။ ပုလိပ်ထဲရောက်လာတော့ ပေါ့ပေါ့နေတာကိုဗျ။ ပေါ့ပေါ့လေးရတော့ စားလိုက်၊ သောက်လိုက် ပျော်နေတာကို။ အပါးလယ်တော့ အပါယ်ဆိုက်တော့မှာနော်။ အေး ဦးမြမောင် မသိတော့ လုပ်မိတာပေ့ါ။ အပြစ်မပြောပါဘူး။ စိတ် စိတ်ကိုအလိုလိုက်တာ အဲဒီအကျိုးပေါ်က အကြောင်းဘဝတွေဟာ အင်မတန်မှဆိုးတာ။ ဘုန်းကြီးမပြောတတ်လို့နော်။ အဲဒါလေးတွေကို ဒီလိုလုပ်လာရင် အဓိသီလမရှိပါဘူးတဲ့။ သားသမီးတစ်ခုခုဖြစ်သွားရင် ဒီအာရုံမေ့သွားပါပြီ။ ဟိုအာရုံကို သွားစွဲတယ်။ အဲဒါ သင်္ခါရပြောင်းလိုက်တာ။ အဲဒါ အာရုံပြောင်းလိုက်တာနော်။ ဒါကြောင့်မို့ အေး ကိလေသာ ကာမဂုဏ်အာရုံကြီးကို အေး အေး အဲဒီလိုပေ့ါဗျာ။ အဲဒါကို သိထားရမယ်။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သုံးချက်ကို ပြီးမြောက်အောင် လုပ်လိုက်ပါတဲ့။ တစ်ချက်တည်း မနေပါနဲ့။ ပရိယတ္တိနဲ့ မနေပါနဲ့တဲ့။ ပဋိပတ္တိလုပ်လိုက်ပါတဲ့။ ပဋိပတ္တိကိုလုပ်မှသာလျှင် မနောရဲ့အကြောင်းတွေကို သိလာလိမ့်မယ်တဲ့နော်။ ကိုယ့်စိတ်ကို စစ်တဲ့အခါကျတော့ ပြော် ကိလေသာများကို ဝေးကွာတော်မူပြီ။ တစ်ခုသောအာရုံက ဖြစ်နေပါလား။ လောကီကာမဂုဏ်ကနေပြီးတော့ လောကုတ္တရာကိုရောက်သွားပြီ။ ဘာမှ ကိလေသာနဲ့ပတ်သက်တဲ့ စွဲလန်းခြင်း သူ့မှာမရှိတော့ဘူး။ အဲဒီမှာ ခင်ဗျားတို့ အခုတရားထိုင်တာလည်း ကိုယ့်စိတ်ကို ကိုယ်စစ်။ စစ်လိုက်တဲ့အခါမှာ ကိလေသာကာမဂုဏ်ရဲ့ တွေးတောတဲ့အာရုံတွေရှိသလား။ ရှိရင် အဲဒါ ခင်ဗျားတို့။ ရှိရင် အပြင်မှာမစင်ကြယ်လို့ ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်မှာ ခင်ဗျားတို့ ဆင်ခြင်ပါ။ ကြည့်ပြီးနေပါ။ ကြည့်ပြီးထိုင်ပါတဲ့။ စကားမပြောပါနဲ့တဲ့။ အဲ လူတွေနဲ့သွားပြီးတော့ ဝိုင်းမဖွဲ့ပါနဲ့။ ကိုယ့်တရားကို ကိုယ်လုပ်ပါတဲ့။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါတဲ့။ အဲဒီတောထဲမှာ ထိုင်တဲ့အခါကျတော့ တောထဲမှာပဲထိုင်ထိုင်၊ ကျောင်းမှာပဲထိုင်ထိုင် ကိုယ့်စိတ်ကို စစ်ပါ။ စစ်တဲ့အခါကျတော့ ကိလေသာ

များ ပေးကျွာတော်မူပြီ။ တစ်ခုသောအာရုံဖြစ်ပြီ။ အဲဒါ အဓိသီလခေါ်တယ်။ အပ္ပမှာဒေနသမ္မာဒေထ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒါ သီလပဲတဲ့။ အဲဒါ ပဋိပတ္တိရဲ့သီလ၊ ပဋိယတ္တိရဲ့သီလကတော့ သီလလေးယူလာပြီ။ အဲ အိမ်ရောက်တော့ ထမင်းလေးတွေ ဘာလေးတွေ စားတော့ ခုနကပြော သလို ပုဆိုးကြီး ခွေးကိုက်တော့ ခွေးကိုဆင်းရိုက်တယ်။ လည်ပင်းမှာတော့ စိတ်ပုတီးကြီးနဲ့နော်။ အဲဒါ ခွေးရိုက်တယ်ဆိုပဲ ခွေးရဲ့အာရုံသွားစွဲတာကိုဗျ။ ကိုယ့်ရဲ့သိတဲ့သညာက ပုဆိုးကြီး ခွေးဆွဲပါတယ် ဆိုပြီး ဒေါသ၊ မောဟတွေဖြစ်တာပေါ့ဗျာ။ အဲ သဘောလေး သဘောလေး။ အဲဒီအာရုံ(၆)ပါးက ကိုယ့်ကို ဒုက္ခပေးနေပါတယ်တဲ့။ အဲဒီ အာရုံ(၆)ပါးကို သတ်နိုင်တာက ဉာဏ်ပါပဲတဲ့ဗျာ။ အတွင်းရဲ့ စိတ်ကလေးတွေကို ကြည်လင်အောင်ထားပါ။ အပြင်မှာ ကြည်လင်မှ အတွင်းမှာ ကြည်လင်မယ်။ အဲဒီလိုလုပ်ကြပါတဲ့။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

# မြောင်းမြမြို့

## ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃.၆.၂၀၀၀)ရက်နေ့

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၈၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၈၄)
# (၃.၆.၂၀၀၀)ရက်နေ့၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ဒီတော့ နောက်စာမတတ်တော့ အသက်(၅၀)ကျော်မှာ ရဟန်းဘောင်တက်တော့ အသက်ကြီးမှတောထွက်ကြီး၊ စာမတတ်ဘူး။ စာအားကြီးတတ်ချင်တာ။ မတတ်ဘူး။ အဲ့ဒီတော့ စာနဲ့သိတဲ့အသိရှိတယ်။ ခန္ဓာနဲ့သိတဲ့အသိရှိတယ်။ သဘောလောက်ပဲ။ ဦးဇင်း က စာမတတ်တော့ သဘောလောက်ပဲ ခင်ဗျားတို့နာကြပါလို့။ စာမတတ်ဘူးတဲ့၊ အဲ့ဒီတော့ ခန္ဓာသိ ဝိပဿနာရှိသလို စာသိဝိပဿနာရှိတယ်။ အခု ဦးဇင်း က ခန္ဓာသိဝိပဿနာကို သဘောလေးပြော ပြမယ်။ ဒီကံဘယ်ကစလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကစလဲ။ မနောကံကစတယ်။ မနောကံ က စတဲ့အတွက်ကြောင့် ဒီကံဟာ ဘာကြောင့်ဖြစ်ရတာလဲ။ အာရုံငါးပါးလက်ရှိမြင်လိုက်တယ်၊ မြင်မှ သိပါတယ်တဲ့၊ ဒီအသိရဲ့အသိလေးဟာ ဘယ်လိုများသိပါသလဲလို့ အမှတ်နဲ့သိပါတယ်တဲ့၊ မှတ်တာက သညာ၊ စွဲလိုက်တာက ဥပါဒါန်၊ သဘောပေါ့ဗျာ။ အဲ့တော့ ကံတော့ဖြစ်သွားပြီ၊ ဘယ်လိုဖြစ်လို့လဲ။ ဥပမာဆိုရင် ဥပမာပေါ့ဗျာ။ သားသမီး သူ့ဟာသူ တစ်နေ့သောအခါ ရေချိုးရင်းနဲ့ ကလေးဟာ ရေနစ် သွားတယ်။ မအေက အဲ့ဒီသတင်းကြားလိုက်တယ်။ လက်ဦးတုန်းကတော့ ကောင်းနေတာမျိုး၊ အဲ့ဒီသူနားကကြားလိုက်မှ အဲ့ဒီအာရုံကို အမှတ်နဲ့ယူလိုက်တယ်။ ဩော် ငါ့သားလေး ရေနစ်သွား တယ်။ အဲ့ဒီတော့မှ ဥပါဒါန်ကံဖြစ်သွားတယ်။ အဲ့ဒါ ဗျာပါဒလို့ခေါ်တယ်။ စိုးရိမ်ကြောင့်ကြ ပူကြတဲ့ ဗျာပါဒ၊ နောက်တစ်ခါဘာဖြစ်သွားလဲ။ အဘိဇ္ဈာဆိုတာ ဝန်တိုမိစ္ဆာ အဘိဇ္ဈာ၊ ဒါဟာ စာကရေးထား တယ်။ အာရုံမှာကြည့်လိုက်တော့ အို သိပ်ပြီးတော့မကျွေးချင်ဘူး။ တစ်ခါတည်းမြင်တယ်ဆိုရင် စားစရာတွေဖွက်ထားတယ်နော်။ အဘိဇ္ဈာအာရုံကြောင့် ဥပါဒါန် ကံ၊ ဒီကံတွေဟာ သံသရာလည်တဲ့ တရားတွေပဲ။ အခုဘဝမှာလည်နေတာ။ ဒါ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံနော်။ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံ။ အစွဲကြောင့်ဖြစ်တဲ့ကံ။ အဲ့ဒီကံက ကောင်းတဲ့ကံရှိသလို မကောင်းတဲ့ကံရှိ တယ်။ အဲ့ဒီ မိမိရဲ့စိတ်ကိုထိန်းထားပါ။ အာရုံငါးပါးမှာ နှလုံးသားရဲ့စေတနာဟာ အာရုံပေါ်မှာ စေတနာ ထားပါနော်။ စေတနာထားရင် စိတ်ကလေးကို ရှေ့စိတ်နဲ့ နောက်စိတ်။ ဩော် အဲ့ဒီတော့ ငါ စေတနာ ထားရမှာပဲ။ ငါ့ဆဲတာပဲ။ ငါ့တိုင်းတာပဲ။ ငါ့ကိုမကောင်းတဲ့သတင်း အပုတ်ချပြောတာပဲ။ သူ့ဘာပဲ ပြောပြော ကိုယ့်စေတနာမပျက်နဲ့။ အဲ့ဒါ စိတ်ထိန်းတဲ့ ကုသိုလ်တရားလို့ခေါ်တယ်နော်။ စိတ်သာ တဏှာနယ် ဘုရား မစွက စိတ်သာရှင်စောဘုရားဟောတဲ့ အဲ့ဒီစိတ်ကလေးကို ထိန်းထားပါတဲ့။

အဲ့ဒီတော့ အပြင်မှာစင်ကြယ်ရင် အဲ့ဒီအာရုံငါးပါးကိုစင်ကြယ်ရင် အဲ့ဒီအာရုံငါးပါးကိုစင်ကြယ်ရင် နှလုံးသားလည်းစင်ကြယ်တယ်ဗျို့။ နှလုံးသားစင်ကြယ်ရင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ။ အဲ့ဒီတော့ ဒီဝိပဿနာဟာ ဉာဏ်စခန်းခေါ်တယ်နော်။ ခုနက ဦးဇင်း ဆိုပြတဲ့ ဂမ္ဘီရဉာဏ်ဆိုတာ ရုပ်နာမ်သိတဲ့သူကို ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ်မသိတာက အဝိဇ္ဇာခေါ်တယ်။ အဲ့ဒါ သဘောလေးတွေပြောသွားတာ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ကာယကံ(၃)ပါးက စာနဲ့ရေးထားတယ်။ သူများအသက် မသတ်နဲ့၊ သူများပစ္စည်း မခိုးနဲ့။ သူများသားမယား မဖျက်ဆီးနဲ့။ ဒါ စာကရေးထားတယ်။ အဲ့ဒီတော့ စာကမှန်တယ်။ စိတ်ကမမှန်ဘူး။ အဲ့တော့ စိတ်မမှန်တော့ ဘာဖြစ်မလဲ။ သစ္စာတရားတွေပျက်တယ်။ အဲ့ဒီတော့ သစ္စာတရား သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စ၊ အရိယတသစ္စာနော်။ စိတ်ကလေးကိုထိန်းထား။ ခင်ဗျားတို့ပြန်ကြမှာပဲ။ ခင်ဗျားတို့လာတော့လည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း။ ဒီအစွဲဥပါဒါန်တွေဟာ သံသရာလည်တဲ့တရားတွေ။ အဲ့ဒီတော့ ဒီသံသရာဘယ်ကစလဲ။ ခန္ဓာကစတယ်။ ခန္ဓာကစတဲ့အတွက်ကြောင့် ဒီအာရုံငါးပါးကို မလွတ်လို့ ခင်ဗျားတို့က အဲ့ဒီအာရုံကို မှတ်ပြီးတော့ ယူလိုက်တဲ့အတွက်ကြောင့် အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲ့ဒါ ကံတွေပဲဗျို့။ အဲ့ဒါ သံသရာလည်တာပဲနော်။ ဥပမာပြောရမယ်ဆိုရင် ဦးဇင်း က စာတတ်တာမဟုတ်ဘူး။ ဘဝတွေပြောတာ။ နတ်ပြည်မှာ လူ့ပြည်ကနေပြီးတော့ အင်မတန် လူ့ပြည်မှာ စေတနာသိပ်ကောင်းတယ်။ ဒီအဘွားကြီးက အိုး စေတနာကို သိပ်ကောင်းတာပဲ။ သူများပါးရိုက်လည်း ဘာမှမပြောဘူး။ သူ့လက်သီးနဲ့ထိုးလည်း ဘာမှမပြောဘူး။ သူ့ဟာသူနေတယ်။ အဲ့ဒါ အနာခံတာ။ သူသိထားတာကိုး အဲ့ဒီလိုနဲ့ ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါကျတော့ နတ်ဘုံရောက်တယ်ဗျို့။ နတ်ဘုံမှာ တစ်ခါတည်း လျှမ်းလျှမ်းတောက်နေတာပဲ။ သူ့အောက်ကစေတနာကကောင်းတော့ ဘုံမှာလည်း တစ်ခါတည်းကို အင်မတန်မှ ထူးခြားတဲ့သူနော်။ နေတာထိုင်တာ အဲ အင်မတန်ထူးခြားတယ်။ အဲ့ လူ့ပြည်မှာ စေတနာပုပ်စပ်တယ်။ စေတနာပုပ်စပ်တဲ့အခါကျတော့ နတ်ပြည်ရောက်သွားတဲ့အခါကျတော့ အာ ဘုံလေးက မှိတ်တုတ် (မှိတ်တုတ်)၂ နော်။ ဒါဘာလဲ စေတနာမဟုတ်လား။ ခင်ဗျားတို့ ဒီစေတနာတွေဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တစ်ယောက်နဲ့တစ်ယောက် ချစ်ချင်ခင်ခင် ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ့်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်း မာန်တွေ၊ ဗလမာန်တွေ ဒီမာန်တွေ။ အဲ့ဒီတော့ မစွဲနဲ့တဲ့။ စွဲရင် ဥပါဒါန် ကံဖြစ်သွားလိမ့်မယ်နော်။

မင်းဗလအားကိုးတယ်။ ဆွေမျိုးအားကိုးတယ်။ ရာထူးအားကိုးတယ်။ အားကိုးတဲ့မာန်တွေ။ အဲ့ဒီတော့ ဒီမာန်ဟာ ဘာကြောင့်ဖြစ်သလဲ။ အဲဒီမာန်ဟာ ဘာကြောင့်ဖြစ်သလဲ။ တဏှာကြောင့်ဖြစ်တယ်။ အဲ့ဒီတဏှာ ဘာကြောင့်ဖြစ်သလဲ။ ဒိဋ္ဌိကိုမသတ်လို့။ အာရုံကိုမပယ်ဘူးဗျို့။ တဏှာ၊ မာန၊ ဒိဋ္ဌိ နော်။ ကိုယ့်ကိုကိုယ် ရင်ဝလှံစူးတာကို စူးမှန်းမသိဘူးနော်။ အဲ့ဒီတော့ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား။ ဟော မမြဲတော့ မစွဲဘူး။ ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိတော့ အဲ့ မနောအေးတယ်ဗျို့။ ရေခဲတုံး ဗိုက်ထဲထည့်ထားသလိုပဲနော်။ အဲ့ဒါ အေး အေး အေး။ အေးငြိမ်းတဲ့ဓာတ်ခေါ်တယ်။ အဲ့ဒါလည်း ဒါတွေကို ခင်ဗျားတို့ အဲ ခုနကပြောသလို ကိုယ့်စိတ်ကို ကိုယ်စစ်ရမယ်။ ကိုယ့်စိတ်ကို ဘာနဲ့စစ်မလဲ။ ဩော် ဦးပဏ္ဍိတ ပြောတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးပေါင်းလိုက်တဲ့အခါမှာ ဒုစရိုက်(၁၀)ပါး၊ ဒုစရိုက်(၁၀)ပါးဆိုရင် အပါယ်ကျနေပြီဗျို့။ အဲ အာရုံ(၅)ပါးဆိုတော့ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ နံချင်လား၊ မနံချင်ဘူး။ စားချင်လား၊ မစားချင်ဘူး။ သိချင်လား၊ မသိချင်ဘူး။ အာရုံလည်းပယ်ပြီ၊ ဟော အဲ့ကံ(၁၀)ပါးလည်းပယ်ပြီ။ အဲ့ဒီကံ (၃၁)ဘုံ လွတ်တဲ့ကံ။ အဲ့ဒီထဲမှာပါနေပြီ။ ဗျာပါဒ၊ အဘိဇ္ဈာ ဟော ကြည့် မထိတဲ့ မထိတဲ့ ဖြစ်တဲ့ကံသွားစွဲတာ။ သွားစွဲတာနော်။ ဟိုဟာက ဟိုထဲက ကာယကံက ဝစီကံက သွားပြီးတော့ ကြက်ကလေးကိုသတ်ပြီးတော့ စားရသေးတယ်။ မနောကံက မစားရဘူးဗျို့။ အဲ့ဒါ ဥပါဒါန်ကြောင့် ဒါ အစွဲတရားကြီးခေါ်တယ်နော်။ ဒီအစွဲကိုသတ်ရမယ်နော်။ အဲ့ဒီမဂ္ဂင်ရှစ်ပါးနဲ့ ကိုယ့်စိတ်ကိုယ်စစ်ပြီး အာရုံငါးပါးကိုပယ်ပြီး ဒုစရိုက်ဆယ်ပါးကိုပယ်ပြီး အာနာပါန ခယဝရ ထိမှု သိမှု ကြည့်ရှုတယ်။ အဲ့ဒီဘဝင်စိတ်ကလေးက မနောဘဝင်စိတ်ကလေးက နှာခေါင်းနှစ်ပေါက်ရဲ့ (ထွက်လေ ဝင်လေ)၂ ဒလစဉ် ဒလစပ်လုပ်တယ်။ ဒီအချိန်အခါမှာ ဒီအာရုံကိုသုဖမ်းမယ်။ ပြီးတော့ ဘယ်ကိုသွားမလဲ။ စိတ်ကလေးကို ငြိမ်အောင်ဖမ်းထားမယ်။ အဲ့ဒီတော့ (ထိတယ် သိတယ်)၂ ဆိုတော့ ဘဝင်စိတ်ကလေးက ဒီနှာသီးနှာဖျားဝမှာ ထိတာကရုပ်၊ သိတာကနာမ်လို့ စွဲမနေနဲ့ ကိုယ့်ဟာကိုယ်မှတ်နေ အမှတ်ကလေးနဲ့မှတ်နေ။ အမှတ်အသိကလေးနဲ့မှတ်နေ အဲ့ဒါကဘာလဲ။ အဓိသီလ အပြင်မှာစင်ကြယ်တော့ အဓိသီလ၊ အဓိစိတ္တ။ ဟော အဓိပညာရတော့မယ်။ အဲ့ဒါစိတ်ကိုစစ်တာ စိတ်ကိုစစ်တာ အာရုံလည်းပယ်ပြီ၊ ကံကိုလည်းပယ်ပြီ။ အဲ့ဒါ ဝိပဿနာရဲ့ ဉာဏ် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါဥဒပါဒိ။ ဉာဏာဥဒပါဒိ။ ဒါ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဟော ခံစားရတယ်။ တရားကိုခံစားရတယ်နော်။ ဟိုဟာကလည်း

ကြက်သားဟင်းတော့ချက်တယ်ဗျို့။ ကောင်းကောင်းမွှန်မွှန်ချက်ထားတယ်ဗျို့။ အဲ့လို ကောင်းကောင်းမွှန်မွှန်ချက်တဲ့အခါကျတော့ အဲ့ဒီကြက်သားစလောင်းဖုံးဖွင့်တော့ အမွှေးနံ့က အင်မတန်မွှေးကြိုင်တဲ့အနံ့ကိုရပါတယ်။ ဟိုကဖွင့်ပြီးစားရတာ အဲ့ဒီအရသာသိရင် ဝိပဿနာဉာဏ်ရပြီနော်။ စာတတ်တဲ့သူက အနံ့ပဲရပါတယ်။ မစားရဘူး။ ဒီသဘောရှိတယ်။ စာပယ်တာမဟုတ်ဘူး။ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ အရိယာခေါ်တာနော်။ စာကတော့မှန်နေတယ်။ ဘဝင်စိတ်က တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်နေတယ်။ ဘာဖြစ်ဦးမှာလဲဗျနော်။ ကိုယ့်စိတ်ကိုယ်စစ်။ အဲ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်၊ ဘယ်သူက ဘာပြောပြော ဟုတ်ကဲ့ဆရာကြီး၊ ဟုတ်ကဲ့ဆရာကြီး၊ ဟုတ်ကဲ့ဆရာကြီး။ သြော် အပြင်မှာစင်ကြယ်တယ်၊ အပြင်မှာဘာလဲ။ အာရုံတွေကို သူ့စေတနာဟာ စင်ကြယ်တယ်ဟော့။ သြော် အစ်ကိုကြီးကျတော့ ခိုင်းပါ၊ အစ်မကြီးကျတော့ ခိုင်းပါ။ ကျွန်တော်လုပ်ပါ့မယ်။ ဟော လိုချင်တာ ဟော ကိုယ့်မှာ ထမင်းဖိုးလေး၊ ဟင်းဖိုးလေး သူတို့က ထုတ်ပေးထားတယ်။ ကိုယ်မှန်ဖို့လိုတယ်နော်။ ကိုယ်ကမဟုတ်တဲ့ မမှန်တဲ့ဟာတွေလုပ်မယ်ဆိုရင်တော့ တစ်ခါပဲစားရမယ်ဗျို့။ ကိုယ်မှန်ဖို့ ကိုယ်သစ္စာရှိဖို့လိုပါမယ်။ အဲ ခင်ဗျားတို့လည်းပြန်မှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ ခင်ဗျားတို့လည်း အဲ အဝိဇ္ဇာကြီးကို ဘာနဲ့ဆေးကြောလဲ။ သီလနဲ့ဆေးကြောတယ်။ အဝိဇ္ဇာကြီးကို ဘာနဲ့ဆေးကြောလဲ။ ဒါနနဲ့ဆေးကြောတယ်။ အဝိဇ္ဇာကြီးကို ဘာနဲ့ပွားများလဲ။ ဘာဝနာနဲ့ပွားများတယ်နော်။ လုပ်တတ်ဖို့လိုတယ်။ ဦးပဏ္ဍိတ စာတတ်တာမဟုတ်ဘူး။ လူဆိုးတစ်ယောက်ပဲ။ လူဆိုး လူဆိုးက လူကိုတော့သတ်တာမဟုတ်ဘူးဗျို့။ လစ်ရင် ခိုးတယ်၊ ကိုင်းထောက်တယ်၊ လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိ။ ထင်တာတွေပြောတယ်။ အရက်မူးလာရမ်းတယ်။ ဒါတွေဟာ မိစ္ဆာအယူတွေ။ သမာမဟုတ်ဘူး။ အဲ့ဒါသာ အဲ့ဒီလိုစိတ်မျိုးနဲ့သေသွားရင်ခွေးတောင်ဖြစ်မှာမဟုတ်ဘူး။ သဘောလေးသာနာနော်။ အဲ့ဒီတော့ ကိုယ်ဟာ ဘုံ(၃၁)မှာရောက်လာတဲ့ လူ့ဘုံက အမြတ်ဆုံးပဲ။ လူ့ဘုံလောက်မြတ်တာတော့မရှိဘူး။ အဲ့ဒီတော့ ကိုယ်မသိရင် မသိတာနဲ့မရှိတာ။ မရှိတာကိုရှာရင်ရတယ်။ မသိတာကို အခက်ဆုံး လူ့ဘုံရောက်တာအမြတ်ဆုံး။ သဘောလေးပြောပြမယ်။ စာတော့ မတတ်ဘူးဗျ။ သဘောလေးနဲ့နာ။ အဲ့တာလူ့ရဲ့သဘောလေးပေါ့။ ဗုဒ္ဓုပ္ပါဒကာလ ... ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရသည်။ သူကဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ်တစ်ယောက်။ သူများတစ်တောင်ကျင့်ရင် သူဟာ နှစ်တောင်ကျင့်တယ်။ သူများနှစ်တောင်ကျင့်ရင် သူဟာ လေးတောင်ကျင့်တယ်။ အဲ့ဒါ ဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ်ပဲ။ နောက်တစ်ခါ စာကရေးပြန်ရော။ မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝသည် ခဲယဉ်းစွာရသည်တဲ့။ ဟော စာရေးထားတယ်နော်။ စာကသိပ်မှန်နေတာ။

ဟော ဖြစ်ပြန်ရော။ နောက်တစ်ခုရေးပြန်ရော။ သတ္တဇသမ္ပတ္တိ ရတနာသုံးတန် ကံ ကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရသည်တဲ့။ ဟော သုံးခုရှိသွားပြီ။ နောက်တစ်ခုရေးပြန်ရောဗျို့ ပဗ္ဗဇ္ဇိတဘာဝေါ ရသေ့ရဟန်းအဖြစ်သို့လည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်သည်တဲ့။ ဟော လေးခုရှိပြီ။ နောက်တစ်ခုက သတ္တမသာဝန သူတော်ကောင်းတရား စကား နာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရသည်တဲ့။ အဲ့လို ခြေဆေးရင်ပြင်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အမြတ်မြတ်း ဒီတရားကိုဟောပါတယ်။ ဒါ လူ့ဘုံ (၃၁)ဘုံမှာနေတဲ့ လူ့ဘုံမှာ ဒုလ္လဘ(၅)ပါးထဲက ခင်ဗျားရဲ့ အာရုံနဲ့ မနေခဲ့ တစ်ထပ်တည်းဖြစ်နေပြီဆိုရင် ခင်ဗျားစေတနာတွေဟာ အလွန်ကောင်းတယ်ဆိုရင် ဝိပဿနာတရားကျင့်ရင်တော့ ဟော သစ္စာလေးပါး ဒုက္ခသစ္စာ (ဆင်းရဲ ခြင်းအမှန်တရား)၊ သမုဒယသစ္စာ (ဆင်းရဲခြင်းအကြောင်း အမှန်တရား)၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲ့တာ သစ္စာလေးပါး။ ဒီသစ္စာလေးပါးကို ဘာကြောင့်လိုက်သလဲ။ ဟော ခင်ဗျားဘာတွေပြောလဲ။ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အာရုံ(၆)ပါးပယ်ပြီ။ ဒိဋ္ဌိကိုသတ်ပြီးတော့ အေး အဲ့တာ ဝိပဿနာဉာဏ်နဲ့လုပ်ရတယ်။ အဲ့ဒီက ခင်ဗျားအဲဒီသီလတွေက (၃၁)ဘုံကလွတ်တဲ့သီလတွေဗျို့ အဲ့ဒီတော့ အဲဒီလိုသီလမျိုးကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို အဆီညှစ်ထုတ်ရင် ဘာအဆီတွေကျလဲ။ ဇကောဓမ္မောကျတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ စာရေးထားတယ်။ စာကမှန်၏။ စာကမှန်၏။ ဉာဏ်မမီ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်ဗျို့ ကဲ အဲ့လိုပဲ ဦးဇင်း က စာမှမတတ်တာ ကိုး။ မင်းတို့ အဲ့ဒီအကြောင်းကို ကံအကြောင်းကို ကံရှိရင် ဈာန်ရှိမယ်။ ဈာန်ရှိရင် ဉာဏ်ရှိမယ်။ မင်းမေးချင်တာ ငါ့မေး။ ဟော စာတတ်ခဲ့သလား။ ဟော မင်းစာကိုပဲ အလေးထား။ လောကုတ္တရာ အကြောင်းကိုမေး၊ လောကီအကြောင်းကိုလည်း မင်းမေး။ မင်းမေးလို့ မဖြေနိုင်ရင် ဟောဒီသင်္ကန်း ချွတ်ပေးမယ်။ အဲ့တာတွေးကြည့်ပေါ့။ အဲ့တာ ရုပ်နာမ်သိတာ ဉာဏ်လို့ခေါ်တယ်။ ရုပ်နာမ်မသိတာ အဝိဇ္ဇာခေါ်တယ်။ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ သဘောလေးနဲ့ သဘောလေးဟ။ လူ့ပြည်က ပြန်ရမှာနော်။ ခင်ဗျားလည်း ပြန်ရမှာပဲ၊ ဦးပဏ္ဍိတ လည်း ပြန်ရမှာနော်။ ခုနက ဒုလ္လဘ(၅)ပါးဟော ပြီ။ အဲ့ဒီဒုလ္လဘ(၅)ပါးဟာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးကို ပေါက်ရောက်ပြီးတော့ အောင်တယ်။ အဲ့တာ ဘုရားငယ်ခေါ်တယ်။ ဟောတွေ့လား။ ဘုရားငယ်ခေါ် တယ်။ လူတွေက တစ်ယောက်နဲ့တစ်ယောက် မနာလိုကြဘူး။ တစ်ယောက်နဲ့တစ်ယောက် နာလိုတဲ့ သူရှိသလို မနာလိုတဲ့သူရှိတယ်။ ရဟန်းသံဃာလည်း နာလိုတဲ့ရဟန်းရှိတယ်။ မနာလိုတဲ့ရဟန်းရှိ

တယ်။ ကဲ သဘောလေးပဲ။ ဘယ်သူ့ကိုမှမပြောဘူး။ ကိုယ့်စိတ်ကိုယ်စစ်။ အဲ့ဒီတော့ ဒီက မဂ္ဂင်(၈)ပါးနဲ့ စစ်တယ်။ ဒါပဲ။ ရုပ်နာမ်ဆိုတာဘာလဲ။ ရုပ်တရားက ကိလေသာ၊ ကိလေသာကို ဝဋ္ဋခေါ်တယ်။ ကိလေသာဝဋ္ဋ၊ ဟော ကိလေသာဝဋ္ဋကိုသတ်မှ ကာမဝဋ္ဋပြတ်မယ်။ ဟောဒီဘဝအေးမယ်။ သဘောလေးပဲ။ ဘဝမှာ အဲ့ဒီကောင်က အရေးကြီးဆုံးအချက်ဗျနော်။ ဒီလိုပုဂ္ဂိုလ်မျိုးကိုရှာနော်။ အခုအယောင်တွေရှိတယ်။ ရဟန်းတော့ ရဟန်းပဲ။ အသိမတူဘူး။ အသိမတူတော့ကာ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ ပယ် ဆိုက် ပွား။ သဘောလေးပြောတာနော်။ ချွတ်ဆို ချွတ်ပေးလိုက်ပါ့မယ်။ လာပါ။ ခင်ဗျားတို့ရန်ကုန်မှာရှိတဲ့ ထေရ်ကြီးဝါကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေ တပည့်တော်ကစာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ စာတော့မတတ်ဘူး။ တကယ်သိထားလို့ပြောမယ်။ နက်ဖြန်ခါ တစ်နေ့ရှိသေးတယ်။ သဘက်ခါဆိုပြန်မယ်နော်။ ချွတ်ပြီးတော့ ပြန်မယ်နော်။ ခင်ဗျားမကျေနပ်တဲ့ဟာကို မဝတ်နဲ့ဆိုရင် မဝတ်ပါဘူး။ အဲ့ဒီတော့ ဒီသင်္ကန်းဝတ်တယ်ဆိုတာ အော် ငါတို့ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးရဲ့အကျိုးကိုသိလို့ ဩော် .. အဲ့ဒီဟာတွေ သင်္ကန်းဝတ်တော့ ဘုရားအသိရှိတယ်။ တရားအသိရှိတယ်၊ သံဃာအသိရှိတယ်။ အဲ့ဒီတော့ ခင်ဗျားကလည်း စေတနာမှန်တယ်။ အဲ့ဒီတော့ စေတနာမှန်တဲ့ အဲ့ဒီဂါထာပေါင်းမယ်။ ကုသလာနံ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဘုရားဟောတာ။ အဲ့ဒီတော့ ခင်ဗျားတို့ကို သင်ပေးတာကို ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို လေးစားပါ။ ကိုယ့်အောက်ငယ်သူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ မနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဉစ္စာ မာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေမစွဲနဲ့။ စွဲရင် ဥပါဒါန် ကံဖြစ်သွားမယ်။ ကံဆို သံသရာလည်သွားလိမ့်မယ်။ ဩော် .. မြင်တာမမြဲပါလား။ ဟော့ စိတ်ကလေးကိုထိန်းထား။ ရှေ့စိတ် နောက်စိတ်နဲ့ စိတ်ကိုထိန်းနိုင်းနေတာ။ ခင်ဗျားတို့စိတ်တွေကိုထိန်းနိုင်းနေတာ။ မကောင်းတဲ့ ဒုစရိုက်ကို မလုပ်ပါနဲ့။ ရပ်ကွက်က လူကြီးခိုင်းရင် လုပ်ပေးပါ။ အစ်ကိုကြီး ကျွန်တော်တို့လုပ်ပါ့မယ်ဗျာ။ အစ်ကိုကြီး ကျွန်တော်တို့ လုပ်ပါ့မယ်ဗျာ။ ငါ့ချည်းပဲနေ့တိုင်း ကျင်းတူးခိုင်း၊ တစ်နေ့လည်း လာရင်ကျင်းတူးခိုင်း၊ တစ်နေ့လည်း လူကြီးက ငါ့ကို ကျင်းတူးခိုင်း။ ဟော တူးတော့တူးတယ်။ စေတနာပျက်တယ်ဗျို့။ ဟော အလုပ်လည်းလုပ်ရသေးတယ်။ စေတနာပျက်တယ်နော်။ စေတနာမပျက်နဲ့။ ခင်ဗျားသည်းခံထား။ အဲ့ဒီအတွေ့အကြုံရရေး အာဠာဝက က အစ်ကိုကြီး ကျွန်တော်လုပ်ပေးပါ့မယ်။ အစ်မကြီး ကျွန်တော်လုပ်ပေးပါ့မယ်။ ကျွန်တော်ထင်းခွဲပေးပါ့မယ်။ ကျွန်တော် ရေခပ်ပေးပါ့မယ်။ သစ္စာတဲ့ဗျို့။ အဲ့ဒီတော့ သမုဒိသစ္စာ၊

ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတသစ္စာ စိတ်ကိုဟောထားတာ။ ဒီစိတ်ကလေးကို ဟောထားတာ။ မကောင်းတာကိုပယ်လိုက် ပယ်လိုက်ပါ။ ဩော် .... ဦးပဏ္ဍိတ က တို့ရွာမှာ လာဟောတယ်ကွာ။ ဘာတရားတွေဟောသွားသလဲ။ တစ်ယောက်နဲ့တစ်ယောက်လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မှန်ရင် ခင်ဗျားစိတ်ကလေးကိုပြုပြင်လိုက်ပါ။ ပြောင်းလိုက်ပါ။ ဟော ခင်ဗျား အပယ်တွေ ပိတ်မယ်။ အပယ်လေးပါးပိတ်မယ်။ ဟောဒီဘဝဟာ ဘယ်တော့မှာမကျဘူး။ လူ့ဘုံမှာ အသက် (၇၅)နှစ်နေရမယ် မှတ်ထား။ ဘုရားခေတ်က ရာတန်း၊ ဘုရားက သာသနာ(၂၅၀၀)မှာ အနှစ်အစိတ် နုတ်လိုက် အဲ့တော့ (၇၅)နှစ်ကျန်မယ်။ အဲ့ဒီတော့ ၇၅ နှစ်တန်းကို ရာတန်းနေချင်တယ်။ နေချင်ရင် အဲ့ဒီတော့ ခင်ဗျားကို အသက်ကိုဉာဏ်စောင့်တယ်။ ဟော ဥစ္စာကို ကံစောင့်တယ်။ ခင်ဗျားအပေါ် မူတည်တယ်။ အသက်ကို ဉာဏ်စောင့်တယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စကၡုဥဒပါဒိ၊ အာသဝေါဥဒပါဒိ။ ဟော အသက်ကိုဉာဏ်စောင့်တော့မယ်။ သဘောလေးပြောသွားတာ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ စာရေးထားတယ်။ စာအရပြောတာ။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် ခန္ဓာမှာရှိတယ်။ သွေးရယ်၊ သည်းခြေရယ်၊ လေရယ်၊ သလိပ်ရယ်။ ပထဝီရယ်၊ တေဇောရယ်၊ အာပေါ ရယ်၊ ဝါယောရယ်။ အဲ့ဒီဓာတ်ကလပ်နဲ့ ညီမျှအောင်စား။ ဘေးမဖြစ်စေနဲ့။ ညီမျှအောင်စား။ အဲ့ဒီတော့ ရာသီဥတုမှာ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဟောတွေ့လား။ စာကမှန်နေတယ်။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် သင့်မြတ်အောင်နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ အထဲထဲက ဓာတ်နဲ့ သင့်မြတ်အောင်နေရင် အသက်ဆန့်ထုတ်လို့ရတယ်။ ဟာ လောဘတွေနဲ့စား၊ ဒေါသတွေနဲ့စား။ ဟာ ပြီးရင် တဏှာတွေနဲ့ဖြစ်၊ ကံတွေဖြစ်။ ဇူဇကာပုဏ္ဏား လှူတာအကုန်စားတယ်ဗျို့။ ဒီတဏှာဟာ သိပ်ကြောက်ဖို့ကောင်းတယ်နော်။ ခင်ဗျားတို့ ဥပမာပြောပြမယ်။ စာတော့ မတတ်ဘူး။ ဒီတဏှာ ကိလေသာမှာ ကိလေသာတွေက ရုပ်တရား၊ တဏှာနဲ့ကပ်နေတယ်။ တွဲနေတယ်။ ဂမ္ဘီရဉာဏ်နဲ့ ကြည့်မှသိတာ။ စာနဲ့ကြည့်လို့မရဘူး။ မဂ်ဉာဏ်ရမှသိတာ။ အဲ့ဒီလိုပြောထားတယ်။ ဒါပေမယ့် ဦးဇင်းကို ခင်ဗျားတို့ အခုလှူကြတယ်။ အလှူခံပေးမယ်။ ဟောဒီဘုရားကြီးအတွက် ဘာတစ်ခုမှ ယူသွားတာမဟုတ်ဘူးနော်။ ဘယ်နေရာမှာရောက်ရောက် အကုန်ချလှူခဲ့တာ။ ပဲခူးရောက်ရောက် အကုန်လှူခဲ့တာ။ ဘာမှမယူဘူး။ ဩော် ... ငါစာမတတ်ပါလား။ စာမတတ်တော့ အရင်ကမိုက်လိုက်တာ။ ဝက်လည်းသတ်တာပဲ၊ ကြက်လည်း သတ်တာပဲ။ မကောင်းတဲ့ဒုစရိုက်တွေလည်း လုပ်တာပဲ။ အရင်လည်း လုပ်တာပဲ။ ကိလေသာဝဋ္ဋ မသိဘူး။ ကိလေသာဝဋ္ဋ မသိရင်တော့ ကာမဝဋ္ဋကို မပယ်နိုင်ဘူး။ ကံဖြစ်နေတဲ့ဝဋ္ဋကိုလည်း မပယ်နိုင်ဘူးနော်။ သဘောလေးပဲနော။ အဲ့ဒီတော့

ကိလေသာဝဋ္ဋ်နဲ့ ကာမဝဋ္ဋ်ကို သဘောလေးနာ။ ကိလေသာနဲ့ တဏှာ။ ကြော် အဲ့ဒီတော့ သဘောလေးပဲ။ ဘုရင်က ဟိုရှေးရှေးတုန်းက အဲ့ဒီတော့ သူဟာလှူလိုက်တယ်။ ပုဏ္ဏားကို သူ့သားနဲ့ သမီးတွေနဲ့ ဝေသန္တရာလားတော့ မပြောတတ်ပါဘူးနော်။ ဟုတ်လားဒကာကြီး (ဟုတ်ပါတယ်)။ ဝေသန္တရာနော်။ စာတော့မတတ်ဘူး။ ဖွင့်ပေးလိုက်ပြီ။ ဝေသန္တရာမင်းကြီးက သားလေးတွေ၊ သမီးလေးတွေကို လှူလိုက်တယ်။ ပုဏ္ဏားက အလှူခံတယ်။ အဲ ဆဲပြီးတော့ ကလေးတွေကိုရိုက်တာ။ ဖအေ့ရှေ့မှာရိုက်တယ်။ ဟာ ကြားလိုက်တဲ့ ဝေသန္တရာကြီး က ဟာ ဒေါသဖြစ်တာ။ သူ့ကလေးအစား သူ့ကလေးတွေကိုရိုက်တော့ သံယောဇဉ်တဏှာမပယ်နိုင်ဘူးဗျ သိလား။ မြင်လိုက်တော့ မနောနဲ့ သွားပြီးတော့ မှတ်ပြီးတော့ ယူလိုက်တဲ့ အယူမှား၊ အမှတ်မှား၊ အစွဲမှား တစ်ခါတည်း အဲ့အချိန်မှာ ငါမှားပြီ။ ငါ့ရဲ့နှလုံးသားရဲ့ ဝိမုတ္တိဟာ မစင်ကြယ်ပါသေးပါလား။ သူ့ကိုယ်သူသတိရပြီ။ နောင်တရတယ်နော်။ အဲ့သလို စိတ်ကို စစ်။ အဲ့တာ တဏှာ။ သံယောဇဉ်တဏှာတွေကပ်နေတယ်။ ဥပမာ ငါ့မိန်းမက နောက်ယောကျ်ားယူတယ်။ ဓားနဲ့လိုက်ခုတ်မယ်။ မခုတ်နဲ့နော်။ မခုတ်နဲ့။ ရှောင်ပြေး။ ရှောင်သာပြေးနော်။ အေးတယ်။ သွားခုတ်ရင် ရင်ပူလိမ့်မယ်။ ကိုယ့်စိတ်ကိုယ် ဉာဏ်လေးနဲ့သုံး။ ကံဆိုတာ သွားခုတ်တာ။ စွဲလို့သွား ခုတ်တာ။ မှတ်ထား မခုတ်နဲ့။ ဦးပဏ္ဍိတ က သိလာလို့ ခင်ဗျားတို့လို အကုန်လုံးပြောသွားတာနော်။ ဘာမှမလုပ်နဲ့။ (အေး အေး)၂ စွဲလို့ ခုတ်တော့ ကံ။ ကံဆိုတာ အခုလည်းမကောင်းဘူး၊ နောက်ဘဝလည်း မကောင်းဘူး။ ဟော ဉာဏ်ဆိုတော့ မစွဲတော့ဘူး။ ဒီအာရုံမှာမမှတ်တော့ဘူး။ အဲ့တာမှ ခင်ဗျား ထူးတာဗျို့။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြင့်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၂.၁၀.၂၀၀၂)ရက်နေ့

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၈၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၈၅)
## (၁၂.၁၀.၂၀၀၂)ရက်နေ့၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့တွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဖအေ၊ မအေက မူလတန်းကျောင်းမထားနိုင်တော့ စာမတတ်။ အဲဒီတော့ စာမတတ်တဲ့အခါမှာ စကားပြောတဲ့ မှားယွင်းချက်တွေရှိရင် အားလုံး ဆရာတော်ကြီးတွေ၊ သမားတော်တွေ၊ သံဃာတော်အရှင်မြတ်တွေ အဲ ဒီ ရှင်သာမဏေတွေအားလုံး တပည့်တော်က တောင်းပန်ပါတယ်။ စာမတတ်လို့ပါတဲ့။ ခန္ဓာသိသဘောလေး ပြောပြပါ့မယ်။ အဲဒီတော့ တရားနာတဲ့ ဒကာကြီး၊ ဒကာမကြီး၊ ဒကာလေး၊ ဒကာမလေးတွေ အားလုံးရှိကြတဲ့ တရားနာကြတဲ့ပုဂ္ဂိုလ်များလည်း ဦးဇင်း က အားလုံးတောင်းပန်ပါတယ်။ အတ္တတရားနဲ့ အနတ္တတရား။ အတ္တတရားကဘာလဲ။ အဲဒါ စာတွေ၊ အနတ္တတရားကဘာလဲ။ ပညတ်တရားကဘာလဲ။ ပရမတ်တရားကဘာလဲ။ ပညာကဘာလဲ။ ဒါတွေကို သဘောလေးနဲ့ အဲဒါစာတွေပဲ။ စာနဲ့ ခန္ဓာသိနဲ့ သဘောလေးပဲ။ ဦးဇင်းကနေ အသိကိုပြောပြပါ့မယ်။ အဲဒီတော့ ဘုရားကဟောတဲ့ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ဒါက သင်္ခါရလည်းပါနေတယ်နော်။ အဲဒီတော့ သင်္ခါရရပ်တဲ့နေရာရှိတယ်။ သင်္ခါရလည်တဲ့နေရာရှိတယ်။ ဒါက အားလုံးတရားနာကြတဲ့ ပုဂ္ဂိုလ်များပေါ်မှာမူတည်ပါတယ်။ ဒီသင်္ခါရရပ်အောင် ဘယ်လိုကြံရမလဲ။ ဒါကိုယ့်လမ်းကိုယ်လျှောက်ရမှာကိုဗျ။ အဲဒီတော့ ဩော် ... သင်္ခါရရပ်တဲ့ဟာလေ။ ငါလေ ဝိပဿနာတရားကို ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်လို့ စာကရေးထားတယ်။ အဲဒီသတိပဋ္ဌာန်လေးပါးကို အဲဒီတော့ ဘာနဲ့သတ်မလဲ။ သမ္မာအယူနဲ့သတ်ပါ့မယ်။ သမ္မာဒိဋ္ဌိပေါ့ဗျာ။ သမ္မာအယူနဲ့သတ်ပါ့မယ်တဲ့။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ အဲဒီဟာကိုပယ်လိုက်ပါ့မယ်နော်။ အဲဒါတွေပယ်မယ်တဲ့။ အဲဒါစာတွေ။ သက္ကာယဒိဋ္ဌိဆိုတာ စာတော့မတတ်ဘူး။ အဲဒီနေရာမှာ မှားရင်သည်းခံ။ သက္ကာယဒိဋ္ဌိဆိုတာ ငါမြင်တယ်၊ ငါ့သမီး၊ ငါ့သား၊ ငါ့အိမ်၊ ငါ့တိုက် အယူမှားတယ်။ ငါလို့ယူထားတယ်။ အယူမှားရင် အမှတ်မှားမယ်။ အစွဲမှားမယ်။ စွဲရင် ကံဖြစ်တယ်။ ဘယ်ကံလဲ။ မနောဘဝင်ပေါ့ဗျာ။ အဲဒီတော့ မနောကံ ဘာကြောင့်ဒီလိုပြင်ရလည်း။ အာရုံကြောင့်ဖြစ်တာနော်။ ဒါကြောင့် တရားနှလုံးသွင်းမယ်တဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ သီလမဂ္ဂင်။ အဲဒီတော့ ဒီလိုလက်ကလေးပိုက်ပြီးတော့ သူက တရားအားထုတ်တဲ့အခါမှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဒုစရိုက်(၁၀)ပါး။ ဘယ်ဟာကိုသတ်မလဲ၊ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ် သတ်မယ်။

အဲဒါ မနောဘဝင်နော်။ အဲလို လက်ကလေးပိုက်ပြီးတော့ လက်ကလေးပိုက်ပြီးတော့ ဒီအာနာပါန ခယဝါရ ထိမှု၊ သိမှု။ ဒီစိတ်ကလေးကိုသိချင်ရင် စိတ်ကလေးသိချင်တဲ့အခါ ဘာလဲ။ ဒီဟာ စိတ်။ အဲဒီတော့ စိတ်ဓာတ်နှင့် ဓာတ် ဘယ်လိုသဘောရှိသလဲ။ ဒါကြောင့်မို့ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ လို့ရေးထားတယ်။ အဲဒီတော့ လက်ကလေးပိုက်ပြီးတော့ ဝင်လေထွက်လေ ဒလစဥ် ဒလစပ် လှုပ်ရှား နေတဲ့နှာခေါင်းနှစ်ပေါက် အဲဒီအာရုံကို အဲဒီအာရုံလေးကို ဘဝင်ကမသိဘူးလားတဲ့။ သိပါတယ်၊ သိတယ်နော်။ အဲဒီစိတ်ကလေးကို မငြိမ်ဘူးလားတဲ့ ငြိမ်ပါတယ်တဲ့။ အဲဒါ အဓိစိတ္တလို့ခေါ်တယ်တဲ့။ အဲဒါ မနောနော်။ အာရုံ(၅)ပါးနဲ့မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး၊ နံ့ချင်လား မနံ့ချင်ဘူး။ အာရုံ(၅)ပါးကိုပယ်ပါတယ်နော်။ ဒါက ဒီမနောကိုစစ်တဲ့အခါမှာ မဂ္ဂင်စစ်တဲ့အခါမှာ ကာယကံ(၃)ပါးကလည်း သူများအသတ်လဲ မသတ်ပါဘူး၊ သူများပစ္စည်းလည်း မခိုးပါဘူး၊ သူများ သားမယားလည်း မဖျက်ဆီးပါဘူး။ ဝစီကံ(၄)ပါးကလည်း မဟုတ်မမှန်သောစကားတွေ မပြောပါဘူး။ ရေတောင် မသောက်ပါဘူးနော်။ အပြင်အကာတွေ လုံနေပြီ။ အတွင်းအနှစ်ကို သူကရှာမယ်။ အဲဒီ နေရာမှာ သခီရရပ်အောင်သူလုပ်နေတယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာလုပ်တဲ့အခါမှာ မျက်စိနဲ့လည်းမြင်ချင်လား၊ မမြင်ချင်ဘူး၊ ကြားချင်လား၊ မကြားချင်ဘူးနော်။ အာရုံ(၅)ပါးကိုပယ်ပါ တယ်။ အဲဒီတော့ ပယ်တဲ့အခါမှာ မနောလေးက တဖြည်းဖြည်း တဖြည်းဖြည်း တဖြည်းဖြည်း လောကီ အကြောင်းတွေခေါင်းပါးလာတယ်ဗျို့။ အဲဒီလောကီအကြောင်း ခေါင်းပါးသလို အပြင်မှာလည်း စင်ကြယ်ပါတယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ် မယ်။ ဒီသဘောလေးတွေရှိတယ်။ ဒါကြောင့်မို့ အဝိဇ္ဇာလို့ရေးထားပါတယ်။ စာက အဝိဇ္ဇာဆိုတာ ဘာကြောင့် အဝိဇ္ဇာလို့ခေါ်ရသလဲ။ ဗမာလိုပြန်လိုက်မယ်ဆိုရင် အဝိဇ္ဇာက ရုပ်နာမ်မသိတဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အဲဒီတော့ ဝိဇ္ဇာဉာဏ်ဆိုတာဘာလဲ။ ရုပ်နာမ်သိတဲ့ပုဂ္ဂိုလ်လို့ခေါ်တယ်။ အဲဒီတော့ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်နော်။ ဒီလိုသဘောလေးတွေရှိပါတယ်။ အဲဒီတော့ တရားအားထုတ်တဲ့အခါမှာ သတိပဋ္ဌာန်လေးပါး။ အဲဒီတော့ လေးပါးမှာ ကာယသတိပဋ္ဌာန်နဲ့ ဂဏာကြေ တယ်။ ဝေဒနာသတိပဋ္ဌာန်လည်း ဂဏာကြေတယ်။ ဘာလို့လဲ။ ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါးကို ခန္ဓာ (၅)ပါးနဲ့ရင်းရှာတယ်။ ခန္ဓာ(၅)ပါးနဲ့ ရင်းရှာတဲ့အခါမှာ အဲဒီတော့ ခုနက စာကရေးထားတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော လို့ရေးထားတယ်။ ဒီ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောလို့ ရေးထား တဲ့အခါမှာ ဒီကိလေသာဓာတ်တွေက နှောက်ယှက်တယ်။ ကိလေသာဓာတ်တွေက သောင်းကျန်း တယ်နော်။ အဲဒီဓာတ်တွေကို အဲဒီဓာတ်တွေငြိမ်အောင်လုပ်မယ်။ ဒါကြောင့်မလို့ စိတ်အကြောင်း

ကိုလည်း သိရမယ်။ ခာတ်အကြောင်းကိုလည်း သိရမယ်။ ဝိပဿနာရဲ့ ဉာဏ်က စိတ်အကြောင်းလည်းမသိဘူး။ ခာတ်အကြောင်းလည်း မသိဘူးဆိုတော့ ဒါတွေက ကံဖြစ်နိုင်တယ်။ အစွဲဥပါဒါန်ဘာလို့ အစွဲဥပါဒါန်ဖြစ်နိုင်သလဲ။ ကိုယ့်မှာရှိတာက ကိလေသာ အဲဒီကိလေသာရပ်မှာ တဏှာရှိတယ်။ ဒီတဏှာကို ဉာဏ်နဲ့ကြည့်မယ်။ အဲဒီကိလေသာရပ်မှာ တဏှာရှိတယ်။ ဒီတဏှာကို ဉာဏ်နဲ့ကြည့်မယ်။ အဲဒီကိလေသာမှာ တဏှာရှိတယ်။ အဲဒီကိလေသာရဲ့ တဏှာကို ဒီတဏှာက အတွင်းတဏှာကိုသတ်မှ အပြင်တဏှာရပ်မယ်။ အတွင်းတဏှာရှိတယ်။ အဲဒီတော့ အတွင်းတဏှာဆိုတာ ဘာလဲ။ ခင်ဗျားတရားထိုင်တယ်။ တရားထိုင်တဲ့အခါကြတော့ ဒို မခံသာ မှန်ပါဘိ။ ဒီတရား ခံသာရင် သံသရာကြောမျောလိမ့်မယ်အများ။ ဒါစာကရေးထားတယ်။ အဲဒီတော့ ခြောင်မလေး ကျောကတောင့်လိုက်တာ။ ခြောင်မလေး ဇက်ကြောတွေတင်းလိုက်တာ၊ ခြောင်မလေး ခါးကိုက်လိုက်တာ။ ဒုန်းမောင်းခေါက်သံ(၁)နာရီကျော်သွားပြီကွာ။ ယော ဒါတွေကို ငြီးငြူ။ ဘာဖြစ်လို့ ငြီးငြူလဲ။ စိတ်ကလေးက ဆင်းရဲတယ်။ အကျိုးတရားက ဖောက်ပြန်တယ်။ နာမ်တရားက ခံစားတယ်။ အဲဒီတော့ စိတ်ကလေးဆင်းရဲတော့ အဲဒီရုပ်က ဝေဒနာတွေ။ ခန္ဓာရုပ်။ ရုပ်ရှိရင် ဝေဒနာရှိမယ်တဲ့။ ဒီရုပ်ပေါ်က ဝေဒနာကို အဲဒီတော့ စိတ်ကလေးကမခံနိုင်ဘူး။ အဲ့မှာ လှုံ့ချလိုက်တယ်။ ဒါ တဏှာပေါ့ဗျာ။ စိတ်ကလေးချမ်းသာတာ တဏှာနော်။ အဲဒီတော့ ဒီလိုတဏှာတွေကို ခန္ဓာမှာရှိတဲ့ ရုပ်ရဲ့ခံစားရတဲ့စိတ်ကလေးကလည်း မခံစားချင်ဘူး။ ရုပ်ရဲ့ဖောက်ပြန်လာတဲ့ အသိလေးက စိတ်ကလေးကလည်းမခံစားနိုင်ဘူး။ အဲဒီတော့ ဒီစိတ်ကလေးဟာ စိတ်လို့သာခေါ်သမုတ်က စိတ်ကလေးကသိတာကိုသိစိတ်ကိုဗျ။ အဲတာလေး ရုပ်ကဖောက်ပြန်လာတယ်။ စိတ်ကလေးက ငြီးငြူလာတယ်။ စိတ်ငြီးငြူလာလို့ စိတ်ချမ်းသာတဲ့နေရာကိုပြောင်းလိုက်တယ်။ စိတ်ချမ်းသာတဲ့နေရာပြောင်းလိုက်တော့ ဝေဒနာဟာ ရပ်သွားတယ်။ အဲဒီတော့ တဏှာခေါ်တယ်။ ရုပ်ကြောင့် နာမ်ဆင်းရဲတယ်။ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ အဲဒီသဘောလေးတွေရှိတယ်။ အဲဒီရုပ်ကြောင့် နာမ်ဆင်းရဲတယ်။ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ အဲဒါ အစွန်း(၂)ပါးမလွတ်သေးဘူး။ အဲဒီတော့ ဒီလိုတရားတွေထိုင်တဲ့အခါမှာ အဲဒီတော့ခန္ဓာ(၅)ပါးရဲ့သဘောကို သေသေချာချာ အတွင်းမှာရှာတယ်။ အဲဒီတော့ အတွင်းတဏှာအကုန်စင်မှ ကာယသတိပဋ္ဌာန်ရဲ့အကြောင်းဟာ ကာယသတိပဋ္ဌာန်။ ကာယဆိုတာ ကာယကံ၊ မနောကံ၊ ဝစီကံဒီကာယသတိပဋ္ဌာန်မှာ အသိလေးကပ်ထားမယ်။ ဝေဒနာသတိပဋ္ဌာန်မှာလည်း ဝေဒနာရဲ့ အသိလေးကပ်ထားရမယ်။ စိတ္တသတိပဋ္ဌာန်မှာ အသိလေးကပ်ထားမယ်။ ဝေဒနာသတိပဋ္ဌာန်မှာလည်း ဝေဒနာရဲ့အသိလေးကပ်ထားရမယ်။ စိတ္တသတိပဋ္ဌာန်မှာလည်း စိတ္တရဲ့ အသိလေးကပ်ထားရမယ်။ သိပယ်

ဆိုက်ပွားကို အဲဒီတော့ ဓမ္မာသတိပဋ္ဌာန်ကျတော့ သူ့သဘောပေါက်သွားပြီနော်။ ဘာသဘော ပေါက်သလဲ။ ဓမ္မာသတိပဋ္ဌာန်ဆိုတာ ဓမ္မာဆိုတာ တရားပေါ့။ အဲဒီတရားရဲ့အသိတွေကို သူ့နှလုံးသား မှာ ကိန်းဝပ်သွားပြီ။ ဩော် ဒိဋ္ဌိအာရုံကို ငါယူတဲ့အတွက်ကြောင့် အာရုံနဲ့မနောယူတဲ့အတွက်ကြောင့် ငါ့မှာ အာရုံမလွတ်ပါလား။ အဲဒီအာရုံတွေက အမှတ်မှားတွေဖြစ်နေပါလား။ အဲဒီတော့ ဒါ ငါ့သမီးလေး ပါလား၊ ဒါ ငါ့သားလေးပါလား၊ ဒါ ငါ့အိမ်ပါလား။ အမှန်က မှတ်တာ။ အဲဒီသညာက ဒုက္ခပေးတာပဲ ဗျို့။ ဒါ အနုသယတွေ။ သိလို့ပြောတာနော်။ အနုသယ သိလို့ပြောတာ။ အကြမ်းစားပြောတာ မဟုတ် ဘူး။ ကာယကံ၊ ဝစီကံကိုပြောတာမဟုတ်ဘူး။ မနောနဲ့ အာရုံနဲ့ သိပ်နေတဲ့ ဩော် ဒါ ငါ့သမီးလေး ပါလား၊ ဒါ ငါ့သားလေးပါလား၊ ဒါ ငါ့အိမ်ပါလား ဒီလိုသညာနဲ့မှတ်တဲ့တဏှာ ဥပါဒါန်တွေဖြစ်တယ်ဗျို့။ အဲဒါ (၃၁)ဘုံလည်တယ်ဗျို့။ (၃၁)ဘုံလည်တယ်နော်။ သံသရာဘယ်ကစလဲ ခန္ဓာကစတယ်။ သံသရာ ဘယ်ကစလို့ပျက်သလဲ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်နော်။ ဘယ်သီလတွေချုပ်လဲ။ ပညတ်သီလနဲ့ ပရမတ်သီလချုပ်သွားပြီ။ ပညတ် သီလဆိုတာ အပြင်၊ ပရမတ်သီလဆိုတာ အတွင်းစာတ်တွေ။ အဲဒီတော့ ဒီသဘောတွေ ဒါကျင့်တဲ့ သူပဲသိတယ်နော်။ ပြန်ကြမှာ။ ခင်ဗျားတို့လည်း ပြန်မှာပဲ၊ ဦးပဏ္ဍိတ လည်း ပြန်မှာပဲနော်။ အနတ္တ တရားကြီး အခုကျင့်နေတာက အတ္တတွေကျင့်နေတာ။ အစွဲတွေကျင့်နေတာနော်။ သမ္မာဒိဋ္ဌိနဲ့ စွဲရင် တော့ တော်ပါ၏။ သက္ကာရဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ သက္ကာရဒိဋ္ဌိဆိုတာကတော့ ဒါ ပါဠိစကား။ ဗမာလို ပြန်လိုက်မယ်ဆို ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့ကား။ အဲဒီတော့ ခင်ဗျား ကားလေးကို ဥပမာပေါ့ဗျာ။ ခင်ဗျားကားလေးက အင်မတန် တန်ဖိုးရှိတဲ့ကားလေး။ လှပတဲ့ကားလေး တစ်ယောက်ယောက်က ဒီကားကို ဖျက်ဆီးလိုက်တယ်။ ခင်ဗျားက မျက်စိမြင်သွားတယ်။ ကားပိုင်ရှင် က မြင်သွားတော့ ဒေါသထွက်သွားရော။ ကားကိုစွဲတာ တဏှာ၊ ကားရဲ့အကြောင်းကိုမသတ်တာ တဏှာကြောင့် မာန်ဖြစ်သွားတယ်ဗျို့။ ဒါကြောင့်မလို့ တဏှာ မာန ဒီတဏှာ မာန ဘယ်သူက လုပ်သလဲ။ ဒိဋ္ဌိကလုပ်တာဗျို့။ ဒိဋ္ဌိဆိုတာဘာလဲ။ အာရုံမှာ အမှတ်မှားတွေကြီးပဲဗျို့။ အဲ့တာ ဒိဋ္ဌိအာရုံ မှာ ပညာနဲ့မယူဘူးဗျာ။ အာရုံမှာ သညာနဲ့ယူတဲ့ မှတ်မှားယူတဲ့အတွက်ကြောင့် အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ အဲတာ သံသရာလည်တယ်ဗျို့။ ကားလေးက လှလှတဲ့။ ကား ပိုင်ရှင်ရှေ့မှာ မှန်တွေကိုရိုက်ခွဲလိုက်၊ ကားကို ခဲနဲ့ပေါက်လိုက်၊ ကားပိုင်ရှင်က အဲဒါ မြင်လိုက်တဲ့အခါမှာ တစ်ခါတည်း ဒေါသဖြစ်တယ်ဗျို့။ အဲဒါဘာလဲ။ ကားကိုစွဲတာ တဏှာ၊ တဏှာကြောင့် မာန်ဖြစ်သွား တယ်။ အယ် အဲ့ဒါကြောင့် တဏှာ တဏှာ မာန ဒိဋ္ဌိဆိုတာ အဲဒါခေါ်တယ်ဗျို့။ ဒိဋ္ဌိဆိုတာ အာရုံကို

အာရုံကို မှတ်မှား သညာနဲ့ယူတဲ့အတွက်ကြောင့် ပညာနဲ့ မဟုတ်ဘူးနော်။ အမှတ် နဲ့ယူလိုက်တော့ ငါ့ကားပဲ။ ဒင်းတို့ အမှန်ကတော့ မှန်တယ်ဗျို့ တရားရဲ့လမ်းစဉ်ကို ဦးဇင်း က ပြောပြတာ။ ဒါ တရားကကျင့်ရမယ်။ ဒါကြောင့်မို့ တဏှာ၊ မာန၊ ဒိဋ္ဌိက ခင်ဗျားတို့ဒုက္ခပေးနေတာပဲ။ ခင်ဗျား သားလေးစွဲတာကလည်း တဏှာပဲ၊ သမီးလေး စွဲတာကလည်း တဏှာပဲ။ အဲဒီတော့ သားလေး တစ်ခုခု ဥပမာရေနစ်သွားတယ်။ ဘယ်လိုနေလဲ။ ဟာ ပူတာပေါ့ဘုရား။ သိပ်ပူတာပေါ့ဘုရား။ သိပ်ပူတာပေါ့။ ဟော အဲဒီအပူကို ဘာနဲ့သတ်မလဲ။ ဥပမာ ဥပမာ သားလေးတစ်ခုခု ဂတ်ထဲရောက်သွားတယ်။ သားလေး ရေနစ်သွားတယ်။ တစ်စုံတစ်ခုဖြစ်သွားတယ်။ မအေက နားကြားတယ်။ ကြားတဲ့အခါမှာ တစ်ခါတည်း ရင်ထုမနာဖြစ်တာပဲဗျို့ အဲဒါ အဲဒီအစွဲဥပါဒါန် ဘာနဲ့သတ်သလဲ။ သီလနဲ့သတ်လို့ရမလား တဲ့။ ခင်ဗျားတို့ အပြင်သီလနဲ့ သတ်လို့ရမလားတဲ့။ ပဋ္ဌာန်းနဲ့သတ်မလားတဲ့။ အဲဒီအပူကို အဲဒီအစွဲ ဥပါဒါန်အပူကို ဘာနဲ့သတ်မလဲ။ တစ်လမ်းပဲရှိတယ်။ မဂ်ဉာဏ်ရမှာပြတ်တယ်။ ဘာနဲ့မှသတ်လို့တော့ မလွယ်ဘူးနော်။ အနုသယလို့ခေါ်တယ်။ မနောထိခိုက်တာ အာရုံပါနော်။ ဒါကြောင့်မလို့ ဒီမဂ်ဉာဏ်ကို မဂ္ဂင်ရှစ်ပါးလမ်းဆုံးတော့ ရှာတွေ့တယ်ဗျ။ အဲဒါ ကျင့်တာ။ အဲဒီတော့ ဒီလိုကျင့်တဲ့အခါမှာ ပညတ် တရားအနေနဲ့ ပရမတ်တရားရှိတယ်ဗျို့ ခင်ဗျားတို့ ပညတ်တရား ဘုရားပညတ်တဲ့ ဘုရားပညတ်တာ အဲတာ ပညတ်နဲ့ ဦးဇင်း တို့ ပညတ်နဲ့မလွတ်ပါဘူး။ မစွဲပါဘူး။ ပညတ်ကို မပယ်ပါဘူး။ ကိုယ်က မစွဲဘူး။ ဒါပေါ့ဗျ။ အဲဒီပညတ်ကို သူလည်းယူတယ်။ စွဲလည်း စွဲတယ်။ ခင်ဗျား ကဲ ဘုရားပညတ် ကြောင့် ယူလည်းယူတယ်၊ စွဲလည်း စွဲတယ်။ အဲဒါကံပေါ့ဗျာ။ အဲဒါ (၃၁)ဘုံလည်တယ်။ ကိုယ့်စိတ် ကိုယ်စစ်။ ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့စစ်။ အဲဒီတော့ စိတ်နဲ့စေတသိတ် သေပြီလား။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ သိစိတ်တွေ အဲဒီစိတ်တွေက အဲဒီအာရုံရဲ့ စိတ်တွေ။ မနောမှာလာပြီးတော့ ဖွဲ့ပြီးတော့ စေတသိတ်ဖြစ်သလား။ အဲဒီကောင်နှစ်ကောင်ကို ပယ်ပစ်ရမယ်။ ရအောင် ပယ်ပစ်။ အဲဒီတော့မှ စိတ်၊ စေတသိတ်ခေါင်းပါးသွားပြီဘုရား။ လုံးဝမလာပါဘူးဗျ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ် တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်လည်း မပေါက်ပါဘူး။ ကံတွေဖြစ်ကုန်ရောဗျို့ အဲ့ဒါ ခင်ဗျားစိတ်ကို စစ်တတ်ဖို့လိုတယ်နော်။ ဒါကြောင့် လက်ပိုက်ပြီးတော့ တရားအားထုတ်တဲ့အခါမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်နော်။ အပြင် ကာယကံ၊ ဝစီကံတွေလုံပြီ။ သူတင်ပလ္လင်ခွေတာကိုးဗျ။ မနောကိုသတ် တာ။ မနောသတ်တဲ့အခါကျတော့ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ် ဘယ်သူသတ်မလဲ။ ဒိဋ္ဌိ သတ်မယ်။ ဒိဋ္ဌိကဘာလဲ။ အာရုံမယူတော့ဘူး။ အာရုံမယူရင် ဘာလဲ ဘဝင်စိတ်ရှိတယ်။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ထိတယ်၊ သိတယ်။ ဒါ ကိလေသာရုပ်။ သိတာကနာမ်၊ ထိတာက

မမြဲဘူး။ သိတာလည်း မမြဲဘူး။ ဒါ အနတ္တ၊ ကိုယ်ဖြစ်တဲ့အတ္တအစွဲ။ အဲဒီတော့ အနတ္တလို့ မှန်မှန် နှလုံးသွင်းကျင့်ရင် အဲ့ဒီတော့ အပြင်စင်ကြယ်တဲ့သီလဖြစ်ပါပြီဗျာတဲ့။ ခင်ဗျားတို့နေရာ (၂၂၇)သွယ် တောင် ကျော်သွားပါပြီ။ ဆေးလိပ်လည်းမသောက်ဘူး။ ရေလည်း မသောက်ဘူး။ ကဲ ဘာမှလည်း တံတွေးတောင် မထွေးတော့ဘူး။ ဒါလုပ်တာ ဒီအာရုံသတ်နေအတွင်း အာရုံသတ်နေတာ။ ဩော် ထိတယ် သိတယ်။ ထိတယ် သိတယ်။ သိတာဘာလဲ။ စိတ်၊ ထိတာက ရုပ်။ ဒါတွေပေါ့ဗျာ။ အဲဒီလို နှာခေါင်းနှစ်ပေါက်ရဲ့အာရုံမှာ အာရုံကို ဟိုကအာရုံ။ အဲဒီအာရုံကို မင်းမသိဘူးလား။ သိတယ်၊ သိ သိ သိတာ။ အဲဒါစိတ်ပဲကွ။ အဲ့တာစိတ်ခေါ်သမုတ်တာ။ စိတ်လို့သာခေါ်တာ အမှန်က စိတ်မဟုတ်ဘူး ကွ။ စိတ်မဟုတ်တဲ့နေရာကို မင်းရောက်အောင်သွား။ အမှန်ကတော့ ပယ်ထားတာက စိတ်မဟုတ် ဘူး။ ဒါပေမယ့် မင်းအသိစိတ်ကလေး ဒါကြောင့်မလို့ ပညတ်အသိနဲ့ ပရမတ်အသိ ဟော အသိလေး တွေနော်။ အတ္တအသိနဲ့ အနတ္တအသိလေးတွေ။ ဒါလေးတွေ သညာအသိနဲ့ ပညာအသိလေးတွေ။ ကံအသိနဲ့ ဉာဏ်အသိလေး။ ဒီနေရာမှာ သဘောလေးပဲ။ ကိုယ့်ရဲ့ မှန်ကန်ရင် ကိုယ့်သဘောလေး သိလာလိမ့်မယ်။ ကိုယ်မှ မမှန်ကန်ရင် ဒါ ကိုယ့်ပေါ်မှာမူတည်ပါတယ်။ တရားဆိုတာ နှလုံးသွင်း တတ်ဖို့လိုတယ်။ တရားက ဘယ်မှာရှိ ခန္ဓာမှာရှိတယ်။ ဟိုက စာမှန်တယ်။ အဲဒါအကာခေါ်တယ်။ အနှစ်ကိုရှာ အနှစ်ရှာမှ အကာကိုသိမယ်။ အဲဒီတော့မှ အကာကိုရှစ်ခိုးမယ်။ အခု အကာသိတယ်။ အကာကိုတော့သိပြီးတော့ စွဲနေကြတယ်။ အနှစ်တွေနဲ့ အကာကို သဘောပေါက်နော်။ ဒါလေးတွေ သဘောရှိတယ်။ ကိုယ်သိဖို့လိုတယ်နော်။ အဲ့ဒီတော့ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဒါတွေးကြည့်။ နိဗ္ဗာန်ဟာ ခန္ဓာမှာရှိတယ်နော်။ အေးငြိမ်းခြင်းဓါတ်နော်။ ခင်ဗျား တို့ကရေးထားတယ်။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ စေတီ(၄)မျိုး။ အဲဒီ (၄)မျိုးမှာ ဟောဒီ(၃)မျိုးက ကံတွေထဲကဟာတွေ။ ပညတ်စေတီတွေခေါ်တယ်။ အဲဒီ(၃)မျိုးက ပညတ်စေတီခေါ်တယ်။ မှားရင်တော့ သည်းခံနော်။ အဲဒီက ဓမ္မစေတီက ပရမတ်ခေါ်တယ်။ အဲဒါကတော့ သူ့ပေါ်ရတယ်၊ မရတယ်။ ထိုသူတွေရဲ့အပေါ်မှာမူတည်တယ်။ ဟောဒါက ပညာကံတွေ စေတနာနဲ့လုပ်ထားတဲ့ကံတွေနော်။ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်။ လိုအပ်တာ သင်္ကန်း လှူတယ်၊ ဘာလှူတယ်။ အဲ့တာပေါ့ဗျာ။ အကုန်လှူတာ။ အဲ့တာ ပရိဘောဂပေါ့။ ဦးဇင်း က စာမတတ် ဘူး။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ။ အဲ့တာပညတ်။ ပညတ်ရဲ့ကံတရားတွေ။ သမ္မာ ကောင်းတဲ့ကံတွေနော်။ ကောင်းတဲ့ကံတွေ။ ကောင်းတဲ့ကံ ကောင်းတဲ့ကံဆိုတာ စေတနာခေါ်တယ် နော်။ သတ္တာ သံပတ္တိ ရတနာသုံးတန် ကံ ကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူ

ခြင်းကိုပဲ ဒုလ္လဘော ခဲယဉ်းစွာရတယ်။ အဲ့တာ ဒုလ္လဘ(၅)ပါးထဲက ကံ။ အဲ့တာ အပယ်ပိတ်မယ့် ကံတွေ။ အပြင်ကံကတော့ ဘယာကံပေါ့၊ ပကာသနကံ ဒါ ဘယာပေါ့ဗျာ။ ဘယ်လိုလည်းဆိုတော့ အဲ့ဒါ ပါဠိစကားတွေ။ ကိုယ့်ကလေးကော သူများကလေးကောလာတယ်။ ဟော ကိုယ့်ကလေးကျ တော့ မုန့်များများပေးတယ်။ သူများကလေးကျတော့ ဘယာနဲ့ မကောင်းတတ်လို့ပေးတာ။ ဘယာနဲ့ ပေးတာ။ ဟိုကလှူလိုက်တာ။ ပကာသနဂုဏ်တင်ပြီးလှူတာ။ ဟိုရဲ့စေတနာက အဓိပတိနှလုံးသားထဲ က ပေါက်လာတဲ့စေတနာခေါ်တယ်။ အဲ့ဒီစေတနာဟာ အပယ်ပိတ်မယ့်စေတနာ။ ဟိုအလှူကရော မရဘူးလား၊ ရတယ်။ ကံပဲနော်။ ပေါ့ဆဆနဲ့ ဟိုဟာကတော့ သူ့ဟာနဲ့သူသိလိမ့်မယ်။ ဒါကြောင့်မို့လို့ ဦးဇင်း စာမတတ်လို့ပြောတဲ့အခါမှာ မှားယွင်းရင် သည်းခံပါ။ ခင်ဗျားတို့လည်း ပြန်မှာ။ ဒါခေတ္တ အာဂန္တု နေတဲ့ဘုံပဲနော်။ (၃၁)ဘုံမှာ လူ့ဘုံဟာ အမြတ်ဆုံး။ သိ ပယ် ဆိုက် ပွား။ သိရင် ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက် ဖိုလ်ဆိုက်လိမ့်မယ်၊ သိ ပယ် ဆိုက် ပွားရေးထားတယ်။ စာကမှန်၏၊ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ ငါတွေ အတွေနှစ်လီရှိတယ်။ စာတွေထက် ငါတွေကသာတယ်။ ဟာ ဘာလို့သာလဲ။ တကယ်ခံစားရတဲ့တရား၊ တကယ်ခံစားရလို့ တကယ်လာဟောတာပါ။ အကယ်၍ ဦးပဏ္ဍိတ ပြောသွားတဲ့အသိတွေမမှန်ရင် ဒီနေ့ ဒီဝတ်ထားတဲ့အဝတ် သင်္ကန်းအဝတ်ကိုချွတ်ပေးပါ ဆို ချွတ်ပေးမယ်။ လူဝတ်လဲပါဆို လဲသွားပြီ။ ဟာ ဦးပဏ္ဍိတ က နေတတ်ပြီ၊ စားတတ်ပြီ၊ သွားတတ် ပြီ၊ သေတတ်ပြီ။ ဟာ အကုန်သူသိသွားပြီ။ သူရသွားတာကိုနော်။ ဒါကြောင့်မလို့ တရားရှာရင် ကိုယ်မှာ ရှိတယ်လို့ပြောတာပေါ့နော်။ အဲ့ဒီတော့ ရှာတတ်ဖို့လိုတယ်။ အဲ့ဒီတော့ တရားသိတဲ့သူနဲ့ ကိုယ်ကလည်း အင်မတန်လုပ်ချင်တဲ့ပုဂ္ဂိုလ်နဲ့ သူက လမ်းလေးပြတယ်။ ဘယ်လိုနေ ဘယ်လိုထိုင်။ အဲ့ဒီတော့ ဝေဒနာကိုရှု၊ ကုန်အောင်ရှု။ ဘယ်လိုနေသလဲ။ ရတဲ့ ကျင့်တဲ့သူကမေးတယ်။ သူက ရောက်ဖူးတဲ့သူ မေးတယ်။ မရောက်ဖူးတဲ့သူကို အသာလေးပြတယ်။ ဒီသဘောပဲနော်။ အတ္တဆိုတာက အစုဖြစ်နေ ပြီ။ အစုဖြစ်နေတာက အနတ္တဆိုတာကတော့ အတ္တတရားရှိတယ်။ အနတ္တတရားရှိတယ်။ သညာ တရားရှိတယ်။ ပညာတရားရှိတယ်။ အဲ့ဒီတော့ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ဒါ ခင်ဗျား တို့ပေါ်မှာမူတည်တယ်။ ဒါ စာတွေနဲ့ရေးတာ။ အဲ့ဒီတော့ တရားထိုင်တဲ့အခါမှာ တရားကျင့်ချင်တယ် ဆိုရင် တစ်ယောက်တည်း ဘယ်သူနဲ့မှစကားမပြောနဲ့၊ ဘာမှသွားမကြည့်နဲ့။ ဝိစိကိစ္ဆတွေသိမ်း၊ ဝိစိ ကိစ္ဆတွေသိမ်းဆိုတော့ ခင်ဗျားပယ်အပ်မယ့်တရားကို သိမ်းရတော့မှာကို ပယ်အပ်တော့မယ့်တရား တရားထိုင်ချင်တာကို အဲ့ဒီတော့ ပယ်အပ်မယ့်တရား။ ကာမသဝ ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ။ အဲ့ဒီ(၄)ပါးကိုပယ်အပ်မယ်။ အဲ့ဒီစိတ်ကိုပယ်ရမယ်။ သိရမယ့်တရားက ကိလေသာဝဋ်၊

ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ ခုနက ဦးဇင်း သဘောလေးနဲ့ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မရောက်မှသိတယ်။ သဘောပေါက်ပြီလား။ အဲ့ဒီ(၄)ခုနော်။ အဲ့ဒီတော့ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ အဲ့ဒီ(၄)ခုကိုသိရမယ်။ ပယ်အပ်မယ့်တရား၊ သိအပ်မယ့်တရား၊ ကျင့်အပ်မယ့်တရား။ မဂ္ဂင်ရှစ်ပါး ခင်ဗျားတို့ပေါ်မှာမူတည်တယ်နော်။ ဒီလိုလုပ်သွားတဲ့သီလတွေ အထူး သီလတွေ။ အထူးသီလတွေ၊ စိပ်ပုတီးကလည်း ရုပ်၊ နာမ်၊ အနိစ္စ၊ ဒုက္ခ ဆိုချင်ရာဆို အနိစ္စ၊ အနိစ္စ။ ဒါ စိပ်ပုတီး။ အာလဲ စိပ်ဆိုတဲ့ ပုတီးရယ်။ စိတ်ရယ်ပါနေတယ်။ စိတ်ဆိုတာ ဘဝင်စိတ်၊ ဘဝင်စိတ်က အတွေးစိတ်တွေရှိသလား။ စိတ်တော့ ပုတီးတော့ ကိုင်တော့ကိုင်နေတာပဲဗျာ။ တစ်လုံးပြီးတစ်လုံး ဂျောက်ဂျက်၊ ဂျောက်ဂျက်နဲ့ ဒီအတွေးစိတ်ကိုတည်ရဲ့လား။ သမာဓိလို့ခေါ်တယ်။ စာကိုတည်ရဲ့လား။ သမာဓိအားကောင်းသလား။ စာလိုဆို သမာဓိကောင်းသလား။ မင်းတွေးစိတ်တွေ၊ စေတသိတ်တွေ အဲ့ဒီတော့ အဲ့ဒါတွေဖြစ်သလားမေးတယ်။ တစ်ယောက်ပြီးတစ်ယောက်နော်။ နိဝနတွေ။ ငါ့မှာ မနော ဘဝင်မှာပေါ်သလား။ ကြိုကြား၊ ကြိုကြားပေါ်ပါတယ်ဗျာ။ ကြိုကြား ကြိုကြားပေါ်ပါတယ်။ လောကီ စိတ်တွေ၊ သားစိတ်၊ သမီးစိတ်၊ စီးပွားရေးစိတ်၊ သောကပေါ့ဗျာ။ အတွေ့တွေ့ပေါ့ဗျာ။ ဟိုနောက်နောင် က အကြောင်းလေးလည်း ပေါ်လိမ့်မယ်။ အဲ့တာတွေပေါ်သလားတဲ့။ ပေါ်ပါတယ်ဘုရား။ ဘာကြောင့် ပေါ်သလဲဆိုတာ မင်းသိသလားတဲ့။ မသိဘူးဘုရား။ မသိရင် အပြင်မှာ အပြင်အာရုံ(၅)ပါးမစင်ကြယ် ရင် ဉာဏ်မှာမပေါ်သေးဘူးလေ။ အဲ့ဒီအာရုံ(၅)ပါးကို ပယ်ထားလိုက်တဲ့။ အဲ့ဒီတော့ ခန္ဓာ(၅)ပါး အာရုံ (၅)ပါးပယ်တော့ ဘဝင်လေးကကြည်လာတယ်။ ကြည်လာတဲ့အခါကျတော့ အဲ့ဒါကို ဘာလို့ကြောက် လို့ထိုးရလဲဆိုတော့ ရုပ်မှာရှိတယ်။ တဏှာကိုသတ်မယ်။ ဒါအခြေခံလုပ်ထားတာ။ အပြင်သီလ၊ အတွင်းသီလကိုလုပ်ထားလိုက်တယ်။ အပြင်မှာက ငါးပါးသီလလည်း စင်ကြယ်သွားပြီ။ အတွင်းအပြင် စိတ်ကလေးကလည်း ငြိမ်လာပြီ။ အဲ့ဒီနှစ်ခုငြိမ်လာရင် ရုပ်လက္ခဏာကိုရှုမယ်။ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ ရုပ်ပြန်ရှုမယ်။ ရုပ်မှာ တဏှာရှိတယ်။ ဒီတဏှာကိုမြင်မှ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏာဥဒပါဒိ။ အဲ့ဒါ အာရုံပြတ်တဲ့ဉာဏ်ပဲ့ဗျို့နော်။ ဒီလောက်ဆိုသဘောပေါက်လောက်ရောပေါ့။

( သာဓု .... သာဓု .... သာဓု .... )ပါဘုရား။

ပြီးတော့နော် ဒကာကြီးတွေ၊ ဒကာမကြီးတွေအားလုံး ပုဂ္ဂိုလ်များ စေတနာသံပတ္တိ၊ စေတနာ သံပတ္တိဖြစ်ရင် ဦးဇင်း က အလှူခံပါတယ်။ အောက်ဆင်းပြီးတော့ ရတဲ့ငွေကို ဂေါပကပေးပစ်ခဲ့တယ်။ မင်္ဂအောင်တဲ့ မင်္ဂမျိုးစေ့ခေါ်တယ်။ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ လှူတတ်ဖို့လိုတယ်နော်။ စေတနာ

သန့်သန့်ရှင်းရှင်းနဲ့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ အဲ့ဒီတော့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်နော်။ စေတနာပဲ။ စေတနာနှလုံးသား။ ဘုရားကို ယုံကြည်တဲ့စေတနာ၊ တရားကိုယုံကြည်တဲ့စေတနာ၊ သံဃာကိုယုံကြည်တဲ့စေတနာ။ အဲ့ဒီတော့ စေတနာသုံးတန်ကိုပြတ်ပြီးတော့ ခင်ဗျားရဲ့ လှူလိုက်တဲ့အလှူသည် အဲဒါ ခင်ဗျားနောက်သိလာလိမ့်မယ်။ ခင်ဗျား ချက်ချင်းသိလာလိမ့်မယ်နော်။ အဲဒါ ဦးဇင်း က အလှူခံပြီးတော့ ဂေါပကာတွေရော၊ ဆရာတော်တွေ အကုန်ပေးလှူခဲ့တယ်။ ရန်ကုန်မြို့မှာ ပွဲပေါင်း(၂၀)ရှိတယ်။ အကုန်ပေးပစ်ခဲ့တာပဲနော်။ ဦးဇင်း က နဂိုက စာမတတ်တော့ ဒီလိုတရားပွဲက ရတိုင်းရတိုင်း အကုန်ပေးပစ်ခဲ့တယ်နော်။ အဲ့တာ ဦးဇင်း ရဲ့ ဒီဘဝမှာ နောက်ဆုံးဘဝမှာ ဦးဇင်း ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောတယ်၊ ဒါနနဲ့ ဆေးကြောတယ်၊ ဘာဝနာနဲ့ ပွားများတယ်။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောတယ်၊ ဒါနနဲ့ ဆေးကြောတယ်၊ ဘာဝနာနဲ့ ပွားများတယ်။ အတူတူပဲ။ အဝိဇ္ဇာပဲ။ အဲဒီသဘောလေး တွေရှိပါတယ်။

×××××××××××××××××××××××××××××××××××

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## (၂၃-၉-၂၀၀၂) ရက်နေ့၊ ရန်ကုန်မြို့ စမ်းချောင်း ကိုးထပ်ကြီးဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၈၄)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-251620128,

09-447572355

## (၂၃-၉-၂၀၀၂) ရက်နေ့ ရန်ကုန်မြို့ စမ်းချောင်းကိုးထပ်ကြီးဘုရား ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ရှင်သာမဏေကနေပြီးတော့ စာဝါတွေလိုက်တဲ့ကျောင်းထိုင်ဆရာတော်မဟုတ်ပါဘူး။ ဦးဇင်းကနေပြီးတော့ အဲ့ဒီတော့လူ့ဘဝမှာ အင်မတန်ဆိုးတဲ့ လူသားတစ်ယောက်ပါ။ ဘာကြောင့်ဆိုးသလဲ ဘုရားမှန်းလည်းမသိ၊ တရားမှန်းလည်းမသိ၊ သံဃာမှန်းလည်းမသိ၊ သိတော့သိတယ်။ မြင်တော့မြင်ဘူးတယ်။ သံဃာတွေ၊ ဘုရားတွေတော့ မြင်ဘူးတယ်။ အယူမှားနေလို့ပါဗျာ။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ကံကြောင့်မိစ္ဆာကံတွေ ဖြစ်ပါတယ်။ စွဲကာနော်။ ဒါကြောင့်မလို့ ဦးဇင်းကဇာတိက သီးကွင်း၊ သရက်ကုန်း၊ အိမ်မဲမြို့နယ်မှာ ဦးဇင်းရဲ့ ဖအေက ဦးချီးတိုတဲ့။ မအေက ဒေါ်ဒုန်းမေတဲ့နော်။ မွေးဖွားတာတောမှာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ စာပေကျမ်းဂန် သား သားကိုမတားနိုင်ဘူး။ ဒါကြောင့်စာမတတ်ပါဘူးလို့ ဦးဇင်းကပြောပါတယ်။ တန်းစာတွေကိုမဟတ်ခဲ့ပါဘူးတဲ့။ အဲ့ဒီတော့ တစ်နေ့သောအခါမှာ တိုင်းပြည်ကပျက်သွားတယ်နော်။ တိုင်းပြည်ပျက်သွားတော့၊ ဟိုပြေးဒီပြေး ပြေးပြီးတော့ ပုသိမ်မြို့ကိုရောက်ပါတယ်။ ပုသိမ်မြို့မှာရောက်တော့ သားအဖတွေဘာလဲဆိုတော့ ပညာမတတ်တော့ ဖအေကလည်းမတတ်သားကလည်းမတတ်၊ ကိလေသာရဲ့ဝဋ် ကာမရဲ့ဝဋ်၊ ဘဝရဲ့ဝဋ် ဝိပါကရဲ့ဝဋ် ပစ္စုပ္ပန်တည့်တည့်လေး မှာဒီကိလေသာဝဋ်ကို မသိခဲ့ပါဘူး။ အဲ့ဒီတော့ ဒီခန္ဓာရဲ့ ခန္ဓဒုက္ခကိုသူမသိခဲ့ပါဘူး။ လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အာရုံပေါ်မှာ အဲ့ဒီတော့ သညာကမှတ်တယ်။ အဲ့ဒီတော့ဒါဘာလဲ ဟိုဟာဘာလဲ။ အဲဒါတွေသွားစွဲတယ်။ အဲ့ဒါကံပဲ။ အဲ့ဒါဘာကံလဲ။ ငါမြင်တယ်။ ငါကြားတယ်။ ငါသိတယ်။ ငါတတ်တယ်ဆိုတဲ့ အယူမှား အမှတ်မှား အစွဲမှား ကံတရားတွေ ဒါမိစ္ဆာကံတွေ မိစ္ဆာကံနဲ့သေသွားရင် ဘယ်ရောက်မလဲ။ အပါယ် (၄) ဘုံရောက်မယ်။ သမ္မာကံမဟုတ်ဘူး။ သမ္မာကံဆိုရင်တော့ လူပြန်ဖြစ်နိုင်တယ်နော်။ သဘောလေးသာနာ ကံရဲ့အကြောင်းတွေကို ဥပါဒါန်ရဲ့အကြောင်းတွေကို ပြောသွားတာပါ။ အဲ့ဒီတော့ ဒီလိုရှာဖွေပြီးတော့ သူကနေပြီးတော့ တစ်နေ့သောအခါမှာ ဖအေတွေသေတယ်။ မအေ တွေသေတယ်။ သေတဲ့အခါမှာ သူတစ်ယောက်တည်းရှိပါတယ်။ အဲ့ဒီတော့သူတစ်ယောက်တည်းရှိတဲ့အခါမှာ တစ်နေ့ သောအခါမှာ သူအလုပ်လုပ်တယ်။ လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိ အပေါင်းအသင်းကောင်းတော့လည်း တက်တယ်။ အပေါင်းအသင်းမကောင်းတော့လည်းပျက်တယ်။ ဒါအစွဲတရားတွေပါဘဲ။ တစ်နေ့သောအခါမှာ မိန်းမဘယ်မှာရလဲ။ မော်လမြိုင်ကျွန်းမှာ ရပါတယ်။ ဒါအစွဲတရားတွေနော်။ အစွဲတွေကို ပြောသွားတာ။ အဲ့ဒီတော့ ဒါတွေစွဲပြီးတော့ မိန်းမရတဲ့အခါမှာ ကလေး (၄) ယောက်ရပါတယ်။ ရတာလည်း သူမသိဘူး။ လောဘ ဒေါသ ငါဖြစ်တယ်။ ငါမှန်တယ်။ ယူဆထားတယ်။ မနော အာရုံနဲ့မနော မြင်လိုက်တော့ ဘဝင်ကသိတယ်။ ကိုယ့်နားကြားတော့ ဘဝင်က သိတယ်။ ဒီလိုကံတရားတွေ မိစ္ဆာကံတွေကို သတ္တာရဒိဋ္ဌိကံတွေ အတ္တဒိဋ္ဌိကံတွေကို လုပ်ပါတယ်။ အဲ့ဒီတော့ သမ္မာကံမဟုတ်ဘူး။ အဲ့ဒီလိုလုပ်ခြင်းကနေပြီးတော့ တစ်နေ့သောအခါမှာ သားမယားရတော့ အသက် (၅၄) နှစ်အရွယ် ရောက်လာတဲ့အခါမှာ ဩော်ငါသည် အင်မတန်မှမိုက်တယ်။ မိန်းမကလည်းအိမ်ကို လက်မခံ။ သမီးတွေ သားတွေကလည်း လက်မခံဘူး။ ငါ့မကောင်းလို့ပဲ၊ ငါဒုစရိုက် (၁၀) ပါးထဲမှာ မကောင်းတဲ့ဒုစရိုက်တွေကို လုပ်မိခဲ့လို့ ငါ့ကိုအိမ်လက်မခံတာပဲဆိုပြီးတော့ အဲ့ဒီတော့မှ ဆရာတော် သဲအင်း အမြဲလင်း၊ ဇွဲတင်းဆိုတဲ့ ကက်ဆက်ကို နာလိုက် တော့မှ သူရေတမ်းရင်းနဲ့ ရေထမ်းတံဘိုးကိုဖြုတ်ပြီးတော့ ဩော် ခါးမြဲတောင်ကျင့်ရင်ဖြစ်သေးတာပဲ။ ငါလည်းခါတ်မြဲ တော့မတိုက်ဖူးဘူး။ ငါလည်းကျင့်ရင်တော့ သိမှာပဲဆိုပြီးတော့ ရေဖုံးချပြီးတော့ သားမယားများကို ပြောပြီးထွက်တော့ တာပဲဗျို့။ အဲ့ဒီတော့ တရားရှာရင်ကိုယ်မှာရှိတယ်နော်။ တရားရှာတာကိုဗျ။ အဲ့ဒီတော့ ခုနဘယ်နယ်ကထွက်သွားလဲ

ပညတ်နယ်ကနေပြီးတော့ ပညတ်အယူတွေ ဘုရားကပညတ်ထားတာကို သူကမကောင်းတဲ့ ဒုစရိုက်တွေ ယူထားတဲ့ ကံတရားတွေ မိစ္ဆာကံ သက္ကာယကံ အဲ့ဒီတော့အတ္တကံတွေကိုပယ်ပြီးတော့ ငါတော့ဝိပဿနာတရားကျင့်မှပဲဆိုပြီးတော့ ဝိပဿနာတရားကိုကျင့်ပါတယ်။ အဲ့ဒီတော့ ကျင့်လိုက်တဲ့အခါမှာ တစ်နေ့သောအခါမှာ ထိုင်ပြီးတော့ သစ်တစ်ပင် အောက် ဝါးတစ်ပင်အောက်မှာ တောထဲမှာ သူကျင့်တဲ့အခါမှာ အာရုံကိုဝင်တယ်။ ထွက်တယ်။ အာရုံမမှတ်ဘတ်ဘူး ကိုယ့်ဟာကို တရားထိုင်ပြီးနေတော့ မယားတွေ တွေးလိုက် သားတွေတွေးလိုက် သမီးတွေတွေးလိုက် အော်အိမ်မှာ ခနိမမိုးရသေးပါလား။ အဲ့ဒါတွေတွေးပြီးတော့စွဲပြီးပူနေတယ်။ မနောဒါအနုသယစိတ်တွေ အင်မတန်နုတဲ့ စိတ်တွေ ကိလေသာရဲ့ဒဏ်ရာဒဏ်ချက်တွေကို မနောမှာ တစ်ခါတည်းသူ့မှာဖြစ်နေတယ်။ ဪငါ့မှာ သားတွေတွေးလိုက် ပါလား။ သမီးတွေတွေးလိုက်ပါလား။ ဘာတွေးလိုက်ပါလားဆိုတဲ့ အစွဲဥပါဒါန်တွေက အဲ့ဒီတော့ စေတသိတ်ဖြစ်နေ တယ်။ အဲ့ဒီတော့ မြင်စိတ်ကြားစိတ်ကနေပြီးတော့ ဟိုတုန်းကဟာတွေလည်း အကုန်တွေး ဪဒီတရားဟာ မနောကံ မလုံသေးပါလား။ ကာယကံဝစီကံတော့လုံနေပြီ။ အဲ့ဒီတော့ ကာယကံ ဝစီကံတော့လုံနေပြီ။ မနောကံမလုံသေးပါလား။ အဲ့ဒီတော့ သူသတိထားပြီးတော့ နားလည်တဲ့သူတွေကိုမေးတယ်။ မေးတဲ့အခါကျတော့ နားလည်တဲ့သူတွေက မဂ္ဂင် (၈) ပါးဆိုတာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အဲ့ဒီဘုရားဟောတဲ့ မဂ္ဂင် (၈) ပါးနဲ့ ခင်ဗျားရဲ့နှလုံးသားနဲ့ တစ်ထပ်တည်းထား အဲ့ဒါမှန်မှခင်ဗျားရဲ့လမ်းကို အဲခင်ဗျားလိုချင် တဲ့ လမ်းသိလိမ့်မယ်ဆိုတဲ့အကြောင်းပြောပြတော့ အဲ့ဒီတော့ ဦးဇင်းကဪ ဒီဒကာကြီးပြောတာ မှန်ပါလားဆိုပြီးတော့ တရားထိုင်တယ်။ ထိုင်တဲ့အခါကျတော့ တရစဉ် တရဆက်လှုပ်ရှားတဲ့နှာခေါင်း (၂) ပေါက်ရဲ့ လှုပ်ရှားနေတဲ့ အိပ်လည်း လှုပ်ရှားတယ်။ ထမင်းစားလည်းလှုပ်ရှားတယ်။ အဲ့ဒီအာရုံကို သူတစ်ခါတည်းအသိ သိ သိနဲ့သဘောလေးပေါ့ဗျာ။ အဲ့ဒီ အာရုံကိုသိတယ်။ သိတာကစိတ်၊ ထိတာကရုပ် အဲ့ဒီတော့ ဪအေး အေး အေး သိတော့ရုပ်နာမ်ဟာ ကာယပဿ ဒမွေးညှင်းမှာစလေ လေးကထိလိုက်ရင် ထိတော့သိတယ်။ သိတာစိတ် ထိတာရုပ် ထိသိသတိ အဲ့ဒီထိသိသတိအမြဲ တမ်းထားပါတဲ့ အဲ့လိုသတိထားတဲ့အခါကျတော့ စိတ်ကလေးကရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာကြာတော့ စိတ်ကလေးငြိမ်လာတယ်။ အာရုံမှာလည်း အာရုံ (၅) ပါးမှာလည်း မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ ဒီအာရုံ တွေပေါ်မှာလည်း မယူတော့ဘူး။ အဲ့ဒီတော့ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ ထိတယ် သိတယ် ဆိုတော့ မနေဘူး။ အဲ့ဒီတော့မှ အသိလေးပေါ်လာတယ်။ ဪဒါသညာအသိပါလား။ ဒီငါသိနေတဲ့အသိက သညာသိ ငြိမ်တော့ ငြိမ်နေပြီ။ ပညာသိကိုရှာမှပဲပော နော် သညာသိလေးကတော့မှန်တယ်။ ပညာသိလိုတယ်။ အဲ့ဒီတော့ ပညာသိကို ရှာမှာပေါ့ဗျာ။ အဲ့ဒီတော့ ပညာသိရှာတဲ့အခါမှာ တရားတွေရက်ပေါင်း လပေါင်း ထိုင်လို့စိတ်နဲ့ စေတသိတ်က ငြိမ်လာပြီဗျို့။ အဲငြိမ်လာ တဲ့အခါကျတော့ ပညာသိရှာမယ်။ ရှာတဲ့အခါကျတော့ ပညတ်အသိနဲ့ ပရမတ်အသိရှိပါတယ်တဲ့၊ ဘုရားပညတ် သွားတာပါတဲ့။ ဘာတွေပညတ်သွားလဲတဲ့။ အဲ့ဒီတော့ ပညတ် ပညတ်ကိုတစ်ချို့စာနဲ့သာရေးထားတယ်တဲ့၊ ပညတ်ရဲ့ သဘောတရားကိုမသိကြဘူးတဲ့။ တစ်ချို့လည်းသိလိမ့်မယ်တဲ့၊ ဘုရားပညတ်တယ်နော်တဲ့၊ ရုပ်နာမ်ကိုပညတ်သွားပြီတဲ့ ရုပ်တရားနာမ်တရား အဲ့ဒါပညတ်တွေပဲတဲ့။ သဘောလေးပဲနော်၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ အဲ့ဒီတော့ ရုပ်တရား နာမ်တရားတွေက ဘုရားပညတ်သွားတယ်တဲ့ဆိုတော့ ပရမတ်တရားကိုရှာပါတဲ့။ ပရမတ်တရားဆိုတာ ဓါတ်၊ ဓါတ်ပရမတ်လို့ခေါ်ပါတယ်နော်။ ဓါတ်ဆိုတာဓါတ် (၄) ပါးနော်။ ဒီဓာတ် (၄) ပါးကို ရှုလိုက်တဲ့အခါကျတော့ ဪ ငါသဘောပေါက်ပြီ။ ပရမက်ပညတ် ပရမတ်နှစ်ခုသဘောပေါက်တယ်ဆိုပြီးတော့ ဒီလိုသိလာတာပါ။ အဲ့ဒီလိုလုပ်သွားတဲ့ ကာလမှာ ဘာတွေဖြစ်လာလဲ။ အဲ့ဒီတော့ သီလ သီလ အဓိသီလ အဓိစိတ္တ အဓိပညာ အဓိဆိုတာအခု အဲ့ဒီသီလက

လောဘ၊ ဒေါသ ခေါင်းပါးတယ်။ လောဘရယ်၊ ဒေါသရယ် ခေါင်းပါးတယ်။ ဘယ်ဟာလဲ အာရုံပေါ်မှာမနောက မလိုက်ဘူး။ မစွဲဘူးနော်၊ ဒါသစ္စာလေးနဲ့ပြောတာ။ အဲ့ဒီတော့ ဒီလိုသီလ အဓိသီလဖြစ်ဖြစ် အဓိသစိတ္တက စိတ္တကဘာလဲ၊ လောကီစိတ်မဟုတ်တော့ဘူး။ ခုတ်သဘောလေးတွေပဲ နှလုံးသွင်းပြီးတော့ အာရုံပြုနေတဲ့အခါမှာ ပြောင်တတ်သဘောတွေပဲ။ အဲ့ဒီတော့ ပညတ်နဲ့ပရမတ်ကွဲမှသာလျှင် ခင်ဗျားရဲ့သဘာဝဆိုတဲ့ အကြောင်းလေးတွေကို ခံစားရမှာပေ့ါနော်။ ပညတ်က ဂုဏ်တရားတွေခေါ်တယ်။ ကာယကံတွေ၊ ဝစီကံတွေ မနောကံတွေ ဒါတွေကပညတ်နယ်ထဲမှာရှိတယ်။ အဲ့ဒီလို ပညတ်နယ်ထဲမှာ ဒါအစွဲတရားတွေ အဲ့ဒီတော့မနောပေ့ါဗျာ။ အဲ့ဒီတော့ သားလေးရေနှစ်သေတယ်၊ သမီးလေးရေနှစ် သေတယ်ဆိုရင် မအေကပူတာပဲဗျို့။ အဲဒါဘာလဲဗျာပါဒခေါ်တယ်။ ဒီဗျာပါဒဘာလို့ ခေါ်သလဲ၊ အဲ့ဒီတော့ ဗျာပါဒ ကိုယ့်အကြောင်းမဟုတ်ဘူး။ သားသမီးကိုစွဲတာ။ သွားစွဲလိုက်တဲ့သားသမီးဆိုတဲ့ အမှတ်နဲ့စွဲတဲ့အတွက်ကြောင့် တဏှာ ခေါ်တယ်။ တဏှာကြောင့်ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ကြောင့် ကံဖြစ်တယ်။ သဘောလေးပဲ အဲ့ဒါ (၃၁) ဘုံလည်တဲ့ တရားတွေပဲဗျနော်။ (၃၁) ဘုံဘယ်ကစသလဲ။ ခန္ဓာကစတယ်။ အဲ့ဒီတော့ (၃၁) ဘုံဘယ်ကပြတ်သလဲ ခန္ဓာကစလို့ ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာဆုံးတယ်၊ သီလမှာချုပ်တယ်။ အဲ့ဒါစာ တကယ်သိလို့ တကယ်စာနဲ့ အဲ့ဒီတော့ အသိနဲ့စာနဲ့တစ်ထပ်တည်း ခင်ဗျားတို့ကိုပြောတာ အသိမရှိရင် စာကမှန်နေတယ်။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ စာတွေ့ ငါတွေ့ အတွေ့ (၂) လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဒီလိုအသိတွေနဲ့ သစ္စာ (၄) ပါးရဲ့အကြောင်းကို ဟောတာပါ။ အဲ့ဒီတော့ ဒုက္ခသစ္စာဆင်းရဲခြင်း၏ အမှန်တရားဘာတွေ ဘာတွေဆင်းရဲလဲ ဘာလို့ဆင်းရဲရမှာလဲ။ အဲ့ဒီတော့ဒုက္ခသစ္စာလို့ရေးထားတယ်။ ဘုရားကဆင်းရဲခြင်း၏အမှန်တရားဆိုတာ ခင်ဗျားကံကြောင့် ဒုက္ခဖြစ်နေတာ သွားစွဲလို့ ဒုက္ခဖြစ်စေတာ။ ဒါပညတ်နယ်ထဲမှာ နောက်ပရမတ်ကပြောပါပြီ။ ဒါပရမတ်ကပြောပါပြီ။ အဲ့ဒီတော့ ပညတ်နဲ့ပရမတ်နှစ်ခု အဲ့ဒါအစွန်းနှစ်ပါးခေါ်တယ်။ အဲ့ဒီအစွန်းနှစ်ပါးက လွတ်သွားတာ အဲ့ဒါပေ့ါဗျာနော်။ ဗီလောက်ပဲ ဦးဇင်းပြောမယ်။ အစွန်းနှစ်ပါးဆိုတာ ပညတ်နဲ့ ပရမတ်ကိုမြင် သွားတာ။ အဲ့ဒီတော့မှ ပညတ်အကြောင်းကို သိသွားတာ။ ပရမတ်ကအဲ့ဒါသူက တစ်ခါပြန်တတ်ဦးမယ်နော်။ သဘော လေးတွေဟောသွားတာ။ အဲ့ဒီတော့ ခုနကသားလေးရေနစ်သေတယ်၊ သမီးလေးရေနစ်သေတယ်။ ဥပမာ ဥပမာ ဖအေ မအေကတစ်ခါတည်းပူတာပဲဗျို့။ အဲ့ဒါဗျာပါဒ ဘယ်ကသိလဲ။ အာရုံမှာမှတ်မှားယူပြီး မနောမှာဖြစ်သွားတယ်။ အဲ့ဒီတော့ မနောဟာမလုံဘူး။ မနောလုံမှ မနောဘာလုံရမလဲ။ အာရုံငါးပါးလုံရမယ်နော်။ အတွင်းမှာဉာဏ်ဖြစ်မှ ခင်ဗျား အာရုံမှာ ဉာဏ်ရလို့အာသဝက္ခ ယာဉာဏ်လို့ခေါ်တာ စာကဒီလိုရေးထားတယ်။ အဲ့ဒီတော့တိုက်တဲ့အခါမှာ မှန်ရင် ပြောသာပြော မမှန်ပဲနဲ့။ စာကတော့မှန်နေတယ်။ စိတ်မမှန်ရင်တော့ သွားမလုပ်နဲ့။ ဒီသဘောပဲနော်။ အဲ့ဒီတော့ဒီကိစ္စ တွေဟာ တဏှာကြောင့်သာဖြစ်လဲ မာန်ဖြစ်တယ်။ မာန်ကြောင့် ဒိဋ္ဌိဖြစ်တယ်။ အဲ့ဒီတော့ ဒိဋ္ဌိကိုအရင်သတ် ဒိဋ္ဌိဆိုတာ ဝိပဿနာလုပ်ငန်းခေါ်တယ်။ ဒိဋ္ဌိဆိုတာအာရုံကိုပယ်တယ်။ နှလုံးသားရဲ့စိတ်နဲ့ စေတသိတ်ကိုသတ်တယ်။ အဲ့ဒီတော့ စိတ်နဲ့မြင်စိတ် ကြားစိတ် နာမ်စိတ် ထိစိတ် သိစိတ်တွေ ဒါတွေကိုပယ်တယ်။ ပယ်တဲ့အခါမှာတော့ အဲ့ဒီတော့စေတသိတ် ဆိုတဲ့ လောကီစိတ်တွေတွေးစိတ်ပေ့ါဗျာ။ တွေးစိတ်တွေ လောကီစိတ်တွေ်တွေးစိတ်ဆိုတာ ဒီကောင်တွေ ဝင်လာသလား။ ဝင်လာရင် အဲ့ဒီတော့ ဝင်လာရင်မဝင်အောင်လုပ် အဲ့ဒီတော့ အပြင်မှာ စင်ကြယ်ရင်အပြင်မှာအာရုံငါးပါးစင်ကြယ်ရင် မနောမှာ စင်ကြယ်မယ်၊ မနောမှာစင်ကြယ်ရင် ဉာဏ်ပေါက်မယ်၊ အဲ့ဒါခင်ဗျားတို့ပေါ်မှာမူတည်တယ်။ အဲ့ဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဗိုးလိုမွှေရေလို့နှောက်မှ ရုပ်နာမ်ကိုသိမယ်၊ ရုပ်နာမ်သိတာကဝိဇ္ဇာ ဉာဏ်ခေါ်တယ်၊ ရုပ်နာမ်မသိတာက အဝိဇ္ဇာခေါ်တယ်။ အဝိဇ္ဇာတဲ့ ဟောဒါတွေဟာအင်မတန်မှနက်နဲခက်ခဲတဲ့ နက်ရှိုင်းတဲ့ သဘောတရားတွေနော်။

ခင်ဗျားတို့ကျင့်ကြံကြံကြံ အဲ့ဒီတော့ နောက်ဆုံးဘဝခင်ဗျားတို့ပြန်ရမယ်။ အကယ်၍ဉာဏ်မရတောင်မှ ခင်ဗျားတို့ရဲ့ ယုံကြည်မှုရဲ့သဒ္ဓါ ဝီရိယ သီလ သမာဓိပညာ ဒီလိုသိက္ခာမျိုးငါးပါးနဲ့ ခင်ဗျားတို့ပြည့်စုံရင်အပါယ်ပိတ်တယ်နော်။ ကိုယ့်စိတ်ကိုယ်စစ် အဲ့ဒီတော့ကိုယ့်စိတ်ကိုဘာနဲ့စစ်ရမလဲ၊ မဂ္ဂင်နဲ့စစ်၊ မဂ္ဂင်နဲ့စစ်တဲ့အခါကျ ဘဝင်စိတ်ကို စစ်အဲ့ဒီတော့ဘဝင်စိတ်ကလေး စစ်ချင်အပြင်အာရုံတွေလုံတယ်ဗျို့။ အဲ့ဒီတော့အခုဟာ ကာယကံ (၃) ပါး ဝစီကံ (၄) ပါး မနောကံ (၃) ပါး၊ ကာယကံ (၃) ပါးက သူများအသက်မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယားမဖျက်ဆီးပါဘူး။ ဒါကာယနဲ့ပတ်သတ်တယ်။ သူများအသက်မသတ်ဘူးဆိုတော့ ဥပမာပြောကြမယ်ဆိုရင် ဒါသစ္စာပေါ့ဗျာ။ တစ်နေ့သောအခါ ခရီးသွားတယ်။ မိုးတွေသိပ်ရွာတယ်။ မြစ်ချောင်းအင်းအိုင်မှာရေတွေကလည်း အလွန်အဲရေတွေကတက်လာအခါမှာ ငါးတွေကအဲ့ဒီမှာ မြူးတာပဲဗျို့ အာငါးတွေမြူးတဲ့အခါမှာ သူမျက်စိနဲ့ကြည့်လိုက်တဲ့အခါ ဒီ ငါးတွေကိုအားကြီးပါလား။ ဘာငါး ဘာငါးဆိုတာသူကြည့်တယ်။ ငါးခန့်တို့ ငါးမြစ်ချောင်းတို့ ငါးသလောက်တို့ဟာ သောမနဿဖြစ်တယ်။ ဟိုကောင်တွေတွေပြီး သောမနဿဝမ်းမြောက်တယ်။ အဲ့ဒီတော့ သူလိုက်ရှာတော့တာပဲ။ ဗိုင်းဝန်းတွေရော တုတ်တွေရော၊ ဓါးတွေရော၊ အဲ့ဒီအာရုံမှာ မှတ်တာ အယူမှားတယ်။ အမှတ်မှားတယ်။ ကံဖြစ်တော့မယ်။ သူများအသက်သတ်တော့မယ်။ အဲ့ကာဗျို့ သောမနဿဖြစ်ပြီ။ ဒီကောင်တွေတွေ့တော့ ဝမ်းကိုသာတာပဲ။ ခုတ်သတ်တာပဲဗျို့ ဟာသူပျော်နေတာပဲနော်။ အဲ့ဒီသဘောတွေ အဲတာက ဘုရားကပညတ်တာ ဒီအယူဝါဒကို မယူပါနဲ့တဲ့။ အတ္တကယူတယ်ဗျို့နော်။ ခံပေါ့ စားတော့ အများခံတော့ဝာစ်ယောက်တည်းပဲ။ နတ်တွေရှိတယ်နော်။ နတ်သိတဲ့တရားရှိတယ်။ လူသိတဲ့တရားရှိတယ်။ နတ်သိတဲ့တရားက အဲ့တာလူသိပ့်မလား။ အဲ ခင်ဗျားတွေးနေ မိန်းမသိလားမသိဘူး။ မိန်းမတွေးနေတာလည်း မင်းကမသိဘူး။ အဲ့ဒီတွေးနေတဲ့ စိတ်ကနတ်သိတယ်ဗျို့ အထင်လည်းမသေးနဲ့ အထင်လည်းမကြီးနဲ့၊ ပြောနေတဲ့စကားကတော့ လူသိတယ်ဗျို့နော်။ သဘောလေးနော။ အဲဒါကြောင့်ပေါ့။ အဲဒီနတ်သိတဲ့ဟာကို သစ္စာထားတယ်။ အရိယာထသစ္စာတဲ့ လူသိတဲ့ဟာကိုတော့ သမုတိသစ္စာတဲ့။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာတဲ့ အရိယာထသစ္စာ ကမနောထိန်းတယ်။ သမုဒိသစ္စာက ကာယကံဝစီကံကို ထိန်းထားတယ်ဗျို့ အဲ့ဒါကံတရားတွေ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကစလို့ လည်သလဲခန္ဓာစလို့လည်တယ်။ သံသရာဘယ်က ပြတ်သလဲ။ ခန္ဓာကစလို့ပြတ်တယ်။ အဲ့ဒီတော့ ပြတ်ပုံပြတ်နည်းလေး ဝိပဿနာတရားထိုင်တယ်။ ထိုင်းတော့သူမှာ ဘာတွေဖြစ်လာလဲ။ သူရဲ့ရှိတဲ့ အသိတရားတွေ အဓိသီလရသွားပြီ။ အဓိစိတ္တရသွားပြီ။ ဒါဝိပဿနာရဲ့ဉာဏ်စကားနဲ့ အဓိသီလရသွားပြီ။ အဓိစိတ္တရသွားပြီ။ အဓိပညာရသွားပြီ။ သညာမဟုတ်ဘူးနော်။ ပညာရသွားပြီ။ အဲ့ဒီအဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာ (၃) ပါးကို အဆီညစ်ထုတ်ရင် ဘာအဆီတွေကျသလဲ။ ဧကောဓမ္မောကျတယ်။ ဧကောဓမ္မောဘယ်ကလာသလဲ။ ရုပ်နာမ်ကလာတယ်။ ဟောရုပ်နာမ်သိလို့ ရုပ်နာမ်လွတ်လို့ ဧကောဓမ္မောဖြစ်တာဗျို့ အဲ့တာဒီသဘောပဲ။ ဒါကြောင့်မလို့ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဟော သီလဘယ်သီလလဲ။ ပညတ်သီလ ပရမတ်သီလ (၂) ခု ချုပ်ထားလိုက်တာနော်။ ရသွားတာကို။ အဲ့ဒီတော့ အဲဒီပညတ်သီလနဲ့ ပရမတ်သီလ အဲတာသဘောတရားပြောမယ်ဆိုရင် တရားအားထုတ်လိုက်လို့ရှိရင် ခစွန်း (၂) ပါးခေါ်တဲ့ အဲ့ဒါခစွန်းနှစ်ပါးအစတုန်းက ပညတ်ကို စွဲနေတယ်။ ပရမတ်မမြင်ဘူး။ ဓာတ်ပရမတ်မမြင်တော့ ပရမက်ကိုမြင်မှ ပညတ်ကိုသိတာနော်။ သိတော့မစွဲဘူး။ ပညတ်ထဲမှာနေတယ်။ သူမစွဲဘူး။ အဲ့ဒီလိုသဘောမျိုးလေးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီတရားတွေဟာ အင်မတန်မှထူးမြတ်တဲ့တရားတွေပါ။ အင်မတန်မှသိတဲ့တရားတွေပါ။ ဒုက္ခသစ္စာဆင်းရဲခြင်း၏အမှန်တရား သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်းအမှန်တရား။ ဒါတွေဟာစာနဲ့ရေးထားတယ်။ ဗမာလိုပြန်လိုက်

မယ်ဆိုရင် မင်းဒုက္ခသစ္စာ ဆင်းရဲတယ်ဆိုတာ မင်းသွားစွဲတာကို။ အခုဘာ၀ ပစ္စုပ္ပန်တည့်တည့်လေး ဒါသစ္စာနဲ့ပြောတာ မင်းစွဲရင်ကံပဲ။ ကံကြောင့်မင်းဒုက္ခပဲ အဲတာဒုက္ခပဲ အဲတာဒုက္ခပဲကွ။ ကံကြောင့်မင်းဒုက္ခပဲ။ အဲ့တာပညတ်ယူလဲယူတယ်။ စွဲလဲစွဲတယ်။ အဲတာဒုက္ခပဲတဲ့။ အဲ့ဒီဒုက္ခကိုမင်းမြင်အောင်ကြည့်ပါ။ မုန်းအောင်ရှုပါ။ ဆုံးအောင်သိပါဆိုတဲ့ ဝိပဿနာရဲ့ လမ်းလေး မဂ်ကောလမ်းလေးကိုပြထားလိုက်တယ်။ အဲဒါကိုကိုယ်ကကျင့်ရမယ် ကျင့်ရမယ့်အခါကိုယ်က မဂ္ဂင် (၈) ပါးနဲ့ကျင့်ရမယ်။ ပယ်အပ်မယ့်တရားက ကာမသဝ ကာမသဝ ဘဝသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အဲတာပယ်အပ်မယ့် တရားကျင့်အပ်မယ့်တရားက သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဒိဋ္ဌိကိုသိသွားပြီး သင်္ကပ္ပရောက်သွားပြီနော်။ သဘောလေးသာနော။ အင်မတန်းအားကျဖို့ကောင်းတယ်။ ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အစ်မကြီးလို လာပြီးတော့စိတ်ကလေးတွေရဲ့အသိလေးကို လာပြောတာပါ။ အဲ့ဒီတော့ဒီစိတ်ကလေးတွေကနေပြီးတော့ စိတ်ကလေးတွေကခါတ်ဖြစ်အောင် ကျင့်လိုက်တာ။ အဲ့ဒီတော့ခါတ်ဆိုတာ သဘာ၀ သူ့ဟာသူသဘာ၀သဘောဖြစ်နေတဲ့သဘောတွေနော်။ အဲ့ဒါတွေ အဲ့ဒီတော့ခါတ်အာရုံကိုရှုတော့ ခါတ်အာရုံချုပ်ငြိမ်းတော့ လွတ်တာပေါ့ဗျာ။ အဲဒါအေးတာပဲ။ အေး အဲ့ဒီတော့ ခါတ်ဆိုတာက ဟိုအလုပ်စခန်းမှာပြောရင် သုခဝေဒနာ ဒုက္ခဝေဒနာ အင်မတန်နုတယ်။ သုခဝေဒနာ ဒုက္ခဝေဒနာ အဲဒါလေးကို ပယ်သတ်ရဦးမယ်။ သိပ်နုတယ်။ တဲ့ဒါလေးတွေကို ပယ်မှသိပယ် ဆိုက်ပွား ဒါလေးတွေ ခင်ဗျားတို့ကျင့်ကြပါ။ ကြံကြပါ။ အဲ့ဒီတော့ ဒီဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား အဲ့ဒီတော့ဒုက္ခကို ကိုယ်ရဲ့ကိလေသာရဲ့ ရုပ်ကြီးကိုမသိလို့ ကာမဝဋ်ကို သွားစွဲနေတာ ကိလေသာရဲ့ဝဋ်ကိုသိရင် ကာမဂုဏ်ကပြတ်တယ်။ ဟော ကိလေသာဝဋ် ငါဝဋ်ကောင်ကြီးပါလား။ ဘုရား ဘုရား ဘုရား ပဋ်ဇကောင်ကြီးပါလား။ အဲ့ဒီတော့ခန္ဓာရဲ့ကိလေသာရဲ့ ခန္ဓာစားဖို့၊ သောက်ဖို့ ဒီကိလေသာရဲ့ ခန္ဓာကိုသူ့ကျွေးရမယ်။ ကျွေးတဲ့အခါမှာ သမ္မာနဲ့ ကျွေးသင္ကာရ အတ္တတွေနဲ့ တဏှာတွေနဲ့ သွားမကျွေးနဲ့။ ကျွေးတတ်ဖို့လိုတယ်။ ဒီကိလေသာတွေ ကိလေသာရုပ်တရားခေါ်တယ်။ တဏှာကနမ်တရားခေါ်တယ်နော်။ နာမ်သေမှအေးမှာ နာမ်မသေလို့ ရုပ်ခွေးဖြစ်နေတာ။ သဘောလေးသာနာလိုက်။ အဲ့ဒီတော့ကံတရားတွေနော်။ ကံတရားတွေပဲ။ ကံဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဘယ်ကံကသံသရာလည်လဲ။ မနောကံကလည်တာ။ အဲ့ မနောကံဘာကြောင့် လည်သလဲ။ အာရုံငါးပါးကို မလွှတ်လို့လည်တာ ဘာကြောင့်မလွှတ်လဲ သညာသင်္ခါရဉပါဒါန်ကံတွေဖြစ်ပါတယ်။ အမှတ်ဖြစ်တယ်။ ဟောဒါ ငါ့သမီးပဲ၊ ဟောဒါငါ့တိုက်။ ဟောဒါငါ့ကား၊ ဟောဒါငါ့အိမ်။ ဟောဒါငါ့သမီးလေးတွေကွ ကျောင်းတတ်မယ်ကွ။ ဘာလုပ်မယ်ကွ၊ ဟုတ်တာပေါ့။ ပညတ်အနေကသိပ်မှန်တယ်။ မပယ်ဘူး။ သွားမစွဲနဲ့။ မပယ်ဘူး။ ပဏ္ဍိတက သြော် အေး အေး အေးပဲ သူကအယူမှမဟုတ်တာ။ အေးနေတာ အဲသူများဆဲလည်း အေးအေးအေး ပဲ။ သူများပဏ္ဍိတကြီးဆဲလည်း အေးအေးပဲ။ သူ့ဟီအယူတွေမှမယူတာ။ ဉာဏ်ရှိတာကို ပညာဖြစ်သွားတာ။ ဒါအစတုန်းကတော့ ကြည့်စမ်း သီးကွင်း၊ သရက်ကုန်း၊ အိမ်မဲမြို့နယ် ဦးချိုးတိုး၊ ဒေါ်အုန်းမေ ဟာစာမတတ် ပေမတတ် လောဘတွေ ကြက်သတ်လိုက်၊ ဘဲသတ်လိုက်၊ ဝက်သတ်လိုက် ဟာစာရိတ္တကလည်းပျက် သူများပစ္စည်းတွေခိုး ရေထမ်းရင်းနဲ့ ဘုံးထဲထည့် ဒါအစွဲ တရားတွေ အရက်ဘုံဆိုင်ကို ပုလင်းကဘုံဆိုင်မှာရှိတာ ကိုယ်ကပြေးသောက်ရတယ်။ ဟာဘယ်လောက်အစွဲ အဲဒါ သက္ကာယဒိဋ္ဌိတွေ မိစ္ဆာဒိဋ္ဌိတွေ အတ္တဒိဋ္ဌိတွေ ဒိဋ္ဌိတွေပါနေတယ်နော်။ ဒိဋ္ဌိတွေပါနေတယ်။ ဒိဋ္ဌိကိုဉာဏ်က ပညာဉာဏ်နဲ့ ကြည့်မှဒိဋ္ဌိဟာသဘောပေါက်ပြီး။ သြော် ဒီကောင်ပဲ၊ အဲ့ဒီအာရုံဟာ သညာနဲ့ဒိဋ္ဌိနဲ့ သင်္ခါရဉပါဒါန်တွေနဲ့ဖြစ်ကုန်တာပဲ။ ကြည့်စမ်းရောတွေးပြီးဖြစ်နေတာ။ အဲ့ဒီတော့ မဂ္ဂင်နဲ့စစ် ခင်ဗျားတို့ဒီဘဝနောက်ဆုံး နောက်ခံဆုံး မိုးကျောခိုင်းသွားမယ်။ အပါယ် (၄) ဘုံသိပ်ကြောက်ဖို့ကောင်းတယ်။ အသူရကာယ်ဘုံ ပြိတ္တာဘုံ ငရဲဘုံ တိရစ္ဆာန်ဘုံဟာ ဘုံကဘယ်နှစ်ဘုံလဲ။

စာကာရေးထားတယ်နော်။ (၃၁) ဘုံတဲ့ အဲ့ဒီတော့ (၃၁) ဘုံစာကရေးထားတဲ့အတိုင်း ဦးဇင်းပြောတာနော်။ အဲပြဟ္မာဘုံ (၂၀) တဲ့ နတ်ဘုံ (၆) ဘုံတဲ့ အပါယ် (၄) ဘုံတဲ့ လူ့ဘုံ (၁) ဘုံ အဲ့ဒီဘုံတွေကို လွှတ်သွားရင်တော့ ဝိသုဒ္ဓိခင်ဗျားပဲ။ ဝိဆိုတာအထူး သုဒ္ဓိဆိုတာမနေရာအာရုံမှာ စင်ကြယ်သွားပြီ။ အာသဝက္ခ ယာဉာဏ်ရသွားပြီဗျို့ လက်ငင်းခံစားရပြီ။ ဝေဒနိရဗိဋ္ဌလက်ငင်းမျက်မှောက် ခံစားရပြီး။ မဂ်အကြောင်းလည်းသိတယ်။ ဖိုလ်အကြောင်းလည်းသိတယ်။ ကံအကြောင်းလည်းသိတယ်။ ဈာန်အကြောင်းလည်းသိတယ်။ အဲ့ဒီဟာ ထူးတာဗျို့ သွေးသားပြောင်းတယ်၊ စိတ်ပြောင်းသွားတယ်။ မှတ်ထားဦး အဲ့ဒီတော့ သွေးသား မိရိုးဖလာမွေးတဲ့ အဖေအမေမွေးတဲ့ ကိလေသာရဲ့ သွေးသားတွေ ပြောင်းသွားတယ်။ မွေ့ဖြစ်တယ်။ စိတ်ကလည်း ဟိုတုန်းက လောဘ၊ ဒေါသတွေ၊ အတ္တရဲ့စိတ်တွေ အနုအနတ္တစိတ် ပေါသဘောလေးဘာနာခင်ဗျားတို့ စာတော့မတတ်ဘူးဗျာ။ ဒီနေ့တော့ပေါပြီး ပြန်မှာတစ်ခါတည်းဟိုမှာအဆင်သင့် လုပ်ထားပြီး။ ဘယ်အချိန်ရောက်ရောက်တဲ့ ငါပြန်မယ်ကွာ။ တားမထားနဲ့။ တရားပွဲမင်းတို့ (၃) ကြိမ် တောင်းထားရင် (၃) ကြိမ်နာပေါ့။ မျိုးစေ့လာပေးတာ မဂ်မျိုးစေ့လာပေးတာ။ မဂ္ဂင်ဖောင်ဆိုက်ပေးတာ။ ခင်ဗျားတို့တက်တတ်ဖို့လိုတယ်။ အဝိဇ္ဇာတုံးကြီးဟာ သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာဆိုတာ ဘဝကိုနာရမယ်။ အဲ့ဒါဘာဝနာ အဲ့ဒီတော့ ဒါတွေနဲ့ဆေးကြောပါ။ သံဝေဂတရားတွေယူပါ။ ကိုယ်ကျင့်တရား ကိုယ်ကျင့်တဲ့တရားတွေသိပါ။ အဲ့ဒီတော့ ဗြဟ္မာစိုရ် တရားတွေကို နှလုံးသွင်းထားပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က သူကိုသနားပါ။ အဲ့ဒီတော့ဒါတွေဟာ အလှူနဲ့ခင်ဗျားစေတနာနဲ့ အလှူနဲ့ပြော်ရပ်ကွက်ကလူကြီးမင်းများခိုင်းလည်း ငါလုပ်တယ်။ ကျွန်တော့်ခိုင်းပါဗျာ။ စေတနာမပျက်နဲ့။ အဲ့ဒီတော့ စေတနာမပျက်နဲ့။ ကျွန်တော့်ပါးရိုက်လည်း ကျွန်တော် စေတနာမပျက်ပါဘူး။ ကျွန်တော်ဘာလုပ်လုပ်စေတနာမပျက်ပါဘူး။ ဒီစေတနာဟာ အာရုံပေါ်မှာသူစေတနာ ထားတယ်။ အာရုံ (၅) ပါး ပေါ်မပျက်ဘူး။ မမှတ်ဘူးနော်။ မှတ်သိထားဦး။ သူစေတနာမပျက်ဘူး။ အဲ့ဒါကတော့ မဂ္ဂင် ပေါ်တက်မယ့်ပုဂ္ဂိုလ်တွေပဲနော်။ ဦးဇင်းကစာတော့ မတတ်ဘူးဗျာ။ ပြောမှားဆိုမှားရှိရင် ဒကာကြီးတွေ ဒကာမကြီးတွေ ဒကာလေးတွေ ဒကာမလေးတွေလည်း တောင်းပန်ပါတယ်။ သံဃာတော်အရှင်မြတ်ကြီးတွေ ဆရာတော် သံဃာတော် အဲ့ ပုဂ္ဂိုလ်ကြီးများလည်း အားလုံးထေရ်ကြီးဝါကြီးတွေကိုလည်း တောင်းပန်ပါတယ်။ သဘောလောက် တပည့်တော် ပြောပြပါမယ်။ မှားရင်လည်း သည်းခံပါ။ အဲ့ဒီတော့ မဂ္ဂင်ဖေါင်ဆိုတာ သဘောလေးပေါ့ဗျာ။ အဲ့ဒီတော့ဘုရားပေါ်က လက်သည်းဟော ဒီဘုရားပေါ်က လက်သည်း အဲ့ဒီလက်သည်းပေါ်မှာ သဲတွေတင်တယ်။ ဘုရားနင်းထားတဲ့ ခြေထောက် အောက်မှာ သဲတွေရှိတယ်။ ဘုရားနင်းထားတဲ့ ခြေထောက်အောက်မှာ သဲတွေအများကြီးပဲ အဲမြေကြီးကို နင်းထားတယ်။ မြေကြီးငါနင်းထားတဲ့ သဲနဲ့ငါ့လက်မပေါ်ကသဲ ဘယ်သူကများလဲ။ အဲ့ဒီနင်းထားတဲ့ သဲတွေက များပါတယ်။ ဟောဒီသဲကငါ့နောက်ပါမယ့်သူပဲ။ မဂ္ဂင်ဖောင် အဲ့ဒါမဂ္ဂင်ဖောင်ဆိုတာ မနုဿဘာဝေါဒုလ္လဘော လူ့ဘဝမှာခဲယဉ်းစွာ ရအပ်ပေ၏။ သတ္တာသံပတ္တိရတနာ (၃) တန် ကံကံ၏အကျိုးကြည်ညိုခြင်း ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာရပေ၏။ အဲပဗ္ဗဇိတ ဘာဝေါရသေ့ရဟန်းအဖြစ်တို့ကိုလည်း အဲ ခဲယဉ်းစွာရအပ်ပေ၏။ ခဲတော့ခဲယဉ်းတယ်တဲ့။ ရတယ်တဲ့။ အဲ့ဒီတော့ သတ္တမသာဝနသူတော်ကောင်းတရားစကား နာကြားရခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာ ရပေ၏။ ဖဝံဒိဝသေ ဗိဝသေ ဘုရား ဒီဟာတွေ ဟောသွားတယ်။ ဒုလ္လဘ (၅) ပါးထဲက စေတနာကိုပြောတာ။ အပြင်ကပကာသန စေတနာ ဘယာ စေတနာ ဒါတွေကတော့ သဘောပဲ။ အဲ့လိုစေတနာမျိုး စေတနာအစစ် ပကတိစေတနာနဲ့ ညောင်စေ့လေးလောက်လှူ ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ဒါပေမယ့် ဟိုစေတနာတွေကမဟုတ်ဘူးလား ရမယ်နော်။ ခင်ဗျားမရဘူး။ မပြောဘူးရမယ်။ အဲ့ဒီဟိုအလှူက ဒုလ္လဘ

(၅) ပါးထဲက စေတနာသူမိအောင်လိုက်လို့လည်း မဖြစ်တော့ဘူး။ ဒါနနဲ့သီလ ဘာဝနာနဲ့ဘဲ သူ့ခေါက်တည်ရတော့မယ်။ ခုနကမင်္ဂလိလ်တော့ မခံစားရတော့ဘူးနော်။ အဲ့ဒီလိုပုဂ္ဂိုလ်တွေလဲ တိုင်းပြည်မှာရှိတယ်။ အဲ့ဒီတော့ ဦးဇင်းကအဲခင်ဗျားတို့ရတဲ့ လှူမယ့်အလှူတွေကို ဒါနစစ် ဒါနမှန် သီလစစ် သီလမှန်ဘာဝနာစစ်၊ ဘာဝနာမှန် ခင်ဗျားတို့လှူလိုက်တဲ့အလှူကို ဦးဇင်းသက်နှိုးလေးနဲ့ အလှူခံမယ်ရတဲ့ကြေးငွေတွေကို ဆရာတော်များ၊ ဂေါပကလူများ၊ လူကြီးမင်းများ အကုန်ပေးပစ်ခဲ့မယ်။ အဲ့ဒီတောတိုင်း ဟောတိုင်းအကုန်ပေးပါတယ်။ ဦးဇင်းကအရင်တုန်းက လူ့ဘဝက မလှူနိုင်လို့ ကျောင်းလည်းမဆောက်နိုင်၊ ရေတွင်းရေကန်လည်း မတူးနိုင်၊ အဲ့ဒီသံဃာတော်များကိုလည်း ဆွမ်းမကပ်နိုင် အခုတရားဟောတဲ့အသိ ဝတ္ထုက ကာမဝတ္ထုနဲ့ ဦးဇင်းအကုန်လုံးဘယ်နေရာ ဟောဟော အကုန်ပေးပစ်ခဲ့တယ်။ အကုန်လုံးပေးပစ်ခဲ့တယ်နော်။ အဲ့ဒါကြောင့် ခင်ဗျားတို့ရဲ့ လှူချင်တဲ့စေတနာရှိရင် ဦးဇင်းအလှူခံပေးမယ်။ အဲ့ဒီအလှူခံဝတ္ထုကို ဆရာတော်တွေ ဂေါပကလူကြီးတွေ ပေးပစ်ခဲ့မယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။ သာဓု . . သာဓု . . သာဓု

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဏ္ဍပ်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၆၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၆၆၇၅၇၂၄၅၅

မြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၀.၀၂.၂၀၀၂)ရက်နေ့
ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊
ကြေးသွန်းဘုရားကြီးတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၈၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၈၇)

## (၁၀.၁၂.၂၀၀၂)ရက်နေ့၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးခွန်းဘုရားကြီးတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်း က မြန်မာစာမတတ်ပါဘူးနော်။ ဦးဇင်း အသက်(၅၀)ကျော်မှ သတိပဋ္ဌာန်တရားများ ခန္ဓာမှာ အဲ့ဒီတော့ရှာပါတယ်။ အဲ့ဒီတော့ စာမတတ်တဲ့အတွက်ကြောင့် စကားပြောတဲ့အခါမှာ အားလုံး သံဃာတော်အရှင်မြတ်တွေ၊ ထေရ်ကြီးဝါကြီးတွေ သံဃာတော်လေးတွေအားလုံး ရှိတဲ့ရှင်သာမဏေ တွေ တပည့်တော်က စာမတတ်တဲ့အတွက် အားလုံး တပည့်တော်က ပြောမှားဆိုမှားရှိရင် ခွင့်လွှတ် ပါတဲ့နော်။ ဒကာကြီးတွေ၊ ဒကာမကြီးတွေအားလုံး၊ တရားနာလာကြတဲ့ပရိတ်သတ်အပေါင်းလည်း ဦးပဏ္ဍိတ က စာပေမတတ်၊ စာပယ်တာမဟုတ်ဘူး။ မတတ်တာ။ အဲ့ဒီတော့ စာမတတ်တဲ့အတွက် ကြောင့် အားလုံးတရားနာကြတဲ့ပရိတ်သတ်များကိုလည်း ဦးပဏ္ဍိတ က ပြောမှားဆိုမှားရှိရင် ခွင့်လွှတ် ပါလို့ တောင်းပန်ပါတယ်ဗျာ။ ဒါကြောင့် စာကရေးထားတယ်။ စာကမှန်၏၊ ဉာဏ်မမီ၊ ထိအောင် သူမသိ။ စာတွေ့ ဝါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ဝါတွေ့ကသာတယ်တဲ့နော်။ သဘောလေး ပဲ။ ဒါ သဘောလေးပဲ။ အဲ့ဒီတော့ စာကရေးထားပါတယ်။ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရားတဲ့။ ကံလည်း အမျိုးအစားရှိတယ်။ ဈာန်လည်း အမျိုးအစားရှိတယ်၊ ဉာဏ်လည်း အမျိုးအစားရှိတယ် နော်။ သဘောလေးနော။ အဲ့ဒီတော့ ကံတရားကနေပြီးတော့ ဘယ်ကိုကူးသွားမယ်ဆိုတာ သဘောလေး ပေါ့။ စာကရေးထားတယ်၊ သဗ္ဗေ အလုံးစုံသော သခ်ီါအနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သခ်ီါရ ဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံသော သခ်ီါရ အနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်နော်။ အဲ့ဒီရုပ်ကြီးဟာ ကိလေသာရုပ်ကြီးဟာ သဘောပေါ့ဗျာ။ အဲ့ဒီရုပ်က အိုရမယ်၊ နာရမယ်၊ သေရမယ်။ စာလိုဆိုရင် တော့ ဇာတိ၊ ဇရာ၊ မရဏာခေါ်ပါတယ်ဗျာ။ အဲ့ဒါ သဘောလေးပဲ။ အဲ့ဒီတော့ ဇာတိ၊ ဇရာ၊ မရဏာ ဆိုတာ ပါဠိလိုရေးထားပါတယ်။ ဦးဇင်း က စာမတတ်တော့ ဇာတိဆိုတာ ဘဝပြောက်များစွာကနေ ပြီးတော့ ဖြစ်လာတဲ့သဘောပါပဲဗျာ။ ဇာတိသိမှ ဇရာကိုကြောက်သွားမှာနော်။ ဇာတိမသိတော့ ဇရာကို စာလိုပဲမြင်တယ်ဗျို့။ အဲ့ဒီတော့ သဗ္ဗေ အလုံးစုံသော သခ်ီါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သခ်ီါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သခ်ီါရ အနတ္တ။ အဲ့ဒါ ကံတရားတွေ။ ဥပါဒါန်အစွဲတရားတွေ။ ဒါ သဗ္ဗေ အကုန်လုံးထည့်လိုက်ပြီ။ အဲ့ဒီတော့ ကိုယ့်စိတ်ကိုယ်စစ်။ သဗ္ဗေ အလုံးစုံသော သခ်ီါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သခ်ီါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော အနတ္တ။ ဒီသခ်ီါရကျက်စားနေကြတယ်၊ အာရုံငါးပါး

ဆိုတာ မနောနဲ့နော်။ အဲ့ဒီသဘောလေးပဲဗျာ။ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် သောမနဿစိတ်၊ ဒေါမနဿစိတ်၊ သမ္မာဒိဋ္ဌိစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်။ စိတ်ကလေးတွေဖြစ်နေတာ။ အဲ့ဒါ သခၤါရပေါ့ဗျာ။ တစ်ခုပြီးတစ်ခု ပြောင်းပြောင်းသွားတာ။ စိတ်တွေပြောင်းသွားတယ်။ ဘာနဲ့ပြောင်းသွားလဲ။ သညာနဲ့ ပြောင်းသွားတယ်။ အမှတ်နဲ့ ပြောင်းသွားတယ်။ အကုသိုလ်ကံ၊ ကုသိုလ်ကံ ဘယ်ကလဲ မနော။ သံသရာ ဘယ်ကစလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်လဲ ခန္ဓာမှစလို့ပြတ်တယ်။ သံသရာဘယ်ကစလို့ လည်လည်း ခန္ဓာကစလို့လည်တယ်။ ဒါပဲ။ အဲ့ဒီတော့ ဘယ်ကံလဲ။ အဲ့ဒီတော့ ဒီကံဟာ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံလို့ခေါ်သမုတ်ထားတဲ့ ပညတ်ကို သဘောလေးနဲ့နာ။ အဲ့ဒါ စာတွေနဲ့ အသိလေးနဲ့ပြောပြောပြပါ့မယ်။ အဲ့ဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ ကံရှိတယ်ဗျို့ ကိုယ်မပြုလုပ်ဘူး။ ဘာမှမလုပ်ဘူး။ ကာယကံ (၃)ပါး၊ ဝစီကံ(၄)ပါး။ ဘာမှမလုပ်ဘူး။ အဲ့ဒီတော့ ကိုယ်ပြုလုပ်တဲ့ကံရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံကဘာလဲ။ ထိုင်နေတယ်။ ဗျာပါဒနော်။ အဘိဇ္ဈာနော်။ မိစ္ဆာဒိဋ္ဌိတဲ့ ဟောဗျာပါဒဆိုတာ သားလေးရေနစ်လို့သေတယ်။ သမီး လင်နောက်လိုက်လို့သေတယ်။ စီးပွားရေးအခြေအနေမကောင်းလို့ ပူတယ်ဗျို့ အဲ့တာ အစွဲဥပါဒါန် ကံခေါ်တယ်နော်။ အဲ့တာ ကိုယ်မပြုလုပ်ဘူး။ အဲ့ဒီတော့ စွဲတာ အာရုံငါးပါးမှ မလွတ်တာကြီး။ အဲ့ဒါ သခၤါရ။ သဗ္ဗေ အလုံးစုံသော သခၤါရအနိစ္စ၊ အဲ့ဒီတော့ အာရုံတွေမှာ ပြောင်းပြောင်းသွားတယ်။ စေတနာကြောင့်ပေါ့ဗျာ၊ အမှတ်ကြောင့်အဲ့ဒါ အစွဲတရားခေါ်တယ်။ ဟိုဟာက ကာယကံက သူများအသက်မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး၊ သူများသားမယား မဖျက်ဆီးပါဘူး။ စာတော့မတတ်ဘူးနော်။ သဘောလေးနဲ့ ဆင်ခြင်သွားမယ်။ ဝစီကံ မုသာဝါဒ မလိမ်ညာပါဘူး။ အဲ့ဒီတော့ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဒါစာနဲ့ရေးထားတယ်။ အကျိုးမရှိသောစကားများကို ဖွယ်ဖွယ်ရာရာဘာမှမပြောပါဘူးနော်။ ကာယကံရယ်၊ ဝစီကံရယ်လုံနေပြီ။ မနောကိုသတ်တာ။ ဗျာပါဒနဲ့ အဘိဇ္ဈာနဲ့ ဒိဋ္ဌိကိုသတ်မယ်။ အဲ့ဒီတော့ ဝိပဿနာတရားထိုင်၊ ဝိပဿနာတရားထိုင်ရင် အဲ့ဒီတော့ ဒီတရားထိုင်လိုက်တဲ့အခါမှာ ကမ္မဋ္ဌာနစရိယဆိုတာ စာတော့မတတ်ဘူး။ သဘောလေး ကမ္မဋ္ဌာနစရိယာဆိုတာ ကမ္မဋ္ဌာန်းထိုင်တာဗျို့ အဲ့ဒီတော့ တရားထိုင်တဲ့အခါမှာ မိမိပါလာတဲ့အပြင်အာရုံတွေ အကုန်ထားပစ်ခဲ့၊ အတွင်းမှာယူမလာနဲ့၊ အကုန်ထားပစ်ခဲ့၊ အပြင်အာရုံမှာ မင်းမှတ်တဲ့ဟာတွေကို အကုန်လုံး မင်းအတွင်းကိုယူမလာပါနဲ့၊ အကုန်ထားပစ်ခဲ့။ မင်းဘာလုပ်ရမလဲ။ ထိတာကရုပ်၊ သိတာကနာမ်။ အနတ္တကိုမျှော်ကြည့်နော်။ ဒီအနတ္တကိုမြင်မှ မင်းအတ္တဖြစ်နေတဲ့စိတ်ကို မင်းသိလိမ့်မယ်ကွ။ သဘောလေးပဲဗျာ၊ အဲ့ဒီတော့ ဒီဝိပဿနာ

တရားဟောသွားတဲ့ ခန္ဓာသိလားနော်။ ခန္ဓာသိ။ ဒါကြောင့်မလို့ သမုတိသစ္စာ၊ ဝိရတိသစ္စ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာ။ ဟော အရိယထသစ္စာနဲ့ သမုတိသစ္စာနဲ့မတူဘူးဗျနော်။ သဘောလေး မတူဘူး။ ဒါတွေဟာ သိချင်သိပါလိမ့်မယ်နော်၊ အဲ့ဒီတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်ဝိပဿနာ ဉာဏ်စခန်း ဉာဏ် အစစ်၊ အတုမဟုတ်ဘူးနော်။ သဘောလေးနဲ့နော်။ (၃၁)ဘုံလွတ်တဲ့ဉာဏ်လို့ခေါ်တယ်။ အဲ့ဒီမျိုးစေ့လာ ပေးတာ။ အမှန်ကတော့ ဒိုရမယ်၊ နာရမယ်၊ သေရမယ်။ ဦးပဏ္ဍိတ လည်း ပြန်ရမယ်။ ခင်ဗျားတို့ လည်း ပြန်ရမယ်။ ခင်ဗျားတို့ရဲ့ သဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ။ ဟိုက ပါဠိလို သဒ္ဓါခေါ်တယ်။ အဲ့ဒီတော့ ယုံကြည်တယ်။ အဲ့ဒီတော့ ဘာတွေယုံကြည်တယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာ အစစ်၊ လူစစ်လူမှန်။ သဘောလေး လူစစ်လူမှန်၊ သံဃာစစ် သံဃာမှန်၊ ရဟန်းစစ် ရဟန်းမှန် ဒါတွေ ရေးထားပါတယ်။ အဲ့ဒီတော့ ခင်ဗျားတို့စာရေးထားတယ်။ ယက်သဲ့ကြားငါးတင် တင်တဲ့ငါးကို ကြောင်စား၊ ကျန်တဲ့ငါးကို ဘုရားကယ်မယ်တဲ့။ အဲ့ဒါတွေးသာကြည့်တော့။ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကို ကြောင်စားမယ်။ ကြောင်အစားခံရမလား၊ မခံရဘူးလား။ အဲ့ဒီတော့ တင်တဲ့ငါး ကြောင် စားမယ်။ ကျန်တဲ့ငါးကို ဘုရားကယ်မယ်။ အဲ့ဒီအာရုံ(၅)ပါးတည်မယ်။ ဟိုဘဝမှာ စက္ခုအာရုံ၊ သောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ အဲ့ဒီကို အာရုံမနှောနဲ့မပေါင်းနဲ့။ ဘာဖြစ်လို့ မပေါင်းသလဲ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဖြစ်မယ်။ သမ္မာဒိဋ္ဌိနဲ့ပေါင်းလိုက်။ ကိုယ်မှ တဏှာမပယ်နိုင်သေးတာ ပဲ။ တဏှာဘယ်ကစလဲ။ ဟောတွေ့ပြီ။ ကိလေသာတဏှာတဲ့ တွဲနေတယ်။ အဲ့ဒီတော့ တွေးသာကြည့် တော့ဗျို့။ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ။ ဟာ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ။ ဟော တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိစိတ်တွေ ဟာ အဲ့ဒီကောင်တွေက သိပ်ကြောက်ဖို့ကောင်းတယ်။ မသိနိုင်ဘူး။ ပြောတော့လွယ်တယ်။ လုပ်တော့ခက်တယ်။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ ဟော အာရုံတွေနဲ့ မနှောနဲ့ပေါင်းရင် မာန်ဖြစ်တယ်ဗျို့။ ဒါကြောင့်မို့ လောကီကိုအားကိုးတဲ့မာန်။ အဲ့ဒီတော့ ကိုယ်တွေရဲ့ရူပကာရကို အားကိုးတဲ့မာန်။ အမျိုးမျိုးမာန်တွေရှိတယ်ဗျို့။ အဲ့ဒီမာန် ဘာကြောင့်ရှိသလဲ။ တဏှာမသိလို့ဗျို့။ အဲ့တာ တဏှာပဲဗျို့။ တဏှာဆိုတာဘာလဲ။ ဦးဇင်း က စာမတတ်တော့ သမီးလေး လင်နောက်လိုက်တယ်။ မတော်တဲ့လူနောက်လိုက်တယ်။ အဲ့ဒီသတင်းကြားတာနဲ့ တစ်ခါတည်း ရင်ပူတာပဲဗျို့။ ကိုယ်ကစွဲတဲ့ဥပါဒါန်ကံ။ အဲ့ဒါ သံသရာလည်တဲ့တရားတွေနော်။ (၃၁)ဘုံမလွတ်ဘူး။ ခင်ဗျားကို အပယ်ကျတယ်မပြောဘူး။ နတ်ပြည်ရောက်တယ်မပြောဘူး။ ခင်ဗျားပေါ်မှာမူတည်တယ် နော်။ အဲ့ဒီလို ကံတွေကို ကံအမျိုးအစားရှိတယ်။ ဈာန်အမျိုးအစားရှိတယ်။ ဉာဏ်အမျိုးအစားရှိတယ်။

ခင်ဗျားတို့ပေါ်မူတည်တယ်။ အဲ့ဒီတော့ ခန္ဓာ(၅)ပါး ဗိုးလိုမ္ဗွေ ရေလိုနှောက်မှ ခန္ဓာ(၅)ပါးဆိုတာ ဦးဇင်းကတော့ စာတော့မတတ်ဘူး။ ဟောဒီရုပ်ဟာ ဟောဒါရုပ်။ အဲ့ဒီရုပ်မှာ ဓာတ်(၄)ပါးရှိတယ်။ ဓာတ်(၄)ပါး ဒီဓာတ်(၄)ပါး ခုနက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ဒါ ဓာတ်(၄)ပါးလို့စာကရေးထားပါတယ်။ မြန်မာလိုပြောရင်တော့ သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ ဒါက ကိုယ့်ကိုဒုက္ခပေးတဲ့ဟာတွေနော်။ အဲ့ဒီတော့ ဒီရုပ်ကလာပ်ဟာ သွေး၊ သည်းခြေ၊ လေ၊ သလိပ် အသက်ကြီးသွားတယ်။ သွေးအားနည်းသွားတယ်နော်။ သည်းခြေကလည်း အယ် ဒါတော့ထားတော့။ ထားပါတော့။ လေနဲ့ သလိပ်က ချွဲတွေထတော့ အဲ့ဒါဘာလဲ။ အဲ့ဒါဘာဓာတ်လဲ။ ကိလေသာဓာတ်။ အဲ့ဒါ ဇာတိကပါလာတဲ့ဓာတ်တွေနော်။ အဲ့ဒီက သဘောလေးတွေ။ အဲ့ဒါ ဇာတိ၊ ဇရာ၊ မရဏလို့ရေးထားတယ်။ ဇာတိ ဇရာ သိပ်မှန်တယ်။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ မင်တို့ ဖိုလ်တို့ ဈာန်တို့က ခန္ဓာမှာရှိတာ။ ဥပမာ စာနဲ့ရေးထားတယ်တွေလား။ စာကမှန်၏။ ဉာဏ်မမီဘူးတဲ့။ ထိအောင် သူမသိဘူးတဲ့။ မင်တို့ ဖိုလ်တို့ ဈာန်တို့ဆိုတာ ဟောဒီမှာရှိတယ်။ ခံစားရတဲ့လူတစ်ယောက် သူခံစားရတယ်။ တရားပေါက်သွားတဲ့သူ တရားအောင်သွားတဲ့သူ။ သဘောလေးနာနော်။ ဈာန်အမျိုးအစားရှိတယ်။ ကံအမျိုးအစားရှိတယ်။ ဉာဏ်အမျိုးအစားရှိတယ်။ ဘယ်သူ့ကိုမှမပြောဘူး။ ကိုယ်လုပ်မှ ကိုယ်သိမယ်။ သိရင် ပယ်မယ်၊ ပယ်ရင် မင်ဆိုက်၊ ဖိုလ်ဆိုက်။ သိပယ်ဆိုက်ပွား။ အဲ့ဒါခန္ဓာသိက အပြင်ကိုလာပြောတာ။ ပညတ်မှာလာပြောတာ။ သဘောလေးနဲ့နာ။ ပရမတ်က ပညတ်နယ်ထဲမှာမလွတ်ပါဘူး။ မလွတ်ဘူး။ ဘာဖြစ်လို့လဲ ရုပ်နာမ်ရှိတာကိုဗျ။ အဲ့ဒီတော့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အဖေလို ကိုယ့်ဆရာတော်တွေ၊ ကိုယ့်သမားတော်တွေပြောပြတာ။ သီလဆိုတာ ပါဠိစကား။ ခင်ဗျားတို့မှန်တယ်။ သီလ၊ သမာဓိ၊ ဒါန၊ ဘာဝနာ သိပ်မှန်တယ်။ သိပ်မှန်တယ်။ သီလဆိုတာ မိမိရဲ့စိတ်ကိုထိန်းရတော့မယ်နော်။ ဩော် အေး အေး အေး ... အေး အေး။ ဒါ သက္ကာယဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား၊ အတ္တဒိဋ္ဌိလား။ အဲ့ဒါပါဠိစကားတွေထား။ ဗမာလိုပြန်လိုက်ရင် ငါမြင်တယ်၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့မယား၊ ငါ့သား။ အဲ့ဒီတော့ ငါ့ကားလေးနဲ့ သိန်းကို (၂၀၀)လောက်ပေးရတဲ့ကားတွေ တစ်ခုခုပျက်ကြည့်ပါလား။ ဟိုကရိုက်လိုက်လို့ပျက်သွားပြီထား။ ကိုယ်ကလည်း ကားပိုင်ရှင်ကမြင်လိုက်ပြီထား တစ်ခါတည်း ကားဆိုတာ တဏှာဗျ။ တဏှာကြောင့် မာန်ဖြစ်သွားတယ်။ အဲ့ဒါ ဒိဋ္ဌိကလုပ်တာ။ အဲ့ဒါပေါ့ဗျာ။ ခင်ဗျားတို့တရားရှာချင်ရင် ကိုယ့်မှာရှိတယ်နော်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်ကို ဘာနဲ့စင်ကြယ်ရမလဲ။ ဟော ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့ရွယ်တူကို

ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြူစင်ခြင်းတရားထားပါ။ သံဝေဂ တရားထားပါ။ ကိုယ့်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့။ စွဲရင်ကံတွေပဲဖြစ်သွားလိမ့်မယ်။ မစွဲရင် ဉာဏ်ဖြစ်သွား လိမ့်မယ်။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အကယ်၍ စွဲမယ်။ တပည့်တော်မနေနိုင်ဘူးဘုရား။ သမ္မာနဲ့စွဲ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိမစွဲနဲ့။ ဒါ ခင်ဗျားပေါ်မူတည်တယ်နော်။ ပြန်ကြမယ်။ အဲ့ဒီတော့ ဒါလေးတွေကို ခင်ဗျားတို့ ဦးဇင်းတို့က သိဖို့လိုတယ်။ တရားထိုင်တယ်။ လက်ကလေးပိုက်ပြီးတော့ ဦးဇင်း ဥပမာလေးပြောပြပါ့မယ်။ ထိုင်ပုံထိုင်နည်းကို ဦးဇင်း က လူမိုက်ဆိုတော့ တရားလည်း ကြမ်းကြမ်းထိုင်တယ်။ ဆရာတော်ဝေဘူလိုမဟုတ်ဘူး။ ဆရာတော် ဝေဘူကတော့ ငယ်စဉ်တောင် ကျေးတည်းက ရှင်သာမဏေဘဝထဲက စာတွေတက်ပြီးတော့ အင်မတန်မှ ဖြည်းညင်းစွာဖြင့် တရားကို ရသွားပါတယ်။ ဦးပဏ္ဍိတ ကတော့ လူမိုက်ဆိုတော့ လူမိုက်လို ငယ်ငယ်က သူများပစ္စည်းတွေခိုးတာ၊ သူများစပါးတွေ ကတ်ကြေးနဲ့ကိုက်တာ၊ ဖအေ မအေကို ပြစ်မှားခဲ့တာတွေ ရိုက်တော့ မရိုက်ဘူး။ အဲ့ဒီတော့ ကွယ်ရာမှာဆဲတာပေါ့ဗျာ။ ကလေးဆိုတော့ ဘယ်သိမလဲ။ ဒါတွေက လောဘ၊ ဒေါသတွေ ဒါတွေက ငယ်စဉ်တောင်ကျေးကတည်းက အင်မတန်ဆိုးလာတဲ့လူတစ်ယောက်၊ အင်မတန်မိုက် လာတဲ့လူတစ်ယောက်။ မကောင်းတဲ့ဒုစရိုက်တွေ အကုန်လုပ်။ ဂျပန်ခေတ်ကလည်းလုပ်၊ အင်္ဂလိပ် ခေတ်ကလည်းလုပ်။ အဲ့ဒီ ဦးနု လက်ထက်ကလည်းလုပ်။ အဲ့ဒီနိုင်ငံတော်အစိုးရမှ သူ ဒီဝိပဿနာကျင့် တာပါ။ ကျင့်တာတောင်မှ ရေထမ်းရသေးတယ်။ ရေတစ်မတ် သုံးထမ်း။ အဲ့ဒါဘာလဲ။ ကိလေသာဝဋ် မသိတော့ ကာမဝဋ်မပယ်နိုင်ဘူးဗျို့ စာရေးထားတယ်။ ဒါကြောင့်မလို့ ကိလေသာဝဋ်ဆိုတာ ရုပ်တရား။ ခန္ဓာဝန်ဒုက္ခ။ အဲ့ဒီဒုက္ခကိုမသိတော့ ဟော ကံတရား သူလောဘတွေ၊ ဒေါသတွေဖြစ်ကုန်ပြီဗျို့ အဲ့ဒါ ရေထမ်းတာ။ အဲ့ဒါ ကံတရားတွေ။ အဲ့ဒါတွေမသိဘူး။ မသိတော့ မပယ်နိုင်ဘူး။ လုပ်တာပဲ။ မကောင်းတာတွေ။ သူများဟာတွေခိုးတယ်၊ လိမ်တယ်၊ ညာတယ်။ ပေးလိုက်တယ်။ ဒါတွေက အခု ပြောသွားပြီ။ အဲ့ဒီလိုစာရိတ္တတွေပျက်တဲ့အတွက်ကြောင့် တရားမှာလည်း လွယ်လင့်တကူမရပါဘူး။ မောလိုက်တာ။ တောထဲမှာ၊ အဲ့ဒီသူပုန်တောထဲမှာ ဟိုလူကကျွေးလိုက်၊ ဒီလူကကျွေးလိုက်။ အဲ့ဒီလို ပဲ ကုတ်ကုတ်ကလေးနဲ့နေ။ လူအသိလည်းမခံပါဘူး။ ကရင်တောထဲမှာနော်။ အဲ့ဒီလိုကျင့်တာပါ။ အဲ့ဒီတော့ ရေပုံးဟာ ရေတွင်းမှာ ရေအင်မတန်ကောင်းတဲ့ရေတွင်းမှာ ရေ(၁၀)တောင်လောက်ရှိတယ်။ အဲဒီတော့ ဦးပဏ္ဍိတ က ဒီရေကိုလိုချင်တယ်။ ဒီရေကိုလိုချင်တော့ ငါ့မှာ ပုံးပဲရှိတယ်ကွာ။ အဲဒီတော့ ဒကာ၊ ဒကာမများက ဘြော် ဆရာတော် ဘာများအလိုရှိသလဲ။ ကလေးရယ် ကြိုးလိုချင်တယ်။

သူပေးတဲ့ကြိုးနဲ့ ကိုယ့်မှာရှိတဲ့ပုံးနဲ့ နှစ်ခုချည်ပြီးတော့ ရေတွင်းကိုချလိုက်တော့မှာ (၁၀)တောင်လောက်နက်တဲ့ရေဟာ ပုံးထဲမှာရေဝင်တယ်။ သူစွဲတင်ရတယ်။ စွဲတင်တော့မှ ဒီရေသောက်ရတယ်။ အေးတာပေါ့။ အဲ့ဒီရေဘယ်သူ့ကြောင့်သောက်ရလဲ။ ဒကာ၊ ဒကာမတွေရဲ့ လှူလိုက်တဲ့ကြိုးလေး လှူလိုက်လို့ ငါ့မှာရှိတဲ့ပုံး ခန္ဓာဝန် သူက ငါ့ကိုထမင်းကျွေးပါလားတဲ့။ ဒါကြောင့်မလို့ ကုသလာနံ ကုသလာနံ ဓမ္မာနံ ဓမ္မာနံ ပောတုပစ္စယော တဲ့။ ဝေဒနိယ ဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးမယ်တဲ့။ ကြိုးလှူလို့ ငါသည် ဒီရေရတော့ ဒီရေရတာ ငါ၊ ငါဝေဒနိကကျင့်လို့ ကြံလို့ သိရတာတရား။ ငါသူတို့ကိုပေးမယ်တဲ့။ ငါသိတယ်။ တရားတွေလည်း သူတို့ကိုပေးမယ်။ သူတို့ကျေးဇူးတွေလည်း အလွန်ကြီးမားပါလား။ သူဖြစ်လို့ ငါဒီခန္ဓာဝန်ရဲ့ အဲ့ဒီတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ငါစားရပါလား။ ကျေးဇူးမမေ့ပါဘူး။ ဒါကြောင့် ဒီလို ကိုယ့်မအေလို၊ ကိုယ့်ဖအေလို၊ ကိုယ့်အစ်ကိုကြီးလို အဲ့ဒီတော့ ဆရာတော်သမားတော်တွေ ပြောမှားဆိုမှားရှိလည်း ခွင့်လွှတ်။ သူကလာပြီးတော့ အသိတရားတွေလာပြောတာပါ။ ဘာမှတတ်တာမဟုတ်ဘူး။ ဥပမာနဲ့သွားတယ်။ ငါ့ခန္ဓာ ဒုက္ခပါကွာ၊ ကိလေသာဒုက္ခပါကွာ။ ကိလေသာဒုက္ခမသိတော့ ကာမဝဋ်မပယ်နိုင်တာပေါ့။ ဟိုဒီက အစွဲတရားနော်။ အဲ့ဒီတော့ ဝိပဿနာရဲ့ မဂ်ဉာဏ်တို့ ဒီမဂ်ဉာဏ်တို့ရသွားရင် လောကီအာရုံ အနုသယအာရုံ တဏှာ၊ မာန၊ ဒိဋ္ဌိ အကုန်ပြတ်သွားပြီဗျို့။ အဲ့ဒါ မဂ်ဉာဏ်ကပြတ်တာပါပဲ။ အနုသယကိုဖြတ်ပလိုက်တာ။ မဇ္ဈိမာန်ကို ဖြတ်ပစ်လိုက်တာနော်။ သဘောလေးနော။ အဲ့ဒီလို သူဉာဏ်ရတဲ့ပုဂ္ဂိုလ်ကို ခင်ဗျားတို့ ခုနက ကုသလာနံ ဓမ္မာနံနဲ့လာပြီ အဲ့ဒါ (၃၁)ဘုံလွတ်တဲ့မျိုးစေ့ခေါ်တယ်။ ခင်ဗျားတို့လာပေးတာ။ အသိလည်းလာပြောတယ်။ ဒါနကိုလည်းလာပြောတယ်။ ခင်ဗျားတို့ဘာဝနာအတွက်လည်းပြောတယ်နော်။ ကိုယ့်ရဲ့ ဒီဘဝ နောက်ဆုံးဘဝ။ နောက်တွေ့ဖို့ခဲယဉ်းသွားပြီနော်။ အင်မတန်မှ တစ်ဦးနဲ့တစ်ဦး အသိတွေပါနော်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉဒပါဒိ၊ အာသဝေါဉဒပါဒိ၊ ဉာဏဉဒပါဒိ ဒါ စာကရေးထားတာ။ စာကမှန်၏။ စာမှန်နေတယ်တဲ့။ ခန္ဓာနဲ့တိုက်တော့မှ သိတာပါတဲ့။ သဘောလေးပဲနာလိုက်ပါတဲ့။ အဲ့ဒီတော့ ခင်ဗျားတို့ ယုံကြည်ပါတဲ့။ ဘာကိုယုံကြည်ရမှာလဲ။ အသိတရားများကိုယုံကြည်ပါတဲ့။ ဒီနေ့ကစပြီး တရားထိုင်ကြပါတဲ့။ တရားထိုင်လို့ရှိရင် ခင်ဗျားတို့အပြင်ကံတွေ၊ ကာယကံ။ ဝစီကံတို့က ငြိမ်လာပါလိမ့်မယ်တဲ့။ ပြီးတော့ မနောကံ။ ဗျာပါဒ၊ အဘိဇ္ဈာ ဒိဋ္ဌိအစွဲတရားနဲ့ အတ္တသိလာပါလိမ့်မယ်တဲ့။ ဒါက အကျိုးအင်မတန်ရှိပါတယ်တဲ့။ ဒါ အပယ်ပိတ်တဲ့တရားတွေပါတဲ့နော်။ အပယ်ပိတ်တဲ့တရားတွေပါတဲ့။ အဲ့ဒီတော့ ဒီအသိတရားတွေကို ဦးဇင်းကနေပြီးတော့ ဒကာ၊ ဒကာမများလာပြီးတော့ ဒီအသိတရားများပေးတာပါ။ ကံအမျိုးအစားရှိတယ်နော်။ ကံအမျိုးအစားဆိုတာ သမ္မာကံရှိတယ်၊ မိစ္ဆာကံရှိတယ်၊

သဏ္ဍာယဒိဋ္ဌိကံရှိတယ်၊ အတ္တဒိဋ္ဌိကံရှိတယ်။ သွားမယ့်သွား သမ္မာကံနဲ့သွား။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါသီလမဂ္ဂင်ခေါ်တယ်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ သမာဓိမဂ္ဂင်ခေါ်တယ်။ သမ္မာဒိဋ္ဌိ ပေါ့ ဒိဋ္ဌိကိုသိသွားပြီ။ သင်္ကြံပွရောက်သွားမယ်။ ဘယ်လောက်ကောင်းသလဲ။ ဘုရားက စာတွေရေးထားတယ်။ ထမင်းပွဲကြီးခူးထားတယ်။ ဒါမှ မစားတတ်သေးရင်တော့ အေး ခင်ဗျားတို့ မိုး ကျောခိုင်းမယ်နော်။ ဒီဥပါဒါန်တရားဟာ သတ္တဝါတိုင်းရှိတယ်။ ကြက်လည်းရှိတယ်၊ ငှက်လည်းရှိ တာပဲ။ ဒီအစွဲတရား။ အဲ့ဒီအစွဲတရား မဂ်ဉာဏ်ရမှပြတ်မယ်။ ဘာနဲ့မှပြတ်လို့ရမှာမဟုတ်ဘူး။ ခင်ဗျား တို့ သီလနဲ့လဲပြတ်လို့မရဘူး။ ဘာနဲ့မှ ပြတ်လို့မရဘူး။ ပဋ္ဌာန်းနဲ့လည်းမရဘူး။ ဂုဏ်တော်နဲ့လည်း မရဘူး။ ဒီအစွဲဥပါဒါန် မဂ်ဉာဏ်နဲ့ပြတ်မှပြတ်မယ်။ အဲ့ဒီတော့ ဦးဇင်း က ဒီလောက်ဆိုတော်ရော ပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

# ပြောင်းမြမြို့

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

## အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၃.၁၀.၂၀၀၂)ရက်နေ့၊ ရန်ကုန်မြို့၊
ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရား၊
အရိယာစမ္မာရုံတော်ကြီးတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၈၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၈၈)
## (၁၃.၁၀.၂၀၀၂)ရက်နေ့၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် မိုးကောင်းဘုရား၊ အရိယာဓမ္မာရုံတော်ကြီးတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ အဲဒီတော့ စာပေကျမ်းဂန်မတတ်တဲ့အတွက် ပညတ်နဲ့ ပရမတ်ကို သဘောလေးနဲ့အသိပြောရမယ်ဆိုရင် ပညတ်နယ်ထဲမှာ ပရမတ်က ပြောသွားမှာကို ပြောတဲ့အခါမှာ မှားယွင်းခဲ့ရင် ဦးဇင်း က စာမှမတတ်တာ။ စာမတတ်တော့ မှားသွားလို့ရှိရင် အားလုံး ဆရာတော်၊ သံဃာတော်အရှင်မြတ်၊ သံဃာတော်အပေါင်းများကို တပည့်တော်က စာမတတ်တဲ့ အတွက်ကြောင့် အသိတရားများကို ဟောသွားလို့ရှိရင် မှားယွင်းရင် သည်းခံပါတဲ့။ တပည့်တော် တောင်းပန်ပါတယ်။ အားလုံး ဆရာတော်များကို အားလုံး ဒကာ၊ ဒကာမများလည်း အားလုံးလာပြီး တော့ တရားနာကြတဲ့ပုဂ္ဂိုလ်များ ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ တောထွက်ကြီးပါ။ စာမတတ် တော့ ခန္ဓာသိကိုပြောတဲ့အခါမှာ လောကီနယ်ထဲမှာ မှားယွင်းသွားလို့ရှိရင် အားလုံး တရားနာကြားတဲ့ ဆရာကြီးတွေ၊ ဒကာမကြီးတွေ အထူး ဦးဇင်း ကနေပြီးတော့ တောင်းပန်ပါတယ်။ အဲဒီတော့ (၃၁)ဘုံလွတ်တဲ့တရား၊ (၃၁)ဘုံမလွတ်တဲ့တရားနှစ်ခုတော့ရှိတယ်။ ဒါ ဦးဇင်း အသိပေါ့။ (၃၁)ဘုံ မလွတ်တဲ့အကြောင်းဟာ ဘယ်အတွက်ကြောင့်မလွတ်သလဲ။ (၃၁)ဘုံလွတ်သွားတဲ့အကြောင်းက ဘယ်လိုကြောင့်လွတ်သလဲ။ အဲဒီတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို မဂ္ဂင်ရှစ်ပါးနဲ့ အဲဒီတော့ (တရား အားထုတ်တဲ့အခါကျတော့)၂ (သီလမဂ္ဂင်ရှိတယ်)၂ (အဓိသီလ)၂ အဓိစိတ္တ၊ အဓိပညာလို့ သိက္ခာ သုံးပါးရေးထားတယ်။ အဲဒီ အဓိသီလနဲ့ မိမိရဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်သလားလို့ ကိုယ့်စိတ်ကိုယ်စစ်။ (အဓိစိတ္တလို့)၂ အခုထိုင်ရာမထ အဓိစိတ္တဆိုတာ စိတ်ကလေးက တည်ကြည်ရဲ့လား၊ သခါရတွေလား၊ ဝေဒနာတွေလား။ အဲဒီတော့ ဒါတွေကို ကိုယ့်စိတ်ကိုယ်စစ်၊ မဂ္ဂင်နဲ့စစ်၊ အဓိပညာဆိုတာက ပညာနော် သညာမဟုတ်ဘူး။ ဒါက သံသရာပြတ်မယ့်လမ်း။ အသိတွေခေါ်တယ်။ သံသရာလည်တဲ့ အသိကတော့ ဘာလဲ ဦးဇင်း က စာတော့မတတ်ဘူး။ သဘောလေးနဲ့ပြောပြမယ်။ သံသရာလည်တဲ့ တရားက တဏှာ ရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အဲဒါ သံသရာလည်တာပဲ။ (၃၁-ဘုံမလွတ်ဘူး)၂။ သံသရာ ဘယ်ကစသလဲ။ ခန္ဓာကစတယ်။ မနောနော်။ အာရုံငါးပါးကိုယူတဲ့အတွက်ကြောင့် အဲဒီတော့ ဒါတွေဟာ ဘယ်လို ပြောမလဲဆိုတော့ အာရုံငါးပါးနဲ့ မနောနဲ့ပေါင်းလိုက်တဲ့အတွက်ကြောင့် စိတ္တနုပဿနာဟုခေါ်တယ်။ ဒါ စိတ္တနုပဿနာ ဟောတာ။ စိတ္တနုပဿနာပြောတာ။ ဒါ (၃၁)ဘုံလည်တဲ့ စိတ်အကြောင်းကိုပြော

တာ။ ဒါ (၃၁)ဘုံလည်တဲ့စိတ်အကြောင်းကိုပြောနေတာ။ စိတ္တာနုပဿနာ သိပ်ရတယ်နော်။ သဘောလေး ကာယဝစီကိုပြောတာမဟုတ်ဘူး။ မနောရဲ့ စိတ္တာနုပဿနာအကြောင်းတွေပြောတာ။ အဲဒီတော့ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ ဒါ မနောအာရုံမလွတ်တော့ဘူးနော်။ သံသရာဘယ်က စသလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ။ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ အဲဒါ စာ။ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ အရိယာခေါ်တယ်။ စာကတော့မှန်နေတယ်။ စာကသိပ်မှန်နေတယ်။ (စာလဲတတ်နေ တယ်)[၂]။ စိတ်ကမမှန်ရင် အဲဒါ သမုတိသစ္စာခေါ်တယ်။ ဟိုဟာက အရိယတ္တသစ္စာခေါ်တယ်။ ဒါကြောင့်မို့ သမုတိသစ္စာ၊ အရိယတ္တသစ္စာတဲ့နော်။ စာကမှန်၏၊ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်သိရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတယ်နော်။ ဘယ်လိုခံစားရလဲ။ ဥပမာ ဦးဇင်း ကတော့ စာတော့မတတ်တော့ ဥပမာ၊ ဥပမေယျနဲ့ ကြက်သားဟင်းချက်တယ်။ ကြက်ဆီပြန်ဟင်းချက်တယ်။ အဲဒီတော့ ချက်လိုက်တဲ့အခါမှာ ဟိုလူက ဒီချက်တဲ့အနံ့အငွေ့ကို နမ်းရှုရတယ်။ အဲဒီတော့ မွှေးတယ်။ ကြက်သားဟင်းဆိုတာသိတယ်။ ဟိုလူက ကြက်သားဖက်ကိုစားတဲ့အရသာကိုသိတယ်။ အဲဒါကွာနေတယ်။ သဘောလေးနဲ့နာ။ ခင်ဗျားတို့လည်း ပြန်ကြမှာပဲ။ ဦးဇင်းလည်း ပြန်မှာပဲ။ ဘာလဲ အနတ္တတရား၊ ဖြစ်နေတာက အတ္တ (အစွဲတွေဖြစ်နေတယ်)[၂]နော်။ အဲဒီတော့ စွဲရင်ကံ၊ မစွဲရင် ဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါဥဒပါဒိ။ ဉာဏာဥဒပါဒိ ဒီလိုစာပေကျမ်းဂန်ကရေးထားတယ်။ ဂမ္ဘီရဉာဏ်ဆိုတာဘာလဲ။ ခန္ဓာကိုထိုးထွင်းပြီး ဖောက်ထွင်းပြီးသိတဲ့ဉာဏ်နော်။ ကံမဟုတ်ဘူး။ အဲဒီတော့ ဒီဉာဏ်ရတဲ့အခါမှာ သူ့မှာ (ပညာရယ်)[၂] စေတနာရယ်၊ ဉာဏ်ရယ် အဲဒါ သာသနာပြုတာပဲ။ စေတနာဆိုတာက အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ မခွဲခြားဘူး။ ပညာနော်။ သညာမဟုတ်ဘူး။ ပညာ။ အဲဒီပညာကနေပြီးတော့ စေတနာ၊ စေတနာကနေပြီးတော့ ဉာဏ်ဦးစီးတယ်။ အဲဒီသုံးချက်နဲ့ သာသနာပြုတာ ပရိဝေဒလို့ သာသနာခေါ်တယ်နော်။ သဘောလေးနဲ့နာ။ အဲဒီတော့ သညာနဲ့ပြုတဲ့စေတနာက အမှတ်နဲ့ပြုတဲ့စေတနာက အမှတ်နဲ့ပြုတဲ့သညာက စေတနာကိုခွဲတယ်။ (အမှတ်နဲ့)[၂]။ သြော် ဟောဒါယောကျ်ား၊ ဟောဒါ မိန်းမ၊ ဟောဒါဘာ၊ ဟောဒါညာ။ အဲဒါ အမှတ်။ ပါဠိလိုသညာခေါ်တယ်။ အမှတ်နဲ့သိတဲ့အသိက စေတနာသုံးသပ်တယ်။ ပညာနဲ့သိတဲ့ စေတနာမှ မှန်တာ။ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ စေတနာဆိုတာ ဝိသုဒ္ဓိခေါ်တယ်။ မနောစင်ကြယ်တာ အာရုံစင်ကြယ်တာ အဲဒါ ဝိသုဒ္ဓိခေါ်တယ်နော်။ အတွင်းသီလ၊ အပြင်မှာစင်ကြယ်တယ်။ အပြင်မှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဒီဝိပဿနာရဲ့

တရားတွေဟာ သိရမယ်၊ ကြံရမယ်၊ အားထုတ်ရမယ်။ (ပယ်အပ်တဲ့တရားရှိတယ်)၂။ သိအပ်တဲ့ တရားရှိတယ်၊ ကျင့်ရမယ့်တရားရှိတယ်။ ဘာတွေပယ်ရမလဲ။ ဘာတွေ ကျွန်တော်တို့ ကျွန်မတို့ပယ် ရမလဲ။ အဲဒီတော့ ဒီတရားကိုသိနေတယ်။ အဲဒီတော့ သဒ္ဓါဗိုလ်ဆိုတာ ယုံကြည်တယ်။ ဝီရိယဆိုတာ ဒီရဲ့တရားကို သူ့အလုပ်လုပ်တယ်။ လောကုတ္တရာရဲ့ အသိတွေကို သိချင်လို့ ဝိ(အထူး)။ သူ့မှာက ကြိုးစားတယ်။ ဝီရိယထူထောင်တယ်။ ဝီရိယတွေထူထောင်ပြီး သီလတွေ၊ သမာဓိတွေ၊ ပညာတွေ သူစစ်တယ်။ သူ့စိတ်ကို သူစစ်တယ်။ အဲဒီတော့ ခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂ ပါးလို့ စာရေးထားတယ်။ ခန္ဓာငါးပါး ရုပ်နာမ် ၂ ပါးလို့ဆိုတဲ့ စာရေးထားတဲ့အခါမှာ ကိုယ်ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဆိုတာ ကိလေသာရဲ့ တဏှာ၊ အဲဒီတော့ ရုပ်တရားဟာ ကိလေသာခေါ်တယ်။ နာမ်တရားဟာ တဏှာလို့ ခေါ်တယ်။ နာမ်လို့ခေါ်တယ်။ သဘောလေးနဲ့နော။ အဲဒီတော့ ဒီရုပ်ပေါ်မှာ တဏှာရှိ၊ တဏှာရှိတဲ့အခါ ကျတော့ အဲဒီတဏှာရဲ့အကြောင်းကို သိချင်ရင် ဝိပဿနာရဲ့ မဂ္ဂင်ရှစ်ပါးတရားအားထုတ်တယ်။ တရားအားထုတ်တဲ့အခါကျတော့ ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး စာကရေးထားတယ်။ အဲဒီတော့ ကာယကံ ၃ ပါးကလည်း ငြိမ်ပြီဗျို့၊ ဝစီကံ ၄ ပါးကလည်း ငြိမ်ပါပြီ။ ဆေးလိပ်တောင် မသောက်ပါဘူး။ ရေတောင် မသောက်ပါဘူး။ ကာယကံကလည်း သူ့တင်ပလ္လင်လေးခွေနေတာ။ အဲဒီတော့ (အပြင်ကံတွေကိုလုပ်နေတယ်)၂ အတွင်းကံကိုသတ်မယ်။ အတွင်းကံကဘာလဲ၊ ဗျာပါဒ ရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာရယ် ဘယ်သူ့သတ်ရမလဲ။ ဒိဋ္ဌိသတ်၊ ဒိဋ္ဌိကိုသိရမယ်နော်။ ဒိဋ္ဌိသိမှ ဗျာပါဒ စိုးရိမ်ကြောင့်ကြပူပန်သောကဆိုတာ ငါ့ရှိသေးသလား။ သားအတွက်နဲ့ သားတစ်စုံတစ်ခုဖြစ်လို့ ငါစွဲလို့ပူသေးသလား၊ သမီးလေး တစ်စုံတစ်ခုဖြစ်လို့ ငါစွဲလို့ပူသေးသလား။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒါ ကံတရား၊ အစွဲတရား ဟိုနှစ်ချက်ကတော့ ကာယကံနဲ့ ဝစီကံ အပြင်မှာစင်ကြယ်ပါပြီ။ တရားထိုင် နေတယ်။ တဒင်္ဂလေးထိုင်နေတာနော်။ တဒင်္ဂလေး ဒီအလုပ်ကိုလုပ်တာ။ အဲဒီတော့ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာရယ်၊ မိစ္ဆာဆိုတာဘာလဲ။ အဲဒီတော့ အာရုံငါးပါး မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင် လား၊ မကြားချင်ဘူး။ နံချင်လား၊ မနံချင်ဘူး၊ ထိချင်လား မထိချင်ဘူး၊ သိချင်လား မသိချင်ဘူး။ ဟော အာရုံငါးပါးပယ်ပြီဗျို့ တရားထိုင်ပြီ၊ အဲဒီတော့ ဘာကိုယူလဲ။ အတ္တကိုပယ်ပြီးတော့ အနတ္တကို နှလုံးသွင်းမယ်။ အဲ အနတ္တ (ဝင်တယ်၊ ထွက်တယ်)၄။ အဲဒါ အာရုံ။ အဲဒီအာရုံလေးကို မသိဘူးလား။ သိပါတယ်ဘုရား။ အဲဒီသိစိတ်ပဲ။ အဲဒါ စိတ်ပဲကွာတဲ့။ မင်းသိပြီမလားတဲ့။ အဲဒီတော့ အဲဒီစိတ် ကလေးဟာ မငြိမ်ဘူးလားတဲ့။ ငြိမ်ပါတယ်တဲ့။ အဲဒီအသိရော အဲဒီအာရုံရော မင်းမသိဘူးလား။ သိပါတယ်။ အဲဒီအာရုံကကော တည်နေသလားတဲ့။ မတည်ပါဘူးဘုရားတဲ့။ အဲဒီစိတ်ကလေးကော

မပြိမ်ဘူးလား။ ငြိမ်ပါတယ်။ အဲဒီအာရုံကို ဝင်လေထွက်လေရဲ့ အာရုံကို တပည့်တော်သိပါတယ်ဘုရား တဲ့။ မင်းသားရေနစ်လို့ မင်းစွဲသေးသလား။ မစွဲပါဘူးဘုရား၊ အဲဒီအာရုံကို သတိမရတော့ပါဘူးဘုရား။ အဲဒီအာရုံ သားရေနစ်လို့ ပူပန်သောကဗျာပါဒဆိုတာလည်း ဒီအသိ တပည့်တော်မှာ အဲဒီဒိဋ္ဌဝေဒနိယ။ အဲဒီ နှာခေါင်းနှစ်ပေါက်ရဲ့အာရုံယူထားတဲ့အတွက် ဒီအာရုံကိုလည်း သတိမရပါဘူးဘုရားနော်။ အစွဲ ပြော် သားလည်းမစွဲ၊ သမီးလည်းမစွဲ။ အဲဒီက ထိတာကရုပ်၊ သိတာကနာမ်၊ ဒီအာရုံတွေ မမြဲပါလား ဆိုတာ ဟုတ်သလားတဲ့။ ဟုတ်ပါတယ်တဲ့၊ အဲဒါ အနတ္တပဲ။ မင်းအနတ္တကိုမသိဘူးလား။ သိပါပြီဘုရား။ မင်းအတ္တကိုစွဲတာကော သိပလား။ အဲဒီနဂိုက စွဲလာတာလဲသိပါပြီဘုရား။ အေး သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်ပဲ။ အဲဒီသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ ပါဠိ စကားတွေ၊ ဗမာလိုပြောမယ်ဆိုရင် မှန်တာကိုကျင့်ပါတယ်၊ မှန်တာကိုအသက်မွေးဝမ်းကြောင်း ပြုပါတယ်။ မှန်တာကိုကျင့်ပါတယ်၊ မှန်တာကိုပြောပါတယ်။ မှန်တာကိုအသက်မွေးဝမ်းကြောင်းပြု ပါတယ်။ သူလာပေးရင် စားတယ်၊ ကိုယ်က ဆွမ်းခံတာမဟုတ်ဘူး။ သဘောလေးပြောတာ၊ တရားထိုင် တဲ့အသိလေးပြောသွားတာ။ တရား တဒင်္ဂထိုင်တဲ့အသိလေးပြောသွားတာ။ ဘာမှမလုပ်တော့ဘူး။ ဟင် ဘယ်လောက်ယုံကြည်တဲ့သဒ္ဓါဆိုတာ အပြင်သဒ္ဓါ၊ အတွင်းသဒ္ဓါရှိတယ်။ အကာဆိုတာရှိတယ်။ အနှစ်ဆိုတာရှိတယ်။ အနှစ်ဆိုတာကတော့ အင်မတန်မှထူးမြတ်တဲ့ သဒ္ဓါတွေပဲ။ အကာဆိုတာက တော့ဆက်ခေါ်တယ်။ အတွင်းသဒ္ဓါက ချိတ်ဆက်ခေါ်တယ်နော်။ သဘောလေးနဲ့နာ။ စာတော့မတတ် ဘူး။ အဲဒီတော့ တော့ဆက်နဲ့ ချိတ်ဆက် ဘယ်သူကခိုင်လဲ။ အဲ ချိတ်ဆက်ကခိုင်တယ်။ တော့ဆက်က ဘယ်လိုလဲ။ အပြင်အာရုံမှာ မတော်တဆသူ့ကိုတက်နင်းမိတယ်။ သူ့ကို တစ်ခုခု သူ့ခြေထောက်ကို ဒီကနေကန်လိုက်တယ်။ အဲဒီအထိ အကန်ခံရတဲ့သူဟာ စိတ်ထဲဘယ်လိုနေမလဲ။ ဟာ ဒေါသဖြစ် တာပေါ့ဗျာ။ အဲဒီတော့ စေတနာ။ အဲဒီကန်တဲ့သူအပေါ်မှာ စေတနာပျက်သွားတယ်။ စေတနာပျက်ရင် အတွင်းသီလပျက်တယ်။ အပြင်ကိုယူလို့ အတွင်းသီလပျက်တယ်။ ပညတ်ကိုယူလို့ ပရမတ်သီလ ပျက်တယ်။ သဘောလေးနဲ့နာ။ ဒါကြောင့်မို့ (အပြင်သီလ)[၂] ကိုယူထားတယ်။ အဲဒီ အပြင်သီလ ကိုယူပြီးတော့ (မစွဲနဲ့)[၂]။ ဘုရားက ပညတ်တယ်။ သီလတွေနော် (ဒါ မလုပ်နဲ့)[၄]။ မလုပ်နဲ့။ အဲဒီ သီလတွေမှန်တယ်။ ကိုယ်ကမစွဲနဲ့ ဟော သားရေနစ်ရင်လည်း မစွဲနဲ့၊ သမီးတစ်ခုခုဖြစ်လည်း မစွဲနဲ့။ အဲဒါ တစ်ချက်ခုတ်နှစ်ချက်ပြတ်တယ်။ မစွဲနဲ့။ သီလရဲ့ အပြင်သီလလည်းမှန်တယ်။ အတွင်းအာရုံက (သညာက)[၂] လိမ်တဲ့ လိမ်ကွက်တွေကိုလည်း ကိုယ်က ပညာကရှင်းတယ်။ ပြော် မမြဲပါလား။ ပြော် သူ့ကံကြောင့်ဖြစ်ရပါကလား။ ဖြေဆေးနဲ့ဖြေနော်။ တစ်ခါတည်းအံကြိတ်ပြီးတော့ ဒေါသဖြစ်ပြီးတော့

နင်ပဲငဆသွားဆဲတော့ ခင်ဗျားမှာ ဘာဖြစ်လာလဲ။ အေး ဒေါသတို့၊ လောဘတို့၊ မောဟတို့၊ ဗျာပါဒတို့။ အဲဒီမနောကနေဖြစ်တာပဲဗျို့။ အဲဒီတော့ အတွင်းမီးလောင်တော့ အဖျားဒီမှာ အကုန်လုံးလောင်ကုန်တော့တာပါပဲ။ သဘောလေးနဲ့နော။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ အဲဒီတော့ သီလမဂ္ဂင်ခေါ်တယ်။ ဒါ ဘာသီလလဲ။ မဂ်၊ မဂ္ဂင်ကလာတဲ့သီလနော်။ မဂ္ဂင်ကလာတဲ့ သီလ။ မဂ္ဂင်ရှစ်ပါးကျင့်တဲ့လမ်းပေါ်ကိုလျှောက်တဲ့သီလ။ ရေလည်းမသောက်ဘူး၊ ကာယ၊ ဝစီလည်းငြိမ်ပြီး၊ မနောလည်းသတ်တယ်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တယ်နော်။ အစွဲသတ်တာနဲ့ အပြင်သီလ လုပ်နေတယ်။ အဲဒါက အဓိသီလခေါ်တယ်။ အဲဒါ အပါယ်ပိတ်တဲ့သီလလို့ခေါ်တယ်နော်။ အဲဒီတော့ ကိုယ်မသိတဲ့သီလကတော့ ဟာ သဘောလေးပေါ့ဗျာ။ (၃၁)ဘုံမလွတ်တဲ့သီလကတော့ အဲဒီဒကာမကြီးက ချမ်းသာတယ်။ ကုဋေမြောက်များစွာချမ်းသာတယ်။ ချမ်းသာတော့ အိမ်တိုက်ထဲမှာနေတယ်၊ စားတယ်၊ အဲ ဘာမှမပူမပင်ရဘူး။ ဘာမှ ကာယကံ သူများအသက်လည်းမသတ်ဘူး။ သူများပစ္စည်းလည်း မခိုးဘူး။ သူများသားမယားလည်း မဖျက်ဆီးဘူး။ သေရည်သေရက်လဲ မသောက်ဘူး။ ဒီအမေကြီးက ဘာမှလည်းမလုပ်ဘူး။ သူ့တိုက်ထဲမှာနေတယ်။ အင်မတန်မှ ထူးပါတယ်။ အဲဒီ (မြေးလေးသေတော့)[၂] အမေကြီးက ပူပြီးစွဲတယ်ဗျို့။ အဲဒါ (၃၁)ဘုံမလွတ်ဘူး။ ကိုယ့်စိတ်ကိုယ်စစ်။ ဒီက ကံကိုပြောနေတာ။ ကံနဲ့ ဉာဏ်ကိုထိုးပြနေတာ။ ဉာဏ်ကဘာလဲ။ ပညာ၊ စေတနာ၊ ဉာဏ်။ ဟိုက (၃၁)ဘုံလည်တဲ့စိတ်က (သညာ)[၂] အမှတ် တဏှာ ကံ ကံဖြစ်သွားပြီ။ တဏှာကိုးဗျ။ တဏှာကြောင့် ဥပါဒါန်တွေဖြစ်တာ။ သညာက မှတ်ပေးတယ်။ ဟာ (မင်းသား)[၂] ဟိုစားနဲ့ ရန်ဖြစ်ကုန်ပြီကွ။ ထိုးကုန်ပြီကွဆိုတော့ မအေ၊ ဖအေက ဒီက (တောက်) အံကြိတ်ပြီးတော့ တက်ခေါက်တယ်။ အဲဒါ သားလေးစွဲတာ (တဏှာ)[၂] ကြောင့်မာန်ဖြစ်ပြီးတော့ သီလပျက်တယ်ဗျို့။ ဒါ မနောကိုပြောနေတာ။ ဘဝင်ကိုပြောနေတာ။ အာရုံကိုပြပြပြီး မနောကို လှုပ်လှုပ်ပြနေတာ။ ဦးပဏ္ဍိတ နော်။ ဒီအာရုံဆိုတာ အေး ခုနအာရုံပေါ်မှာ မျောနေကြတယ်တဲ့နော်။ မျောနေတဲ့ပုဂ္ဂိုလ်ရှိတယ်နော်။ မျောတရား၊ မြုပ်တရား၊ ပေါ်တရားရှိတယ်။ အဲဒီတော့ ကိုယ့်ဘာသာကိုယ် ဒီမဂ္ဂင်ရှစ်ပါးနဲ့ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် စာကရေးထားတော့ ကိုယ့်စိတ်ကို ကိုယ်စစ်ရတော့မယ်။ အဲဒီသတိပဋ္ဌာန်များကို မိမိရဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်လား။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ စာရေးထားတယ်။ အဓိဆိုတာဘာလဲ။ အဓိသီလဆိုတာဘာလဲ။ လောဘနဲ့ ဒေါသခေါင်းပါးတယ်နော်။ လောဘနဲ့ဒေါသခေါင်းပါးတယ်။ ဒါတွေကို ဒီဝတ္ထုကာမကိုမြင်တာပေါ့ဗျ။ ဘုန်းကြီးပဲ။ အဲဒီမြင်တော့ သူလောဘမှာခေါင်းပါးတယ်။ ဒေါသမှာလည်း ခေါင်းပါးတယ်။ အဲဒါ ပညာခေါ်တယ်။ ပညာကြောင့်

ဉာဏ်ဖြစ်တာနော်။ ဉာဏ်ဆိုတာ ဒီဟာကိုမစွဲဘူး။ ဘယ်သူသိမလဲ။ အနားကပ်တဲ့သူတောင် မသိပါဘူး။ ဒါကယုံကြည်လို့ပြောသွားပြတာပါ။ အဲဒီတော့ ဒီပစ္စည်းတွေကိုမစွဲတဲ့အခါမှာ စာကရေးထားတယ်။ (ဝတ္ထုကာမနှင့်)၂ ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့ မနောစစ်တဲ့ (အာရုံပေါ်မှာ)၂ အမှတ်မှားပြီးတော့ ဒီဝတ္ထုတွေကို မနောကနေပြီးတော့ သာယာသလားတဲ့။ သာယာရင် ကံ (၃၁)ဘုံမလွတ်ဘူးတဲ့။ သဘောလေးနော။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါအထူးသီလခေါ်တယ်။ ဒါ မဂ္ဂင်ရှစ်ပါးရဲ့ သီလ။ ခုနက ရေမသောက်ဘူး။ တင်ပလ္လင်လေးခွေပြီးတော့ ယုံယုံကြည်ကြည်နဲ့ သဒ္ဓါကြည်ဖြူနဲ့ ဝီရိယကောင်းကောင်းနဲ့ သူ့ရဲ့သီလတွေကို ဆောက်တည်နေတယ်နော်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ သဘောလေးနဲ့နော။ အပြင်ဆိုတာ အဲဒီတော့ ဘာတွေစင်ကြယ်သလဲ။ ဦးပဏ္ဍိတ ရဲ့ ဘာတွေအပြင်စင်ကြယ်ရမလဲ။ (သက္ကာယအယူတွေ)၂ မိစ္ဆာဒိဋ္ဌိအယူတွေ၊ အတ္တဒိဋ္ဌိအယူတွေမယူနဲ့။ ဘာအယူလဲ။ သမ္မာလေးနဲ့ယူ။ အဲဒီတော့ သမ္မာလေးနဲ့ယူဆိုတော့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါနော်။ ဘယ်သူကပဲခိုင်းခိုင်း ဩော် ရပ်ကွက်ကလူကြီးတွေခိုင်းတယ်။ အဲ စေတနာနဲ့လုပ်ပေးပါဗျာ။ စေတနာလေးနဲ့လုပ်ပေးပါဗျာ။ အကျိုးအင်မတန်ရှိပါတယ်နော်။ နှလုံးသွင်းတတ်ရင် အကျိုးအင်မတန်ရှိပါတယ်။ လုပ်တဲ့အလုပ်လည်း ခရီးပေါက်ရောက်တယ်။ ကိုယ့်မှာလည်း စေတနာမှန်တယ်ဗျို့။ လုပ်တဲ့အလုပ်လည်း ပေါက်တော့ပေါက်ရောက်တယ်။ စေတနာမမှန်ရင်တော့ ခံပေါ့ဗျာ။ စေတနာမမှန်ဘူးဆိုတော့ ရပ်ကွက်ကလူကြီးက ဟိတ်ကောင် မင်းထွက်။ အဲဒါလေးကူညီပါကွာ။ ဟေ့ကောင်တွေထွက်။ အဲဒါလေး ကူညီပါကွဆိုတော့ သူ့ချည်းပဲ ခဏခဏခိုင်းတယ်။ ငါ့ချည်းပဲ ခဏခဏခိုင်းတယ်၊ ပြောလည်း မပြောရဲဘူး။ လုပ်တော့လုပ်တယ်။ စေတနာပျက်တယ်ဗျို့။ ကြည့်စမ်း အဲဒါ မသုံးတတ်တာ။ ပညာကို မသုံးတတ်တော့ သညာနဲ့သုံးသွားတော့ သင်္ခါရတွေဖြစ်သွားတယ်ဗျို့နော်။ အင်မတန်ထူးပါတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့မင်းကလည်း သူ ဒီအခု ဦးဇင်း သိသလောက်ပြောရမယ်ဆိုရင် ဦးဇင်း ဂျပန်ခေတ်လည်း မီပါတယ်။ အင်္ဂလိပ်ခေတ်လည်း မီပါတယ်။ ဦးနု ခေတ်လည်း မီပါတယ်။ ဟာ ဒီလူလုပ်သွားတာ လမ်းကို အကြီးအကျယ်ပဲ။ အခု သူလုပ်လို့ မြောင်းမြနဲ့ ခင်ဗျားတို့ ရန်ကုန်လာလို့ရတာ။ ဟာ အခုဒီကပြန်ရင် ခဏလေးပဲ။ မြောင်းမြကို

လေးနာရီ၊ ငါးနာရီလောက်မောင်းရင်ရောက်တာပဲ။ ဒါ ဟိုတုန်းကမရောက်ခဲ့တာ။ ဒါ ဒီရဲ့အစိုးရကို ကျေးဇူးအင်မတန်တင်ဖို့ကောင်းတယ်။ သူလဲ သူ့အလုပ်ကို သူလုပ်တာ။ အဲဒီတော့ သူ့အလုပ် သူလုပ်တယ်။ သူ့ဘက်ကလည်း ပြန်ကြည့်။ ကိုယ့်ဘက်ကိုလည်း ပြန်ကြည့်။ ဒါကြောင့်မို့ အဲ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီနော်။ ဟိုက ကျွန်းပင်၊ ကိုယ်က ကိုင်းပင်မှီခိုတာ။ ကျွန်းပင်ကောင်းမှ ကိုင်းပင်လေးက မှီခိုလို့ရမယ်။ အဲဒီတော့ ညောင်ပင်ကြီးကောင်းရင် ခင်ဗျားအရိပ်တော့ နားရမှာပဲဗျ နော်။ ကလေးတွေ၊ လူငယ်တွေ သူတို့ခေတ် အင်မတန်ကောင်းတဲ့ခေတ်တွေ။ သူတို့တွေလည်း ကောင်းတာလုပ်ထားတာ။ ခင်ဗျားလည်း အလုပ်လုပ်ရတာပဲ။ အလကား မနေရဘူး။ ဒီကလည်း ဝိပဿနာ အနတ္တတရား နေ့တိုင်း ဝါးနှစ်လုံးပွတ်သလို ပွတ်နေရတာပဲ။ မီးတောက်အောင်ပွတ်နေ တာ။ ဒါလည်း အလုပ်ပဲ။ သူလည်း တိုင်းပြည်ရဲ့အလုပ်ပဲ။ တစ်ယောက်နဲ့တစ်ယောက် လုပ်နေကြတာ။ ဘယ်သူ့ဘယ်သူမှ စေတနာမှန်ဖို့လိုတယ်။ ဒါကြောင့် ကိုယ့်တိုင်းပြည်ရဲ့ အေးချမ်းသာယာရေး ခင်ဗျား တို့မှာလည်း အထူးကောင်းတယ်။ အဲဒီတော့ ဒါတွေဟာ အပြင်မှာစင်ကြယ်တယ်၊ စာနာတယ်၊ ကိုယ်ချင်းစာတယ်။ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ကျင့်ထားတဲ့ အသိနဲ့ စာနာတယ်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မှီခိုပြီးတော့ အပြင်မှာနေရင် အတွင်းကိုရှာရင် ဟာ မြန်ပါတယ်ဗျာ။ ခင်ဗျား စေတနာ တွေက မှန်နေတာကိုးဗျ။ ခင်ဗျားစေတနာတွေမှန်တဲ့အတွက်ကြောင့် အတွင်းမှာလည်း အင်မတန် မှ ထူးလာပါလိမ့်မယ်နော်။ (နတ်တွေရှိတယ်)၂။ သိုက်တွေရှိတယ်။ တောင်ပိုင်တွေရှိတယ်။ ကွင်းပိုင် တွေရှိတယ်။ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗတွေရှိတယ်။ ဦးပဏ္ဍိတ က သိတယ်။ ထုတ်တော့မပြောတတ်ဘူး။ သိတယ်။ သိလို့လည်း ဒီသာသနာကြီးတွေကို ဦးဖင်း ကနေပြီးတော့ လမ်းပေါ်က ကျောက်ခဲလည်း ကောက်တယ်။ မြောင်းထဲကကျောက်ခဲလည်း ကောက်တယ်။ အဲဒီနှစ်ခုဘာလဲ ရုပ်မရှိတဲ့ နာမ်ပုဂ္ဂိုလ် လည်း သာသနာပြုတယ်။ ရုပ်ရှိတဲ့ပုဂ္ဂိုလ်လည်း ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီဆိုတဲ့ စေတီရဲ့ကံတွေကိုလည်း သမ္မာကံတွေနဲ့ပြုနေတယ်နော်။ ပြန်တော့ပြန်မှာပဲ။ ဒီကံကုန်ရင်သွားမှာပဲ။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ အဲ သိဖို့လိုတယ်။ အသိမှန်ဖို့လိုတယ်နော်။ ဘယ်သူပဲ ဖျက်ဖျက် ကိုယ်မပျက်နဲ့။ အဲဒီတော့ ရုပ်ဆင်းရဲပါစေ၊ စိတ်မဆင်းရဲစေနဲ့။ စိတ်ဆင်းရဲတယ်ဆိုတာ သောကဖြစ်နေလို့။ သားအတွက်နဲ့ ဗျာပါဒတွေ၊ သမီးအတွက်နဲ့ ဗျာပါဒတွေ ကိုယ့်အကြောင်းမဟုတ် ဘူး။ ဥပါဒါန်မကပ်နဲ့။ (၃၁)ဘုံမလွတ်ဘူး။ အဲဒီတော့ သတ္တာယဒိဋ္ဌိကံနဲ့မလုပ်နဲ့။ မိစ္ဆာဒိဋ္ဌိကံနဲ့ မလုပ်နဲ့။ အတ္တဒိဋ္ဌိကံနဲ့ မလုပ်နဲ့။ သမ္မာကံနဲ့လုပ်၊ ကံတော့ကံပဲ။ (သမ္မာလေးနဲ့လုပ်)၂ တော့ သက်သာတယ်။ (ဩော် အေး အေး အေး)၂။ ဩော် သူလည်း ကံပဲ၊ ငါလည်း ကံပဲ။ သူ့ရဲ့ကံကုန်လို့ ဒီအကြောင်းတွေ

ဖြစ်ရပါလား။ ဩော် သူ့ရဲ့ဂုဏ် အဇာတသတ်နဲ့ ဗိမ္ဗိသာရ ကြည့်နော်။ ခင်ဗျား သုပ္ပဗုဒ္ဓ ကြည့်၊ သဘော လေးနဲ့ ခင်ဗျားတို့စာတတ်တယ်။ ဗုဒ္ဓဝင်တို့၊ ရာဇဝင်တို့၊ နိပါတ်တော်တွေကြည့်။ ဒါတွေကြည့်။ အဲဒါတွေကြည့်ရင် ခင်ဗျားတို့ သံဝေဂတွေရလာလိမ့်မယ်။ (သံဝေဂရလာရင်)[၂] ခင်ဗျားကျင့်ပေး ကိုယ်ကျင့်တရားတွေ။ အဲဒါ သံဝေဂရပြီးတော့ မကျင့်လည်း မကျင့်ဘူး။ ကိုယ့်စိတ်ကိုယ်ကျင့်။ သံဝေဂ ရမှ ခန္ဓာမှာ ခင်ဗျားဉာဏ်ဖြစ်မယ်နော်။ (ဩော်)[၂] ဒီလိုလား။ ဩော် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွေ။ သုတ္တန်ဘာလဲ။ အဘိဓမ္မာ စာက အဘိဓမ္မာဘာလဲ။ အဲ ဝိနည်းဘာလဲ။ ကိုယ်ကသိရမယ်။ သိရင် ဒါတွေဟာ အင်မတန်ကောင်းတဲ့ဟာတွေ။ အဲဒီတော့ ဒါတွေကို တရားအားထုတ်ရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဈာန်တရားတွေ တကယ်ရှိတယ်။ ဒါက ထုတ်ပြလို့မရတဲ့အရာဝတ္ထုတွေ။ ထုတ်ပြလို့ရတဲ့ ဟာတွေသာ အခုပြောသွားတာ။ ပညတ်နဲ့ ပရမတ်၊ အတ္တနဲ့ အနတ္တ။ သညာနဲ့ ပညာနော်။ ဒါတွေကို ပြောသွားတာ။ ပညတ်ဆိုတာဘာလဲ။ ပညတ်ဆိုတာ ဘုရားပညတ်တာ။ မကောင်းတဲ့ဒုစရိုက်တွေ မလုပ်နဲ့။ မကောင်းတဲ့အယူဝါဒတွေ မယူနဲ့။ ဘာတွေမှာ ခင်ဗျားတို့ သတိလေးအမြဲတမ်းထား။ ဟောဒီကံကုန်ရင် ပြန်ရမယ်။ ဟောဒီရုပ်က အိုရမယ်၊ နာရမယ်၊ သေရမယ်။ ရုပ်အကျိုးတရားတွေ ပြပြီးတော့ အကြောင်းတရားတွေဟောနေတာ အကြောင်းတရားတွေသတ်တတ်ဖို့လိုတယ်။ အကျိုး တရားကိုထုတ်ပြလိုက်တာ။ ဩော် အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်။ ကြည့်စမ်း။ မင်းရတဲ့ရုပ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲဒီ (အဝိဇ္ဇာ ကို သီလနဲ့ဆေးကြောပါ)[၂]။ အဝိဇ္ဇာကို သမာဓိနဲ့ဆေးကြောပါ။ အဝိဇ္ဇာကို ဒါနနဲ့ဆေးကြောပါ။ အဝိဇ္ဇာကို ဘာဝနာနဲ့ပွားများပါ။ ရုပ်နာမ်နှစ်ပါးသိဖို့လိုတယ်။ ရုပ်ရှိ ရင် နာမ်ရှိတယ်။ အဲဒီကိလေသာမှာ တဏှာ (တွဲနေတယ်)[၂]။ အဲဒါ ဉာဏ်နဲ့ကြည့်။ အဲဒီကိလေသာ ရုပ်ကြီးမှာ တဏှာက စွဲနေတယ်။ ကပ်နေတယ်။ အဲဒီတဏှာကြောင့် မာန်တွေဖြစ်ကုန်တာ။ တဏှာ ဆိုတာဘာလဲ။ ခင်ဗျားသားလေးကို လူတစ်ယောက်ကရိုက်လိုက်တာ။ ဟော တက်ခေါက်တာပဲဗျို့။ မြင်လည်း မြင်ရော ချမယ်။ ဒီကောင် ဘာကောင်လဲ။ မဆင်ခြင်နိုင်ဘူး။ ဒီသားကိုသွားစွဲတာ တဏှာ ခေါ်တယ်။ တဏှာကြောင့် မာန်ဖြစ်တာ။ ဒါကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိလို့ခေါ်တယ်။ ဒါတွေကိုသိရမယ်။ သိရင် ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ ပယ် ဆိုက် ပွား နော်။ ခင်ဗျားတို့ သံသရာ အဲဒီဟာ အဝိဇ္ဇာလို့ရေးထားတယ်။ အဝိဇ္ဇာဆိုတာ ဘာလဲသိသလားတဲ့။ စာတော့ သိတယ်တဲ့။ အဝိဇ္ဇာဆိုတာ ကြားဖူးတယ်တဲ့။ အေး အဝိဇ္ဇာဆိုတာလေ မှတ်ထားကွတဲ့။ ရုပ်နာမ်မသိတဲ့ကောင် တွေကွတဲ့။ ဝိဇ္ဇာဉာဏ်က ရုပ်နာမ်သိပြီကွတဲ့။ လွတ်ပြီကွတဲ့။ အဲဒါတွေးသာကြည့်ပေတော့နော်။ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်။ အဲဒီတော့ ဘာလဲ။ မြင်လိုက်တာ အမှတ်နဲ့။ သညာနဲ့

ယူနော်။ ဒါ ငါ့မိန်းမ၊ ဒါ ငါ့သား။ ဟုတ်တာပေါ့။ အဲဒါ (မိရိုးဖလာအယူကံတရားတွေပြောတယ်)၂။ အဲဒီတော့ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်မှ ဉာဏ်ပေါက်တယ်။ အကယ်၍ ဉာဏ်မရတော့ ဘာဖြစ်မလဲ။ ခင်ဗျား အပါယ်ပိတ်တယ်။ ခင်ဗျား သီလက ကာယကံ၊ ဝစီကံ၊ မနောကံ။ မဂ္ဂင်တိုက်ထားတဲ့သီလ (တဏှာ တော့မပယ်နိုင်ဘူး)၂။ သူလုပ်တဲ့အလုပ်ကတော့ မှန်နေပြီ။ အဲဒီတော့ သူလုပ်တဲ့အလုပ် ဘာတွေ မှန်သလဲ။ သက္ကာယအယူတွေ မယူတော့ဘူး။ မိစ္ဆာအယူတွေမယူတော့ဘူး။ အတ္တအယူတွေ မယူ တော့ဘူး။ သမ္မာအယူတွေ ယူတဲ့အတွက်ကြောင့် တဏှာတော့ မပယ်နိုင်ဘူး။ အပါယ်ပိတ်တယ်ဗျို့ အဲဒါမှ ထူးတာ။ ဉာဏ်တော့ပေါက်တယ်။ မပေါက်တယ်။ ပေါက်အောင်ကြိုးစားနော်။ စိတ္တာနုပဿနာ ကို ဟောသွားတာ။ စိတ္တာနုပဿနာ၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာလို့ ရေးထား တယ်။ ဒါကြောင့်မို့ စာကမှန်၏။ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့သာတယ်နော်။ တစ်ခါတည်း တရားအားထုတ်တယ်။ စိတ်နဲ့၊ စေတသိတ်က သတ်ပြီ။ အဲဒီ ရုပ်နဲ့ တဏှာလဲ သဘောပေါက်ပြီ။ ဒါကြောင့်မို့ (စိတ်၊ စေတသိတ်)၂ ရုပ်ပယ်ရင် နိဗ္ဗာန် ပဲ။ အခု ပစ္စုပ္ပန်တည့်တည့် အစွဲဖြုတ်လို့အေးနေပြီ။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားတယ်။ အပူမဟုတ်ပါဘူး။ အဲဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၀၇)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၀၅)

ဘုန်းကြီး သီလမပေးတတ်ပါဘူး။ မှားသွားမှာစိုးတဲ့အတွက်ကြောင့် သီလမပေးတာပါဗျာ။ စာမတတ်လို့ပါ။ ဦးဇင်းကြီး ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာ၊ ဦးဇင်း စာမတတ်ဘူး။ ဒါ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သဘောလေးတွေ။ သဘောသာနာပါ။ ဦးဇင်း အခုဟောမည့်တရားကတော့ဗျာ ဦးဇင်းရဲ့ကျင့်ကြံတဲ့၊ ရရှိတဲ့ ဒီသဘောတရားပါပဲဗျာနော်။ အဲဒီသဘောတရားမှာ ဦးဇင်းကျင့်သွားတဲ့ စိတ်ရဲ့အကြောင်းလေးတွေကို ပြောပြတဲ့အခါမှာ ခင်ဗျားတို့ရဲ့ ခင်ဗျားတို့မှာရှိတဲ့ အသိတွေနဲ့တိုင်းကြည့်ပါ။ ခင်ဗျားတို့မှာ မှတ်ကျောက်ရှိတယ်။ ဦးဇင်းကတော့ ကြေးတုံးလား၊ ရွှေတုံးလား၊ ငွေတုံးလား ဆိုတာ မှတ်ကျောက်နဲ့တိုက်ပေတော့။ ဦးဇင်းက သဘောပါပဲဗျာ။ သစ္စာလေးပါးကိုဗျ။ သစ္စာလေးပါး ဆိုတာ အမှန် အမှန်ကိုပြောတဲ့တရား။ အဲဒီတော့ အတွင်းအောင်ခြင်းကို အောင်တော်မူရင် အပြင် အောင်ခြင်းကိုလည်း အောင်တော်မူတယ်။ အဲဒါ အတွင်းအာရုံ၊ အပြင်အာရုံ။ အဲဒီ နှစ်ပါးပါပဲဗျာ။ ဒုက္ခသစ္စနဲ့ သမုဒယသစ္စာ ဒီ(၂)ပါးပါပဲဗျာ။ ဒါ ပိုး နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာက ဟိုဘက်မှာပါ။ အင်မတန်မှ ထူးမြတ်ပါတယ်ဗျာ။ အဲဒါလေးတွေကို ဦးဇင်းကနေပြီးတော့ ကိုယ့်ရဲ့အဖေတွေ၊ အမေတွေ၊ ကိုယ့်ရဲ့အစ်မကြီးတွေ၊ ကိုယ့်ရဲ့ ညီတွေ၊ ဒီဘဝမှာပဲ အတိတ်၊ ပစ္စုပ္ပာန်၊ အနာဂါတ် ဘုံ(၃)ပါး ကိုဗျ။ ဒီဘဝမှာ ကိုယ်က အင်မတန်မှ နူတ်၏ဆောင်မခြင်း၊ လက်၏ဆောင်မခြင်း၊ ဂါရဝတရားနဲ့ ဦးဇင်းက သူတော်ကောင်းတရား(၇)ပါးနဲ့ ဦးဇင်းပြောပါတယ်။ ဒုက္ခသစ္စာဘာလဲ။ သမုဒယသစ္စာ ဘာလဲဆိုတာ ဦးဇင်း သဘောလေးပြောပါ့မယ်။ အမှားအယွင်းများရှိရင် ခွင့်လွှတ်ပါတဲ့။ ငါးပါးသီလ တော့ မပေးတတ်ပါဘူးဗျာ။ ဦးဇင်း ကနေပြီးတော့ ဦးဇင်း ရဲ့ထေရုပ္ပတ္တိကိုပြောပါအုံးမယ်။ ဦးဇင်း ရဲ့ ဇာတိချက်မြှုပ်က သရက်ကုန်းသားပါ။ သရက်ကုန်းရွာမှာ လမ်းသုံးလမ်းရှိပါတယ်တဲ့။ နောက်ဖေး ရယ်၊ အလယ်လမ်းရယ်၊ ကမ်းနားလမ်းရယ် ရှိပါတယ်။ ဦးဇင်း တို့နေတဲ့လမ်းက အလယ်လမ်းပါ။ ဦးဇင်း အဖေနာမည် ဦးထွန်းလှ ခေါ်ပါတယ်။ သူငယ်ချင်းတွေခေါ်တာတော့ ဦးချိုးတိုး လို့ခေါ်ပါတယ်။ ဦးဇင်းရဲ့အဖေပါပဲ။ အမေနာမည်ကတော့ ဒေါ်အုန်းမေ နော်။ အမှန် အမှန်ပြောရမှာကိုဗျ။ သစ္စာ တရားကိုဗျ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ကိုဗျနော်။ သားသမီး(၆)ယောက် ရှိပါတယ်ဗျာ။ (၆)ယောက်ရှိတဲ့အခါမှာ အကြီးဆုံးသမီးက မသောင်းကြည် တဲ့။ ဦးဇင်းကတော့ ဒုတိယ ဦးမြမောင် တဲ့။ ကျောင်းမှာ ဂင်တိုကြီးလို့လည်းခေါ်တယ်ဗျ။ သူ့ရဲ့အကြောင်းတွေပေါ့ဗျာ။ ဒီအကြောင်း က ဘယ်ကဖြစ်သလဲ။ အကျိုးပေါ်ကဖြစ်နေတာ။ အဲဒါကြောင့် အကျိုးပေါ်ကဖြစ်လိုက်တဲ့အခါမှာ သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ။ ဩော် ဒိုခြင်းတရား၊ နာခြင်းတရား၊

သေခြင်းတရား၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝနော်။ အာရုံကိုစွဲတာ။ အနုသယကိလေသာ အင်မတန်မှ နက်နဲခက်ခဲတယ်။ အနုသယကိလေသာပါဗျာနော်။ စွဲတာက အာရုံကိုနော်။ အာရုံကိုစွဲတာ။ အဲဒီတော့ ဦးမြမောင်ကြီးဟာ ဒုတိယ။ သူ့မှာညီလေး(၄)ယောက်ရှိတယ်။ အဲဒီညီလေး(၄)ယောက်လည်းဗျာ ခပ်တိုတိုပြောရမယ်ဆိုရင် သေတယ်နော်။ ဦးဇင်းထက်ကြီးတဲ့ မသောင်းကြည် လည်း သေတယ်။ ဦးဇင်း တစ်ယောက်ထဲကျန်တယ်။ အားလုံး(၆)ယောက်မွေးတာ (၁)ယောက်ပဲကျန်တယ်။ အဲဒီတစ်ယောက်ပဲကျန်တော့ အဲဒီလိုပဲ ဖအေ၊ မအေတွေက ဘာလုပ်စားလဲဆိုတော့ လယ်လုပ်စားပါတယ်ဗျာ။ လယ်ပိုင်၊ ချောင်းပိုင်၊ ဥယျာဉ်ပိုင် ရှိလား။ မရှိပါဘူးဗျာ။ သူများလယ်မှာ ခွက်ကောက်လုပ်စားပါတယ်ဗျာ။ အဲဒါဘာလဲ။ ရရှိတဲ့ အဝိဇ္ဇာတုံးကြီး အတိတ်ကရလာတဲ့ကံနဲ့ အဲဒီကံကြီးက ဘယ်မှာလဲ။ ပစ္စုပ္ပန်မှာ။ အဲဒါကာမဝဋ်ခေါ်တယ်။ ဘဝဝဋ်ခေါ်တယ်။ ကံပေါ်ကနေ ကံထပ်လုပ်နေတယ်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်းတဲ့နော်။ ဘာကံနဲ့ရသလဲ။ အဲ ကုသိုလ်ကံနဲ့ရတာပေါ့ဗျာ။ မနုဿတဘာဝေါ ဒုလ္လဘော လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေ၏။ ကံနဲ့ရတာကို ဘုရား(၅)ဆူမှာ (၄)ဆူပွင့်သွားပြီ။ မမှီကြဘူး။ ဘာလို့မမှီကြလဲဆိုတော့ လမ်းမှားတော့ ရမ်းကားတာပေါ့ဗျာ။ လမ်းတွေကမှား ရမ်းကားတော့ အဲဒီလိုဖြစ်ပါတယ်ဗျာ။ အဲ အခုဘုရား(၁)ဆူတော့ ကျန်ပါသေးတယ်ဗျာ။ အဲဒီတော့ ဒီကနေပြီးတော့ ကြိုပင်ရိုက်တယ်တဲ့။ သာသနာ(၂၅၀၀)မှာ သာသနာ(၅၀၀၀)ရှိတယ်တဲ့။ သာသနာ(၂၅၀၀)မှာ လာပြီးတော့ ဒီဝိပဿနာတရားတွေကို ကျင့်ကြတယ်။ အားထုတ်ကြတယ်။ အေး ဘယ်သူ့ဘာပြောပြော သည်းခံတဲ့။ စိတ်ဟာ ဘာလဲ။ ဝိဇ္ဇာဉာဏ်ဘက်ကို အာရုံပြုပါတယ်တဲ့။ မသည်းခံတဲ့စိတ်ဟာ အဝိဇ္ဇာထဲမှာပဲတဲ့။ ဝိဇ္ဇာဉာဏ်ဘက်က သည်းခံတယ်။ အဝိဇ္ဇာဘက်က သည်းမခံဘူး။ တွေးသာကြည့်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်။ အဲဒါတွေက ကိုယ့်ဒုက္ခပေးတာပါပဲဗျာ။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ။ သင်္ခါရထည့်ထားတယ်။ သင်္ခါရတရားဆိုတာ ပြုပြင်ပြောင်းလဲလို့ရတဲ့ အာရုံ။ အဲဒီအာရုံကို စွဲတယ်။ စွဲရင် အဝိဇ္ဇာကြောင့် သင်္ခါရ။ သင်္ခါရကြောင့် တဏှာ။ တဏှာကြောင့် ဥပါဒါန်။ ဥပါဒါန်ကြောင့် ဘဝ။ အဲဒါသံသရာလည်တဲ့ စိတ်တွေပဲ။ အဲဒါ ကိလေသာတွေပါပဲဗျာ။ အနုသယကိလေသာတွေပဲ။ ကိုယ့်စိတ်သာ ကိုယ်စစ်ပေတော့။ အဲဒါ အာရုံ(၆)ပါးပေါ့ဗျာ။ အဲဒီအာရုံ(၆)ပါးကနေပြီး မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ။ မြင်လိုက်တယ်။ သိလိုက်တယ်။ မြင်တဲ့အာရုံပေါ်မှာ သညာက အဲဒီအမြင်ပေါ်မှာ သွားစွဲတာဗျို့။ ကိုယ့်ရဲ့ရှိတဲ့ သညာပေါ့ဗျာ။ အာရုံ။ အာရုံအတိုင်းထားရင် ဘာမှမဖြစ်ပါဘူး။ အာရုံမှာ ငါ့သမီးလို့ သိလိုက်တာက သညာ။

သညာကြောင့် ဥပါဒါန်ဖြစ်တယ်ဗျို့၊ ငါ့သမီး ရိုက်နေပါလား။ ထိုးနေပါလား။ သဘာဝမျက်စိက မြင်တာကိုဗျ။ မြင်တော့မှ လို/မလိုဖြစ်ဖြစ်တာ။ လို/မလိုဖြစ်တော့ ကုသိုလ်၊ အကုသိုလ်။ အဲဒီလို ရှိတယ်ဗျာနော်။ ဦးဇင်း က စာမတတ်ဘူးဗျ။ ခင်ဗျားတို့ စာတတ်တဲ့ပုဂ္ဂိုလ်တွေ တွေးကြည့်၊ အေး အေး အေး အဲဒီတော့ အကုသိုလ်၊ ကုသိုလ်ကံတွေလုပ်တာ။ လာတာလည်း ကံ။ လုပ်နေတာလည်း ကံပါပဲတဲ့။ အဲဒီတော့ ဉာဏ်ရှာမှာပေါ့ဗျာ။ ဉာဏ် ဉာဏ် ဉာဏ်နော်။ ဦးမြမောင်ကြီး ဟာ သရက်ကုန်း ကနေပြီးတော့ အဖေ၊ အမေက ကောက်ရိတ်တယ်ဗျာ။ သူများလယ်ထဲမှာ ကောက်ရိတ်တဲ့အခါကျ တော့ ဦးမြမောင် က ထမင်းသွားပို့ရတယ်။ ညီလေးတွေထိန်းရတယ်။ ပုခက်လွှဲရတယ်။ ရေခပ်ရတယ်။ ထမင်းချက်ရတယ်ဗျာနော်။ အိမ်မှာ အဲဒါဘာလဲဆိုတော့ အကြောင်းတွေ အကြောင်းတွေနော်။ သမုဒယသစ္စာ။ သမုဒယသစ္စာနော်။ ခန္ဓာဝန်ကြီးရတာ ဒုက္ခဖြစ်။ ဒုက္ခ။ ပျက်ဒုက္ခတွေပါပဲဗျာ။ အဲဒီ ခန္ဓာဝန်မသိကြလို့ပေါ့ဗျာ။ ခန္ဓဝန်ကြီးရပြီ။ အဲဒီတော့မှ အဖေစွဲတယ်။ ညီလေး စွဲတယ်။ အကုန်စွဲ တာပဲဗျာ။ အာရုံတွေလျှောက်စွဲတာပါပဲ။ အဲဒီတော့ ထမင်းသွားပို့တယ်ဗျာ။ အဖေ၊ အမေတို့ လယ် ထဲမှာ။ ဩော် မြမောင် ထမင်းလာပို့ပါလားဆိုတော့ ကန်သင်းဘောင်မှာ စားတယ်ဗျို့၊ အဲဒီတော့ မြမောင် ဟာ သူများလယ်ကွက်ထဲမှာ ကောက်သင်းလိုက်ကောက်တယ်ဗျာ။ ကောက်သင်းလိုက် ကောက်တဲ့အခါမှာ ကောက်နှံလေးတွေမရဘူးဗျာ။ အဖေတံဇဉ်ယူပြီးတော့ စပါးနှံတွေကို တံဇဉ်နဲ့ ဖြတ်မှပဲ။ အဲဒါမှ များများရမယ်။ သညာနော်။ စပါးနှံက အာရုံ ကိုယ့်ရဲ့သညာကြောင့် ဥပါဒါန်၊ ဥပါဒန် ကြောင့် ဘဝ။ အဲဒါ သံသရာလည်တာ စိတ်ပဲ။ ဦးမြမောင် မသိဘူးဗျာ။ သူစာမှမတတ်တာ။ တံစဉ် ကြီးယူပြီး ရိတ်တော့တာပဲဗျို့၊ သူပို့တဲ့ ထမင်းတောင်းထဲမှာ စပါးနှံတွေ တစ်ခါတည်းထည့်တော့တာ ပဲဗျို့၊ ပြည့်မောက်လို့ အဖေ၊ အမေစားတဲ့ပန်းကန်လေးတွေ ရေဆေး၊ ဇလုံ လေးတွေအုပ်ထားတယ်ဗျ။ သညာက ဘယ်လောက်လှည့်ကွက်လုပ်ထားလဲလို့၊ လယ်ရှင်သိမှာစိုးလို့ ဖြတ်လမ်းက သွားတယ်နော်။ အဲ ဦးမြမောင် ကာယနဲ့ပတ်သက်သွားပါပြီဗျာ။ ဘယ်လိုကာယနဲ့ပတ်သက်လည်း အာဒိန္နာဒါနာ ဝေရမဏီသိက္ခာ ပဒံသမာဒိယာမိ ဦးမြမောင် သူများပစ္စည်းကိုခိုးတယ်။ အေး အဲဒါပေါ့ဗျာ။ ဘယ် လောက်ကြောက်ဖို့ကောင်းလဲ။ အပ္ပမာဒေန သမ္ပာဒေထ ကို သူမသိတော့ဘူးတဲ့။ အဲဒီတော့ စပါးနှံတွေ ကိုယူလာပြီးတော့ အိမ်ပြန်လာတယ်။ အဲဒါအကြောင်းတွေပေါ့ဗျာနော်။ သမုဒယသစ္စာစိတ်အကြောင်း တွေ ပြောတာနော်။ သံသရာဟာ လည်နေတာပဲဗျို့၊ ဒီဘဝရဲ့သံသရာကို ဦးဇင်း ပြောတာ။ အဲဒီသံသရာ ဘာလို့လည်လဲ။ အာရုံကိုစွဲတာကိုဗျ။ အာရုံကိုစွဲတော့ အဲဒီသံသရာကြီးက အူလည်ချာပေါက်လည် ကုန်တာပဲဗျာ။ ဒီဘဝကိုပြောတာနော်။ ဦးဇင်း ဟိုဘဝကိုပြောတာမဟုတ်ဘူး။ ဦးမြမောင်ကြီး

စပါးတွေကိုယူလာပြီးတော့ ရေအိုးစဉ်အောက်မှာ မြေထောက်နဲ့မွှေတော့တာပဲဗျို့ သညာခိုင်းတာ။ သညာဆိုတာ စေတသိက်ပေါ့ဗျာ။ အဲဒီစပါးတွေ သွားရောင်းတာပဲဗျာ။ ပိုက်ဆံလေးတွေရတော့ သောမနဿဖြစ်တယ်ဗျို့ ပစ္စည်းခိုးလာတဲ့ဟာကို ဝမ်းသာတော့ သောမနဿဖြစ်တယ်ဗျို့ ကိုယ့်ဟာကိုယ်တော့ အထင်ကြီးနေတာပေါ့ဗျာ။ သေတော့ အပါယ်ကိုသွားတော့မှာပေါ့ဗျာနော်။ အဲဒီလိုလုပ်မိပါတယ်ဗျာ။ မသိတော့ လုပ်မိတယ်။ လုပ်မိတော့ ရရှိတယ်။ ရရှိတော့ ခံကြတဲ့။ အဲဒီတော့ ဦးမြမောင်စပါးတွေယူလာပြီးတော့ အဲဒီလိုပဲရောင်းစားပါတယ်။ ရောင်းစားပြီးတော့ ဟိုတုန်းကတော့ စွန်ပလွန်သီးတွေ ဘာတွေရှိပါတယ်။ ညီလေးတွေကို ကျွေးတယ်။ အဖေ၊ အမေတို့ ကောက်ရိတ်ကပြန်လာရင် အဲဒါတွေကျွေးတယ်။ သူကစွဲတာကိုဗျ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရ ကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝနော်။ စွဲတာ စွဲတာ အဲဒီလိုပေါ့ဗျာ။ အဲဒီလိုလုပ်နေရင်းကနေပြီးတော့ နောက်ဆုံး ခပ်တိုတိုလေးပြောကြစို့ပေါ့ဗျာ။ အဲ ဘယ်ရောက်လာလဲဆိုတော့ မြောင်းမြရောက်လာတယ်။ မြောင်းမြဘယ်မှာလဲဆိုတော့ မြောက်ပိုင်းက ထင်းပုံဆိပ်မှာနေတဲ့အခါကျတော့ ဘာလုပ်စားလဲ။ စာမတတ်ဘူး။ ဖအေ လည်း ပါတယ်။ အမေ လည်း ပါတယ်။ ဦးမြမောင် လည်း ပါတယ်နော်။ ခန္ဓာ့ဝန်ဖြစ် ဒုက္ခ၊ ပျက်ဒုက္ခတဲ့။ ဒီဒုက္ခကြီး။ ဒုက္ခကိုစွဲတာနော်။ ကိုယ့်ရုပ်ကို မသိဘူးဗျာ။ အဝိဇ္ဇာကြီး ကိုယ့်ရုပ်ကိုယ်သိပ်စွဲတာပဲ။ ရုပ်နဲ့ ထိလိုက်တယ်။ သိလိုက်တယ်။ သိလိုက်တော့ နာမ်ခံစားတယ်။ ကောင်းတာကိုခံစားတယ်ဗျို့ နာမ်လေးကနော်။ ရုပ်က သဘောလေးပေါ့ဗျာ။ ဥပမာ ဘယ်လိုလဲဆိုတော့ ရုပ်နဲ့ထိလိုက်တော့ ဘယ်လိုလဲဆိုတော့ ဥပမာလေးပေါ့ဗျာ။ ကားစီးသွားတယ် ဆိုဖာကောင်းကောင်းထိုင်ရတော့ ရုပ်နဲ့ဆိုဖာနဲ့ထိတော့ မသိဘူးလား။ သိတော့ မခံစားဘူးလား။ ခံစားတယ်။ သာယာတယ်။ ပျဉ်ကြီးပေါ်သွားထိုင်တော့ ရုပ်ကသွားထိတော့ သိတယ်။ သိတော့ လို/မလိုဖြစ်ကုန်ပြီ။ အဲဒါ ရုပ်နဲ့ပတ်သက်တဲ့အကြောင်း ဦးဇင်း က စာတော့ မတတ်ဘူးဗျာ။ အာရုံနဲ့ပတ်သက်တဲ့အကြောင်း။ အာရုံဆိုတာ မျက်စိနဲ့မြင်တာကိုဗျာ။ နားက ကြားတယ်ဗျာ။ အသံရဲ့အာရုံပေါ့ဗျာ။ အဲဒီအာရုံမှာ အာရုံအတိုင်းထားရင်ဘာမှမဖြစ်ပါဘူး။ အဲဒီအာရုံကို သွားစွဲရင်တော့ လို/မလိုပေါ့ဗျာ။ အဲနှာခေါင်းလေးက နံလိုက်တယ်ဗျာ။ မွှေးသင်းနေတာပဲ။ အမယ်လေး ကောင်းလိုက်တာ။ မွှေးသင်းနေတာပဲ။ အဲဒါလေးကိုသွားပြီးတော့ သိလိုက်တာနဲ့ စွဲလိုက်တာပဲ။ အဲဒါလည်း အကြောင်းမသတ်တတ်ပြန်ဘူး။ အဲဒီအကျိုးပေါ်က အကြောင်းတွေဖြစ်နေတာ။ မသတ်တတ်ဘူးပေါ့ဗျာနော်။ ရုပ်က အကျိုးခေါ်တယ်။ နာမ်က အကြောင်းခေါ်တယ်။ အကျိုးနဲ့အကြောင်းသာဖြစ်တယ်နော်။ မသိဘူး။ အဲဒီလိုလုပ်တာပဲဗျာ။ အဲဒီတော့ မြောင်းမြ ထင်းပုံဆိပ်ရောက်လာတဲ့အခါမှာ ဘာလုပ်စားလဲ။

ကုလီထမ်းပါတယ်။ ဟိုတုန်းက လန်ဘားကုလီ။ တောင်းကြီးတွေနဲ့ထမ်းတယ်ဗျ။ အဲဒီတော့ တောင်းလေးတွေနဲ့ထမ်းတဲ့အခါကျတော့ ဈေးဝယ်တဲ့ ဒကာမကြီးက ရှေ့ကသွား။ ဦးမြမောင် က တောင်းကို ပခုံးပေါ်တင်ပြီး သူဝယ်တာတွေ အဲ ချအုံး ချပေးတယ်။ ထည့် ဟိုဟာထည့်၊ ဒီဟာထည့် အကုန်တောင်းထဲမှာ စုံနေတာပဲ။ သူက သိတာကို မျက်စိကမြင်တာကို အာရုံကြောင့် အာရုံစွဲရင် သညာပေါ့ဗျာ။ အဲဒါတွေ ခိုးအုံးမှပေ့။ အဲဒီဝယ်တဲ့သူက ရှေ့ကသွားတယ်။ ကိုယ်က နောက်ကနေ ဒညင်းသီးတွေနှိုက်တယ်ဗျို့။ အဲဒီတော့ လုပ်ပြန်ပြီနော်။ အပါးလည်တော့ အပါယ်လားမှာပေ့။ လောဘရဲ့စိတ်၊ ဒေါသရဲ့စိတ်၊ မောဟရဲ့စိတ်။ ကာယကံသောင်းကျန်မှု၊ ဝစီကံ သောင်းကျန်းမှု၊ မနောကံသောင်းကျန်းမှုနော်။ ဒါတွေ သိပ်ကြောက်ဖို့ကောင်းပါတယ်ဗျာ။ သိတော့ သိတယ်။ ကြည့်တော့ မြင်တယ်။ မြင်တော့ ဦးဇင်းတော့ ကြောက်ပြီဗျာ။ ဦးဇင်း လူဆိုးပါ။ လူတေပါ။ အဲဒီတော့ ငါဟာ ဒညင်းသီးတွေ အိမ်မှာတို့စားမယ်ဆိုပြီးတော့ ဈေးဝယ်တဲ့သူက ရှေ့က ဦးဇင်း က နောက်က အဲဒီ ဒညင်းသီးအာရုံကိုမြင်တာကိုဗျ။ မြင်မှသိတယ်။ သိတော့စွဲပြီ။ လက်နဲ့နှိုက်ပြီဗျို့။ သညာ သညာနော်။ အာရုံကိုသွားသွားစွဲတာဗျ။ အာရုံကိုသွားစွဲတော့ ခါးပိုက်တောင်ထဲထည့်။ အဲ အိမ်ရောက်သွားတော့ အကုန်လုံးသွန်ထည့်ပြီးတော့ ကိုယ်ထမ်းတာလည်း ပိုက်ဆံရ။ ကိုယ်က နှိုက်လာတဲ့ ခါးပိုက်တောင်ထဲမှာ အပြည့်နော်။ အဲဒါဘာလဲတွေးပေ့ဗျာ။ အဲဒါသာကြည့် တစ်နေ့သော အခါကျတော့ ဘာဖြစ်လာလဲ။ လူက (၁၇)နှစ်၊ (၁၈)နှစ်အရွယ်ရောက်တော့ အဲ ရဲထဲဝင်ပါတယ်ဗျာ။ ဦးဇင်း ရဲ့ စိတ်အကြောင်းကိုပြောတာပါ။ ဦးဇင်း ရဲ့ မသိတဲ့အကြောင်းတွေပြောတာပါ။ အဲဒီ ရဲထဲဝင် တော့ မင်းမြောက်တန်ဆာငါးပါးဆင်လိုက်တယ်ဆိုရင်ပဲ အဲ ဘဝင်တွေမြင့်ပြီးတော့ တောသားဟာ တစ်ခါတည်း အစိုးရအမှုထမ်း ရဲအဝတ်အစားကိုဝတ်တော့ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်၊ ငါမာန်။ မာန်ဆိုတာ ပြောမယ်ဆိုရင် မာရ်နတ်ပဲဗျို့။ မာရ်နတ်က သူက အသာလေးကြည့် တယ်။ ဒေါသဖြစ်တာ။ အဲဒါ မာရ်နတ်ပဲ။ မာန်ကိုးဗျ။ အဲဒီ မာရ်နတ်က နိဗ္ဗာန်တံခါးကိုပိတ်တာပါပဲ။ မာန်။ ကိုယ့်မာန်မှ မသိတာ မာရ်နတ်ပေ့ါဗျာ။ သဘောလေးနာပါ။ ဦးဇင်း တို့က ဒီကညာဏ်နဲ့လိုက် ရတာကိုး။ အဲဒီမှာ ပုလိပ်ထဲဝင်တဲ့အခါ ဘယ်ရောက်သွားလဲဆို မော်လမြိုင်ကျွန်းရောက်သွားတယ်။ မော်လမြိုင်ကျွန်းရောက်သွားတော့ အသက်(၂၄)နှစ်ကျတော့ မိန်းမရပါတယ်ဗျာ။ အဲဒီကြားထဲမှာ အစ်ကိုတစ်ယောက်သေပါတယ်ဗျာ။ အစ်ကိုသေလိုက်တော့ ဟာ မစားနိုင်တော့ဘူး။ ပူဆွေးတောက် လောင်တာ ဗျာပါဒနော်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကာယရဲ့ဝိတက်ကိုကြည့်လိုက်စမ်း။ ကာယရဲ့ ဝိတက်က ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံသမာဒိယာမိ၊ အဒိန္နာဒါနာဝေရမဏီသိက္ခာ

ပဒ်သမာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ ဝေရာမဏီသိက္ခာပဒံသမာဒိယာမိ။ အဲဒါ ကာယနဲ့ပတ်သက်တဲ့အကြောင်းတွေ။ ကာယနဲ့ကျင့်မှ သိတာကိုဗျနော်။ အဲဒါ ကာယဝစီကတော့ မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံသမာဒိယာမိ။ ဘယ်လို မုသာဝါဒါလဲ။ ဦးမြမောင်ကြီး က ရဲလူထွက်ဆိုတော့ ပေါ့ပေါ့နေပေါ့ပေါ့စားကိုဗျ။ ရုံးကြီးဘေးမှာ သွားအိပ်နေတယ်။ အိပ်နေတော့ ရုံးက ဥပမာ ဆင်းလာတယ်။ ဦးလေး အာမခံတဲ့လူရှိလား။ သက်သေခံတဲ့သူရှိလား။ ရှိတယ် ရှိတယ်။ ထိုင် ထိုင် မြမောင် မြမောင် မင်းအကြံအဖန်တွေလာပြီ။ ဟော့ကောင်ထကွာဆိုပြီး မြမောင် သူရတော့မှာကိုဗျ။ အပါးလည်တာကိုဗျ။ သူက လက်ကြောတင်းအောင်လုပ်မစားဘူးနော်။ ဦးလေးရယ် သက်သေခံပါလား။ ကျွန်မ (၅၀)ပေးမယ်။ အာ (၅၀)နည်းတယ် (၇၀)ပေး။ ကျုပ်က ရဲကိုဗျ။ နဂိုလုပ်ဖူးတာကိုဗျ။ အဲ (၇၀) တောင်းတယ်၊ ပေးပါ့မယ်တဲ့။ အခုတော့ (၅၀)ရှိတယ်တဲ့။ ဦးလေး ရုံးပေါ်က အောက်ဆင်းရင် နောက်(၂၀)ပေးပါမယ်။ အေး အေး အေး ငွေ(၅၀)ပေးပြီး သူကသင်ပေးတယ်။ ဘယ်လိုထွက်၊ ဘယ်လိုပြော၊ ဘယ်လိုကိုင်။ အေး အေး ငါအကုန်နားလည်ပါတယ်။ တက် တက် အပေါ်တက်သွားတော့ အပေါ်ကျတော့ ဘာသိလဲ သက်သေကိုမေးတယ်။ အဲ လုပ်သက်သေနော်။ ပိုက်ဆံရတယ်။ အဲဒီတော့ သူသင်ပေးတာတွေ ထွက်တော့တာပဲဗျို့။ အဲ ပိုက်ဆံတွေလည်း ရလည်းရတော့ ကိုယ်က ဆက်သွယ်ပေးတဲ့ လျှောက်လွှာစာရေးကို လှက်ရည်လည်း တိုက်တယ်။ ကွမ်းလေးတွေ ကျွေးတယ်။ သူကတော့ ဝမ်းသာလို့၊ ဒီနေ့ နေ့တွက်ဘယ်လောက်ရလဲ မြမောင်ရေ၊ ဒီနေ့ ငါလျှောက်လွှာရေးရတာ (၂)စောင်ပဲရတယ်။ နောက် သူက(၂)စောင်အတွက်ပေးလိုက်တော့ သူလည်းပျော်သွားတယ်။ ဒီက လည်း ပိုက်ဆံတွေရတော့ ပြန်တာပဲဗျို့နော်။ အဲဒါ ဘာလဲ။ မုသာဝါဒါဝေရာမဏီသိက္ခာပဒံ သမာဒိယာမိနော်။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ အဲဒါလုပ်ပြီဗျ။ အဲဒီပိုက်ဆံတွေယူလာပြီး တော့ မိန်းမကို ပစ်ပေးတာပဲဗျို့။ မိန်းမက ဈေးကိုသွားပါတယ်ဗျာ။ အဲဒါအကြောင်းတွေနော်။ အဲဒါ သံသရာလည်တဲ့ အကြောင်းတွေပါပဲနော်။ အကုသိုလ်ကံတွေပေါ့ဗျာ။ ကုသိုလ်ကံ တစ်ချက်မှမပါဘူး။ အဲဒီကျတော့ အကုသိုလ်ကံချည်းပါပဲဗျာ။ ဒါကြောင့် အကုသိုလ်နဲ့ ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားမယ်ဆိုရင် အခုနက အသူရကယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ။ ကြည့်စမ်းဗျာ ဘယ်လောက်ကြောက်ဖို့ ကောင်းလဲနော်။ အဲဒါ နားမှမလည်တာကိုဗျနော်။ အဲဒီလိုဖြစ်ပါတယ်ဗျာ။ အဲဒီပိုက်ဆံတွေ အိမ်ရောက်တော့ သားမယားကိုပေးလိုက်တဲ့အခါကျတော့ သားမယားက ဈေးကိုပြေးတော့တာပဲဗျို့။ အိမ်မှာ ဆန်ကလည်းမရှိ၊ ရေနံဆီကလည်းမရှိ၊ ငရုတ်သီးကလည်းမရှိ၊ မရှိတာတွေ မိန်းမကဝယ်လာတယ် ဗျို့။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲဗျို့။ သမုတိသစ္စာနော်။ သြော် ဒိဋ္ဌိ ဒိဋ္ဌိ ဘယ်လောက်ကြောက်ဖို့

ကောင်းလဲ။ ဒါပေမယ့် သဘောသာ နာပါတဲ့။ သဘောလေးသိသွားရင် တရားပါပဲ။ အဲဒီတော့ သစ္စာ (၄)ပါးရဲ့အကြောင်းကို ပြောသွားတာပါနော်။ အဲဒါ အကြောင်းအကျိုးတွေပေါ့ဗျာ။ အဲဒါ အကုသိုလ်ကံတွေပေါ့ဗျာ။ အဲဒါ သဘော။ သဘောပေါက်ရင် တရားပါပဲဗျာ။ အေး အဲဒီတော့ အဲ သားမယားက ဝယ်ခြမ်းလာပြီး ဦးမြမောင် ကို ချက်ပြုတ်ကျွေးမွေးတယ်။ ဦးမြမောင် က ထပြီးတော့ စားတာပဲဗျို့နော်။ ဒိဋ္ဌ ဒိဋ္ဌ တွေ။ စားသောက်လည်းပြီးရော သူက ဗိုက်ကြီးကိုတင်းပြီးတော့ ဆေးလိပ်တွေသောက် ရေနွေးသောက်လိုက်။ စိတ်ကိုအလိုလိုက်နေတာ၊ စိတ်ကိုအလိုလိုက်တော့ သံသရာကြော မျောတော့မယ်။ ဒါလည်း သူမသိဘူး။ အဲ ဆေးလိပ်သောက်လိုက်၊ ရေနွေးသောက်လိုက်။ စကားတွေဖောင်ဖောင် ပြောလိုက် ဒီလိုပေါ့ဗျာ။ အဲဒီလိုနေတဲ့အခါကျတော့ စားသောက်ပြီး မိုးချုပ်တော့ မိန်းမကို ငါ့ပိုက်ဆံတွေပေးစမ်း။ နေ့ခင်းက ငါပေးထားတဲ့ ပိုက်ဆံတွေပေးစမ်း။ ဦးမြမောင် ရေ အိမ်မှာ ဆန်တို့၊ ဆီတို့၊ ငရုတ်သီးတို့မရှိလို့ ကျွန်မသွားဝယ်လိုက်ပြီ။ ကုန်ပြီ။ ကျွန်မရဲ့ နဂိုမူလလက်ကျန် (၃)ကျပ်တောင် ပါသွားပါတယ် ဦးမြမောင်ရယ်တဲ့။ ဟာ နင် ငါ့ ဆင်ခြေတွေပေးတာပဲ။ ဒီကောင်မ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ အဲဒါ ဝစီပါပဲဗျာ။ ကြောက်ဖို့ကောင်းပါတယ်ဗျာ။ သည်းခံကြပါ။ သည်းခံကြပါ။ သည်းခံရင် ဝိဇ္ဇာဉာဏ်ဖက်ကိုရောက်တယ်။ မသည်းခံရင်တော့ အဝိဇ္ဇာနယ်ထဲမှာ နေပါလိမ့်မယ်ဗျာနော်။ အဲဒီတော့ ဦးမြမောင် က ကိုယ်တွင်းရှိတဲ့ဟာတွေ တိုင်းကုန်ပါပြီဗျာ။ မယားက မျက်ရည်သုတ်ပြီးတော့ သူ့ခမျာနေရရှာပါတယ်ဗျာ။ သူက အိမ်ပေါ်မှာ အိမ်ထောင်ဦးစီးဆိုပြီးတော့ မာန်နဲ့ပေါ့ဗျာ။ ဒါ မာန်တွေပေါ့။ ငါရှာကျွေးရတယ်။ ငါပေးမှ စားရတယ်ဆိုတဲ့မာန်တွေပေါ့ဗျာ။ ဒါ သံဝေဂတရားရဖို့ကောင်းပါတယ်။ ဦးမြမောင် အသေအချာ ကိုယ့်ရဲ့ဒုက္ခကြီးတွေကိုရှင်းပြပါတယ်။ အင်မတန်ကြောက်ဖို့ကောင်းတယ်။ ဒီလမ်းကတော့ ကျိန်းသေပါတယ်။ မလွတ်တော့ပါဘူး။ ပြန်ရပါလိမ့်မယ်။ အေး ဒါကြောင့်မို့ အလင်းကလာတဲ့ပုဂ္ဂိုလ် သူ အမှောင်ကိုသွားလိမ့်မယ်။ အမှောင်က လာတဲ့ပုဂ္ဂိုလ်သည် အလင်းကိုသွားလိမ့်မယ်နော်။ ဒါလေးတွေ။ အဲဒီတော့ ဦးမြမောင် က သူ့ရဲ့ သားမယားကို ဆဲဆိုပြီတဲ့။ အဲဒါ ဝစီနဲ့ပတ်သက်တဲ့ ဒုစရိုက်ပါပဲဗျာ။ အဲဒါ အနုသယကိလေသာပဲဗျို့။ သူများအသက်တွေကို မသတ်သေးဘူး။ လူမသတ်သေးဘူး။ ဘာမှ ခွေးတွေ မသတ်သေးဘူး။ ဒါလေး ဝစီလေးပြစ်မှားမိတဲ့အကြောင်းလေးပဲ။ အဲဒါ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ အေး နောက်တစ်ခါ ကာယကံ၊ ဝစီကံ၊ ကာယကံရဲ့ဝိတက်၊ ဝစီကံရဲ့ဝိတက်၊ မနောကံရဲ့ဝိတက်က ဘာလဲ။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိပဲနော်။ အဲဒါပါပဲဗျာ။ ဗျာပါဒအကြောင်း ခုနက အစ်ကိုသေတာကိုးဗျ။ အဲဒီတော့မှ အစ်ကိုသေလိုက်တော့မှ ထမင်းမစားနိုင်၊ ဟင်းမစားနိုင်ဖြစ်တော့တာပဲဗျို့။ အဲဒီအစ်ကို

သေလိုက်တဲ့အာရုံနဲ့ အမြင်သွားပေါင်းလိုက်တော့ တစ်ခါတည်း တုတ်ထိုးအိုးပေါက်တွေဖြစ်တာပဲဗျို့။ စိတ် စိတ်နော်။ အဲဒါ မြင်စိတ်၊ ကြားစိတ်တွေပေါ့ဗျာ။ အဲဒါ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ သွားစွဲတာ ကိုယ့်က စွဲတာ။ အေး အဲဒါ လေးတွေဖြစ်တဲ့အခါကျတော့ အဲဒီဗျာပါဒ ဘယ်လိုသတ်နိုင်မလဲ။ သီလကလည်း မသတ်နိုင်ဘူး။ ဒီသီလက ဗျာပါဒမီးတွေကို မသတ်နိုင်ပါဘူး။ ဒါ သဘောလေးတွေ။ ကိုယ့်စိတ်ကိုယ်စစ်။ လောကီ သီလ၊ လောကုတ္တရာသီလ၊ လောကီသီလကတော့ ဘာလဲ။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ အဗြဟ္မ စရိယာ၊ မုသာဝါဒါ အဲဒါလေးတွေကို ကျင့်သုံးတယ်။ ဒီအာရုံကို သူတို့မလွှတ်တော့ဘူးကွ။ အနုသယ ကိလေသာကို သူသတ်လို့မရဘူး။ ဒါတွေ သူတို့မလုပ်ဘူးကွ။ ဒါ ကိုယ့်အသိနဲ့ကိုယ်ကိုးဗျ။ ဒါကိုသူတို့ ပယ်လို့မရဘူးဗျ။ ကိုယ့်စိတ် ကိုယ့်သဘောနဲ့ ကိုယ်လုပ်နေကြတာဗျ။ အပြစ်မဆိုပါဘူး။ သဘော လေးကိုသာ နာ။ အဲ အရင်က လောကီရဲ့ လူသားတွေပဲဗျာ။ အဲဒီ အာရုံကို မသတ်နိုင်ဘူး။ အနုသယကိလေသာကို မသတ်နိုင်ဘူး။ ရှစ်ပါး၊ ကိုးပါးကိုစောင့်ထိန်းတယ်။ ရှေ့စိတ် နောက်စိတ်ကို စောင့်ထိန်းတယ်။ မှန်ပါတယ်။ အဲဒီသီလလည်း သူမစစ်ဘူး။ အမှန်က ဒီသီလက ငါ့စိတ်ကို ငါစစ်မှ ငါ့သီလ စစ်တယ်လို့သိရမယ်။ ဒီတော့ တပည့်တော်က သီလယူပြီ။ ငါ ဒီနေ့တော့ သီလယူလိုက်ပြီ။ ကိုယ်ဟာ့ကိုယ်စစ်နေတာ။ ကိုယ့်စိတ်ကို ကိုယ်စစ်။ အဲဒီတော့ ဝိပဿနာဟာ ကိုယ့်စိတ်ကို စစ်ပါ တယ်ဗျာ။ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်လားဆိုတာကို စစ်ပါတယ်ဗျာ။ အဲဒါလေးတွေ သိပ် အရေးကြီးပါတယ်ဗျာ။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါတဲ့။ အဲဒီတော့ ခုနက ငါ ဒီနေ့လှူတာပဲကွ။ ဒါန်းတာပဲကွ။ အဲဒါတွေဟာ ကံတွေပဲဗျနော်။ တဏှာကိလေသာမှ မခမ်းခြောက် မပြတ်စဲရင် နိဗ္ဗာန်မြင်ပါ့မလား။ ဒီဘဝကိုပြောတာ။ ဟိုဘဝကို ဦးဇင်းပြောတာမဟုတ်ဘူး။ ဒီဘဝလာပြီတော့ ဖြစ်ကြတဲ့အကြောင်းတွေကို တဏှာကိလေသာတွေကို ခမ်းခြောက်ပြတ်စဲနိုင်မယ်ဆိုရင် နိဗ္ဗာန်ကို မြင်မယ်တဲ့။ မနောနဲ့ အာရုံသဘောပဲဗျို့။ သဘောသာ နာပါနော်။ သဘောလေးပြောမယ်။ ဦးဇင်း ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါတဲ့နော်။ ဦးဇင်း က ဒီလိုလုပ်တာကိုးဗျ။ ဗျာပါဒဆိုတော့ အဲဒီဗျာပါဒ ကို ငါဘယ်လိုလုပ်သတ်မလဲ။ အဲဒီ ငါယူထားတဲ့ သီလကလည်း မသတ်နိုင်ဘူး။ အစ်ကိုသေတဲ့ ဗျာပါဒကို ငါဘယ်လိုသတ်ရမလဲ။ ရှာမလဲ။ ကာယကံ၊ ဝစီကံမှာတော့ ထိန်းလို့ရတယ်။ မနောကံရဲ့ ဗျာပါဒကို မလွယ်ဘူးဗျ။ လောကီရဲ့ သီလ မလွယ်ပါဘူးဗျာ။ အဲဒီတော့ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ သဘောလေးတွေပေါ့ဗျာ။ အဲဒီတော့ အာရုံ(၆)ပါးကတော့ မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ ရုပ်အာရုံ၊ မနောအာရုံ။ ရုပ်က ဘယ်လိုလဲ။ ဥပမာ

ပေါ့ဗျာ ခင်ဗျားအပ်ကလေးနဲ့ထိုးလိုက်တယ်။ မသိဘူးလား။ သိလိုက်တယ်။ အဲဒါ အာရုံစိတ်ခေါ်တယ်။ မြင်လိုက်တယ် မြင်လိုက်တာ အာရုံမှာ သွားစွဲတယ်လို့။ အဲဒါစွဲရင်တော့ ကိုယ့်စိတ်ကိုယ်စစ်ပေါ့ဗျာ။ အဝိဇ္ဇာကြောင့် ဖြစ်တာ။ အဲဒီအာရုံ(၆)ပါးက ဒုက္ခပေးနေတာပဲ။ ဒီတော့ မနော။ အဲဒီအာရုံကို ပက်လက်ကလေးလှန်ပြီးတော့ မနောတွေးတော့တာပဲဗျို့။ ငါ ဒီနေ့ဘယ်ဖဲဝိုင်းသွားရရင် ကောင်းမလဲ။ ဘာလုပ်ရရင် ကောင်းမလဲ။ ဘာအကြံအစည်တွေလုပ်ရင် ကောင်းမလဲ။ အေး အဲဒါတွေပေါ့ဗျာ။ အဲဒါဟာ ကိလေသာနယ်ထဲကို ဆင်းတဲ့အကြောင်းတွေပါပဲဗျာ။ ကိလေသာပဲ။ ဝိပဿနာတရားထိုင်လို့ မဂ်ဉာဏ်ရမှ ဒီကိလေသာပြတ်မယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၁၀၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-251620128,

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၀၈)

ဦးဖင်းကစာပေကျမ်းဂန်မတတ်တော့ နဂိုမူလက ကျောင်းမနေတော့ စာမတတ်ဘူး။ တတ်တဲ့ပညာကို လုပ်ပါတယ်။ အလုပ်လုပ်တဲ့အခါမှာ ခန္ဓာကံတရား၊ ဉာဏ်တရား၊ ဈာန်တရားခန္ဓာကသိရမယ်။ ဒါမှန္ဓာသိတရားခေါ်တယ်။ ဒါဘဝင်လို့ခေါ်တယ်။ မနောဘဝင်လို့ခေါ်တယ်။ အဲ့ဒါသစ္စာလို့ခေါ်တယ်။ ဘာသစ္စာလည်း အရိယာထသစ္စာခေါ်တယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ ရဟန္တာတွေဟော သစ္စာလေးပါးခေါ်တယ်။ ကံတရားကိုဟောတာ အစွဲတရားကိုဟောတာ ဥပါဒါန်ကိုပြောတာ ဒုက္ခသစ္စာက ဆင်းရဲခြင်းအမှန်တရား။ သမုဒယသစ္စာ ဆင်းရဲခြင်းရဲ့အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓနဲ့ မဂ်ကိုရလို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို အပြန်အလှန်ဟောသွားတယ်။ ခန္ဓာသိတရားခေါ်တယ်။ အဲ့ဒါအဆင့်မြင့်သွားပြီ။ ကံဆိုတာ မိမိပြုလုပ်တဲ့ ကံရှိတယ်။ မိမိမပြုလုပ်တဲ့ ကံရှိတယ်။ သံသရာဘယ်ကလည်သလဲ၊ မနောကံကလည်တယ်။ မိမိမပြုလုပ်ဘူး။ ကာယကံနဲ့ ဝစီကံကတော့ မိမိပြုလုပ်တယ်။ သွားလုပ်တယ်။ သွားဆဲတယ်။ အဲဒါမိမိပြုလုပ်တာ မိမိမပြုလုပ်တဲ့ကံက မနောကံကသံသရာဘာကြောင့် လည်သလဲ။ စေတသိတ် မနာလိုတဲ့စိတ် ကုက္ကုစ္စစိတ်၊ ဗျာပါဒစိတ်၊ အဘိဇ္ဈာစိတ်၊ ဒိဋ္ဌိစိတ်၊ တဏှာစိတ်၊ မာန်မာနစိတ် အဲ့ဒါသံသရာလည်တဲ့ စိတ်တွေဘဲ ဒီလို စိတ်တွေဟာ ဘာကြောင့်ဖြစ်သလဲ။ အာရုံ (၅) ပါးကြောင့်ဖြစ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ခေါ်သမုတ်ထားတယ်။ အဲ့ဒီကံက အာရုံကိုသွားစွဲတာ။ စွဲတော့ ဥပါဒါန်ဖြစ်တာ အဲ့ဒါကံဘဲ၊ သံသရာလည်တာဘဲ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ ဒါဘုရားဟောတာ ဘုရားဟောတာနဲ့ ခန္ဓာအသိနဲ့ တစ်ထပ်တည်း ဖြစ်တာ။ ရဟန္တာအစစ်ခေါ်တယ်။ အတုမဟုတ်ဘူး။ လူတော့လူဘဲ၊ မတူဘူး။ ဟိုဟာကအကာပညတ်ခေါ်တယ်။ ဒီဟာက အနှစ်ပရမတ်ခေါ်တယ်။ ပရမတ်ဆိုတာ အတွင်းခါတ်လေးပါးကိုသိတဲ့ ခါတ်၊ ပရမတ်ခေါ်တယ်။ သဘောလေး နဲ့နာ။ ငါမြင်တယ်၊ ငါကြားတယ်။ ငါနံတယ်။ ဒါတွေဟာ မောဟဖုံးလွှမ်းနေတယ်။ မောဟကဖုံးလွှမ်းလို့ လောဘ၊ ဒေါသ၊ မောဟဖြစ်တာ။ တဏှာမာန၊ ဒိဋ္ဌိလည်း မနောက ဖြစ်တာ၊ ဝန်တိုတဲ့စိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ် မနောကဖြစ်တာ ဘာဖြစ်လို့တွေးလည်း အာရုံ (၅) ပါးမလွှတ်လို့ဖြစ်တာ။ အဲဒါသံသရာလည်တယ်တဲ့။ သံသရာဘယ်ကစသလဲ။ ခန္ဓာက စတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တာ။ ဒါသီလကို ညွှန်းတာမဟုတ်ဘူး။ သမာဓိကိုပြောတာမဟုတ်ဘူး။ အစွဲဥပါဒါန်ကိုပြောတာ။ ကိုယ်စိတ်ကိုယ်စစ်ထား၊ ဟောထမင်းစားနေရင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် စကားခွန်းကြီး ခွန်းငယ် များတယ်ဘာတဲ့သူက ထမလုပ်ဘူး။ ကလေးကလုပ်တယ်။ ကလေးကလုပ်တော့ ပန်းကန်ကအချဉ်ရေတွေ မှောက်လာတယ်။ အဲ့ဒီကလေးသူ့မျက်နှာမကောင်းဘူး။ ဒါဘဲ ကံတရားတွေပေါ့။ အာရုံကိုသတ်လို့မရဘူး။ အာသွက္ခရာ ဉာဏ်မရလို့ခံရတာပေါ့။ အဲ့ဒါသံသရာလည်တယ်။ သံသရာဘယ်ကစလည်း။ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ် သလဲ။ ခန္ဓာကစလို့ပြတ်တယ်။ ဥပါဒါန်ကိုဘယ်လိုသတ်သလဲ။ ဘာနဲ့သတ်ရမလဲ။ မဂ္ဂင်ရှစ်ပါးနဲ့သတ်။ မဂ္ဂင်ရှစ်ပါးနဲ့ သတ်၊ မဂ္ဂင်ရှစ်ပါးကရေးထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဒီမနောနဲ့မဂ္ဂင်နဲ့ အာရုံနဲ့ ကာယဝစီမနောနဲ့ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်ဘယ်လိုစင်ကြယ်မလဲ။ စာတော့မတတ်ဘူး။ သဘောလေးပြောမယ်။ စက္ခု ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ စာကရေးထားတာ။ ဒါကြောင့်မို့စာကမှန်၏။

ဘာနဲ့သိမလဲ။ ဦးပဏ္ဍိတဉာဏ်နဲ့သိမယ်။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ ငါတွေ အတွေ့နှစ်လီရှိတယ်။ စာတွေထက် ငါတွေကသာတယ်။ ဉာဏ်နဲ့သိတာ စက္ခုအာရုံမှာ ပညာဉာဏ်နဲ့သိတယ်။ နားသောတမှာ ပညာဉာဏ်နဲ့သိတယ်၊ နံ့သာမှာပညာဉာဏ်နဲ့သိတယ်၊ ဇိဝှာမှာပညာဉာဏ်နဲ့သိတယ်။ ကိုယ့်အသားကို ထိလိုက်တာ ပညာဉာဏ်နဲ့ သိတယ်။ သူကဉာဏ်နဲ့သိထားတာကို ကိုင်ပြီးလုပ်ပြီး ခင်ဗျားတို့ ဖွင့်မပြောရင် ဒီကဖွင့်ပြောပြီ ဒါဘာလဲ သစ္စာဘယ်သစ္စာလည်း မနော၊ သမုတိသစ္စာကိုဖြတ်လိုက်ပြီ၊ အကာကိုဖြတ်လိုက်ပြီ။ ခင်ဗျားတို့သိအောင် ပြောပြတာ ခင်ဗျားတို့က အကာကို စွဲတဲ့လူတွေ။ အဲ့အကာကို စွဲတော့ဥပါဒါန်ကံတွေဖြစ်တယ်ဗျို့။ မှတ်ထားသေချာ။ သစ္စာနဲ့ပေးပေးတာ ကိုယ့်စိတ် ကိုယ်စစ်ပေတော့။ ဒီလူကလုပ်သွားတော့မယ်။ အဲ့ဒီရဟန်းကလုပ်တော့မယ်။ ဆဲတာတို့ တိုင်းတာတို့ ကြားပြီး သံဃာအချင်းချင်း ဆဲတာ။ လူအချင်းချင်းဆဲတာ။ မိန်းမတွေလည်းဆဲတာ။ အဲသိပြီးလာချင်လာမလာချင်နေ။ သဘောလေးဗျို့။ ဒီကပညာရှိတယ်။ ပညာဉာဏ်လို့ခေါ်တယ်။ စက္ခု ဥဒပါဒိ၊ စာကရေးထားတာရသွားပြီ၊ ဦးပဏ္ဍိတ နဂိုမူလဗီဇစိတ်မဟုတ်တော့ဘူး။ မိရိုးဖလာစိတ်မဟုတ်ပေတော့ဘူး။ အဲဒါဘာလည်း ဝိပဿနာကျင့်ဖို့လမ်းကိုပြပေးလိုက် တယ်။ ဒီလမ်းမှဒီဘဝ မလျှောက်ချင်တော့သွားပြီ။ သူတော်ကောင်းသူမြတ်လောင်းနဲ့ တွေ့လာရပြန်တော့လည်း ကိုယ့်ရဲ့ပေါ့ဆမှုတွေကြောင့် သွားပြန်ပြီ ခွေးဖြစ်မယ်၊ ကြောင်ဖြစ်မယ်။ အပါယ် (၄) ဘုံသွားမယ်တီရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဖြစ်မယ်။ စာနဲ့ရေးထားတာ။ တကယ့်အဖြစ်အမှန်ကိုရေးထားတာ။ ဒီလူရဲ့စကားကို သစ္စာထားရတယ်။ အဲ့ဒီလူရဲ့အနေ အထိုင်သူ့အခု ဝိသုဒ္ဓိမဟာမြိုင်မှာနေတာ ဘယ်လို ဟိုတုန်းကစိတ်ကဘယ်လို အခုစိတ်ကဘယ်လို သူများသွားမဝေ ဖန်နဲ့။ ဒီတရားတွေ သောင်းကြမ်းနေတယ်ဗျို့။ တရားကိုနိုင်တာ ဉာဏ်ကနိုင်တာဗျို့။ မှတ်ထား။ ဘုရားရှင်ကအဲ့ဒီ တရားကိုသတ်သွားတာ စက္ခုမှာ သာယာတယ်။ နားသောတမှ သာယာတယ်။ ခင်ဗျားတို့ ဘယ်သူသိမလဲ။ အရိယာတသစ္စာတွေပျက်တယ်။ ခင်ဗျားတို့ကံသစ္စာတွေဖြစ်တယ်။ သံသရာလည်ဦးမှာ။ စိတ်သာချ စာရေးထားတယ်။ ဓေကာ ဓမ္မော ဓကောဓမ္မော အေးလည်းအေးတယ်။ ဒါကြောင့်မို့ စာကမှန်၏။ သူဉာဏ်မရဘူး။ စာဘဲသိတာ စာကမှန်၏။ ဉာဏ်မမီထိအောင် သူမသိ၊ စာတွေ ငါတွေ အတွေ့နှစ်လီရှိတယ်။ စာတွေထက် ငါတွေကသာတယ်။ ဦးပဏ္ဍိတအခုသွားလာနေထိုင်တယ်။ ဦးပဏ္ဍိတဒီရုပ်ကြီးရှိတယ်။ (၃၂) ကော ဌာသ၊ ကေသာ၊ လောမာန် စာတော့ မတာတ်ဘူး။ သူပြောတဲ့အသိကို ယူထားလိုက် သူပြောတဲ့အလုပ်ကိုလုပ်ထားလိုက် သူကိုသွားဖားစရာမလိုဘူး။ လုပ်စရာ မလိုဘူး။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ အဲ့ဒါစာရေးထားတယ်။ ဘာဖြစ်လို့ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့ဖြစ်သလဲ။ ဒုလ္လဘ (၅) ပါးက အပြင်ကစိတ်တွေခေါ်တယ်။ တွေးကြည့် ဒုလ္လဘ (၅) ပါး အတွင်းကမဟုတ်ဘူး။ အပြင်က အလှူတွေကိုခေါ်တယ်။ စာလိုရေးထားကြတာ။ ဘယာအလှူ ပကာသနအလှူ ထင်ပေါ်ကျော်ကြားချင်လိုက်တာ တွေးကြည့်ပါ ဟိုးမှာမတွေ့ဘူးလား။ သမီးလေးကို ၂ထောင်အသပြာနဲ့ပေါင်တာ တစ်နှစ်ပြီးတစ်နှစ် အလုပ်လုပ်တော့ ပိုက်ဆံလေးရတယ်။ သမီးသွားရွေးတယ်။ လမ်းမှာဆရာတော်တစ်ပါးတွေ့တယ်။ အဲ့ဒီလူကဘုန်းကြီးတစ်ပါး ဆွမ်းခံကြွလာတယ်။ အချိန်ကလည်း ဆွမ်းစားဖို့နီးပြီး။ ဘုန်းကြီးမြင်တော့ သမီးလေးရွေးမယ်ပိုက်ဆံနဲ့ တစ်ခါတည်း ထမင်းထုပ်တွေဝယ်ပြီးတော့ ဆွမ်းကပ်တယ်။ သဒ္ဓါကြောင့်ပေါ့ အဲ့ဒါ ဒုလ္လဘ (၅) ပါးရဲ့သဒ္ဓါလို့ခေါ်တယ်။ ဘုရားအစစ်၊

တရားအစစ်၊ သံဃာအစစ် သူစိတ်ထဲမှာ သဒ္ဓါစစ်၊ စေတနာအစစ်ပဲရှိတယ်။ ပကာသနသဒ္ဓါမဟုတ်ဘူး။ ပကာသနစေတနာမဟုတ်ဘူး။ သိကြားမင်းတွေ၊ နတ်မင်းတွေ၊ ဗြဟ္မာမင်းတွေ၊ သာသနာစောင့်နတ်မင်းကြီးလေးပါး သိတယ်။ ဘာသိလည်း၊ မကောင်းတာလည်းသိတယ်။ ကောင်းတာလည်းသိတာ ပဏ္ဍိတစွဲတာလည်းသိတယ်။ မစွဲတာလည်းသိတယ်။ သစ္စာ (၄) ပါးဆိုတာ ခန္ဓာသိပြောတာ။ သွားစွဲနေတာ ခုနကမတွေ့ဘူးလား။ မိဘတွေနဲ့ ထမင်းဝိုင်းစားကြတယ်။ ဘယ်သူမှမထဘူး။ ပျင်းနေတာ။ သူ့အလှည့် ကိုယ့်အလှည့်နဲ့ကပ်နေတာ။ ကလေးက ထယူတော့အနားရောက်တော့ ဖိတ်ကုန်ရော။ အဲ့ဒီတော့မှ ဖံကြိတ်တော့တာဘဲ။ ဟိုသူကကြိတ်လိုက်၊ ဒီသူကကြိတ လိုက်နဲ့။ ဒါဘာလဲ တဏှာမာန။ ဒိဋ္ဌိတဏှာမီး မွေးသွားတာ ကိုယ်တွင်းမှာရှိတဲ့ တဏှာကမီးမွေးတော့ အာရုံမှာ သတ်လို့မရဘူး။ မာန်ဖြစ်ကုန်တယ်။ အဲ့ဒါသိလပျက်တယ်။ ဝိသုဒ္ဓိသိလပျက်တယ်။ ဘာဖြစ်လည်း သံသရာလည်တဲ့ စိတ်ဖြစ်သွားတယ်။ စိတ္တာတဏှာနဲ့၊ ခယမဇ္ဈာကစိတ်တာရှင်စော ဘုရားဟောတဲ့ ဘုရားဟောတာ စိတ်ကိုဟောတာ။ ဤဒီစိတ်တွေကို ဟောတာ။ အဲ့ဒီတော့ တနဲ့ခင်ဗျားတို့ ဆဋ္ဌသံဃာရတနာတင်တာ တစ်ပွဲပြီးတစ်ပွဲတင်တာ။ ဘုရားမိုတဲ့ သူကဟော ပဋ္ဌာစာရိတို့ မဟာသောတပန်ကြီးတို့ အဲ့ဒီလိုတွေ ကျွတ်တဲ့လူတွေကျွတ်တယ်။ ခပွါယ်ကျတဲ့သူတွေ ကျတယ်။ သုဗ္ဗဇုဗ္ဗတို့တွေ့ပြီ ဘုရားရှင်ကသူတို့မှိသေးတာဘဲ။ ငရဲကျသွားတယ်နော်။ တကယ်ကိုကျတာ။ ကျလို့လည်း ထည့်ဟောတာ သစ္စာ (၄) ပါး ဒုက္ခသစ္စာဆိုတာ ဘာလဲ ဒုက္ခသစ္စာ။ ဆင်းရဲခြင်းအမှန်တရား ဆင်းရဲလည်း၊ စိတ်ဆင်းရဲတယ်။ ဘုရားကဟောတယ်။ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေ။ အဲ့ဒါဘုရားဟောတာ။ အခုစိတ်ဆင်းရဲတယ်။ သွားစွဲတာကိုးဗျ။ ကြားလိုက်တာကို သွားစွဲတာဘဲ။ ဒါဥပါဒါန်စွဲပေမယ့် သမ္မာနဲ့စွဲတာလား။ မိစ္ဆာနဲ့စွဲတာလား။သက္ကာယဒိဋ္ဌိနဲ့စွဲတာလား။ အဲ့ဒါခင်ဗျားတို့အပေါ်မူတည်တယ်။ ဘာလည်း ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း၊ လမိုင်းဆိုတာ အခွဲသိပ်ကြီးတာ။ ချွတ်လို့မရတော့ဘူး။ အဲ့ဒါလမိုင်းလို့ခေါ်တယ်။ ဘာဖြစ်ဖြစ် အနတ္တပါလား။ အော်ဖြစ်လာရင် ပျက်မှာဘဲကွဲ။ ဘယ်လိုပြောရမလဲ။ ငါငယ်ငယ်က နို့စို့လာတယ်ကွဲ။ အခုငါးကြီးလာပြီကွဲ။ ကျောင်းနေပြီး ဆယ်တန်းအောင်တယ်ကွဲ။ အောင်လာရင် ငါအလုပ်ရှာမယ်ကွဲ။ ဟောမိန်းမယူမကွဲ။ ဒီလိုဖြစ်လာတဲ့ကံတွေက အဲ့ဒီအပေါ်မှာ သာယာပြီး ကံ၊ ဉာဏ်၊ ဝိရိယ စာကရေးထားတာ။ ခင်ဗျားတို့တဏှာကဖောကပ်နေတော့ ဘယ်လိုလုပ်မလဲ။ တဏှာဗျ။ ကိုယ်တွင်းမှာရှိတဲ့။ တဏှာနိဗ္ဗာန်ထိအောင်လိုက်လာတယ်။ အဲ့ဒီတဏှာက နိဗ္ဗာန်ဝင်တော့လည်း အဲ့ဒီတဏှာက နိဗ္ဗာန်အဝမှာသူကအရင်ရောက်နေပြီ။ ဒီတဏှာကိုမင်္ဂဉာဏ်ရမှဖြတ်တယ်။ ပေးစရာရှိတာပေး။ ကျွေးစရာရှိကျွေးတယ်။ ဒကာ၊ ဒကာမတွေရဲ့ဦးပဏ္ဍိတ ပါရမီဖြည့်တယ်။ လာပြီးတော့ (၃) သိန်းပေး၊ (၅) သိန်းပေး (၁၀) သိန်းပေး အမြဲတမ်းပေးတယ်။ ဦးပဏ္ဍိတသစ္စာဆိုရဲတယ်။ ကိုယ်မှန်တာကိုးဗျ။ အော် ဒကာ၊ ဒကာမတွေ ငါ့ရဲ့ပြည်ဦးမှ၊ သာသနာကြီးရဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းမှာပါ ဒကာ၊ ဒကာမတွေက ငါတို့ဒီဘုန်းကြီးက သာသနာဝန်ကို ထမ်းတယ်။ ငါတို့လည်း ကြားရ၊ သိရတယ်။ ဒီရဟန်းကြီးကသာသနာ့တာဝန်ကို ထမ်းနေတာ။ ငါကူညီမှဘဲဆိုပြီး ငွေအထုတ်လိုက်ကို ကူညီတာ။ အဲ့ဒါ နတ်၊ သိကြားတွေသိတယ်။ မလိမ်ပါဘူး။ ဘာလို့လဲ မနောစေတနာသူသိတာဘဲ။ အဲ့ဒါအရိယာသိတဲ့ ဉာဏ်၊ ပညာတွေကို နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေကသိတယ်။ လူသိတဲ့တရား ဟိုကနတ်သိတဲ့တရားရှိတယ်။ သူက သဒ္ဓါသိပ်ကောင်းတာကို သူကသိပ်ယုံကြည်တာကို အဲ့ဒီပုဂ္ဂိုလ်ဟာနောက်သိလာပါလိမ့်မယ်။ ကျင့်အပ်မယ့်တရား၊

ဦးဇင်းကအကြားအမြင်ရတာမဟုတ်ဘူး။ သူ့ရဲ့သဘောကိုကြည့်ခြင်းအားဖြင့် ဦးဇင်းက အော် အေးအေးအေး ဒါလေးကိုပြောတာ ပဏ္ဍိတာသာမှန်ပါစေ။ ရွှေတော်အပေါင်းမျိုးတော်အပေါင်း နတ်ပြည်ရောက်တယ်။ နတ်ပြည်ကနေပြီးတော့ ဦးပဏ္ဍိတာ နတ်ပြည်မှာစောင့်နေပြီဗျို့ ခင်ဗျားတို့ အပါယ်လေးပါးတံခါးပိတ်နေပြီ။ နတ်ပြည်မှာနေ မိတရောင်ပြန်မှာ တရားဟောမှာ တဏှာသတ်တရားကိုဟောမှာ ရုပ်မရှိဘူး။ ရုပ်မရှိတော့မှ တဏှာကို အဲ့ဒီနတ်တွေဟောမှာ ဒါ့ဘုရားဟောတာ။ အခုလူတွေက ရုပ်ရှိတယ်။ ရုပ်ရှိရင် တဏှာရှိတယ်။ တဏှာသတ်ဖို့မလွယ်ဘူး။ သေရင်နတ်ပြည်ရောက်မယ်။ ဒီရုပ်ကြီးမပါတော့ဘူး။ နာမ်ကွာသွားပြီ။ ရုပ်ပေါ်ကနာမ်ကွာသွားပြီ။ နတ်ပြည်ကို ပန်းရထားနဲ့တက်မယ်။ ပဏ္ဍိတနဲ့သွားတွေ့မယ်၊ တဏှာသတ်တရားနာတယ်။ အဲ့ဒီတော့မှ သူလည်းတဏှာရဲ့အကြောင်းကို သိသွားတယ်။ အဲ့ဒီလိုလုပ်သွားတဲ့ တရားတွေဒါကြောင့်မို့ ဆွေတော်အပေါင်း မျိုးတော်အပေါင်းခေါ်တာ။ အဲ့ဒီပုဂ္ဂိုလ်တွေက ရသွားပြီ၊ ကိုင်းဒါကို ဦးဇင်းသစ္စာနဲ့ဟောတာ။ ဒါပေမယ့် ကျွန်တော်၊ ကျွန်မတို့ မကျင့်နိုင်ဘူး။ မလှူနိုင် နင့်ကိုပါကလှူပါလို့ မပြောဘူး။ ငါကပြောတာ စေတနာကိုပြောတာ။ အဲ့ဒီတော့စေတနာနဲ့ သဒ္ဓါအဓိက ကမ္မဝတ္ထုအဓိကဟောတာမဟုတ်ဘူး။ သဒ္ဓါနဲ့စေတနာကို မှန်ဖို့အသိရှိဖို့လိုတယ်။ လှူစရာမလိုပါဘူး။ နင်တို့သဒ္ဓါလည်းမှန်ရမယ်။ စေတနာလည်းမှန်ရမယ်။ ဝိရိယလည်းကောင်းရမယ်။ ဒါနင်တို့အပေါ်မှာ မူတည်တယ်။ ခင်ဗျားတို့ရရှိထားတဲ့ သဒ္ဓါဆိုတာ ယုံကြည်တာစေတနာဆိုတာ ပညတ်စေတနာရှိတယ်။ ပရမတ်စေတနာရှိတယ်။ စေတနာအမျိုးအစားတွေရှိတယ်။ အဲ့ဒီတော့ယူမယ့်ယူ ပရမတ်စေတနာကိုယူစားပါစေ။ ဟောသူလှူသွားတာ ပိုက်ဆံတင်မဟုတ်ဘူး။ ပန်းကန်တွေရော၊ အိုးတွေရော၊ ခွက်တွေရော ကျောင်းမှာလိုအပ်တာသူအကုန်လှူသွားတာ။ ဒါဘာလဲ။ သာသနာရဲ့ဆွေတော် အပေါင်း၊ မျိုးတော်အပေါင်းရဲ့ဦးပဏ္ဍိတရဲ့သာသနာပြုနေတာပါလားဆိုတာကို သိလို့သူလှူသွားတာ ဒီအပေါ်မှာ သမုတိသစ္စာမှန်ရတယ်။ အရိယာသစ္စာမရတော့ သမုတိသစ္စာမှာ လိုက်နိုင်အောင်ကြိုးစား၊ ကိုယ်စိတ်ကိုလည်း ဝိပဿနာနဲ့စစ်၊ ဝိပဿနာတရားထိုင်၊ ထိုင်ရင်ကံပြတ်တယ်။ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး အဲ့ဒါကိုယ်ဘဝင် အနုသယ ကံပြတ်တယ်။ အနုသယကံပြတ်ရင် သူများအတင်းမပြောဘူး။ ပါးစပ်ကပိတ်သွားပြီ။ ကာယလည်း ပိတ်သွားပြီ။ ဝစီကံတွေ လုံသွားပြီ။ သူများကိုစိတ်ဆိုးအောင်လည်း မလုပ်ဘူး။ ဝိပဿနာတရားထိုင်တယ်။ သူများအကြောင်းလည်းမပြောဘူး။ သူများအတင်းလည်း မပြောတော့ဘူး။ ဘယ်လောက်အဓိဋ္ဌာန်ကောင်းလဲဆိုတာ အဲ့ဒီတော့ ဝစီကံကလည်းမှန်လာပြီ။ ကာယကံလည်း မှန်လာပြီ။ မြင်စိတ်၊ ကြားစိတ်လည်းပယ်ပြီ။ အဌွာကိုသူတွေ့ပြီ၊ အော် အသိလေးကပ်ပြီး တရားထိုင်ရင် ကြာလာတော့သမာဓိကောင်းလာပြီ။ ခင်ဗျားသိပါလိမ့်မယ်။ အဲ့ဒီလိုလုပ်နေတဲ့အခါ ခင်ဗျားရှေ့လည်း မမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန်တည့်တည့်လေးမြင်တာ၊ တည့်တည့်လေးကြားတာ၊ တည့်တည့်လေးသာ အဌွာအစွဲကိုပယ်လိုက်။ မနောကံကိုသတ်တာနဲ့ သီလသမာဓိ ပညာတွေတစ်ပြိုင်တည်းရနေပြီ။ ကံတရားတွေပြတ်နေပြီ။ အနတ္တတရားတွေမြင်နေပြီ။ အဲ့ဒီတော့မှ တဏှာပြတ်ပြီ၊ မာန်ပြတ်ပြီ၊ ဒိဋ္ဌိကအဓိကအခုတော့ တဏှာလည်းမသတ်ဘူး။ တဏှာရှိရင်မာန်ရှိတယ်။ ဘာပြုလို့လဲ၊ ဒိဋ္ဌိမှမပြုတ်တာကို အဲ့ဒါ အနုသယလို့ခေါ်တယ်အဲ့ဒါ သံသရာလည်တာ သူဘဲသံသရာဘယ်ကစလို့လည်သလဲ။ ခန္ဓာကစလို့လည်တယ်။ အဲ့ဒီကိလေသာမှာ တဏှာရှိတယ်။ ဒီတဏှာဖြစ်ရင် ကံဖြစ်သွားလိမ့်မယ်။ ကံဖြစ်ရင်မာန်ဘက်ကို ကူးသွားလိမ့်မယ်။

ဒိဋ္ဌိအက်ကိုကူးသွားလိမ့်မယ်။ တရားထိုင်တဲ့အလုပ်ကိုလုပ်ရမယ်။ ခင်ဗျားတို့ခုနကပြောသလို ဘဒ္ဒါနဲ့စေတနာ တစ်ခုတည်းထား အဲ့ဒါအပါယ်ပိတ်လိမ့်မယ်။ သူကတကယ်ကိုစေတနာသဒ္ဓါ သူမှာဖြစ်နေပြီ၊ သူလှူတာအဟုတ် အလက် အမြတ်မရွေးတော့ဘူး။ သူလည်းရှာရင်ရှာသလိုရတယ်၊ လှူလည်းလှူနေပြီ။ သူ့ကိုသွားမတုနဲ့၊ အတိတ်နဲ့ ပစ္စုပ္ပန်ပေါင်းထားတာဘယ်သူသိသလဲ၊ ဟိုတစ်ချိန်တော့ ဒီလိုပေါ့။ ဆင်းရဲမှာပေါ့။ အဲ့ဒီအချိန်ကျတော့ ဒီပန်းက ပွင့်လာပြီး မဟုတ်ဘူး။ ဒီမှာ (၁၀) ယောက်ရှိပေမယ့် တစ်ယောက်နဲ့တစ်ယောက် အသိမတူ ဘုရားဟောထားတာ အသိကိုဟောထားတာ။ အပ္ပမာဒေန သမ္ပာဒေထ အသိပြောသွားတာသိရင်ပယ်မယ်။ ပယ်ရင်မဂ်ဆိုက်မယ်။ ဖိုလ်ဆိုက်မယ်။ ဒီလောက်ဆိုပြီရောပေါ့ဗျာ။ (သာဓု . . . သာဓု . . . .သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၀၉)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၀၉)

ဦးဇင်း က စာမတတ်ပါဘူး။ ပညတ်တရား၊ ပရမတ်တရားရှိပါတယ်။ ပရမတ်နဲ့သွားပါတယ်။ ပညတ်ယူမယ်ဆိုရင် အကုန်ချွတ်ပြလိုက်မယ်။ ပညတ်ယူအုံးကွ။ ဘာလည်းဆိုတော့ ဦးဇင်း ရဲ့ ကျောင်းဝန်းထဲမှာ လုပ်တာပါ။ အပြင်မှာ မလုပ်ပါဘူး။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်သွားပြီး အမြင်အာရုံကို မယူပါနဲ့၊ သမ္မာကိုယူပါ။ မိစ္ဆာကို မယူပါနဲ့။ ကိုယ့်စိတ် ကိုယ်စစ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင်၊ အဲဒီသိက္ခာ(၃)ပါးကို အဆီအနှစ် ထုတ်တော့ ဇကောဓမ္မောဘဲ၊ ဇကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ် ကလာတယ်။ ဇကောဓမ္မော ခံစားသွားပြီ၊ အလုံဒီပါသီတာရေမြေ သီလက ရေဖြစ်ပြီ၊ အေးနေပြီနော်၊ အပြင်သီလ ပညတ်သီလကိုပယ်၍ ပရမတ်သီလ အတွင်းသီလ၊ ဓမ္မသီလကိုသွင်းထားပြီး ပညတ်သီလလည်း မဟုတ်ဘူး။ ပရမတ်သီလလည်းမဟုတ်ဘူး။ ဓမ္မသီလခေါ်တယ်။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပရိဝေဒ ဆိုတာ နောက်သိပါလိမ့်မယ်။ ဖော်ပေးပါတယ်။ ဦးပဏ္ဍိတ မှန်ပါစေဦး၊ ပဏ္ဍိတ လည်း ကိလေသာနဲ့ တဏှာထမ်းထားရတယ်။ မလွတ်ပါဘူး။ သတိအမြဲတမ်းထားတယ်။ အပ္ပမာဒေန သမ္ပာဒေထ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား၊ အဲဒါရုပ်နာမ်ပဲ။ အဲဒါ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်မှ သိလိမ့်မယ်။ ရုပ်နာမ်က ကိုယ့်ကိုဒုက္ခပေးနေတာ။ ဒီတရားကျင့်ကြပါ။ ကိုယ့်အဖေလို အောင့်မေ့တယ်။ ကိုယ့်အမေ၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီမလို အောင့်မေ့တယ်။ မသိရင် လာမေးပါ။ ငါဘာမှ အာရုံမရဘူးကွ။ လောကီအာရုံလည်းမရဘူး၊ (၃)လုံးလည်းမရဘူး၊ (၂)လုံးလည်းမရဘူးကွ။ ဒါတွေလာမလုပ်နဲ့ ငါလည်းမပေးတတ်ဘူး။ ငါဘာမှလည်း မသိဘူး။ မင်းကံနဲ့မင်း အကျိုးပေးတာ။ မင်းကံက ငါ့ကိုယုံကြည်တဲ့စေတနာ၊ ပုပ္ပ၊ မုစ္စ၊ ပရ စေတနာသဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ-ကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူ အဲဒါတွေက ဓမ္မဖြစ်နေတာ။ မင်းကလည်း ကံကွ။ ငါ့ကိုယုံကြည်တယ်။ မင်းရဲ့စေတနာ၊ ငါ့ရဲ့ဓမ္မကုသလနံ၊ ဓမ္မာနံ ယောတုပစ္စယော၊ ဝေဒနီယဒိဋ္ဌလက်ငင်း မျက်မှောက်အကျိုးပေးတယ်။ ငါ့သိုက်တွေလည်း လာလှူပြီ။ ခါတ်ကလည်း ပွင့်ပြီ။ နတ်တွေကလည်း

ကူကုန်ပြီ။ မဂ်အောင်တဲ့ ရဟန်း လေးကျွန်းသာသနာခေါ်တယ်။ ဦးပဏ္ဍိတ ဘာတွေလုပ်နေသလဲ ဆိုတာမေးပါ။ ဘာတွေ၊ အဆောက်အဦးတွေ လုပ်နေမလဲဆိုတာ တောထဲမှာနေတာ ဘာမှ စာတတ်တာမဟုတ်ဘူး။ ဘာမှသိတာမဟုတ်ဘူး။ ခန္ဓာကသိတာ။ ခန္ဓာကသိတဲ့အသိနဲ့ ခင်ဗျားတို့ပစ္စုပ္ပန် တည့်တည့် အခု ခင်ဗျားမြင်ပြီမလား။ မြင်တော့ သိတယ်။ အဲဒီအသိက သစ္စာထားရမယ်။ ပစ္စုပ္ပန် တည့်တည့် သိတဲ့ အသိလေး သစ္စာထားရမယ်။ အဲဒါ အရိယာသစ္စာပဲ။ အရိယာသစ္စာဆိုတာ အာရုံနောက်ကို မနောကမလိုက်တော့ဘူး။ ဒါကြောင့်မို့ ဦးပဏ္ဍိတ ရဟန္တာလည်း မပြောဘူး။ အနာဂါမ်၊ သဒ္ဒါဂါမ်၊ သောတပန်လည်း မပြောဘူး။ ငါ့စိတ်ပဲ ကျင့်တယ်။ ဘုရားက စိတ်ဟောတာကွ။ စိတ္တ တကျာနံ့ ခယမတာ၊ စိတ်-သာရှင်စောဘုရားဟော။ ငါ့စိတ်ကလေး ငါထားတတ်ပြီကွ။ အရင်ကတော့ ငါ့စိတ်ကလေး ငါမထားတတ်ဘူး။ အခုစိတ်ကလေးက ငါထားတတ်ပြီ။ စိတ်ဆိုတာ ပညာတ်တွေထဲမှာ ခေါ်ဝေါ်သမုတ်ထားတာ။ အမှန်တော့ ရုပ်နာမ်တွေက အဲဒါတွေပေါ့ကွာ။ ရုပ်တရားဓာတ်တွေပေါ့ကွာ။ ဓါတ်တရားကြီးပါကွာတဲ့။ အဲဒီဓါတ်တရားက သဘာဝသဘောတရား၊ သူလုပ်တာ ငါလုပ်တာမဟုတ်ဘူးတဲ့၊ အဲဒီဓါတ်ပဲတဲ့။ အခုတော့ ငါလုပ်တယ်။ ဖြစ်ကုန်ပြီတဲ့။ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်၊ ငါစားတယ်၊ ခင်ဗျားတို့တွေးတောကြည့်ပြီးတော့ဗျို့။ အပါယ်ပိတ်ဖို့က အမိသီလရမှ၊ အဲဒါအပါယ်ပိတ်မှာ အမိသီလဆိုတာ အာရုံမှာ သမ္မာနဲ့ပေါင်း၊ မိစ္ဆာနဲ့ မပေါင်းနဲ့၊ ငါမြင်တယ်၊ ငါမြင်လို့ ငါသိတယ်။ ငါနားကြားလို့ ငါသိတယ်။ မှတ်တယ်။ အဲဒါအမှတ်များတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါ သက္ကာယဒိဋ္ဌိတဲ့။ ဒီတဏှာက လွှမ်းမိုးထားတာ တဏှာကခိုင်းနေတာ။ အဲတော့ တဏှာကခိုင်းတော့ ကိလေသာက ကမ္မတဏှာ လွှမ်းမိုးထားတယ်။ ငါ့မယား လေးစားဖို့ကွ။ ဒီရွှေဒင်္ဂါးပြားလေး ဟောဒီပိုက်ဆံလေးပေါ့။ ငါ့မိန်းမစားဖို့ အရသာကိုလည်း သောက်လိုက်တဲ့ အရက်တဏှာက ခိုင်းနေတာ။ တစ်ခါတည်း ရုပ်ပျက်မယ်။ နာမ်ကြောင့် ရုပ်ဒုက္ခရောက်တာ။ အဲဒါသေမှာပဲ၊ မကောင်းတဲ့ ဒုစရိုက်တွေ မလုပ်ပါနဲ့။ အသက်ကို ဉာဏ်စောင့်တယ်။ ဥစ္စာကို ကံစောင့်တယ်။ ဉာဏ်လေးနဲ့ စဉ်းစားပါ။ ဒါတွေမကောင်းပါလား။ ငါနေတဲ့ရပ်ကွက်တွေမှာ အမိအဖတွေအားလုံး သင့်သင့်မြတ်မြတ်ရှိကြပါစေ။ စားနိုင်ကြပါစေ၊ သောက်နိုင်ကြပါစေ၊ ငါကူညီမယ်၊ ငါမစားပါဘူး။ မင်းတို့ စားပါစေ။ ဒီလိုစိတ်မျိုးတွေပေါ့။ အခုဟာက ခင်ဗျားတို့တွေးကြည့်ပေါ့။ ဦးဖင်းက စာမတတ်ဘူး။ ငါ

ဈေးသွားဦးမယ်ဆိုပြီးတော့ ဈေးသွားနေတဲ့အချိန်မှာ ခေါင်းရင်းလူတွေက ခြံကိုရှေ့တိုးပြီးတော့ ငုတ်တိုင်ရိုက်တာပဲဗျို့ ဈေးကပြန်တော့ ငါ့မြေကိုယူထားတာ၊ နှစ်တောင်လောက်ယူထားတာ၊ တစ်ခါတည်း အဲဒါကိုသွားစွဲနေတာ၊ ဒေါသဖြစ်တာပဲဗျို့ အံကြိတ်တော့တာပဲ။ တစ်ခါတည်း ဆွဲခြင်းကို လွှင့်ပစ်ပြီးတော့ ဘာလဲ နင်တို့က မတရားသဖြင့်လုပ်တာ အမှန်ကတော့ သီးခံရမယ်ဗျို့ သမ္မာနဲ့လုပ် မိစ္ဆာအယူနဲ့ ယူလိုက်လို့ တစ်ခါတည်း သီလပျက်ပြီ။ သမ္မာလေးနဲ့ ဘြော် ... အေး ... အေး အေးအေး အေး တမ်းတမ်းတတ တွေ့တွေ့ခြင်း မောဟကလုပ်လိုက်တော့၊ ဒေါသနဲ့ လောဘဖြစ်ကုန်ရော၊ ကြည့်စမ်း အဲဒါတွေပါပဲဗျာ။ ဒီလောက်ဆိုတော်ရောပေ့ါဗျာ။

( သာဓု .... သာဓု .... သာဓု .... )

ဗြောင်းမြို့

ဝိသုဒ္ဓိမဟာမြင့်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစိတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမေ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမေ္ဂသစ္စာတရားတော်အမှတ်(၁၁၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

## ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၁၀)

ဦးဇင်း က စာမတတ်ပါဘူး။ ခန္ဓာကကျင့်ကိုသိတဲ့ ခန္ဓာသိတရားဟောပါတယ်။ ဦးဇင်း ညအိပ်ပြီး မနက်မိုးလင်းတော့ သူညက မက်ခဲ့တဲ့အိပ်မက်တွေ ပြန်မြင်ပါတယ်။ ဘာတွေမြင်လည်းဆိုတော့ သူက မြိုင်မာလာ(၁)လမ်းမှာနေပါတယ်။ သူနေတဲ့ရပ်ကွက်ကလူတွေကို မြင်ပါတယ်။ ဘာတွေမြင်လည်းဆိုတော့ ဦးသာထူး သေတာမြင်တယ်။ ဒေါ်စိန်မေ သေတာမြင်တယ်။ ဦးမောင်တင် သေတာမြင်တယ်။ ဒေါ်ကြွေ သေတာမြင်တယ်။ ပုစုး သေတာမြင်တယ်။ အဲဒီလူတွေကိုမြင်တယ်။ ဒါပေမယ့် ဒီလူတွေကတော့ အပုပ်အပွတော့မဟုတ်ဘူးဗျ။ ဟိုတုန်းက သွားပုံလာပုံအတိုင်းမြင်တာ။ မြင်လိုက်တော့ ဟာ ငါဒါတွေမြင်တဲ့လူတွေက အခုရှိသေးသလားကြည့်လိုက်တော့လည်း မရှိပါလား။ သေလူတွေချည်းပါလား။ အဲဒါ မြန်မြန်ပြန်တော့တာပဲဗျို့ သက်ကယ်ကျင်းတစ်ဖက်ကမ်း၊ ဝဲဒေါင့်ကနေပြီးတော့ စံပြကို ၁၀ ပြားပေးရတယ်။ အဲဒီကနေပြန်တဲ့အခါကျတော့ အိမ်ရောက်တော့ မိန်းမကို ပြောတယ်။ ငါဒါတွေ ဒါတွေ ဒီလိုမြင်တယ်။ မိန်းမက ဘယ်လိုပြောလည်းဆိုတော့ ဦးမြမောင် တဲ့ ရှင်းနဲ့ ကျွန်မ စညားတာ ၂၄ နှစ်ကနေ စညားတာ။ ကျွန်မသိသလောက်ဆိုရင် တစ်ခုမှ ရှင်မကောင်းဘူးတဲ့။ မကောင်းတာတွေချည်းဘဲ လုပ်နေတာပဲတဲ့။ ကောင်းတာတွေလုပ်တော့ မကောင်းတဲ့ မိစ္ဆာတွေ ရှင်သိလာပြီတဲ့။ ရှင်တော့ မသေခင်က ဒုက္ခပဲ။ အေးအေး သူပြောတာနဲ့ ကြောက်တောင်ကြောက်သွားတယ်။ စိတ်တစ်မျိုးဖြစ်သွားတယ်ဗျို့ စားလည်း မစားချင်တော့ဘူး။ အိပ်လည်း မအိပ်ချင်တော့ဘူး။ သူတစ်တွေတွေတမှိုင်မှိုင်ဖြစ်သွားတယ်။ အဲဒီဖြစ်သွားတဲ့အခါကျတော့ သူစဉ်းစားတယ်။ အော် မော်တော်သံတွေ ဗုန်းဗုန်း ကြားပါလား။ အခုမကြားပါလား။ သမ္မာန်သံတွေကြားပါလား။ အခု မကြားပါလား။ မကြားတာ မမြဲပါလား။ ငါလည်း မမြဲပါလား။ အဲဒါလေး သူသိလာတယ်။ ဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အိုရမယ်၊ နာရမယ်၊ သေရမယ် သူသိလာတယ်။ သိလာတော့ သူအလုပ်လုပ်ချင်လာတယ်။ လုပ်လည်း မလုပ်တတ်ဘူး။ စမ်းတဝါးဝါးဖြစ်နေတယ်။ အဲဒီလို ဦးဇင်း ကနေပြီးတော့ ဒီလိုပဲလုပ်ခဲ့ရပါတယ်ဗျာ။ တစ်နေ့သောအခါကျတော့ ဦးဇင်း နဲ့ အတူတူကစားဖော်ကစားဖက် ကျော်အေး လာတယ်။ ဝဲဒေါင့်ကိုလာတဲ့ အခါကျတော့ ဦးမြမောင် ဒီနေ့တော့ ဗိုင်းသိပ်ကောင်းတယ်ဗျာ။ ကျော်အေး ရေ ငါလည်း စိတ်တွေဘယ်လိုဖြစ်မှန်းမသိဘူးကွာ။ ငါ့လည်း မဆွယ်တော့ပါနဲ့ကွာ။ ငါလည်း မလုပ်တော့ပါဘူးကွာ။ ခင်ဗျားဘယ်လိုစိတ်တစ်မျိုးဖြစ်နေတာလည်း ဟာ ငါလူသေတွေ မြင်တယ်ကွ။ ငါဒီလို ဒီလိုပဲကွ။ ငါကောင်းတာလုပ်ချင်တယ်ကွာ။ မင်းငါ့ကို ဘယ်လိုကူညီနိုင်မလဲကွာ။ ဟာ ကျွန်တော်တို့ ရွှေလောင်းမှာ ဆရာတော်သဲအင်း အမြဲလင်း ဖွဲ့တင်းပြီးတော့ ဝိပဿနာတရား

တွေကိုပြတယ်။ ဦးမြမောင် ရေတဲ့။ ကျွန်တော် တာပေါ်ကနေကြည့်တယ်။ သူတို့ရှုနေကြတာ။ ရှုးရှဲ ရှုးရှဲနဲ့ ဒီလိုရှုနေကြတာ မြင်တယ်။ ခင်ဗျားလည်း ရှုလိုက်တာ ဩော် ဘယ်လိုရှုရမလဲ။ ဘယ်လို လုပ်ရမလဲ သူပြပေးတဲ့အတိုင်း ဦးဖင်ကြီးက ရေသာခိုတယ်၊ တရားမှာ ရေသာခိုတယ်။ မရှု မရှု ဘူးဗျ။ လက်ကလေးပိုက်တော့ ကာယငြိမ်ပါတယ်။ ဝစီငြိမ်ပါတယ်။ မနောက မငြိမ်ဘူးဗျို့ တော်ကြာ ငါဖဲဝိုင်းသွားချင်သလို၊ ထမင်းဆာသလိုလို၊ အိမ်ပြန်ချင်သလိုလို၊ အာ ဟိုအရောင်၊ ဒီအရောင် အာရုံတွေလာပြီးတော့ မနောမှာပေါ်တာပဲဗျို့ ပေါ်တော့ရော စွဲတော့ တွေးရောဗျို့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ အဲဒါ အတွင်းအာရုံ အပြင်ကနေလှမ်းပြီးတော့ အတွင်းမှာ တစ်ခါတည်းလက်သင့်ခံထားတာကိုဗျ။ တွေးတာပေါ့ဗျာ။ အဲဒီအာရုံကိုတွေးနေတာ။ ဟာ ဒီတရား အူလည်ချာပေါက်ပါလား။ ဝစီတော့ငြိမ်တယ်။ မနောကတော့ တွေးစိတ်တွေဖြစ်နေပါလား။ ကျော်အေး က ခင်ဗျား ရှုမှ မရှုတာဘဲ။ ခင်ဗျားရှုပေ့။ အဲဒီတော့ ရှုရတယ်ဗျို့ ရှုလိုက်တော့ ရှုတဲ့အာရုံစိတ်ပဲဖြစ်တယ်။ မတွေးနိုင်တော့ပါဘူးဗျာ။ အဲဒီလိုနဲ့ ရှုရှု လာလိုက်တာ ဟာ ဟုတ်ပါလား။ ငါမတွေးတော့ပါလား။ ဤတရားသိပ်မှန်တာပဲ။ အဲဒီတော့ ရှုတော့ တာပဲဗျို့ နေ့ရှု ညရှု ရှုလိုက်တာ သူ အဲ ရက်တွေကနေ လဖြစ်လာတယ်။ လတွေက တစ်လကနေ နှစ်လ၊ နှစ်လကနေ သုံးလနေပြီးတော့ (၁၀)လအထိကြာတော့ သူမရှုတော့ဘူး။ သူအသာလေး သူ့စိတ် သူစစ်တယ်။ နဂို မိမွေးတိုင်း ဖမွေးတိုင်း ဝင်ထွက်သလိုရှုနေတယ်။ သူရှုတဲ့အခါကြတော့ ဘယ်အာရုံမှလည်း မပေါ်ပါလား။ သားအာရုံလည်း မပေါ်ပါလား။ သမီးအာရုံလည်း မပေါ်ပါလား။ ဖဲဝိုင်းအာရုံလည်း မပေါ်ပါလား။ အပေါင်ဆိုင်အာရုံလည်း မပေါ်ပါလား။ ဘာအာရုံမှ မတွေးတော့ဘူး ဗျာ။ အဲ တယ်ဟုတ်ပါလား။ ဒီတရားတယ်ဟုတ်ပါလား။ တစ်ခုသောအာရုံပါလား။ တယ်ကောင်း ပါလား။ သိသွားပြီဗျို့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ အဓိသီလကဘာခေါ်လည်း အဓိသီလက ကိလေသာများကို ပေးကွာတော်မူစေတယ်။ ကိလေသာတွေ မစွဲတော့ဘူးနော်။ အဲဒီအပြင်က ကိလေသာအာရုံတွေကို အတွင်းမှာ လက်မခံတော့ဘူးဗျာ။ အဲ ကိလေသာတွေကိုလည်း မစွဲတော့ ပါဘူး။ မစွဲတော့ သီလဖြစ်နေတယ်။ စိတ်ကလေးကလည်း စင်ကြယ်နေတဲ့ အဓိသီလဖြစ်နေတာကိုး။ သမာဓိလို့ခေါ်ပါတယ်ဗျာ။ သမာဓိနဲ့ သီလတွေ စွမ်းအားကောင်းလာတဲ့အခါမှာ ပညာလေးဖြစ်လာ ပါတယ်။ အော် ငါအရင်က တရားထိုင်တဲ့အခါမှာ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်နော်။ ဒီကံတွေကိုသတ်ရတော့မှာကိုဗျ။ ကုသလံ၊ ကုသလံ တွေကို အလယ်ကသွားမှာကိုးဗျ။ သူများစပါးတွေကို ခိုးတယ်၊ မုသာဝါဒတွေလုပ်တဲ့ အကုသိုလ်ကံ၊

ကုသိုလ်က သူက အလယ်ကသွားသွားမှာနော်။ ခုနက ဗျာပါဒအကြောင်းကို သူသတ်တော့မှာကိုဗျ။ အော် သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဩော် အိုခြင်း၊ နာခြင်းတရား၊ သေခြင်းတရား လာတုန်းကလည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်းပါလား။ အဲဒီတော့ အတိတ်ပစ္စုပ္ပာန်၊ အနာဂတ်ပစ္စုပ္ပန်မှာ သမုတိသစ္စာ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတသစ္စာ၊ သမုဒယသံယောဇဉ်တွေကို ငါစွဲနေပါလား။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့နော်။ ဗျာပါဒသတ်တော့မှ ကိုယ်စွဲတာကို အဲဒီတော့ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ၊ ဗျာပါဒ အဲဒီတော့ ဇောကော ဓမ္မောလေးဖြစ်လာပါလား။ ဇောကော ဓမ္မောဖြစ်လာတာကို သိလိုက်တာက သညာ။ အဲဒီတော့ ကိလေသာများကိုလည်း ဝေးကွာတော်မူစေတယ်။ အဲကိလေသာတွေ တစ်ခုမှမလာဘဲ စိတ်ကလေးကတည်ငြိမ်သက်လာ။ အဲဒါ သမာဓိခေါ်တယ်။ အဲဒါကို သိလိုက်တာက ပညာ။ ကိုယ်ဟာကိုယ်သိပြီး အဲဒါ သိတာ ပညာပါပဲဗျာ။ အဲဒီ(၃)ခုပေါင်းမှ ဇောကော ဓမ္မောခေါ်တယ်ဗျို့နော်။ အဓိသီလပါပဲတဲ့။ အပ္ပမာဒေန သမ္ပာဒေထတဲ့။ အဲဒါဟာ မဟာသောတပန်လမ်းစဉ်ပေါ့ဗျာ။ ခုနက စူဠသောတပန်ဆိုတာကိုတော့ ဦးဇင်း ကြားဖူးတယ်။ စူဠဆိုတာ လိပ်ဗျ။ လိပ်ဆိုတာ လူမရှိရင် ခေါင်းကထွက်တယ်။ လူရှိရင် ဝင်တယ်။ စိတ်မချရဘူး။ သဘောလေးတွေ ပရိယတ္တိကအခြေခံ၊ ပရိပတ္တိက ဇောကန်။ သဘောလေးတွေ သစ္စာ(၄)ပါး အမှား အမှန်ကိုပြောသွားတာ။ အဲဒါ သစ္စာပဲ။ ပရိယတ္တိက ကျင်းတူးတယ်။ ပရိပတ္တိက ကျင်းအောင်းတယ်နော်။ ကျင်းအောင်းသွားပြီတဲ့။ နိက္ခမတောထွက်တော့မှာကို အေး သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ အော် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားပါလား။ အဲတော့ ဓမ္မောကိုရပြီတဲ့နော်။ သူ့ရဲ့ရတာကိုသိသွားပြီ။ သီလက သိသွားပြီတဲ့။ ဩော် နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ သီလတော့ရပြီ။ ငါဉာဏ်လိုသေးတယ်။ ရုပ်၏ သဘော နာမ်၏ သဘော။ ရုပ်၏ လက္ခဏာ၊ နာမ်၏ လက္ခဏာ။ သဘောလေးတွေကိုမြင်အောင်ကြည့်။ သဘောနော် သဘော။ အဲဒါသီလတော့ဖြစ်ပြီတဲ့။ သူမိုးလေဝသကထွက်တာပဲဗျို့။ ဒလစပ်မလုပ်တော့ပါဘူး။ ဘယ်သွားလည်း အိမ်မှာလည်းမနေတော့ပါဘူး။ တရားရှာတော့မှာကို။ ဉာဏ်ရှာတော့မယ်။ သူကုပ်ကုပ်ကလေးနေတယ်ဗျို့။ သူတရားလုပ်နေတာကို ဘယ်သူမှမသိဘူး။ ဇောမိမြိုင်ဆရာတော်ကြီးကို သွားဖူးပါတယ်ဗျာ။ အိတ်ထဲမှာ ဝိနည်းစာအုပ်လေးပါ ပါတယ်ဗျာ။ အဲဒီတော့ ဖူးတယ်။ ခရီးထွက်တော့မှာကို သူသိသွားပြီ။ သဘောလေးတွေပေါ့ဗျာ။ ဆရာတော်ဘုရားထံသွားပြီးတော့ ဘယ်အချိန်နားလည်းဆိုတော့ ၉ နာရီကျော်လောက်သွားပြီးတော့ အဲဒီဆရာတော်ထံမှာ ရှိခိုးပါတယ်။

ဆရာတော်ကြီးကိုလည်း ဦးချပါတယ်။ အဲဒီတော့ ငါတော့ မနက်ဖြန်ခါသွားတော့မယ် နှုတ်ဆက်ပြီး ဆရာတော်ကိုလည်း ဦးချပြီးပြီသမီးရယ်။ အဖေတော့ ခရီးသွားတော့မယ်။ ငါ့ပိုက်ဆံပေး။ ခရီးစရိတ်လေး။ အဖေရယ် သမီးမှာတော့ ပိုက်ဆံတော့မရှိဘူး။ သမီးမှာတော့ နားကပ်ရှိတယ်။ ပေါင်သွားပါတဲ့။ အဲဒီနားကပ်ကပေါင်ရင် ၂၀၀ ရတယ်။ အဲဒီတော့ သမီးကို ၁၀၀ ပေး အဖေ ၁၀၀ ယူသွား။ ၁၀၀ ပေးတယ်။ သူ့ကိုလည်း ၁၀၀ ပြန်ပေးပါတယ်။ အဲ ဦးမြမောင် ဟာ အင်္ကျီမရှိလို့ အင်္ကျီချုပ်တော့ ၅၀ ကုန်။ အဲဒါအကြောင်းအကျိုးတွေနော်။ အဲဒါ အနုသယကိလေသာတွေပေါ့ဗျာ။ သညာတွေပေါ့ဗျာ။ သညာလမ်းကြောင်းပေါ့။ သူ သညာကိုကြည့်တယ်လေ။ ငွေ ၁၀၀ ပေးတဲ့အခါမှာ ၅၀ ကို အင်္ကျီချုပ်တယ်။ ၅၀ က စရိတ်ထားတယ်။ ပြောကြမယ်ဆိုရင် အဖေရယ် မသွားပါနဲ့ဦးလား။ တစ်ရက် နှစ်ရက်လောက်နေပါအဖေရယ်။ မသွားပါနဲ့ဦးလား။ တစ်ရက် နှစ်ရက်လောက်နေပါ။ အာ သမီးရယ် နေချင်စိတ်တွေမရှိတော့ဘူး။ သွားတော့မယ်ဆိုပြီး သွားရော သွားတဲ့အခါကျတော့ ရွှေလောင်းကိုရောက်ပါတယ်။ ရွှေလောင်းရောက်တော့ ကျော်အေး များ ရှိမှားရှိမလားလို့ ကျော်အေး က ရွှေလောင်းမှာကိုဗျ။ သဘေၤကလည်း မိုးချုပ်ခါနီးလေး မီးထွန်းချိန်လေးရောက်သွားတော့ ရွှေလောင်းမှာ ကျော်အေးကိုတွေ့ပါတယ်။ ဟာ ဦးမြမောင် ခင်ဗျားတကယ်သွားတယ်နော်။ အေးကွာ သွားပြီကွ။ ကျွန်တော် လ္ဘက်ရည်လေးတစ်ခွက်လောက်တိုက်ပါရစေတဲ့။ ဩော် အေး အေး တိုက်ကွာ။ မုန့်လည်းကျွေးဦးမယ်ဗျာတဲ့။ ဟာ မုန့်တော့ ကိစ္စမရှိပါဘူးကွာ။ လ္ဘက်ရည်တော့ မင်းတိုက်ရင် မင်းရဲ့ဆန္ဒပါ။ အဲ ငါလက်ခံပါတယ်ကွာ။ လ္ဘက်ရည်သောက်တယ်။ မုန့်တော့ မစားပါဘူး။ ဖြူးကိုသွားမယ်။ ဖြူးနယ် ကြွက်နွယ်စု၊ ညောင်ပင်သာနဲ့ ကညွတ်ကွင်းကြားမှာ ဆရာတော်တစ်ပါးရှိတယ်။ အဲဒီဆရာတော်ဘုရားထံမှာသွားပြီးတော့ တရားအားထုတ်မယ်လို့ ညောင်ပင်သာရောက်တော့ ဆင်းတယ်။ ကားပေါ်ကဆင်းပြီးတော့ ကားခက ၁၅ ကျပ်ပေးရပါတယ်။ ဆရာတော်အတွက်လည်း ပဲခူးက လိမ္မော်သီးလေးတွေဝယ်သွားပါတယ်။ ဆရာတော်ကို ကပ်ပါတယ်။ တရားသဘောလေးတွေမေးတယ်။ တရားအားထုတ်တယ်။ ဦးဇင်း က ကပ္ပိယပေါ့။ ဆရာတော်က တစ်ပါးတည်းရှိတာကိုးဗျ။ ဒီလိုနဲ့ ဦးမြမောင် တရားတွေအားထုတ်တဲ့အခါကျတော့ ထုတ်ရင်းနဲ့ပေါ့ဗျာ။ ဘယ်လိုဖြစ်လည်းဆိုတော့ တရားကတော့ အာရုံလေးနဲ့ ရုပ်၏သဘော၊ နာမ်၏ သဘောလေး တွေ့လိုက်တဲ့အခါမှာ အင်မတန်မှ အာရုံကတော့ ဖြစ်နေတာပေါ့ဗျာ။ တရားစဉ်က ဆင်းတဲ့အခါကျတော့ မိန်းမကိုစွဲတယ်ဗျို့၊ သားမယားတွေစွဲတယ်။ သူပြန်ချင်တယ်ဗျို့၊ သူရမ္မက်တက်လာပြီ။ ဘုန်းကြီးလည်းမပြောရဲဘူးနော်။ အဲ တရားထိုင်တုန်းကတော့ တရားထိုင်တဲ့စိတ်ကလေးကတော့ ငြိမ်သား။ တရားစဉ်ပေါ်က ဆင်းလည်းဆင်းရော မယား

များ နေကောင်းသလား၊ ကလေးတွေများနေကောင်းသလား။ ဒီတွေးတောတဲ့စိတ်တွေဟာ မကုန်ဘူးဗျာ။ သားမယားလည်း သူမပြတ်ဘူးဗျာ။ အဲဒီတော့ သူ ဘုန်းကြီးကို လိမ်ချင်တယ်ဗျာနော်။ အရှင်ဘုရား တပည့်တော် ရက်တွေကလည်းကြာလာပြီဘုရား။ တပည့်တော် မြောင်းမြပြန်ချင်တယ်ဘုရား။ အဲဒီတော့ ဆရာတော်ကြီးက ပြန်တော့မလားတဲ့။ ပြန်ရင် ကျုပ်လိုက်ပို့ပေးမယ်တဲ့။ ပြန်မယ်ဘုရား ဆိုပြီးတော့ ဆရာတော်က လိုက်ပို့တဲ့အခါကျတော့ မြောင်းမြကိုရောက်တယ်။ မြောင်းမြရောက်လာပြီး သညာ အင်မတန်ကြောက်ဖို့ကောင်းတဲ့ သညာ နော်။ အဲတော့ အိမ်ရောက်လာတော့ သူ့မိန်းမလည်း တွေ့တယ်။ စိတ်ကိုပြောနေတာ။ မယားနဲ့ပြန်ပေါင်းတော့မှာကိုနော် ဒီတရားဟာ ထိုင်တုန်းပဲ ထိုင်ပြီးရင်လေ ကိလေသာကလေ ထိုးနေတယ်ဗျ။ ဪ အင်မတန်ကြောက်ဖို့ကောင်းတယ်နော်။ အဲဒီတရားသဘောလေးသာနာ။ အေး အဲဒါကြောင့် သားမယားကိုစွဲပြီဗျို့။ ပြန်ပေါင်းမယ်။ ဗျိုင်းလေး လိုပေါ့ဗျာ။ ရှေ့အိုင်လည်းမျှော်တယ် နောက်အိုင်ကိုလည်းတွေ့တယ်။ နောက်အိုင်တွေ့တယ်ဆိုတာက ဘာလည်း။ သားမယားကိုပဲတွေးပြီး ရှေ့အိုင်မျှော်တာက မခံသာမှန်ပါဘိဒီတရား။ ဝေဒနာတွေကို သူမကျင့်ချင်တော့ဘူး။ ဝေဒနာတွေထိုင်တိုင်း ဝေဒနာတွေ သူရှေ့အာရုံကိုကြောက်သွားတယ်။ အဲဒါ ပစ္စုပ္ပန်တည့်တည့်နော်။ အဲဒါ ဒုက္ခ၏ သစ္စာ။ သမုဒယ၏ သစ္စာ၊ နိရောဓ၏ သစ္စာ။ ပရမတ္ထ၏ သစ္စာ နော်။ သဘောလေးတွေ သဘောလေးတွေပဲ။ ဒီတော့ သူဟာ တစ်ခါတည်း ဪ ငါဟာ မိန်းမ ပြန်ပေါင်းမယ်ဆိုပြီးတော့ သူ့မနောထဲမှာထားတယ်။ မိန်းမက ဘယ်မှာလည်းဆိုတော့ သားမက်က ဟို လပွတ္တာအောက် ဖိုးညာကိုဆည်တမံမှာ သွားအလုပ်လုပ်ဖို့ သဘော်နဲ့သွားတော့မှာကို သူမပြော ရဲဘူး။ သူ့သမီးလေးနောက် လိုက်မသွားနဲ့၊ နေရစ်ခဲ့ပါလို့လည်း မပြောရဲဘူးဗျာ။ ပိတ်ထားသလိုပဲဗျာ။ ဘယ်လိုဖြစ်မှန်းမသိဘူး။ ပြောချင်လိုက်တာဗျာ။ အဲဒီတော့ သဘော်ဆိပ်ကို တောင်းတွေ၊ ပလုံးတွေ ထမ်းပြီးလိုက်ပို့တယ်။ နေရစ်ခဲ့ပါလားလို့ ပြောချင်တယ်။ ဘာပိတ်ထားမှန်းမသိပါဘူးဗျာ။ မိန်းမနား ကပ်တယ်ဗျ။ ဪ လွမ်းတာကို နာတာနဲ့ဖြေတယ်။ ငါ ဖြူးကပြန်လာတယ်။ ငါပြန်ပေါင်းချင်တာကို သူက ပြန်မပေါင်းဘူး။ ဪ ငါကလည်း မပြောရဲဘူး။ သားမက်လေးတွေရှေ့မှာဆိုတော့ ရှက်တာ ပေါ့ဗျာ။ သမီးကိုလည်း ရှက်တာကို။ ဟာ ပါးစပ်ကလည်း ဘယ်လိုဖြစ်မှန်းမသိဘူး။ ဦးဇင်း ရဲ့ ဘဝနော်။ အဲဒီတော့ သဘော်ကြီးကထွက်ပြီနော်။ စွဲတဲ့ ဥပါဒါန်။ အဲဒီအာရုံကို တစ်ခါတည်း မပြတ်ကိုကြည့်တာ ပဲဗျို့။ အဲဒီတော့ သဘော်ထွက်တာတောင် မပြန်သေးဘူးဗျာ။ သဘော်ကြီး ကြည့်နေတာ အာရုံကို စွဲတာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဥပါဒါန်သညာတွေ သညာတွေ။ သညာကြောင့် ဥပါဒါန်ဖြစ်တာပေါ့ဗျာ။ အေး သဘော်က မျက်စိ

တဆုံးကြည့်တယ်ဗျို့။ နောက်ဆုံး မမြင်တဲ့အခါကျတော့ ပန်းခြံကနေ သူလှမ်းကြည့်တယ်။ အဲဒါ ခေါင်းတိုင်က မီးခိုးထွက်တာတောင် လိုက်ကြည့်တုန်း။ ဒီအဝိဇ္ဇာ တော်တော်ကြောက်ဖို့ကောင်းတယ်။ ဒီ ဦးဇင်း က မပြောတတ်လို့ ဒီတဏှာဟာ တော်တော်ကြောက်ဖို့ကောင်းတယ်။ စွဲတာ စွဲတာ အေး အဲဒီတော့မှ ပန်းခြံထဲမှာသူငိုတယ်။ ဩော် ငါဟာ သူ့ပေါ်မှာ ကြင်နာရဲ့သားနဲ့ သူ ငါ့ကိုမကြင်နာပါလား။ ဂျင်းစိမ်းနဲ့ မိတ်သလင်။ သူကြင်မှ ကိုယ်ကြင်မယ်။ အခု ငါကျင့်ထားတဲ့ရလဒ်တွေရှိသားပဲ။ ငါမနေ တော့ဘူး။ ဒီ မြောင်းမြ မှာသွားမယ်။ ညောင်ပင်ကြီးကိုဆိုပြီးတော့သွားတာပဲဗျို့။ အဲဒီညောင်ပင်ကြီး သွားတဲ့အခါမှာ ဦးဇင်း သွားပြီ။ အဲဒီညောင်ပင်ကြီးက ဒကာကြီး ဦးပေါ်လု တို့ သုံးပန်လှ တို့က ဦးမြမောင် တဲ့ ဒီတောင်က နေ့ခင်းတောင် လူမတက်ရဲဘူးတဲ့။ အာ မထူးပါဘူးဗျာ။ သူကတော့ မပြောဘူးတက်မယ်ဗျာ။ ဦးမြမောင် ဖြစ်ပါ့မလားတဲ့။ ဖြစ်ပါတယ်ဗျာဆိုတော့ သူ့သားလေးက လိုက်ပို့ တယ်။ အဲဒီ ဦးပေါ်လု တို့က ထမင်းတွေကျွေးတယ်။ အဲဒီတောင်ပေါ်မှာ သားလေးရယ် မင်းကလည်း မနက်ဖြန်မှပြန်။ ဒီတစ်ညတော့အိပ်။ ဦးပေါ်လု ရယ် ခင်ဗျားကတော့ ဒီရွာသားဖြစ်ပါတယ်ဗျာ။ ခင်ဗျား လည်း တစ်ညအိပ်ပဲ။ တစ်ညအိပ်တော့ ဟို သူငယ်လေးက အိမ်ကျတော့ တစ်မျိုးပြောတယ်။ ဦးဇင်း ကိုတော့ မပြောဘူးဗျ။ အိမ်ကလူတွေပြန်ပြောမှ ဦးဇင်း သိပါတယ်။ အဲ ဦးပေါ်လု ကလည်း ကျွန်တော် ကောက်ရိတ်ရဦးမယ်တဲ့။ လယ်တွေသိမ်းတော့မယ်တဲ့။ ကျွန်တော် တစ်ညပဲအိပ်မယ်နော်တဲ့။ ဟုတ်ကဲ့ ဟုတ်ကဲ့။ ဒီတော့ တစ်ယောက်တည်းအိပ်တော့တာပဲဗျို့။ ဘာမှမတွေ့ပါဘူးနော်။ ဦးမြမောင်ကြီး ဟာ အင်အင်မတန်ကြောက်တတ်ပါတယ်။ သူနေတဲ့နေရာကို ကျွန်တော်ကြောက်တတ်ပါတယ်ဗျာ။ မလုပ် ကြပါနဲ့ဗျာ။ ကျွန်တော် တရားရှာတာပါ။ ကောင်းတာလုပ်တာပါလို့ ကောင်းတာလုပ်ရင် ကောင်းတာ ပြပါဗျာလို့။ မကောင်းတာ ကျွန်တော်မလုပ်ပါဘူးဗျာလို့။ အဲဒီကျောင်းကြီးပရဝုဏ်ဝိုင်းထားတာကို ဝိုင်းပြီး သူတရားထိုင်တော့တာပဲ။ ဩော် ဒုက္ခသစ္စာ။ ခုနက ဓကော ဓမ္မောက သီလကနေပြီးတော့ အာရုံကို ဘယ်အာရုံလည်း ရုပ်အာရုံဝေဒနာ၊ သင်္ခါရအာရုံကိုလိုက်တော့တာပဲဗျို့။ အဲဒီအာရုံကနေ ပြီးတော့ ရုပ်၏ လက္ခဏာသည် ဖောက်ပြန်ပါလား။ နာမ်၏ လက္ခဏာသည် ခံစားပါလား။ ရုပ်က အကျိုးခေါ်တယ်။ နာမ်က အကြောင်းခေါ်တယ်။ အဲဒါကိုယူကြည့်တာပဲဗျို့။ အဲဒီတော့ ရုပ်အကျိုး၊ နာမ်အကြောင်း အကျိုးတရားပြတ်ချင်ရင် အကြောင်းတရားရပ်ပါတယ်ဗျာ။ သီလကတော့ အဓိသီလ အဲဒီအပေါ်မှာရှာရမယ်တဲ့။ တရားကျင့်တဲ့အခါမှာ စကားမပြောပါနဲ့တဲ့။ အဲဒီလို ဦးမြမောင်ကြီး ကျင့်လာ တဲ့အခါကျတော့ ကာယသတိပဋ္ဌာန်ဆိုတာဘာလည်း။ ကာယကံ၊ ဝစီကံ၊ မနောကံမှာ သူစင်ကြယ် သွားပါပြီတဲ့။ အဲ ကာယသင်္ခါရလည်း မလုပ်ပါဘူး။ ဝစီသင်္ခါရလည်း မလုပ်ပါဘူး။ မနောသင်္ခါရလည်း

မလုပ်ပါဘူး။ ကာယကံကတက်လိုက်တယ်။ ဒုက္ခဝေဒနာတို့ရောက်လာပြီ။ အဲဒီတော့ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်မှာ ဝေဒနာ၏ အာရုံကို ဩော် ထုံတယ်၊ ကျင်တယ်။ အာရုံ ဦးဖင်းခပ်တိုတိုပဲပြောကြတာပေါ့ဗျာ။ ဝေဒနာရဲ့အာရုံကို မစွဲတော့ဘူးဗျို့ သဘောပဲနော်။ အဲဒါ ဥပါဒါန်လွတ်တာပဲဗျာ။ သညာနဲ့ ပညာတဲ့။ အသိနဲ့ မသိနဲ့ ဝေဒနာနဲ့သိလိုက်ပါ။ အဲ နာတဲ့အသိနဲ့ မသိနဲ့၊ နာတယ်နာတယ်ဆိုတာက သညာ။ အမယ်လေး နာတယ်။ အဲဒီတော့မှ ဝေဒနာဟာပိုပြီးတော့နာလာတယ်။ နာတယ်လို့မှတ်ရင် သညာပေါ့ဗျာ။ အဲဒီသညာကြောင့် ဥပါဒါန်ဖြစ်ပါတယ်ဗျာ။ ခုနက ထုံတာကပညတ်၊ နာတယ်လို့သိလိုက်တာက သညာ။ ဩော် သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ ဩော် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ပစ္စုပ္ပန်ပေါ်မှာ ကမ္မဝဋ်ကြွေးတွေ ငါခံနေရပါလား။ ဘဝရဲ့ဝဋ်ကြွေးတွေ ခံနေရပါလား။ ဩော် သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ။ ဘဝရဲ့ဝဋ်ကြွေးတွေခံနေရပါလား။ ကမ္မဝဋ်တွေခံနေရပါလား။ အဲ ခံနေရပြီတဲ့။ သူတာမင် မင်္ဂတဖိုလ်ကူးတော့မှာကိုးဗျ။ ဒီမှာ ဘဝတစ်ပါးပြောင်းသွားမှ ခံနေရတာမဟုတ်ဘူး။ အခုခံနေရပြီ။ ဩော် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ။ ရှုတာက မဂ္ဂသစ္စာ။ လောကုတ္တရာစိတ်၊ နိဗ္ဗာန် အဲသဘောလေးပါပဲဗျာ။ အဲဒီအာရုံကိုမြင်လိုက်တာနဲ့ ဟာ ယုံမှားသံသယ သို့လောသို့လောတွေးတောတဲ့ ယုံမှားသံသယတွေ၊ ဒိဋ္ဌိဟိတ်နဲ့ တိဟိတ် အဲဖြတ်ပြီတဲ့နော်။ သဘောလေးသာနာ။ ဒါကြောင့်မို့ ဒုက္ခ၏သစ္စာ ဆင်းရဲခြင်းအမှန်တရား သမုဒယရဲ့ သစ္စာ၊ ဆင်းရဲခြင်းအကြောင်းအမှန်တရား။ နိရောဓရဲ့သစ္စာကိုရရင် အဲ မဂ္ဂသစ္စာကို မြင်ပြီတဲ့။ သဘောသာနာပါဗျာ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၁၁၁)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

ဦးဇင်းကစာပေကျမ်းဂန်မတတ်ဘူး။ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် နဂိုမူလက ငယ်စဉ်တောင်ကျေးကာဒီစာကိုမသင်ခဲ့ပါဘူး။ အတန်းစာတွေမသင်ခဲ့ပါဘူး။ တောမှာနေတယ်။ တောမှာဆိုတာက အင်မတန်မှခေါင်းပါးတဲ့နေရာပါဘဲ။ ဟိုငယ်ငယ်က မိဘများက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ပါဘူး။ စာမတတ်တော့ သူဟာအသက်ကြီးမှ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ပါတယ်။ ဦးဇင်းရဲ့အသိလေးပြောပြပါမယ်။ အားလုံးရှိတဲ့ ဆရာတော်သမားတော် သံဃာတွေအရှင်မြတ်တွေ၊ ဒေကြီးဝါကြီးများ၊ ကိုရင်လေးတွေများ တပည့်တော်ကစာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ပရမတ်မှားသွားရင် အထူးသည်းခံပါလို့ စာမှမတတ်တာနော်။ ဒကာ၊ ဒကာမများ တရားကိုနာတဲ့အခါကျတော့အသိလေးပေါ့ဗျာ။ အဲ့ဒီတော့ အသိလေးဟာအာရုံ၊ အာရုံလောကီအာရုံအသိနဲ့လောကုတ္တရာအာရုံ အသိလေးကို အသေချာလေး နှလုံးသွင်းပေါ့။ ဦးဇင်းကစာမတတ်တော့ ပြောမှားဆိုမှားရှိရင်အားလုံးက ခွင့်လွှတ်ပါ။ စာတတ်ချင်ပေမယ့် ငယ်စဉ်တောင်ကျေးက မသင်ခဲ့တော့ စာမတတ်ဘူးပေါ့။ မတတ်တော့ ခန္ဓာသိတာ ပြောပြပါ့မယ်။ အဲ့ဒီတော့ ဘုရားကဟောပါတယ်။ ဘုရားကဘာဟောသလဲဆိုတော့ သဗ္ဗေအလုံးစုံသောသင်္ခါရအနိစ္စတဲ့ သဗ္ဗေသင်္ခါရဒုက္ခတဲ့။ သဗ္ဗေသင်္ခါရ အနတ္တတဲ့ အဲ့ဒီတော့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်ခန္ဓာမှာရှာရမယ်။ ခန္ဓာမှာရှာတဲ့အခါကျတော့ တဖြည်းဖြည်းသဘောပေါက်လာတယ်။ တောင်ပို့မှာဂရယ် (၆) ပေါက်ရှိတယ်။ အပြင်အာရုံငါးပါးကို ပိတ်လိုက်ပါတဲ့ အပြင်ငါပါးကို ပိတ်လို့ရှိရင်လုံပြီးလားတဲ့၊ လုံပါပြီတဲ့။ အတွင်းအာရုံကိုသတ်ပါတဲ့ ဒီလိုဥပမာလေး ဆရာတော်သမတော်တွေက ဒီလိုညွှန်းပြလိုက်တယ်။ အသိလေးရှိပါတယ်။ အဲ့ဒီတော့တောင်ပို့က ဘာနဲ့သဏ္ဍာန်တူလည်းဆိုတော့ ကိုယ့်ရဲ့ခန္ဓာဝန်ခေါ်ပါတယ်။ အဲ့ဒီကမ္မဝဋ်လည်းခေါ်မှာပေါ့။ ခန္ဓာဝန်လည်းခေါ်မယ်ဗျ။ အဲ့ဒီစက္ခုအာရုံ နားသောတအာရုံ၊ နှံသာအာရုံတွေကို စာတွေနဲ့ရေးထားတာ။ ဟုတ်တယ်ဗျ။ အဲ့ဒီတော့ မြင်တော့သိ၊ ကြားတော့သိ၊ နံတော့သိတယ်။ စားတော့သိတယ်။ ထိတော့သိတယ်။ အဲ့ဒီ (၅) ခုကိုလောကီအာရုံခေါ်တယ်။ ပညတ်အာရုံခေါ်တယ်။ အဲ့ဒီပညတ်အာရုံကို ခေတ္တခဏရပ်ဆိုင်းထားပြီးတော့ သမ္မာကိုနှလုံးသွင်းကြ ဘာလို့သူ့ကို ရပ်ဆိုင်းထားသလဲဆိုတော့ ငါမြင်တယ်ကွ။ ငါနားကြားတယ်ကွ။ ငါနားကြားလို့ငါသိတယ်။ ငါမြင်တော့ငါသိတယ်။ အဲ့လိုမြင်လိုက်တဲ့အခါမှာ ပစ္စည်းတွေပျောက်ဆုံးသွားတဲ့အခါမှာ သူ့ရဲ့ပစ္စည်းတွေကို ဟိုလူကခိုး ဒီလူကခိုး ငါမြင်တယ်ကွ။ မင်းတို့ခိုးသွားတာ။ ငါမြင်လို့သိတယ်ကွ။ ငါ့နားကြားလို့သိတာကွာ။ ငါ့လာတိုင်တာ ငါမြင်ပြီ၊ အဲ့ဒီလိုယူဘဲ့အယူကဒေါသ ဖြစ်သွားတယ်။ သူ့ပစ္စည်းကိုတန်ဘိုးရှိတဲ့ ပစ္စည်းကိုသွားပြီးတော့ ပစ္စည်းကြောင့် ဥပါဒါန်ဖြစ်ရတာအဲ့ဒီပစ္စည်းလေးကို တဏှာခေါ်တယ်။ တဏှာကြောင့် မနောက ဥပါဒါန် ဖြစ်သွားတယ်။ ဒါအကြောင်း ဒါမိစ္ဆာအယူငါမြင်တယ်။ ငါသိတယ်၊ ငါကြားတယ်ဆိုတဲ့ အရာဝတ္ထုတွေပါ။ ဒါကသစ္စာနဲ့ဟောလိုက်တာ။ ပစ္စုပ္ပန်တည့်တည့်လေးဘဲသစ္စာလေးမြင်လိုက်တာ သိတာပေါ့။ ကိုယ့်နားကြားလိုက်တာသိတယ်။ ဆဲနေတယ် တိုင်းနေတယ်ငါ့အတင်းတွေပြောနေပြီ၊ တစ်ခါတည်းဒေါသဖြစ်တာဘဲဗျို့။ အဲ့ဒီအကြောင်းကိုသတ်ရမယ်။ ဒါကြောင့် မို့ခဏခဏအာရုံ (၅) ပါးကိုပိတ်ထားပါ။ ဒါဖြင့်ပိတ်ထားပြီးတဲ့ ဒါဖြင့် ဘာလုပ်မလဲတဲ့။ သမ္မာလုပ်ပါ။ သမ္မာဝါစာသမ္မ ကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒါသီလမဂ္ဂင်ဟာ အာရုံ (၅) ပါးကိုလည်း အပြင်အာရုံ ငါးပါးကိုလည်း သူပါယ်ထားပြီ။ အတွင်းအာရုံ မှာရှိတဲ့တွေးစိတ်တွေ ဂ့ါမှာနိဝရဏတွေအပြင် အာရုံနဲ့အတွင်းအာရုံမှာရှိတဲ့ တွေးစိတ်တွေငါ့မှာနိဝရဏတွေအပြင်

အာရုံနဲ့အတွင်းအာရုံနဲ့ပေါင်းသလား အဲ့ဒါကိုယ်စိတ်ကိုယ်စစ် အဲ့ဒါထိတယ်။ သိတယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး။ သိတာလည်း မမြဲဘူး။ ဒါအနတ္တ၊ အဲ့ဒီတော့ ဒီအတ္တကို သိလာလိမ့်မယ်။ အနတ္တလေးရဲ့ သဘောလေး အဲ့ဒီလိုလုပ်နေတဲ့အခါမှာ သူဘာဖြစ်သလဲ။ ကာယကံ (၃) ပါး သူများအသက်မသတ်ဘူး။ သူများ ပစ္စည်းမခိုးဘူး။ သူများသားမယား မဖျက်စီးဘူး။ ဒါကာယကံသီလ၊ ကာယကံလည်း လုံနေပြီ။ ဝစီကံ၊ မုသာဝါဒါ၊ ပိသုနဝါစာ၊ ဖရုသဝါစာသမ္ဖလာပဝါစာ ဒါကဝစီကံ သီလဘဲ ရေတောင်မသောက်ဘူး။ ဒီသဒ္ဒါရဲ့ကောင်းမှုကြောင့် အပြင်သဒ္ဒါ၊ အတွင်းသဒ္ဒါရဲ့ကောင်းမှုကြောင့် ဝိရိယကထူထောင်ထားတယ်။ ဝိရိယာထူထောင်ထားတဲ့အခါကျတော့ သူမှာ ဘာဖြစ်လာလဲ။ သီလ၊ သမာဓိပညာတွေဖြစ်လာလိမ့် သီလဆိုတာကဘာလဲ။ ပါဠိလို့ရေးထားတယ်။ မြန်မာလိုဆိုရင် ဒုစရိုက် ဆယ်ပါး မိစ္ဆာဒုစရိုက် (၁၀) ပါးကို သမ္မာဖြစ်အောင်သူလုပ်နေတယ်။ ကာယကံ (၃) ပါး ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါး ပေါင်းလိုက်တော့ ဒုစရိုက် (၁၀) ပါးခေါ်တယ်။ အဲ့ဒီတော့ ဒီကံတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီကံတွေဘာကြောင့်ဖြစ်ရတာလည်း အာရုံကြောင့်ဖြစ်တာ။ အာရုံ (၅) ပါးမလွှတ်လို့ဖြစ်တာ။ ကိုယ်စိတ်ကိုယ်စစ်။ အဲ့ဒီတော့ အပြင်အာရုံနဲ့ အတွင်းအာရုံကိုမပေါင်းတော့ဘူး။ ထိတယ်။ သိတယ်။ အဲ့ဒီအခါမှာ အပြင်သီလတွေအား ကောင်းလာတယ်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မထိချင်ဘူး။ အဲ့ဒီအယူဝါဒတွေကို မယူဘူး။ မနောရဲ့ အတွင်းအာရုံကို သူသတ်တယ်။ ဒီအတွင်းအာရုံဟာ အပြင်အာရုံနဲ့ ပေါင်းသလား အော်အပြင်အာရုံနဲ့မပေါင်းဘူး။ အဲ့ဒီတော့ အတွင်းအာရုံက ဘာလည်း။ သညာသခ်ီရ ဥပါဒါန် ဒါစာနဲ့ရေးထားတာ။ ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ ရုပ်အကျိုးနာမ်အကြောင်း အကျိုးပေါ်မှာအကြောင်း ရုပ်တရားဟာ ဖောက်ပြန်တယ်။ ဘာတွေဖောက်ပြန်လည်း ကိလေသာခါတ်တွေဖောက်ပြန်တယ်။ အဲ့ဒီကိလေသာခါတ်တွေဖောက်ပြန်တယ်။ အဲ့ဒီကိလေသာခါတ်တွေ ဖောက်ပြန်တော့ သူကအတွင်းခါတ်ကို သူကပယ်နိုင်အောင် သူကျင့်ကြံပါတယ်။ အပြင်အာရုံငါးပါးနဲ့ ဘာမှမပေါင်းဘူး။ တရားစဉ်ကထွက်တယ်။ အော် အေးအေး လှမ်းတယ် လှမ်းတယ်။ ဒီခြေထောက်ကလေးက မြေကြီးကို ထိသွားတယ်။ ကိုယ့်အသားက မြေကြီးကိုထိသွားတော့ မသိဘူးလား။ သိတာကစိတ်၊ ထိတာကရုပ်၊ အဲ့ဒါထိသိခေါ်တယ်။ ထိသိဆိုတာ မနောက အဲ့ဒီအသိကိုကပ်ထားတယ်။ ဘယ်အာရုံမှမလိုက်ပါနဲ့။ အဲ့ဒီလိုပစ္စုပ္ပန်တည့်တည့်လေးသစ္စာခေါ်တယ်။ ဒါဘာသစ္စာလည်း အရိယတ္တသစ္စာခေါ်တယ်။ အာရုံကို ပယ်တော့မယ်အတွင်းကိုသတ်တော့မယ်နော်။ အရိယာသစ္စာ ခေါ်တယ်။ သမုဒယသစ္စာကသမ္မာကို လာနေပြီ။ အဲ့ဒီတော့ဝိရတိသစ္စာ၊ ဝိပဿနာလမ်းပေါ်မှာရောက်မယ်။ အဲ့ဒီတော့ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရား အဲ့ဒီအကျိုးတရားနဲ့ အကြောင်းတရားကို သူသတ်နေတဲ့အခါမှာ ဒါပညာပိုင်း ခေါ်တယ်နော်။ သမ္မာကနေလာတယ်။ မိစ္ဆာကလာတာမဟုတ်ဘူး။ ဝိပဿနာမဂ္ဂင်ရှစ်ပါးဒါဦးဇင်းက စာမတတ်လို့ နည်းနည်းလေးသဘောလေးဟောပြောသွားတာ။ ဒါတွေဟာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲ့ဒီတော့ ဒါစာတွေ အဓိသီလဆိုတာကလည်း တရားထိုင်နေပြီး အော် အေးအေးအေး သူမြင်လိုက်တဲ့အခါမှာ ပညာပိုင်းမှာ ဘာတင်ထားလည်းဆိုတော့ ဉာဏ်တင်ထားတယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စကျုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ အဲ့ဒါလောကုတ္တရာဉာဏ်တွေ မဂ္ဂင်ရှစ်ပါးပေါ်ရတဲ့ အသိဉာဏ်ခေါ်တယ်။ အဲ့ဒီအသိဉာဏ်နဲ့ အော် အေး အေး အေး အဲ့ဒီတော့ ပညာဆိုကာဘာခေါ်လည်း ပညတ်နဲ့ပရမတ်ကို ပိုင်းခြားပြီးသိသွားတယ်။ အဲ့ဒီပရမတ်ကလည်း နှလုံးသားမှာရှိတယ်။

ပညတ်ကအပြင် မှာရှိတာယ်နော်၊ အဲ့ဒီပရမတ်ဓါတ်အကွင်းတွေ ဓါတ်ကိုလေသာဓါတ်တွေ ဒီဓါတ်တွေပြုတ်အောင် သူလုပ်နေတာ။ အဲ့ဒါပညာပိုင်းတွေဘဲ အဲ့ဒီတော့ သညာပိုင်းတွေမဟုတ်တော့ဘူး။ သညာပိုင်းကနေပြီးတော့ ဘာကိုလဲ။ သမ္မာကို ဖြစ်လာတယ်။ သမ္မာကနေ ပညာကိုသူတက်မယ်။ ရုပ်ပေါ် နာမ်ပေါ်သူသိတာကို အဲ့ဒီတော့ ရုပ်နာမ်မသိတာ အဝိဇ္ဇာ ဝိဇ္ဇာ ရုနာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်၊ သဘောလေးသာနာ၊ ဒါကြောင့်မို့ ခုနကစာကရေးထားတယ်။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိသစေတီ၊ ဓမ္မစေတီ (၄) မျိုးရှိတယ်၊ ကြိုက်တာခင်ဗျားတို့ ကိုးကွယ်ကြ။ ရှိတယ် သာသနာမဆိတ်သုဉ်းသေးဘူးရှိတယ်။ ပုဂ္ဂိုလ်တွေ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်နော်၊ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။ အဲ့ဒီပုဂ္ဂိုလ်ကသိတယ်။ သူကဒီလမ်းကလာတာ၊ သူမြင်သွားတဲ့အသိနဲ့ ဟိုအရင်ကလာတဲ့အသိနဲ့က မတူတော့ဘူး။ ဒါကြောင့်မို့ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဓမ္မလို့ရေးထားတယ်။ ဒါတုရားဟောအရ ဓမ္မဆိုတာ ဘယ်မှာလည်း။ နှလုံးသားမှာရှိတယ်။ အဲ့ဒီအပြင်ကပညတ် နှလုံးသားဟာ ကိုယ်ကဓမ္မဖြစ်နေတယ်။ အဲ့ဒီတော့ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ သူ့စေတနာက အင်မတန်မှ ထူးနေတဲ့ စေတနာဒါဉာဏ် စေတနာခေါ်တယ်။ ကံစေတနာမဟုတ်ဘူး။ ကံစေတနာကခွဲခြားတယ်။ ဒါငါ့သမီး၊ ဒါငါသား ဒါငါ့မိန်းမ ဒါငါ့အစ်ကို ဒါငါ့ကိုပေးနေတဲ့လူကြီး သညာနဲ့စေတနာက ပျက်တတ်တယ်။ ဘာပျက်တတ်တယ်။ သီလပျက်တယ်။ အတွင်းသီလပျက်တယ်။ အတွင်းသီလလုံမှသာလျှင် အပါယ်ပိတ်မယ်။ အဓိသီလဆိုတာ အော် အေး အာရုံပေါ်မှာ အဲ့ဒီအယူကိုသူမယူဘူး။ မြင်တော့မြင်နေပြီး ကြားတော့ကြားနေပြီ၊ အဲ့ဒီတော့မမှတ်ဘူး။ ပညာနဲ့သာနှလုံးသွင်းထားတယ်၊ အင်မတန်ကျင့်တဲ့ သူမှသိတယ်။ အဲ့ဒီတော့အဓိသီလဆိုတာ အပါယ်ပိတ်တယ်။ ခင်ဗျားတို့ယူထားတဲ့သီလကတော့ ဟုတ်တာပေါ့။ အပါယ်ပိတ်နိုင်တဲ့ လမ်းလေးကိုပြောလိုက်မယ်။ မအေသေတယ်။ မိန်းမနောက်လင်ယူသွားတယ်။ အဲ့ဒီဒကာ ဘယ်လိုနေမလဲ။ ပူတာပေါ့။ ဘာလို့ပူလဲ စွဲလို့ပူတာပေါ့။ ဒါဥပါဒါန်ကံခေါ်တယ်နော်။ စွဲတော့ မိစ္ဆာအယူလား။ သမ္မာအယူလား။ ကိုယ်စိတ်ကိုယ်စစ်လိုက်ဦးနော်။ ဒီကံက သံသရာလည်မှာ ခုနက အဓိသီလကလည်မှာ မဟုတ်ဘူး။ အပါယ်ပိတ်တာ အဲ့ဒီတော့ အဓိသီလဘယ်ကရလည်း မဂ္ဂင်ရှစ်ပါးကရတာ ဒီမဂ္ဂင်ရှစ်ပါးကို ခင်ဗျားတို့ ကျင့်ကြကြကြပါ။ အားထုတ်ကြပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ဘူး။ အာရုံမှာမစင်ကြယ်ဘူး။ သညာ၊ သင်္ခါရဥပါဒါန်ဖြစ်နေတယ်။ အဲ့ဒီတော့ အပြင်မှာဖြစ်နေရင် အတွင်းမှာ ပေါက်တယ်။ ဖဲမယ် အတွင်းသီလ အတွင်းရဲ့အဓိစိတ္တလုံမှ အပြင်သီလစိတ်ချရမယ်။ အတွင်းမှာသမာဓိကောင်းမှ အပြင်မှာစိတ်ချရမယ်။ ခင်ဗျားလုပ်တဲ့ စရဏရှိတယ်၊ ကိုယ့်အလုပ်ကို ကိုယ်မှန်အောင်လုပ်ပါ။ ဝိရတိသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တသစ္စာနော်။ ရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမီထိအောင်သူမသိ။ စာတွေငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတယ်။ တရားဟာနှလုံးသားခံစားရတယ်။ အပြင်ကအာရုံနဲ့ပေါင်းတယ်၊ အတွင်းအာရုံကအနှစ် ငါမှာရှိုင်ပြီလား။ ကိုယ့်စိတ်ကိုယ်စစ်လိုက်၊ အဓိသီလဆိုတာ ဝိပဿနာသွားတဲ့လမ်း၊ အဲ့ဒီအဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ သိက္ခာ (၃) ပါးကို အဆီအနှစ် ထုတ်လိုက်မယ်။ ဘာဆီတွေကျမယ်နော်။ (၃) ပါးအဆီထုတ်ရင်ဇကော ဓမ္မောကျမယ်။ ဇကောဓမ္မောဘယ်က လာသလဲ။ ရုပ်ပေါ်နာမ်ပေါ်လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်ဟောသိပြီနော်။

မနောလုံသွားပြီ၊ အာရုံပေါ်ကို မလိုက်တော့ဘူး။ အဲ့ဒါသူဘဲသိတယ်။ ဘယ်သူမှမသိဘူး။ ညဏ်ကိုဗျနော်။ ဒါကြောင့်မို့ ဘာသတ်သွားသလဲ။ ဦးပဏ္ဍိတကိလေသာနဲ့တဏှာသတ်တယ်။ အဲ့ဒီကိလေသာထဲမှာ တဏှာရှိတယ်။ ဝေဒနာနိရောဓါ၊ တဏှာနိရောဓါ ရေးထားတယ်။ ဝေဒနာကနေတဏှာ၊ တဏှာကနေမာန်ဖြစ်တတ်တယ်။ အံကြိတ်ထားတယ်။ တောင့်ထားတယ်။ မျှော်ပြီးလိုက် ဝေဒနာကိုသဘောလေးနဲ့သာ လိုက်သူဖောက်ပြန်တာလား။ ငါဖောက်ပြန်တာလား။ အဲသူဖောက်ပြန်လို့ သဘာဝခေါ်တယ်နော်။ ငါကအံကြိတ်ထားရင် အတ္တဖြစ်သွားလိမ့်မယ်။ အတ္တနဲ့ အနတ္တ သဘောလေးနဲ့သာကြည့် ဒီရုပ်ပေါ်နာမ်ပေါ်ကသီလတို့ သမာဓိတို့ ပညာတို့ဆိုတာလည်း ရုပ်ပေါ်နာမ်ပေါ်ကဖြစ်နေတာပါ။ ခင်ဗျားတို့ရဲ့ဗုဒ္ဓကိုယုံကြည်တယ်။ ဓမ္မကိုယုံကြည်တယ်။ အဲ့ဒီတော့ဗုဒ္ဓကိုယုံကြည်ရင် တရားကိုအားထုတ်ကြ အဲ့ဒီတရားအားထုတ်ရင် ဓမ္မတွေ့မှာဘဲနော်။ ဓမ္မတွေ့ရင် သူဟာသံဃာအဝတ်နဲ့ ပဋိဝေဓကိုသူလုပ်တော့မယ်။ ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓအဲ့ဒီ ပဋိဝေဓကအင်မတန်မှ ထူးပါတယ်နော်။ ဦးဇင်းကစာပေကျမ်းဂန်မတတ်တော့ ဘာမှပြောတာဆိုတာ မှားယွင်းသွားရင် သီးခံပါ။ ပညတ်ကိုသမ္မာနဲ့ ယူပါမိစ္ဆာနဲ့သွားမယူပါနဲ့နော်။ ပညတ်ရှိလို့လည်း ပရမတ်ကိုသိတာ။ ပညတ်ကိုလည်း မပယ်ပါဘူး။ မပယ်ဘူး။ မစွဲဘူး။ ပညတ်ကိုလည်းယူတယ်။ စွဲလည်းစွဲရင်တော့ ဘာမှမတတ်နိုင်တော့ဘူးနော်။ ဘုရားကပညတ်တာ ဘုရားပညတ်တာကို ဒါတွေဟာမကောင်းတဲ့ ဒုစရိုက်တွေဘဲ ငါသည်ဒီအလုပ်လုပ်မယ်၊ ဘယ်သူနဲ့မှလည်း ငါမပြောတော့ဘူး။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မစားချင်ဘူးဟောတဖြည်းဖြည်း ကိလေသာဟာ ခမ်းခြောက်လာလိမ့်မယ်နော်။ ကိလေသာခမ်းခြောက်လာတာနဲ့ ခင်ဗျားဘာဖြစ်လာမလည်း ဒုက္ခသစ္စာကိုသိလာလိမ့်မယ်။ အော်ကမ္မဝဋ်ကြီးပါလား။ ဘဝအနန္တ ကမ္မဝဋ်ဒီကမ္မဝဋ်ကို ငါမပယ်နိုင်လို့ ဟောဒီဘဝမှငါမလွတ်ပါလား။ ငါမလွတ်ရင် အနာဂတ်ဝိပါကဝဋ်ပါပြီ ကမ္မဝဋ်နဲ့ လာကြတာ မနုဿတဘာဝေါ ဗုလ္လဘော ကမ္မဝဋ်ဘာနဲ့လာလည်း ကိလောတဏှာနဲ့လာတာ တွေးကြည့်ဒီရုပ်ကြီးဟာနော်။ ခွေးကြည့်ခွေးလေး မွေးရင်ခွေးရုပ်ပေါ့ဗျာ။ ဝက်ကလေးမွေးရင် ဝက်ရုပ်ပေါ့ဗျာ။ ဆိတ်ကလေးမွေးရင် ဆိတ်ရုပ်ပေါ့ဗျာ။ လူကလေးမွေးရင် လူရုပ်ပေါ့ဗျာ။ အဲ့ဒီကိလေသာပေါ်မှာ တဏှာတွေရှိတယ်။ တဏှာဆိုတာခံစားတာ ခံစားတဲ့အရသာရှိတယ်ဆိုပြီးတော့ သူဒါဘဲနှစ်သက်တယ်တဏှာဆိုတာ အဲ့ဒီကိလေသာမှာရှိတယ်။ ဒါကြောင့်မို့ ကိလေသာနဲ့တဏှာ အဲ့ဒီတော့တရားအားထုတ် တရားအားထုတ်ရင် သမ္မာဖြစ်သွားလိမ့်မယ်။ မိစ္ဆာကိုပယ်မယ်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မစားချင်ဘူး။ အဲ့ဒီတော့ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါးဆိုတော့ ဒုစရိုက် (၁၀) ပါး ဘယ်ဒုစရိုက်ကိုသတ်မလဲ။ ဗျာပါဒနဲ့အဘိဇ္ဈာနဲ့ဝန်တိုမိစ္ဆာနဲ့ ကုက္ကုစ္စစိတ်တွေသတ်မယ်။ ဘယ်သူကကုက္ကုစ္စစိတ်လုပ်လည်း ဘယ်သူကဗျာပါဒဖြစ်အောင်လုပ်လည်း ဘယ်သူကဝန်တို မိစ္ဆာလုပ်လည်း ဘယ်သူကဒေါသစိတ်ဖြစ်အောင်လုပ်လည်း ကိုယ်စိတ်ကိုယ်စစ် ဘာနဲ့ကြောင့်ဖြစ်တာ။ အော် ငါ့သမီးလေးကို ဟိုလူကရိုက်နေပါလား။ အဲ့ဒီတော့အမေကအဲ့ဒီအာရုံကိုသညာနဲ့ယူတော့မှ သခီရတွေဖြစ်ပြီးတော့ ဒေါသတွေဖြစ်ကုန်တယ်။ ဒီလိုဒေါသဖြစ်သွားရင်ခင်ဗျား သီလရှိနိုင်ပါ့မလားတဲ့။ ခင်ဗျား အပြင်အာရုံကြောင့် အတွင်းအာရုံနဲ့အပြင်အာရုံပေါင်းလိုက်လို့ခင်ဗျား အယူမှား အမှတ်မှား အစွဲမှားတယ်။ ခင်ဗျားဥပါဒါန်ဖြစ်နေပြီ ဥပါဒါန်ဖြစ်ပြီတဲ့။ လမိုင်းခေါ်လိမ့်မယ်နော်။ သဘောလေးသာနာ။ အဲ့ဒီလိုအစွဲတွေကိုသတ်ပစ်မှသာလျှင် ဒီအစွဲ ဥပါဒါန် ဘယ်ကသတ်မလဲ ခင်ဗျားတို့ယူထားတဲ့ ရှစ်ပါးသီလနဲ့လည်း သတ်လို့မရဘူး။ ဒီအမေသေတယ်။ သမီးသေတယ်။

ဒိဋ်မီးလောင်တယ်။ တိုက်မီးလောင်တယ်။ ဒီဥပါဒါန်အစွဲကို ဘာနဲ့သတ်လို့ရမလဲ။ ခင်ဗျားတို့ယူထားတဲ့ သီလနဲ့ သတ်လို့ရပါ့မလား။ ခင်ဗျားတို့ဆောက်တည်ထားတဲ့ သမာဓိနဲ့သတ်လို့ရပါ့မလား။ အဲ့ဒီအစွဲ ဥပါဒါန်ကို မဂ်ဉာဏ်နဲ့ သတ်မှရမယ်။ ဒီတစ်လမ်းဘဲရှိတယ်။ အဲ့ဒီအစွဲပြတ်ရင် (၃၁) ဘုံလွတ်ပြီ။ ခင်ဗျားတို့ ရုပ်နာမ်မသိတာအဝိဇ္ဇာခေါ်တယ်။ အာရုံ (၆) ပါးနဲ့ ပေါင်းပြီးတော့ မနောနဲ့အာရုံပေါင်းပြီးတော့ သင်္ခါရတွေ ဖြစ်နေတယ်။ ဥပမာနဲ့ပြောရမယ်ဆိုရင် ကဏှာဖေါ်ပြလိုက်မယ်။ ကျားကြီးတစ်ကောင်ဟာ ရှေ့လက်ကလေးပစ်ပြီးတော့ သူ့ဟာသူအမွှေးလေးကို လျှက်နေတယ်၊ တစ်နေ့သောအခါမှာ ကျီတစ်ကောင်ဖြတ်သွားလိုက်တယ်။ ကျားကမြင်လိုက်တယ်။ အကြောင်းမသတ်တတ်ဘူး။ အဲ့ဒါငါအစာဘဲ ငါ့အစာဘဲဆိုပြီး မာန်ခဲတာ ရုပ်ကိုဆွဲတော့တစ်ခါတည်း ကျီသေတာဘဲဗျို့၊ အဲ့ဒီမှာ တဏှာရယ်၊ မာနရယ်။ ဒိဋ္ဌိရယ် အဲ့ဒီအယူဝါဒတွေယူလို့ ကျားဟာဒုက္ခရောက်တာဘဲ။ ဒါဥပမာပေးတာ ငါ့အစာဆိုတာ တဏှာ တဏှာကြောင့်မာန်ဖြစ်တာ။ အဲ့ဒီတဏှာနဲ့မာန်ဟာ ဘယ်သူလုပ်လဲ။ ဒိဋ္ဌိလုပ်တာ။ ဒိဋ္ဌိဟာအာရုံကိုယူတာ။ အာရုံနဲ့မနော ပေါင်းတာ အဲဒါသံသရာလည်တဲ့ တရားနော် ခင်ဗျားဘယ်ကိုရောက်တယ်မပြောဘူး။ သံသရာအခုလည်ရင် နောင်လည်း လည်မယ်။ ကမ္မဝဋ်ကိုမသိလို့ ဘဝမှာလည်နေတာ။ ဘဝနစ်နေရင်ဝိပါကဝဋ်ပါသွားလိမ့်မယ်။ ခင်ဗျားတို့ ပေါ့ဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်၊ စိတ်ကမသေဘူး။ စိတ်ကိုပောသွားတာ။ ခင်ဗျားမြင်လိုက်တော့သိတာပေါ့၊ သိတာကစိတ်ဘဲ၊ ကြားစိတ်ဘဲ၊ မမှတ်နဲ့သညာခေါ်တယ်။ အဲ့ဒီသညာကကိုယ့်ဒုက္ခပေးတာ။ ပညာလေးနဲ့ယူ အော် ကြားတာလည်း မမြဲပါလား။ ငါ့ဆဲတာလည်း မမြဲပါလား။ အပြင်အာရုံကိုမယူနဲ့ အပြင်အာရုံကိုယူရင် သမ္မာကိုယူ မိစ္ဆာကိုမယူနဲ့။ မိစ္ဆာဆိုတာငါ့ဆဲတာဘဲ အဲဒီလိုဘဲ အဲ့ဒီလိုဒေါသဖြစ်သွားရင် ဆဲသွားတဲ့လူအပေါ်မှာ အဲ့ဒီဒေါသဖြစ်တဲ့ သူ့စေတနာပျက်ဟာ ဘဲစေတနာပျက်ရင် သီလပျက်တာဘဲ။ အဲ့ဒီသီလမှန်အောင် သမ္မာနဲ့ ယူပါမိစ္ဆာနဲ့ မယူပါနဲ့။ အော် အေးအေး အေး ဒါကြောင့်မို့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က လူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မာစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကိုမာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ အေးမစွဲနဲ့တဲ့။ အဲ့ဒီဟာတွေကို မင်းမစွဲနဲ့တဲ့။ စွဲရင်တော့ ကံဖြစ်သွားလိမ့်မယ်တဲ့နော်။ အော် မြင်ပါလား အေး အေး အဲ့ဒါသွားမစွဲနဲ့တဲ့ ကောင်းတဲ့ဟာတွေကိုတော့ မင်းယူတဲ့။ အော် ဘုရားတည်တယ်၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတနီ၊ ငါအုတ်တွေ သယ်ပေးမယ်၊ သဲတွေသယ်ပေးမယ်၊ အဲ့ဒါဒီဘုရားတည်သွားတဲ့အခါမှာ ငါကမလှူနိုင်ဘူး။ ငါ့ရဲ့ ကာယသဒ္ဓါ၊ ဝစီသဒ္ဓါ၊ မနောသဒ္ဓါနဲ့ငါလုပ်မယ်။ လူကြီးခိုင်းတယ်။ ရပ်ကွက်ထဲကလူကြီးတွေခိုင်းတာခိုင်းပါစေကွာ။ ငါလုပ်ပေးမယ်။ ပောစေတနာသဒ္ဓါတွေနော် လုပ်လည်းလုပ်ရသေးတယ်၊ လူကြီးကိုကြောက်တော့မပြောရဲဘူး။ မပြောတော့ အတွင်းမှာ မဲတယ်။ အတွင်းမှာမဲတော့ အတွင်းသီလမအောင်ဘူး။ အပြင်အာရုံကြောင့် သူ့မှာသံသရာလည်လိမ့်မယ်။ ဒီသဘော ဘဲနော်။ သဘောလေးဘဲ ကိုယ့်အကြောင်းသာကိုယ်သတ်အော် အေးအေး ရပ်ကွက်ကလူကြီးများကိုလည်း ရိုသေပါ။ ဒါမှအသိတရားတွေရမယ်။ တဏှာမာနဒိဋ္ဌိကကပ်နေတယ်။ အာရုံပေါ်မှာကပ်နေတယ်။ ဘာလဲကွ။ ဒီကောင်ဟော အာရုံပေါ်မှာ အဲ့ဒီအာရုံကြောင့်မနောမှာ ပျက်ကုန်ပြီ။ အဲ့ဒီအဓိသီလဆိုတာ နှလုံးသားမှာ အားလုံးမှာကြည်လင်တဲ့ စိတ်ကလေးဖြစ်နေ သမ္မာလေးနဲ့ပေါင်း မိစ္ဆာနဲ့မပေါင်းနဲ့၊ အဲ့ဒါခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျားသိလာတော့ ပယ်လိမ့်မယ်။

သိ၊ ပယ်၊ ခိုက်၊ ပွား ပေဟာမကောင်းတဲ့ ဒုစရိုက်တွေကို ပယ်လိမ့်မယ်။ ကိုယ်ကလည်း ကျင့်တဲ့စရဏကလည်း အလွန်ကောင်းရမယ်။ ကျင့်တဲ့စရဏကလည်း မကောင်းဘူး။ ဘယ်သူမှလည်း လူမထင်တော့ဘူး။ သူနေချင်တာနေ၊ လောကီကိုအားကိုးတယ်။ ရွှေတွေကိုအားကိုးတယ်။ ငွေတွေကိုအားကိုးတယ်။ အကုန်အားကိုးတော့တာဘဲဗျာ။ အားကိုးမှားနေတယ်။ သမ္မာနဲ့အားကိုးပါ။ မိစ္ဆာနဲ့အားမကိုးပါနဲ့။ အဲ့ဒီတော့ လာတာလည်းတစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်ထဲ။ စားတော့အများစားတယ်။ ခံတော့ကိုယ်တစ်ယောက်တည်း ခံရလိမ့်မယ်။ သိကြားမင်းရှိတယ်။ ဒါကသဘောလေးဘဲပြောတာပါ။ အဲ့ဒီသိကြားမင်းက ဘာကိုသိလည်း။ မနောကိုသိတယ်။ လူကပြောတာဆိုတာကိုသိတယ်။ အဲ့ဒီတော့ဦးပဏ္ဍိတခင်ဗျားတို့လူကြီးကြတန်းကြတဲ့အခါမှာ သူ့အတွက်နဲ့ သူများကိုခွဲလန်းပြီးတော့ သားမယားတွေသူ့ပေးရင် အတွက်နဲ့ပေးရင် သူခံရမှာဘဲ။ ခင်ဗျားတို့ကတော့မသိရှာဘူးနော်။ ဒါကြောင့်မို့ အပြင်မှာစင်ကြယ်ရင် အတွင်းမှာစင်ကြယ်တယ်။ အတွင်းမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်အာရုံတွေမှာ သမ္မာနဲ့ယှဉ်ပါနော်။ အမိသီလလို့ရေးထားတယ်။ အစိစိတ္တလို့ရေးထားတယ်။ အမိသီလက အပါယ်ပိတ်တယ်။ အဓိစိတ္တကတော့ ဗြဟ္မာဘုံရောက်လိမ့်မယ်။ အဓိပညာက (၃၁) ဘုံလွတ်တဲ့ပုဂ္ဂိုလ်ခေါ်တယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။ (သာဓု . . . သာဓု . . . သာဓု . . . )

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

**ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၂)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

## ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းဆရာတော် အရှင်ဦးပဏ္ဍိတ ၏ ခန္ဓာသိ၊ ခန္ဓာကျင့် ဝိသုဒ္ဓိဝိပဿနာတရားတော်၊ အမှတ်စဉ်(၁၁၂)

ဦးဇင်း က စာမတတ်ပါဘူး။ ဝိပဿနာ ခန္ဓာအသိနဲ့ပြောပါ့မယ်။ တင်ပလ္လင်ခွေ၊ လက်ကလေး ပိုက်ပြီး တရားထိုင်နေတဲ့အခါမှာ မနောကံသတ်ပြီ။ ဒိဋ္ဌိတဏှာသတ်ပြီ။ ဝိပဿနာရဲ့မဂ်လမ်း၊ ဖိုလ် လမ်းသွားတဲ့ဟာတွေ အဲဒီတော့ ကိုယ်က အမလေး ကိုက်လိုက်တာကွာ။ အမယ်လေး တင်းလိုက် တာကွာဆိုပြီး တရားထိုင်ရာထွက်လာတယ်။ ဟော အာရုံနဲ့ပြန်ပေါင်းတယ်။ ရေကန်ထဲမှာ မှော်ပင်တွေ ရှိသဗျို့။ ခဲလုံးကြီးပစ်ချလိုက်တယ်။ ခဲလုံးကြီး ငွမ်းကနည်းပြုတ်ကျတော့ အဲဒီတော့မှ ရေကြည်ကို တွေ့တယ်။ တော်ကြာကျတော့ မှော်ပင်ကပြန်စုလာတယ်။ သဘောလေးပါနော်။ ကိုယ်လုပ်မယ် လုပ်လည်း ရေငုပ်ချင်လည်း သဲထိရောက်အောင်လုပ်။ ဘယ်သူနဲ့မှမပေါင်းနဲ့။ အဲဒီတော့ တရားက ကိုယ်မှာရှိတယ် သိရမယ်။ ကိုယ်ကိုတိုင်သိရမယ်။ ကိုယ်ကိုတိုင်ခံစားရမယ်။ အခုခင်ဗျားတို့ သူများ ပြောတာ ဦးပဏ္ဍိတ ပြောတာပဲ။ ခင်ဗျားတို့မှန်တာပေါ့။ ဒါနနဲ့သီလ အဓိပတိပဲ။ ဒီသီလဝိသုဒ္ဓိစေတနာ နဲ့လှူတဲ့သီလသည် အမြတ်ဆုံးပဲ။ ဒါနဟာနော် အမြတ်ဆုံးပဲ။ ခင်ဗျား သီလဝိသုဒ္ဓိ အာရုံမှာ စင်ကြယ် နေပြီ။ အယုတ်၊ အလတ်မရွေးတော့ဘူး။ သန္တိကဖြစ်သွားပြီ။ ပုဂ္ဂလိကနေပြီးတော့ သန္တိကပြောင်း လိုက်ပြီ။ ခင်ဗျားဟာ ချဉ်ပတ်အိုးကြီး။ အဲဒီချဉ်ပတ်အိုးကြီးက သွားပြီ။ အဲဒီအိုးကြီးထဲသွားထည့် တစ်ရက်၊ နှစ်ရက်ဆို ချဉ်တာပဲဗျို့။ သူကလွဲနေပြီနော်။ စေတနာစစ်ဖို့လိုတယ်။ နှလုံးသားက အာရုံ ပေါ်မှာ အဲခင်ဗျားလှူလိုက်တဲ့အလှူဟာ ဒါနစစ်၊ ဒါနမှန်ဖြစ်သွားပြီ။ သီလစစ်၊ သီလမှန်ဖြစ်သွားပြီ။ ဘာဝနာစစ်၊ ဘာဝနာမှန်ဖြစ်သွားပြီ။ သီလကလည်း ခုနက (၃၁)ဘုံလွတ်တဲ့ ရဟန်းကိုလှူထားတာ နော်။ သာမန်ရဟန်းမဟုတ်ဘူး။ (၃၁)ဘုံလွတ်တဲ့ရဟန်းကိုလှူထားတာ။ သူကလည်း ပုဗ္ဗ မုဋ္ဌဆိုတဲ့ စေတနာ။ သူ့စေတနာကလည်း စစ်နေပြီ။ ဟိုကလည်း ဓမ္မဖြစ်နေပြီ။ ကဲ အခုရေပါလာပြီဗျို့။ အဲဒါတော့ လူ့ပြည်က ကံကုန်ရင် နတ်ပြည်သွားမယ်။ နတ်ပြည်မှာ နတ်ရဲ့သက်တမ်းကုန်ရင် ဘယ်သွားမလဲ။ အထက်သွားမှာ။ အောက်ဆင်းမှာမဟုတ်ဘူးနော်။ ပေါ့ပေါ့ဆဆ မလုပ်နဲ့။ သူဌေးလည်း သွားမှာပဲ။ ဘုရင်လည်း သွားမှာပဲ။ ဘုန်းကြီးလည်း သေမှာပဲနော်။ အကုန်သေကုန်မှာပဲ။ အဲဒီတော့ ကံကုန်ရင် တော့ ပြန်ရမှာပဲ။ ဦးပဏ္ဍိတ ပြောတာတွေယုံပါလို့ မပြောဘူး။ လုပ်ကြည့်ဦး။ အလုပ်လုပ်ကြည့်မှ အဲဒီတော့ ဒိဋ္ဌိတဏှာ ဘာလဲကွ။ တဏှာဆိုတာ အာရုံနောက် ငါလိုက်သေးတာက တဒင်္ဂ။ အာရုံ (၅)ပါးလည်းပြုတ်ပြီ။ အယူမှား အမှတ်မှား၊ အစွဲမှား၊ စေတသိတ်အာရုံနဲ့မပေါင်းလို့ ဒိဋ္ဌိလည်း မရှိပါလား။ အာရုံနဲ့မပေါင်းလို့ တွေးစိတ်တွေလည်းမရှိပါလား။ အဲဒီတော့မှ ကိုယ့်ဟာကိုယ် သဘော

ပေါက်လာတယ်။ အဲဒီသီလက အုတ်ပန္နက်ရိုက်ပါလား။ ခုနက သိလိုက်တဲ့ဟာက ဉာဏ်နဲ့သိတာ။ ဒိဋ္ဌိနဲ့ တဏှာရှိရင် ကံသိ။ အဲဒီတော့မှ ကံသိကနေ ဉာဏ်သိသိသွားတာ။ အဲဒီတော့မှ ယုံကြည်လာတယ်။ သဒ္ဓါတွေထွက်လာတယ်။ သဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ။ သဒ္ဓါဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေနော်။ ဘယ်လောက်ကောင်းသလဲ။ ဦးပဏ္ဍိတ စာမတတ်ဘူး။ တရားဟာ အရသာရှိတယ်နော်။ ပြောသွားပြီ။ ဒီအရသာ စားဖူးတဲ့သူတွေပဲသိတယ်။ မစားရတဲ့သူကတော့ နားကြားတာပဲရှိတယ်။ နာတာပဲရှိတယ်။ သူကသိသွားပြီနော်။ လူကတော့ လူပဲ။ အဲဒါကြောင့်မို့ ကိုယ့်အဖေလို၊ အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို ခင်ဗျားတို့က ဦးဇင်းကို ထမင်းကျွေးတာ အရဏ်ကပ်လိုက်တာ။ အရဏ်မိုးမလင်းသေးဘူး။ ချမ်းချမ်းစီးစီးနဲ့ တစ်ခါတည်းလာတော့ စောင့်တယ်။ ဦးဇင်း က အိပ်နေတယ်။ အဲဒီတော့ ဘုန်းကြီးကကြွလာပြီးတော့ အဆင်သင့်စားရတယ်ဗျို့။ အင်မတန်ထူးတဲ့ ဒကာ၊ ဒကာမတွေနော်။ ဘုန်းကြီးတော့ကွာ အေး ဦးပဏ္ဍိတ မှန်ချင်မှန်၊ မမှန်ရင် ချောက်ထဲကျမှာပဲနော်။ ဦးပဏ္ဍိတ က ကတုံး၊ ကတုံးလည်း မစားသာဘူး။ အဲဒါမှတ်ထား။ သင်္ကန်းကြီးဝတ်ထားတဲ့ ဦးပဏ္ဍိတ နင်တစ်နေ့မှန်ရင်မှန် မမှန်ရင် ချောက်ထဲကျမှာပဲ။ ပဏ္ဍိတက ပြောတာနော်။ ဘယ်သူမှပြောတာမဟုတ်ဘူး။ ခန္ဓာမှာရှိတယ်။ ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှန်းမသိရင် ကိလေသာအကြွေးတင်တယ်။ ဟုတ်သလား။ အဲဒီတော့ ကြွေးတင်ရင်ကြွေးမတင်တဲ့နေရာမရှိဘူးလား။ ရှိပါတယ်။ အေးအေး အဲဒါပဲ။ အဲဒါနိဗ္ဗာန်ပေါ့တဲ့။ ဟုတ်တယ်။ ဘယ်လောက်အေးသလဲ။ ဒီလိုရေခဲတုံး ဗိုက်ထဲထည့်ထားတော့ အပူတွေကလာတာ တစ်ပုံတစ်ခေါင်းကြီးလာတာ။ ဟာ ဒီမှာအေးနေပြီ။ သစ်တပင်ကောင်းရင် ငှက်တစ်သောင်းလာတယ်။ အဲဒီ ဒကာ၊ ဒကာမတွေကလာခိုတာ။ လာပြီးတော့ အနူတွေ သားအတွက်နဲ့ သောကပရိဒေဝ၊ သမီးအတွက်နဲ့ သောကပရိဒေဝ၊ ရောဂါအတွက်နဲ့ သောကပရိဒေဝ အမျိုးမျိုးလာနေတယ်။ အဲဒါ ပဏ္ဍိတဆီလာတာ။ ပဏ္ဍိတ ရင်ထဲမှာအေးနေတယ်။ လူတွေမသိလိုက်ဘူး။ ဟာ သူအေးနေတာ။ အေး အေး အေး သူကြိုက်တဲ့လုပ်ငန်းလေးတွေ လိုက်လုပ်နေတယ်။ ဒူးထောက်ပြီး လိုက်လုပ်ပေးတယ်။ ဟိုမှာ နတ်ပွဲတွေ၊ ခိုက်ပွဲတွေလည်းလိုက်လုပ်ပေးတယ်။ သူတို့ကျေနပ်အောင်လိုက်လုပ်ပေးတယ်။ ဒီဘက်လည်း ကျေနပ်အောင်လုပ်ပေးတယ်။ လာတဲ့ ဒကာ၊ ဒကာမတွေကိုလည်း ကျေနပ်အောင်လိုက်လုပ်ပေးတယ်နော်။ ကိုယ့်အတွက် ဘာမှယူသွားတာမဟုတ်ဘူးနော်။ ခင်ဗျားတို့မြင်မှာပေါ့။ ခင်ဗျားတို့ အခုရှိတဲ့ ပုသိမ်မြို့တော်က ဒကာကြီးတွေ တရားပွဲမှာစောင့်ရှောက်တဲ့ ဂေါပကတွေ လူကြီးတွေမေးကြည့်နော်။ ဦးပဏ္ဍိတ ဘယ်လိုရဟန်းလဲ။ ဘယ်လိုပုဂ္ဂိုလ်လဲ။ ဦးပဏ္ဍိတ မှားရင် ဦးပဏ္ဍိတ သွားမှာပဲ။

မှန်ရင် သူဟာသူသွားမှာပဲ။ အဲ နားတော့ထောင်နော်။ သဘောလေးနဲ့နာ။ ခင်ဗျားတို့ကို မျိုးစေ့လာချပေးတာ။ အဲဒီမျိုးစေ့ဟာ အင်မတန်ထူးတဲ့မျိုးစေ့နော်။ ဒီမျိုးစေ့လေးကိုရတာ ခင်ဗျားတို့နောင်သိလာလိမ့်မယ်။ ပိတောက်ပန်းက လာပွင့်တာ။ အဲဒီပွင့်တဲ့ပိတောက်ပန်းလည်း ကိုယ်စီကိုယ်ငှဆောင်ထားကြ။ တစ်နေ့သိလာလိမ့်မယ်။ မှားရင်လည်း သိလာလိမ့်မယ်။ မှန်ရင်လည်း သိမယ်။ ခင်ဗျားတို့က ကြိုပြင်စိုက်ထားတာ။ လာပြီးတော့ ကြိုပြင်လာစိုက်ပေးလိုက်တာနော်။ အဲ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံက သံသရာလည် မနောကံဘဝင်ပေါ့ဗျာ။ ဘဝင်သိပေါ့။ အာရုံကိုသွားသိတာ။ ကြားတာသွားသိတယ်။ နံတာသွားသိတယ်။ ဘဝင်သိ။ အဲဒါ (၆)ပါးကို လုံးထွေးနေတာ။ အဲဒါ အဝိဇ္ဇာလို့ခေါ်တယ်။ အဲဒီအဝိဇ္ဇာကိုသိသွားတာကို ဝိဇ္ဇာဉာဏ်ကသိတယ်။ အဲဒီ အဝိဇ္ဇာ ဘာကြောင့်ဖြစ်ရသလဲ။ ရုပ်နာမ်ကိုမသိလို့ ရုပ်၊ နာမ်ကို ဘာကြောင့်မသိလဲ။ ခန္ဓာငါးပါးကိုမလုပ်လို့။ အလုပ်တရားကပြောသွားပြီ။ စိတ်နှစ်မလုပ်လို့။ အဲ ခန္ဓာ(၅)ပါးပေါက်ရောက်သွားရင် ရုပ်၊ နာမ်ဓမ္မကိုသိပြီကွတဲ့။ ဟာ ဒီကောင် ငါ့ကိုဒုက္ခပေးတယ်။ ဒီတဏှာပဲကွ။ အဲဒီကိလေသာမှာ တဏှာတွေရှိတယ်။ အဲဒီတော့ ဒိဋ္ဌိတရား၊ ဒိဋ္ဌိက အယူမှား၊ အမှတ်မှား၊ အစွဲမှား အာရုံယူထားတာ။ အဲဒါ တဏှာမသေဘူးနော်။ ပစ္စုပ္ပန်တည့်တည့်လေးရယ်။ အဲဒီတော့ ဒါလေးပဲလိုက်ပြီးတော့ သူကျင့်ထားတာကိုဗျ။ အဲဒီတော့ သူကျင့်ထားတော့ သူနေရာသူသိတာပေါ့ဗျ။ အဲဒါ အရသာ။ အဲဒီအရသာနဲ့ပေါင်းပြီးတော့ အဲဒါနဲ့မပေါင်းပဲနဲ့ ဒကာ၊ ဒကာမများ ကျေးဇူးရှင်တွေ။ ဩော် သူတို့ကျေးဇူးရှင်တွေ ငါသိသလို သိပါစေ၊ ငါမြင်သလို မြင်ပါစေ၊ ငါတတ်သလို တတ်ပါစေ။ ငါအနာခံမယ်။ ဒီဘဝမှာ ငါအနာခံမယ်။ ခွေးပဲဖြစ်ဖြစ်၊ ကြောင်ပဲဖြစ်ဖြစ် သူတို့ရဲ့စေတနာတွေဟာ အင်မတန်ထူးပါလား။ တစ်ခါတည်း သင်္ကန်းစုတ်ကို ကောက်ပြီး ဝတ်ပြီးတော့ သူတို့ခိုင်းတာအကုန်လုံး လျှောက်လုပ်တာ။ သိုက်ကခိုင်းလည်း လုပ်တာပဲ၊ ဓါတ်ကခိုင်းလည်း လုပ်တာပဲ။ ဟုတ်ကဲ့ဗျ။ ဟုတ်တယ်ဗျ။ သူတို့တွေကလုပ်တော့ သူတို့တွေကဝမ်းသာကြတယ်။ စေတနာပေါ့ဗျာနော်။ သူများတစ်ဖက်သားစေတနာဖြစ်အောင် ကိုယ်ကကြိုးစားပြီးလုပ်နေတယ်။ သူ့အကြိုက်လုပ်နေတယ်။ သူ့အကြိုက်ကလည်း ဘာလဲ။ ဘုရား၊ တရား၊ သံဃာကိုလုပ်တဲ့အကြိုက်။ ဘုရားကိုပူဇော်တယ်၊ တရားကိုနာတယ်၊ သူ့အကြိုက်ကိုလုပ်ပေးတာ။ ငါးမျှားတဲ့သူ လုပ်နေတာမဟုတ်ဘူး။ ကွန်ပစ်တဲ့သူ လုပ်နေတာမဟုတ်ဘူး။ အဲဒီတော့ လူမိုက်သွားပြီးတော့ လုပ်ပေးတာမဟုတ်ဘူး။ လူသူတော်ကောင်း။ ဘုရား၊ တရား၊ သံဃာကိုကြည်ညိုပြီးတော့ အဲဒီလူကိုလိုက်လုပ်ပေးတာနော်။ အဲဒီတော့ ရောဂါဘယတွေလည်း ပျောက်တာ၊ မပျောက်တာက သူ့ကံ၊ ကိုယ်က လုပ်ပေးတာက ကိုယ့်အကြောင်း။ ပျောက်တာက သူ့အကြောင်း။ အဲဒါကံအလုပ်တွေနော်။

ဒါတွေက ကံအလုပ်တွေ။ အင်မတန်မှ လူတစ်ယောက် ရောဂါဝေဒနာပျောက်သွားရင် ဘယ်လောက်ကောင်းလဲ။ ဒါကြောင့်မို့ ဦးပဏ္ဍိတ ဟာ လူနာမည် မြမောင်။ မကောင်းပါဘူး။ မကောင်းတဲ့ထေရုပ္ပတ္တိကိုလည်း ပြောပြပြီ၊ ကောင်းတဲ့ထေရုပ္ပတ္တိကိုလည်း ပြောပြပြီ။ ကောင်းတာလည်းပြောပြပြီ။ အဲဒါကို အခု သဘောလေးပေါက်တော့ မစွဲတော့ဘူး။ မကောင်းတာကို အုပ်ထားတယ်။ မစွဲလို့ မအုပ်တာ။ ဒါပဲဗျ။ ကိုယ့်အပြစ်ကို ကိုယ်မဖော်ဘူး။ အဲ မစွဲလို့ဖော်တာပေါ့ဗျ။ လောကီကို အမယ်လေး ငါလောကီသိသွားပြီကွတဲ့။ မစွဲလို့ ငါအပြစ်တွေ၊ မကောင်းတာတွေဖော်ပြီကွ။ ကောင်းတာလည်း ငါပြောပြတယ်။ အဲဒါ ဓမ္မတရားပေါ့ကွတဲ့။ ခင်ဗျားတို့ကို စေတနာကို အကွက်ပေးလိုက်တာနော်။ ချဉ်ပတ်အိုးကြီးထဲမှာ တစ်နေ့သောအခါ ခင်ဗျားတို့ အဲဒီချဉ်ပတ်အိုးကြီးရရင် ကန်စွန်းရွက်များထည့်လိုက် ချဉ်တာပဲ၊ မုန်လာရွက်ထည့် ချဉ်တာပဲ။ ထည့်ချင်တာထည့် ချဉ်တာပဲ။ အိုးရသွားပြီ။ အဲဒီတော့ ဒီအိုးကိုလာပေးတာ။ ခင်ဗျားတို့ အယုတ်၊ အလတ်၊ အမြတ်မရွေး သံဃာငယ်လေးလည်း လှူ၊ အဲ ခင်ဗျားရဲ့စေတနာ။ ဒါကြောင့်မို့ ဘယ်သူပဲဖျက်ဖျက် ကိုယ်မပျက်ပါနဲ့တဲ့။ စာကရေးထားတယ်။ နင့်စေတနာ မပျက်ပါနဲ့တဲ့။ ဘယ်သူဘာပြောပြော နင် စေတနာလေးထားကွ။ နင် အခုဘဝလည်း ကောင်း၊ နောင်ဘဝလည်း ကောင်းကွ။ နင်စေတနာပျက်ရင် သီလပျက်တယ်။ ဒီစေတနာပဲဗျနော်။ အပြင်ကတော့ ဟာ လှပါရဲ့ ကျိုးအာသီးလို့ပြောပြီး အတွင်းမှာတော့ မဲနေတာ။ ဟာ ဘယ်သူသိမလဲ။ ဟန်ဆောင်နေကြတယ်နော်။ သဘောလေးသာနော်။ ခုနက သတိပဋ္ဌာန်တွေပြောသွားတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ။ အဲဒီ ဒုက္ခသစ္စာဘာလဲ။ ကံကြောင့် ဒုက္ခဖြစ်နေတာ။ အာရုံနဲ့ မနောနဲ့ပေါင်းတော့ ကံဖြစ်နေပြီ။ သောမနဿကံ၊ ဒေါမနဿကံ။ ကိုယ်ကလည်း ကမ္မဘဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါတွေက ကံလမ်းကြောင်းတွေပဲ။ ဒါတွေကို မပယ်နိုင်ဘူး။ မပယ်နိုင်ရင် ပယ်နိုင်တဲ့ ဝန်ထုပ်ဝန်ပိုး။ ကိုယ်ကနှလုံးသွင်းကြပါနော်။ ဘယ်သူပဲပျက်ပျက် ကိုယ်က စေတနာမပျက်နဲ့။ ဘုရားက စေတနာကိုဟောသွားတာ။ အဲဒီတော့ ဒါလေးတွေဟာ သိပ်အရေးကြီးပါတယ်။ ခင်ဗျားတို့ အနတ္တလို့ဆိုတာ။ အတ္တနယ်ထဲမှာ အနတ္တပွင့်နေတယ်ဆိုတာကို ခင်ဗျားတို့သဘောပေါက်ဖို့လိုပါတယ်နော်။ သဘောပေါက်ဖို့လိုတယ်။ အတ္တနယ်ထဲမှာ ပညတ်နယ်ထဲမှာ ပရမတ်ပွင့်တယ်ဆိုတာ နောက် ခင်ဗျားတို့သိလာပါလိမ့်မယ်။ ခင်ဗျားတို့ ကြိုပြင်မှာရိုက်ထားတာ။ ကြိုပြင်မှာ ရိုက်ထားတဲ့ ခင်ဗျားတို့ရဲ့ စေတနာတွေ၊ ခင်ဗျားတို့ရဲ့ ပုဗ္ဗ၊ မုဉ္စစေတနာတွေ။ အဲဒီစေတနာတွေဟာ အယုတ်၊ အလတ်မရွေးပါနဲ့။ သံဃိကကိုလှူပါ။ သံဃိကကို ဘာကြောင့်လှူရသလဲ။ စေတနာမှန်ဖို့လိုတယ်။ ခင်ဗျားရဲ့စေတနာတွေဟာ အာရုံနဲ့ မှန်ဖို့လိုတယ်။ အဲဒီအာရုံနဲ့ စေတနာတွေနဲ့ မမှန်လို့ မိစ္ဆာရဲ့အယူတွေဖြစ်ကုန်တာ

နော်။ ဘယ်ဘုန်းကြီးဖြစ်ဖြစ် အယုတ်၊ အလတ်မရွေးနဲ့။ လှူလိုက်ပါ။ ဘုရားကဟောတာ စေတနာ ဟောတာ။ ခုနကစိတ်ဆိုတာ ဓါတ်ပိုင်းနဲ့ပါတ်သတ်လာလို့ ဓါတ်တွေဖြစ်နေပြီ။ ဒါက ဓါတ်တွေပဲ။ အဲဒီ ဓါတ်ချုပ်တော့ အေးတာပေါ့ဗျ။ အဲဒါ အေးငြိမ်းခြင်းဓါတ်။ ဗမာလိုပြောတာ။ အဲဒါ ပါဠိနဲ့ပြောရင် နိဗ္ဗာန် လို့ခေါ်တယ်။ နိဗ္ဗာန်ဆိုတာ ဘာလဲ။ စာတော့တတ်တာမဟုတ်ဘူး။ စိတ်ရယ်၊ စေတသိတ်ရယ်၊ ရုပ်ရယ်၊ စိတ်၊ မြင်စိတ်၊ တွေးစိတ် အဲဒီနှစ်ခုက ဘယ်ကလဲရုပ်။ အဲဒီသုံးချက်မရှိရင် ပြီးပြီပေါ့ဗျာ။ အဲဒါကျင့်ဖွယ် ကိစ္စကုန်ပြီပေါ့ဗျ။ ဘာကျင့်ရဦးမှာလည်း။ ဘာဝေဒနာမှလည်း မလာတော့ဘူးနော်။ အဲဒါကိုကြိုးစား ကြပါ။ ကိုယ်လုပ်မှ ကိုယ်ရမှာပဲ။ အဲဒီဘုရားဟောတဲ့ စာတွေကို ခင်ဗျားတို့ယူထား။ အဲဒီတော့ မင်္ဂလာ (၃၈)ဖြာမှန်တယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂ တရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့။ ဟော မစွဲနဲ့။ စွဲရင်တော့ ကံဖြစ်သွားလိမ့်မယ်။ မစွဲနဲ့နော်။ သဘောလေး သာနာ။ အဲဒီဟာ ခင်ဗျားတို့ဘဝကူးကောင်းအောင် မဟုတ်ရင် ခင်ဗျားတို့ မိုးကျော့ခိုင်းသွားလိမ့်မယ် နော်။ အဲဒီတော့ မိရိုးဖလာအသိတွေ တော်ကြာ နတ်တင်ရပြန်၊ တော်ကြာ (၃၇)မင်းတင်ရပြန်ပြီ။ တော်ကြာ ဦးရှင်ကြီးတင်ရပြန်ပြီ။ တော်ကြာ နတ်ပွဲတွေတင်ရပြန်ပြီ၊ အုန်းပွဲတွေတင်ရပြန်ပြီ။ ဦးပဏ္ဍိတ ဘာမှမတင်ဘူးနော်။ မေးပါ အကုန်မေးကြည့်။ ဘုရားဘာကြောင့်တည်သလဲ။ ခင်ဗျားတို့ ရုပ်၊ နာမ် ဟော ခင်ဗျားနာမ်ဆိုတာကြားဖူးလား။ ကြားဖူးတယ်။ ကြားဖူးရင်သိတဲ့ရုပ်မရှိတဲ့၊ နာမ်ကောင်တွေတဲ့။ အဲဒီနာမ်တွေဟာ ဘာကြောင့်မကျွတ်မလွတ်နိုင်သလဲ။ ခင်ဗျားတို့ ယက္ခ၊ ဂုမ္ဘာန်၊ ခင်ဗျားတို့သိမ်ထဲမှာ ဟောပြီ။ ဘုန်းကြီးတွေတန်းစီပြီးဝိုင်းတယ်။ အဲဒီတော့ ဂန္ဓပ္ပ ဘာလည်း ဒါတွေဟာ ဝင်မှာပြုမှာစိုးလို့ ကမ္မဝါဖတ်တာနော်။ သဘောပြောတာ။ ဦးဖင်း လည်း ဟောဒီ မြောင်းမြမြို့က ပဇ္ဇောတာရုံတိုက်ဟောင်း ရဟန်းတက်တယ်။ ဆရာတော်နာမည်က ဦးဝံသပါလ။ အဲ အိပ်ပါတဲ့။ မအိပ်ဘူးတဲ့၊ သွားမယ်တဲ့။ တောထဲမှာ ငါ့ဟာငါနေမယ်။ တိုက်တွေ၊ ခြင်ထောင်တွေ၊ ကုတင်တွေ ပေးတယ်၊ ရေချိုးခန်းတွေ ပေးတယ်။ အရှင်ဘုရား တပည့်တော်မသုံးပါဘူး။ ဘုရားတပည့်တော် လွတ်လွတ်လပ်လပ်တောထဲ မှာနေမယ်။ အဲဒီလို ခန္ဓာကသိလာတဲ့အာရုံပေါ်မှာ သိလာတဲ့အသိခေါ်တယ်။ အာရုံကိုသိလာတယ်။ ဟာ အာရုံကိုမလိုက်ဘူး၊ လိုက်တယ်ဆိုတာ ကိုယ့်ဟာကိုယ်သိတယ်။ ကြည့်စမ်း။ ဘယ်လောက် ကောင်းသလဲလို့။ အေးနေတယ်။ အေးနေတာပဲ။ ဗိုက်ထဲမှာနော်။ တစ်ခုတော့ရှိတာပေါ့။ ဒုလာဝမ်း ဖြစ်တာတို့ ဘာတို့တော့ရှိတာပေါ့၊ အဲဒီတော့ ခန္ဓာကြီးတော့ ခံရတာပေါ့ဗျာ။ အဲဒါခံရတာပေါ့ဗျာ။

အစွဲနဲ့ ဥပါဒါန်နဲ့ပတ်သက်တဲ့ဟာကတော့ သဘောပေါက်သွားပြီနော်။ ဒါကြောင့်မို့ သစ်တစ်ပင်ကောင်း ရင် ငှက်တစ်သောင်းနားတယ်။ စာကရေးထားတယ်။ သစ်ပင်ကောင်းဖို့လိုတယ်။ ဒီသစ်ပင်မှာ ငှက်တွေ လာပြီးတော့ နားကြပါ၊ နေကြပါ၊ ထိုင်ကြပါ။ အဲဒီတော့ ဒီအနတ္တတရား။ ဘုရားကဟောထားတယ်။ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ ကိုယ်ဖြစ်နေတာက အတ္တတွေဖြစ်နေတယ်။ ပညတ်မှာ သွားစွဲ နေကြတာ။ အဲဒီတော့ ပညတ်သာသွားစွဲနေကြတာနော်။ အဲဒါတွေက ခင်ဗျားတို့ အယူမှား၊ အမှတ် မှား မိရိုးဖလာရဲ့လမ်းတွေ။ မိရိုးဖလာရဲ့လမ်းဟာ (၃၁)ဘုံမလွတ်ဘူးဗျ။ မှတ်ထားဦး။ ခင်ဗျားတို့ ဖြဟ္မာ့ ဘုံရယ်၊ နတ်ဘုံရယ်၊ အပါယ်လေးဘုံရောက်မယ်။ ရုပ်ပြစ်ရုစ်ပါးရောက်မယ်။ လူ့ဘုံရောက်မယ်။ အဲဒါ မလွတ်တာ။ မိရိုးဖလာရဲ့ အယူဝါဒတွေကိုယူထားတယ်။ အဲဒီတော့ မိရိုးဖလာဝါဒကို ဥပေက္ခာပြုလိုက်၊ ဥပေက္ခာပြုတယ်ဆိုတာ ဒီအာရုံတွေကို မယူတော့ဘူး။ သူယူပေမယ့် ကိုယ်မယူဘူး။ သူပြောပေမယ့် ကိုယ်မပြောဘူး။ ဒါကိုပြောတာ။ သူလုပ်ပေမယ့် ကိုယ်မလုပ်ဘူး။ အဲဒါ ဥပေက္ခာပြုတာ။ အဲ သားက ဒါတွေလုပ်တယ်။ ဖအေက ဒီအယူဝါဒမယူဘူးနော်။ သူ့နတ်တွေလည်း အေး အေး အေး ကောင်းပါ တယ်။ ကိုယ်ပုတီးစိပ်တယ်၊ တရားထိုင်တယ်၊ ကိုယ်ပုတီးစိတ်တယ်၊ တရားထိုင်တယ် သားကတော့ နတ်ပွဲတွေမှာ အုန်းပွဲတွေတင်၊ ဘာတွေတင်လုပ်တယ်။ သားအယူကို ကိုယ်မယူဘူး။ ဒီလိုတစ်အိမ် ထဲမှာတောင် ဒီလိုနေတာနော်။ အဲဒါလေးတွေကိုသိဖို့လိုပါတယ်။ ကိုယ်ကမမုန်ရင်တော့ ကိုယ်က ကံဆိုတော့ ဟော နတ်ကိုလည်း ကိုးကွယ်ရတယ်၊ ကံကိုးဗျ။ မိစ္ဆာကံကိုဗျ။ အဲ မိစ္ဆာကံ ဆိုတာ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်၊ ငါတတ်တယ်၊ ငါ့မယား၊ ငါ့သား၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါ့မြို့၊ ငါ့မြေ၊ ငါ့ကား ဒါတွေဖြစ်ကုန်ပြီ။ အဲဒီတော့ ငါပိုင်ဖြစ်နေကြတယ်ဖြစ်နေတော့ အဲဒီပစ္စည်းကို သွားစွဲတာ တဏှာခေါ်တယ်။ အဲဒီကားကို ရိုက်ချိုးတော့ သူကရိုက်ချိုးတော့ ကားပိုင်ရှင်က ဒေါသဖြစ်တာနော်။ တဏှာကြောင့် ဒေါသဖြစ်သွားတာ။ တစ်ခါတည်းကို ဖောက်ထိုးကျတာပဲ။ ဉာဏ်မှ မရှိတာကိုးဗျ။ ဉာဏ်မရှိတော့ ကံနဲ့သွားပြီးတော့ ကံက ကိုယ့်မှာကံရှိတော့ ဒေါသ၊ မောဟ အဲဒါကံတွေဗျနော်။ ကံက ဘာကြောင့်ဖြစ်ရသလဲ။ အဲဒီတော့ တွေးကြည့်။ ကံနိမ့်တော့ ခင်ဗျားတို့ နတ်တွေတင်၊ ဦးရှင်ကြီး တွေတင်ရ၊ ကိုးမြို့တင်ရ၊ ဟာ နတ်တွေကိုးကွယ်နေတာ။ အဲဒါ မိရိုးဖလာတွေ ကိုယ်ကအလုပ်မှ မလုပ်တာ။ ကိုယ်အလုပ်လုပ်ရင် ဘာပွဲမှမတင်ရဘူး။ ဘုန်းကြီးတွေသွားကြည့်ပါလား။ ခင်ဗျားတို့ နတ်လည်း မတင်ရဘူး၊ နတ်ကိုခေါ်ခိုင်းထားတာ ဦးပဏ္ဍိတ ဟို တောင်တစ်ရာမှာလား ဘာလား။ လိုက်တည်ရမှာလား။ ဟာ အကုန်ခေါ်ခိုင်းပြီးတော့ တရားနာတာ။ နတ်တွေကိုခေါ်တာ။ လာခဲ့(၃၇)မင်း လာ၊ မင်းတို့ရွှေဖျဉ်းလေး၊ ရွှေဖျဉ်းကြီး လာ။ မင်းတို့လာစမ်း။ ဘာလဲ မင်းတို့ဘာပြောမလဲ။ ဒီလို

လုပ်တာနော်။ အဲဒါဘာလဲ လမိုင်း။ ဒါတွေပြောကြတယ်။ လမိုင်း အဲဒါမှန်တယ်တဲ့။ လမိုင်း။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း၊ မှန်တယ်ကွ။ မင်း အဲဒီလမိုင်းကိုချုတ်လို့ရလား။ ချုတ်ပြစမ်း။ မင်း ငါ့ကို အဲလုပ်ရောဗျို့ မင်းချုတ်ပြစမ်း။ ငါ့ကို ဟာ အဲဒါချုတ်လို့မရဘူး။ သူမလုပ်တော့ မနာလိုဘူး။ အခုဟိုမှာ ခတ္တာကုန်းတောင်ပေါ်မှာ သွားပူးနေရတယ်နော်။ မှန်တာပြောတာ။ မမှန်တာမပြောဘူး။ အခုသက်န်းချုတ်ဆို ချုတ်ပေးလိုက်မယ်။ သွားတယ်။ ဘာလုပ်ဖို့လဲ။ ဒါတွေနော်။ ခင်ဗျားတို့ ဒီမှာ သာသနာမျိုးစေ့လာချပေးတာ။ ခင်ဗျားတို့ဟာ တစ်ပြားမှ ယူသွားတာမဟုတ်ဘူး။ သစ္စာနဲ့ပြောသွားတယ်နော်။ ဦးပဏ္ဍိတ ရှိတာတောင် သာသနာအတွက် အကုန်လုပ်ပေးသွားတယ်။ ဒီလိုပုဂ္ဂိုလ်မျိုး မဟုတ်တာမလုပ်ဘူး။ အစကတော့ ပုလိပ်လုထွက်။ ဟာ ရေနံဆီတောင်ခိုးစားတယ်။ ခိုးပြီး အရက်နဲ့ လဲသောက်တယ်။ ဖဲချ အကုန်လုပ်ပေါ့ဗျာ။ ဂျပန်ခေတ်က အလုပ်ပေါ့ဗျာ။ အဲဒါ မိစ္ဆာအယူတွေပေါ့။ အဲဒီလိုစိတ်နဲ့များသေသွားရင် ဘာဖြစ်မလဲ။ ခင်ဗျားခွေးတောင်ဖြစ်မှာမဟုတ်ဘူး။ အသောကမင်းကြီး သေတာတောင် တွေ့လားအစ္စဲ။ စပါးကြီးဖြစ်တယ်လို့ပြောတယ်။ အဲဒါ ခင်ဗျားမှတ်ထား။ အဲဒါ သုတ္တန်တွေ၊ ပဋ္ဌာစာရိမ တွေ့လား ဒီအစ္စဲ။ လင်ကလည်း ပြန်မလာတော့ဘူး။ တောထဲမှာမြွေကိုက်တယ်၊ ပွတယ်၊ အုပ်ထားတယ်။ အဲဒါတွေငိုတယ်။ သူ့လင်သေပြီဆိုပြီး စိတ်မကောင်း။ ငိုတယ်။ သားလေးကို ဟိုဘက်ကမ်း ဒီဘက်ကမ်းပို့မယ်ဆိုတော့ နှစ်ယောက်တစ်ခါတည်းမထမ်းနိုင်ဘူး။ တစ်ယောက်အရင် သွားပို့တာ တစ်ယောက်ကစွန်ချီတယ်၊ တစ်ယောက်က ရေနစ်တယ်။ ဟာ အဲဒီဒကာမကြီးဟာ အရူးအမူးဖြစ်တာ။ အဲဒါ ဥပါဒါန်ပေါ့ဗျူ။ အဲဒီဥပါဒါန်ကို ဘုရားကဟောတာ။ ဒီဥပါဒါန်ဘာကြောင့် ဖြစ်၊ တဏှာကြောင့်ဖြစ်သွားတာ။ အဲဒါ တဏှာကိုရှုရတယ်။ ဒိဋ္ဌိနဲ့တဏှာ ဒိဋ္ဌိသတ်မှ တဏှာမြင်မယ်။ တဏှာမြင်မှ ရပ်သွားမှာ။ အဲဒီလောက်ဆိုပြီးရောပေါ့ဗျာ။ သာဓု သာဓု သာဓု ။

မနက်ဖြန်ခါတစ်နေ့ရှိသေးတယ်။ တစ်ညရှိသေးတယ်။ ခင်ဗျားတို့ရဲ့ ရေပုလင်း။ အဲဒီတောင်ပိုင်၊ ကွင်းပိုင်၊ တချော်သရဲ့ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ ဖမ်းစားထားတဲ့အာရုံကို လာခဲ့။ သွေးသားနဲ့ဖြစ်တဲ့ရောဂါ မတတ်နိုင်ဘူးဗျို့ ပယောဂမှန်ရင်လာခဲ့တဲ့နော်။ ခင်ဗျားတို့ခေါ်လာခဲ့။ ပိုက်ဆံပေးစရာမလိုဘူး။ ခင်ဗျားတို့က ဦးဇင်း ကို သက်န်းတွေဝယ်ပေးတယ်။ ဆွမ်းတွေကျွေးတယ်။ မနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းလည်းကျွေး။ ခင်ဗျားတို့ရဲ့ စေတနာတွေဟာ အလွန်ကောင်းပါတယ်နော်။ အဲဒါကြောင့် ဖြစ်လာတဲ့ ရောဂါ၊ သွေးသားနဲ့ပတ်သက်တဲ့ရောဂါတော့ ဦးဇင်း မတတ်နိုင်ဘူး။ ပယောဂနဲ့ပတ်သက်တဲ့ရောဂါကို ခေါ်လာခဲ့။ ရေပုလင်းတွေသောက်ကြည့်၊ မြွေဟောက်၊ မြွေပွေး၊ ငန်းကိုက်တယ် အားချင်းသာခေါ် လာနော်။ ဒီရေလေးတိုက်ပေးမယ်။ ခင်ဗျားတို့ အဲဒီတော့မှသိလိမ့်မယ်။ အဲဒါဘာလည်းဆိုတော့ သီလ၊

သမာဓိ၊ ပညာလို့ခေါ်တာပေါ့ဗျာ။ အဲဒါတွေကြောင့် ဒီဟာတွေဖြစ်တာပေါ့ဗျာ။ အစတုန်းက ရဲထဲမှာနေတုန်းက ဒါတွေမဖြစ်ဘူး။ အခုဒီလိုတွေကျင့်မှ ဒီလိုဖြစ်တာနော်။ ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ စာပေကျမ်းဂန်မတတ်တော့ ပါဠိအနက်၊ အဓိပ္ပါယ်သဘောရှိတယ်။ သဘောဘယ်မှာရှာရမလဲ။ ခန္ဓာမှာရှာရမှာပေါ့။ ပါဠိရယ်၊ အနက်ရယ်၊ အဓိပ္ပါယ်ရယ် သဘောဆိုတာ သဘာဝကို သဘောလို့ခေါ်တာပါ။ သဘာဝသိရင် သဘောပေါက်တယ်။ သဘာဝ၊ သဘောတွေဟာ တရားတွေပဲဗျို့ သဘာဝ၊ သဘောတရားတွေပါပဲဗျာ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၃)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၁၁)

ဦးဇင်းက မြန်မာမတတ်ဘူး။ အဲဒီတော့ မြန်မာစာမတတ်တော့ ခုနက သုတ္တန်ဝိနည်း၊ အဘိဓမ္မာကြားတော့ ကြားဘူးတယ်။ စာပေကျမ်းဂန်မတတ်ဘူး။ စာလည်းမသိပါဘူး။ အဲဒါက အထက်အားလုံးရှိကြတယ်။ ဆရာတော်တွေ သမားတော်တွေ၊ ယောဂီအပေါင်းများလာပြီးတော့ တရားနာကြတဲ့ ဒကာကြီးများ၊ ဒကာမကြီးများအပေါင်း ပြောမှား၊ ဆိုမှားရှိရင် ခွင့်လွှတ်ပါလို့၊ စာမတတ်ဘူး။ ပညတ်တရားနဲ့ ပရမတ်တရား၊ ပရမတ်တရားကတော့ ကိုင်တွယ်လို့မရဘူး။ သစ္စာနဲ့ပြောတယ်နော်။ သစ္စာဆိုတာ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ အရိယထသစ္စာ၊ သမုတိသစ္စာ၊ အခြေခံပြောပြပါ့မယ်။ ဘုရားက ဦးဇင်းတို့ ဒီတရားတွေကို နာခဲ့ရပါတယ်။ သီလထဲမှာလည်းပါပါတယ်။ ရှစ်ပါးသီလထဲမှာလည်း ပါပါတယ်။ အဲဒီတော့ ရှစ်ပါးသီလထဲမှာ ဘာပါလည်းဆိုတော့ အဲဒီတရားထဲမှာ ကမ္မာသဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတရားလေးပါး ပါပါတယ်။ အဲဒီတော့ ဒီလေးပါးသော အဝိဇ္ဇာတရားများကို ကမ္မာသဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အာသဝေါတရားလေးပါးကုန်ရာခမ်းရာ ချုပ်ရာငြိမ်းရာပြည်နိဗ္ဗာန်သို့ ရရပါလိုကုန်၏ အရှင်ဘုရားတဲ့။ ဒါဦးဇင်းတို့ဆရာတော်တွေ၊ ဒကာ၊ ဒကာမတွေ၊ ဆရာလေးတွေ၊ သံဃာတော် အရှင်မြတ်တွေ ဆုတွေတောင်းပြကြတယ်၊ မှန်ပါတယ်။ အဲဒီတော့ ဒီကမ္မာသဝ၊ ဘာဝါသဝနဲ့ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတွေဆိုတာက ယခုဘဝမှာ ဦးဇင်းတို့ မြင်ရပြီ၊ မျက်စိကမြင်ပြီ၊ အဲဒီတော့ ကိုယ့်နားလေးကလည်းကြားတယ်။ ဥႆဖြတ်ာလည်း သိတယ်နော်။ ဒါကြောင့်မို့ ဒီတရားဟာ ဘာလဲ၊ အစွဲတရား။ အစွဲတရားကို ဝိုင်တွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဟာ ဘယ်ကံအကြီးဆုံးလဲ။ မနောကံက ကြီးတယ်။ ဒီမနောကံကို တိုသတ်မှုပဲ။ ဒီမနောကံကိုသတ်ရင် တို့သီလမဂ္ဂင်ဖြစ်မယ်၊ သမာဓိမဂ္ဂင်ဖြစ်မယ်။ ပညာမဂ္ဂင်ဖြစ်မယ်။ ဒါက သဘောလေးပဲပြောထားပါတယ်။ သဘောလေးပဲနော်။ သဘောလေးပဲပြောပါ့မယ်။ အဲဒီတော့ သီလမဂ္ဂင်ဆိုတာက ခုနက စာနဲ့ရေးထားပါတယ်။ ဘုရားကပြောထားပါတယ်။ အမိသီလတဲ့။ အမိဆိုတာ အာရုံပေါ်မှာ အာရုံ(၅)ပါးနဲ့ မနောဓမ္မာရုံနဲ့၊ အဲဒီတော့ မြင်လိုက်တဲ့အခါမှာ ဟောဒီကာလအချိန်လေးမှာ ဘူမှာဖျာပါဒစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ကုက္ကုစ္စစိတ်၊ အဲဒီလိုစိတ်မျိုးတွေ ဒေါသစိတ်၊ အဲဒီလိုစိတ်ကလေးတွေဟာ ဖြစ်တတ်တယ်။ မျက်စိအာရုံမှာကိုယ့်၊ အဲဒီတော့ မနောလေးက ပါသွားတယ်။ အဲဒါကာယကံရှင်ပဲသိပါတယ်။ အဲဒီလိုဟာလေးတွေကို ကိုယ်က ဖော် ဖေး-ဖေး-ဖေး ကိုယ်က ဖေး-ဖေး-ဖေး လိုက်မှာသာလျှင် အပြင်အာရုံကို ကိုယ်က မနောကပါသွားရင် သမ္မာမဖြစ်နိုင်ဘူး။ အဲဒီတော့ သမုတိသစ္စာလည်း မကိုက်ဘူး။ သမုတိသစ္စာဆိုတာက အပြင်အာရုံကိုခေါ်တယ်။ အဲဒီတော့ သမ္မာက မနောအာရုံကိုခေါ်တယ်။ အဲဒီတော့ သမုတိသစ္စာနဲ့ သမ္မာနဲ့ နှစ်ခုပေါင်းမှ သီလဖြစ်မယ်နော်။ ဒါက ခင်ဗျားအိမ်မှာ ရှာထိုး၊ ပျဉ်အိမ်မှာ ဥပမာပေးတာ။ အဲလူက ဖုန်းဖိုင်း ဖုန်းဖိုင်းနဲ့လုပ်တော့ ပြန်နားကြားတာပေါ့၊ ကြားတော့ ခင်ဗျား ဒေါသဖြစ်သွားတယ်။ ဒီလိုဒေါသဖြစ်သွားရင် ခင်ဗျား အပြင်သီလဖြစ်နိုင်ပါ့မလား။ ခင်ဗျား အပြင်ကိုသွားစွဲလို့ မနောကံဟာ ခင်ဗျားဟာ ဒေါသဖြစ်သွားပြီကဲ့၊ ဒါကြောင့် အပြင်သီလ အတွင်းသီလ အဲဒီနှစ်ခုကို သေသေချာချာသတိထားပြီးတော့ အမြဲတမ်း ဆောက်တည်ပြီးလုပ်မှသာလျှင် အမိသီလ၊ အမိစိတ္တ၊ အမိပညာလို့ခေါ်ပါလိမ့်မယ်။ အဲဒီတော့ ဒီလိုသီလမျိုးကို အပြင်သီလကိုရအောင်ကြိုးစား၊ သူများအသက်မသတ်နဲ့၊ သူများ ပစ္စည်းမခိုးနဲ့၊ သူများသားမယားမဖျက်စီးနဲ့၊ သေရည်သေရက် မသောက်နဲ့၊ အဟုတ်မမှန်သောစကားကိုမပြောနဲ့၊ ဒါ အပြင်သီလ။ အဲဒီတော့ အပြင်သီလတွေကို ကိုယ်ကစောင့်ထိန်းရင် ဘာလုပ်လဲ၊ ငါ့အိမ်မှာ သူတက်လာပါလား။ သူ့ဖိနပ်လည်းမချွတ်ဘူး။ ငါ့အိမ်ပေါ်မှာတက်လာတယ်၊ ဥပမာ အိမ်ရှင်က မြင်လိုက်တယ်ဆို မနောကလျှပ်ရှားသွားတယ်ဗျို့၊ ဘာလို့လှုပ်ရှားသွားလဲ ငါ့အိမ်ဆိုတဲ့ စွဲထားတဲ့အစွဲများတဲ့ အယူမှားတဲ့ အမှတ်မှားတာတဲ့အတွက်ကြောင့် သီလပျက်သွားပါတယ်ဗျာနော်၊ ဒါကြောင့်

အော် အေး-အေး-အေး ဒီလိုသိမျိုးတွေကို အပြင်သီလ အတွင်းသီလဆိုတာက အပြင်မှာက သမုတိသစ္စာ၊ အတွင်း မှာက အဲဒီမနောလေးက သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ လုပ်ရမယ့်တရား။ ဒီတရားမျိုးတွေကိုလုပ်မှသာလျှင် အပြင်မှာ စင်ကြယ်မယ်နော်။ အော် အေး-အေး-အေး။ အော် အာရုံနောက်မှာ စက္ခုအာရုံ နောက်မှာ ကိုယ်က ငါ့မနော လေးက ပါသေးသလား။ ငါ့မနောလေးက အကုသိုလ်စိတ်ဖြစ်သေးလား။ ပစ္စည်းနဲ့ပတ်သက်ပြီးတော့ ငါ ဒေါသစိတ်ကလေး ဖြစ်သေးလား။ ပစ္စည်းနဲ့ပတ်သက်ပြီးတော့ ငါလောဘစိတ်ကလေးဖြစ်သေးလား။ ပစ္စည်းနဲ့ပတ်သက်ပြီးတော့ ကုက္ကုစ္စစိတ်ကလေးဖြစ်သေးလား။ ပစ္စည်းနဲ့ပတ်သက်ပြီးတော့ ဝန်တိုမိစ္ဆာစိတ်ကလေးဖြစ်သေးလား။ သားအတွက်၊ သမီးအတွက် အားလုံးရှိတဲ့ သောကပရိဒေဝဆိုတဲ့ အာရုံတွေနဲ့ ဒါတွေဟာ တိုက်နိုင်တဲ့အကြောင်းရှိတယ်။ ဘာလို့လဲ။ သမီးလေး စွဲတယ်၊ သမီးလေးကို သူများရိုက်တယ်၊ ရိုက်လိုက်ရင် ကိုယ်ကမြင်လိုက်တယ်၊ မြင်လိုက်တဲ့အခါကျတော့ အဲဒီတော့ အမြင်မှာမရှင်းတော့ဘူး။ အမြင်မှာမရှင်းရင် မနောမှာလည်း မရှင်းတော့ဘူး။ အပြင်သီလပျက်ရင် အတွင်းသီလလည်း ပျက်တယ်၊ အပြင်သီလအားကောင်းမှ အတွင်းသီလက ငြိမ်တယ်၊ အဲဒီတော့ ဒါတွေဟာ သိပ်အရေးကြီးပါတယ်၊ ပြန်ကြမှာပဲ၊ ဦးဇင်းလည်း ပြန်ရမှာပဲ။ ဒကာ၊ ဒကာမတွေလည်း ပြန်ရမှာပဲ။ သံဃာတော်အရှင်မြတ်တွေလည်း ပြန်ရမှာပဲနော်။ ခုနက ဘုရားဟောတာတဲ့။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အာသဝေါတရားလေးပါးကိုပယ်ရင်တဲ့၊ ခင်ဗျားတို့ ချုပ်ရာ ငြိမ်းရာ ပြည်နိဗ္ဗာန်ကို ဒါတကယ်မှန်ပါတယ်ဗျာ။ နိဗ္ဗာန်ဆိုတာ အေးတာ အေးတဲ့ ဓါတ်ခေါ်တယ်။ အစွဲဓါတ်မဟုတ်ဘူး။ စွဲတာကကံ။ အင်မတန်မှ ဒီကံဟာ နူးညံ့သိမ်မွေ့တယ်။ အင်မတန်နုတယ်။ ဒါကြောင့်မို့ ဒီလိုတရားကြီးတွေကို ခုနက ကိလေသာ ကြမ်းကြီးတွေကိုပယ်ပါတယ်။ ကိလေသာကြမ်းကြီးတွေကိုပယ်ပြီးတော့ အနုသယကိလေသာကြမ်းကိုလည်း ပယ်ရမယ်၊ အဲအနုဆုံးမစ္ဆမာန်ဆိုတဲ့တရားကိုလည်း ပယ်ရမယ်။ ဒါမှသာလျှင် ခင်ဗျားတို့ ပန်းတိုင်ကို ခုနက နိဗ္ဗာန်ရွှေပြည်ကြီး ရမယ်။ ခုနက ကိလေသာကြမ်းကြီးတွေကိုပယ်တယ်ဆိုတာက အဲခုနက ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဒါတွေကိုပယ်လိုက်တဲ့ အဲဒါကိလေသာကြမ်းကြီးတွေကိုပယ်လိုက်တဲ့အခါမှာ အနုသယ ကိလေသာကို သားအတွက်နဲ့ ငါပူသေးလား၊ သမီးအတွက်နဲ့ ငါပူသေးလား။ စီးပွားရေးအတွက်နဲ့ ပူသေးသလား။ အဲဒါ မနောအပူလေး၊ အနုသယအပူလေး၊ အဲဒီလိုအပူလေးတွေကို တဖြည်းဖြည်း ဝိပဿနာတရားများနဲ့ သုတ်နေပြီးတော့ ကျင့်ကြံအားထုတ်တာ ဦးဇင်း ဦးပဏ္ဍိတဟာ လူနာမည်မြမောင် အဲဒီတော့ မြမောင်ဘဝဟာ မသေခင်က သူ့ရဲ့ဘဝတွေဟာ အင်မတန်ဆိုးပါတယ်။ ဒါနောက်ကြောင်းပေါ့ဗျာ။ နောက်ကြောင်းဆိုတော့ အတိတ်ပေါ့၊ ဟိုးဘဝမဟုတ်သေးဘူး။ အဲ ခုနကလိုတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာမာန၊ ဒိဋ္ဌိ ဒီတော့ ဒါတွေဟာ သူ့ဟာသူအသိနဲ့ သူထင်တာတွေလုပ်။ ထင်တာတွေနေ၊ ထင်တာတွေစား။ ဒါဘာလဲ၊ အာရုံနောက်ကို မကောင်းတဲ့ အာရုံနောက်ကို တစ်ကောက်ကောက် မနောလေးကပါပါတယ်၊ အဲဒါဘာလဲ၊ မိစ္ဆာဒိဋ္ဌိပေါ့ဗျာနော်။ အဲဒီအတိုင်းပဲ၊ သေသွားရင် အပါယ်လေးဘုံကို ရောက်ပါတယ်။ အဲဒီတော့ ဒါတွေဟာ ဦးဇင်းကြီးသိသလို ဒကာ ဒကာမများကို ဦးဇင်းကနေပြီးတော့ ဦးဇင်းရဲ့ခန္ဓာအသိတွေပြောပါတယ်။ အဲဒီတော့ စက္ခုအာရုံ နားသောတအာရုံ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ ဒါလေးက အနုသယလေး ဒီအာရုံလေးအပေါ်မှာ ငါရဲ့မနောလေးက ပါသေးသလား၊ သာယာသေးသလား၊ မသာယာဘူးလား။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီလိုစိတ်ကလေး စစ်လိုက်တဲ့အခါမှာ ငါအစွဲဉပါဒါန် ရှိသေးသလား။ စွဲသေးသလား။ အဲဒီတော့ ဒီအစွဲတရားဟာ သံသရာကညွှတ်ကွင်း လျှောက်လည်နေတာပါနော်၊ တစ်ဘဝပြီး တစ်ဘဝ တစ်ဘဝပြီးတစ်ဘဝ ဒီတော့ ဒီလိုအစွဲတရားကို မသတ်နိုင်ရင် ခင်ဗျားတို့ရဲ့ သဗ္ဗါဆိုတဲ့ ယုံကြည်မှုအသိ။

အဲယုံကြည်မှုအသိ ငါယုံကြည်ပြီကွာ။ ယုံရင်ဘာလုပ်မလဲ။ ငါသီလရအောင်လုပ်မယ်။ သီလ၊ ဝီရိယဆိုတဲ့ အဲဓါတ်တွေကို ကိုယ်နှလုံးသွင်းရမယ်။ ဝီရိယကောင်းမှ သီလကောင်းမယ်။ အဲဒီတော့ ဘာတွေဖြစ်လာမလဲ။ ဗျာပါဒစိတ်တွေရယ်၊ ဝန်တိုမိစ္ဆာစိတ်ရယ်၊ မိစ္ဆာဒိဋ္ဌိစိတ်ရယ်။ ဒီစိတ်တွေဟာ တရားထိုင်တဲ့အခါမှာ မပေါ်ပါဘူးဗျာ။ မပေါ်ပါဘူး။ တရားသာထိုင်တယ်။ မနောကံကတောင်တွေး မြောက်တွေး၊ တောင်တွေး မြောက်တွေး။ အဲဒါတွေးတာကာ၊ ဒါအနုသယကံ အနုသယကံမဖြစ်အောင် အဲခုနက ထိတယ်။ သိတယ်။ ထိတယ်၊ သိတယ်၊ အဲဒီတော့ ရုပ်နဲ့နာမ်ကို သဘောလေးမြင်လာလိမ့်မယ်။ အဲဒီရုပ်နဲ့နာမ်ကို မြင်လာတဲ့အခါမှာဆိုရင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဖြစ်လာတယ်။ သီလဆိုတာက လောဘနဲ့ဒေါသ ခေါင်းပါးရမယ်။ သမာဓိဆိုတာက အနုသယစိတ်ကို လောကီရဲ့အာရုံတွေကို သူကဖြတ်ပေးထားတယ်။ အဲဒီတော့ လောကုတ္တရာအာရုံက အနတ္တအာရုံ၊ အော် ထိတာလည်းမမြဲဘူး။ သိတာလည်း မမြဲဘူး။ ဒါအနတ္တအာရုံခေါ်တယ်။ အဲဒီတော့ လောကီအကြောင်းတွေကို သွားစွဲရင် မနောကံဖြစ်တတ်တယ်။ အဲဒီကံကို ကိုယ်က သီလ၊ သမာဓိပညာနဲ့ ဒီဟာတွေကိုသတ်မှသာလျှင် ဒီအကျင့်တရားတွေရမှသာလျှင် ခင်ဗျားရဲ့ ခင်ဗျားရဲ့ ခုနကပြောသလို ဉာဏ်ဘက်ကိုကူးသွားမယ်။ သီလက အခြေခံပါတယ်။ အဲဒီတော့ အပြင်သီလ၊ အတွင်းသီလ၊ အပြင်သီလကတော့ ဥပမာ သူများမနာလို ကိုယ်အကျိုးမရှိ၊ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ပေါသစိတ် ဒါမြင်တာကိုဗျ။ မြင်တဲ့အခါကျတော့ သူကပစ္စည်းရှိရင်ပေးလိုက်တယ်၊ ပေးလိုက်တာကို ဘေးကပူတယ်၊ အာ သူများမနာလို ကိုယ်အကျိုးမရှိ၊ အဲဒါအပြင် သီလပျက်တယ်ဗျ။ အတွင်းသီလမရှိလို့ အပြင်သီလပျက်တာပါ။ အတွင်းသီလသာရှိရင် အပြင်သီလမပျက်ဘူး။ အဲဒါလေးတွေ သိပ်အရေးကြီးပါတယ်။ သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးရမယ်။ အဲဒီလောဘနဲ့ ဒေါသ၊ မောဟအာရုံနောက်ကို တစ်ကောက်ကောက်လိုက်နေတာနော်၊ စက္ခုအာရုံနောက်လည်း လိုက်တတ်တယ်။ နားသောတလည်း လိုက်တတ်တယ်၊ အာရုံ(၅)ပါးကိုလိုက်တတ်တယ်။ ဘာလို့လဲ၊ ဂဏာမငြိမ်ဘူး။ သူကျင့်ထားတဲ့ စရဏမရှိဘူး။ နည်းပါတယ်။ ဒါကြောင့်မို့ တရားထိုင်တဲ့အခါမှာ ကိုယ့်ဟာကိုယ် တစ်ချို့သဘောပေါက်ကြပါတယ်၊ တရားထိုင်တဲ့အခါမှာ တွေးစိတ်သူ့မှာမလာဘူး။ တွေးစိတ်၊ လောကီ အနုသယ၊ ဥပါဒါန်ဆိုတဲ့ စိတ်ကလေးမလာဘူး။ အဲဒီလို စိတ်ကလေးတွေမလာရင် မနောလုံတယ်ဗျ၊ အဲဒီတော့ မနောလုံရင် ငါဟာ အခိသီလ၊ အခိစိတ္တ၊ အခိပညာဖြစ်ပြီ။ ဒါဖြင့် ရုပ်နှင့်နာမ်လက္ခဏာကြီးသုံးပါးကို ငါရှုမယ်။ ဒီသီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်တွေ အားကောင်းလာရင် ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ၊ ရုပ်၏အကျိုး၊ နာမ်၏အကြောင်း၊ အကျိုးနဲ့ အကြောင်း စစ်တယ်။ အဲဒီလိုစစ်တဲ့အခါမှာ သီလကလည်း မှန်ရမယ်။ သမာဓိကလည်း မှန်ရမယ်၊ ပညာကလည်းမှန်ရမယ်။ ဒီသုံးပါးကို ပြည့်စုံမှသာလျှင် အကျိုးအကြောင်း ရုပ်နာမ်နှစ်ပါးကို ခင်ဗျားတို့ရှုလို့ သဘောပေါက်လာပါလိမ့်မယ်၊ အဲဒီတော့ ရုပ်နာမ်နှစ်ပါးကို ရှုတာကဉာဏ်၊ ခုနက သီလ၊ သမာဓိ၊ ပညာဆိုတာက ဒါအပါယ်ပိတ်တဲ့ စခန်းတွေ။ အဲဒီတော့ အပါယ်ပိတ်တဲ့စခန်းတွေရောက်လာပြန်တော့ ခုနက သောတပန်ရဲ့အဆင့်၊ သကဒါဂါမ်ရဲ့အဆင့်၊ အနာဂါမ်ရဲ့အဆင့်။ ဒါတွေအဆင့်တွေကူးကူးသွားတာ။ အဲဒီအပေါ်ကနေပြီးတော့ ဒကာ၊ ဒကာမများသိရပါတယ်ဗျာ။ အဲဒီတော့ ကျင့်တဲ့အခါမှာ ဘာတွေသိလာလဲ၊ ငါသည် အရင်တုန်းက ငါနေတာက ဘယ်လိုနေသလဲ၊ ဒုစရိုက်(၁၀)ပါးကို ပေါင်းသင်းနေတယ်၊ ကာယကံ ဒုစရိုက်တွေ၊ ဝစီကံ ဒုစရိုက်တွေ၊ မနောကံ ဒုစရိုက်တွေ၊ ဒီဒုစရိုက်(၁၀)ပါးကို ဒီနေ့ငါအဓိဋ္ဌာန်ဝင်မယ်။ အဓိဋ္ဌာန်(၁၀)ရက် ဝင်မယ်၊ ဒုစရိုက်တွေကို မကျူးလွန်အောင် ဗျာပါဒမိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာကိုလည်း ငါသတ်မယ်၊ အဲဒီတော့ ငါတစ်ခုသော ကောဓမ္မော ဆိုတဲ့အာရုံကို ငါဖမ်းတော့မယ်ဆိုပြီးတော့ တရားထိုင်တယ်ဗျို့၊ တရားထိုင်တဲ့အခါမှာ ဒုစရိုက်(၁၀)ပါး၊ ဗျာပါဒဒုစရိုက်၊

မစ္ဆရိယဒုစရိုက်။ ဒီလိုမနော‌ကဟာကိုဖမ်းလိုက်တာနဲ့ အဲဒီခုနကအပြင် သီလကလုံနေပါတယ်။ ဘာလို့အပြင်သီလလုံလဲ။ သူကလမ်းလည်းမလျှောက်ဘူး။ ဈေးလည်းမသွားဘူး။ သူများတွေနဲ့လည်း စကားမပြောဘူး။ ကိုယ့်အိမ်မှာကိုယ်တင်ပလ္လင်ခွေလေးထိုင်ပြီးတော့ တရားထိုင်တဲ့အခါကျတော့ အဲဒါ အပြင်သီလ။ သူ့မှာစင်ကြယ်ပါတယ်။ အပြင်သီလစင်ကြယ်လာရင် အတွင်းသီလက ဗျာပါဒစိတ်ရှိသေးလား။ ကုက္ကုစစိတ်ရှိသေးလား။ ဝန်တိုမိစ္ဆာရှိသေးလား။ ဒါတွေကိုစစ်ရမယ်။ အဲဒီတော့မှ တရားစင်ပေါ်က ထွက်လာတဲ့အခါကျတော့ ဟာ ကိုယ့်အိမ်ပေါ်မှာ တစ်ခါတည်း ခြေထောက်က ပေကျံပြီး လျှာထိုးပျဉ်ပေါ် နင်းတော့ ဟော အိမ်ပိုင်ရှင်က ဒေါသဖြစ်တာပဲဗျို့။ ဒေါသဖြစ်တော့ ဟောမကြိုက်ဘူး။ သူ့အိမ်ပေါ်မှာ သူ ယုယုယယထားတဲ့ဟာ။ သူက တက်လာတာက ကြမ်းကြမ်းတမ်းတမ်းတော့ ကိုယ်က မစ္ဆရိယစိတ်၊ ဒေါသစိတ်၊ ဝန်တိုမိစ္ဆာစိတ်ဖြစ်သွားတယ်။ တရားတော့ထိုင်တယ်။ အပြင်မှာ ဉာဏ်မပေါက်တော့ သူ ဒါကိုမသတိတတ်ဘူး။ ဉာဏ်ပေါက်မှ သတိလို့ရတယ်နော်။ ဒါကြောင့်မို့ ဉာဏ်စခန်းလို့ပြောတာ။ အဲဒီတော့ အပြင်သီလ၊ အတွင်းသီလဆိုတာကရှိပါတယ်။ အဲဒီတော့ ခုနက အတွင်းသီလ၊ အပြင်သီလတွေစင်ကြယ်လာတော့ အတွင်းသီလကလည်း စင်ကြယ်ပါတယ်၊ ဒါက အပါယ်ပိတ်မယ့်စခန်းတွေပါနော်၊ ကိုယ့်အသိနဲ့ကိုယ်လုပ်ကြတယ်၊ လုပ်တော့လုပ်တာပဲဗျ။ အဲဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်မှန်တာပေါ့။ တကယ်စိတ်ကိုစစ်ရတော့မယ်။ ဒီစိတ်ကလေ နိဗ္ဗာန်ရောက်တာလည်း စိတ်ပဲ။ အပါယ်လေးဘုံသွားတာလည်းစိတ်ပဲ၊ နတ်ဘုံသွားတာလည်းစိတ်ပဲ။ သူက အဲဒီစိတ်ကလေး ဘဝင်စိတ်ကလေး။ ဘဝင်စိတ်ကလေးဟာ ဥပမာလေးပြောကြမယ်ဆိုရင် စိတ်လို့ ဒီမှာတင်စားရပါတယ်။ အမှန်ကတော့ ပြောကြမယ်ဆိုရင် အဲခုနက ဦးဇင်းက စာပေကျမ်းဂန်တော့မတတ်ဘူး။ ခုတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ထိစိတ် အဲဒီတော့ ခုနကနေတာ ကိုင်တာအသိနဲ့ပြောရရင် ခန္ဓာထဲကအသိနဲ့ ပြောရရင် သဒ္ဓါ သမ္ဗုဒ္ဓရတနာသုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဗုဒ္ဓဘောခဲယဉ်းစွာရအပ်ပေ၏။ ဘာလဲ၊ စိတ်လို့မပြောတော့ဘူးနော်။ ကိုင်း ဒီဘက်ကျတော့ လှည့်ပြောပြီနော်။ အဲဒီကံလေးဟာ ဘဝမြောက်များစွာက သူတော်ကောင်း သူမြတ်လောင်းနဲ့ ကိုယ်ကတွေကြုံပြီးတော့ လှူခဲ့ရ တန်းခဲ့ရပြီးတော့ လာတဲ့ကံ။ ဒါသမ္မာကံခေါ်တယ်။ ကံဆိုတာ အစွဲတရားနော်။ မြန်မာလိုပြန်ရင် အစွဲတရား။ ဒီကံလေးနဲ့ဘာလဲဆိုတော့ ဟောဝိညာဉ် ခင်ဗျားရဲ့ဝိညာဉ်ကံနဲ့ ဝိညာဉ်နဲ့ပေါင်းထားတာ။ နိဗ္ဗာန်ကိုလည်း မရောက်သေးဘူး။ အဲဒီတော့ မင်းသည် အင်မတန်ထူးမြတ်တဲ့ ကံရတဲ့အတွက်ကြောင့် ကံထူးကံမြတ်ရတဲ့ မနုဿဘာဝေါ ဗုဒ္ဓဘောဆိုတဲ့ ဟောဒီလူ့ဘုံမှာတော့ သာသနာတွေပွင့်နေတယ်ပေါ့။ မင်းသွားကြဆိုပြီးတော့ ကံဟာကောင်းတဲ့ ကံလေးနဲ့ဝိညာဉ်နဲ့ပေါင်းလာရတယ်ဗျို့။ အဲဒါ ဦးဇင်းက စာမတတ်ဘူးဗျို့။ ဥပမာပြောတာ။ ဦးဇင်းအသိကိုပြောတာ။ အဲဒီဝိညာဉ်နဲ့ပေါင်းလာတဲ့အခါကျတော့ အော် ငါ့အဖေ ငါ့အမေ ဝိညာဉ်ထဲကိုဝင်ရတော့မယ်၊ ဒါသဘောလေးပြောတာနော်၊ ဟိုတုန်းကမသိဘူး။ အဲဒီတော့ ဒီဝိညာဉ်လေးဟာ အဖေ အမေက ကမ္မာသဝနဲ့ ဆောက်လုပ်ထားတဲ့ ဝိညာဉ်အိမ်ခေါ်တယ်ဗျို့။ ဒါ သဘောလေးခင်ဗျားတို့ရဲ့ဟာယူလိုက်ပြီးတော့၊ အဲဒီတော့ ကမ္မာသဝနဲ့ဆောက်လုပ်ထားတဲ့အိမ်၊ ဦးဇင်းကလာတာကလည်း ကံ။ အဲဒီကံလေးဟာ ဝင်ကစဥ္စပ်ကလေးဟာ အဲဒီ ဒေါ်အုန်းမေရဲ့ဗိုက်ထဲကို သွားဝင်ရတယ်။ ကံကိုဗျာ။ ကံနဲ့လာရတာကိုဗျ။ ကောင်းတဲ့ကံနဲ့လာတာ။ အဲဒီတော့ မနုဿ ဘာဝေါ ဗုဒ္ဓဘောခွေးလည်းမဖြစ်ဘူး။ ကြောင်လည်းမဖြစ်ဘူး။ မိစ္ဆာကံမဟုတ်ဘူးနော်။ သမ္မာကံဝိညာဉ်လေးနဲ့ သမ္မာကံနဲ့တွဲပြီး လိုက်လာတယ်။ အဲ ခုနက ဒေါ်အုန်းမေ ဗိုက်ထဲဝင်ပြီးတော့ ပဋိသန္ဓေတည်ပြီးတော့ မွေးလာတော့ အမိနဲ့အဖ။ အဲ ကမ္မာသဝဆိုတဲ့ အိမ်ကြီးဆောက်တော့တာပဲဗျို့။ အဲဒီတော့ ကမ္မာသဝ ဆောက်လုပ်ထားတော့ မြဲမောင်ဟာ တဖြည်းဖြည်းကြီးလာတယ်၊ အာရုံ(၆)ပါး

ဟာ ကိလေသာအာရုံကြီးဟာ ငေါ်ဒုန်းမေ နဲ့ ဦးမိုးကိုးကြီးက မွေးဖွားလာတဲ့ အဝိဇ္ဇာကြီးဟာ အုပ်ထားလိုက်တယ်ဗျို့။ အဲဒါ ဘာလဲဆိုတော့ ကိလေသာဖာမ်ကြီးက သူအုပ်ထားလိုက်တဲ့အခါကျတော့ ကံကလေးက ကံပဲရှိတယ်။ ဘယ်နှယ်မှ မလုပ်တတ်ဘူး။ အဲဒီတော့ ကြီးလာတဲ့အခါကျတော့ အဲဒီဟာအတိတ်ကပါလာတဲ့ ကံကကောင်းကံ။ ခုနက ကိလေသာနဲ့ အုပ်ဆိုင်းထားလိုက်တော့ ဟာ အဲဒီဝိညာဉ်လေးဟာ ဘယ်နှယ်မှမလုပ်တတ်တော့ဘူး။ အဲဒီတော့ သညာသင်္ခါရ ဥပါဒါန်ဆိုတဲ့ အမှတ်တရား၊ အစွဲတရား၊ ဒါတွေဖြစ်လာတယ်ဗျို့။ ကိလေသာနဲ့ ဆောက်လုပ်ထားတာ တဏှာ တဏှာကပ်နေတယ်။ အဲဒီတဏှာနဲ့ ကိလေသာ ဒိန္နစ်ဝုပဟာ ခြယ်လှယ်လုပ်နေတာ၊ ခြယ်လှယ်လုပ်နေတော့ တစ်နေ့သောအခါ ကောင်းမှန်းလည်း မသိ၊ မကောင်းမှန်းလည်းမသိ၊ ထင်တာလုပ်၊ ထင်တာစားကြီးတဲ့၊ ကိလေသာနဲ့တဏှာနဲ့ ဆောက်လုပ်ထားတဲ့ဝိညာဉ်လေးဟာ အဲဒီတော့ဝင်နေတာ။ အဲ တစ်နေ့သောအခါ အသက်(၅၀)အရွယ် (၆၀)နီးပါးကျတော့ ထမင်းဝော်တယ်။ လောကီကို အားကိုးစရာမရှိဘူးဆိုတော့ လေကီဟာ ပျော်ဖို့ကောင်းတဲ့ဟာကြီးပါဗျာနော်။ သိပ်ပျော်ဖို့ကောင်းတယ်။ လောကီဟာ ထမင်းဝတ် ဟင်းဝတ် ဘာမှကိုမစားရပါဘူး။ အဲဒီတော့ ဟာမတတ်၊ မပေမတတ် ငါလည်း ဘယ့်နှယ်မှလည်းမလုပ်တတ်။ ဒီတရား သဲအင်း အမြဲလင်း ဇွဲတင်း အဲဒီတော့ ပေယျာဝန်မှာလည်း ပေဟာဟိုမှာလည်းပေဟာဆိုတော့ အဲဒီတော့ တရားဘက်မှာ ယိုင်လာတယ်။ လူကလက်တွေ့ခံစားနေရတယ်။ တော်တာကိုးဗျ။ အဲ သွားတဲ့အခါကျတော့ သူတရားတွေဘာတွေ ကျင့်တဲ့အခါကျတော့ အာ သူကျင့်နေတာဘဲ။ ဖြူးရော ရွှေလောင်းမှာရော ကြာလာတော့ သူသဘောလေးသိလာတယ်။ အော် အရင်လို မဟုတ်တော့ပါလား။ ငါ ဟာ ဘာလဲ။ လူတွေနဲ့လည်း မနေတော့ပါလား။ အဲဒီတော့ လူတွေနဲ့လည်း စကားမပြောတော့ပါလား။ ငါ့ဟာငါ တဲကျောင်းလေးထဲ တံခါးပိတ်ကျင့်နေပါလား။ စဉ်းစားတယ်။ အဲဒီတော့ အရင်လို မဟုတ်ပါလား။ မလိမ်ပါလား။ မညာပါလား။ မခိုးပါလား။ မလုပါလား။ ဖဲဝိုင်းမသွားပါလား။ ရိုဘာလေးပဲစားတော ကြာလာတော့ ဟော သစ္စာမှန်လာတယ်။ အနေအထိုင်မှန်လာပြီ။ အဲဒီမနောကလည်း သမ္မာကလည်း မှန်လာပြီ။ ဒါတွေးကြည့်ပါ။ အဲဒီလို ဖြစ်လာရတဲ့အခါကျတော့ သူမသိသေးဘူး။ ဒါ သူ့မှာ သီလဖြစ်နေပြီ။ အပြင်သီလကလည်း စင်ကြယ်နေပြီ။ အတွင်းသီလကလည်း တည်နေပြီ၊ အဲဒီကနေပြီးတော့ ဟက်တက်သွားတဲ့အခါမှာ အော် ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ အကျိုးနဲ့အကြောင်းရှိတယ်။ အဲဒီတော့ ရုပ်တရား၊ နာမ်တရားဟာ ဘာလဲ။ ရုပ်ကအကျိုးတရား။ အဲဒီအကျိုးတရားကြီးဟာ သူကနေပြီးတော့ ဖောက်ပြန်လိုက်တာ ဓါတ်လေးပါး။ ဟာ.....ဘုရား...ဘုရား အဲဒီဓါတ်လေးပါးဟာ တစ်နေ့တစ်နေ့နဲ့ ရှုနေတာ။ ရှုတာပဲ။ ဟိုလူတွေမေးလိုက်၊ ဒီလူတွေမေးလိုက်၊ ဟိုဘုန်းကြီးမေးလိုက်။ ဓါတ်တွေ အဲဒီဓါတ်တွေဟာ သူ့သဘာဝ၊ သဘောနဲ့ပေါ်လာတဲ့ ဓါတ်တွေ ဒါခင်ဗျားတို့ကို သစ္စာနဲ့ပြန်ဟောတာ။ အဲဒီတော့ ဓါတ်တွေပေါ်လာတော့ ဟာဘယ်မှာလဲ။ ငါ အဲဒီတော့ သူကြည့်တဲ့အခါကျတော့ ဓါတ်တွေလည်း တဖြည်းဖြည်းငြိမ်လည်းလာလဲလာရော သူ့အလိုလျောက်ငြိမ်လာ တယ်၊ ဓါတ်တွေလည်းငြိမ်ရော သူ့ကိုမှီတင်းနေတဲ့ သညာသင်္ခါရ ဥပါဒါန်ဆိုတဲ့အကောင်တွေက အဲဒီအကောင်တွေက မရှိဘူး။ ဓါတ်ငြိမ်သွားတာကိုဗျ။ မမှတ်တော့ဘူး။ မစွဲတော့ဘူး။ ဘာရယ် ညာရယ် မလုပ်တော့ဘူး။ သူကမှတ်စရာလည်း မရှိတော့ဘူး။ စွဲစရာလည်း မရှိတော့ဘူး။ ဘာမှမရှိတော့ဘူး။ ဟာ ဘုရား..ဘုရား။ လှမ်းကြည့်တော့မှ ကိုယ့်ဟာကိုယ် ဟာ ဘုရား.. ဘုရား။ အဲဒီတော့မှ ငါ့ရုပ် ငါ့နာမ် မဟုတ်တော့ပါလား။ မိဘရဲ့ကိလေသာရဲ့ ရုပ်တရား။ မိဘရဲ့ဟာတွေပါလား။ တဏှာနဲ့ ကိလေသာတဲ့ မအေနဲ့ ဖအေ အဲဒါ ကိလေသာပဲ။ ငါအခုထွက်လာပြီ။ အဲဒီတော့မှ ဒီတရားကို သစ္စာနဲ့ဟောပါတယ်။ ဒါကြောင့်မို့ ဒီဘဝ ဦးဖင်းလဲ ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ဒါနနဲ့လှူလို့ အပါယ်ပိတ်တယ်ဆိုရင် ဦးဖင်းလည်း

ဒါနချည်းပဲလှျှမှာပေါ့ဗျာနော်။ အဲဒီတော့ ဒါနကတော့ အထောက်အပံ့ခေါ်တယ်။ သီလရဖို့အရေးကြီးပါတယ်။ အဲဒီတော့ ဒီလို သီလမျိုး ဘယ်လိုလုပ်ယူရမလဲ။ အပြင်မှာ အထူးအားဖြင့် သမုတိသစ္စာထားရမယ်။ ကိုယ့်လင်သားပေါ်မှာ ဟုတ်ကဲ့ ဟုတ်ကဲ့။ ကိုယ်သားသမီးတွေအပေါ်မှာ အေး အေး ကိုယ့်အိမ်ကို သူလာရင် ကိုယ့်စိတ်မနိုင်သေးရင် တံခါးပိတ်ထားလိုက်။ ဖွင့်မထားနဲ့။ လာမှာပဲ။ အိမ်ရှိရင် ညှော်သည်လာမယ်။ အဲဒီတော့ ဘာဖြစ်ဖြစ် စိတ်ကမတုန်လှုပ်နဲ့။ အပြင်မှာ မြင်လိုက်တာနဲ့ ပစ္စည်းနဲ့သော်လည်းကောင်း၊ အဲ သားနဲ့သော်လည်းကောင်း၊ အခြွေအရံနဲ့သော်လည်းကောင်း ကိုယ်မှာပိုင်ဆိုင်တဲ့ပစ္စည်းနဲ့ သော်လည်းကောင်း၊ အဲဒီပစ္စည်းဟာမလုပ်နဲ့ဗျို့။ ပုဆိုးကအစသွားခွဲနေတာနော်။ ဖွန်းနဲ့ စကားများတတ်တယ်။ ဒန်အိုးနဲ့ စကားများတတ်တယ်။ ဒါတွေကိုမခွဲပါနဲ့။ အဲဒါတွေကို ဥပေက္ခာပါရမီဆယ်ပါးမှာ နောက်ဆုံးမစွဲပါနဲ့တဲ့နော်။ ဘုရားကဆုံးမ တာ။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်ပေါက်မယ်။ ဒါတွေသိပ်အရေးကြီးပါတယ်။ အတွင်းကဉာဏ်၊ အပြင်ကကံခေါ်တယ်နော်။ ကိလေသာဖြစ်လို့လဲ အဲ ခင်ဗျားတို့မနောက သတ်မှမသတ်တော့ အာရုံနောက် မနောကံကပါကုန်ရော။ ပါကုန်တော့ ကံတွေဖြစ်ကုန်ရောနော်။ အာရုံ(၅)ပါးနဲ့ မနောကလုပ်မှ မလုပ်တတ်တာကိုဗျ။ အဲ မနောက ဉာဏ်ဖြစ်ရမယ်။ အပြင်အာရုံမှာ ကံဖြတ်မယ်။ အဲဒီကံကို ဉာဏ်ကမစွဲဘူးဗျို့။ သဘောလေး အဲဒါသစ္စာနဲ့ပြောလိုက် တာနော်။ အဲဒီတော့ ဒါတွေဟာ ဒကာ၊ ဒကာမလာပြီးတော့နာကြတဲ့ ပရိတ်သတ်တွေ၊ ဆရာတော်တွေ၊ ခုနက သီလရှင်တွေ အားလုံး ဒီတရားဟာ အင်မတန်အရေးကြီးပါတယ်။ စိတ်အလုပ်ပါ။ စိတ်အလုပ်က သိပ်အရေးကြီးပါတယ်နော်။ နေတတ်ဖို့ လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ အဲဒီအာရုံနောက်ကို ငါ့စိတ်ပါသေးသလား။ အကြားအာရုံမှာ ငါ့စိတ်ကလေးက မကောင်းတာတွေဖြစ်သေးသလား။ ကောင်းတာတွေ ဖြစ်သေးသလား။ အမြင်အာရုံမှာ ငါ့စိတ်ကလေးက ကောင်းတာတွေဖြစ်သေးသလား။ မကောင်းတာတွေဖြစ်သေးသလား။ စိတ်ကိုစစ်ရမယ်။ အဲဒီတော့ စိတ်စစ်တဲ့အခါမှာ ဝိပဿနာနဲ့စစ်မှသာလျှင် ခင်ဗျားသိမယ်။ ဝိပဿနာကျင့်တဲ့အခါမှာ ဗျာပါဒစိတ်၊ ကုက္ကုစ္စစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ မိစ္ဆာဒိဋ္ဌိပါဖြစ် နေပြီနော်။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ ဗျာပါဒလည်းမပေါ်ဘူး။ စိုးရိမ်ကြောင့်ကြတဲ့စိတ်လည်း မပေါ်ဘူး။ ဝန်တိုမိစ္ဆာ လည်းမပေါ်ဘူး။ ကုက္ကုစစိတ်လည်းမပေါ်ဘူး။ အဲဒီတော့ ဒီလိုစိတ်မျိုးတွေမပေါ်ရင် အပြင်မှာ အဲဒီလိုနေရမယ်။ အော်မြင်တာ လည်း အာရုံနောက်ကို ငါ မနောကမပါဘူး။ ကြားတဲ့အာရုံနောက်ကို ငါ့မနောက မပါဘူး။ အဲဒီတော့ ဒီလိုစိတ်ကလေးတွေ ကျင့်မှသာလျှင် ခင်ဗျားဟာ သီလမဂ္ဂင်လို့ခေါ်ပါတယ်။ ဒါမဂ္ဂင်နဲ့ကိုက်တဲ့အပြင်သီလ၊ အတွင်းသီလရှိတယ်။ အပြင်သီလက ကံသီလဗျို့။ ဘာကံလဲ၊ ကောင်းတဲ့ကံ၊ သမ္မာကံ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ တစ်ယောက်နဲ့တစ်ယောက် သမုတိ သစ္စာ။ အော်.. ညီလေး မင်းတို့ပြန်လာတာလား။ ကိုယ်တော်လေး ပြန်လာလား။ အေး..အေး ညီလေးရေ စား..စား။ ဒါ သမုတိသစ္စာ၊ သမုတိသစ္စာနဲ့ သမ္မာနဲ့က တစ်ထပ်တည်းဖြစ်နေရမယ်။ အဲဒီလို အပြင်မှာ ယဉ်ကျေးမှ နှလုံးသားက သမ္မာ ဖြစ်မှ၊ သီလမဂ္ဂင်ခေါ်တယ်။ ကံတော့ ကံဘဲ၊ ဒါပေမဲ့ ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်။ အဲဒီလိုအပြင်သီလတွေမှန်မှသာလျှင် အတွင်းသီလဟာစစ်တာ။ အဲအတွင်းမှာ ဉာဏ်ရတဲ့ပုဂ္ဂိုလ်က အပြင်သီလရဲ့ကံတွေကို သဘောပေါက်သွားတာ။ ဒီသဘောပဲနော်။ အဲဒီတော့ အတွင်းမှာက သူကဉာဏ်ဖြစ်နေတာကို ကံဖြတ်ထားတော့ ဆဲတာပေါ့၊ တိုင်းတာပေါ့၊ ဆိုတာပေါ့၊ ထကာတာပေါ့၊ သူလုပ်ချင်တာတွေလုပ်။ သူကအထဲမှာ ဉာဏ်ဖြစ်နေတယ်၊ ဟာ ဒီဘုန်းကြီးဆဲလိုက်တာပဲ၊ တိုင်းလိုက်တာပဲ၊ မဟုတ်တာတွေလုပ်နေတယ်။ ခင်ဗျားတို့ကို တရားပေးသလား။ အဲဒီတော့ ပညတ်နဲ့ပရမတ်ဆိုတဲ့ နှစ်ခုရှိတယ်၊ စာမတတ်ဘူး။ စာမတတ်တော့ ဆဲလိုက်တာ။ တိုင်းလိုက်တာ။ ဒီလိုသာဆိုရင် ဦးပဏ္ဍိတက ခန္ဓာမှာ ဉာဏ်မပေါက်ရင်

ဒီတရားနိမ့်ကျသွားမယ်။ ဉာဏ်ပေါက်ရင်တက်သတက်တက်သွားတယ်။ ခင်ဗျားတို့ကိုပြသွားတာ အေး ငါလုပ်သလို မလုပ်နဲ့၊ ငါစားသလိုမစားနဲ့၊ ငါနေသလိုမနေနဲ့။ အဲဒီတော့ ပညတ်တွေ နင်တို့ခွဲသေးတယ် မဟုတ်လား။ ပညတ်တွေနင်တို့ ခွဲပါလား။ မြင်တဲ့အာရုံပညတ်၊ ကြားတဲ့အာရုံပညတ်၊ အသံပညတ်၊ အနံ့ပညတ်၊ ဒါတွေဟာ ပညတ်နဲ့သညာနဲ့ လိမ်ထားလိုက် တာနော်။ ဒါကြောင့်မို့ ဒီမှာ ဉာဏ်က ခန္ဓာမှာဉာဏ်ရှိပြီ။ ငါကတော့ ဉာဏ်ပေါက်နေပြီ။ မပြောယုံတစ်မယ်ပဲ၊ သူကဆဲလိုက်။ ရောက်ပူးပါတယ်၊ ဒါအစွဲတရားကိုပြောတာပါနော်။ ခုနက အစွဲတရားကဘာလဲ။ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့်တဏှာ။ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ၊ ဒီအစွဲကိုရှင်း။ ဒီအစွဲဟာကံ၊ မနောမှာဉာဏ်ခိုအောင်းမှသာလျှင် သဘောပေါက်သွားမယ်။ ကိုယ်က ကိုယ့်နေရာလေးကိုယ်ယူထား။ သီလအသိလေးဖြစ်အောင်လုပ်ထား။ အပြင်သီလ။ အတွင်းသီလ။ အပြင်မှာစင်ကြယ်မှ အတွင်းသီလမှန်မယ်၊ အပြင်မှာမစင်ကြယ်ရင် အတွင်းသီလလည်းမမှန်ဘူး။ အဲဒါ ဒီဟာလေးကို ကိုယ်ကလုပ်ရမယ်နော်။ ဗျာပါဒစိတ်ကလေးရှိသေးသလား။ ဝန်တိုမိစ္ဆာ စိတ်ကလေးရှိသေးသလား။ ဒါတွေ ကိုယ့်စိတ်ကိုစစ်ရမယ်။ အဲဒီလို ကိုယ့်စိတ်ကိုစစ်တတ်မှသာလျှင် ခင်ဗျားရဲ့ သီလသမုတိ သစ္စာလည်းမှန်တယ်။ သမ္မာလည်းမှန်တယ်။ အဲဒါသီလမပွင့်ခေါ်တယ်။ ဒီသီလရသွားရင် ခင်ဗျားအပါယ်ပိတ်တယ်။ အဲခုနက ဦးဖင်းရဲ့ပါရမီကိုခင်ဗျားတို့ လာပြည့်တယ်၊ ဒီပါရမီဟာလည်း ခုနကပြောသလိုပေါ့။ အင်မတန်မှ ခင်ဗျားတို့သိပါလိမ့်မယ်နော်။ ကိုယ့်ရဲ့စေတနာမှန်ဖို့လိုတယ်။ စေတနာဆိုတာ မနော။ အဲဒီမနောလေးမှန်ဖို့လိုတယ်။ အဲဒီတော့ စေတနာတွေက ပြောင်းတယ်။ ဘယ်သူ့အပေါ်မှာ မေတနာရှိတယ်၊ ဟိုသူ့အပေါ်မှာ စေတနာမရှိဘူး။ ဒီပေါ်မှာ စေတနာရှိတယ်ဆိုတာ ဒါတွေဟာ ခင်ဗျားတို့ သီလပျက်နေပြီ၊ သီလပျက်နေရင် ခင်ဗျားသွားပြီပေါ့ဗျာနော်။ ဒီကနေပြီးတော့ မပြောချင်ဘူး။ ခင်ဗျားတို့ ဆဲပြတယ်၊ တိုင်းပြတယ်။ ဘယ်ဘုန်းကြီးမှမလုပ်ရဘူးနော်။ ဒါတွေပြောတာ အတွင်းမှာဉာဏ်၊ အပြင်မှာကံခေါ်တယ်။ အဲ ဉာဏ်သမားက အဲဒီကံကိုကြိယာနဲ့သုံးသွားတာပါ။ ဒါသစ္စာတွေနဲ့လုပ်သွားတာ အဲဒီတော့ ခုနကဝိနည်း(၂၂၇)သွယ်က အဲဒီတော့ ဦးပဏ္ဍိတ က ညစာတွေစားလိုက်၊ နေ့စာတွေစားလိုက်၊ ကလိုက်၊ ခုန်လိုက်၊ ပေါက်ကရတွေလုပ်လိုက် ယော ဝိနည်းသမား။ သီလသမားက မမြင်တော့ဘူးဗျို့၊ မမြင်တော့ဘူး။ အဲ ခုနက သမ္မာဓိသမားကလည်း မမြင်တော့ဘူးဗျို့၊ သမာဓိသမားကတော့ ဝိဇ္ဇာပေါ့ဗျာ။ ဝိဇ္ဇာဆိုတာ ဦးဖင်းပြောပြပါ့မယ်။ ဒါဆရာတော်ပြောလို့ဦးဖင်းပြောတာနော်၊ ဒါက သစ္စာနဲ့ပြောတာပါ။ ခင်ဗျားတို့ တရားကေန် ယထာဘူတတရားကို နှလုံးသွင်းကြပါလို့ ဦးဖင်းကနေပြီးတော့ သစ္စာနဲ့ပြန်ပြောပြပါ့မယ်။ ဦးဖင်းရန်ကုန်သွားတယ်။ သွားတဲ့ အခါကျတော့ ရန်ကုန်ကချောင်းဝဆရာတော်ဆီရောက်သွားတယ်၊ ဘုရားမြန်မြန်တည်လိုက်တဲ့၊ အဲဒါကို ဦးဝမ်သိန်းကလည်း အရှင်ဘုရား ရန်ကုန်ရောက်ပြီ၊ ဆရာတော် ချောင်းဝကျောင်းနားတော့ရောက်လာပြီတဲ့၊ ဝင်အုံးမလားတဲ့၊ ဟာဝင်လေဗျာ။ ပြီး ဝင်တော့ ဆရာတော်က ဘာပြောလဲဆိုတော့ ဟေ့ဒကာတွေ မင်းတို့ ဘုရားမြန်မြန်တည်လိုက်တဲ့။ ယော ဦးဖင်းက သိပြီဗျို့၊ အော်...အေး..အေး ကိုယ့်အသိ ကိုယ်သိတာပေါ့ဗျာ။ ဖဲသိတော့ ဦးဖင်း ဘာမှမပြောဘူး။ ခေါင်းလေးစိုက်ပြီးတော့ ကဲ ဒကာကြီး သွားကြမယ်။ အဲဒီတော့ သွားကြတယ်။ ပုစွန်တောင်ကိုသွားကြတယ်။ ဒကာကြီးတွေလည်း မသိပါဘူး။ ဦးဖင်းလည်း မပြောပါဘူး။ အဲဒီလိုနဲ့နေတယ်။ ဦးဖင်းလုပ်တာလည်း ဒကာကြီးတွေမသိပါဘူး။ ဦးဖင်းလည်း မပြောပါဘူး။ အဲ ဦးဖင်း (၃/၄)ရက်ကြာတော့ ဦးဖင်းသွားတယ်၊ ဦးဖင်း မနောနဲ့လျှောက်တယ်၊ ဆရာတော်ကို အဲဒီ ချောင်းဝဆရာတော် ကို ဆရာတော်ဘုရားလို့ လမ်းပေါ်က ကျောက်ခဲလည်းကောက်ရပါတယ်ဘုရား။ မြောင်းထဲက ကျောက်ခဲလည်းကောက်ရ ပါတယ်ဘုရား။ တပည့်တော် စိတ်ကိုစစ်ပါတယ်ဘုရား။ ဟာ ငါ့ရဲ့အရိယာဆရာတော်ကြီးပဲနော်၊ ဒကာကြီး အဲဒီကတည်းက

မနေနာနဲ့ လျှောက်တာ။ ဝိဇ္ဇာကသိတယ်။ ဦးဇင်းလုပ်တာ။ ဒီမှာလုပ်တာ သီလသမားက မသိဘူး။ သဘောပေါက်ပြီလား။ သီလ သမားက မသိနိုင်ဘူးတဲ့၊ ဝိဇ္ဇာသမားကတော့ ဝိဇ္ဇာကြီးတွေကတော့ အကြားအမြင်ရတော့ သိတာပေ့ါ၊ ကိုယ်ကလည်း အစက နားမလည်ဘူးဗျ။ ဒကာတွေကို ကိုယ်ကလည်း လုပ်မိခဲ့တယ်။ ဝန်ခံခဲ့တယ်။ ဒါပေမဲ့ စိတ်ပါတယ်၊ မပါတယ်က ဦးပဏ္ဍိတ ရဲ့ အကြောင်း။ ဒါကြောင့် ဒီနေရာမှာ ဘူမိနက်သန်မှန်တာ။ ခုနက ဟိုမနေ့က ဆရာလေး ဘယ်ကဆရာလေးလဲ ဆိုတော့ ကျောင်းဆရာလေး သွေးလျှံတယ်။ သွေးအန်တယ်။ သူတို့လာပြီးတော့ ဦးဇင်းတို့ကို အားကိုးကြတယ်၊ အေး..နေကြ၊ အပြင်မှာ လေးငါးရှစ်ရက် သူတို့သွေးအန်တယ်။ သွေးလျှံတယ်ဆိုတော့ ကလေးက မျှော့နေပြီ၊ အဲဒီမှာ ဝါးကျောင်းမှာနေတယ်။ နေတော့ ဦးဇင်းက ဘာမှမရှိဘူးလေ။ တစ်နေ့သောအခါမှာ သူတစ်ရက်ပြီးတစ်ရက် နေကောင်းလာတော့ အဲဒီမှာ ဆရာတော်ကြီးဆီမှာ ညောင်ပင်ကြီးဆရာတော်ကြီးဆီမှာ ဒေါက်တာတစ်ယောက်က အမြဲတမ်း ဆေးလာလာထိုးပေးတယ်။ ရက်ပတ်နဲ့ထိုးပေးတဲ့အခါကျတော့ ဒေါက်တာကြီးက ကလေးရဲ့အကြောင်းကို စုံလင်စွာနဲ့မေးတယ်။ မေးတဲ့အခါကျတော့ ခင်ဗျား သွေးလျှံတယ်၊ သွေးအန်တယ်၊ အခုကော အန်သေးလား။ လျှံသေးလား။ မအန်ပါဘူးတဲ့၊ အပြင်မှာတော့ အန်ပါတယ် တဲ့။ လျှံလည်းလျှံပါတယ်တဲ့။ ဒါဖြင့် ခင်ဗျား နောက်ဖေးသွားတဲ့အခါကျတော့ ဘယ်လိုအရောင်မျိုးလဲ။ မည်းမည်းတွေပဲ လာပါတယ်။ အဲဒီဒေါက်တာက သွေးကြောပေါက်လို့ပဲ။ ဝမ်းဘက်လှဲ့ဆင်းတာပဲ။ ဝမ်းသွားတာပဲတဲ့။ ပုသိမ်ဆေးရုံပို့ပါတဲ့၊ အဲဒီတော့ ပုသိမ်ဆေးရုံပို့တဲ့အခါကျတော့ တော်တော်လည်း ကုလို့မလွယ်ဘူး။ ဆေးရုံကိုမြန်မြန်သွားပါတဲ့၊ ဆရာကြီးက အကူအညီပေးပါတယ်။ အဲ ပေးတဲ့အခါကျတော့ သွားမယ့်ပုဂ္ဂိုလ်က ဦးဇင်းကို လာတိုင်ပင်တယ်။ အရှင်ဘုရား သွားရမလားတဲ့၊ ခင်ဗျားတို့အပေါ်မှာ မူတည်ပါတယ်လို့၊ ခင်ဗျားတို့ ဆန္ဒပဲလို့၊ သွားရင်သိပ်ကောင်းတာပေ့ါဗျာ၊ ဦးဇင်း ဒါတော့ပြောတယ်။ သူတို့စဉ်းစားတယ်။ စဉ်းစားတဲ့အခါကျတော့ စဉ်းစားရင်း စဉ်းစားရင်း သူတို့မသွားတော့ဘူးဗျို့ မသွားတော့ နေကောင်းလာတယ်နော်။ ဒေါက်တာတောင်မှ မျက်စိလည်နေပြီနော်။ ဒါဥပမာလေးပြောတာ၊ ဒါနဲ့တောင် မကဘူး။ အဆန်းအပြားတွေလည်းပျောက်ကုန်ပါပြီ၊ ဒါတွေဟာ ကံတရားတွေပါ။ လောကီအကြောင်းတွေပါ လောကုတ္တရာ မှန်တော့ လောကီမှာထူးပါတယ်။ ဒါကြောင့်မို့ ဒီရဲ့ ဘူမိနက်သန်အင်မတန်မှထူးပါတယ်။ သွေးတစ်စက်မကျစေရပါဘူးလို့ ပြောထားတယ်နော်။ ခင်ဗျား ထိခိုက် အဲခုနက သစ်ပင်ပေါ်က အဲအပြင်ဘက်ကဖြစ်တာကတော့ ဦးဇင်းလည်း မတတ်နိုင်ဘူး။ ဒီအတွင်းထဲမှာကို ဦးဇင်းပြောတာပါနော်။ သိပ်ပြီးတော့ထူးပါတယ်။ ဒီနေရာတွေက ဒါကြောင့်မို့ ခင်ဗျားတို့ ဦးဇင်းဟာ စာပေကျမ်းဂန်မတတ်ပေမယ့် စိတ်နှလုံးလေးဟာ ဦးဇင်းတည်ကြည်အောင်၊ သစ္စာရှိအောင် မယိမ်းမယိုင်ဘဲနဲ့ ဦးပဏ္ဍိတ ကလည်း အဲ သူကမသေခင် ခင်ဗျားတို့ တရားစစ်၊ တရားမှန်တွေရအောင်လုပ်ဖို့က ခင်ဗျားတို့တာဝန်။ စိတ်တွေပြောင်းကြ ပါ။ ဗျာပါဒစိတ်တွေ၊ မိစ္ဆာဒိဋ္ဌိစိတ်တွေ၊ အဝိဇ္ဇာစိတ်တွေ၊ ဝန်တိုမိစ္ဆာစိတ်တွေ၊ ကုက္ကုစ္စစိတ်တွေ မရှိယူပါစေ။ ယူသွားပါစေ။ မနေမျောပါနဲ့။ အဲလိုတာကို ဦးဇင်းဖြည့်ပေးသွားမယ်နော်။ ဒါတွေကို တစ်ယောက်နဲ့တစ်ယောက် ခွန်းကြီးခွန်းငယ် ရန်ဖြစ်တာ တို့ ဘာတို့ဆိုတာ နှစ်သထက်နစ်သွားလိမ့်မယ်နော်။ အင်မတန်မှ ဒီသာသနာဟာထူးပါတယ်။ စာလည်းမတတ်၊ ပေလည်း မတတ်။ ဒါကြောင့်မို့ ဒေါ် ငါသည် အရင်တုန်းက သမ္မာန်ခတ်ခဲ့ရတယ်။ ရေထမ်းခဲ့ရတယ်။ ငါ ဒုက္ခအမျိုးမျိုး ငါခွဲလို့ရောက်ခဲ့ ရပါလား။ ဒီအစွဲတရားဟာ ငါသံသရာတစ်လျှောက်လုံး ကညွတ်ကွင်းလျှောက်ပြီးသကာလ အာရုံ(၅)ပါး ငါမလွတ်လို့ မနောကံ တွေဖြစ်နေပါလား။ သမုတိသစ္စာမှာလည်း ငါအလွန်စွဲပါလား။ အတိတ်ကံလည်းမပယ်နိုင်ပါလားဆိုပြီးတော့ အဲဒီလိုအစွဲ ဥပါဒါန်တွေကိုသိလာတဲ့အတွက်ကြောင့် သိုက်တွေကလည်းလျှ၊ ဓါတ်တွေကလည်းလျှ၊ နတ်တွေကလည်းလျှ၊ ဒီလျှလိုက်တဲ့

ပစ္စည်းတွေကို ဒကာ၊ ဒကာမများဟာ အလိုအလျောက် ဖဲခင်ဗျားတို့မြို့ထဲကိုမထွက်ကြနဲ့ဟဲ့။ ဆွမ်းမခံနဲ့၊ လိုတာရှိရင်ပြော၊ ဆေးလိပ်ရှိရင် ဆေးလိပ်အကုန် ဦးဖင်းက ခင်ဗျားတို့လာတဲ့အခါမယ် ဖယောင်းတိုင်ဆို ဖယောင်းတိုင်၊ အမွှေးတိုင်ဆို အမွှေးတိုင် လိုလေသေးမရှိပါဘူးဗျာနော်။ မေးကြည့်ပါ။ ဒါဘာလဲ။ တရားကိုနတ်စောင့်ပါတယ်။ အဲဒီတော့ ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်ပေမဲ့ သူ့ရဲ့အသိလေးက ဘာနှလုံးသွင်းထားတယ်ဆိုတာ ခင်ဗျားတို့ အကဲခတ်လို့ရပါတယ်၊ အစတုန်းက ဒီလူကြီးက လူရုပ်ကြီး၊ ကောင်းတဲ့လူကြီးမဟုတ်ဘူး။ နည်းနည်းမှမကောင်းပါဘူး။ အခုဟာ ဒီလူကြီး ဒီလိုဖြစ်တယ်ဆိုတာ ခင်ဗျားတို့ စာတတ်၊ ပေတတ် အသိတွေမှန်ဖို့လိုပါတယ်နော်။ ဒါကြောင့်မို့လို့ ကိုယ့်မနောဟာ စေတနာမပျက်ပါနဲ့တဲ့၊ အယုတ်အလတ်မရွေးနဲ့။ ကိုယ့်ညီမလေးတွေ၊ ညီလေးတွေလာတယ်၊ လာအားကိုးတယ်။ စားစရာရှိရင်ချကျွေးလိုက်၊ ဝှက်မထားနဲ့။ အဲဒီလိုအပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာစင်ကြယ်တယ်ဆိုတာ စေတနာတွေက မှန်ကုန်ပြီလေဟာ။ အပြင်မှာအယုတ်အလတ်မရွေးတော့ဘူး။ အယုတ်၊ အလတ်မရွေးရင် မနောဓမ္မာရုံကလည်း ကြည်နေပြီဗျို့၊ အဲဒါတရားပါပဲ။ အဲဒီတော့ အပြင်မှာက ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့အိုး၊ ငါ့ဟာဆိုတော့ စေတနာပျက်ရင် မနောစေတနာကလည်း မနောစိတ်ကလည်း ပျက်လာပါပြီတဲ့နော်။ အဲဒါလေးကို အကဲခတ်ပြီးတော့ အဲ ကျင့်ကြပါ။ ကြံကြပါ၊ အားထုတ်ကြပါ၊ သီလမပွင့်အခြေခံပြီးတော့ သီလမဂ္ဂင်ဆိုတာ အဲခုနက သမ္မာကလည်း သမ္မာဆိုတာ ယုံကြည်ရမယ်၊ ယုံကြည်တယ်။ ဒီတရားကို တို့ယုံကြည်ရင် ဝီရိယ ထူထောင်ရမယ်။ ဝီရိယအားကောင်းလာရင် သီလအားကောင်းလာမယ်၊ သီလရတယ်ဆိုရင်ပဲ ခင်ဗျားတို့ ထူးပါပြီဗျာ။ သီလ အစစ်၊ ဒါနအစစ်၊ ဘာဝနာပွားများပြီးတော့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ဆေးကြောပါတယ်။ အဓိစိတ္တနဲ့ဆေးကြောပါတယ်။ အဓိပညာနဲ့ဆေးကြောပါတယ်၊ ဦးပဏ္ဍိတလည်း အဝိဇ္ဇာဘဲ ပေါင်းသင်းနေရတယ်နော်။ မချစ်လည်းပေါင်း ချစ်လည်းပေါင်း။ ဒါကြီးကပေါင်းနေရတယ်၊ အဲဒီကိုယ်ပိုင် အိမ်ပြန်လာရတယ်။ အဲဒီလာရတဲ့အခါကျတော့ အာရုံ(၆)ပါး အေး..အေး..အေး ဒီလိုဖြစ်နေတာအပြင်မှာ စင်ကြယ်နေပြီလေ။ အပြင်မှာ စင်ကြယ်တော့ အတွင်းဘက်က ညဏ်ဖြစ်နေပြီ၊ စေတနာကလည်း ထူးနေပြီ၊ အဲဒါလေးကို အတုမြင်အတတ်သိုးပါ၊ ပြန်ရတော့မယ်၊ နီးနေပြီနော်၊ အဲဒါလေးတွေ သတိလေးထား။ ကံကမလုပ်နဲ့၊ အဲဒီတော့ ပောဇီ လူများမနာလို ကိုယ်အကျိုးမရှိ၊ မဿရိယစိတ်၊ မနာလိုတဲ့စိတ် ပောဒ်ဘဝမှာ လောလောဆယ် လုပ်လိုက်တော့ အဲဒီကံက ချက်ချင်း ကိုယ့်ကိုခံရတယ်ဗျို့၊ အဲဒါကြောင့် သိပါလို့ သိကြပါ။ မြင်ကြပါ၊ ဒီကံတွေကို မကောင်းတဲ့ အကုသိုလ်ကံတွေကို သွားပြောလိုက်တာဟို့၊ သွားကြားလိုက်တာတို့၊ သွားပြီးတော့ ဖြစ်လိုက်တာ။ အဲဒီကံက လောလော ဆယ် ပောတစ်ခုပြီးတစ်ခု ပျက်စီတွေဖြစ်လိုဖြစ်၊ နှာခေါင်းတွေဖြစ်လိုဖြစ် ကိုယ်မှစိတ်ကောင်းမှမရှိတာကိုဗျ။ အပြင်မှာသွားပြီးတော့ ဒေါသတွေဖြစ်လိုက်၊ မနောကဖြစ်လိုက်၊ ကလိ ကလိဖြစ်နေတယ်၊ အဲဒါ ခင်ဗျားတို့ အဲဒီလိုစိတ်မျိုးတွေ ကိုမမွေးပါနဲ့တဲ့။ အော် မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား။ စားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သိတာလည်းမမြဲပါလား။ မမြဲတော့မစွဲဘူး။ မစွဲတော့ ဥပါဒါန်ဖြစ်နေပြီနော်၊ ပြတ်အောင်လုပ်ပါ။ လိုက်ပါ။ နောက်က နေပြီးတော့ ဒုက္ခဟာ ခန္ဓာနဲ့ရင်းမှ ဒုက္ခသစ္စာမြင်ရလိမ့်မယ်နော်။ ဒုက္ခသစ္စာဆိုတာ အစွဲကိုခေါ်တာ။ ဖဲခင်ဗျားမွေးလာ ကတည်းက စွဲတာပဲဗျို့၊ အဲဒါ ဒုက္ခသစ္စာပဲ။ ကံတရားတော်။ အဲဒီတော့ ကံတရားဟာ သမ္မာကံကိုယူပါ။ မိစ္ဆာကံကိုပယ်ပါ။ မိစ္ဆာကံဟာ အခုပယ်နေပြီ။ ဝိသုဒ္ဓိကျောင်းမှာ ခင်ဗျားတို့ ကံကြီးကိုပယ်ပြီးပြီ၊ သူများပစ္စည်းမခိုးဘူး။ မညာဘူး။ ဒါပေမယ့် မနောကတော့ ဖွက်ပေါက်နေတယ်ဗျို့၊ မနောဖွက်မပေါက်ပါစေနဲ့၊ ကြည့်နေပါ။ ဒီဘဝ သူဌေးလည်းပြန်မှာပဲ၊ ဘုန်းကြီးလည်း

ပြန်မှာပဲ။ လူမျိုးမရွေး ဘာသာမရွေး အကုန်ပြန်ရမယ်။ စိတ်ကောင်းနှလုံးကောင်းထား။ စိတ်စင်ကြယ်ဖို့လိုတယ်။ အပြင်မှာ စင်ကြယ်မှ မနောလေးကလည်း စင်ကြယ်တယ်။ အဲဒီတော့ အပြင်မှာမြင်လိုက်တဲ့ အာရုံတွေပေါ်မှာ စေတနာမပြောင်းဘူး။ အဲဒီစိတ်ကလေးကမပြောင်းဘူး။ စေတနာမပြောင်းဘူး။ ဒါစေတနာပြောင်းတယ်ဆိုတာ ဟောဒါက သမီး၊ ဟောဒါကသားတဲ့၊ ဒါနဲ့ဘာမှမဆိုင်ဘူးတဲ့၊ အဲဒီမနောပြောင်းတော့ စေတနာပါပြောင်းတယ်နော်။ စေတနာဟာ အယုတ်၊ အလတ်၊ အမြတ်မရွေး ပါနဲ့။ စေတနာနဲ့ခင်ဗျားတို့ သီလမဂ္ဂင်ရအောင်ယူကြပါတဲ့။ ဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့.....။ (သာဓု..သာဓု..သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

(၁၆–၄–၁၉၉၇)ရက်နေ့ (သင်္ကြန်အတက်နေ့)
မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၄)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

## (၁၆-၄-၁၉၉၇)ရက်နေ့ (သင်္ကြန်အတက်နေ့)
## မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော
## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၁)

ဦးဇင်းက စာပေကျမ်းဂန်မတတ်ပေမဲ့ အသိတရားများကို ဦးဇင်းရဲ့အသိတရားနဲ့ စာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရေးထားတဲ့ တရားနဲ့ ဦးဇင်းရဲ့ခန္ဓာကသိတဲ့ အသိတရားနှစ်ခုကို ဦးဇင်းပြောပေးပါမယ်။ အကယ်၍များ ခန္ဓာသိက စာပေါ်မှာတင်လိုက်တဲ့အခါမှာ စာကတော့မှန်နေတယ်။ ပြောတာလေးများ ခန္ဓာသိကမှားသွားရင် သည်းခံပါ။ အားလုံး ဆရာတော်၊ သမားတော်၊ သံဃာတော်အရှင်မြတ်၊ သီလရှင်ဆရာလေး၊ ယောဂီ အားလုံးတရားနာမိတ်ဆွေများ တောင်းပန်ပါတယ်။ ဦးဇင်းက ခန္ဓာကအသိနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရေးထားတဲ့ စာအသိနဲ့ သဘောလေးလောက် အသိလေး သိသွားရင် ခင်ဗျားတို့ကိုယ့်ကိုကိုယ် နေတတ်တယ်။ စားတတ်တယ်။ သွားတတ်တယ်။ လာတတ်တယ်။ ဒါလေးတွေကို ဦးဇင်းက ခန္ဓာအသိတွေကို သဘောလေးလောက်ပြောပြပါမယ်။ စာကရေးထားတယ်။ ကံတရားရှိတယ်။ စျာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်။ သောတပန်ရဲ့ အသိ၊ သကဒါဂါမ်ရဲ့ အသိ၊ အနာဂါမ်ရဲ့ အသိ အသိ(၄)မျိုးရှိပါတယ်။ အသိ(၄)မျိုးရှိသလို သဒ္ဓါ(၄)မျိုးရှိပါတယ်။ တပည့်တော် ရဟန္တာလို့မပြောဘူး။ အနာဂါမ်လို့မပြောဘူး။ သဒ္ဒါဂါမ်လို့လည်းမပြောဘူး။ သောတပန်လို့လည်းမပြောဘူး။ စာအရနဲ့ ခန္ဓာအသိကို တင်ပြပါတယ်။ သောတပန်ရဲ့အသိ၊ သောတပန်ရဲ့ခန္ဓာအသိက ဦးဇင်းတို့ စာထဲမှာရေးထားတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားရှိစဉ်လက်ထက်က ဝိသာခါကျောင်းအစ်မကြီးက သူလှူပါတယ်တဲ့။ ဘုရားကလည်း အင်မတန်ထူးမြတ်တဲ့ဘုရားပေါ့၊ သဒ္ဓါဒိဋ်ရှိပါတယ်၊ ယုံလည်းယုံကြည်ပါတယ်။ သဒ္ဓါဆိုတာ ဗမာလို ယုံကြည်ပါတယ်တဲ့၊ ဝိသာခါကျောင်းအစ်မဟာ မဟာသောတပန်လို့ သတ်မှတ်ပါတယ်။ မဟာ ဘာကြောင့်ထည့်ပေးရသလဲ။ ဘုရင်းရှင်ကိုယ်တော်မြတ် ကာယ၊ ဝစီ၊ မနောကိုယ်ထိလက်ရောက်လှူလိုက်ရတဲ့အလှူဖြစ်တဲ့အတွက်ကြောင့် မဟာသောတပန်အသိလို့ သတ်မှတ်ပါတယ်။ ကိုယ့်ရဲ့ကာယ၊ ဝစီ မနောနဲ့လှူပါတယ်၊ ဝတ္ထုကတော့ ပစ္စည်း၊ သူ့ရဲ့ယုံကြည်တဲ့ စေတနာက နိဗ္ဗာန်ကိုရောက်လိမ့်မယ်။ ဒါကြောင့်မို့ မဟာသောတပန်လို့ သတ်မှတ်ပါတယ်။ ဘုရားကိုမှီသွားတဲ့အတွက်ကြောင့် ဦးဇင်းတို့ ခင်ဗျားတို့ ဘုရားမမီခဲ့ဘူး။ ဒါပေမယ့် သာသနာ (၂၅၀၀)အကျော်မှာ သာသနာမဆိတ်သုဉ်းသေးဘူး။ သာသနာ မဆိတ်သုဉ်းသေးသလို မြေလျှောက်ရဟန္တာတွေရှိတယ်။ ဒါမြေလျှောက်ရမယ်လို့ နဂိုမှာ စာမရေးပါဘူး။ ကိုယ့်အသိနဲ့ကိုယ် ကိုးကွယ်ကြတာဘဲ။ အဲဒါတော့ သူများအကြောင်းကို ကိုယ့်အကြောင်းပလုပ်နဲ့။ သူများအကြောင်းဆိုတာ ဥပမာ သားတွေ သမီးတွေမြင်လိုက်တဲ့အခါမှာ သားတွေသမီးတွေအကြောင်းတွေ သွားမစွဲနဲ့။ ဒီဘဝ ဒီတစ်ခါပဲတွေ့ရမယ်။ လူတွေတွေ့တဲ့ အခါမှာ စေတနာနဲ့တွေ့ကြပါ။ မိစ္ဆာအယူနဲ့မတွေ့ကြပါနဲ့။ မိစ္ဆာအသိနဲ့ မပြောကြပါနဲ့။ စေတနာအသိနဲ့ ဝေဖန်သုံးသပ်ပြီးတော့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပြီးတော့ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ လေးလေးစားစားနဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပြီး ယဉ်ယဉ်ကျေးကျေးသိမ်သိမ်မွေ့မွေ့ မင်္ဂလာ(၃၈)ဖြာနဲ့သုံးကြပါ။ ဒီဘဝ မြန်မှာပဲ။ ဟောတဲ့သူလည်း မြန်မှာပဲ။ နာတဲ့သူလည်း မြန်မှာပဲ။ အနတ္တတရားကိုဗျနော်။ ဒါကြောင့် သောတပန်ရဲ့အသိဟာ အင်မတန်မှ သမာဓိကောင်းတယ်။ သမ္မာအယူတွေယူတယ်။ မိစ္ဆာအယူတွေပယ်တယ်။ မိစ္ဆာဆိုတာ အစွဲတော့အစွဲပဲ။ အတ္တတော့ အတ္တပဲ။ ဘုရားရှိခိုးတယ်၊ တံမြက်စည်းလှည်းတယ်။ ပန်းကပ်တယ်။ ရေချမ်းကပ်တယ်။ ကောင်းမှုကုသိုလ်တွေကို နှလုံးသားထဲမှာ သူဖြစ်နေတာ၊ ဒေးပတ်ဝန်းကျင်က မသိဘူးဗျ။ သူ့ဘာသာသူ ကောင်းတဲ့စိတ်ကလေးနဲ့ သူဖြစ်နေတယ်။ ကောင်းမှုကုသိုလ်တွေ သူလုပ်နေတာ။

ဒါပေမယ့် တဏှာကိုတော့ မပယ်နိုင်ဘူးနော်။ အဲဒီတဏှာကို မပယ်နိုင်တဲ့အတွက်ကြောင့် သူက သောတပန်လို့ ခေါ်ပါတယ်။ အဲဒီသောတပန်က အင်မတန်မှ သံဃာတော်အရှင်မြတ်တွေကပ်တယ်။ ပုဂ္ဂလိကကပ်တယ်။ သံဃိကကပ်တယ်။ သံဃိကကို များများကပ်ပေး။ ဘာဖြစ်လို့ သံဃိကကိုကပ်သလဲ။ စေတနာတွေ အယုတ်အလတ်မရွေးအောင် ဒီသံဃာတော်အရှင်မြတ် ဘုရားရဲ့သားတော်တွေပဲဆိုပြီးတော့ ဒီလိုအသိတွေနဲ့ စေတနာတွေကမှန်လာတယ်။ ပုဂ္ဂလိကအနေနဲ့ကပ်တဲ့အခါ ရွေးပြီး ကပ်တယ်။ ဟောဒီသံဃာမှသံဃာ အစွဲလေးနဲ့ကပ်တယ်။ အစွဲလေးပါရင် သံသရာလည်လိမ့်မယ်။ ဒီအစွဲလေးမပါအောင် ကပ်တတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သံဃိကလှူတယ်။ ပုဂ္ဂလိကလှူတယ်ဆိုတာ စေတနာရဲ့အကြောင်း တွေကိုပြောတာပါဗျာ။ အဲဒါတွေကို ကပ်တတ်ဖို့လိုတယ်။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ ပြန်ကြမှာပဲ။ အားလုံးပြန်ကြ မှာပဲ။ အနတ္တတရားကိုဗျ။ ဒိုမယ်။ နာမယ်။ သေမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဘယ်သူမှမနေရပါဘူး။ ကံကုန်ရင် ပြန်ရမှာပဲ။ အဲဒီဟာလေးကို သတိအမြဲတမ်း ကပ်ထား။ အဲဒါခန္ဓာသိ အော် (အေး)[၄] အော် (အေး)[၄] စိတ်မဆိုးနဲ့ စိတ်ဆိုးတယ်ဆိုတာ မောဟရှိလို့ဆိုတာ။ ငါစိတ်လေးက ပြောင်းသွားပါလား။ ငါ့ကို နင်မဲ့ငစေပြောလိုက်တာ။ အရှက်တကွဲအကျိုးနဲ့ဖြစ်ပါကလား။ ငါက ဒေါသဖြစ်ပါကလား။ ဒါကို မိမိရဲ့သညာအသိနဲ့သိတယ်။ ဆဲပါစေကွယ်။ တိုင်းပါစေကွယ်။ သူဆဲမှ ငါသတိရတယ်။ အသိကမှတ်တယ်ဗျို့။ ဆဲတာကိုမှတ်လိုက်တယ်။ မြင်တာကိုမှတ်လိုက်တယ်။ ကြားတာကိုမှတ်လိုက်တယ်။ စားတာကို မှတ်လိုက်တယ်။ အဲဒါသညာအသိတွေနော်။ ဒါကြောင့်မို့ အော် (အေး)[၄] အော် (အေး)[၄] ဒါလေးတွေ အသိတွေ အရေးကြီးပါ တယ်။ ဒါကြောင့်မို့ သောတပန်ရဲ့အသိရဖို့လိုပါတယ်။ မနောသန့်ရှင်းစင်ကြယ်အောင် မနောဟာ အာရုံငါးပါး ပေါ်မှာ စက္ခုအာရုံ နားသောတအာရုံ၊ ဇိဝှါအာရုံ၊ နံ့သာအာရုံ၊ ကိုယ်အာရုံသမ္မာတွေနဲ့ ဘာကြောင့်သုံးထားသလဲ။ မနောက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ အဲဒီအာရုံတွေကို သစ္စာထားတယ်။ သမုတိသစ္စာ၊ ပရမတ်သစ္စာ၊ ဒါသမုတိသစ္စာတွေ။ ဒီသစ္စာ တွေမှန်မှ သမ္မာမှန်မယ်။ သမ္မာမှန်မှ သမုတိသစ္စာမှန်မယ်။ အဲဒါအပျံ့ယ်ပိတ်မယ့်တရားပဲ။ အဲဒါခန္ဓာကိုယ်ဆေးကြော တဲ့ တရားပဲ။ ခန္ဓာကို အခုခေတ် အခုကာလအချိန် အဲဒီခေတ်ထဲမှာ ဆေးကြောတတ်ဖို့လိုတယ်။ အော် (အေး)[၄] အော် (အေး)[၄] မြင်လိုက်တဲ့အာရုံသညာနဲ့ မမြင်လိုက်နဲ့သညာမြင်ရင် မှတ်မယ်။ ငါဆဲလိုက်တာပဲ။ ငါ့ပစ္စည်းကိုယူလိုက်တာပဲ။ တစ်ယောက်နဲ့တစ်ယောက် ငုံးချောတယ်။ သူကဘာ၊ ငါကဘာ၊ ရန်ဖြစ်ကြတယ်ဗျို့။ အဲဒါ သညာနဲ့ယူတော့ ဆူးပေါ်ဖက်ကျ တယ်။ ဖက်ပေါက်တယ်။ ဖက်ပေါ်ဆူးကျတယ်။ ဖက်ပေါက်တယ်။ ဘယ်ကလဲ။ ဘဝင်စိတ်နော်။ အဲဒါသညာလေးနဲ့ အမှတ်မှားနေကြတယ်။ ဒါတွေခင်ဗျား ကိုယ့်ပေါ်မှာမူတည်ပါတယ်။ ဒါခန္ဓာသိတရားတွေနော်။ ဒါကြောင့်မို့ သောတပန်ဖြစ် အောင် ခင်ဗျားတို့ ကျင့်ကြံအားထုတ်ကြ။ လွယ်လွယ်လေးဘဲ တဏှာကိုတော့ မပယ်ဘူးဗျာ။ မိစ္ဆာပယ်တယ်။ သမ္မာကိုယူ တယ်။ ဒါလေးယူတတ်ဘို့လိုတယ်။ ပါးပေါ်မှာ တဏှာတွေပါလား။ သညာနဲ့မမှတ်ပါဘူး။ ကောင်းတာကိုမှတ်မယ်၊ မကောင်းတာ ကိုပယ်မယ်၊ ဒါတွေခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သံဃိကကိုလှူပါ။ ပုဂ္ဂလိကဆိုတာ တစ်ဦးတည်းပဲဗျာ။ အဲဒီတော့ သံဃိက ကိုလှူတော့ ခင်ဗျားရဲ့စေတနာတွေက အလွန်ကောင်းလာမယ်၊ အယုတ်အလတ်အမြတ်မရွေး သံဃာတော် အရှင်မြတ်များ ကိုလှူတယ်။ ဒကာ၊ ဒကာမတွေလှူတတ်လာပြီ၊ ပုဂ္ဂလိကနေ သံဃိကကိုလှူလိုက်တာ။ ဒါခင်ဗျားတို့အတွက်တွေပါ၊ ခင်ဗျားတို့ စေတနာတွေမှန်ဘို့ ဟောပေးတာပါ။ ဘယ်သံဃာက ကောင်းတယ်။ ဘယ်သံဃာက မကောင်းဘူး။ ဒီလိုသွားမပြောနဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်ရဲ့စေတနာမှန်ဘို့ အရေးကြီးတယ်။ ဘာလို့လဲဆိုတော့ ခင်ဗျား သညာအမှတ်နဲ့ လှူတယ်။ စေတနာတွေပျက်ကုန်ပြီမမှတ်နဲ့၊ အော် (အေး)[၄] အော် (အေး)[၄] ဒီ အေး...အေးလေးနဲ့လှူသွား ကြပါ။ ဒီအလှူကမြတ်ပါတယ်။ ခင်ဗျားတို့လှူတတ်ဘို့လိုပါတယ်။ နေတတ်ဖို့လိုပါတယ်။ စားတတ်ဖို့လိုပါတယ်။

သွားတတ်ဖို့လိုပါတယ်။ သေတတ်ဖို့လိုပါတယ်။ ဒီဘဝကိုပြောတာ။ ဒီဘဝ ပစ္စုပ္ပန်တည့်တည့် အနတ္တ တရားကိုပြောတာ။ သောတပန်ရဲ့အသိကနေတက်ပြီး သဒ္ဒါဂန်ရဲ့အသိကဘယ်လိုလဲ။ သဒ္ဒါဂန်ဆိုတာ သူ့ရဲ့ဝိပဿနာ တရားတွေ ကျင့်ကြံအားထုတ်ကြတဲ့အခါကျ အထူးအားဖြင့် လုံ့လ ဝီရိယတွေနဲ့ ကျင့်တဲ့အခါကျတော့ သမာဓိအား ကောင်းလာတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကြီးက ရိုးတိုးရွတဖောက်ပြန်တဲ့ သခ်ီရသဘောတွေတွေ့လာရပြီ။ အပြင်ရဲ့သဒ္ဒါက အလွန် ကောင်းတယ်။ အတွင်းသဒ္ဒါကလည်း အလွန်ကောင်းတယ်။ သူ့မှာ ဘာဖြစ်လဲဆိုတော့ ငါဆိုတဲ့အတ္တလေးက ကျန်နေသေး တယ်ဗျို့။ အဲဒီအတ္တဆိုတာ အစွဲပေါ့ဗျာ။ အဲဒီအတ္တလေးကျန်နေတယ်။ အဲဒါသဒ္ဒါဂန်လို့ခေါ်ပါတယ်။ အစွဲတရား အတ္တတွေ မပျောက်သေးပါဘူးဗျာ။ အဲဒါလေး သူ့ကိုယ်မှာ မနောနဲ့သူတွေ့ရတဲ့ အတွေးအာရုံတွေပေါ်မှာ မာန်ဖြစ်နေတယ်။ ဘာမာန်လဲ စိတ်မထိန်းထားနိုင်ဘူး။ လုပ်ချင်ရာ လုပ်တတ်တယ်။ အဲဒါတွေကို ဦးပဥ္စင်းက စာမတတ်လို့ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ အတ္တမလွတ်စေဒညးဒဗျာ။ သမ္မာဒိဋ္ဌိတော့ ဒိဋ္ဌိဘဲ။ ဒိဋ္ဌိမလွတ်သေးဘူးပေါ့ဗျာ။ အနာဂါန်ကျတော့ အာရုံပေါ်မှာ အမှတ်မှားလေးတွေရှိတယ်။ အာရုံ(၆)ပါးပေါ်မှာ အမှတ်မှားလေးတွေရှိတယ်။ ရိုးတိုးရိတ်တိတ် အမှတ်မှားတွေဖြုတ်သွားတဲ့ အခါ ရဟန္တာလို့ခေါ်တယ်။ ဦးပဥ္စင်းကြီးကရောက်တယ်လို့ပြောတာမဟုတ်ဘူး။ အခုကော အာရုံပေါ်မှာ အမှတ်သညာ တွေနဲ့မှတ်၊ အတ္တနဲ့စွဲ၊ ငါအစွဲနဲ့စွဲ၊ သညာကမှတ်၊ အဝိဇ္ဇာကြောင့် သခ်ီရ၊ သခ်ီရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ငါပော ကြည့်စမ်း ဘယ်လောက်သနားဖို့ကောင်းလဲလို့။ လူ့ဘုံလဲရောက်လာတာ အမှန်ပဲ။ အဲ မသိတော့ မပယ်နိုင်ဘူး။ မပယ်တော့ မဂ်လည်းမရဘူး။ ဖိုလ်လည်းမရဘူး။ သိရင်ပယ်တယ်။ ပယ်တော့ မဂ်ရတယ်။ ဖိုလ်ရတယ်။ အဲဒါလေးတွေကို ပြန်ရမှာ။ လူ့ဘုံမှာ ဘယ်လောက်မှ မကြာပါဘူး။ ရုပ်ပြစ်ရုစ်ပါးဆိုတာ စကားရေးတယ်။ ဥပမာပေါ့ဗျာ ဘာတွေလဲတော့မသိဘူး။ နတ်တွေရော တောင်ပိုင်တွေရော၊ ကွင်းပိုင်တွေပေါ့ဗျာ။ ဒါတွေပေါ့ဗျာ။ ဥစ္စာစောင့် ကိုယ့်ပစ္စည်း ကိုယ်စောင့်နေတာ။ အဲဒါ ကိုယ်ကတော့ ဆုပေါင်းမှားလာတာ သူ့ကိုယ်သူလဲမှားမှန်းသိတယ်။ အဲဥစ္စာစောင့်ကတော့ ကိုယ့်ပစ္စည်းကိုယ်စောင့်တာ။ ရုပ်ပြစ်ရုစ်ပါးနယ်ထဲမှာ အများကြီးဘဲ။ အပါယ်လေးဘုံမှာကတော့ ဟုတ်တာပေါ့ဗျာ။ အပါယ် လေးဘုံဖြစ်တဲ့ အသုရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ ဒီဘုံတွေရှိပါတယ်။ အဖတတေသတ်နဲ့ ဗိမ္ဗိသာရမင်းကြီးကြည့်။ အဖေတတတ်က ဘယ်ဘုံမှာရောက်လဲဆိုတော့ အပါယ်လေးဘုံမကဘူး။ ဟိုးအဝီစိ မဟာသမ္ဗုနငေယာယူဝ အဝီစိကိုရောက် သွားတယ်ဗျာ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကျင့်လို့ရတဲ့ တရားအစစ်အမှန်တွေပါဗျာ၊ ခင်ဗျားတို့ ဒီအစစ်အမှန် တရားတွေကို ပေါ့ပေါ့ဆဆဖြစ်ရင် ခင်ဗျားတို့ ပေါ့ပေါ့ဆဆဖြစ်လိမ့်မယ်။ အာရုံ(၆)ပါးဆိုတာ ဖဝိဇ္ဇာခေါ်တယ်။ အဝိဇ္ဇာဆိုတာ သညာသခ်ီရ ဥပါဒါန်ဆိုတာဖြစ်လာတယ်။ ဘာကြောင့်ဖြစ်ရသလဲ။ လုပ်တဲ့စရဏအားမရှိဘူး။ လုပ်တဲ့ စရဏအားရှိတော့ ဒုစရိုက်(၁၀)ပါးဆိုတာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ သူ့များပစ္စည်းမခိုးဘူး။ သူ့များအသက် မသတ်ဘူး။ သူ့များသားမယားမဖျက်ဆီးဘူး။ သေရည်သေရက်မသောက်ဘူး။ မဟုတ်မမှန်တာမပြောဘူး။ ဝိကာလဘောဇနာ မစားဘူး။ တရားအားထုတ်တာဘဲ။ အဲဒီလိုတရားအားထုတ်တဲ့အခါမှာ ကာယ ဝစီ မနော ကံသုံးပါးစလုံးကို အနတ္တတရားကို သိအောင် ထုတ်နေတာပါ။ ဒီကံသုံးပါးစလုံးတွေးတောခြင်း ဘာမှမရှိပါဘူး။ ကံသုံးပါးစလုံးကို မနောကံမွဲလို့ တွေးတာ၊ သားအကြောင်း သမီးအကြောင်း၊ ရည်းစားအကြောင်းတွေးလိုက်၊ အကြောင်းအမျိုးမျိုးတွေးနေတယ်။ လောကီနဲ့ပတ်သက်တဲ့အကြောင်း တွေကို မနောကလက်ခံတဲ့အတွက်ကြောင့် အဲဒါကံခေါ်တယ်။ ဒီကံကိုမဖြစ်ပါစေနဲ့။ ထိတာက ရုပ်၊ သိတာက နာမ်၊ နာသီးဖျားဝ မှတ်သိနေတဲ့ အာရုံခေါ်တယ်။ ရုပ်သွားလို့လည်းမရဘူး။ သူ့အလိုလို အလုပ်လုပ်နေတယ်။ အဲဒါ ဖားပိုခေါ်တယ်။ အဲဒီဖားဖို ကိုထိုးပါ။ အာရုံဟာ မနောဘဝင်အသိလေး ကပ်ထားတယ်။ အသိလေးက အဲဒီနှာသီးနှာဖျားဝမှာကပ်ထားတယ်။ ကပ်နေတဲ့

အခါမှာ အသိလေး သမာဓိခေါ်တယ်။ ဒုစရိုက်(၁၀)ပါးငြိမ်းတာကို သီလခေါ်တယ်။ အဲဒီလမ်းနဲ့ ခင်ဗျားတို့သွား၊ အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ကိုယ်စိတ် ကိုယ်စစ်တော့ အဇ္ဈတ္တတွေပယ်ပြီးတော့ အနဇ္ဈတ္တစိတ်တွေဖြစ်နေတာကို။ အဲဒါတရားတွေပါ။ ခင်ဗျားတို့ ဝိနည်းလဲမစောင့်နိုင်ဘူး။ (၂၂၇)သွယ်လည်း မထိန်းနိုင်ဘူး။ ထိသိကို သတိထားနိုင်နေတာ။ အာရုံထိန်းနိုင်နေတာ။ လမ်းတိုကသွားတာ။ အဲဒီလမ်းတိုကို လက်ညှိုးထိုးပြလိုက်တာ။ ခင်ဗျားတို့မှာရှိနေတဲ့ ဒုစရိုက်(၁၀)ပါး၊ အဇ္ဈတ္တတွေဖြစ်လိုက်၊ မိစ္ဆာတွေဖြစ်လိုက်၊ မိစ္ဆာအသိတွေနဲ့ယူလိုက်တာ။ ခင်ဗျားတို့ဒီလိုဖြစ်နေကြတယ်။ ကိုယ့်စိတ်ကိုယ်စစ်ဆိုတာ အလုပ်လုပ်နိုင်းတာပါ။ အလုပ်လုပ်မှ စိတ်ကိုစစ်လို့ရမယ်။ အလုပ်မလုပ်ရင် စိတ်ကိုစစ်လို့မရဘူး။ ခင်ဗျားတို့ အဇ္ဈတ္တတွေနဲ့လှူ၊ လှူတာကတော့ ကုသိုလ်ကံ၊ မိစ္ဆာဖြစ်လိုက်၊ သမ္မာဖြစ်လိုက်၊ ဒါတနဲ့ရေးပေးလိုက်တာ။ လှူဒါက အဇ္ဈတ္တတွေနဲ့လှူတာ၊ အနဇ္ဈတ္တနဲ့လှူတာမဟုတ်ဘူး။ လှူတတ်ဖို့လိုတယ်။ အဲဒါတွေအရေးကြီးပါတယ်။ အိမ်မှာနေတာလည်း သားသမီး၊ သားမယားတွေနဲ့နေတဲ့အခါမှာ သမ္မာတွေနဲ့နေကြပါ။ သမ္မာတွေနဲ့ပြောကြပါ။ အဲဒါတွေဟာ မင်္ဂလာ(၃၈)ဖြာ မင်္ဂလာတရားတွေပါ။ (၃၈)ဖြာတရားအာရုံကို ယူသလဲ။ နှလုံးသားက စေတနာမှန်လို့ (၃၈)ဖြာမင်္ဂလာသုံးတာပေါ့။ လောဘစိတ်တွေ ဒေါသစိတ်တွေ မောဟစိတ်တွေ မပယ်သတ်နိုင်တော့ အပြင် ပွင့်ထွက်လာတာပေါ့ဗျာ။ အပြင်သူခိုးနဲ့ အတွင်းသူခိုး၊ အတွင်းသူခိုးက အင်မတန်ကြောက်ဖို့ကောင်းပါတယ်ဗျာ။ ဆဲလိုက်တော့ နားကကြားတော့ ဒေါသဖြစ်တာ။ အဲဒါအတွင်းသူခိုးခေါ်တယ်။ အဲဒါမိစ္ဆာအယူတွေ ယူလိုက်တယ်။ ဘာကြောင့်ယူသလဲ။ သညာနဲ့ယူတယ်။ သညာနဲ့ယူတော့ အဇ္ဈတ္တအစွဲဖြစ်တယ်။ သညာပေါ်မှ လိုက်စွဲရော။ ငါ့ကိုဆဲပါလား။ ငါ့ကိုတိုင်းပါလား။ အဲဒါမှတ်တယ်။ သညာနဲ့နှလုံးသွင်းလိုက်တော့ ဒေါသတွေဖြစ်ရော။ ဒေါသဘယ်ကဖြစ်လဲ။ မနောပါးစပ်ကတော့ မပြောသေးဘူးဗျာ။ အဲဒါအတွင်းသူခိုးခေါ်တယ်။ အပြင်ကဟာကို လက်ခံလိုက်တာ မကောင်းတာကို လက်ခံလိုက်တာ။ အဲဒါတွေ သိပ်အရေးကြီးပါတယ်။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ သေတတ်ဖို့လိုတယ်။ ဦးပဉ္ဇင်းက မျက်ရည်ကျတယ်။ ဘယ်နဲ့မှမလုပ်တတ်ဘူး။ အော် ငါ့လိုသိပါစေ၊ ငါ့လိုတတ်ပါစေ၊ ငါပြောတာကို သဘောပေါက်ပါစေ။ ဒါပဲဆုတောင်းနေရတယ်။ ဘာလုပ်ရမလဲဗျာ။ ခင်ဗျားတို့ကျင့်ကြပါ။ ကြံကြပါ။ ဒီအလုပ်တွေက အဇ္ဈတ္တနဲ့အနဇ္ဈတ္တ၊ အဇ္ဈတ္တကိုသမ္မာနဲ့သုံး၊ အဲဒီလိုသမ္မာတွေနဲ့သုံးသွားတော့ အပြင်မှာနေတတ် ထိုင်တတ်တယ်၊ ကိုယ့်ထက်ကြီးသူကို ရိုသေတယ်။ ကိုယ့်ထက်တန်းတူကိုကြင်နာတယ်။ ကိုယ့်အောက်ကလူကို သနားတယ်။ ကိုယ်ကျင့်တရားထားတယ်၊ ဖြူစင်ရိုးစိုက်တရားထားတယ်။ သံဝေဂတရားထားတယ်။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန် ဓနမာန် ပစ္စည်းမာန် ဒီမာန်တွေကို ဒီအစွဲတရားတွေကို စိတ်ကမပါဘူးတဲ့၊ အော် (အေး အေး အေး) အပြင်မှာစင်ကြယ်တဲ့အတွက်ကြောင့် နှလုံးသားမှာလည်း စင်ကြယ်တယ်ဗျာ။ တရားထိုင်တဲ့အခါမှလည်း ဘဝင်က အသိကနှာသီး နှာဖျားမှာတင်ထားတယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ ဒါအနဇ္ဈတ္တတရား အဇ္ဈတ္တတရားတွေအကုန်ပြုတ်။ မိစ္ဆာတွေအကုန်ပြုတ်။ အဲဒါတွေကို သိရမယ်။ သဘောပေါက်ရမယ်။ အဲဒီတော့ စိတ်ကလေးတွေစစ်တတ်လာတော့ ကြားတာလည်းမမြဲပါလား။ မြင်တာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သိတာလည်း မမြဲပါလား။ မမြဲတော့ မစွဲဘူးဗျို့။ အစွဲနဲ့လာတယ်။ အစွဲနဲ့တော့ စိတ်သက်သာတယ်။ အေးလာတယ်ဗျို့။ အစွဲကြီးတော့ လမိုင်းတွေဖြစ်လာတော့ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း တစ်ခါတည်း အဲဒီလိုဖြစ်ကြတာဘဲဗျာ။ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝလို့ ဘုရားဟောထားတယ်။ အဲဒါတွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ နှလုံးသားမှာ စေတနာတွေဖြစ်အောင် ကောင်းမှုကုသိုလ်လုပ်မှသာ စေတနာတွေမှန်လာမယ်။ အဲဒီလိုစေတနာတွေမှန်လာသလို ကုသိုလ်တွေအများကြီးလုပ်တယ်။ အပြင်မှာ ကျွေးမွေးကြတဲ့အခါ အယုတ်အလတ်မရွေးဘူး၊ တရားထိုင်တဲ့ပအခါမှာ အနဇ္ဈတ္တတရားကို နှလုံးသွင်းပြီး

အနတ္တတရားကို နှလုံးသွင်းတဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခရယ် အနတ္တရယ် သဘောပေါက်လာမယ်။ သဘောပေါက်တဲ့အခါ ခင်ဗျားရဲ့ကိုယ်ခန္ဓာကြီးက လှုပ်ရှားလာမယ်၊ ဘာတွေလှုပ်ရှားလာမလဲ။ အဲဒီလှုပ်ရှားလာတဲ့ဓါတ်တွေကို ကြည့်ပေတော့တဲ့။ ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ။ ပူတာလည်းဝေဒနာ၊ အေးတာလည်း ဝေဒနာ။ သဘောလေး သဘောလေး။ သူ့သဘောလေး သူလုပ်နေတာ။ ခုနကပြောသလို အပြင်လင် စင်ကြယ်ထားတယ်။ အတွင်းလဲစင်ကြယ်ထားတယ်၊ အနုသယသူ့မှာမရှိတဲ့အတွက်ကြောင့် သူ့မှာ ရုပ်ဖောက်ပြန်နေတာကို သိရတယ်၊ စိတ်ကလေးကကြည့်နေတဲ့စိတ်၊ ရုပ်တရားလှုပ်ရှားနေတာကို ကြည့်နေတဲ့အသိလေးနဲ့ရှုတတ်ပြီး ဒီလိုရှုတဲ့အခါ ဖော် (ဖေား ဖေား ဖေား) ဖော် (ဖေား ဖေား ဖေား)လေးနဲ့နေတတ်ပြီး စိတ်ကြည်နေမှ ကြည့်လို့ရတာ။ ဒါတွေက အောက်ခြေကတက်ရတာ။ အင်မတန်မှ ခက်ရာ ခက်ဆစ် တတ်ယူရတာ၊ ငါလည်း မမြဲဘူး။ နင်လည်း မမြဲဘူး။ အားလုံးကို စွန့်လွှတ်သွားပြီ။ ပါရမီ(၁၀)ပါးမှာ ဥပက္ခာနဲ့ သွားတယ်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်၊ အဟ္မာကသညာနဲ့ ဥပက္ခာထားတယ်။ အနတ္တကတော့ ပညာနဲ့ ဥပက္ခာထားတယ်၊ သူ့နှလုံးသား မတုန်လှုပ်ဘူး။ ဖော် (ဖေား ဖေား ဖေား) ဥပက္ခာထားတယ်ဆိုတာ မင်းအယူငါမယူဘူး။ ပြောတာဆိုတာတွေ ငါလုပ်ပေးမယ်။ မင်းအယူ မင်းအကြောင်းတွေကို ငါမလုပ်ဘူး။ ငါပေးလိုက်တဲ့ အသိ။ မင်းမယူတာတော့ ငါမတတ်နိုင်ဘူး။ မင်းလုပ်ချင်တာလုပ် ကောင်းပါတယ်၊ ဒါပေမဲ့မင်းအယူ ငါမယူဘူး။ မင်းလိုတာ ငါဖြည့်ပေးမယ်။ ဒီလိုပုဂ္ဂိုလ်မျိုး အသိချင်းမတူဘူး။ ဒါကြောင့် ဥပက္ခာတယ်လို့ပြောတာ။ မင်းအယူနဲ့ငါ့အယူမတူတဲ့အတွက်ကြောင့် ဥပက္ခာတာ ဒီသဘောလေးရှိပါတယ်။ ဒါကြောင့် ပြောမှားဆိုမှားလေးရှိရင် ခွင့်လွှတ်။ ခန္ဓာအသိနဲ့ပြောတာ။ သိဒ္ဓိ(၁၀)ပါး။ အာဟာရသိဒ္ဓိ၊ ကာယသိဒ္ဓိ သိဒ္ဓိ(၁၀)ပါး ရှိတယ်။ ဒီလိုဆို သိဒ္ဓိ(၁၀)ပါးရှိတာတွေးကြည့်ပေါ့ဗျာ။ ဒါသဘောပြောတာ။ သဘောလေးသာမှာလိုက်၊ သူ့မှာ အခြွေအရံတွေ၊ သံဃာတော်အရှင်မြတ်တွေက ဒကာ ဒကာမတွေ သူ့ကိုယုံကြည်လာပြီး သွားစမ်းလို့မရဘူး။ သွားပြောလို့မရဘူး။ သူ့အကြောင်းနဲ့ သူ့ကိစ္စနဲ့ သူ့အာရုံနဲ့ သူ့အသိနဲ့လာတာ။ ဒါကိုတွေးကြည့်၊ ဒီလို စာမတတ်ပေမတတ် လူနာမည်က မြမောင်၊ မြိုင်မာလာ(၂)လမ်းနေတယ်။ သူလုပ်တာကို တချို့ပုဂ္ဂိုလ်တွေသိပါတယ်။ မသိတဲ့သူ မသိပါဘူး။ အဲဒီလို မြောင်းမြို့မှာ ဒီလိုဖြစ်တယ်ဆိုတာ ခင်ဗျားတို့ဘာသာဝေဖန်ကြည့်၊ သာသနာဆိုတာ ခင်ဗျားတို့လက်ထဲမှာရှိတာ။ ခင်ဗျားကို ဝတ္ထုကာမတွေ ပြောက်များစွာရှိတာ။ ဝတ္ထုကာမတွေရှိတဲ့အတွက်ကြောင့် ဒီရဟန်းကြီးကို စေတနာရှိလို့လာလှူတာ၊ ဒီရဟန်းကြီးကို စေတနာ မရှိဘူး။ ရဟန်းကြီးကလည်း စာရိတ္တတွေပျက်တယ်ဆိုရင် ခင်ဗျားတို့ကို ခေါ်လို့တောင်မလာဘူး။ ခင်ဗျားတို့ သာသနာဘဲ ကိုယ်ရတဲ့ ပတ္တမြားတုံးကြီးကို အလကားမဖြစ်စေနဲ့၊ ရသွားတဲ့ ပတ္တမြားကြီး အလကားမဖြစ်စေနဲ့နော်၊ ဒီရသွားတဲ့ပတ္တမြား တုံးကြီးကိုပိုက်ပြီးတော့ ဘယ်သူရိုက်ရိုက် ဘယ်သူဆဲဆဲ သည်းခံ။ ခင်ဗျားတို့ရသွားတဲ့ မျိုးစေ့လေးသိမ်းထား။ ပေါ့ပေါ့ဆဆ မလုပ်နဲ့၊ အမေလို အောက်မေ့လို့ပြော။ အဖေလို အောက်မေ့လို့ပြောတာ၊ အစ်ကိုလိုအောက်မေ့လို့ပြောတာ၊ အစ်မကြီးလို အောက်မေ့လို့ပြော။ ဦးပဏ္ဍိတလည်း သွားရတော့မယ်။ အဲဒါကိုမှတ်ပါ၊ ဘာဖြစ်ဖြစ် ဖော် (ဖေား ဖေား ဖေား) သူ့သွားမစွဲနဲ့၊ သူက အနတ္တဖြစ်နေတာ။ အတ္တမဟုတ်ဘူးနော်။ ဘယ်သူသိမလဲ။ ဘာဖြစ်ဖြစ် ယဉ်ယဉ်ကျေးကျေးနဲ့ လိမ်လိမ်မာမာနဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနေကြပါ။ သိုက်တွေလည်းရှိတယ်၊ ဓါတ်တွေလည်းရှိတယ်။ နတ်တွေလည်းရှိတယ်၊ ဒါတွေရှိတယ်။ ဓါတ်အောင်လို့ နတ်ကလာတာ သိုက်ကလာတာ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဒီသနာသနာဟာ ဘာနဲ့မှ မတူပါဘူး။ လမ်းပေါ်က ကျောက်ခဲလည်း ဦးပဏ္ဍိတ ကောက်တယ်၊ မြောင်းထဲကကျောက်ခဲလည်း သူကောက်တယ်၊ အဲဒီနှစ်ခုဘာလဲ။ ဒကာ ဒကာမတွေလာလှူကြတဲ့ ပရိတ်သတ်များ သူတို့ ယုံယုံကြည်ကြည်နဲ့လာလှူကြတာ။ ရုပ်ရှိတယ်၊ နာမ်ရှိတယ်၊ နာမ် ပုဂ္ဂိုလ်တွေက မလှူနိုင်ဘူး။ ကာယကံ ဝစီကံ မနောကံ(၃)ပါးလုံးနဲ့ ခင်ဗျားတို့ လှူနိုင်တယ်၊ သူတို့ကမလှူနိုင်တဲ့အတွက်ကြောင့်

ဦးပဏ္ဍိတရဲ့ပါရမီတွေကိုဖြည့်မယ်လို့ နာမ်ပုဂ္ဂိုလ်တွေက ကြွေးကြော်ထားတာ။ အဲဒါ အတိတ်ကသမိုင်း။ ဒီပစ္စုပ္ပန်က လာကြတဲ့ ပုဂ္ဂိုလ်များနဲ့ အဲဒါကို ဆွေတော်ပေါင်း မျိုးတော်ပေါင်းလို့ခေါ်တာ။ ဒါလေးတွေ သတိထားခင်ဗျားတို့ လက်ထဲမှာ ပတ္တမြားတုံးလေး တွေ့ရထားတာ။ ရတဲ့သူရနေပြီ။ သူများကို တောင်ပြော မြောက်ပြောတွေလျှောက်မယုံနဲ့။ ကိုယ့်မျက်စေ့နဲ့မြင်မှ အော် (အေး အေး အေး) အော် (အေး အေး အေး) ဒီလိုနေတတ်အောင်နေပါ။ အသိလေးနှလုံးသွင်းထားပါ။ ဘာပဲဖြစ်ဖြစ် ဒီခန္ဓာကိုယ်က စွန့်ပစ်ရမယ်။ ခန္ဓာကိုယ်ကြီးဖြစ်ရင် ပျက်ရမှာဘဲ။ မပျက်ခင်မှာ မဒိုခင် မနာခင် မသေခင် မှာ ဒီလိုပုဂ္ဂိုလ်ကြီးတွေနဲ့ တွေ့ရက်သားနဲ့ အပေါင်းအသင်းမှားသွားရင် ပျက်သွားတတ်တယ်။ အပေါင်းအသင်းမှားရင် ပျက်တတ်တယ်။ သဘောလေးသာနာလိုက်။ စာတော့မတတ်ဘူး။ ရတဲ့ဟာ ကိုယ့်ဟာ ကိုယ်ပိုက်ထား။ ဘယ်သူလာဆဲဆဲ ဘယ်သူလာရိုက်ရိုက် သည်းခံပါ။ ဝိသုဒ္ဓိစင်ကြယ်တဲ့ သီလက အပါယ်ပိတ်တဲ့သီလ။ အတွင်းသီလလို့ခေါ်တယ်။ ဒီသီလကို ရအောင်ကြိုးစား။ အဲဒီလို ဒါနမျိုးစေ့လေးဟာ (၃၁)ဘုံလွတ်တဲ့သူကို လှူမိရင် ခင်ဗျားလည်း လွတ်မှာပဲ။ အဲဒါလေးကို မှတ်ထား။ ဘာပဲဖြစ်ဖြစ် ဒီကစာမတတ်လို့ (၃၁)ဘုံလွတ်တဲ့ သံဃာများလွတ်တဲ့ ပုဂ္ဂိုလ်များကို သွားလှူမိရင် ခင်ဗျား သိလာလိမ့်မယ်။ သိကိုလာလိမ့်မယ်။ စိတ်ကြည်လာလိမ့်မယ်။ စာမတတ်ဘူး။ စိတ်ကြည်လာတာ အဲဒါလေးတွေ သိပ်အရေးကြီးတယ်၊ ကိုယ့်စိတ်ကိုမနိုင်ရင် ကိုယ့်စိတ်ကိုစစ်ပါ။ စမ်းသပ်ပါ။ ဒါလေးတွေ သိပ်အရေးကြီးတယ်၊ အဲဒီတော့ သီလဝိသုဒ္ဓိဆိုတာ စင်ကြယ်အောင်။ သီလဝိသုဒ္ဓိကို အဝိဇ္ဇာဆိုတဲ့ အာရုံ(၆)ပါး၊ အဲဒီအာရုံ(၆)ပါးမှာ သီလဝိသုဒ္ဓိနဲ့ ဆေးကြောပါ။ အာရုံပေါ်မှာ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ပွားများပါ။ သံဝေဂတရား ကိုယ်ကျင့်တရား၊ ဖြဟ္မစိုတရား သံဝေဂဆိုတာဘာလဲ။ အော် ငါ့အဖေတွေ ငါ့အမေတွေသေပြီ။ ငါတို့ရဲ့ ကရင် ဗမာ အဓိကရုဏ်းဖြစ်တော့ သရက်ကုန်းကနေပြေးလာတယ်။ အဲဒီလိုနဲ့ တစ်ယောက်မှမရှိဘူး။ သေပြီ၊ အာရုံရတော့ ပြန်ကြည့်တာ ဟာ ဘုရား ဘုရား အာရုံရတာကိုးဗျို့ သမာဓိအား ဘယ်လောက် ကောင်းသလဲတော့မသိဘူး။ ဒီလိုအာရုံတွေရလို့ ခင်ဗျားတို့ပြန်ပြောတာ။ လိမ်ပြောရင် အဝီစိရောက်သွားမယ်။ ဟာ အဲဒီတော့မှ ဝတ်ချင်တဲ့စိတ်၊ စားချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ် ခေါင်းပါးလာမယ်၊ စားချင်တဲ့လောဘလည်း မစားချင်တော့ဘူး။ ဒေါသနဲ့လည်း မပြောချင်တော့ဘူး။ မနောက်ခေါင်းပါးလာတယ်။ ဒါကြောင့်မို့ သွေးသားပြောင်းရင် စိတ်ပြောင်းလာတယ်။ ဒါလေးတွေ သိပ်အရေးကြီးပါတယ်၊ အော် (အေး အေး အေး) အဲဒါ သံဝေဂပဲဗျို့ ဦးခေါင်းတွေပြတ် သေလို့သေ၊ မျက်လုံးတွေပြူးသေလို့သေ အဲဒါဘာဝနာပေါ့ဗျာ။ သူ့ဟာသူ ရုပ်ရှင်ကြည့်သလို ကြည့်နေတယ်၊ အော် (အေး အေး အေး) ဒါတွေသာမတွေ့ရင် ခင်ဗျားတို့ လိုပဲဖြစ်ကုန်မှာပေါ့။ ဒီသမာဓိဟာ ပညာသမာဓိခေါ်တယ်။ ဘာဝနာသမာဓိခေါ်တယ်။ အဲဒါနဲ့ကြည့်တာ။ အဲဒါနဲ့ကြည့်မှ စားချင်တဲ့စိတ်လည်းခေါင်းပါးလာပြီ၊ အိပ်ချင်တဲ့စိတ်လည်းခေါင်းပါးလာပြီ၊ လိုချင်တဲ့စိတ်လည်း ခေါင်းပါးသွားပြီ၊ လုပချင်တဲ့ စိတ် ခေါင်းပါးသွားပြီ၊ အဲဒီတော့ အစားမှာလည်းကြည့်ပါ။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ ဒါတွေဟာ အမေလို အဖေလို အစ်ကိုလို အောက်မေ့လို့ ပေါပြောပြတာပါ။ သံဝေဂတရား၊ ကိုယ်ကျင့်တရားဆိုတာ သူ့အစ လူ့ဘဝမှာ သူ့သမ္မာန်ခတ်လာတယ်၊ ရဲထဲမှာလည်း လုပ်လာတယ်။ ထောင်ဝါဒါလည်း လုပ်လာတယ်။ အမျိုးမျိုးလုပ်လာတယ်၊ မကောင်းတာလည်း လုပ်လာတယ်။ မကောင်းတာတွေက များပါတယ်။ ထိပေါက်လာလည်း ဘုန်းကြီးလည်းမလှူဘူး။ နောက်ဆုံး ကုန်းကောက်စရာ မရှိအောင် လောကီကို အားကိုးစရာမရှိအောင် သူဖြစ်သွားတယ်။ သူ့ဘဝဟာ အခုမှ ဦးပဏ္ဍိတ ဆိုပြီးတော့ ဆွေမျိုးတွေကလည်းလာတယ်။ အပေါင်းအသင်းတွေကလည်းလာတယ်၊ ဟိုကလည်းလာတယ်။ ဒီကလည်း လာတယ်။ အခုတော့ လာကြပြီဗျို့ ဟိုတုန်းကဘဝက ဦးမြမောင် ကလည်းမကောင်းဘူး။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား။ သူကလည်းမကောင်းတာ ဘယ်တော့ကောင်းဖုံးမှာလဲ၊ ဘာမှရှာလို့မရဘူး။

ဆေးလိပ်တိုတောင်မရဘူး။ ဒီလိုဂုဏ်တွေကို လူ့ဘဝမှာ အမျိုးမျိုးခံရတဲ့ဒီရဟန်းက စာတတ်တာမဟုတ်ဘူး။ အောက်သက်က ကျလာတာ ဟိုအောက်သက်ကကိုစပြီး ကျလာတာ။ ဟောဒါ ခုံဖိနပ်ဗျာ။ ဟောဒါ ဆင်ကြယ်ဖိနပ်။ အဲဒါ သညာကမှတ်တာပေါ့ဗျာ။ ခုံဖိနပ်တော့မခိုးဘူး။ ဆင်ကြယ်ဖိနပ်တော့ခိုးတာ။ အဲဒါကြောင့် သညာကြောင့် ဥပါဒါန်ဖြစ်တယ်။ အဲဒါမိစ္ဆာအယူတွေဗျာ။ ဒီလိုမသိလို့လုပ်ခဲ့မိတာ ဒီလိုမသိလို့ ခိုးမိခဲ့တာ။ ဒီလိုမသိလို့ ပြောမိခဲ့တာ။ အခုတော့ လောကီမှာ အားကိုးစရာမရှိလောက်အောင် ဆင်းရဲမှု တောထဲထွက် တရားကျင့်တာ။ အားကိုးစရာရှိရင် မထွက်သေးပါဘူး။ တောထဲထွက် တရားကျင့်တဲ့အခါ တချို့ သူ့ရဲ ကြောက်တတ်တယ်။ တစ်ယောက်တည်း အင်မတန်မှ ကြောက်တတ်တယ်။ ညဆိုမအိပ်ရဲ ဘူး။ ကြောက်လို့၊ သူကျင့်တာကတစ်ယောက်တည်းပါ။ ဘယ်သူ့မှလည်း အပေါင်းအသင်းမရှိဘူးဗျာ။ အနားက ကရင်တွေက ထမင်းကျွေးပြီး စစ်လိုက်သေးတယ်၊ သူစမ်းအေးပြီးမှ ထမင်းကျွေးတာ။ အဲဒီလိုနဲ့ ကရင်တွေက ထမင်းကျွေးနောက်ကျတော့ ကရင်တွေက မပြန်ဘူးဗျာ။ ထိုင်ကြည့်နေတာ ဦးပဥ္စင်းက တရားဖျက်လိုက်ရတယ်။ ခင်ဗျားပြန်လေ၊ မဟုတ်ဘူးလေ။ ထမင်းချိုင့်လာပို့တာတဲ့။ ထမင်းချိုင့်လာပို့ရင် အဲဒီမှာတင်ထားလိုက်။ တင်ထားခဲ့ရင် ခါချဉ်တွေစားမှာပေါ့။ စားရင်လည်း စားပါစေပေါ့ဗျာ။ ပိုပြီးပြန်ပေါ့ဗျာ။ အဲဒီလိုကျင့်တဲ့ရဟန်းပါ။ အဲဒီလိုနယ်တကာလျှောက်ကျင့်နေတာ။ ကျင့်ပြီးတော့မှ ကြက်ညီနောင်ရောက်လာတာ။ ကြက်ညီနောင် ဦး×××××××× ဟိုက်ထဲကိုရောက်လာတာ အဲဒီကနေ ဒီကိုရောက်လာတာ။ ဒါလည်းကျင့်နေတာပဲ။ အခုလည်းကျင့်နေခဲ။ ကျင့်ဆဲ ကျင့်လတ္တံ့၊ သွားဆဲ သွားလတ္တံ့၊ ရောက်ဆဲ ရောက်လတ္တံ့၊ ဒီလိုအာရုံနဲ့ နေတာပါ။ ဒါကြောင့် အော် (အေး အေး အေး) အဲဒီလိုအာရုံတွေ သမာဓိကောင်းမှသာလျှင် အမြင့်မှာစင်ကြယ်တယ်။ ခန္ဓာမှာလည်း စင်ကြယ်တယ်။ နှလုံးသားလေးကလည်း ငြိမ်နေတယ်ဗျို့။ အပြင်မှာလည်း စင်ကြယ်တယ်။ အမြင့်ကအာရုံ မိစ္ဆာတွေပယ်ပြီး သမ္မာကိုယူတယ်၊ ခန္ဓာမှာက အတွေးစိတ်တွေခေါင်းပါးပြီး အတွင်းမှာလည်း စင်ကြယ်တယ်။ အပြင်မှာလည်း စင်ကြယ်တယ်။ အဲဒီ(၂)ခုစင်ကြယ်မှ ခင်ဗျားအာရုံပယ်လို့ရတာ။ ခင်ဗျားအဲဒါတွေက သိပ်အရေးကြီးတယ်။ ဒါကြောင့်မို့ ဒီတရားတွေဟာ ဆရာတော် သံဃာတွေတွေ့ဖို့ မှတည်တယ်။ နေတတ်ဘိုလိုတယ်။ ဥပမာ အဝိဇ္ဇာနဲ့ အာရုံ(၆)ပါး ပေါင်းနေတယ်။ အဲဒီအာရုံ(၆)ပါးကို ငါးပါးကိုပယ်လိုက်။ ဘာတွေပယ်ရမလဲ၊ မျက်စိတံခါး နားတံခါး နှာခေါင်းတံခါး၊ လျှာတံခါး အဲဒါတွေပယ်။ ကိလေသာကိုသတ် ကိလေသာသတ်မှ တဂျာရပ်မယ်။ ဒါအရှင်ဘုရားတို့ပေါ်မှာ မူတည်တယ်။ ခုနက ဦးပဥ္စင်းကတော့ပြောပြီ။ သံဃိကကို လှူပါ။ သံဃိကကိုလှူမှသာလျှင် ဒကာမတွေရဲ့စေတနာမှန်လာမယ်၊ စေတနာမှန်မှ ဝိသုဒ္ဓိသီလဖြစ်လာမယ်။ ဝိသုဒ္ဓိသီလဖြစ်မှ လှူလိုက်တဲ့ဒါနက (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်ကို လှူလိုက်တဲ့အတွက် ခင်ဗျားလှူတတ်ပြီး (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်ကို တပါတည်း တစ်ခါတည်းလှူထားပါ။ ဆက်မလှူရတော့ဘူး။ အဲဒီတော့ သံဃိက တွေကို ကပ်ပါ။ ငါ့ကိုမကပ်နဲ့ ပြန်တော့။ သံဃိကကိုကပ်လိုက်။ စေတနာမှန်အောင် ဒီကနေပြောပေးတယ်။ ဒါကြောင့် အော် (အေး အေး အေး) ခါတ်တွေကလည်းလာပြီ၊ သိုက်တွေကလည်းလာပြီ၊ သိုက်တွေကလည်းလှူတယ်။ အဲဒီလိုဖြစ်ကုန်ပြီ၊ သညာနဲ့မနေနဲ့ ပညာနဲ့နေ။ ကိုယ့်လင်သားပြောတာကိုနားထောင်၊ လင်သားဆဲတာလည်း ဖွေမယူနဲ့။ လင့်ဝတ် ကျေပြွန်ရင် ပြီးပြီ။ ကိုယ်ယူမိပြီ၊ ယူပြီးရင်တော့ သေတဲ့အထိပေါင်း။ အင်မတန်မှထူးပါတယ်။ ကာမဝဋ်တွေ ဒိဘဝလွတ်အောင် လုပ်ပေးလိုက်။ ကာမဝဋ်တွေကို သမ္မာနဲ့ကြည့်ပါ။ မိစ္ဆာနဲ့မကြည့်ပါနဲ့၊ ဝိဘာဂဝဋ် လွတ်လိမ့်မယ်၊ နင်ခံနေရတဲ့ဝဋ် လွတ်လိမ့် မယ်။ အဲဘဝတွေမှာလည်း ဒီဝဋ်တွေ မရှိတော့ဘူး။ အဲဒီတော့ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ဝဋ်(၃)ပါးလွတ်လိမ့်မယ်။ ဘယ်တော့လွတ်မလဲ။ နင့်စိတ်ကို ထိန်းတတ်မှ လွတ်မယ်၊ နင့်စိတ်ကို ထိန်းတတ်ဖို့လိုတယ်။ နင့်စိတ်ကို ဘာနဲ့ထိန်းမလဲ။ အနတ္တနဲ့ထိန်း၊ အနတ္တနဲ့မထိန်းတတ်ရင် သမ္မာကံလေးနဲ့ထိန်း။ အော် ဟုတ်ကဲ့ ကိုယ်သမီးပြောလည်း မအော် (မအေး မအေး

အေး) မိစ္ဆာအတွေနဲ့ ငါ့သမီးလို့ သွားမလုပ်လိုက်နဲ့။ ငါမပြုတ်တာ အတ္တလို့ ခေါ်တယ်။ ငါ့ပစ္စည်း၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့ရေနံဆီ၊ ငါ့သမီး၊ ငါ့မယား၊ ငါတတ်ပြီ ငါတတ်လို့ရှိရင် အတ္တဖြစ်သွားပြီ။ အတ္တဖြစ်ရင် လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိ မနောမှာ ဖြစ်လိမ့်မယ်။ ဒါလောက်ဆို သဘောပေါက်ရောပေါ့ဗျာ။

(သာဓု.....သာဓု......သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

အောင်သစ္စာမဟာမင်္ဂလာပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့

ဖြောင်းမြန်မြို့

ဝိသုဒ္ဓိမဟာဖြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိခမ္မသစ္စာတရားတော်အမှတ် (၁၁၅)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ အဲ့ဒီတော့ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် ဆရာတော်တွေ၊ သမတော်တွေ၊ ရှင်သာမဏေတွေအားလုံး တပည့်တော်က စာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ ပရမတ်နှစ်ခုစပ်တဲ့အတွက်ကြောင့် ပညတ်နယ်မှာ အသိတရားများဟောပြောတဲ့အခါမှာ အမှားအယွင်းများရှိလို့ရင် တပည့်တော်က ဆရာတော်ကြီးတွေ၊ သမတော်ကြီးတွေ၊ သံဃာတော်တွေ၊ ကိုရင်လေးတွေကအစ တပည့်တော်က တောင်းပန်တယ်။ စာမတတ်ဘူး။ တောထွက်ကြီးတဲ့။ ဝါကလည်း ဘယ်လောက်မှမရှိပါဘူးတဲ့နော်။ နောက် ဒကာ၊ ဒကာမများ၊ တရားနာပရိတ်သတ်များကိုလည်း ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို အသိတရားများကိုပြောပြတာပါတဲ့။ စာပေကျမ်းဂန်မတတ်ဘူးတဲ့။ အားလုံးကို ဦးဇင်း က တောင်းပန်ပါတယ်တဲ့။ အဲ့ဒီတော့ ပညတ်တရားနဲ့ ပရမတ်တရား ဒါစာရေးထားတယ်။ ဒါ ပညတ်တဲ့၊ ဒါ ပရမတ်တဲ့။ စာအရ အသိလေးပြောတာပါဗျာ။ သံသရာဘယ်ကစလည်းတဲ့။ ခန္ဓာကစတယ်တဲ့။ သံသရာဘယ်ကစလို့လည်သလဲ။ ခန္ဓာကစလို့လည်တယ်တဲ့။ သံသရာဘယ်ကပြတ်သလဲတဲ့။ ခန္ဓာကစလို့ပြတ်တယ်တဲ့။ လည်တာနဲ့ ပြတ်တာ ဘာကြောင့်ဖြစ်ရတာလည်းတဲ့။ ဘာကြောင့်လည်သလဲတဲ့။ သံသရာဘာကြောင့်လည်ရသလဲတဲ့။ ယခုဘဝ ပစ္စုပ္ပန် တည့်တည့်လေးနော်။ ရှေ့လည်း မမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ တည့်တည့်လေးဟောလိုက်တာ မြင်လိုက်တော့သိတယ်။ အဲ့ဒီအသိစိတ်ကလေးကို ဟောပြတာ။ ကိုယ့်နားလေးကကြားတယ်။ နားက ကြားတော့ သိတယ်၊ သိစိတ်ကလေးကိုဟောပြတာ။ သဘောလေးနဲ့သာနော။ အဲ့ဒီတော့ သံသရာဘယ်ကစလို့လည်သလဲဆိုတော့ ခန္ဓာကစတယ်တဲ့။ ခန္ဓာကစလို့လည်ရပါတယ်တဲ့။ ဘာကြောင့်လည်ရသလဲတဲ့။ အဲ့ဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ အဲ့ဒါ သစ္စာလေးပါးဗျို့။ အဲ့ဒီတော့ ဒီသစ္စာလေးပါးကို သဘောလေးနဲ့ ဦးဇင်း က ပြောပြပါ့မယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ ဒါ ဘုရားဟောအရ ခြော် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ အဲ့ဒီတော့ ဦးဇင်း တို့မှာရှိတဲ့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ဒါစာရေးထားတယ်။ ဒီကိလေသာဝဋ်ဟာ ဦးဇင်း တို့ ရုပ်တရားလို့ခေါ်တယ်။ ဒုက္ခသစ္စာလို့လည်း ခေါ်လိမ့်မှာပေါ့ဗျာ။ ကိလေသာဝဋ်ကို ရုပ်တရားခေါ်တယ်။ ဝဋ်ကြီးရနေတယ်နော်။ အဲ့ဒီဝဋ်ကြီးကိုသိဖို့လိုတယ်။ အဲ့ဒီတော့ မသိတာနဲ့ မရှိတာ မရှိတာက ရှာရင်ရတယ်။ မသိတာက အခက်ဆုံး။ အဲ့ဒါရုပ်တရား။ အဲ့ဒီရုပ်တရားမှာ တဏှာရှိတယ်။ အဲ့ဒီရုပ်မှာ တဏှာရှိတယ်။ ဂန္ဓီရူဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဒွါရပါဒ်၊ အာလောကောဥဒပါဒ်၊ ဉာဏဥဒပါဒ်လို့ ဒါစာရေးထားတယ်။ ကိလေသာမှာ တဏှာရှိ

တယ်တဲ့။ ကပ်နေတယ်တဲ့။ ကိလေသာမှာ တဏှာလေးရဲ့ သဘောလေးကိုပြောပြမယ်။ ကိလေသာရဲ့ သဘောလေးကိုလည်းပြောပြမယ်။ အဲ့ဒီတော့ ဒီတဏှာဟာ တဏှာလေးရဲ့ ဘယ်လိုလဲ။ ဥပမာပေါ့ဗျာ။ ခင်ဗျားပိုင်ဆိုင်တဲ့ပစ္စည်းတစ်ခုကို ရေမှာချထားလိုက်တယ်။ လူတစ်ယောက်က ရိုက်ချိုးလိုက်တယ်။ ပစ္စည်းကလည်း တန်ဖိုးအလွန်ရှိတဲ့ပစ္စည်း။ အဲ့လိုရိုက်ချိုးလိုက်တော့ ဟာ တောက် တက်ခေါက်တယ် ဗျို့။ ဘာပြုလို့လည်း ပစ္စည်းစွဲတာက တဏှာခေါ်တယ်။ အဲ့ဒါတဏှာ။ အဲ တဏှာကြောင့် ဒေါသဖြစ်တယ်နော်။ ဒေါသဖြစ်ရင် သီလဝိသုဒ္ဓိဖြစ်နိုင်ပါ့မလားတဲ့။ မဖြစ်နိုင်ဘူးတဲ့။ အပြင်မှာမစင်ကြယ်တော့ ခန္ဓာမှာလည်း မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူး။ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဒါ ဉာဏ်စခန်းတွေ ခေါ်တယ်။ ဂမ္ဘီရဉာဏ်တွေခေါ်တယ်။ သဘောလေးနဲ့နော်။ ဦးဇင်း က ဒါ နောက်ဆုံးညကို သေချာလေးပြောပြမယ်။ ကိလေသာမှာ တဏှာရှိတယ်။ ခုနက ပစ္စည်းကို ရိုက်ချိုးလိုက်တယ်။ ပိုင်ရှင်က ဒေါသဖြစ်တယ်ဗျို့။ ဒေါသဖြစ်တော့ အဲ့ဒီအာရုံမှာ စက္ခုအာရုံမှာ ဒီအာရုံမှာ သူမမှတ်ဘူးလား။ မှတ်တာပေါ့။ မှတ်တာက သညာနော်။ အဲ့ဒီတော့ ဒီပစ္စည်းတစ်ခုကို သူမှတ်လိုက်တဲ့အတွက်ကြောင့် ခြော် ငါ့ပစ္စည်းရိုက်ချိုးလိုက်ပါလား။ တန်ဖိုးက တစ်သိန်းလောက်တန်တယ်။ အခုကျိုးသွားပြီ ဒေါသဖြစ်တာပေါ့။ အဲ့ မှန်တယ်ဗျို့။ အတ္တနယ်ကတော့ မှန်တယ်ဗျို့။ တဏှာကိုလုပ်စားတဲ့အတ္တနယ်ကတော့ မှန်တယ်ဗျို့။ အနတ္တနယ်ကတော့ သဘောပဲတဲ့။ ခြော် အနတ္တ မြင်တာလည်း မမြဲဘူး၊ ကြားတာလည်း မမြဲဘူး၊ နံတာလည်း မမြဲဘူး၊ စားတာလည်း မမြဲဘူး၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ မမြဲတော့ မစွဲဘူးဗျို့။ ဥပါဒါန်မဖြစ်ဘူးဗျ။ သဘောလေးနဲ့နော်။ ဥပါဒါန်အကြောင်းလေးကို ထုတ်ထုတ်ပြသွားတာ။ ဥပါဒါန်ဟာ သံသရာလည်တယ်။ ဥပါဒါန်ဟာ ကံလို့ခေါ်တယ်။ ဘယ်ကံလည်း။ မနောကံ။ အဲ့ဒီကံဟာ သံသရာကို ဖြတ်ခြင်းတရားခေါ်တယ်။ ဒါကြောင့်မို့ အတ္တကနေပြီးတော့ အနတ္တကိုပြောင်းယူလိုက်တယ်။ အသိတစ်လုံး အမြတ်ဆုံးတဲ့နော်။ အသိလေးကိုယူထားလိုက်တယ်။ အေးကွယ်၊ မတော်တဆဖြစ်သွားတာပါ။ အေးကွယ် ဘယ်လိုမှမအောက်မေ့ပါဘူးမောင်ရင်ရယ်။ ဆုံးရှုံးပါစေ။ ဟော ပိုင်ရှင်က တောင်းပန်တယ်ဗျို့။ အဲ့ဒါတွေးတောင်ကြည့်ပါတော့ဗျာ။ ခင်ဗျားတို့စိတ် ခင်ဗျားတို့စစ်။ တရားဟာ ခန္ဓာမှာရှိတယ်။ ခန္ဓာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ သဘောလေးနဲ့နော်။ အမှန်ကတော့ စာကိုပယ်တာမဟုတ်ဘူး။ စာရှိလို့ ခန္ဓာသိကိုကျင့်လို့၊ ကြံလို့၊ သိလို့ သဘောကို ပြောပြတာနော်။ ဒီစာသားမရှိရင် ပြောလို့မရဘူးဗျ။ လက်ပိုက်နေရမယ်။ အဲ့ဒီတော့ စာကမှန်၏၊ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က

သာတယ်တဲ့။ အဲ့ဒါ ကိလေသာနဲ့တဏှာ ပေါ့ဗျာ။ အဲဒီရုပ်တရားကနေပြီးတော့ တဏှာနဲ့တွဲနေတော့ သူမသိဘူး။ ကံသာသိတယ်။ ဉာဏ်က မသိဘူးဗျ။ အဲ့ဒီတော့ ဥပမာလေးပြောရမယ်ဆိုရင် ရုပ်မှာ တဏှာရှိတယ်။ နာမ်မှာလည်း တဏှာရှိတယ်။ သဘောလေးနဲ့ပြောရမယ်ဆိုရင် အဲ့ဒီရုပ်မှာ တဏှာ ဆိုတော့ ဦးဖင်း ရဲ့ အဖေနာမည်က ဦးချိုတိုး တဲ့ မှတ်ထား၊ အမေနာမည်က ဒေါ်အုန်းမေ တဲ့။ တစ်ရွာ တစ်ကျေးမှာနေကြတယ်တဲ့။ တစ်ရွာတစ်ကျေးမှာနေကြတဲ့အခါမှာ အလုပ်အကိုင် အကြံအစည်နဲ့ လာပြီးတော့ တွေ့ဆုံကြပါတယ်တဲ့။ အလုပ်တွေ လာလုပ်ကြပါတယ်တဲ့။ အဲ့ဒီအခါမှာ ဦးချိုတိုး က ဒေါ်အုန်းမေ ရဲ့ ရုပ်ရည်ရူပကာကိုကြည့်လိုက်တဲ့အခါမှာ မျက်လုံးလေးကလည်း အလွန်ကောင်း၊ နှာတံလေးကလည်း အလွန်ကောင်း၊ အသားအရေလေးကလည်း အလွန်ချော။ အဲ့ဒါကြည့်တော့ လည်း ပြုံးပြုံးပါလား။ အဲ ဦးချိုတိုးကြီး က အဲ့ဒီရူပကာ အာရုံကို သာယာတာမျိုး။ အဲ့ဒါ တဏှာပဲဗျို့။ တဏှာနဲ့ အိမ်ထောက်တော့မယ်။ အား အဲ့ဒီ ဒေါ်အုန်းမေ ကလည်း ဦးချိုတိုး က သူ့ရှေ့မှာ အလုပ် အကိုင်အကြံအစည်တွေအမျိုးမျိုးလုပ်ပြတယ်။ လုပ်ပြတော့ ဩော် ဒီပုဂ္ဂိုလ်ဟာ ငါ့တစ်သက်လုံး လုပ်ကျွေးမှာပဲ။ ဒီပုဂ္ဂိုလ်ဟာ အလုပ်အကိုင်သိပ်ကောင်းတာပဲ။ ဒေါ်အုန်းမေ ဟာ စဉ်းစားတယ်၊ တွေးတောတယ်။ ဟာ သူ့ယူရင်တော့ ငါကောင်းမှာပဲ။ ဟော တစ်ရွာတစ်ကျေးမှာ ဘာလည်း အာရုံ ကြောင့် တဏှာ အဲ သညာဗျ။ သညာဆိုတာ အမှတ်ခေါ်တယ်။ အဲဒီတော့ မိရိုးဖလာရဲ့အမှတ်တွေ နော်။ သဘောလေးနဲ့နာ။ အဲ့ဒီအမှတ်တွေကနေ ကိုယ့်ကို ဒုက္ခပေးသွားတာပါပဲ။ ဟာ ဒေါ်အုန်းမေ ကလည်း ပြုံးပြုံး၊ ဦးချိုတိုး ကလည်း ပြုံးပြုံးနဲ့ နောက်ဆုံးကျတော့ ညားတာပါပဲဗျာ။ ဟော တဏှာ နဲ့ပတ်သက်ပြီးတော့ အိမ်ထောက်လိုက်တဲ့ကိလေသာရုပ်တရားဖြစ်တယ်ဗျို့။ အဲ့ဒါ ဦးမြမောင် ပါပဲ။ အဲ့ဒါ ဦးမြမောင် ခေါ် ဦးပဏ္ဍိတ ပါပဲနော်။ အဲ့ဒီတော့ ဦးမြမောင် ဟာလည်း ဘဝအနန္တက ဘဝတွေ တစ်ဘဝကနေ တစ်ဘဝ ဒီကံမပြတ်ခဲ့ဘူး။ ဒီတဏှာက မပြတ်ခဲ့ဘူး။ မပြတ်ခဲ့တော့ အလွန်ကောင်းတဲ့ လူ့ဝမ်းထဲမှာ သူကသမ္မာနဲ့လာပြီးတော့ ငါ့တော့ သမ္မာဝါစာ၊ သမ္မာကုသိုလ်ကံနဲ့ ဦးချိုတိုး နဲ့ ဒေါ်အုန်းမေ တို့ ဝမ်းထဲမှာ ဖူးစာရေးနတ်ကရေးပေးပြီး ဝင်ရတယ်ဗျို့။ ကံပဲ။ အဲ့ဒီအတိတ်က တဏှာကံကို မပြတ်လို့ ဟောဒီဘဝမှာလာပြီးတော့ ပဋိသန္ဓေတည်ရပါတယ်။ အဲ့ဒီကံနှစ်ခုလည်း တဏှာနဲ့ ကိလေသာရုပ်ကို ဖြစ်ရပါတယ်ဗျာ။ အဲ့ဒီသဘော။ အဲ့ဒီတော့မှ အတိတ်ကံက တစ်ဘဝပြီးတစ်ဘဝ ပစ္စုပ္ပန်ဘုံမှာ လာပြီးတော့ ပဋိသန္ဓေတည်ပါတယ်။ ကံကိုဗျ။ ပြတ်မှမပြတ်တာ။ လူလားမြောက်တဲ့အရွယ်လေး ကျတော့ ဖအေ၊ မအေက ဆင်းရဲနွမ်းပါးတယ်။ ဦးချိုတိုး တို့ ဒေါ်အုန်းမေ တို့ရဲ့ အိမ်မဲမြို့နယ် ကျေးရွာလေးမှာ အိမ်မဲမြို့နယ်ပိုင် သရက်ကုန်းကျေးရွာလေးမှာ နေပါတယ်။ သရက်ကုန်းသီးကွင်း

လို့ခေါ်တယ်။ သရက်ကုန်းရွာလေးမှာနေတဲ့အခါမှာ တောမှာ စပါးစိုက်၊ ကောက်ရိတ်၊ ပျိုးနုတ် ဒါတွေလုပ်ကြတယ်။ ခွက်ကောက်ပါ လယ်ပိုင်လည်းမရှိဘူး။ ဥယျာဉ်လည်းမရှိဘူး။ ထမင်းတစ်လုပ် စားဖို့ဟာနော် ခန္ဓာရဲ့ဒုက္ခ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ ခန္ဓာဝန်ရဲ့ဒုက္ခ အဲဒါနော်။ မသိလိုက် ဘူး။ မနက်တစ်ထပ်၊ ညတစ်ထပ် သံယောဇဉ်လေးတွေကိုနော် ဒါမီးလေးတွေပွားနေတာ။ အဲ့ဒါလည်း စွဲလမ်းတဲ့ဉပါဒါန်တွေဗျနော်။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ အဲ့ဒီတော့ အဖေ၊ အမေက ကောက်ရိတ်တဲ့အခါမှာ သားဆိုတဲ့ မြမောင် က သွားပြီးတော့ ဩော် ငါ့အဖေနဲ့ အမေကို ထမင်းသွားပို့ မယ်ဆိုပြီးတော့ အိမ်မှာ ထမင်းတွေချက်၊ ရေတွေခပ်၊ ထင်းတွေ ဘာတွေခွဲ။ အဲ ထမင်းတွေထည့်ပြီး တော့ ထမင်းအုပ်ဆောင်းလေးကို အပေါ်ကအုပ်ပြီးတော့ အဖေ၊ အမေကိုသွားပို့တယ်။ ကွင်း ထဲမှာသွားပို့တဲ့အခါကျတော့ အဖေ၊ အမေက ကွင်းထဲမှာစားကြတယ်ဗျို့။ စားကြတဲ့အခါမှာ သူတို့ ကောက်ရိတ်တဲ့တံစဉ်ကို တံစဉ်က အဲ့ဒီဘေးချထားတယ်ဗျို့။ အဲ မြမောင် က ဘာလုပ်လဲဆိုတော့ အဲ့ဒီတံစဉ်ကိုင်ပြီးတော့ ကောက်သင်းကောက်တာပေါ့ဗျာ။ ကောက်လို့မှမရတော့ သူများရဲ့စပါးနှံတွေ ကို တံစဉ်နဲ့ဖြတ်တော့တာပဲဗျို့။ အဲ့ဒါ အဒိန္နာဒါနာ သမ္မာဒိယာမိ၊ မကိုက်တော့ပါဘူး။ ဘုရားဟော တဲ့အယူဝါဒနဲ့ မြမောင် ရဲ့ စွဲလမ်းတဲ့ဉပါဒါန်ကြောင့် ကံတွေဖြစ်နေတာ။ မိစ္ဆာကံတွေဖြစ်နေတာ။ သက္ကာယဒိဋ္ဌိကံတွေဖြစ်နေတာ။ အတ္တဒိဋ္ဌိကံတွေဖြစ်နေတာ။ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ လို့နော်။ တရားရှာရင် ကိုယ်မှာရှိတယ်။ တရားရှာ ခန္ဓာမှာ ဉာစိုက်။ ဉာဏ်နဲ့ လာဟောနေတဲ့တရား တွေ ကံနဲ့ထိုးထိုးပြနေတာ။ သဘောလေးနဲ့နော်။ အဲ့ဒီတော့ မြမောင် က ကောက်သင်းကောက်လို့ မရတော့ အဖေဆီက တံစဉ်နဲ့ရိတ်တော့တာပဲဗျို့။ ရိတ်ပြီးတော့ သူထမင်းပို့တဲ့တောင်းထဲမှာ အကုန် လုံး စပါးနှံဆိုတော့ အဖျားလေးတွေရိတ်သွားတော့ အများကြီးပါတာပေါ့ဗျာ။ အဖေ၊ အမေတွေလည်း စားပြီးရော စပါးနှံတွေကို တောင်းထဲမှာအုပ်တာပဲဗျို့။ စားတဲ့ခွက်တွေ ဘာတွေကိုလည်းအုပ်၊ ပုဆိုး လေးနဲ့လည်းအုပ်၊ လယ်ပိုင်ရှင်သိမှာစိုးလို့။ ဒီသညာပဲဗျ။ ဒီသညာအမှတ်က ဒုက္ခပေးသွားတာနော်။ ဒီပစ္စုပ္ပန်ဘုံမှာ တည့်တည့်လေးမှာ အမှတ်။ ဒါအဖေ၊ ဒါအမေ အမှတ် မိရိုးဖလာရဲ့အယူတွေ၊ သဘောတွေ၊ သဘောတွေကိုနာကြ။ အဲ့ဒီတော့ မြမောင် ဟာ စပါးနှံတွေကို တောင်းထဲမှာအုပ်ပြီးတော့ ဒါခိုးတာပေါ့ဗျာ။ သူများပစ္စည်းယူတာ။ စွဲလို့ယူတာပေါ့ဗျာ။ ဒါ ဉပါဒါန် ကံခေါ်တယ်။ မှတ်ထားဦး။ အဲ့ဒါ သံသရာလည်တာ။ သံသရာဘယ်ကစသလဲ စက္ခုနဲ့မနော၊ နားနဲ့ မနော၊ နှာခေါင်းနဲ့ မနော၊ ဇိဝှါနဲ့ မနော။ အဲ့ဒါ ဉာဏ်လေးနဲ့သုံး၊ ကံနဲ့သုံးရင်တော့လည်မှာပဲ။ သီလဆိုတာ အင်မတန် အရေးကြီးတယ်။ အဲ့ဒီလိုသီလမျိုးက သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊

အရိယတသစ္စာ၊ အရိယာထသစ္စာခေါ်တယ်။ ဉာဏ် ဉာဏ်၊ ဂမ္ဘီရဉာဏ်။ အဲ အရိယထ သစ္စာနဲ့ ခင်ဗျားတို့ကိုဟောနေတာ။ ဒီလိုစပါးနှံတွေကိုရိတ်ပြီးတော့ တောင်းလေးနဲ့အုပ်ပြီးတော့ အိမ်ပြန်သွားတာပဲဗျို့။ အဲ အိမ်ပြန်သွားပြီးတော့ လမ်းမှာ ဟိုကြည့်၊ ဒီကြည့်နဲ့ ပိုင်ရှင်များတွေဦးမလားလို့။ ကိုယ်မှ မမှန်တော့ ချောင်ချိုချောင်ကြားကပြန်ရတာပေါ့ဗျာ။ အဲ့ဒါ ကံတွေနော်။ အဲ့ဒီတော့ ဒါတွေကို သူ့အိမ်ရောက်တဲ့အခါကျတော့ အဲ့ဒီဟာတွေကို ရေအိုးစင်အောက်မှာ ခြေထောက်နှစ်ချောင်းနဲ့ မွှေတော့တာပဲဗျာ။ အာ စပါးသီးတွေပြုတ်ကျပြီးတော့ တစ်ပြည်က နှစ်ပြည်၊ နှစ်ပြည်က သုံးပြည်။ ဝမ်းကိုသာနေတာ။ သောမနဿစိတ်ကို ချမ်းသာနေတာပဲ။ တဏှာနဲ့ချမ်းသာတဲ့စိတ်ကလေးခေါ်တယ်ဗျို့။ တဏှာနဲ့ချမ်းသာတဲ့စိတ်အကြောင်းကိုပြောတာ။ စိတ်အကြောင်းလေးကိုပြောပြနေတာ။ တဏှာနဲ့ ပတ်သက်ပြီးတော့ စိတ်ကလေးချမ်းသာတာပေါ့။ စပါးလေး ၄-၅ ပြည်ရရော အဲ့ဒီသရက်ကုန်းဈေးထဲမှာ သွားပြီးတော့ တရုတ်ဆိုင် ကျင်မကွီ တဲ့။ အဲဒီဆိုင်မှာ စပါးနဲ့သွားပြီးတော့ လဲတော့တာပဲဗျို့။ အဲ ဘာတွေရလာလဲ။ ကြံသကာလေးတွေရလာတယ်၊ မြေပဲစေ့တွေရလာတယ်။ ပိုက်ဆံလေးတွေ ၃ ပဲရလာတယ်။ ၁၀ ပြားရလာတယ်။ တမတ်ရလာတယ်။ အဲဒီလိုရလိုက်ပါတယ်။ အဲ့ဒီတော့ ကလေးက ဝမ်းသာတာပေါ့ဗျာ။ ဟာ သိပ်ဝမ်းသာတာပေါ့ဗျာ။ နောက်ဒါမျိုးလိုချင်တာပေါ့။ သူပိုက်ဆံရတာကို ပိုက်ဆံရတော့ ဘာလုပ်လဲ။ ဒိုးထိုးတယ်၊ ကျောက်အန်ဒိုးပေါက်တယ်။ ဂျင်တွေပေါက်တယ်။ ဟာ သူကလည်း ဆော့တာပဲ။ သူကသိမှမသိတာကိုဗျ။ အဲ့ဒီလိုလုပ်ပါတယ်။ အဲ့ဒါတောင် ဘုရားကဟောပါတယ်။ သူများအသတ်မသတ်နဲ့၊ သူများပစ္စည်းမခိုးနဲ့၊ သူများသားမယားမဖျက်ဆီးနဲ့။ အဲ့ဒါတွေ ကာယကံ၊ ကာယကံဆိုတာ ခုနက တံစဉ်ကိုကိုင်ပြီးရိတ်တာ။ အဲ့ဒါ ကာယကံခေါ်တယ်။ အဲ့ဒီတော့ ကာယကံမှာ အာရုံကိုသတ်လို့ ဥပါဒါန်တွေဖြစ်တော့ မိစ္ဆာအယူတွေဖြစ်တာဗျို့။ အဲ့ဒီတော့ စက္ခုအာရုံ အဲမနောကိုပေါင်းလိုက်တာဗျ။ အဲ့ဒါတွေက သင်္ခါရတွေ။ သင်္ခါရတွေဖြစ်နေတာဗျို့။ စာလိုဆိုရင်တော့ အဲ့လိုတွေဖြစ်ပြီးတော့ သူဒါတွေ ဝမ်းသာပြီးတော့ အဖေ၊ အမေက ငါ့သားလေး ဒီလိုသူများပစ္စည်းတွေခိုးပါလား၊ လုပ်ပါလား၊ ပြုပါလား။ အဖေ အမေကမြင်ရဲ့သားနဲ့ မပြောဘူး။ သူတို့လည်းအားကျတယ်။ ဟာ ကြည့်စမ်း အဲ ခင်ဗျား မိရိုးဖလာရဲ့အယူရဲ့ကံတွေဟာနော် သိပ်ကြောက်ဖို့ကောင်းတယ်နော်။ အဲ့ဒီတော့ တဏှာနဲ့ ကိလေသာရဲ့အကြောင်းပေါ့ဗျာ။ အဲ့ဒီတော့ ဒီကိလေသာနဲ့ တဏှာကို တပည့်တော်သတ်ချင်တယ်ဘုရား။ ဟော ကိလေသာနဲ့ တဏှာကိုတော့ ပြောပြန်ပြီနော်။ သူသတ်ချင်သတ်တဲ့။ အေး ကိလေသာနဲ့ တဏှာကိုသတ်ချင်ရင်ကွာ မဂ္ဂင်ရှစ်ပါးရှိပါတယ်တဲ့။ အဲ့ဒီမဂ္ဂင်ရှစ်ပါးက မင်းလက်ကလေးပိုက်တဲ့။ အာရုံ ၅ ပါး။ မျက်စိမြင်ချင်လား မမြင်ချင်ဘူး၊ နာ ကြားချင်လား

မကြားချင်ဘူး၊ နှာခေါင်း နံ့ချင်လား မနံ့ချင်ပါဘူး။ ဇိဝှါကလည်း စားချင်လား မစားချင်ပါဘူး။ မင်းအသားကိုထိချင်လား မထိချင်ပါဘူး။ ဟော အာရုံ ၅ ပါးကိုလည်းပယ်။ ဒါ အာရုံကိုဟော လိုက်တာ။ တစ်ခါပယ်လိုက်ဦးတဲ့။ ကံကိုပယ်လိုက်ဦးတဲ့။ ကာယကံသုံးပါးကိုလည်း ပယ်လိုက်၊ မိစ္ဆာအယူ၊ သက္ကာယအယူ၊ ဒိဋ္ဌိအယူပယ်လိုက်။ အတ္တအယူတွေကိုလည်း ပယ်လိုက်။ ဟော ကံသုံးပါးကိုလည်း ပယ်လိုက်။ ဝစီကံ(၄)ပါးကိုလည်း ပယ်လိုက်။ ရေတောင်မသောက်တော့ဘူးဗျို့။ ခင်ဗျား ဆေးလိပ်တောင်မသောက်တော့ဘူးတွေ့လား။ သီလကိုလုပ်တော့မှာကို။ မဂ်သီလတွေလုပ်တော့မယ်။ ဆေးလိပ်နဲ့ရေတောင် မသောက်တော့ဘူး။ အုန်းမောင်းခေါက်တာတောင် ထမင်းသွားမစားတော့ဘူး။ အုန်းမောင်းအသံကို မမှတ်တော့ဘူးနော်။ မဂ်ဉာဏ်၊ မဂ်ဉာဏ်ရသွားမယ်။ လမ်းနိဗ္ဗာန်ကိုသွားမယ့်လမ်း။ ခင်ဗျား ခုနက တဏှာသတ်ချင်တယ်ဆိုလို့ သတ်ပြနေပြီ။ အဲ့ဒီတော့ ၄ ပါးလည်းပယ်ပြီး။ မနော အဲဒီမနောက အဆံပါတယ်ဗျို့။ အဲ့ဒီအဆံလေးပါတယ်။ မနော တော်တော်လေးအရေးကြီးတယ်။ ဘာအဆံလဲ။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ တဏှာစိတ်၊ မာနစိတ်၊ ဒိဋ္ဌိစိတ်၊ ဒိဋ္ဌိသတ်လိုက်တဲ့။ ဟော ဒိဋ္ဌိသတ်လိုက်ဆိုတာ ဘယ်လိုလဲဘုရားတဲ့။ အေး အာရုံ ၅ ပါးကိုပယ်လိုက်ပြီးတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်၊ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ဟော သဘောလေးနဲ့နာ။ အပြင်မှာ မြင်စိတ်၊ ကြားစိတ်တွေကိုမှတ်ပြီးတော့ မနောက မယူနဲ့တော့ သဘောလေးနဲ့နာနော်။ တရား၊ တရား၊ တရားက ကိုယ်မှာရှိမယ်။ မရှိတာကို ရှာရင်ရတယ်။ မသိတာက အခက်ဆုံး။ ဟော မြင်တာကိုမင်းမြင်ပြီမှလား။ မမှတ်နဲ့မြင်တဲ့အာရုံကို မှတ်ပြီး မစွဲနဲ့။ နှလုံးမှာမယူနဲ့နော်။ အဲ့ဒီတော့ စာလိုဆိုရင်တော့ စိတ်၊ စေတသိတ်သတ်ပြီ။ စေတသိတ်လည်းသတ်ပြီ။ ဘဝင်စိတ်လည်းသတ်ပြီ။ အပြင်စိတ်လည်းသိပြီ။ ဟော ခင်ဗျားတို့ဘယ်လောက်ကောင်းလည်းနော်။ ဒါကြောင့်မို့ စာမတတ်ပေမယ့် အထင်မသေးပါနဲ့တဲ့။ စာမတတ်ပေမယ့် အထင်ငါ့ကိုလည်း မကြီးပါဘူးတဲ့။ အောက်ခြေလာပါတယ်တဲ့။ အားလုံးကန်တော့ကြပါတယ်။ ဒီဘဝနောက်ဆုံးဘဝ ပြန်မှာပဲတဲ့။ လွှတ်ဖို့က ၃၁ ဘုံလွှတ်ဖို့က အဲ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ အားလုံးပရိတ်သတ်တွေပေါ်မှာမူတည်တယ်။ သံဃာတော်အရှင်မြတ်ကြီးတွေအပေါ်မှာ မူတည်တယ်။ လွှတ်ဖို့ခင်ဗျားတို့ စာရေးထားတယ်။ သံသရာဝဋ်ဆင်းရဲပုံ မောဇနေသာရ ဘာညာနဲ့ ဆရာတော်ဆီ သက်နီးတောင်းတာပဲဗျို့။ တောင်းတာ သစ္စာမှန်ဖို့လိုတယ်ဗျို့။ တောင်းတာကတစ်ခြား၊ စိတ်ကတစ်မျိုးဖြစ်နေရင်တော့ ကိုယ်ခံပြီးတော့ ခုနကရေးထားတယ်။ အပါယ်လေးဘုံတဲ့။ တရားတောင်း ဘာ အဲ ဖြဟ္မာ့ဘုံ

က ဘယ်လောက်၊ နတ်ဘုံက ဘယ်လောက် ဟုတ်တာပေါ့။ သိပ်မှန်တာပေါ့။ အဲ့ဒီတော့ အပါယ်လေးဘုံဆိုတာ စာနဲ့ရေးထားတယ်။ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံနော်။ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ သိပ်ကြောက်ဖို့ကောင်းတယ်။ သိတဲ့သူက ဆုတ်တော့မယ်။ ဆုတ်တော့မယ်။ ဒါနောက်ဆုံးပွဲပဲ။ ခင်ဗျားတို့နောက်လာပါဆိုတောင် မလာတော့ဘူး။ ဘယ်မှမသွားတော့ဘူး။ တော်ပြီတဲ့။ ဒါ ပါးစပ်ကလေးက၊ နှုတ်ကလေးရှိလို့လာခဲ့ရတယ်တဲ့။ ငါ ဂီလာနတဲ့။ အဲ ငါ့မှာလည်း ရုပ်ဒုက္ခဟာ အလွန် အဲဒီတော့ ဖောက်ပြန်တယ်။ ဓါတ်တွေဟာ ဖောက်ပြန်တယ်။ ဒီသဘောပဲ။ အဲ့ဒီတော့ ဖအေလို၊ မအေလို၊ ကိုယ်ထက်ကြီးသူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေမစွဲနဲ့တဲ့။ စွဲရင်တော့ ဥပါဒါန် ကံဖြစ်လိမ့်မယ်တဲ့။ သံသရာကမလွတ်ဘူးတဲ့။ သံသရာလည်လိမ့်မယ်တဲ့။ ကံကိုပြောနေတာနော်။ ဥပါဒါန်ဟာ ဥပါဒါန်ဖြစ်သွားရင် ကံပဲ။ ဥပါဒါန်ဘယ်လိုဖြစ်လဲ။ အဲ သမီးလေး လင်နောက်လိုက်သွားတယ်။ သားလေး အချုပ်ခံရတယ်။ ဖအေ၊ မအေ ပူတာပဲ။ ဒီအပူကို ဘာနဲ့သတ်မလဲ။ အဲ့ဒီအပူကို ဘာနဲ့သတ်မလဲ။ ဘယ်သီလနဲ့မှ သတ်လို့မရဘူး။ ဘယ်ဒါနနဲ့မှ သတ်လို့မရဘူး။ ဘုရားဆွမ်းတော်ကပ်လည်း ဒီအပူက မအေးဘူး။ ဘုရားပန်းကပ်လှူလည်း ဒီစိတ်က မအေးဘူး။ ပူတာပဲ။ ငါ့သမီးလေးရေနစ်သွားပြီ။ သားလေး ရေနစ်သွားပြီ။ ဖအေ၊ မအေဟာ ပူတာပဲ။ ညီအစ်ကို၊ မောင်နှမတွေကလည်း ပူတာပဲ။ ဒီစိတ်ကလေးရဲ့ မနောလေး ပူတာလေးကို ဘာနဲ့သတ်လို့ရမလဲ။ သီလနဲ့သတ်လို့ရပါ့မလား။ သီလနဲ့ မအေးဘူး။ ပူတာပဲ။ အဲဒီအပူဟာ မဂ်ဉာဏ်ရမှအေးမယ်။ တစ်လမ်းတည်းပြောလိုက်မယ်။ ခင်ဗျားတို့ ကျင့်ကြ၊ ကြံကြ၊ အရှုံးမပေးနဲ့နော်။ အရှုံးမပေးနဲ့၊ ဒိဋ္ဌိနဲ့ မာနကို သတ်လိုက်ပါ။ ဒိဋ္ဌိသတ်ရင် မာနကိုသိတယ်။ မာန်ကိုသိလိမ့်မယ်။ မာန်ဟာ တဏှာပဲနော်။ တဏှာဟာ မာန၊ ဒိဋ္ဌိတဲ့ စာကရေးထားတယ်။ ခင်ဗျားတို့သဘောပေါက်ဖို့လိုတယ်နော်။ ကိုယ့်အဖေလို၊ ကိုယ့်အမေလိုပြောသွားတာ။ အသိတွေပြောသွားတာ။ ခုနက ဥပမာတွေပြောပြတာတွေလား။ သမီးလေးရေနစ်တယ်၊ သားလေးရေနစ်တယ်။ ဖအေ၊ မအေ အဲဒီအသိလေးက ပူနေပါလား။ မနောက ပူနေပါလား။ ဘာလဲဆိုတော့ အမှတ်ကိုဗျ။ သညာက မှတ်ပေးလိုက်တာ။ မင်းကလေးရေနစ်သေပြီ မင်းကလေး ကားမှောက်သေပြီ၊ ဘုရားဖူးသွားတာ ကားမှောက်သေတယ်ကွာ။ ဟာ ဒိုင်းပဲ။ ရင်ဝမှာပြေးဆောင့်တာ။ (အပူ)[၂]နော်။ ဒီအပူကိုဘာနဲ့သတ်မလဲ။ မဂ်ဉာဏ်ရမှအေးတာဗျ။ သေချာလမ်းကိုပြပေးတာ။ အဲဒီမဂ္ဂင်ရှစ်ပါးကို ကျင့်၊ ခင်ဗျားတို့ တရားထိုင်၊ ဘယ်သူကဖျက်ဖျက် ကိုယ်မပျက်နဲ့။ ကိုယ့်ဟာလေးကို နောက်ဆုံးဘဝ

ဦးပဏ္ဍိတ က မှာခဲ့ပြီ။ အဲ ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ သမ္မာနဲ့နေပါ။ အဲ့ဒီတော့ ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းက ကိုယ့်ဆဲလဲ စေတနာမပျက်ပါနဲ့။ ကိုယ့်အိမ်ရှေ့ကဆဲနေလဲ စေတနာကိုထိန်းထား။ အာရုံနဲ့ မနောထိန်းထား။ ဆဲပါစေ ငါသည်းခံမယ်။ ငါမြေတွေလုတယ်။ လုပါစေ။ ငါသည်းခံမယ်။ ဟော စေတနာလေးထိန်းထား၊ စေတနာထား။ စေတနာဟာ ဝိသုဒ္ဓိ၊ နိဗ္ဗာန်သွားမှာ ထိန်းထားတာ ဟိုကဆဲရင် ကိုယ်ကပြန်ဆဲမယ်။ ကိုယ်ခံဆဲရင် ခင်ဗျားသီလပျက်လိမ့်မယ်။ ဟိုက မိစ္ဆာအယူယူတာ။ မိစ္ဆာအယူယူလို့ ဆဲတာ။ ခင်ဗျားကလည်း မိစ္ဆာမဖြစ်ပါစေနဲ့။ သဘောလေးနဲ့နာနော်။ ဒါကြောင့်မို့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်ကိုသွားမစွဲနဲ့နော်။ ယူပါ။ အကာကိုလည်း မပယ်ပါဘူး။ အနှစ်ကိုလည်း ခင်ဗျားတို့နှလုံးသွင်းပါ။ အကာကနေ အနှစ်ကိုယူပါ။ သဘောလေးနဲ့နာ။ ပညတ်ကနေ ပရမတ်ကိုကူးပါနော်။ ပညတ်နဲ့ပရမတ် ပရမတ်ကိုကူးလိုက်။ ကူးမှလွတ်မှာနော်။ စာကရေးထားတယ်။ ဦးဇင်း က အသေအချာအေးကွာတဲ့ ငါ့ယုံကြည်ပါတဲ့။ ငါကတော့ ဒီပစ္စည်းတွေထုတ်ပြလို့မရဘူးတဲ့။ ပညတ်ကတော့ ထုတ်ပြလို့ရတယ်တဲ့ကွ။ ပညတ်ကထုတ်ပြလို့ရတယ်ကွ။ ပရမတ်ကတော့ ထုတ်ပြလို့မရဘူးတဲ့ကွ။ ကိုင်ပြလို့လည်းမရဘူးကွ။ မင်းတို့ယုံကြည်ပါကွာ။ ဘုရားအစစ်ရှိပါတယ်၊ တရားအစစ်ရှိပါတယ်၊ သံဃာအစစ်ရှိပါတယ်။ အဲ့ဒီသံဃာအစစ်သွားလှူလိုက်ရရင် ကိုယ်ကလည်း ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာအလွန် စေတနာက မွန်မြတ်တယ်။ ဒီအသံလေးကြားလိုက်တယ်ဆိုရင်ပဲ သူ့မှာ အဓိပတိစေတနာတွေကဖြစ်လာပါပြီ။ သူ့အဓိပတိဆိုတာ နှလုံးသားကဖြစ်တာ။ အဲ့ဒီမြက်ကလေး သူလှူလိုက်ပါတယ်။ သူ့ရှိတဲ့ ဆေးလိပ်ကလေး လှူလိုက်ပါတယ်။ ဟာပြီးနေပြီ။ ဟာ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်ပါတယ်။ အဲ့ဒါ မင်္ဂမျိုးစေ့ခေါ်တယ်။ စေတနာက သူ့ရင်ထဲမှာ လှိုက်လှိုက် လှိုက်လှိုက်ဖြစ်နေပြီနော်။ အဲ့ဒီအသံလေးကြားလိုက်တယ်။ ခုနက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဟောလိုက်တဲ့အခါမှာ ဘုရားဟောတဲ့တရားကို တရားနာပုဂ္ဂိုလ်တွေက နာကြားတဲ့အခါမှာ ဘုရားဟောတာကိုကြားတယ်၊ ကြားပြီး နာတာပဲရှိမယ်။ ဟိုက ပဋ္ဌာစာရီ က အသိဖြစ်နေတာ။ အသိရသွားပြီနော်။ သိဖို့ခင်ဗျားတို့နှလုံးသွင်းကြပါနော်။ ဒါလေးဟာ အလွန်ထူးတယ်။ နတ်တွေ၊ သိကြားတွေသိတယ်။ ခင်ဗျားတို့မှာ ကိုယ်စောင့်နတ်တွေရှိတယ်၊ အိမ်စောင့်နတ်တွေရှိတယ်။ သတိလေးထားနော်။ ဥပမာရှိတယ်ဆိုတော့ သဘောတစ်ခုပြောပြမယ်၊ စာတော့မတတ်ဘူး။ နတ်ရှိတဲ့အကြောင်းတွေ။ အဲ့ဒီတော့အရှင်ဘုရားတဲ့။ တပည့်တော် ဒီအကောင်လေးလုပ်လိုက်မယ်ကွာတဲ့၊ ဒီအကောင်လေးဆိုတာကကြက်ပေါ့ဗျာ။ ဒါလေးသတ်ပစ်လိုက်မယ်တဲ့။ အဲ မင်းသတ်လို့ရှိရင် လူမသိစေနဲ့တဲ့။ ဟိုကလည်း

လူမသိစေနဲ့ဆိုတော့ အဲ့ဒီလူက အိမ်တံခါးပိတ်၊ ခြံတံခါးပိတ် ခြင်ထောင်ချပြီးတော့ သူသတ်တာပဲဗျို့။ သတ်ပြီးတော့ ဒီဘုန်းကြီးလာကျွေးတာပဲဗျို့။ ကျွေးတော့ ပော့ကောင် အို အို အိုး မင်းကြည့်စမ်း၊ ဘယ်လိုလုပ်လာတာလဲဟာ။ တပည့်တော်ဘုရားတဲ့ ခြံတံခါးလည်းပိတ်ပါတယ်၊ အိမ်တံခါးလည်း ပိတ်ပါတယ်။ ခြင်ထောင်လည်းချပါတယ်။ အဲ့ဒီခြင်ထောင်ထဲမှာ သတ်ပါတယ်။ လူမသိပါစေနဲ့ဆိုတာ ကို မင်းကဘာလည်းကွ။ တပည့်တော်လူပေါ့။ အေး မင်း လူမှာနတ်ရှိတယ်ကွ။ မင်းလုပ်လိုက်တာနဲ့ သိသွားပြီကွတဲ့။ သဘောလေးနဲ့သာနာနော်။ ဒါပေမယ့်လည်း တစ်ယောက်တည်းနေလည်း မကောင်းတာလုပ်ရင် နတ်ကသိတယ်ဗျို့။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင် ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထ သစ္စာတွေရှိတယ်ဗျ။ မလုပ်ပါနဲ့။ နတ်တွေသိတယ်။ ခင်ဗျားတို့လှူတာတွေ နတ်တွေသိတယ်။ ဘုန်းကြီးက မှန်တာတွေပြောသွားတာ။ ထုတ်ပြပါဆိုလို့ ဘယ်လိုလုပ်ထုတ်ပြလို့ရမလဲ။ အဲ နတ်သိတဲ့ တရားရှိတယ်၊ လူသိတဲ့တရားရှိတယ်။ သဘောလေးနဲ့နာ။ အဲ့တော့ဘာပဲဖြစ်ဖြစ် ဒီလူ့ဘုံကနေပြီးတော့ ခင်ဗျားတို့ပြန်ကြမှာပဲ။ ကံကုန်ရင် ပြန်ကြမယ်။ ပြန်ရင် မရဏသေမင်းလက်ကိုရောက်သွားလိမ့်မယ်။ အဲ့ဒီတော့ သေခါနီးကျတော့ ဇာသုံးတန်ပြန်လိမ့်မယ် သိလား။ အဲ့ဒီဇာသုံးတန်မပြန်အောင် မပြန် နိုင်အောင် ခင်ဗျားတို့ ဧကောဓမ္မောအာရုံပြုပြီးတော့ ပြန်တော့မကောင်းဘူးလားဗျာ။ ခင်ဗျား ဟိုမှာ ခုနက နဂါးကြီးဖြစ်တာမတွေ့လား။ အဲ့ဒီလို ရေတွင်းပေါင်း၊ ရေကန်ပေါင်းလှူလိုက်တယ်။ အဲ နဂါးကြီး ဖြစ်တာပဲ။ ဒါ အစွဲပဲ။ ဟိုမှာပူလို့ လောင်လို့ လိမ့်ပိန့်နေတော့ ဓားကလူက စပါးကြီးသည်းခြေလေး ကျွေးလိုက်ကွာ။ စပါးကြီးသည်းခြေက အေးတာကို။ အဲ ကျွေးလိုက်တော့ စပါးကြီးသည်းခြေလေးကို သွားစွဲလိုက်တာနဲ့ ဥပါဒါန်ဖြစ်ပါတယ်။ ဒီဥပါဒါန်ဟာ အင်မတန်ကြောက်ဖို့ကောင်းပါတယ်။ ဒီဥပါဒါန် ပဲဗျို့။ ခင်ဗျားတို့လှူတာလည်း ဒိဋ္ဌိပါနေတယ်ဗျ။ မကောင်းတာလုပ်တာလည်း ဒိဋ္ဌိပါနေတယ်ဗျ။ ဒိဋ္ဌိ ဆိုတာ အာရုံကိုယူလို့ ဒိဋ္ဌိအာရုံနဲ့ မနော၊ စကျွန့် မနော၊ နားသောတနဲ့ မနော၊ ဒါတွေယူထားတဲ့အယူ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဘာယူရမလဲ။ အနတ္တယူရမှာ ခင်ဗျားတို့ယူထားတာ က အတ္တတွေ၊ အစွဲတွေ စွဲပါစေ။ သမ္မာလေးနဲ့ယူပါ။ သမ္မာလေးနဲ့ တို့အဖေသေပြီ၊ တို့အမေလည်း သေပြီ မစွဲနဲ့။ သမ္မာလေးနဲ့ယူသွားကြမှာပဲဒီလမ်း။ သြော် ဖြစ်လာရင် ပျက်မှာပဲကွ မသေခင်မှာ အားရပါးရထမင်းကျွေး၊ ဖအေ၊ မအေကို စိတ်ချမ်းသာအောင်လုပ်ပေး။ သေမှ သွားငိုမနေနဲ့။ ဘာမှ သိတာမဟုတ်ဘူး။ ခင်ဗျားတို့မသေခင်က တို့အဖေကြီးက တို့အပေါ်မှာ ကျောင်းထားပေးတယ်၊ ရှာကျွေး၊ လခရရင်ပေး။ ဖအေ၊ မအေကို ဒါတွေကို ပင်ရင်းကမှန်မှ ပင်ဖျားရောက်မှာဗျ။ ပင်ရင်းမှ

မမှန်ရင် ပင်ဖျား ဘာဖြစ်ဦးမှာလည်း။ ခင်ဗျားကို့လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာစိတ်တွေ၊ မာနစိတ်တွေ၊ ဒိဋ္ဌိစိတ်တွေဗျ။ မာနနဲ့ဒိဋ္ဌိကိုသတ်ပလိုက်။ အဲ့ဒီနှစ်ကောင်ကိုနော်။ ငါဟာဘာလဲကွ။ ပစ္စည်းအားကိုးကယ်၊ လောကီအားကိုးတယ်၊ အိမ်အားကိုးတယ်၊ ရာထူးအားကိုးတယ်။ သဘောနဲ့နာနော်။ စာကိုအားကိုးနေတယ်။ ငါစာကိုအားကိုးနေတယ်။ ဝါ ငါ့မှာ ၄၀ ရှိတယ်။ စာဘယ်လောက်တတ်တယ်။ အားကိုးမှားနေတယ်။ လောကီအားကိုးမှားနေတယ်။ မှန်တယ်။ မနောက မဋ္ဌုမှန်တယ်။ အာရုံကြောင့် မနောပေါက်နေတာ။ မနောဟောနေတာ။ မနောကိုဟောနေတာ။ မနောကံကိုပြောနေတာ။ အဲ့ဒီဥပါဒါန်ပြောပြတာ။ ကာယကံ၊ ဝစီကံပြောတာမဟုတ်ဘူး။ မနောကံကို လက်ညှိုးထိုးပြီး ဦးပဏ္ဍိတ ကပြောနေတယ်။ အဲ့ဒီမနောကံတွေလုံပါ။ အဲ့ဒီမနောကံက အာရုံကို မလိုက်ရင်လုံပြီ။ အလုံးဒီပါ သီတာရေမြေသီလရေဖြစ်သွားပြီ။ အေးသွားပြီ။ အပူသီလမဟုတ်ဘူး။ အပူသီလရှိတယ်။ အပူသီလက ခင်ဗျားတို့ဘုန်းကြီးကျောင်းသွားပြီး သီလယူထားပြီ။ စောစောစီးစီး ယူထားပြီ။ ရှစ်ပါးပဲယူယူ၊ ငါးပါးပဲယူယူ၊ ဆယ်ပါးပဲယူယူ ခင်ဗျားတို့ယူချင်သလောက်ယူစမ်း။ အဲ့ဒါ အကာ၊ ယူလည်းယူရော သမီးရော၊ သားရော၊ အဖေရော ကားမှောက်လို့သေတယ်ဆိုရင် အဲ့ဒီ အမေကြီး ဘယ်လိုနေမလဲ။ အဲ့ဒီသီလယူတဲ့အသိက ဒီအပူကိုသတ်လို့ရပါ့မလား။ အေး မရဘူး။ မင်္ဂဉာဏ်မှမရတာ။ မဂ္ဂင်ရှစ်ပါးကိုကျင့်သူများပြောတာ။ ခင်ဗျားတို့လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ နောက်ဆုံးဘဝပြန်မှာ မတော်တဆ ခင်ဗျားတို့ဟာ ဂိတ်စကုတ်တောင်တွေဘာတွေ တောင်ရောက်၊ မြောက်ရောက် ခင်ဗျားတို့ဝိဉာဉ်လေးရောက်သွားလိမ့်မယ်။ ရုပ်ကချရတော့မယ်။ ဥပါဒါန်၊ ဥပါဒါန်နော်။ ရုပ်၊ နာမ်လို့ခေါ်ထားတယ်နော်။ အဲ့ဒီရုပ်နာမ်လွတ်မှ ဝိဉာဉ်ကဖြူစင်သန့်ရှင်း စင်ကြယ်သွားမယ်။ အဲ့ဒါလေးကိုလာပြီးတော့ သီလ၊ သီလကအမျိုးအစားရှိတယ်နော်။ ဦးဇင်း ကပယ်တာမဟုတ်ဘူး။ မစွဲနဲ့။ ပညတ်သီလယူပါ။ ကိုင်း ဘုရားတည်းပါနော်၊ ခင်ဗျားတို့ ဘုရားရှိခိုးပါ။ ဆွမ်းတော်ကပ်ပါ။ ဒါပေမယ့် မစွဲနဲ့။ ဟော ဘယ်လိုမစွဲနဲ့လဲ။ ခင်ဗျားတို့ ဘုရားဆွမ်းတော်တင်ရော ဗျို့၊ အိမ်မြှောင်တွေကစားရောဗျို့။ အာ ဘုရားကမစားရသေးဘူး။ ဘုရားက ဘုဉ်းမပေးရသေးဘူး။ အိမ်မြှောင်တွေကဘာဖြစ်တယ်၊ ညာဖြစ်တယ်။ သူမောင်းထုတ်တယ်သိလား။ အဲ့ဒါ ပုပ္ပ၊ မုဋ္ဌ၊ ပရ စေတနာဆိုတဲ့ စေတနာသုံးတန်ပြတ်နေပြီ။ ဘာပဲစားစားပေါ့ဗျ။ အဲ့ဒါသာတွက်ကြည့်ပေါ့။ ဟာ သိပ်တောင်ဝမ်းသာသေးတယ်။ စားပါစေကွာ၊ စားပါစေ။ သူက တိရစ္ဆာန်။ ဘုရားမှန်းလည်းမသိ၊ တရားမှန်းလည်းမသိ၊ သံဃာမှန်းလည်းမသိတဲ့အကောင်။ ငါက သိတယ်။ အဲ သူလုပ်တာကို သူ့အယူကို ငါမယူနဲ့။ တိရစ္ဆာန်အယူကို မယူနဲ့။ ဟော အဲ့ဒါဉာဏ်ကသင်ပေးလိုက်တာနော်။ စားပါစေ။

အဲ ခွေးက ဖိနပ်တွေချီသွားတယ်။ ခွေးက အိမ်ပေါ်တက်ပြီး ထမင်းတွေ၊ ဟင်းတွေစားတယ်။ ခွေးအယူ လူကသွားမယူနဲ့။ စားပါစေကွာ၊ သောက်ပါစေကွာ။ သွားပြီးတော့ ခွေးကိုကျိန်းနေတယ်။ ခွေးကို သွားပြီး ဒေါသဖြစ်တယ်နော်။ အဲ့ဒီလိုသွားမလုပ်နဲ့၊ ဆင်ခြင်ပါ။ အသိတစ်လုံး အမြတ်ဆုံးတဲ့နော်။ အဲ့ဒါလေးတွေ ခင်ဗျားတို့အပေါ်မှာဘာဖြစ်ဖြစ် ကိုယ့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ အဲ့ဒီတော့ ဒါလေးတွေ နေတတ်ဖို့၊ စားတတ်ဖို့၊ ကိုယ်က နောက်ဆုံးဘဝပြန်မှာပဲ။ ခင်ဗျားတို့သက်တမ်းကလည်း တိုတယ်ဗျ။ ဘယ်လောက်မှမရှိဘူးနော်။ သက်တမ်းတိုတဲ့ဟာတွေက လောဘတွေ၊ ဒေါသတွေ၊ မောဟတွေမရှာနဲ့ မပြောဘူးရှာပါ။ ခင်ဗျားတို့မစွဲနဲ့တဲ့၊ သမ္မာလေးနဲ့ရှာပါ။ သက္ကာယဒိဋ္ဌိအယူတွေနဲ့ ခင်ဗျားမစွဲနဲ့တဲ့၊ သမ္မာလေးနဲ့ရှာပါ။ သက္ကာယဒိဋ္ဌိအယူတွေနဲ့ မိစ္ဆာဒိဋ္ဌိအယူတွေနဲ့ အတ္တဒိဋ္ဌိအယူတွေ နဲ့ အယူတွေမှား၊ အမှတ်တွေမှား၊ အစွဲတွေမှားရင်တော့ စားတော့အများ၊ ခံတော့တစ်ယောက်တည်းနော်။ ခင်ဗျား ခံသွားရလိမ့်မယ်။ စားတော့အများ အကုန်စားပဲ။ အဲ ခံတော့ခင်ဗျားတစ်ယောက်တည်းပဲ။ အဲ့ဒီတော့ ငါသည် အတ္တနယ်မှ အနတ္တကိုကျင့်တော့မယ်ဆိုပြီးတော့ ဝိပဿနာတရား ဘုရားကြီးရှိတယ်။ ဘုရား နားမှာသွားပြီးတော့ တရားအားထုတ်နေ။ အဲ့ဒီတော့ အပြင်မှာ အာရုံကလည်း စင်ကြယ်တယ်။ ခန္ဓာကလည်း စင်ကြယ်ရင် ခင်ဗျား ဉာဏ်ပေါက်လာလိမ့်မယ်။ အဲ့ဒီလိုဉာဏ်ပေါက်လာတဲ့အခါမှာ ခင်ဗျားမှာ အဲ့ဒီလိုတရားထိုင်လိုက်တဲ့အခါမှာ အဓိသီလဖြစ်လာပြီ။ အဓိစိတ္တဖြစ်လာပြီ။ အဓိပညာ ဖြစ်လာပြီ။ ဟာ အဓိတွေတတ်ထားပြီ။ အဓိဆိုတာ အခုအချိန်ကာလလေး ဘယ်လောက်ကောင်း သလဲ။ နတ်တွေကလည်းလာပြီးတော့ ခင်ဗျားကိုပူဇော်လိမ့်မယ်။ သူတော်ကောင်းကို နတ်တွေ ကစောင့်ရှောက်တယ် မှတ်ထား။ နတ်တွေတကယ်ရှိတယ်။ သိုက်တွေတကယ်ရှိတယ်။ ဓါတ်တွေ လည်း တကယ်ရှိတယ်။ ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာပေါဓါတ်။ ဟော အဲ့ဒီဓါတ်ကို ဗမာလိုပြန်လိုက်။ ဗမာလိုပြန်ရင် သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ ခင်ဗျားအသက်ကြီးလာပြီ။ ခင်ဗျား အသက် ၆၀-၇၀ အရွယ်ရောက်လာပြီ။ သွေးအားနည်းလာပြီ။ သွေးအားနည်းလာရင် သည်းခြေ ကလည်း ကယောင်ခြောက်ခြားဖြစ်လိမ့်မယ်။ အဲ့ဒီတော့ လေနဲ့သလိပ်က ဖောက်လာမယ်။ ချောင်းဆိုး မယ်၊ ပန်းနာရင်ကျပ်မယ်။ အကုန်လုံးတီဘီရောဂါတွေပါလျှောက်ဖြစ်၊ သွေးတိုးတို့လျှောက်ဖြစ်။ အဲ့ဒီတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရကိုလည်း သဘောပေါက်ရမယ်။ အထဲထဲက ဓါတ်တွေကိုလည်း သဘောပေါက်ရမယ်။ ဥတုရဲ့ ဘယ်ရာသီမှာ ဘယ်ဟာတွေစားရမယ်။ ဟော ခင်ဗျားက ဆရာဗျ။ ဓါတ်စာကျွေးတာ။ ခင်ဗျားကျွေးတတ်မှ ဒီဓါတ်ကမှန်တာ။ အသက်ဆန့်ထုတ်လို့ရပြီ။ အဲ့ဒါသိပ် အရေးကြီးတယ်။ လူ့ပြည်မှာနေရင် အဲ့ဒီလိုလုပ်။ ထင်ရာတွေလျှောက်မစားနဲ့။ ကံနဲ့ သွားပြီးတော့

ကံဆိုတာ အစွဲဥပါဒါန်နဲ့ ဟာ ဒီဟင်းကြိုက်တယ်ကွာ။ ဒီဝက်သားကြိုက်တယ်ကွာ။ ဘာကြိုက်တယ်ကွ။ အဲ့ဒါ ကံခေါ်တယ်။ ဥပါဒါန်ကံခေါ်တယ်။ အာရုံပေါ်မှာစွဲလမ်းတဲ့ ကံတွေ။ အဲ့ဒါတွေနဲ့ စားတယ်။ မဖြစ်ရင်တော့တော်တာပေါ့။ ဖြစ်လာရင်တော့ ဆီကြီးပိတ်ပဲ။ သွားရောပဲ။ ခင်ဗျားတို့ ဆေးရုံကတော့ ပိုက်ဆံအားကြီးရတာပဲနော်။ ဦးပဏ္ဍိတ ဘယ်ဆေးမှ မထိုးဘူးနော်။ ဖြစ်တာကို ဖြစ်တယ်လေ၊ ရုပ်ရတာကို ဝေဒနာရှိတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဘုရားကဆိုထားတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ အဲ့ဒီဝေဒနာမှာ တဏှာရှိတယ်။ တဏှာကိုကြည့် ဝေဒနာ။ တရားထိုင်တဲ့အခါမှာ ဝေဒနာစိတ်ကလေးကိုခေါ်တာ။ ဟော တဏှာက စိတ်ကလေးကိုခေါ်တာ။ ရုပ်ကဖောက်ပြန်တာက ဝေဒနာ၊ အဲ့ဒီဝေဒနာမှာ အသေအချာကြည့်။ တဏှာက စိတ်ကလေးခေါ်တယ်။ နာမ်စိတ်ကလေးခေါ်တယ်။ သဘောလေးနဲ့နာနော်။ စိတ်မှာ တဏှာရှိတယ်။ စိတ္တတဏှာနံ့ ခယ မစ္စက စိတ်သာရှင်စော ဘုရားဟောတဲ့ ဟောထားတယ်နော်။ စိတ်ကိုဟောသွားတာ။ အဲ့ဒီတော့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို ဦးဇင်း လည်း ဒီလောက်ဆိုရင်တော့ဗျာ တော်ရောပေါ့ဗျာ။ ခင်ဗျားတို့။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

ဖြောင်းမြဖြို့

ဝိသုဒ္ဓိမဟာဖြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၆)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၁၆)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ တောထွက်ကြီး။ အသက်(၅၂)နှစ်အရွယ်လောက်မှာ ခန္ဓာဉာဏ်ရောက်တရားများ ကျင့်ကြ၊ ကြံကြပါလို့ စာကရေးထားတယ်။ အဲဒါကို ဦးဇင်း ကျင့်ပါတယ်။ အဲဒီတော့ ပညတ်နဲ့ ပရမတ် ဦးဇင်း က ပညတ်ကိုမပယ်ပါဘူးနော်။ မပယ်ဘူးတဲ့။ မစွဲဘူးတဲ့။ ဒါ သစ္စာနဲ့ပြောလိုက်တဲ့တရား။ အဲဒီတော့ ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ အားလုံး ဆရာတော်ကြီးတွေ၊ အရှင်မြတ်တွေ၊ ရှင်သာမဏေတွေအားလုံး ဦးဇင်း က စာမတတ်တဲ့အတွက် တောင်းပန်ပါတယ်တဲ့။ စာမတတ်လို့ပါတဲ့။ အားလုံးခွင့်လွှတ်ပါတဲ့။ အသိခန္ဓာသိကိုဟောပြပါ့မယ်တဲ့။ အားလုံး ဒကာ၊ ဒကာမများလာပြီးတော့ အသိတရားကိုနာကြားတဲ့ပုဂ္ဂိုလ်များလည်း ဦးပဏ္ဍိတ က စာမတတ်တော့ မှားယွင်းချက်တွေရှိရင် ခွင့်လွှတ်ကြပါတဲ့။ အားလုံးကိုပြောသွားပါ့မယ်တဲ့။ စာကရေးထားပါတယ်။ ကံတရားဟာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံလို့ရေးထားပါတယ်။ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ ကံတော့ကံပဲ။ မတူဘူး။ ကံဆိုတာ ဘာကြောင့်ကံလို့ခေါ်သမုတ်သလဲ။ အစွဲကြောင့် ဥပါဒါန်ကြောင့် ကံလို့ခေါ်ရတယ်။ သွားစွဲယူလိုက်တယ်။ ဘုရား ပညတ်ကို သွားယူလိုက်တယ်။ ဒီတော့ ပညတ်ကလုပ်တယ်။ ဒါ အစွဲတရားခေါ်တယ်။ အသိလေးပါပဲနော်။ ဒါကြောင့်မို့ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ အဲဒီကိုယ်မပြုလုပ်တဲ့ကံက သံသရာလည်တယ်ဗျို့။ ဘာဖြစ်လို့လည်သလဲ။ အဲဒီကံက ဘာကြောင့်လည်သလဲ။ တဏှာကြောင့်လည်တယ်ဗျို့။ တဏှာက ဘယ်လိုဘာလဲ။ သာယာမှုပေါ့ဗျာ။ သွားစွဲလန်းလို့ သာယာလိုက်တာဗျို့။ တဏှာက ဘယ်ကလာသလဲ။ ကိလေသာကလာတယ်။ အဲဒီကိလေသာနဲ့ တဏှာတွဲနေတဲ့သဘောလေးပဲဗျို့။ အဲဒါ ခင်ဗျားတို့အပေါ်မှာမူတည်တယ်နော်။ ကာယကံ၊ ဝစီကံ ရှောင်ထားလို့ရတယ်။ မနောကံဆိုတဲ့ အစွဲဥပါဒါန်ဟာ တွေးကြည့်ပေါ့ဗျာ။ ဗျာပါဒလို့ ပါဠိလိုရေးထားတယ်။ အဲဒါအစွဲပဲ။ ဥပါဒါန်တွေပဲဗျာ။ အဲ ဗျာပါဒသဠီရ စီးပွားရေးအခြေအနေမကောင်းတော့လည်း ဗျာပါဒဥပါဒါန်နဲ့ဖြစ်လိုက်။ ဒါတွေကြည့်လိုက်ရင် သောကပရိဒေဝဆိုတဲ့ တောက်လောင်ပြီး လောင်ကျွမ်းနေတာ။ အဲဒါအစွဲပဲတဲ့။ ဥပါဒါန် ပစ္စုပ္ပန်တည့်တည့်လေး ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့။ မြင်တာကို သိလိုက်တယ်၊ ကြားတာကို သိလိုက်တယ်၊ ဘာနဲ့သိသလဲတဲ့။ အဲဒီတော့ မိရိုးဖလာအသိ၊ မိရိုးဖလာအမှတ်နဲ့ယူတာဗျို့။ ပါဠိလို သညာလို့ခေါ်ပါ တယ်နော်။ ဒီအမှတ်က ကိုယ့်ကိုဒုက္ခပေးတာပဲဗျို့။ ဥပါဒါန်ဖြစ်တာပဲနော်။ ဒါးစာခံဖြစ်တာပဲ။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့ ဘုရားကဟောထားတာ။ ကံကိုဟောထားတာ။ ဥပါဒါန်ကံကိုဟောထားတာ။ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ

အလုံးစုံသော သခ်ီရအနတ္တတဲ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒီရုပ်ဟာ အိုမယ်၊ စိတ်ကမအိုဘူးဗျို့နော်။ အဲဒီတော့ စိတ်မဆင်းရဲပါစေနဲ့တဲ့။ စိတ်ဆင်းရဲတဲ့လူက ဘာလို့လဲသွားစွဲလို့ စိတ်ဆင်းရဲတယ်။ သောကပရိဒေဝဆိုတဲ့ မနောက အာရုံငါးပါးမလွတ်တဲ့အတွက်ကြောင့် သူ့မှာ သခ်ီရတွေဖြစ်နေတယ်နော်။ အဲဒီသခ်ီရတရားကို ရပ်အောင်လုပ်ရမှာပဲ။ ခုနက ဒီအစွဲတွေကို ဘာနဲ့ယူသလဲတဲ့။ အဲ စာကရေးထားတယ်။ သက္ကာယဒိဋ္ဌိတဲ့။ မိစ္ဆာဒိဋ္ဌိတဲ့။ အဲဒီအစွဲကို သမ္မာလေးနဲ့ယူပါဗျာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလပြည့်စုံပြီးတော့ အပြင်ပညတ်ကလေးကိုတဲ့ သမ္မာလေးနဲ့အလုပ်လုပ်ပါတဲ့။ ကဲ ခုနက ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီတဲ့။ ကိုယ်ကလည်း ချေချေငံငံနဲ့ ယဉ်ယဉ်ကျေးကျေး စကားပြောပါတဲ့။ နှလုံးအမိပတိ စေတနာမှန်ပါစေတဲ့။ စေတနာမှန်မှ အပြင်မှာစင်ကြယ်မယ်တဲ့။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်တဲ့။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်တဲ့။ ကိုယ့်စိတ်ကိုယ်စစ်ပါတဲ့။ အဲဒီစိတ်ကလေးကို ဘာနဲ့စစ်ရမလဲတဲ့။ မဂ္ဂင်နဲ့စစ်ပါတဲ့။ အဲဒီမဂ္ဂင်နဲ့ စစ်တဲ့အခါမှာတဲ့ ခင်ဗျား တရားနှလုံးသွင်းပြီနော်တဲ့။ နှလုံးသွင်းတဲ့အခါမှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးရဲ့ ဒုစရိုက်(၁၀)ပါးကို။ ကဲ ခင်ဗျားက ဘယ်ဟာကို သတ်မလဲတဲ့။ မနောဗျာပါဒ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ ကို သတ်မယ်တဲ့။ အဲဒီဗျာပါဒနဲ့ အဘိဇ္ဈာဘာကြောင့် ဖြစ်ရသလဲ။ ဒိဋ္ဌိကြောင့်ဖြစ်တာတဲ့။ ဒိဋ္ဌိဆိုတာ ပါဠိစကားတဲ့။ ဗမာလိုပြန်လိုက်ပါတဲ့။ အာရုံ(၅)ပါးကိုယူထားတဲ့ အတွက်ကြောင့် မနောမှာ သောမနဿ၊ ဒေါမနဿကာံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ပါတယ်တဲ့။ မနောကနော်။ အာရုံကြောင့်နော်။ ဒါလေးတွေဟာ သံသရာလည်တဲ့တရားပါပဲတဲ့။ အဲဒီတော့ အခု ကိုယ့်စိတ် ကိုယ်စစ်ရမယ် သဘောလေးကတဲ့။ ဝိပဿနာမဂ္ဂင်ရှစ်ပါးနဲ့စစ်ပါတဲ့။ စစ်တဲ့အခါမှာတဲ့ စာကရေးထားတယ်နော်တဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလဖြစ်ပြီနော်တဲ့။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ က ပညာမဂ္ဂင်ခေါ်တယ်တဲ့။ သိက္ခာ(၃)ပါးလို့ခေါ်လိုက်ပြီနော်တဲ့။ အဲဒီသိက္ခာ (၃)ပါးဟာ စာနဲ့ရေးထားတယ်တဲ့။ အဓိစိတ္တ၊ အဓိသီလ၊ အဓိပညာတဲ့။ ပညာပိုင်းကိုရအောင်လုပ်ပါတဲ့။ သညာပိုင်းကိုပယ်လိုက်ပါတဲ့။ အဲဒီတော့ ပညာပိုင်းကိုဘယ်လိုသင်မယ်၊ ဘယ်လိုရောက်မယ် ဆိုတာ ဦးဇင်း သဘောလေးပြောပြပါ့မယ်တဲ့။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်လို့ ဘုရားဟောထားတာတဲ့။ အဲဒီတော့ ကျင့်ဖွယ်အပ်ရာက ဘာတွေလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရားနော်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ခန္ဓာမှာ တုံးလို့မွှေ၊ ရေလိုနှောက် ခန္ဓာငါးပါးကို မွှေပါတဲ့။ ဒါမှ ရုပ်နာမ်

ကိုသိလိမ့်မယ် တဲ့။ ရုပ်နာမ်သိမြင်လို့ ဒီတရားတွေကိုလုပ်တာပါတဲ့။ အဲဒီတော့ ကာယသတိပဋ္ဌာန် နဲ့ပတ်သက်ပြီးတဲ့ ဘယ်လိုအယူနဲ့ ယူရလည်းတဲ့။ သမုတိသစ္စာနဲ့ ယူပါတယ်တဲ့။ အဲဒီတော့ ကာယသတိပဋ္ဌာန်တော့ မှန်ပါပြီတဲ့။ ဗမာလိုဘာခေါ်သလဲတဲ့။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒုစရိုက်(၁၀)ပါး။ အဲဒီတော့ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိကိုသတ်မယ်တဲ့။ မနောသတ်မယ်တဲ့။ ဟာ သတ်ပြီ ခုနက ကာယကံ၊ ဝစီကံက အပြင်မှာ စင်ကြယ်လား ခင်ဗျား အာရုံ(၅)ပါးကိုလည်း ပယ်ပြီ၊ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား မကြားချင်ဘူး၊ သိချင်လား မသိချင်ဘူး။ စားချင်လား မစားချင်ဘူး။ ဟော အာရုံတွေကလည်းပယ်ပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံတွေကိုလည်း သမာဓိနဲ့ယူထားပြီ။ အဲဒီလိုလုပ်လိုက်တဲ့အခါမှာ ကာယသတိပဋ္ဌာန်ကနေ ဒီဘဝင်အသိလေးက မိမိရဲ့ ဘဝင်စိတ်ကလေးက နှာသီးဖျားလေးမှာ ဝင်လေထွက်လေလေးက အမြဲစားနေတာပဲ။ အိပ်နေတာပဲ။ အမှုမဲ့၊ အမှတ်မဲ့နဲ့ နှာခေါင်းနှစ်ပေါက်ရဲ့ အာရုံကို အာရုံမယူပဲနဲ့ စက္ခုအာရုံယူလိုက်။ နားသောတအာရုံယူလိုက် အဲ ကိုယ့်အာရုံတွေအကုန်နော် ယူနေတာ အမှတ်တွေယူနေတာ။ အဲဒီတော့ ဒီကနေပြီးတော့ ဒီဘဝင်အသိကလေးကနေပြီးတော့ ဝင်လေထွက်လေကနေ ထိတာကရုပ်၊ သိတာနာမ်။ အဲဒီလိုဘဝင်စိတ်ကလေးက ကျင့်ထားတဲ့ ဝင်လေ ထွက်လေ အာရုံမှာ အသိလေးကပ်တယ်။ အဲဒီအသိလေးက အဲဒါ ကာယသတိပဋ္ဌာန်တဲ့။ ကံတရားတွေပယ်ပြီး အနုသယကံတွေကိုပယ်ပြီ။ အဲဒီတော့ ဒီအနုသယကံကို ပညာနဲ့ပယ်မလား၊ သညာနဲ့ပယ်မလား။ ပညာဟာအရေးကြီးတယ်။ အဲဒီတော့ အခု ထိတယ် ထိတယ်ဆိုတာဟာ မိမိရဲ့ သိတဲ့သညာ။ ဘုံမလွတ်တဲ့ အတ္တအစွဲ။ အဲဒါက ကံဖြစ်နေသေးတယ်နော်။ ဒါတွေက သတိပဋ္ဌာန်ပါ။ ဝေဒနာ သတိပဋ္ဌာန်မှာလည်း မိမိရဲ့ သိတဲ့သညာအသိပဲ (၃၁)ဘုံမလွတ်သေးဘူး။ ဟာ တွန့်တက်လိမ်နေ တာပဲ။ အဲဒါ ဝေဒနာသတိပဋ္ဌာန်။ အဲဒါ သညာသိ၊ ပညာသိမဟုတ်သေးဘူး။ ဒါပေမယ့် သူကလည်း ဝေဒနာလျော့အောင်လုပ်နေရတာကို ဒေါသ၊ သညာသိတွေ ပညာသိကူးမှ စိတ်ကနေ ဓါတ်ဖြစ် သွားတာ။ သဘာဝသဘောတရားလေးဖြစ်သွားပြီ။ အဲဒီစိတ်ဓါတ်နဲ့ ပရမတ်စိတ်ဓါတ်ကိုယှဉ်လိုက် တော့ ပညတ်နဲ့ ပရမတ်ဗျို့ နှစ်ခုချုပ်ပြီတဲ့။ သဘောပေါက်သွားပြီကွာတဲ့နော်။ ပညတ်လည်းမချုပ်ဘူး၊ ပရမတ်လည်း မချုပ်ဘူး။ ကံတွေ ဖြစ်နေတယ်။ အာရုံလည်း မလွတ်ဘူး၊ အဖေသေလည်း ပူရ၊ အမေသေလည်း ပူရ၊ သားလေးတွေသေလည်း ပူရ၊ ကိုယ် စာတွေကျက်မရလို့ စိတ်ဆင်းရဲလို့ ပူရ။ အဲဒီတော့ တွေးပါ။ အဲဒါ သစ္စာတွေပေါ့။ ဒီနေ့ ငါ စာတွေကျက်တယ်။ စာမေးပွဲ ငါ ဖြေရမယ်။ အဲဒီမေးခွန်းတွေ ငါမရ။ အဲ စိတ်ဆင်းရဲတယ်။ ပူတယ်၊ ဒါ ဥပါဒါန်တရားတွေပဲ။ ဒါ (၃၀)ဘုံ

လည်တဲ့တရားတွေပဲနော်။ အဲဒီတော့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာ၊ အရိယထသစ္စာ အာရုံကိုသွားပို့ပါတယ်။ ဉာဏ်ရလို့ အာရုံမှာသိတာနော်။ ဒါ ထုတ်ပြပါ ဆိုလို့လည်း ထုတ်ပြလို့မရဘူးနော်။ အဲ မယုံပါဘူးဆိုရင် ဟော စာလည်းမတတ်ဘူး၊ ပေလည်း မတတ်၊ ဘာမှလည်း မတတ်ဘူး။ အရှင်ဘုရား ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဒ သာသနာသုံးရပ်ရှိတယ်အရှင် ဘုရားရဲ့ မကိုက်ညီဘူး။ သင်္ကန်းချွတ်ပေးပါဆိုရင် ချွတ်ပေးလိုက်မယ်။ အခုချွတ်ပေးပါဆိုရင် ပုဆိုး၊ အင်္ကျီဝတ်သွားမယ်နော်။ သူကျင့်ပြီးပြီ။ သဘောပေါက်သွားပြီ။ ပြန်တော့မယ်တဲ့။ အားလုံးကို ရှိခိုး တယ်တဲ့နော်။ ဒါကြောင့်မို့ စာပေကျမ်းဂန်မတတ်ဘူး။ ကိုယ်ထက်ကြီးသူကိုရိုသေပါ၊ ကိုယ်နဲ့တန်းတူ ကို ကြင်နာပါ၊ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့တဲ့။ မလုပ်နဲ့ မပြောဘူး။ မစွဲနဲ့တဲ့။ ခုနက ကလေးတွေလား စာမေးပွဲဖြေတာမအောင်တော့ မဖြေနိုင်တော့ စိတ်ဆင်းရဲတယ်။ အဲဒါ သောကမီးတွေက ဒါ ဥပါဒါန် တွေပဲ။ (၁၁)ဘုံမလွတ်ဘူး။ လောကီစိတ်တွေခေါ်တယ်။ လောကုတ္တရာကိုမသိဘူး။ ဆရာကောင်း လည်း မရှိဘူးနော်။ သဘောလေးတွေ ဟောတာ။ လူကြီးတွေလည်း ကြည့်။ ဥပါဒါန်တွေ။ ဈေး မရောင်းရရင်တစ်မျိုး။ လောဘ၊ မောဟ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဘယ်ဟာကြောင့်လဲ။ အာရုံ ကြောင့် မနောဖြစ်နေတာ။ အာရုံမှ မလွတ်တာကိုနော်။ အာရုံကို ဘာနဲ့ယူထားလဲ။ အမှတ်နဲ့ ယူထားတာ။ ဟာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ ငါ့မိန်းမ၊ ငါ့အိမ်၊ ငါ့သား ဟုတ်တာပေါ့။ မှန်ပါတယ်။ အေးကွာတဲ့။ ပညတ်တရား၊ ပရမတ်တရား၊ သညာတရား၊ ပညာတရား၊ အတ္တတရား၊ အနတ္တတရား၊ လောကီ အာရုံ၊ လောကုတ္တရာအာရုံ၊ သဘောလေးတွေနဲ့ နာနော်။ ပြန်ကြမှာ။ ရုပ်သာအိုမယ် စိတ်မအိုဘူး။ စိတ်ကိုပြောသွားတာ။ စိတ္တာ တဏှာနံ ခယ မဇ္ဈက စိတ်သာရှင်စေ ဘုရားဟော စိတ်ဟောသွားတာ။ အဲဒီစိတ်မှာ တဏှာပါနေတယ်။ နာမ်ပါနေတယ်။ အဲဒီနာမ်က ခင်ပျားကို ကိုက်နေတာပဲ။ ဒီ နာမ်ဆိုတာက မြင်တော့သိတာပေါ့ဗျာ။ အဲဒီတော့ သိတဲ့အခါမှာ ဘာလေးတွေ မှတ်နေပါလဲ။ အတွေးပါဒမှတ်နေတဲ့အသိ။ ဒါလေး မသာယာဘူးလား။ သာယာ တယ်ဗျာ။ အဲဒါ တဏှာအသိ။ အားလုံးပေါင်းစုံလိုက်တဲ့အခါမှာ အဲဒီလိုသွားစွဲလိုက်တဲ့အခါ အဲဒါ ကို အကုန်ပေါင်းမှ နာမ်ခေါ်တယ်။ အဲဒီနာမ်က စွဲတာ ရုပ်ခေါ်တယ်။ အဲဒီရုပ်ကိုလေသာကို မသတ်ရင် နာမ်မသေဘူး၊ ရုပ်နာမ်မသေဘူး။ ရုပ်နာမ်မသိရင် အဝိဇ္ဇာ၊ ရုပ်နာမ်သိတော့ ဝိဇ္ဇာဉာဏ်နော်။ ဒါတွေ ဟာ အင်မတန်မှ ခက်ခဲနက်နဲပါတယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊

အာလောကောဥဒပါဒိ စာရေးထားတယ်။ ခင်ဗျားတို့ လာပါတဲ့။ ဆရာတော်ကြီးတွေ၊ သမားတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေမေးပါ။ ပညတ်တရား၊ ပရမတ်တရားရှိသလားတဲ့။ တောထွက်ကြီးပါကွာ။ ငါဘာမှမတတ်ပါဘူးကွာ။ ပရမတ်ကိုသာမေး မင်းတို့မေးလို့ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်ပေးလိုက်မယ်ကွာ။ ငါ မလိမ်ပါဘူး၊ ငါ သစ္စာထားပါတယ်ကွာတဲ့။ ဒါပေမယ့် စာတော့မတတ်ဘူးတဲ့။ အားလုံးကို ရှိခိုးတယ်တဲ့။ အားလုံးကို ဘာလို့ရှိခိုးလဲ။ အကုန်လုံး ဘုရား၊ တရား၊ သံဃာကို ယုံကြည်ကြတဲ့လူတွေ။ မင်းရဲ့စေတနာကို ငါချီးကျူးတယ်။ လေးစားတယ်။ ထူးပါတယ်ကွာတဲ့။ ဒါသူ့ကိုကိုယ်ကလေးစားတဲ့အနေနဲ့ ပြန်ပြီးတော့ ဂါရဝပြုရပါတယ်နော်။ အဲဒီတော့ အဓိသီလ။ ခင်ဗျားတို့တရားထိုင်၊ အဓိသီလဆိုတာက အဲဒီလိုတရားထိုင်တဲ့အခါမှာ အာရုံငါးပါးနဲ့လည်း မပေါင်းဘူး၊ ဒုစရိုက်(၁၀)ပါးကိုလည်းပယ်ပြီ။ အဲဒီတော့ အတ္တပယ်ပြီ။ အနတ္တကို ထိတာကရုပ်၊ သိတာကနာမ်။ အဲဒီလိုလုပ်လုပ်နေတဲ့အခါမှာ တဒင်္ဂလုပ်နေတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးနေပြီ။ အဲဒါ အဓိသီလခေါ်တယ်။ အဲဒီသီလက နတ်ပြည်ရောက်တယ်။ ဒါပေမယ့် ဉာဏ်မပေါက်သေးတော့ ဉာဏ်ပေါက်သွားရင်တော့ ခင်ဗျားအပေါ်မူတည်တယ်။ အဲဒီ မဂ်ဉာဏ်မပေါက်သေးရင်တော့ အဓိသီလပဲ။ အာရုံလည်းသတ်ထားတယ်။ ဒုစရိုက်၊ မိစ္ဆာအယူ၊ ဒိဋ္ဌိအယူ၊ သက္ကာယအယူတွေလည်း ပယ်ထားသေးတယ်။ ဟော အတ္တလည်းပယ်ထားပြီးပြီ။ ဟော ဘာလဲ။ အနတ္တကိုကူးနေတယ်။ အဲဒါ ကျန်းမာတယ်။ အာရောဂျံပရမံ ကျန်းမာရေးလာဘ်ရတယ်။ ဟိုဘက်က အရိယဘက်လိုင်းရောက်သွားရင်နတ်ကတော့ စောင့်ရှောက်တယ်။ နတ်ကတော့ (၃၁)ဘုံ မလွတ်သေးဘူး။ အဲဒီလိုဟာတွေ ကျင့်။ ကိုယ့်ကိုယ်ကို အားကိုးပါ။ သူများကို သွားအားမကိုးနဲ့။ ကိုယ့်ကိုယ်ကိုယုံကြည်ပါ။ ဒီကစာမတတ်ဘူး။ ဒါလုပ်ပါ။ သူဖွင့်ပြောသွားပြီ။ အချိန်မရွေး ဒါချွတ်ပါဆိုရင် ချွတ်ပေးလိုက်မယ်။ ဟောပြောသွားပြီ။ ဒါပေမယ့် ငါကတော့ မင်းတို့ရဲ့စေတနာအရ၊ ဝါအရ မင်းတို့ရဲ့သဘောအရ လာလုပ်ပေးတာပါတဲ့။ ငါလုပ်ပေးတာပါတဲ့။ ငါ ဒီသင်္ကန်းဝတ်တဲ့အခါမှာ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီတွေနဲ့ ငါကျင့်တာပါကွာ။ တောမှာလိုက်မေးကြည့်ပါကွာတဲ့။ ငါဘာများလုပ်သလဲ၊ စာတော့မတတ်ဘူးတဲ့။ အဲဒီတော့ ဒါတွေကို ဒကာ၊ ဒကာမတွေက ဦးပဏ္ဍိတကိုလှူကြတယ်နော်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ အဲဒါ စေတနာပဲ။ ခင်ဗျားရဲ့စေတနာတွေဟာ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ လူမျိုးမရွေးဘူး။ တန်းတူထားနိုင်တဲ့အခြေအနေ။ ခင်ဗျားစိတ် ခင်ဗျားသိသွားပြီနော်။ အဲဒါ (၃၁)ဘုံလွတ်တဲ့စိတ်ခေါ်တယ်။ အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ သတ္တဝါတွေကိုလည်း စေတနာထားတယ်။ ကျောက

သွားလည်းသား၊ ရင်က သွားလည်းသား။ ခင်ဗျားစေတနာမရွေးချယ်ပါဘူးတဲ့။ အဲဒါ ပညာစေတနာ။ သညာစေတနာက အမှတ်နဲ့ စေတနာထားတာ။ ဒါ ငါ့သမီး၊ ဟိုဟာ ငါ့သမီး မဟုတ်ဘူး။ ရွေးချယ်တာနော်။ ဘယာစေတနာရှိတယ်။ ပကာသနစေတနာရှိတယ်။ အဓိပတိစေတနာ ပြောသွားပြီ။ အဲဒီလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

ရွှေဘိုမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၃.၃.၂၀၀၇)ရက်နေ့၊ ရန်ကုန်မြို့

ရွှေတိဂုံဘုရားအရှေ့မုခ် ကြေးသွန်းဘုရားကြီးတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## ၁၃၆၅ ခု၊ တပေါင်းလပြည့်ကျော်(၈)ရက်၊ (၁၃.၃.၂၀၀၄)ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့မုခ် ကြေးခွန်းဘုရားကြီးတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဝိသဇ္ဇာတရားတော်

ဦးဇင်း က ငယ်စဉ်တောင်ကျေးက စာမသင်ခဲ့တော့ စာမတတ်ပါဘူးဗျာ။ ငယ်စဉ်တောင်ကျေး က အမိအဖက တောမှာနေတယ်။ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ သရက်ကုန်းကျေးရွာနဲ့ နည်းနည်းဝေးတယ်။ ရွာလေးကတော့ ပိုးကလုံရွာ ကရင်ရွာတွေပေါ့ဗျာ။ အဲဒီမှာ ကျောင်းမထားနိုင်ဘူး။ ဒါကြောင့် စာမတတ်ဘူးတဲ့နော်။ စာပယ်တာမဟုတ်ဘူး။ ကိုယ်က မသင်လို့မတတ်တာပါ။ ဆရာတော်ကြီးတွေ သံဃာတော်အရှင်မြတ်တွေ၊ ထေရ်ကြီးဝါကြီးတွေ၊ ရှင်သာမဏေတွေအားလုံး ရှိကြတဲ့ ကိုရင်လေးတွေကအစ တပည့်တော်က စာမတတ်တဲ့အတွက်ကြောင့် တပည့်တော်အားလုံး ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါတဲ့။ ခန္ဓာသိနဲ့ စာသိပေါ့ဗျာ။ အဲဒီတော့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေအားလုံး တရားနာကြတဲ့ ပရိတ်သတ်အပေါင်းများ ဦးပဏ္ဍိတ က စာပေမတတ်တော့ ပြောမှားဆိုမှားရှိရင် အားလုံး တရားနာတဲ့ပုဂ္ဂိုလ်များလည်း သည်းခံကြပါတဲ့။ ဦးဇင်း က စာမတတ်ဘူး။ အခု ဦးဇင်း ရဲ့သဘောလေးပေါ့ဗျာ။ အဲဒီတော့ ဘယ်လိုသဘောလည်း ကာယကံ၊ ဝစီကံ၊ မနောကံလို့ စာကရေးထားပါတယ်။ အဲဒီတော့ စာကရေးထားတဲ့အခါမှာ ရှစ်ပါး သီလ၊ ဆယ်ပါးသီလထဲမှာပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ပထမ၊ ဒုတိယ၊ တတိယ ဒီလိုစာကရေးထားပါတယ်။ ကံဆိုတာက ကိုယ်ပြုလုပ်တဲ့ကံရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ ကံဆိုတာ အစွဲပေါ့ဗျာ။ ဗမာလိုပြန်ရင် အစွဲပဲတဲ့။ ဥပါဒါန်အာရုံ ၅ ပါး။ ဘုရားပညတ်တဲ့အာရုံတွေကို အဲဒီတော့ အယူမှားတယ်။ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ကံနော်၊ အဲဒါ ၃၁ ဘုံမလွတ်ဘူးဗျ။ သဘောလေးပဲ။ အဲဒီတော့ ၃၁ ဘုံလွတ်တဲ့အသိနဲ့ ၃၁ ဘုံမလွတ်တဲ့အသိ ကံတရားများကိုပြောပြတာပါဗျာ။ အဲဒီတော့ ကံတရားဟာ ကျင့်ရတော့မှာကို အဲဒီတော့ သစ္စာလေးပါးရှိတယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရားပဲတဲ့။ ဆင်းရဲတယ်ဆိုတာဘာလဲ။ စိတ်ဆင်းရဲတာနော်။ စိတ်ဆင်းရဲတာ ရုပ်က ဖောက်ပြန်တယ်။ နာမ်ကခံစားတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာကိုကြည့်။ အဲဒီတော့ စာကရေးထားတယ်။ စိတ္တာ တဏှာနံ ခယ မစ္စကစိတ္တာ ရှင်တော်ဘုရားဟောတဲ့နော်။ ဒါ ဘုရားဟောတဲ့စာတွေပဲ။ အဲဒီတော့ ဒီစိတ်ကလေး မှာ တဏှာကြည့်ပေတော့တဲ့။ အင်မတန် လွယ်မယောင်နဲ့ခက်တယ်။ တိမ်သယောင်နဲ့ နက်တယ်။ သဘောလေးပဲ။ ၃၁ ဘုံလွတ်ချင်တဲ့အကြောင်း။ အဲဒီတော့ ဘာတွေကိုပယ်ရမလဲ။ အခု ပစ္စုပ္ပန်

တည့်တည့်လေး ရှေ့လည်းမမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ အတိတ်၊ အနာဂတ်ကိုပြောနေတာ မဟုတ်ဘူး။ ပစ္စုပ္ပန်တည့်တည့်လေးမြင်လိုက်တော့ သိတယ်။ ကိုယ်နားကြားတော့ သိတယ်။ ကိုယ့်နှာခေါင်းနံတော့ သိတယ်။ လျှာပေါ်စားတော့ သိတယ်။ အသားကိုထိတော့ သိတယ်။ အဲဒီမနော ပဲဗျို့နော်။ ကာယကံ၊ ဝစီကံ၊ မနောကံ သံသရာဘယ်ကစသလဲ။ မနောကံကစတယ်။ သံသရာ ဘယ်ကလည်သလဲ။ မနောကံကစလို့လည်တယ်။ သံသရာဘယ်ကပြတ်သလဲ။ မနောကံကစလို့ ပြတ်တယ်။ သဘောလေးနော။ ပယ်အပ်မယ့်တရား၊ သိအပ်မယ့်တရား၊ ကျင့်အပ်မယ့်တရား။ သဘော လေးပဲပယ်ရမှာက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အဲဒါတွေ။ အဲဒီအယူတွေပယ်ရမယ်။ သိအပ်မယ့်တရားက အဲဒီတော့ ဥပမာပေါ့ဗျာ။ စာတော့မတတ်ဘူး။ လူစိမ်းပေါ့၊ ဝိပဿနာကျင့်ပြီ မဂ္ဂင်ရှစ်ပါး အဲဒီမဂ္ဂင်ရှစ်ပါးက နိဗ္ဗာန်ရောက်ကြောင်းတရားပဲဗျ။ ဒီတစ်လမ်းပဲရှိတယ်။ မဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့စိတ်ကို ဘဝင်စိတ်ကို ကာယကံ၊ ဝစီကံ၊ မနောကံ သိပ်နုတယ်။ အနုသယလေးတွေ။ စိတ္တ နုပဿနာ။ အဲဒါလေးကို အာရုံလုပ်ပြီးတော့ ဝင်တယ်၊ ထွက်တယ်။ ဒလစဉ် ဒလစပ်ဖြစ်နေတဲ့အာရုံ။ ထမင်းစားတာလည်းသိတယ်၊ လှုပ်ရှားတာလည်းသိတယ်။ အဲဒီအာရုံလေးကို ဝိပဿနာ ကမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒီအာရုံလေးကို သိ တိ သိ သတိ ထိသိ သတိ သိ ဆိုတာက ကိုယ်က သိပြီ။ ထိတာကရုပ်၊ သိတာကနာမ်။ အဲဒီလိုအောက်ချိန်းနေတဲ့အခါမှာ အပြင်မှာစင်ကြယ်တယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်နော်။ သဘောလေးပဲ။ သဘာဝကို သဘောလို့ခေါ်တယ်နော်။ အဲဒီတော့ ဒါလေးတွေကို အမြဲတမ်း အမြဲတမ်း ဒါကို သူက ယုံကြည်တယ်။ ပါဠိလို သဒ္ဓါခေါ်တယ်။ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ် တွေ၊ ပညာဗိုလ်တွေ။ ဒီလိုစာကရေးထားပါတယ်။ သဒ္ဓါဆိုတာ ယုံကြည်တယ်၊ ယုံကြည်တဲ့သဒ္ဓါနဲ့ ဝီရိယကို တင်လိုက်တယ်။ ငါယုံကြည်ပြီကွာ။ ဝီရိယကိုထူထောင်ပြီ၊ ကြိုးစားပြီ၊ အဲဒီတော့ ဒါ အမြဲတမ်း သူလုပ်နေတယ်။ အဲဒီအာရုံက အသိလေးက အဲဒီအာရုံမှာ ဝင်လေထွက်လေ အာရုံမှာ အသိလေးကပ် ထားလိုက်တယ်။ သိတယ်၊ ထိသိ သတိ သိတာက ကိုယ်က ထိတာကလည်း ထိတယ်၊ သိတယ် အဲဒါရုပ်နာမ်လေးပဲ သဘောလေးပဲ။ အဲဒီတော့ ဒီအသိတွေကို လုပ်လိုက်ရင် ဒီအနုသယရဲ့ကံတွေဟာ တဖြည်းဖြည်းငြိမ်လာတယ်နော်။ အနုသယကံ မနောငြိမ်လာရင် အပြင်ကာယကံ၊ ဝစီကံက အလိုလို ကျွဲကူးရေပါတယ်။ အဲဒီတော့ အပြင်မှာစင်ကြယ်တယ်။ နေတော့လည်း ကိုယ်က ဘြော် ငါတရား သမားပဲ။ မမြင်ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ မသိချင်တော့ဘူး။ ဒါတွေကိုသူရှောင်ပြီ၊ အဲဒီတော့

ဒါကိုလေ့လာနေတယ်။ လုပ်တဲ့အလုပ်ကို သူလေ့လာနေတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ။ ဒါသီလပေါ့ဗျာ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဒီအသိကို အမြဲတမ်း အပြင်မှာလည်းကြည့်လိုက်တဲ့အခါမှာ ခြောက် အေး အေး အေး တည်ကြည်ရမယ်။ သခ်ီရမဖြစ်စေနဲ့။ ခြောက်အတွင်းမှာလည်း စိတ်ကလေးက အခိစိတ္တလေးဖြစ်ရမယ်။ စေတသိတ်မဖြစ်စေနဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အဲဒီတော့ ဒီလိုစစ်ပြီးတော့ မဂ္ဂင်နဲ့ မိမိရဲ့ခန္ဓာသိနဲ့တစ်ထပ်တည်းဖြစ်အောင်လုပ်လုပ်သွားရင် သီလ၊ သမာဓိ၊ ပညာနော်။ ခင်ဗျား သီလကလည်းအင်မတန်ထူးတဲ့သီလတွေပဲ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင်ဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်ဆိုတာက ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိလို့ စာကရေးထားတယ်။ ဒါကြောင့် စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီ။ အဲ ဒါတွေ့ကသာတယ်။ သာတာပေါ့။ ခင်ဗျားတို့ ဥပမာ ဥပမေယျပေါ့ဗျာ။ ဟင်းချက်တယ်၊ ဟင်းတွေကမွှေးကြိုင်နေတာပဲ။ အဲဒါကိုစားဖူးတဲ့သူက အရသာကိုသိတယ်။ မစားရတဲ့သူကတော့ ရှူရတယ်။ ဒီသဘောပဲ။ အဲဒီသဘောလေးပဲ။ အဲဒီတော့ ခင်ဗျားတို့ပြောကြတယ်။ အတ္တဆိုတဲ့အကြောင်း၊ ဒိဋ္ဌိဆိုတဲ့အကြောင်း၊ တဏှာဆိုတဲ့အကြောင်း။ အဲဒီဒိဋ္ဌိကိုသတ်ပစ်။ တဏှာပြတ်မယ်။ ဒိဋ္ဌိတဏှာလို့စာကတွဲထားတယ်။ ဒိဋ္ဌိဆိုတာဘာလဲ။ အဲဒီတော့ အာရုံမှာယူတဲ့အယူကဟော့ ငါမြင်တယ်ကွ။ ဒါ ငါ့ပစ္စည်းကွ။ ဒါငါ့သားကွ။ ဒါ ငါ့သမီးကွ။ အဲဒီတော့ ယူတာက ငါလို့ယူထားတဲ့အယူမှားတယ်။ မှားပြီးတော့ အဲဒီအာရုံမှာ ကိုယ်ကမှတ်တာ။ ဟိုကမှတ်တာမဟုတ်ဘူး။ ကိုယ်ကမိမိကမှတ်တာ။ ခွဲခြားတာ။ စာလိုဆို သညာ။ အဲဒီအမှတ်နဲ့ ငါလို့ယူတာနဲ့ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့ပစ္စည်း။ အဲဒါ အတ္တနော်။ သဘောလေးပဲ။ အဲဒီလိုအယူကလည်းမှားတယ်။ အမှတ်ကလည်းမှားတယ်။ စွဲပြီတဲ့။ ကံဖြစ်ပြီဗျို့။ အဲဒါ ၃၁ ဘုံလည်တယ်နော်။ ဘယ်မှာလည်း ဇကောခမ္မော နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဟော သီလကချုပ်တယ်။ ဘာသီလတွေချုပ်လည်းပညတ်သီလနဲ့ ပရမတ်သီလချုပ်သွားတယ်။ အပြင်အာရုံမှာ အဲဒီတော့ ဒါတွေကိုမစွဲဘူး။ ဒါသစ္စာနဲ့ဟောဒါ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာ။ အရိယာတသစ္စာဟာအင်မတန်မှ ဒါသိပ်အရေးကြီးတယ်။ ဒီသစ္စာမှန်မှ ပဋိဝေဓသောသနာကိုပြဖို့ လွယ်တယ်နော်။ ဒီသစ္စာမှ မမှန်ရင် ပဋိဝေဓသောသနာဟာ အင်မတန်ခက်ခဲနက်နဲတယ်နော်။ ဒါကြောင့်မို့ လာပြီးတော့ ဒကာ၊ ဒကာမတွေက စာပေမတတ်ပေမယ့် ရဟန်း ပဏ္ဍိတ ကို လာလှူကြတယ်။ လှူတဲ့ပိုက်ဆံကို သူမစွဲဘူး။ အဲဒါသူပဲသိတယ်။ အဲဒီတော့ သူပဲသိတယ်။ သစ္စာနော် လှူတဲ့သူမသိဘူး။ အဲဒီတော့ ဝတ္ထုကာမ

နှင့် ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်း ကြိုက်၏။ အရိယာကမကြိုက်ဘူးတဲ့။ သဘောလေးနာနော်။ ကိုယ့်စိတ်ကိုစစ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့စစ်။ စစ်တဲ့အခါမှာ လမ်းမှန်လာလိမ့် မယ်။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သင်္ကပ္ပရောက်သွားပြီ။ ဒိဋ္ဌိကိုသိသွားပြီ။ အယူများ၊ အမှတ်များ၊ အစွဲများတဲ့။ ဒီသဘောတွေပဲ။ အဲဒီတော့ ငါ့သားပါပဲ။ မှန်တာပေါ့။ ပညတ်အနေကမှန်တယ်။ ပရမတ်အနေက ဩော် အေး အေး အေး။ ဒါပဲပြောရမယ်။ သူ့ကိုမှားတယ်လို့မပြောဘူး။ သူ့ဘက်ကကြည့်လိုက်လည်း ပညတ်။ ပညတ်ကိုယူပါ။ မစွဲပါနဲ့။ စွဲရင်ကံဖြစ်သွားလိမ့်မယ်နော်။ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ။ ဒါတွေက ၃၁ ဘုံလွတ်မဲ့ဟာတွေ။ အဲဒီတော့ ဒီသီလ။ သီလသမားရှိတယ်။ သမာဓိသမားရှိတယ်။ ပညာသမားရှိတယ်။ အဲဒါ သိက္ခာ ၃ ပါးပဲဗျို့။ သီလသမားကလည်း သီလလေးရနေရင် သမာဓိကို မသိဘူး။ သမာဓိကလည်း ပညာကိုမသိဘူး။ ပညာရှိတာ အကုန်သိတယ်။ အကုန်လုံးသိတယ်နော်။ ဒါပညာ။ ပညာဆိုတာ သညာမဟုတ်ဘူး။ ပညာ အဲဒီတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ စာကရေး ထားတယ်။ အဲဒီတော့ ဒီဘဝဟာနောက်ဆုံးပဲနော်။ နောက်တိုးလာမယ်လို့ တပ်အပ်မပြောနိုင်ဘူး။ အခု သာသနာ ၂၅၀၀ မှာ ဒိုမယ်၊ နာမယ်၊ သေမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ ဉာဏ်စိုက်။ အနိစ္စရဲ့သဘောကို ဉာဏ်နဲ့ကြည့်၊ ဒုက္ခရဲ့သဘောကို ဉာဏ်နဲ့ကြည့်၊ ကံနဲ့ကြည့်လို့ကတော့ လည်သွား လိမ့်မယ်။ အနတ္တဆိုတာ သဘာဝသဘောနော်။ ဒါကြောင့်မို့ ဥပမာလေးပြောကြမယ်ဆိုရင် ခုနက ထိတယ်၊ သိတယ်၊ ထိ သိ သတိ။ ဒါ သညာအသိခေါ်တယ်။ အဲဒါ သညာအသိမှန်တယ်။ ဟုတ်တော့ ဟုတ်နေပြီ။ ၃၁ ဘုံမလွတ်သေးဘူး။ သညာသိခေါ်တယ်။ ဝိဉာဏ်သိကိုရှာ။ အဲဒီတော့ ဝိဉာဏ်သိ ကိုယ်က ထိုးထွင်းပြီးတော့သိရမယ်။ အဲဒါ ဝိဉာဏ်သိကိုရှာ။ အဲဒီတော့ ဝိဉာဉ်သိ ကိုယ်ကထိုးထွင်းပြီး တော့ သိရမယ်။ အဲဒါ ဝိဉာဏ်သိပဲနော်။ ကိုယ့်စိတ်ကိုယ်သာစစ်လိုက်နော်။ ဩော် ဒီနေ့ ငါဘာတွေများ ရှိသလဲ။ တရားထိုင်တဲ့အခါမှာ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အဲဒီတော့ အပြင်မှာဘာတွေစင်ကြယ်ရမလဲ။ ကိုယ့်ရပ်ကွက်မှာနေမယ်။ လူကြီးမင်းများခိုင်းမယ်။ အဲဒီလူကြီးမင်းများ ရပ်ကွက်ကလူကြီးများခိုင်းရင် ဆရာကြီး ကျွန်တော်လုပ် ပေးမယ်ဗျာ။ ကျွန်တော်သယ်ပေးပါ့မယ်ဆရာကြီးရယ်။ ကျွန်တော့်ကိုခိုင်းပါ။ ကျွန်တော်လုပ်ပေးမယ်။ စေတနာသိပ်ကောင်းတာပဲ။ ဒီတော့ အပြင်မှာစင်ကြယ်တယ်။ သူ့စေတနာက အာရုံပေါ်မှာ စေတနာ သိပ်ထားတယ်။ လုပ်ပေးတယ်။ ဟာ ဆရာကြီး ဩော် အေး အေး အေး ဒီလိုပုဂ္ဂိုလ်မျိုး ကိုယ်ထက်

ကြီးတဲ့သူကို ရိုသေတယ်၊ ကိုယ်နဲ့တန်းတူကို ကြင်နာတယ်၊ ကိုယ့်အောက်ကသူကို သနားတယ်။ ကိုယ်ကျင့်တရား၊ ပြဟ္မစိုရ်တရား၊ သံဝေဂတရားတွေထားတယ်။ ခွေးလေးတွေ၊ ကြောင်လေးတွေ သူမစားဘူး။ ကျွေးတယ်နော်။ ဒါဘာလည်း သမ္မာပေါ့ဗျ။ သမ္မာကံခေါ်တယ်။ သက္ကာရဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ အဲဒါ စာလိုရေးတာ။ အဲဒါ စာနဲ့ရေးထားတဲ့တရားတွေပဲ။ အဲဒီတော့ ဒါတွေဟာ အယူများ၊ အမှတ်များ၊ အစွဲများ။ အဲဒါတွေကို စေတနာလေးနဲ့ထားလာပါကွာ။ အဲဒီတော့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ အသိတွေထားပါ။ အဲဒီလိုသိမှ အပြင်မှာစင်ကြယ်လာတယ်။ တရားလေးကို သူထိုင်တယ်။ အဲဒါ စိတ်စစ်ပြီဗျို့။ အပြင်မှာ ငါဟာ အလွန်စေတနာကောင်းပါလား။ အဲဒီတော့ အတွင်းစစ်ပြီဗျို့။ မဂ္ဂင်နဲ့စစ်တဲ့အခါကျတော့ အမိစိတ္တလေး။ စိတ်ကလေးက ငြိမ်လာတယ် ဗျို့။ ဟော စိတ်ကလေးငြိမ်လာတယ်။ အဲစိတ်ကလေး ငြိမ်လာပြီ။ သီလလည်း အပြင်သီလလည်း မှန်လာပြီ။ အတွင်းမနောလည်း ကြည်လာပြီဆိုရင် အဲဒီတော့ သူကပြောတာကိုဗျ။ ရုပ်ရှုတဲ့။ အဲဒီရုပ်မှာ တဏှာရှိတယ်ကွတဲ့။ ရုပ်ကတော့ ကိလေသာပေါ့ဗျာ။ ကိလေသာနဲ့ တဏှာ စာကရေးထားတယ်။ အဲဒီရုပ်မှာ ဝေဒနာရှိတယ်ကွတဲ့။ အဲဒီဝေဒနာမှာကပ်လိုက်တယ်ကွ။ တဏှာဆိုတာ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါဗျာ။ နာမ်တရားခေါ်တယ်။ သူက အဲဒီစိတ်ကလေးပေါ့ဗျာ။ ဗမာလို အဲဒီစိတ်ကလေး က သိပ်ပြီးတော့ ဝေဒနာတွေဖြစ်လာရင် စိတ်ဆင်းရဲလာတယ်။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ အဲဒီတော့ ရုပ်အကျိုး၊ နာမ်အကြောင်း အကျိုးနဲ့အကြောင်း အဲသဘောလေးပဲ ကြည့်။ အကျိုးတရားက ဒုက္ခသစ္စာ၊ အကြောင်းတရားက သမုဒယသစ္စာ။ ဒါတွေရေးထားတယ်နော်။ အဲဒါလေးတွေကို မိမိကိုယ်ကို မိမိယုံကြည်ပါနော်။ ကိုယ့်ဟာကိုယ်ကြည့်ရင်သိမယ်။ သိရင်ပယ်မယ်။ ပယ်ရင် မဂ်ဖိုလ်ရမယ်။ မဂ်ဆိုတာ ခင်ဗျားတို့စာထဲမှာရေးတာ။ မဂ်ဘယ်နှစ်ခါကျလည်း။ တစ်ခါတည်းပဲ ကျတယ်။ သဘောလေးပဲပြောတာ။ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ သွားမယ့်လမ်းကိုပြပေးတာ။ မဂ်က တစ်ခါတည်းကျတယ်။ နှစ်ခါသုံးခါဖြတ်စရာမလိုဘူး။ ဒီနေ့ မဂ် ကာယကံ၊ ဝစီကံကိုဖြတ်သွားပြီ။ ကံကို ဖြတ်သွားပြီ။ တွေ့လား။ တစ်ချက်ပဲဖြတ်ရတယ်။ နောက် ဖေနဲ့တုတ်တာ ဆဲတယ်။ မဂ်ကျပြီးပြီ။ ကံ၊ ကတ္တား၊ ကြိယာနဲ့ ကာယကံ၊ ဝစီကံနဲ့သုံးသွားတာ။ သူက ပညာဉာဏ်ရှိတာကိုဗျ။ ဉာဏ်လို့ပြောထား တာပဲ။ တစ်ကြိမ် အဲ မဂ်ဖြတ်ပြစ်ရတယ်။ ဘယ်နှစ်ခါဖြတ်ရမလဲ။ ဒီလိုသာသနာပြုတဲ့အခါမှာ ကောင်းတဲ့ သူလည်းရှိတယ်၊ မကောင်းတဲ့သူလည်းရှိတယ်ဗျနော်။ ဒါက ပညတ် ငါဆဲတာကြားလားတဲ့။ ကြားတယ် တဲ့။ မင်းဒီအယူကိုယူတော့ ဆူးပေါ်ဖက်ကျရင် ဖက်ပေါက်တယ်ကွတဲ့။ ဟိတ်ကောင်ရဲ့ ငါဆဲတာ

မကောင်းဘူးပေါ့ကွာတဲ့။ မင်းမကောင်းတာ ဘာလို့ယူရလည်းတဲ့။ အဲဒီတော့ ဥပမာပြောကြမယ်။ စာကရေးထားလို့ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်နော်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညောင်ပင်အောက်မှာ တရားနှလုံးသွင်းနေတဲ့အခါမှာ ပုဏ္ဏားကုလားများက ဆိတ်အုပ်ကြီးနဲ့တက်လာတယ်။ တက်လာတော့ ဆိတ်တွေက ဘုရားကြီး ညောင်ပင်အောက်မှာတွေ့တော့ ဆိတ်တွေကတန့်နေတယ်။ အဲဒီကုလားကြီးက ဘုရားကိုဆဲတယ်။ တိုင်းတယ်။ ဘာညာနဲ့ပြောတယ်။ ဘုရားကြီးက ဘာမှမပြောဘူး။ ငြိမ်နေတာပဲ။ အဲဒီကောင်နားလေးနေလားတဲ့။ အနားကပ်ဆဲရော။ ငါဆဲတာကြားသလားတဲ့။ ကြားပါတယ်တဲ့။ မင်းအယူကို ငါမယူဘူးကွတဲ့။ ကြားတယ်တဲ့။ ဟော ဒါ ပညာဉာဏ် အင်မတန်မှ တချို့က နင်ဆဲရင် ငါလည်းဆဲမယ်။ ခါးနဲ့ခုတ် တုတ်နဲ့ရိုက် သီလတွေပျက်တာပေါ့။ သီလလေးကို ထိန်းထားပါ။ စိတ္တဝိသုဒ္ဓိဟာ အလွန်စင်ကြယ်တဲ့ မနောနော်။ ဒီမနောလေးစင်ကြယ်အောင် သူများပါးရိုက်လည်း သည်းခံပါ။ သူများအတင်းတွေ သူများအကြောင်းတွေမပြောပါနဲ့။ ကိုယ်က နောက်ဆုံးဘဝ။ ဒီအပါယ်လေးပါးတံခါးပိတ်မယ်ဆိုရင် ခင်ဗျားကောင်းရာသုဂတိကိုရောက်လိမ့်မယ်နော်။ ခင်ဗျားရဲ့ ဝိဉာဉ်လေးမရှိတာကို ရှာရင်ရတယ်။ မသိတာက အခက်ဆုံးပဲနော်။ မသိတာ အခက်ဆုံး သညာသိ။ ဟော သညာသိ ပညာအသိ၊ အတ္တအသိ၊ အနတ္တအသိ ဟော ပညတ်အသိ၊ ပရမတ်အသိ။ ကြည့်စမ်း အတ္တအတိ၊ အနတ္တအသိ ဒါကြောင့်မို့ မရှိတာ ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ အဲ တစ်ခုကတော့ တို့လိုပါပဲကွာ။ သူကဖြစ်သွားပြီလေ။ ကျင့်ဖွယ်ကိစ္စကုန်သွားပြီ။ သူက တစ်ချက်ပဲ ဖြတ်ရတာ။ ဘာဖြတ်မလဲ ဒိဋ္ဌိဖြတ်ပလိုက်တာပေါ့ဗျ။ ဒိဋ္ဌိကဘာလည်း အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ သုံးချက်ကို တစ်ချက်တည်းခုတ်ပစ်လိုက်တာ။ ပြတ်ရော။ ပြတ်တယ်ဆိုတာလဲ တဏှာသိတာပေါ့။ ဟာ စက္ခုမှာ သာယာတာ တဏှာ၊ ကိုယ့်မျက်စိမှာသာယာတာ တဏှာ၊ ကိုယ့်နားမှာသာယာတာ တဏှာ၊ ကိုယ်နှံ့သာမှာ သာယာတာ တဏှာ၊ ကိုယ့်ဇိဝှါမှာ သာယာတာ တဏှာ၊ ကိုယ့်အသားထိတာ သာယာတာ တဏှာ။ အဲဒီစိတ်ကလေးက ခံစားတယ်ဗျို့။ စိတ္တာ တဏှာနံ ယခမစ္စကစိတ္တာ ရှင်တော်ဘုရားဟောတဲ့ အဲဒီတဏှာပြတ်ရင် ခင်ဗျားသိလိမ့်မယ်နော်။ ၃၁ ဘုံလွတ်တယ်။ မလွတ်တယ် သူများသွားမမေးနဲ့။ ခင်ဗျားဟာ ခင်ဗျားသိမယ်။ ခုနက သညာသိက ဝိဉာဉ်သိ။ ဝိဉာဉ်သိဆိုတာ အဲဒါစာ။ ဗမာလိုပြောစမ်းပါတဲ့။ အေး ဗမာလိုပြောမယ်ကွာတဲ့။ ဝိဉာဉ်သိက ထိုးထွင်းပြီးတော့ ဒိဝိပဿနာတရားတွေကျင့်တော့ ကျင့်တဲ့အခါကျတော့ ခုနက သညာအသိကနေပြီးတော့ ပညာတွေကို သြော် ပညာသိဆိုတာ ဥပမာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒီတော့ ဝိဉာဉ်သိက ဟာ အစတုန်းကတော့ အမိသီလ၊ အမိစိတ္တ၊ အမိပညာမှန်တယ်။ သိက္ခာသုံးပါး။ အဲဒီ

သိက္ခာသုံးပါးနဲ့ ကောင်းတာဘာဆီကျလည်း။ ကောမမွှော ကောမမွှော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အဲဒါစာ။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ အရိယာခေါ်တာ။ ဒါကြောင့် စာကိုမတတ်လို့ တောင်းပန်ထားရတယ်။ အဲဒီတော့ ဒီကိစ္စဟာ ဝိဉာဏ်သိဆိုတာ ဟိုတုန်းကတော့ ငါသိ။ အခု သဘာဝသိ။ ဩော် သဘာဝသိ။ ဓါတ်လေးပါး၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်ကအုပ်ချုပ်ထားတယ်။ ဘယ်သူ့ကိုအုပ်ချုပ်ထားလဲ။ ပညတ်ကို အုပ်ချုပ်ထားတယ်။ အထဲတည်းမှာ ဓါတ်လေးပါးကို ဒါက ဘုရားဟောအရ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ဦးဇင်း ရဲ့ အသိက သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ ဟောသွေးအားနည်းလာပြီ။ သည်းခြေကလည်း ကယောက်ချောက်ခြားဖြစ်လာပြီ။ လေနဲ့ သလိပ်က အသက်ရှူလမ်းကြောင်းကိုပိတ်လိုက်တယ်။ အဲဒါကိုကျင့်နေတာ။ ဩော် အေး အေး။ အဲဒီတော့မှ ဓါတ်လေးရဲ့ ဝိညာဉ်လေးက တိမ်ခိုးတွေ တိမ်တွေလိုရွေ့လျားနေတယ်။ အဲဒီအာရုံကို ခုနက နှာခေါင်း နှစ်ပေါက်ရဲ့ သညာကသိနေပြီးတော့ သဘာဝအသိကိုရောက်လာတယ်။ သဘာဝကျတောမှ ဩော် ဘုရား အေး အေး အေး။ ငါမဟုတ်၊ သူမဟုတ်ပါလား။ အနတ္တကြီးပါလား။ အဲဒီတော့ ဒီဓါတ်ကို အပြင်က ကံ၊ စိတ်၊ ဥတု၊ အာဟာရ စာရေးထားတယ်။ အဟာရဓါတ်စာကိုကျွေးတဲ့။ ကျွေးတတ်ရင် အသက်ရှည်တယ်ဗျို့။ မိမိအသက်ရှည်အောင်နေရင် အသက်ရှည်တယ်။ အဲဒီတော့ ဉာဏ်လေးနဲ့ ဘုဉ်းပေးတယ်။ ဩော် အေး အေး ခင်ဗျားရေးထားတာက တပေါစတဲ့။ အခုတော့ ဟင်းတွေက လျှောက်နှိုက်တာ ကြက်သားစားလိုက်၊ ဘဲသားစားလိုက်၊ ဝက်သားစားလိုက်၊ ကုလားဟင်းစားလိုက်၊ ဘဲဥဟင်းစားလိုက် လျှောက်စားတော့ ဒီမှာ လျှာကတော့ အလိုလိုက်တယ်ဗျို့။ လျှာက ခံစားတယ်။ ဟောဒီအစာအိမ်ကတော့ ဒလပွဖြစ်နေပြီ။ တစ်နေ့သောအခါမှာ အစာအိမ်ဟာ မကောင်းရင် ဘေးဖြစ်တတ်တယ်။ ကိုယ်က ထမင်းလေးနဲ့ ဆားလေးနဲ့ ဘာလေးနဲ့ သင့်တော်သလိုစားနော်။ ကိုယ့်ရဲ့ ကျန်းမာမှုကိုလိုက်စား။ ကိုယ့်ရဲ့ စကြိန်လေးလျှောက်။ ကိုယ့်ရဲ့စားတာ သောက်တာ ကံ၊ ဥတု၊ အာဟာရ၊ အဟာရကိုလည်းသိရမယ်။ အတွင်းမှာလည်း ဓါတ်နဲ့ အာဟာရနဲ့ညီမျှအောင်ကျွေး။ ကံ၊ စိတ်၊ ဥတု ဆိုတာ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု။ အပြင်ဘက်မှာ ဥတုတွေကပြောင်းလဲတယ်နော်။ ဥတုတွေက ပြောင်းလဲတယ်။ ရုပ်ကဖောက်ပြန်တယ်။ နာမ်က ခံစားတယ်။ အကျိုးနဲ့အကြောင်းကြည့်။ သဘောလေးပဲကြည့်။ အဲဒီတော့ ကံဆိုတာ ကံရဲ့အကြောင်းကိုသိတာ အစွဲကံစိတ်။ စိတ်ရဲ့အကြောင်းကိုလည်းသိလား။ ကံဆိုတာ အစွဲ။ အဲဒီစိတ်ကလေးက သွားစွဲတာ။ အဲဒီလိုကွ။ အဲဒါကွ။ အဲဒီလို ဦးဇင် မပြောတတ်လို့ ဘာတွေစွဲလည်း။ သူနှစ်သက်တာတွေစွဲမှာပေါ့ဗျ။ အဲ မနှစ်သက်တာကျတော့

ပြောသ် အေး အေး အေး။ သူ့လမ်းသူလျှောက်။ သူ့နှစ်သက်ရာကို စွဲမှာပေါ့။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် ကြည့်စမ်း။ အစွန်းနှစ်ပါးကိုမလွတ်တော့ဘူး။ ဒါ အနုသယတွေ ပေါ့တာ။ ၃၁ ဘုံလွတ်တဲ့တရားတွေ မလွတ်တဲ့တရားတွေပြောသွားတာ။ ဒါတွေကိုယူမယ်ဆိုရင် ၃၁ ဘုံလည်ဦးမှာပဲဗျို့နော်။ ၃၁ ဘုံလွတ်တဲ့တရားကတော့ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ။ သင်္ခါရရပ်သွားပြီ။ အဲဒီတော့ ငါဆိုတဲ့ သင်္ခါရရပ်ပြီ။ ဟော ပဋိစ္စသမုပ္ပါဒ်။ ခင်ဗျားတို့ပြောတာပဲ။ အဲဒီတော့ ဒီသင်္ခါရရပ်တဲ့ဟာကိုလည်း သိရမယ်။ ကိုယ်ဘယ်ရောက်တယ်ဆိုတာလည်း သိရမယ်။ ကိုယ်ဘယ်ကလာတယ်ဆိုတာလည်း သိရမယ်။ ဘယ်ကလာလည်း။ အတိတ်ကလာတာ။ ဘယ်ကိုပြန်မလဲ။ ပစ္စုပ္ပန်မှာ ဘယ်ကိုသွားရဦးမလဲ။ အနာဂတ်သွားရမယ်။ ဟောဒီပစ္စုပ္ပန်မှာ အိုမယ်၊ နာမယ်၊ သေမယ်၊ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ ဒါရုပ်ကိုပြောတာ။ စိတ်ကမအိုဘူး။ ဟော အဲဒီစိတ်ကလေးက မအိုဘူးဗျို့။ စိတ်ခိုင်းတာကို အကုန်လုပ်တာပဲ။ ရုပ်ခွေးဖြစ်နေပြီ။ ကြည့်စမ်း။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ အတွင်းစိတ်တွေ အာရုံနဲ့ပေါင်းချနေတာ။ အဲဒါ သင်္ခါရတွေပဲ။ စိတ်ကလေးပြောင်းပြောင်းသွားတာ၊ စိတ်ကလေးက ပြောင်းပြောင်းသွားတာ။ စိတ်ကလေးနဲ့ သဘောတူအောင်ပြောရတယ်ဗျို့။ အဲဒီစိတ်ကလေးက တစ်ခုတည်းဖြစ်အောင် ဧကောဓမ္မောဖြစ်အောင်လုပ်။ အဲဒီတော့ ဒီတရားတွေဟာ လူမျိုးမရွေး၊ ဘာသာမရွေး ကျင့်ရင်ရမယ်နော်။ အဲဒီတော့ သူ့ဒါတွေ ကိုယ်ကမလုပ်ဘူး။ ဒါနနဲ့ သီလမှန်တာပေါ့ဗျာ။ ဒါနတွေမှန်တယ်ဗျာ။ အဲဒီတော့ ဒါနတွေ လှူလိုက်တော့ အလှူခံတဲ့လူကလည်း အေးကွာတဲ့ မင်းလှူတဲ့။ အဲ ခုနက စာကရေးထားတယ်။ မင်းလှူပြီးတော့တဲ့ ကာမဝတ္ထု၊ ကိလေသာဝတ္ထု။ ကိုယ့်မှာရှိတဲ့ ကိလေသာ။ ဟိုက ကာမဝတ္ထု။ ယှဉ်တွဲ သုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့။ ဒါဘာလဲ။ မနော ဟိုကလှူလိုက်ပြီ။ မှန်လှပါဘုရားတဲ့။ သုံးဆောင်ပါတဲ့။ ဒီကဘာလုပ်လည်း။ ဒီက စစ်တဲ့သူကဘာလုပ်လည်း။ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ဓမ္မကလုပ်ပေးတာ သိုက်တွေ၊ နတ်တွေ၊ ဓါတ်တွေ အကုန်လုံးခေါ်လို့ရတယ်။ ပဏ္ဍိတ က ဒါပေမယ့် စာမတတ်တော့ လမိုင်းလို့ပြောမယ်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း၊ ဒီလိုလမိုင်းလို့သတ်မှတ်ထားတယ် မှန်တယ်တဲ့။ လမိုင်းဆိုတာ ခင်ဗျားလည်းပြောတာ လမိုင်းပဲဗျ။ လမိုင်းတဲ့။ လမိုင်းဆိုတာ အစွဲပေါ့ဗျာ။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းဆိုတာ ဘီလူးကြီးတွေပေါ့ဗျာ။ အဲဒီဘီလူးတွေက ခင်ဗျား အဲဒီအစွဲကြီးတွေ။ ဘုရားကချတ်တာပဲဗျနော်။ အောင်ခြင်းရှစ်ပါးထဲမှာ အဲဒီအစွဲတွေ ပဒါစာရီကိုလည်း ဘုရားက

ချွတ်တာပဲဗျ။ စွဲနေတယ်။ လင်သေတယ်။ ခလေး ရေနစ်သေတယ်။ ဘာဖြစ်တယ်။ ဒီအစွဲကိုချွတ်တာဗျ။ ဥပါဒါန်တရားတွေဖြစ်နေတာနော်။ အဲဒီတော့ ဒါက မင်းစွဲသေးလား။ အဲဒီတော့ မင်းစွဲရင် တရားအားထုတ် ကိုယ်စိတ် ကိုယ်စစ်။ မရှိရင် ဆားလေးနဲ့စား။ စိတ်မဆင်းရဲပါစေနဲ့၊ ရုပ်ဆင်းရဲပါစေ။ ဒီလိုပြောတာ စိတ်ဆင်းရဲတာက မင်းကလေးသေတော့ စိတ်ဆင်းရဲတယ်။ မင်း မိန်းမသေတော့ စိတ်ဆင်းရဲတယ်။ မင်းအဖေသေ စိတ်ဆင်းရဲတယ်။ မင်းသွားစွဲတာကိုကွ။ အဲဒါ တဏှာကွတဲ့။ တဏှာဆိုတာ ပြောစမ်းပါတဲ့။ ဟော ဝေဿန္တရာမင်းကြီးက သူ့သားလေးတွေကိုလှူလိုက်တယ်။ ပုဏ္ဏားက ဖအေရှေ့မှာရိုက်တယ်။ ရိုက်တော့ လှူတော့ လှူပြီးတော့၊ ကြည့်စမ်း။ အဲဒီတော့ လှူတော့ လှူလိုက်တယ်။ စာကရေးထားတယ်ဗျ။ သားလေးတွေရိုက်တော့ ဖအေကိုမြင်လိုက်တယ်တွေ့လား။ ငါဆိုတဲ့အယူအမှတ် မှတ်လိုက်တယ်။ ငါမြင်တယ် ဟောဖြစ်ကုန်ရောဗျာ။ ငါမှတ်တာ သူကမှတ်တာ၊ ယူတာလည်း သူကယူတာ။ အဲဒီအချက်တွေနဲ့ပေါင်းတော့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ဘာဖြစ်လဲ။ မာန်ဖြစ်တယ်။ ဘာကြောင့်လည်း။ တဏှာကိုသတ်လို့မရလို့။ သားလေးတွေသွားစွဲတာ၊ တဏှာ။ တဏှာကနေ သံလျက်စွဲတာပဲ။ မာန်။ ဒါပေါ့ ဘာလည်း အဲဒါဒိဋ္ဌိပဲနော်။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီတော့ ဘာဖြစ်ဖြစ် လူကြီးမင်းများခိုင်းရင် ရှိရှိသေသေနဲ့လုပ်။ ခင်ဗျားအကျိုးရှိတယ်။ တရားကဘာလည်း မဟုတ်၊ ညာလည်းမဟုတ်။ ဒီခန္ဓာရဲ့အသိလေးဟာ စေတနာလေးဟာ ကိုယ်မလှူနိုင်ပေမယ့် ရပ်ကွက်သူ၊ ရပ်ကွက်သား ကောင်းစားဖို့အတွက် ကိုယ်ကနေပြီး ဖန်တီးပေးတာနော်။ အချင်းချင်း လာတယ်။ မှန်မှန်ကန်ကန်ပြော။ အဲ မှန်မှန်ကန်ကန်ပြောတာ သမ္မာသစ္စာ။ သမ္မာသစ္စာ၊ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ အရိယာသစ္စာ။ ခင်ဗျားတတ်တာက သမုတိသစ္စာက တတ်တာ။ ဩော် ရပ်ကွက်မှာ အေးအေးချမ်းချမ်းနဲ့ ရပ်ကွက်ကြီးအေးချမ်းပါစေ၊ တိုင်းပြည်ကြီးအေးချမ်းပါစေ၊ စိတ်အေးချမ်းပါစေ၊ ဝပြောသာယာရှိကြပါစေ။ အမြဲတမ်း တိုင်းပြည်မှာ အုပ်ချုပ်တဲ့ မင်းစိုးရာဇာပါ။ ကိုယ်က မေတ္တာပို့ရမယ်။ သူတို့လည်း သူတို့အလုပ်လုပ်ရတာ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သူတို့ပဲသိတယ်။ ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်သိ။ ဩော် သူတို့လည်း တိုင်းပြည်ရဲ့အရေး သူတို့လုပ်နေပါလား။ နောက်လူနောက်သား ကောင်းစားဖို့အတွက် သစ်ပင်တွေစိုက်၊ လမ်းတွေဖောက် ကြည့်စမ်း။ ဂျပန်ခေတ်လည်း ဦးဇင်း ဒါမျိုးမတွေ့ခဲ့ပါဘူး။ ဒီလိုလမ်းကြီးတွေ အခုဆို မြောင်းမြနဲ့ ရန်ကုန် ခင်ဗျားဖုတ်ဆိုရောက်လာတာပဲ။ အရင်တုန်းကဆိုရင် သင်္ဘောနဲ့ညအိပ်နေရသေးတယ်။ အဲဒါတောင် အချိန်မသင့်ရင် သောင်တင်ရင်တင်နေသေးတယ်။ အခုတော့ ညဘက်လာ။ ဟိုက ၇ နာရီကထွက်လာတယ်။ ဒီမှာဆိုရင် ၁၁ နာရီလောက်ရောက်လာတာပဲဗျို့ ဘယ်လောက်လမ်းတွေ

ကောင်းလဲလို့။ အင်္ဂလိပ်ခေတ်လည်းမလုပ်ဘူး၊ ဦးနုခေတ်လည်း မလုပ်ဘူး။ ကိုယ်သိတာလေးပြောတာလေ။ အဲဒီတော့ ဒီလို ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ မှီခိုအားထားရတာ။ သူ့အပြစ်သွားမပြောနဲ့။ ဒီလိုသူတော်ကောင်းတောင် အပြစ်ရှိတာပဲဗျ။ အပြစ်ရှိရင် ဘာလုပ်ရလည်း သိမ်ထဲဝင်ပြီး အာပတ်ဖြေရတယ်။ ဒါ စိတ်အာပတ်။ ဒိတ်စိတ်အာပတ်။ ဒါတွေ ရဟန်းတွေဖြေရတယ်။ ဦးဇင်း တို့လည်း အပြစ်ရှိဝိပဿနာထိုင်ရတယ်။ အဝိဇ္ဇာကြီးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ပွားများပါ။ ကိုယ့်ညီအစ်ကိုတွေပဲ။ ကိုယ့်ညီအမတွေပဲ။ သစ္စာထားပါ။ ဒါမှ ခင်ဗျားတို့ရဲ့ ပဟာဒီမကောင်းတဲ့ မိစ္ဆာနတ်တွေက အကုန်ထွက်ပြေးမယ်။ ဦးပဏ္ဍိတ က အတွင်းတိုက်နေတာ။ ဟိုက အစွဲက အပြင်တိုက်နေရတာ။ သူ့ခင်ဗျာ အတွင်းတိုက်မှ အဲဒီအတွင်းမိစ္ဆာကောင်တွေ လက်နက်ချမှ တိုင်းပြည်အေးလာလိမ့်မယ်။ လူမသိဘူးနော်။ မြေလျှောက်ရဟန္တာရှိတယ်။ လူမသိဘူး။ ခုနက ဆဲလိုက်တာတွေ၊ တိုင်းလိုက်တာတွေ ပညတ်ကိုယူထားတော့ ဘုန်းကြီးကလည်း စာမတတ်လို့ ဘာလို့ဆဲသလဲ။ ဦးပဏ္ဍိတ ဝိသုဒ္ဓိကျောင်း ဝါးကျောင်း တစ်နေ့တစ်နေ့မေးပါကွာတဲ့။ မင်းတို့က ငါ့ဆီလာတယ်တဲ့။ ငါမလုပ်တတ်ဖူး။ မင်းကံ မင်းအကျိုးပေးမှာပေါ့တဲ့။ အဲဒီတော့ ကံရဲ့အကြောင်းက သတ္တိ သံပတ္တိ ရတနာသုံးတန် ကံ ကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော ခဲယဉ်းစွာရတယ်။ ဒုလ္လဘထဲက ကံ။ မင်းကအပြင်က ပကာသနကံ၊ ဘယကံတွေကွ။ ဟော့ကောင်ရဲ့ အတွင်းထဲမှ အနှစ်မှန်ကွ။ ဟော့ကောင်ရဲ့ မင်းအသိလေးကောက်လိုက်ကွတဲ့။ ဒီကအတွင်းကိုပြောနေတာ။ ဒါကြောင့်မို့ ဒီကံတွေက ကိုယ့်ကို အသက်လည်းရှည်တယ်။ ကံကျိုးရင် ကယ်ဆယ်ပါ။ ကံပေါက်ရင် ကံဖာပါ။ ကံနိမ့်ရင် ကံမြင့်မယ်။ ဒီစေတနာတွေမှန်ဖို့လိုတယ်။ ဘာဖြစ်လည်း။ ကိုယ့်ညီအစ်ကိုတွေ မောင်နှမတွေပဲ။ ဟိုဘဝကိုပြန်ကြည့်မယ်ဆိုရင် ကိုယ့်အမျိုးတွေပဲ။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် အပြစ်ယူစရာမလိုဘူးဗျ။ အခုကတော့ ဘာဖြစ်တာပဲကွယ်။ ဘာဖြစ်တာပဲ၊ ညာဖြစ်တာပဲ။ အဲဒီတော့ မစားရ မသောက်ရပဲ ဝစီကံတွေကျတယ်။ ကြည့်စမ်း ခင်ဗျားတို့။ အဲဒီတော့ ဝစီကံဘယ်လိုကျလည်း။ ဟော ဘုရားခေတ်က စိဉ္စမာန ဘုရားကို နင်ဒီလို၊ ငါဒီလို။ ငါ့လုပ်တယ်တဲ့။ အေး နင်နဲ့ငါနဲ့နှစ်ယောက်ပဲသိတယ်တဲ့။ ဟော ပရိတ်သတ်တွေက အကုန်လှည့်ကြည့်ကုန်ပြီ။ အာ နင်နဲ့ငါနဲ့နှစ်ယောက်ပဲသိတယ်ဆိုတော့ အဲဒါ အရိယာယထာသစ္စာ။ ဒီပစ္စုပ္ပန်မှာ ဒါကို ကံပြောလိုက်တာ။ အဲဒီတော့ ဒီသစ္စာသည် မှန်တဲ့အတွက် သိကြားမင်းက မနေနိုင်ဘူးဗျ။ လာဖျက်ပစ်ရတယ်။ တွေ့လား သစ္စာမှန်ဖို့လိုတယ်။ သစ္စာမှန်ရင် မေတ္တာ အရိယာရဲ့မေတ္တာ။ အတိုင်းအဆမရှိဘူး။ အဲ ပုထုဇဉ်ရဲ့မေတ္တာက ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ဘာဖြစ်ပါစေ၊ ထီပေါက်ပါစေ၊

ချဲပေါက်ပါစေ။ အဲဒါကံ ကံမေတ္တာတွေခေါ်တယ်။ အရိယာမေတ္တာက လူမသိဘူး။ အဲဒါကို ကျောင်းမှာ လူပေါင်းသုံးလေးရာလာပါတယ်ဗျာ။ လာတော့ ပြောလို့မရ။ ဆဲရတယ်ဗျို့။ အဲ ဆဲလိုက်တယ်။ သူ ရိုက်တော့မရိုက်ပါဘူး။ ဘုန်းကြီးတွေလည်းလာတာပဲဗျနော်။ အရှင်ဘုရား တစ်လုံးတည်းပေးပါဘုရား တဲ့။ ဩော် အေး အေး အေး။ ဘာကောင်လေးမွေးရမယ်ဘုရား။ ဩော် ဒုက္ခပါပဲ။ မင်းတို့ကွာ။ မိုးကျောခိုင်းမှာပဲ မျက်ရည်ကျတယ်။ ဩော် ငါသိတဲ့အသိနဲ့ ခင်ဗျားတို့သိတဲ့အသိတော့ ကွာခြားမှု တွေရှိပြီ။ ငါကလည်း စာပေမတတ်။ ရဟန်းပဏ္ဍိတ။ ဩော် ဘုရား ဘုရား။ မလွယ်ပါဘူး။ ရတဲ့ကြေးငွေ တွေနော်။ ဦးဇင်း ရဲ့ ရတဲ့ကြေးငွေတွေကိုမေးပါ။ ခင်ဗျားတို့ကို ဘုရားတွေတည်ပေးပါ့မယ်နော်။ ဒီနာမ်ကောင်တွေ၊ မိစ္ဆာနာမ်တွေ၊ သမ္မာနာမ်ကောင်တွေ ရုပ်မရှိဘူး။ လာပြီးတော့ ဦးဇင်းကျောင်းပေါ် ပူးတယ်။ အေး သူပူးတာ ကိုယ်ပူးတာမဟုတ်ဘူး။ အဲဒီအကောင်ကပူးတာ။ ဒီဘုန်းကြီးက ဩော် မှန်တာပေါ့။ သူ့အားကိုးမှ ဘုရားတစ်ဆူကျန်သေးတယ်။ တို့ ဒီကနေပြီးတော့ သူတည်ပေးတဲ့ဘုရား တွေကို စောင့်မှပဲဆိုပြီးတော့ မိစ္ဆာနာမ်က သမ္မာနာမ်ကို နာမ်ကိုဖြစ်တယ်ဗျို့။ သမ္မာနာမ်က နတ်ဝိဇ္ဇာ တွေဖြစ်တယ်ဗျို့။ ဘယ်သူသိမလည်း။ အဲဒါ ဒကာကြီးတွေ၊ ဒကာမကြီးတွေပေးတဲ့ပိုက်ဆံနဲ့ အဲဒါ ဘုရားတည်ဖို့အတွက် အုတ် ၁ သိန်းကို ငွေ ၁၉ သိန်းလောက်ပေးမယ်။ ဘိလပ်မြေ ၁ အိတ်ကို ၃ ထောင်ကျော် ၄ ထောင်ပေးရတယ်။ အခုကာလ ရေနံဆီ ၁ ပီပါကို ၇ သောင်းကျော်တယ်နော်။ အဲဒါတွေ ဒီပိုက်ဆံတွေနဲ့ မီးထွန်းတယ်။ ဆန်တွေ၊ အဝတ်အထည်တွေ အကုန်ဝယ်ပေးတယ်။ ဘုန်းကြီးက အလှူခံရတဲ့ပိုက်ဆံတွေ အကုန်ပေးတယ်။ လူတွေကိုလည်း ကျွေးတယ်မွေးတယ်။ အခုပြန်ခါနီး ဆန်အိတ်တွေဝေပေးတယ်။ အေးကွ စားကြကွာ။ မင်းတို့ကောင်းကောင်းနေနော်။ မင်းတို့ ကုတ်ကုတ်ကလေးနေ။ အဲ လက်မမထောင်နဲ့။ မင်းတို့ ငါသွားဦးမယ်။ ဟော ဒီဆန်တွေ ဝေငှစားတဲ့။ ဒကာကြီးတွေထမ်းပို့ လိုက်ဝယ်ပေးပြီးမှထွက်လာတာ။ ဒီလိုရှိတယ်။ မေတ္တာ၊ စေတနာ တွေနော်။ အစွဲမရှိလို့ပေါ့ဗျနော်။ အစွဲသာရှိရင် ငါ့မိန်းမဖို့၊ ငါ့သားဖို့၊ ငါစားဖို့ သူလုပ်မှာပေါ့။ တစ်ခုမှ မယူဘူး။ ဘာမှလည်း မရှိပါဘူးဗျာ။ အဲ ထမင်းစားတော့လည်း ပြောရမယ်ဆိုရင် ခက်တယ်ဗျို့။ ခွေးစာထက်တောင်ဆိုးပါသေးတယ်ဗျာ။ လာကြည့်ပါ။ မေးပါ။ ဟင်းတွေကို ဒကာ၊ ဒကာမက ခွက်ပေါင်း ၄၊ ၅၊ ၆ ဆယ်လောက်ရှိမယ်။ ကိုယ်ကြိုက်တဲ့ဟင်းတစ်ခွက် လျှာကိုအလိုမလိုက်ဘူး။ အခုတော့ လျှာကိုအလိုလိုက်တော့ ရှာလို့ဖွေလို့က ဘယ်ရမလည်း။ မျက်စိကိုအလိုလိုက် သားတွေ၊ သမီးလေးတွေ အလိုလိုက်။ ခင်ဗျားစွဲတော့ စွဲပေါ့ဗျာ။ သမ္မာလေးနဲ့စွဲ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တ ဒိဋ္ဌိနဲ့မစွဲနဲ့။ သမ္မာလေးနဲ့ ဩော် မမြဲပါလားကွယ်။ စွဲတော့စွဲတယ်။ တဏှာတော့ရှိတာပေါ့ဗျာ။ အဲဒီတော့

သက်သာရာသက်သာကြောင်းရတယ်။ ဒီအစွဲက မဂ်ဉာဏ်ရမှ မဂ်ဉာဏ်ပြတ်မှ အဲဒီအစွဲပြတ်တာမျိုး။ အဲဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါး နှလုံးသွင်းကြပါ။ ခင်ဗျားတို့ ဘုရားကြီးမှာနေတယ်။ စားသောက်ပြီး တရားလေးထိုင်။ တရားလေးထိုင်လည်း မနောလေးကို စစ်လိုက်၊ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ အင်မတန်ထူးပါတယ်။ အခုတော့ ဩော် ခက်တာပဲဗျို့နော်။ အဲဒီတော့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။ ကိုယ့်ညီအစ်ကိုတွေ ထင်းစည်းများလို အစည်းမပြေကြပါနဲ့။ ထင်းစည်းများလို စည်းစည်းလုံးလုံးနဲ့ စေတနာစစ်၊ စေတနာမှန်နဲ့ရှိကြပါ။ ဦးဇင်းကတော့ စာမတတ်တော့ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်ပါနော်။ ခုနကပြောတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေက ဘယ်ကံကလည်လည်း မနောကံကလည်တယ်။ ဘာဖြစ်လို့လည်လည်း အခုပစ္စုပ္ပန်တည့်တည့်လေးမှာ စက္ခုအာရုံနဲ့ မနောနဲ့ပေါင်းတယ်။ နားသောတနဲ့ မနောနဲ့ပေါင်းတယ်။ ဒါ အနုသယ စိတ္တာနုပဿနာ။ မနောကိုဟောတာနော်။ ကာယဝစီကို မဟောဘူး။ အဲဒီမနောလေးကို အဓိစိတ္တဖြစ်အောင် ကာယဝစီက ငြိမ်ရတယ်ဗျို့။ ဆေးလိပ်တောင် မသောက်ဘူး။ ရေတောင် မသောက်ဘူး။ ဟုတ်လား။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ အဲဒါကို ခင်ဗျားတို့ တရားတွေထိုင်ကြပါ။ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်ညီလေးတွေလို မမိုက်ကြနဲ့။ လုံချည်ကို လှည့်ဝတ်။ ခင်ဗျားတို့တစ်ထည်ကို ၁ သောင်းလည်း ဝယ်တာပဲ။ ၅ ထောင်လည်း ဝယ်တာပဲ။ ဖိနပ်ဆိုလည်း ဝယ်။ ဘယ်တော့ ဒီပိုက်ဆံဟာ ရှာလို့ရဖို့လည်း စုပါ။ အိုစာမင်းစာရှိတယ်။ ခင်ဗျားတို့ ဒါလေးတွေကိုကြည့်နေ၊ ကြည့်စားနော်။ ခင်ဗျားတို့အပေါ်မှာ နတ်တွေရှိတယ်။ ရေးထားတယ်။ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ သာသနာစောင့်နတ်။ ဒီနတ်တွေရှိတယ်။ ဒီနတ်က ခင်ဗျား မနောကိုသိတာ။ မနောက ဖေါက်ပြန်ရင်တော့ မလုပ်နဲ့ဗျို့။ အဲဒီတော့ အခုပြောနေတာက လူသိတာ။ ခင်ဗျားရဲ့ စေတနာက နတ်သိတာ။ အဲဒီတော့ နတ်ကသိတော့ ဒီပုဂ္ဂိုလ်အလွန်ထူးပါလားလို့ ခင်ဗျားကို ရှိခိုးမယ်။ ခင်ဗျားသွားလာရာ စောင့်ရှောက်မယ်။ နတ်ဘယာ ဘေးမသိတဲ့ ခင်ဗျား မှန်တာကိုဗျ။ လုပ်သွားတဲ့အလုပ်တွေက ဟာ ထူးထူးကဲကဲ။ နေ့မအိပ် ညမအိပ်လုပ်သွားတာ။ ခင်ဗျားရဲ့စေတနာ ခင်ဗျားအကျိုးပေးတာပေါ့ဗျာ။ အခုဘဝလည်း ကောင်း၊ နောင်ဘဝလည်း ကောင်း ပြန်ကျမှာပဲ။ ဖြစ်လာရင်ပျက်မှာပဲ။ အဲဒီဗတော့ လူ့ဘဝက သက်တမ်းတိုပါတယ်။ ရှစ်ဆယ်၊ ကိုးဆယ် ပေါ့ဗျာ။ အဲဒီတော့ သက်တမ်းများတဲ့ နတ်ပြည်တို့ဘာတို့ရှိတယ်။ ရောက်အောင်သာသွား။ ကောက်လည်း မရိတ်ရဘူး။ ပျိုးလည်း မနုတ်ရဘူး။ ခင်ဗျား နတ်ဩဇာတွေ။ အဲဒီတော့မှ သိလိမ့်မယ်နော်။ ဒီတော့ နေတတ်ဖို့ ကိုယ့်စိတ်လေးကိုတော့ ခမ္မောဖြစ်အောင် စိတ်ကလေး အေးအောင်ထား။ စိတ်မဆင်းရဲစေနဲ့။ ဒီစိတ်ကိုဟောသွားတာ။ အဲဒီတော့ ဦးဇင်း ဒီလောက်ဆိုတော်ပါပြီဗျာ။ သာခု သာခု

သာဓု ပါဘုရား။ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ခင်ဗျားတို့ရဲ့အလှူခံရတဲ့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးရဲ့ ရုပ်ပွားတော်ကြီးအတွက် ဦးဇင်း အကုန်ပေးပစ်ခဲ့မယ်။ ဟိုတလောကလည်း စုတာ(၂) သိန်းကျော်ရတယ်။ အကုန်လုံး ကျောင်းပေးပစ်ခဲ့တယ်။ အခုလည်း ခင်ဗျားတို့ သောတပန်လှူတာနဲ့ သဒ္ဒါဂါမ်လှူတာနဲ့၊ အနာဂါမ်လှူတာ မတူဘူး။ လှူတာတတ်ဖို့လိုတယ်နော်။ ဦးဇင်း ကတော့ အကုန်ထား ပစ်ခဲ့မှာ။ ဦးဇင်း က ဒီဒါနလေးတော့ လုပ်ပေးတတ်တယ်။ သီလကတော့ ခင်ဗျားတို့ကိုယ်တိုင် ကြိုးစား ပြီးတော့ သီလကိုထိန်းထား။ သီလ က အပါယ်ပိတ်မယ်။ ဒါနစစ်၊ ဒါနမှန်၊ လူစစ် လူမှန်၊ ရဟန်းစစ်၊ ရဟန်းမှန်တွေ။ အဲဒီရဟန္တာစစ်လို့ ၃၁ ဘုံလွတ်ချင် အဲဒီဒါနမျိုးစေ့က ၃၁ ဘုံလွတ်တဲ့မျိုးစေ့ပဲ။ ခင်ဗျားတို့ ဦးဇင်း အလှူခံပေးမယ်။ ရတဲ့ပိုက်ဆံကို လူကြီးမင်းများကို အကုန်ပေးခဲ့မယ်။ အောက်ဆင်း ပြီးတော့ ဦးဇင်း အလှူခံပေးမယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

## [၁ -၂-၁၉၉၆] ရက်နေ့ ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၁၁၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၁၂-၂-၁၉၉၆) ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိသစ္စာတရားတော်

ဦးဇင်းကမြန်မာစာမတတ်ပါဘူးဗျာ။ အသက် (၅၇) နှစ်အရွယ်မှာ ဦးဇင်းရဟန်းဘောင်ကိုတတ်လာတာ။ တောထွက်ကြီးပါ။ တောထွက်ဆိုတာ မြန်မာလိုရဟန်းမစီးခင်တုန်းက သားတွေ၊ မယားတွေနဲ့လုပ်ကိုင်ပြီးတော့ ခုနကမပယ်နိုင်တော့တဲ့ အစွဲတရားတွေ သူစွဲမိပါတယ်နော် ကောင်းတဲ့ကံလည်း သွားစွဲပါတယ်။ မကောင်းတဲ့ကံကအမြဲတမ်းဖြစ်နေပါတယ်။ အစွဲတရား အဲ့ဒီလူကြီးက တနေ့တနေ့သူများလိမ်ဖို့ သူများပစ္စည်းခိုးဖို့ သူများဟာတွေဖဲလိမ်ရိုက်ဖို့ ဆေးခြောက်တွေသောက်ဖို့၊ ဘိန်းတွေရှူဖို့ ဟိုအချိန်ကတော့ ဦးပဥ္စင်းတို့ အသက်အရွယ်တုံးကတော့ ဘိန်းတွေရှိတယ်။ ဆေးခြောက်တွေရှိတယ်။ အဲ့ဒါတွေသောက်တယ်။ အဲ့ဒါတွေရှူတယ်။ တခါတည်း မာန်မာနတွေ။ ဒါအစွဲတရားတွေစွဲလို့လုပ်တာပေါ့။ မကောင်းတာတွေလုပ်မိခဲ့ပါတယ်။ အဲ့ဒါဘာလဲ မိစ္ဆာအယူ လို့ခေါ်ပါတယ်။ စာလို့ခေါ်ရင်ပေါ့။ စိတ်ပိုင်းထဲက ငါအိမ်ငါလုပ်တာဘဲ။ မင်းတို့နဲ့ဘာဆိုင်လဲ။ ငါ့မယား ငါရှာကျွေးတာမင်းနဲ့ဘာဆိုင်လဲ။ မာန်မာနတွေ မာန်တွေ မာန်တွေ အဲ့ဒီတော့ အိမ်နီးချင်းကလည်း ဆေးဖက်ကြောဖက် မလုပ်ဘူး။ မြမောင်ဟာအင်မတန်ရှုပ်တယ်။ အင်မတန်ပွေတယ်။ မြိုင်မာလာ (၂) လမ်းထဲမှာနေတယ်။ လူမလေး ခွေးမခန့် မိုက်ကြေးခွဲနေတယ်နော်။ ဒါမြမောင် မြမောင်ရဲ့ဘဝ မြမောင်ဟာ မြမောင်ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိ အဲ့ဒါစာစိတ်ပိုင်းထဲက အဲ့ဒီစိတ်ကကာယကံ၊ ဝစီကံ မနောကံ အဲ့ဒီကံသုံးပါးက ဘယ်ကံကြီးလဲ မနောကံကြီးတယ်။ ဒီမနောကံကြီးတဲ့အတွက်ကြောင့် အာရုံငါးပါးနဲ့ မနောနဲ့ပေါင်းတယ်။ ကိုယ်ဘဲသိတယ်။ အာရုံပေါ်မှာ သာယာတယ်။ အာရုံပေါ်မှာအကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာ ကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာဘယ်လိုအကုသိုလ်ကံဖြစ်လဲ ဆိုရင် ဥပမာပေါ့ စာမှမတတ်တာ ဥပမာ ဥပမေနဲ့ပြောရရင် သူ့အိမ်ရှေ့မှာစပါးလေးတွေလှမ်းထားတယ်။ စပါးလေးတွေ လှမ်းထားတော့ ဇက်ဘီးကစီးသွားတယ်။ ဇက်ဘီးကစီးစီးသွားတော့ ဇက်ဘီးကရှောင်ရမှာ၊ မရှောင်တော့ အိမ်ရှင်က တွေ့တော့ ငါ့စပါးကိုတက်နင်းတယ်ဆိုပြီး ငါနဲ့တုတ်တယ်။ ဒါစွဲလိုတုတ်ထားပေါ့။ ဘာကြောင့်တုတ်သလဲဆိုတော့ သူ့ပစ္စည်းကို သူစွဲသွားတာ တဏှာ တဏှာကြောင့် ဒေါသဖြစ်တာ မာန် အဲ့ဒါသီလပျက်တယ်။ အဲ့ဒါမိစ္ဆာအယူခေါ်တယ်၊ အဲ့ဒါအာရုံမှာမြင်လိုက်တာ ကိုယ်နားလေးကကြားလိုက်တယ်၊ ကိုယ်ခေါင်းရင်းကနေ ဆဲလိုက်တယ်။ မြမောင်ဆိုပြီးတော့ အမည်ခေါ်ပြီးဆဲတယ်။ ဆဲတော့အဲ့ဒီအသံမှာ မြမောင်ဆိုပြီးမှတ်တာ အဲ့ဒီကနေ ဘာဖြစ်လာသလဲဆိုတော့ ငါကိုဆဲတာ ဆဲဆိုပြီးတော့ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဆိုတာ မနောကံဖြစ်တာ ဒီအသံကြားမှဖြစ်တာ။ အဲ့ဒါဒေါသဖြစ်တယ်။ အဲ့ဒါသီလပျက်တယ်နော်။ ဒါကြောင့် စာကရေးထားတယ်။ သီလ၊ သမာဓိသည် ကိုယ့်ရဲ့မနောက လောဘ၊ ဒေါသ၊ မောဟခေါ်ပါတယ်။ ဒီတော့ အာရုံ (၆) ပါးမှာ မလွတ်ချင် သံသရာဝဲဩဃမှာ လည်တာဘဲ။ အဲ့ဒီအာရုံ (၆) ပါးကို လွတ်နိုင်အောင် ဘယ်လိုကြံဆောင်ရမလဲ။ ဒါခင်ဗျားတို့တွေးပါ။ စာနဲ့လွတ်သလား။ ခင်ဗျားတို့မေးပါ။ စာနဲ့ကတော့ အပြင်မှာရှောင်ထားတဲ့တရားတွေ၊ အတွင်းမှာဆောင်ထားတဲ့တရား။ အပြင်မှာဘာတွေရှောင်ထားသလဲ။ သီလ မဂ္ဂင်ခေါ်တယ်။ အပြင်မှာသမ္မာအယူ ကိုယ့်ရဲ့နှလုံးသားက သမာဖြစ်ရမယ်။ သမ္မာဖြစ်ရင်အပြင်မှာ ပြောတာဆိုတာ သစ္စာဖြစ်ရမယ်။ ဘာသစ္စာလဲ။ သမုတိသစ္စာ သမုတိသစ္စာနဲ့ သမ္မာနဲ့ပေါင်းတော့ အပယ်ပိတ်တယ်။ မှန်ကန်တဲ့ အဲ့သမုတိသစ္စာဆိုတာ သမုတိသစ္စာအလုပ်ပြောပါဆိုရင် ပြောပြမယ်။ စာတော့မတတ်ဘူး။ ဥပမာ ဥပမေနဲ့ ဦးမြမောင်

ဟာဆန်လေးအိတ်ဝယ်လာတယ်။ ဆန်လေးအိတ်ဝယ်လာပြီးတော့ အိမ်ကျတော့ဖျာပေါ်မှာ လေးအိတ်လုံး သွန်ချလိုက်တယ်။ သွန်ချလိုက်တော့ စကွဲဟာပြည်ပေါင်း (၂၀) လောက်ရောလိုက်တာ ဆန်ကောင်းပြည် (၂၀) ထုတ်ယူထားလိုက်တယ်။ အဲ့ဒီတော့သမလိုက်တယ်။ သမလိုက်တော့တခါတည်း အိမ်ထဲမှာ သူလုပ်ယူတော့တာဘဲဗျို့ ဆန်ကွဲနဲ့ ဆန်ကောင်းတွေနဲ့ရောရောပြီးတော့ ဖလားထဲထည့်ထည့်ပြီးတော့ သူများပေါက်ဈေးနဲ့ ရောင်းတယ်။ ကိုယ်လုပ်တာလည်း သစ္စာမမှန်ဘူးနော်။ ဒါဟာခင်ဗျားတို့တွေးပါ။ အဲ့ဒါသမ္မာခေါ်မလား။ မိစ္ဆာခေါ်မလား။ ငါတတ်တယ်။ ငါသိတယ်။ ငါလုပ်တာ ငါဖြစ်မှာဘဲဆိုပြီးတော့ စားတော့အများခံတော့တစ်ယောက်။ မတတ်ဘူး။ အဲ့ဒီတော့ခင်ဗျားတို့ ပြောတဲ့သမ္မာအယူ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသီလလို့ပြောတယ်။ ဒီသီလဟာဖြစ်နိုင်ပါမလား။ ကိုယ်ရဲ့မနောဟာ ဇွက်ပေါက်နေပြီနော်။ ငါဆိုတဲ့အတ္တဟာ အယူမှား အစွဲမှား အမှတ်မှားဒါတွေအယူမှားတယ်ဆိုတာဘာလဲ။ လောကီကိုအားကိုးထားတယ်။ လောကီရဲ့အာရုံကို ယူထားတယ်။ အဲ့ဒါအယူမှားတယ်။ အမှတ်မှားတယ်ဆိုတာက ဟောဒါငါးရာတန် ဟောဒါ ကျပ်တန် မျက်စေ့မြင်ရောမြင်တော့ သိတော့ဘယ်ဟာယူမလဲ။ ငါးရာတန်ယူတယ်။ အမှတ်မှားတယ်။ အမှတ်မှားတော့ဘာဖြစ်လဲ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဆိုတာကံနော်။ ချက်ချင်းပူတာပေါ့ဗျာ။ အေးလဲအေး ပူလဲပူ ခဏဘဲ အေးနေရမယ်နော်။ ဒါတရား ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ဈာန်တရားရှိတယ်။ ဈာန်ဆိုတာကံမကျင့်ဘူး။ အဲ့ဒါကံတရား ဉာဏ်တရားကတော့ ပေါက်သွားပြီနော်။ အဲ့ဒါတွေသဘောလေးဘဲနော့။ တိုင်းပြည်မှာ အဲဒီပုဂ္ဂိုလ်တွေရှိတယ်။ ခင်ဗျားတို့စာကရေးထားတယ်။ ဝိဇ္ဇာစိုရ်ရှိတယ်။ ဝိဇ္ဇာပေါက်ရှိတယ်။ အရိယဝိဇ္ဇာရှိတယ်။ ဒါစာကရေးထားတာရှိတယ်။ ခုနကမျောတရားပေါ် တရားဟောမြုပ် တရားမျောတာပေ့ါ။ သံသရာလည်တာပေ့ါ။ မြုပ်တရားသကအပယ်သွားတာပေ့ါ။ ပေါ်တရားက(၃၁)ဘုံလွတ်သွားကာပေ့ါ။ ဒါတွေသိပ်အရေးကြီးပါတယ်။ ကိုယ်လာတာကစ်ယောက်ထဲ။ ပြန်တော့လဲ တစ်ယောက်ထဲ။ ဘုရားကဟောထားတယ်။ အဝိဇ္ဇာတဲ့ အဝိဇ္ဇာဆိုတာ ဘာလဲ။ အာရုံ (၆) ပါး စာလိုဆိုရင် အဝိဇ္ဇာ မြန်မာလို အာရုံ (၆) ခြောက်ပါး စက္ခုအာရုံ နားသောတအာရုံနှံ့သာ အာရုံဇိဝှာအာရုံ ကိုယ်အာရုံ မနောအာရုံ အာရုံ (၆) ခု ဘယ်စိတ်ဖြစ်လဲ။ အနုသယစိတ်ဖြစ်တယ်။ အနုတာယဖြစ်တယ်။ အနုတာယကံကိုမှ မပယ်နိုင်ရင် ခင်ဗျားတို့ တွေးကြည့်ပေ့ါဗျာ။ အဲ့ဒီတော့ကိလေသာ ကြမ်းကြီးတော့ပယ်ထားတယ်။ အနုတာရတော့ မပယ်နိုင်ဘူး။ အကြမ်းကြီးပယ်ထားတော့ စိတ်ချရပ့ါမလားနော်။ ပယ်မဲ့ပယ် အနုတာရကို ပယ်ရမယ်။ အနုတာရပယ်ပြီးရင် သမ္မာဖြစ်လာမယ်။ သမ္မာဖြစ်လာရင် သမုဒိသစ္စာက လာလိမ့်မယ်။ အဲ့ဒီတော့အနုကာယပယ်မှ ကိလေသာကြမ်းကပယ်မယ်။ ကိလေသာကြမ်းကဘာလဲ ပါဏါတိပါတာ သူများအသက် မသက်ဘူး။ အဒိန္နာဒါန သူများပစ္စည်းမခိုးဘူး။ သူများသားမယားလည်း မဖျက်ဆီးဘူး။ ဟော ငါသွားပြီးရုံးပေါ်မှာ မြမောင်က လိမ်တယ်။ ကြိမ်းတယ်။ အဲ့ဒါအာမခံတယ်။ သက်သေလိုက်တယ်။ မကောင်းတာတွေလုပ်တယ်။ အခုငါမလုပ်တော့ဘူးတဲ့။ ဟိုတုန်းက လုပ်တယ်တဲ့။ လိမ်တယ်တဲ့။ ညာတယ်တဲ့။ ခိုးတယ်တဲ့ ဟိုတုန်းကလုပ်တယ်။ အခုမလုပ်တော့ဘူးတဲ့နော်။ ဒါကိုယ်ဘာသာသိတာ။ သိမှပယ်မယ်။ ပယ်မှဆိုက်မယ်။ ဆိုက်မှပွားမယ်။ သိပယ်စိုက်ပွားနော်။ ဘာတွေပယ်မလဲ။ မိစ္ဆာတွေပယ်မယ်။ သမ္မာတွေယူမယ်။ ဒါတွေကိုကိုယ်စိတ်ကိုယ်စစ်နော်။ ပြန်ရမှာဘဲ။ နေထွက်လာရင် နေဝင်မှာဘဲ။ အစွဲတရားကိုဟောတာ ဘုရားကအစွဲကို သတ်ခိုင်းတာ။ ဘုရားကအစွဲသတ်ခိုင်းတာ အခြေခံထားတယ်။ သတ္တဝါအလုံးစုံ

သောသခီရ အနိစ္စသဗ္ဗေသခီရ ဒုက္ခသဗ္ဗေသင်္ခါရ အနတ္တလက္ခဏာကြီး (၃) ပါးကို မြင်အောင်ကြည့် မုန်းအောင်ရှု။ အဲ့ဒါတွေ လုပ်တဲ့ အဲ့ဒီလို ဟပလ္လင်မလေးခွေတဲ့အခါမှာ ခုနကယက် (၃) ပါး၊ ဝဇီကံ (၄) ပါး၊ မနောကံ (၃) ပါး အဲ့ဒါတွေ ပေါင်းလိုက်တော့ ဒုစရိုက် (၁၀) ပါး အဲ့ဒီတော့ အပြင်ရဲ့ကံတွေလုံပြီး သူများအသက်မသက်တော့ပါဘူးဗျာ။ အဲ့ဒါ ဘာသတ်လဲ။ အစွဲသတ်တာ ငါစားချင်တဲ့စိတ်ကလေးရှိသေးလား လည်ချင်တဲ့စိတ်ကလေးရှိသေးလား။ အိပ်ချင်တဲ့ စိတ်ကလေးရှိသေးလား။ သွားချင်တဲ့စိတ်ကလေးရှိသေးလား။ တရားစင်ကအခုန်းမောင်းခေါက်ပြီး ငါထွက်ချင်တဲ့ စိတ်ကလေးရှိသေးလား။ တဏှာ တဏှာနိရောဓပေါ့။ ဝေဒနာမှာ တဏှာမရောစေနဲ့ ခုနကပြောသလိုပေါ့နော်။ အဲ့ဒီဟာခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ တရားဟာ ဇုတ်မိသဲတိုင်တက်နိုင်ဖျားရောက် ခန္ဓာက ကျင့်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှစိုက်မယ်။ ဦးပဋ္ဌင်းကစာတတ်တာမဟုတ်ဘူး။ ဘုံ (၃) ပါးကြည့်ဟောတာ။ အဲ့လိုပြောရင်တော့ ဘုံ (၃) ပါးကြည့်ဟောရင်တော့ မင်းယုံရင်ငါပြောမယ်ကွာ။ မယုံရင်ငါမပြောဘူး။ ဥပမာပြောမယ်ကွာ အတိတ်ကိုငါကြည့်လိုက်တယ်ကွာတဲ့။ အတိတ်ကိုငါကြည့်လိုက်တဲ့အခါကျတော့ အော် (အေး)[၄] (ဘုရား)[၄] မလွတ် တော့ဘူးဗျို့။ အဲ့ဒီလိုမလွတ်ပါလားတဲ့။ ဆွေတော်ပေါင်းမျိုးဟော်မပါင်းမတွေပါလာအောင် (အေး)[၄] ဟိုဘဝက ငါ့အဖေတွေပါလား။ ငါ့အမေတွေပါလား။ ဟိုဘဝကငါ့အစ်မတွေပါလား။ ငါ့အမျိုးကြီးပါလား။ စွဲတော့မစွဲဘူးနော်။ ဒီလိုပြန်ပြီးတော့ ပစ္စုပ္ပန်မှာတွေ့တဲ့အခါကျတော့ အတိတ်ရဲ့အကြောင်းနဲ့ ပစ္စုပ္ပန်ရဲ့အကြောင်း နှစ်လွှာ အဲ့ဒီမှာကုသလ်နဲ့ ခမ့်နံ ဖြစ်ကုန်ပြီ။ ဟောတုပစ္စယောတွေ အဲ့ဒီမှာ အကြောင်းအကျိုးဟာ ငါ့အမေပါလား။ အော်ငါ့အမကြီးပါလား။ ငါ့အကိုကြီးပါလားဆိုပြီး စေတနာမပျက်တော့ဘူးလေ။ အယုတ်အလတ်မရွေးတော့ဘူး။ ပစ္စုပ္ပန်အသိနဲ့ သည်အသိ။ အဲ့ဒီတော့ အတိတ်ကိုသိတာသည်အသိ အဲ့ဒါကိုရအောင်ရှာ။ ဖဲ့ဒါအတိတ်က ငါ့အမျိုးတွေ (အေး)[၄] လက်ဖက်ရည်ဆိုင်မှာ ဟိုလူကငါ့ကိုဆဲတယ်။ မြမောင်မအေနမနဲ့ဆဲတယ်။ အတိတ်က ငါ့အကို ကြီးတွေဟဲ ငါသည်းခံမယ်။ ငါသည်းခံမယ်။ အတိတ်ပြန်ကြည့်တော့ ပစ္စုပ္ပန်မှာ ငါသိးခံတယ်ဗျို့။ အတိတ်မသိတော့ တွေးသာကြည့်တော့ ဘုံ (၃) ပါးမြင်ရမယ်။ အနာဂတ်ကိုလည်း မြင်ရမယ်။ အတိတ်ကိုလည်းမြင်ရမယ်။ ပစ္စုပ္ပန်ဘုံကကြည့်၊ လူမျိုးမရွေး၊ ဘာသာမရွေး အော် (အေး)၃ (အေး)၃ (အေး)၃ ခုခင်ဗျားတို့ပြောမယ်ဆိုရင် အင်မတန်မှထူးပါတယ်ဗျာ နော်ကြိုးစားကြပါ။ ကျင့်ကြပါ။ ကြံကြပါ။ ခုနမျော တရားရှိရင် မျောမှာဘဲ၊ မြုပ်တရားရှိရင် မြုပ်မှာဘဲ။ ပေါ်တရားရှိရင်ပေါ်မှာဘဲ။ အဲ့ဒီတော့ အဲ့ဒီနာက အစစ်ခေါ်တယ်။ လှူတတ်ဖို့လိုတယ်။ ဥပမာပြောပြမယ်ဆိုရင် အဲ့အလှူပေါ်မှာ အလှူလေးပေါ့ဗျာ။ အဲ့ဒီလူကြီးက သမီးကိုပေါင်ထားတယ်။ သုံးနှစ်သုံးမိုးပေါင်ထားတဲ့အခါကျတော့ မရွေးနိုင်ဘူး။ အော် ငါသမီးမရွေးနိုင်ပါလား။ သူများဆီသွားလုပ်တဲ့အခါကျတော့ သမီးရွေးဖို့ ပိုက်ဆံ ရလာတယ်။ သမီးရွေးဖို့ပိုက်ဆံလည်းရလာရော သမီးသွားရွေးရော တရပ်တကျေးမှာ သမီးသွားရွေးတော့ လမ်းခုလတ်မှာ ရဟန်းတစ်ပါးတွေ့တယ်။ ရဟန်းတစ်ပါးတွေ့တော့ သူမျက်စိကမြင်လိုက်တာ သဒ္ဓါဆိုတာ ယုံကြည်သွားပြီး ဘာယုံကြည်လဲတော့မသိဘူး။ အဲ့ဒီရဟန်းအိုကြီးကို 'ဆွမ်းကပ်ချင်တာကိုဗျ။ အဲ့ဆိုတော့လည်း (၁၀) နာရီကျော်ပြီ ဆွမ်းမစားရသေးဘူး။ ရဟန်းကြီးကတုန်တုန်ချိချိနဲ့ သွားနေပါလား။ အဲ့ဒီသမီးရွေးတဲ့ပိုက်ဆံကို ရဟန်းကြီးတွေ့လိုက်တော့ သဒ္ဓါကဖြစ်လာတယ်။ သဒ္ဓါကအပြင်အာရုံက သဒ္ဓါခေါ်တယ်။

အတွင်းကအာရုံက စေတနာခေါ်တယ်။ အားစေတနာ ဖြစ်လာပြီ သူရွေးမယ့်ပိုက်ဆံတွေ မရွေးတော့ဘူး။ သူဘယ်လိုလုပ်လဲဆိုတော့ အဲ့ဒီနားကထင်းခုတ်တဲ့လူတွေဆီက ထမင်းထုပ်ကိုဝယ်တယ်။ ထင်းခုတ်တဲ့လူတွေကလည်း ဘယ်လိုပြန်ပြောလဲဆိုတော့ ကျွန်တော်ဗျာတဲ့ အဲ့ဒီထမင်း ကကျွန်တော်မရောင်းပါရစေနဲ့။ ဟိုလူမေးလဲဒီလိုဘဲ။ ဒီလူမေးလဲ ဒီလိုဘဲ အဲ့ဒီလူကြီးကပြန်ပြောတယ်။ ခင်ဗျားတို့ ရောင်းပါဗျာ။ အသပြာတွေ ကျွန်တော်လက်ထဲမှာ အများကြီးဘဲတဲ့။ ခင်ဗျားတို့ထမင်းထုပ်လေးဘဲ ပေးပါ။ ဟောဒီ အသပြားတွေ အကုန်ပေးပါမယ်ဗျာဆိုတော့ ဟိုလူတွေက အဲ့ဒီတော့မှာထမင်းထုတ်တွေ အကုန်ပေးတယ်ဗျာ။ ပိုက်ဆံတွေလည်း အကုန်ပေးလိုက်တယ်။ အဲ့ဒီထမင်းထုပ်လေးကိုယူပြီးတော့ အဲ့ဒီတုံတုံချိချိရဟန်းကို သွားကပ်တယ် နော်။ မြင်တာနဲ့သဒ္ဓါဖြစ်တယ်။ အပြင်သဒ္ဓါက အတွင်းစေတနာက လှိုက်လှဲ့စွာနဲ့ ဖြစ်နေပြီး။ အဲ့ဒီတော့ ထိုးကပ်တာဘဲ။ အဲ့ဒီတော့ ဒီလိုကပ်တဲ့အခါမှာ ရဟန်းကြီးက ဆွမ်းတွေဘာတွေ ဘုန်းပေး ဘာမှလဲ ဆုတွေပေးလား မပေးလားတော့ မသိဘူး။ သူလဲစားပြီးပြီ သူလဲပြန်တယ်။ အဲ့ဒီလူကြီးလဲပြန်တဲ့အခါကျတော့ ဒီလိုဥပမာလေးပြောကြမယ်ဆိုရင် ရဟန်း ကလဲစစ်တယ်။ အဲ့ဒီလူကြီးရဲ့စေတနာကထူးနေပြီ၊ ဝတ္ထုဒါတဗ္ဗဝတ္ထုကလည်း စင်ကြယ်တယ်။ သမီးရွေးယူမယ့် ပိုက်ဆံနော်၊ အဲ့ဒီအချက် (၃) ချက်ကို ခေါ်တယ်ဗျို့။ ကိုယ်စိတ်ကိုယ်စစ်။ အဲဒါနိဗ္ဗာန်ကိုသွားနိုင်တယ်ဗျို့။ စေတနာ ကလည်း ဝိသုဒ္ဓိမနောကစင်ကြယ်တယ်။ အာရုံငါးပါးပေါ်မှာ ကြည့်လိုက်တော့ သဒ္ဓါယုံကြည်စိတ်တွေဖြစ်ပြီးတော့ ဘဝင်စိတ်ကစေတနာမှန်တယ်။ အဲ့ဒီစေတနာကဘုရားကဟောပါတယ်။ နိဗ္ဗာန်ကိုရောက်နိုင်တယ်။ ဘယ်လိုရောက်နိုင်လဲဆိုရင် ရဟန်းကသစ္စာ (၄) ပါးရထားတဲ့ ရဟန်းကြီး သူလဲမသိဘူး။ အဲ့ဒါထူးတာပေါ့ဗျာ။ အဲ့ဒါကြောင့် အော် (အေး)[၄] အော် (အေး) [၄] ဒါဘဲ။ ပြောတတ်တယ်။ ခင်ဗျားတို့ပေါ်မှာ ဒါယကာ၊ ဒါယိကာမမျိုးက သာသနာပြုတာ ရှေ့ကရဟန်းကစစ်ရမယ်။ နောက်ကလိုက်လာတဲ့ ဒါယကာ၊ ဒါယိကာမက သာသနာပြုတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။ ရှေ့ကရဟန်းကစစ်ရမယ်။ အဲ့ဒီလိုစစ်တဲ့အခါ ဟိုကလည်း နောက်ကလိုက်လာတဲ့ သာသနာပြုတဲ့ ပုဂ္ဂိုလ်တွေကလည်း စေတနာမှန်ရမယ်။ အဲ့ဒီတော့မှ ကုသလနံ့ ဓမ္မနံ့ ဟေတုပစ္စယောတဲ့ ဒါဘုရားဟောအရ ဘာတွေအကျိုးပေးမလဲတော့ မသိဘူး။ ရှေ့ဘုန်းရှေးကံတွေပါရင်တော့ စေတနာကောင်းရင် ဖြစ်ချင်တာလဲ ဖြစ်နိုင်တယ်ဗျာ။ ကျန်းမာရေးလာဒ်ရတယ်။ အပ္ပါယ်လေးတံခါးပိတ်တယ်။ အပ္ပါယ်လေးတံခါးပိတ်ရင် ဘယ်သွားမလဲ။ နတ်ပြည်သွားမှာ ပေ့ါ။ အဲ့ဒီနတ်ပြည်ရဲ့သက်တမ်းကုန်ရင် ခင်ဗျားဘယ်သွားမလဲ။ ရဟန္တာလျှုထားတဲ့ မျိုးစေ့ရလို့ အထက်သွားမှာပေ့ါ။ အောက်ဆင်းမှာ မဟုတ်တော့ဘူး။ အဲ့ဒါတွေသဘောပေါက်ဖို့လိုတယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီး လောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ဒါသဘောလေးဘဲ ပြောလိုက်တာ။ ပြန်ကြားမှာဘဲ ဦးပဏ္ဍိတလဲ ပြန်ရမှာဘဲ ခင်ဗျားတို့လဲ ပြန်ရမှာဘဲ။ ပညတ်တရားရှိတယ်။ ပရမက်တရားလဲရှိတယ်။ ပညတ်ကိုလဲ မပယ်ဘူး။ ပရမက်ကိုလည်း မပယ်ဘူးနော်၊ ပရမတ်ဆိုတာဘာလဲ ဓါတ် (၄) ပါးခေါ်တယ်။ ဓါတ် (၄) ပါး ဘဲပရမတ်ဆိုတာဓါတ် အဲ့ဒီတော့မှ အရိယမဝင်သေးဘူး။ ရုပ်ဓါတ်ကိုရှုထားပြီး။ အဲ့ဒီတော့ ယောကျ်ားလဲမဟုတ် မိန်းမလဲမဟုတ် သူကပြန်ပြောတဲ့ဓါတ်တွေ (၃၂) ဌာနမဟုတ်တော့ဘူး ဓါတ်တွေ။ အဲ့ဒီတော့မှ ပညတ်ရဲ့သဘော။ အဲ့ပရမတ်ရဲ့ သဘော အလယ်ကသွားတာ အရိယက အဲ့ဒီလိုရှိတယ်။ ဓါတ်အောင်တယ်။

ခါတ်ပေါက်သွားတာက ခါတ်ပေါက်သွားတဲ့ ရဟန်းကသိုက်တွေလာတယ်။ နတ်တွေကလာတယ်။ ပွဲပြင်စရာမလိုဘူး သူများအားကိုး စရာမလိုဘူး။ အဲ့ဒါမှထူးဟာ။ သုံးသပ်ပါလေ လာပါ။ စုံစမ်းပါ မေးမြန်းပါ မယုံနဲ့အုန်း (ဦးပဏ္ဍိတပြောတာကို မယုံနဲ့ဦး)[၂] အဲလူ့ဖို့လည်းပြောတာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ကျင့်ဖို့အသိ၊ အကျင့်တရားတွေရဖို့ အရေးကြီးတယ်နော်။ အဲ့ဒီ အသိတရားကို ရသွားရင် မိစ္ဆာကို ပယ်ပြီးသမ္မာကိုယူရင် အပါယ်ပိတ်မယ်။ အခုမိစ္ဆာကများနေတယ်။ သမ္မာကနဲနေ ဟယ်နော်။ အဲ့ဒီတော့ အတ္တတရားရှိတယ်။ အနတ္တတရားရှိတယ်နော်။ ဘုရားကဟောထားတယ်။ ကာမဘဝ၊ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ၊ ဒါအစွဲကိုအကြောင်းပြုပြီးတော့ ခေါ်ထားတာ။ အဲ့ဒါပယ်နိုင်ပဲ့မလား။ ကာမသဝအစွဲကို ဟကြောင်းပြုပြီး ဟောထားတဲ့တရား။ အဲ့ဒါအစွဲတရားခေါ်တယ်နော်။ သဗ္ဗေသင်္ခါရအနိစ္စ သဗ္ဗေသင်္ခါရ ဒုက္ခအနတ္တ ဆိုတာ အစွဲသမားကိုပြောတာ။ ဝိနည်းသမားတော့မပြောတတ်ဘူး။ အဲ့ဒါအစွဲသမားပြောတော့ ချတာဘဲဗျို့။ အဲ့ဒီတော့ ခင်ဗျားကြာကြာလုပ်ကောင်းတယ်တဲ့။ မှန်တယ်တဲ့။ အဲ့ဒါဘဲသူပြောတယ်။ အဲ့ဒီတော့ ငွေရရင်ငွေနဲ့ မဟင်းတိမ်နဲ့ ငွေယက်တောင်းတာရှေ့ရှိတယ်။ ရှေ့ယက်ကောင်းတာ ကျောက်ရှိတယ်။ ကြိုးစားပါ။ အဲ့ဒီတော့ဒီတရားဟောဟာ အင်ပတန်မှ ယူးမြဟ်ပါတယ်။ ဒီဦးမြမောင်ဟောစာဆို ၂ တန်းဘဲတက်တယ်။ လူဆိုးလူမိုက်လူလိမ် အဲ့အကုန်လုပ်တယ်။ ခင်ဗျား ဟို့အကုန်မေး အကုန်ပြောမယ်။ သစ္စာကိုးမလိမ်ဘူး ခိုးခဲ့တယ်။ လိမ်ခဲ့တယ်။ လုပ်ခဲ့ဟယ်။ ရဲထဲမှာလည်းလုပ်ခဲ့တယ်။ ရဲအဖွဲ့ကကောင်းတယ်။ မြမောင်မကောင်းဘူး။ လူကြီးကနိုင်းလိုက်တဲ့မြမောင်က ဟိုအိမ်မှာသွားဟောက်တယ်။ ခင်ဗျာ သမ္မန်စာဝရမ်းစာ ခင်ဗျားရက်ချိန်းတွေ ခင်ဗျားလွဲနေတယ်။ ဟောက်တယ်ပေ့ါ။ ဟောက်တော့ အိမ်ရှင်ကကြောက်တာ ပေ့ါ။ ဆန်လေးယူလာလိုက်။ ပန်းတွေယူလာလိုက် သူများစိုက်ထားဟာ ကြောက်ဟာပေ့ါဗျာ။ ကြက်ဥတွေပေး၊ ဘဲဥတွေ ကြောက်တာကိုဗျ။ လူကြီးကဘယ်သိမလဲ။ ဒါကြောင့်အဖွဲ့ကောင်းဟယ်၊ မြမောင်မကောင်းဘူး။ အဲ့ဒါတွေအရေးကြီး ပါတယ်နော်။ ကိုယ်စိတ်ကိုယ်စစ်။ အဲ့ဒီတော့ ကိုယ်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုကြင်နာပါ။ ကိုယ်အောက်လူကို သနားပါ။ ဖြူမှုစိုရ်တရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ သံဝေဂတရားထားပါ။ အဲ့ဒီတော့ ဒီတရားတွေ ထားရမယ်။ စိတ်ထဲမှာထားရမယ်။ အော် (အေး)[၄] လူကြီးကရပ်ကွက်ကလူကြီး ဟော့ကောင်းတွေ တစ်အိမ်တစ်ယောက်တက်ရမယ်။ ထွက်ပါမယ်။ အကိုကြီးရဲ့စေတနာနဲ့လုပ်။ စေတနာမရှိဘူး ကြောက်လို့သာလုပ်ရ တာဘာ။ တို့ချည်းဘဲဖိနိုင်းတာဘဲကွာ။ အဲ့ဒါမိစ္ဆာအယူ လုပ်လဲလုပ်ရသေးတယ်။ စေတနာကလည်းမပါဘူး။ အဲ့ဒါမိစ္ဆာနော်။ အဲ့ဒါမှတ်ထားဦး။ ဟုတ်ကဲ့အကိုကြီးဟုတ်ကဲ့။ ကျွန်တော့်ဘဲခိုင်းပါဗျာ။ ဘယ်အလုပ်ဖြစ်ဖြစ် ကျွန်တော် ဘဲခိုင်းပါ။ စေတနာ ပုပ္ပမုတ်စပရ ဆိုတဲ့ စေတနာတရားက စေတနာကို ×××× သွားတာ။ ခုနက မတွေ့ဘူးလား။ မဟာဒုတ် ဗိုလ်ကြီးတွေရော ဗိုလ်မှူးတွေရော ဘေးကပ်နေတာ။ မကြွသေးဘူးတဲ့။ အေးမကြွသေးရင်တော့ ဘုရား သပိတ်ဘယ်သူရလဲမသိဘူး။ ဒီလူကြီးသွားတာမကြောက်မရွံ့ဘူးလား။ အရှင်ဘုရား အရှင်ဘုရားသပိတ်ကြီး ဘယ်သူပေးလဲတဲ့။ ဘယ်သူမှမပေးရသေးဘူး။ ဘုရားတပည့်တော် ဆွမ်းကပ်ချင်တယ်ဘုရားတဲ့။ သပိတ်ကြီးကို ပေးလိုက်တယ်။ ဘုရင်တွေက မပြောရဲသေးဘူး။ ဗိုလ်တွေကလည်း မပြောရဲသေးဘူး။ မဟာဒုတ်လက်ထဲရောက်သွား ရော။ သိကြားမင်းကကြည့်လိုက်တဲ့အခါ ဘုရားသပိတ်မဟာဒုတ်လက်ထဲ ရောက်နေတယ်။ အယုတ်အလတ် မရွေးဘူး။

ဘုရားကြီးကပေးလိုက်ရော ပေးလိုက်တော့ ပျော်ပျော်ပါးပါးနဲ့ အဲ့ဒီသပိတ်ရကတည်းက ခြေထောက်ကို မြေကြီးနင်းရမှန်းမသိတော့ဘူး။ သူ့စိတ်ထဲမှာ မကပ်တော့ဘူး။ အဲ့ဒီလောက် သမ္မာစေတနာတွေက ဘယ်လောက်ကောင်းမလဲ မသိဘူး။ အဲ့ဒီတော့မှ သိကြားကမနေနိုင်တော့ဘူး။ အိမ်တွေပြင်ပေးရတယ်။ ထင်းခွဲပေးရတယ်။ ရေခပ်ပေးရတယ်။ ဒါစေတနာပေ့ါဗျာ။ မဟာဒုတ်ကို သိကြားကလာကူပေးရတယ်။ ဒီလိုတစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီသမာအလှူတွေနဲ့ လုပ်ရင် တိုင်းပြည်ကြီးဟာ အင်မတန်မှစင်ကြယ်သန့်ရှင်းပါတယ်။ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ စေတနာမှန်ဘို့ အရေးကြီးတယ်။ အေးကွာ (အေး)၂ အေးကွာ (အေး)၂ အော လုပ်တော့ပေးတယ်။ မနောကစေတနာ မမှန်ဘူး။ မိစ္ဆာတွေဖြစ်နေတယ်။ မိစ္ဆာဖြစ်တော့ ကံနိမ့်တယ်။ ဘာဖြစ်လို့ကံနိမ့်လဲ။ သီလပျက်တာကို။ ဝိသုဒ္ဓိမစင်ကြယ်ဘူး။ မစင်ကြယ်တော့ လာဘ်ပိတ်တာပေ့ါ။ လာဘ်ပိတ်တော့ ရှာလို့ဖွေလို့ပိရိယ အားကိုးလေးဘဲစားရတယ်။ လှေဦးစိုက်ဘဲစားရတယ်။ လှေဦးခြောက်ရင် မစားရဘူး။ အင်မတန်မှ စိတ်တွေသန့်ရှင်းစင်ကြယ်အောင် အာရုံငါးပါးနဲ့မြင်တာလဲ မမြဲပါလား။ ကြားတာလဲ မမြဲပါလား။ နံတာလဲ မမြဲပါလား။ စားတာလဲ မမြဲပါလား။ ထိတာလဲ မမြဲပါလား။ အဲ့ဒါမမြဲပါလားဆိုတာ အနတ္တစိတ်ခေါ်တယ်။ မြင်တာကို သွားစွဲရင် သမာနဲ့သွားစွဲပါ။ မိစ္ဆာနဲ့မစွဲပါနဲ့။ အဲသမ္မာနဲ့စွဲပါ။ အကိုကြီးရေလာပါ။ ထိုင်ပါ။ ရေနွေးလေးသောက်ပါ။ အကိုကြီးရယ် အမကြီးရေလာပါ။ ရေနွေးလေးသောက်ပါအုန်း။ သမ္မာနဲ့စွဲပါ။ အဲ့ဒါမှသမုတိသစ္စာ ခုနကဆန်တွေတော့ ဝယ်လာပြီး ဆန်ကွဲတွေထိုးရောင်းတယ်။ အိမ်ထဲမှာဇလားထဲထည့်ပြီး ရောင်းတယ်။ တပြည်ဘယ်လောက်လဲ။ ၃၅/- သူများရောင်းတဲ့ ဈေးရောင်းတယ်။ ဆန်ကွဲကလည်း ထိုးထားတယ်။ အဲ့ဒီကလေးကဆန်ကိုလက်နဲ့ ကိုင်ကြည့်လိုက်တော့ ဆန်ကွဲတွေတင်နေပါလား။ ဝယ်တဲ့လူက သိတယ်။ မိုးကလည်းချုပ်နေပြီး။ သူ့ဆိုင်တစ်ဆိုင်ဘဲရှိတယ်။ ဝယ်တဲ့သူကသိနေပြီ။ ပြန်တော့မပြောဘူး။ အဲ့ဒါတွေက ကောင်းလား မကောင်းဘူးတဲ့။ ×××× မကြိုက်ဘူး။ ခုနက ချဲတွေထိုး ချဲတွေရောင်း ဒါတွေက မိစ္ဆာအယူတွေ ခင်ဗျားတို့မပေါက်တဲ့လူက ငိုင်တာပေ့ါ။ ပေါက်တဲ့သူက ဝမ်းသာတာပေ့ါ။ ခဏလေးဘဲ အေးတဲ့ခါတ်ကိုယူပါ။ သံသရာက ညွတ်ကွင်းလျှောက်ဖြစ်အောင်မလုပ်ပါနဲ့။ သံသရာဘယ်ကစလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကဆုံးလဲ။ ခန္ဓာမှာဆုံးတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ နိဗ္ဗာန်ဆိုတာ အေးတဲ့ခါတ်ပေ့ါဗျာ။ ဘာလဲဆိုတော့ မရှိတဲ့တရား မသိတဲ့တရားကို သွားသိတာ။ အေးတယ်။ ဖအေသေလည်းမငိုရဘူး။ မအေသေးလဲ မငိုရဘူး။ အေးနေတာ။ ဒါပေမယ့် ရုပ်ကြီးနဲ့ပတ်သက်တဲ့ ဒုလာလိပ်ခေါင်း တော့မရဘူးပေ့ါဗျာ။ အာရုံတွေမစွဲတော့ အေးတာပေ့ါဗျာ။ သစ်တပင်ကောင်းတော့ ငှက်တစ်သောင်း နားနိုင်တယ်။ ဒါကြောင့်မို့ နှလုံးသားက အင်မတန်အေးတဲ့အတွက် သိုက်တွေလာတယ်။ ခါတ်တွေလာတယ်။ နတ်တွေလာတယ်။ တောင်ပိုင်တွေ ကွင်းပိုင်တွေ၊ တစ္ဆေတွေ သူ့ရဲ ယက္ခ ဂုမ္ဘာန်တွေလာတယ်။ ဒါအတိတ် မြင်တာကိုဗျာ။ အတိတ်မမြင်တဲ့ဟာကတော့ အတန်းခေါ်တယ်။ အဝိဇ္ဇာခေါ်တယ်။ အတိတ်မြင်တာကတော့ ဝိဇ္ဇာခေါ်တယ်ဗျာ။ ဒါတွေက ဒီဘဝမှာ လာပြီးတော့ အမျိုးတွေပါလား။ ငါ့အမကြီးတွေ၊ ငါအဖေတွေပါလား မလုပ်တော့ဘူး။ ဘာစားမလဲ။ (ရှေ့)၂ (ရှေ့)၂ ဒီလိုလုပ်တော့ တောင်ပိုင်တွေနိုင်း လုပ်ပေးမယ်။ ကွင်းပိုင်တွေနိုင်းလုပ်ပေးမယ်။ နာမ်ကောင်တွေနော်။ သူတို့မှာ ရုပ်မရှိဘူး။ နာမ်ဘဲရှိတာ။ အဲဦးပဥ္စင်းတို့က ရုပ်ရှိလို့ရုပ်နဲ့ရင်းလို့ ဒီတရားရတာ။ သူတို့က ရုပ်

မရှိလို့ ရင်းရှာလို့မရဘူး။ သူတို့ကပါရမီဖြည့်ရတာ။ နောက်ကနေအဲဒီရဟန်းကြီးမှန်တယ်။ ဟော့ကြွေးကြော်တာနော်။ ဒါကြောင့်မို့ အင်မတန်းမှထူးပါတယ်ဗျာ။ ဦးပဥ္စင်းကြီးက အတ္တတရား အနတ္တတရားဒါလေးတွေ သဘောလေး။ စာတော့မတတ်ဘူး ခုနကမှန်တာပေါ့။ ဒါဆိုဟော့ ဥပမာလေးပြောဟာပေါ့။ စည်းကမ်းဟော့ရှိရမယ်။ တိုင်းပြည်အုပ်ချုပ်တာလည်းစည်းကမ်းရှိ လူတွေလဲစည်းကမ်းရှိ သံဃာတွေလည်း စည်းကမ်းရှိ စည်းကမ်းကို ဖောက်လို့မရဘူး။ ဒီစည်းကမ်းလေးရှိမှာ အသိတရားကို ရှာလို့ရမယ်။ ဦးပဥ္စင်းက စာလည်းမတတ်တော့ စည်းကမ်းတွေဘာတွေ မလုပ်တတ်တော့ဘူးဗျာ။ ဦးပဥ္စင်းက တောင်းပန်ပါတယ်။ ဆရာတော် သမားတော် ခုနစ်ရက်သား ခုနစ်ရက်သမီး အကုန်လုံးတောင်းပန်ပါတယ်။ ရှိခိုးဆိုရှိခိုးပါမယ်။ စာမတတ်လို့ပါ။ အမှန်တော့ စည်းကမ်းကအဓိကပါတဲ့။ စည်းကမ်းနဲ့ရှိမှာ ဦးပဥ္စင်းကသွားလဲ ဒုံးဒုံးဒုံး လာလဲ (ဒုံး)[၆] စားလဲ (ဒုံး)[၇] အိမ်ခြေသံပတ်တိက မလုပ်နိုင်တော့ဘူး။ ဒုံးဒုံး ဒုံးကြီး ကဲချနေတာနော်။ အခုည တရားဟောပွဲပြီးတော့ သွားရပါတယ်။ မြောင်းမြဘယ်အချိန်လောက်ရောက်လဲဆိုတော့ (၁၁) နာရီလောက်ရောက်တယ်။ ပွဲတောင်နဲ့ဒီဒကာကြီးတွေ ပေးဘာဘယ်ကိုသွားရသလဲဆိုတော့ မဲကျော်နဲ့ ပိုးလောင်း။ အဲ့ဒီမဲကျော်သွားတဲ့ ဂါတ်ပုဂ္ဂိုလ်ကြီးက ၃ နာရီရောက်လာတယ်ဗျို့။ အဲ့ဦးပဥ္စင်းက ခေါင်းချတာ (၁) နာရီလောက် ခေါင်းချရုံဘဲရှိသေးတယ်။ မယ်တော်ကြီးက ရောက်လာတယ်။ သားတော် ထထကားပါတယ်ဗျို့တဲ့။ ခိုင်းတာ ခိုင်းတာ ဒီရုပ်တွေ ဒီနာမ်တွေက အင်မတန်မှ ဒုက္ခပါဗျို့။ မယ်တော်လာလာ နို့လေးသောက်ပါဦး။ မသောက်တော့ဘူး။ သောက်ဦးသားတော်ရဲ့ သောက်ပါဦး။ တိုက်လို့သောက်တော့ ကားသုံးစီးနဲ့ ဘယ်ကိုသွားလဲဆိုတော့ မြောင်းမြကနေ မဲကျော်သွားတာဘဲဗျို့။ (၂) နာရီလောက်မောင်းရတယ်။ အဲ့ဒီကနေ တာထိပ် တာထိပ်ကနေ ဇလပ်ကွင်းတို့ဘာတို့ ရှစ်အိမ်တန်းတို့ အဲ့ဒီကနေ တောင်တွေတက်လိုက်ဆင်းလိုက်နဲ့ ခင်ဗျားတို့ ဝါးခယ်မပါလားတဲ့ သူမေးပါ။ ကားလည်းလမ်းမှ ဖွတ်ဖွတ်လို့ပျက်တယ်ဗျို့။ ကားကလည်းဘီးပေါက်တယ်နဲ့ ထင်တယ်ဗျာ။ အဲ့ဒီကနေကျမှ ကားကလည်းရပ်တယ်ဗျ။ မဲကျော်ရောက်တဲ့အခါကျတော့ တောင်ကုန်းပေါ်မှာ သိုက်ဘယ်သူသိမလဲ ဘယ်ဘုန်းကြီးသိမလဲ။ ခက်တယ်ဗျာ။ မယ်တော်ကခေါ်သွားတော့ သားရေလာလာ ရက်ပါတယ်ဗျာ။ ဦးပဥ္စင်းကသိတာပေါ့ဗျာ။ ဟုတ်ကဲ့ ဟုတ်ကဲ့ သားရေ ရေစက်ချကြစို့ ဆိုပြီး ဟိုဘဝအနန္တရက ခင်ဗျားဦးဂျက်လေးရှိပါတယ်။ မေးပါ။ ခင်ဗျားတို့ ဝါးခယ်မမှာရှိပါတယ်။ အဲ့ဒီတော့ကုန်းပေါ်မှာ မယ်တော်နဲ့သွားပြီး သစ္စာပြုပါတယ်။ ထီးသွားတင်ရပါတယ်။ ထီးကပရမက် ထီးဘုရားက ပရမက်ဘုရား ခင်ဗျားတို့လို အုတ်နဲ့တည်တာမဟုတ်ဘူး။ ကိုးနဝင်းစေတီ ကိုးနဝင်းကိုးရက်ကျင့်တယ်။ ကိုးရက်လဲပြည့်ရော (၁၀) ရက်ကျတော့ ထီးတင်တယ်။ အဲ့ဒီသဘောပါ။ ပရမက်အနေနဲ့ အဲ့ဦးပဥ္စင်းလိုက်သွားပြီးတော့ သပြေလေးတွေ အများကြီးဘဲ။ ဦးပဥ္စင်း ပထမတစ်ခေါက်က သပြေလေးတွေ အညွန့်လေးတွေရဲနေတယ်။ အညွန့် ပေါင်း (၁၀) ညွန့်လောက်အုံပြီး သပြေလေးကိုကိုင် သူလဲကိုင်၊ ကိုယ်လည်းကိုင် အဲ့ဒီတစ်ခေါက်က မိဌာန်တယ်။ ကိုးရက်ဘုရားတည်တာပေါ့ဗျာ။ နောက်တစ်ခေါက် ထီးသွားတင်တာပေါ့ဗျာ။ နောအခုဦးပဥ္စင်းတို့ပြန်လာပြီး ထီးတင်ရတာ (၁၀) ရက်နေ့ဘဲ အဲ့ဒီမှရေစက်ချတော့ မယ်တော်ကငိုတာဘဲဗျို့။ ချုံးပွဲချပြီးငိုတာဘဲဗျို့။ ရင်ကွဲပက်လက်ပြီး ရင်ကွဲပါပြီ၊ အသည်းတွေလဲကြွေကျပါပြီးဆို ငိုလိုက်တာ သူနောက်က အကိုတွေလဲပါတယ်။ အမေတွေလည်းပါတယ်။ ဆွေမျိုးတွေလဲပါတယ်။ တရုတ်လူမျိုးပိုက်ဆံရှိတယ်။ အဲ့ဒါတွေးကြည့် ဒါလေးသွားပြီး ဦးပဥ္စင်းလုပ်ပေးပါတယ်။ အော်

(အေး)[၄] အော် (အေး)[၄] သားတော်လာ တစ်နေရာကုန်းတော်လေးမှာ သူပြတယ်။ ဘာကဘာ ဘာကဘာ သားတော် ယူ ယူ ယူ အဲ့ဒီမှာသွားယူရပါတယ်။ ယူပြီးတော့ သားတော်ရေ ယူလာခဲ့ဆိုပြီး ယူလာခဲ့တာ။ အဲ့ဒီဘုရားက ဘာလဲ။ အခုတည်းသွားတာ လွမ်းစေတီ ခင်ဗျားတို့မှတ်ထား ခင်ဗျားတို့ ပိန္နဲကုန်း အဲ့ခုနကမဲကျော် ရောက်ရင် မဲကျော်ရွာ အပြင်မှာတောင်ပေါ်မှာ ထန်းပင်လေးတွေ ဘာလေးတွေ စခန်းပေ့ါ။ အဲ့ဒါလွမ်းစေတီ။ ဟိုဘ၀တွေ ဘ၀တွေ ဦးပဥ္စင်း ကလည်း သိုက်က သူကလည်းသိုက်က အဲ့ဒီလိုဖြစ်ပြီး ဦးပဥ္စင်းက လူ့ဘ၀ကိုရောက်လာတဲ့အခါကျတော့ တရားများ ကျင့်ကြ၊ ကြံကျ အားထုတ်ကြတဲ့အခါ သူကလည်းမယ်တော် ခုနကတုန်းက သက်ကင်းတွေစား၊ တရုတ်ကိုးဗျ။ အဲ့သက်ကင်းတွေစား ပုတီးတွေအပတ်ကိုးထောင် သူကစာတတ်တာကိုးဗျာ။ ဂုဏ်တော်တွေရွတ်တတ်တယ်။ ဦးပဥ္စင်းက မရွတ်တတ်ဘူး။ လာပြီးတော့ ဒီဘ၀မှာ တွေ့ကြုံရပါတယ်။ ဒါအတိတ်ကအကြောင်း ဒီအတိတ်အကြောင်း မသိခဲ့ရင် ဒီတရုတ်မလေးက ခေါ်ရင်နင်ဘာကောင်မလဲ။ ဘာလဲ ညာလဲ ရိုက်လိမ့်မယ်။ သူအမျိုးတွေ သူအကိုတွေ သိကြွာကျမယ်။ ပြန်ကြည့် နင်ဘဲ စေပြောလိုက်ရင် သူဘက်ကလည်း တမျိုးဖြစ်သွားမယ်။ ဗုဒ္ဓရဲ့သာသနာကို မယုံကြည်ရာကျမယ်။ ဘုန်းကြီးက အနာခံမယ်။ ဘာပြောပြောခံမယ်။ အဲ့ဒီတော့မှ သူ့နောက်က ပါလာတဲ့ ဆွေမျိုးအုပ်စုက ဗုဒ္ဓရဲ့ သာသနာမှန်ပါလား။ ငါ့သမီး ငါ့နှမလေးတယ် မှန်ပါလား။ တယ်ထူးပါလား။ အားပေးတာ။ ဒါဉာဏ်ပိုင်းလေးနဲ့ လုပ်သွားတာပါ။ ကံနှင့်ဉာဏ် ဒီနေရာမှာ ပေါင်းသွားတာပါ။ ဘယ်သူသိမလဲ။ အဲ့ဒီတော့ ကျောင်းရောက်လာတော့ သီလရှင်တွေက မပြောပါနဲ့တော့ဗျာ။ နာမည်တော့ ဟာ သောင်းကျန်းတော့ တာဘဲ။ ဒို့အရင်ရောက်တာ ခုနှစ် ၄ နှစ် ဒို့ကျတော့ ဘာလဲ ဒါတွေကအား ပြောတော့တာပေ့ါဗျာ။ ဒါကြောင့်မို့ သာသနာပြုရတာ မလွယ်ပါဘူးဗျာ။ အော် (အေး)၃ အော် (အေး) တရုတ်မလေးခေါ်ရာကို လိုက်တယ်။ တရုတ်မလေး ကသွားခေါ်လည်းသွား မျက်ရည်လေးစမ်းစမ်းနဲ့ ပဏ္ဍိတက ဒို့ကျတော့အရေးမလုပ်ပါလား။ တရုတ်မလေးတော့ သွားအရေးလုပ်။ သီလရှင်တွေကပြောတော့တာဘဲ။ ဦးပဥ္စင်းမိန်းမကလည်း လက်ညှိုးငေါက်ငေါက်နဲ့ ပြောတော့တာဘဲ။ သူတို့ပြောတာ ဦးပဥ္စင်းခံပါ့မယ်။ သူတို့ပြောတာ ပန်းကလေးနဲ့ပေါက်သလိုပါဘဲ။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်ပြီး ဖက်ပေါ်ဆူးကျ ဖက်ပေါက်ပြီး ဘယ်လိုများလုပ်ပြီး ဒီပုဂ္ဂိုလ်တွေ ချွတ်ရပါ့မလဲ။ ဦးပဥ္စင်းအတိတ်နဲ့ ပစ္စုပ္ပန်နှစ်လွှာပေ့ါ။ ပြီးမှသာသနာပြုရပါမယ်ဗျာ။ ဒီအနာဂါတ်ကို ကောင်းကောင်းမွန်မွန် လွတ်ရာလွတ်ကြောင်း ဝိသုဒ္ဓိဆိုတဲ့ အင်မတန် စင်ကြယ်တဲ့ နှလုံးသားကနေပြီးတော့ ဖြစ်သွားမှာသာလျှင် ခင်ဗျားတို့ရဲ့ ဝိညာဉ်လေးဟာ ကောင်းရာကောင်းမြတ်ကို ဝိညာဉ်ကကိန်းဝပ်မှာနော်။ ဒီကံတရားတွေက အစွဲတရားတွေရှိရင် (၃၁) ဘုံ စွဲထားရင် ဒီဝိညာဉ်တွေက (၃၁) ဘုံ လည်မယ်နော်။ အဲ့ဒီတော့ဗြဟ္မာဘုံရောက်မယ်။ အပါယ်လေးဘုံရောက်မယ်။ မဟာသံမွနတောကြီး၀ဆိုတဲ့ ဟိုအဝီစိ ရောက်မယ်။ အဇရသတ် အရသတ်က ဟိုအပါယ်လေးဘုံမကဘူး။ ဟိုးအဝီစိရောက်မယ်။ အဲ့ဒါတွေ သိတော့ မြင်တော့ သိတော့ ကြောက်ပြီတဲ့။ သိပယ်စိုက်ပွား အဲ့ဒါတွေကိုပြန်ပြီး ပြောပြတာ။ အဝိဇ္ဇာနဲ့ ဝိဇ္ဇာဉာဏ်ကို လိုက်ရင်ကြပေတော့။ မင်းတို့ကအဝိဇ္ဇာ အာရုံ (၆) ပါး မလွတ်ဘူး။ အာရုံ (၆) ပါးလွတ်တာက ဝိဇ္ဇာဉာဏ်က အာရုံ (၆) ပါးက လောကီအာရုံကို အင်မတန်အားကိုးပြီး ယူထားတဲ့စိတ်တွေ။ အဲ့ဒတော့ ဝိဇ္ဇာဉာဏ်က အာရုံ (၆) ပါးကို ပယ်ပြီးအဲ့ဒါ မဂ်ဉာဏ်ခေါ်တယ်။

အဲ့ဒီမဂ်ဉာဏ်နဲ့သိမှ အတိတ်ကိုမြင်မယ်။ အတိတ်မြင်မှ အဲ့ဒီတော့ပညတ်နဲ့ ပရမတ်ကိုသိမယ်။ ဒါမှသာလျှင် စာတွေက ရေးထားပါတယ်။ စာကမှန်ပါတယ်။ မင်းကခန္ဓာမှာ ကံစိုက်ထားတယ်။ ခန္ဓာဉာဏ်စိုက် ဒါတွေအရေးကြီးပါတယ်။ ကံစိုက်တာက အစွဲကရင် ဉာဏ်စိုက်တာက ကံကိုပြတ်တာ။ အာရုံမှာနော်။ ဒါကြောင့် ကမသဝဘာပါသဝ ဒိဋ္ဌိသဝအဝိဇ္ဇာသဝ အဲ့ဒါ အသဝေါတရားလေးပါး အာသဝေါတရားလေးပါး။ အာသဝေါတရားလေးပါးမှာ အာသွက္ခယဉာဏ် ဘုရားဟောအရ ပြောတာ။ အာရုံပေါ်မှာ ဉာဏ်အာရုံပေါ်မှာ ကံ ဟိုကပြောလိုက်တဲ့အသံ ကိုယ်ကကြားတယ်။ အဲ့ဒါ ဉာဏ် ကိုယ်ကကြားတာက ယူလိုက်တယ်။ အကုသိုလ် ကံကုသိုလ်ကံ အာရုံပေါ်မှာ လာဟော့ ကျိုက်ထီးရိုးဘုရား သွားဖူးရအောင် ဟုတ်ကဲ့ နင့်အတွက် ငါအကုန်ပေးမယ်။ အဲ့ဒါကံ သမ္မာကံ အဲ့ဒီတော့ နင်ကိုဆဲလိုက်တယ်။ ဖေနဲ့ငါနဲ့ ဆဲလိုက်တာ အဲ့ဒါမိစ္ဆာကံ ခင်ဗျားတို့ပေါ်မှာ မူဟည်တယ်။ အဲ့ဒီလိုဉာဏ်ရမှသာလျှင် ဒီကံတွေပြတ်မှာ မနေ့ကဟောတဲ့ တရား ဦးချိုးတိုးနဲ့ ဒေါ်အုန်းမေ အဲ့ဒီနှစ်ယောက်တွေ့ကြပြီ။ တွေ့ကြတဲ့အခါ ဦးချိုးတိုးကလည်း တရွာတကျေး သရက်ကုန်း နော်။ အိမ်မဲအပိုင် ဦးချိုးတိုးကြီးက ကောက်တွေဘာတွေနုတ်၊ ဒေါ်အုန်းမေကလည်း လယ်အလုပ်လုပ်တော့ အဲ့ဒီတော့ သွားတွေ့ကြတဲ့အခါကျတော့ ရက်ပေါင်းလပေါင်း ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မနောတွေကတစ်မျိုးဖြစ် ကြတာပေ့ါ။ အပြင်မြင်တာကိုဗျာ။ မြင်တဲ့အခါကျတော့ ဦးချိုးတိုးကြီးကလည်း အလွန်တင့်တယ် ဒေါ်အုန်းမေ ကလည်းအင်မတန်ချောတယ်။ ပညတ်သွားစွဲတာ။ အဲ့ဒါပညတ်ခေါ်တယ်။ ပရမက်ကိုမမြင်တော့ဘူး။ ပညတ်ကိုမြင်ပြီး ပညတ်ဘာနဲ့မြင်လဲ သညာနဲ့မြင်ပြီး သညာဆိုတာ မှတ်တာ မှတ်တာ ငါးရောကျပ်တန်မှ အဲ့ဒါမှတ်တာ မှတ်စိတ်ကို သညာလို့ခေါ်တယ်။ ပါဠိလိုနော် ပညတ်ကို ပါဠိလို လောကီခေါ်မှာပေ့ါဗျာ။ ဦးပဉ္စင်းက စာမတတ်ဘူး။ ဒါတွေက စာနဲ့ရေး ထားတာ။ အဲ့ဒီစာလို့ရေးထားရင် ပါဠိလိုရေထားရင် အနက်သိရမယ်။ အနက်သိမှ အဓိပ္ပါယ်ပေါက်မှာ။ ပါဠိအနက် အဓိပ္ပါယ် ဒီလိုရေးထားတာ ပါဠိဆိုတာ ××နွေတချို့မသိဘူး။ ကရင်တွေက ××××××× ဘာသိမှာလဲ။ အနက်ပြန်ပြီးမှ သဘောပေါက်မှာနော်။ သူတို့တတ်တာ ကိုယ်တတ်တာမဟုတ်ဘူး။ အဲ့ဒီဟော့ ××××× မှန်နေဟာက မှတာကယ် မှန်နေပြီ။ အဲ့ဒီတော့ဒါတွေမှန်တော့ ရှေ့ကသေသေချာချာ ဟောတာကွာ။ ဟောဒါကကကြီး ကကြီးကဘယ်လိုရေး တယ်၊ ခကွေးက ဘယ်လိုရေးတယ်။ ဘယ်လိုက ကကြီးနဲ့ ခကွေးတူသလား။ မတူပါဘူး။ ဘုရားအဲ့ဒီလို သင်ပေးမှသာ လျှင် နောက်ကလူကသဘောပေါက်မှာနော်။ ခုနက သူတို့တတ်နေတဲ့ပဌာန်းဦးပဏ္ဍိတကို ရှက်ခိုင်း မတတ်ဘူး။ အေးမင်းတို့ယုံရင်လာခဲ့တဲ့။ ဟော့တောင်ပိုင်တွေသွားပေတော့ ဟော့ကွင်းပိုင်တွေ သွားပေတော့။ ဒီလိုနှင်ပစ်လိုက်တာ မင်းသွားကြည့်ကွာ မင်းသွားနေကွာတဲ့။ ဘူးသီကဟောဒီလို လုပ်လိုက်တယ်။ ကျိုက်ညီနောင်မှာ မှတ်ထားကွာ။ မင်းက ဉယျာဉ်ပိုင်ရှင် မင်းငါ့ကိုယုံတယ်မဟုတ်လား။ ငါ့ပရိတ် ငါဘာမှမရွတ်တတ်ဘူး။ မင်းငါ့ယုံကြည်ရင် မင်းအဲ့ဒီကွင်းထဲက ဟာတွေငါလုပ်မယ်။ ဟော့တောင်ပိုင်တွေ သွားဟော့ ကွင်းပိုင်းတွေသွားဟော့။ တချို့ သရဲတွေသွားပေတော့ သူများပိုင် နက်ထဲမှာ မင်းမနေနေနဲ့ဆိုတော့ နေစရာမရှိတော့ဘူး ဟိုမှာသူများခြံမှာ ဘူးသီလုပ်တဲ့ ပူးနေတယ်။ ဒီလိုလက်တွေ လုပ်သွားသွားတာပေ့ါ။ အဲ့ဒါအာဏာစက်။ ခင်ဗျားတို့လူသေတယ်မဟုတ်လား။ လူသေရင်အမိန့်ပြန်တယ်မဟုတ်လား။ ဒီလိုဘဲ လူရဲ့သစ္စာသမာဓိတွေ ဖြစ်လာရင်တော့ အာဏာစက်တွေ သိပ်ပြင်းတာ ခင်ဗျား။ အာဏာစက်လိုချင်ရင် ဝိပဿနာကျင့်နော်။ အဲ့ဒီတော့ အာဏာစက်ဆိုတာ ခိုင်းကြည့်ပေ့ါဗျာ။ ခိုင်းကြည့်ရင် ပြပါမယ်။ သဘောပေါက် ပြပါမယ်။ ဒါကြောင့် စက္ခုဉ္စဒါပါဒိ အာလောကော ဥဒါပါဒိ ဘုရားဟောထားတာ။ အင်မတန်မှထူးတာ။ ဘုရားက

ထမင်းပွဲကြီး ခူးထားတာ ကိုယ်ကပျင်းလဲပျင်းတယ်။ ပေါ့လဲပေါ့တယ်။ မဟုတ်တာတွေ လျှောက်လုပ်တော့ မဟုတ်တာတွေလျှောက်ဖြစ်ရော ဖြစ်တော့ဒုက္ခရောက်ရော။ အဲ့ဒီတော့ဘုန်းကြီးဆီလာရော ဘုန်းကြီးဆီလာတော့ တပည့်တော်သားကဘာ တပည့်တော်သမီးကဘာ တပည့်တော်ကဘာဖြစ်တယ်။ ထောင်ကျတော့မယ်။ ဘုန်းကြီးကဘာလုပ်တတ်လဲဘာမှမလုပ်တတ်ဘူး။ အဲ့လောကုတ္တရာ အပါယ်ပိတ်တရားတော့ဟောတတ်တယ်။ လောကီအကြောင်းကပေ့ခလေးကိုကြည့်နေကျ ကြည့်စားကျ ကြည့်သွားကျ မင်းကိုလိမ်လိမ်မာမာနေ ငါကတော့အရင်တုန်းက လူမိုက်ကြီးကွာ။ လူကောင်းမဟုတ်ပါဘူးကွာ လူဆိုးပါ။ အခုတော့ရဟန်းတော့ဖြစ်လာပြီးကွာ။ မင်းတို့ကို ငါသင်ပြတယ်ကွာ။ နားထောင်ကြပါကွာ။ နားထောင်ကြပါကွာ။ ချဲတွေဘာတွေ မထိုးနဲ့။ ပိုက်ဆံတွေယူထား မင်းတို့ဒါတွေ သိပ်မစွဲနဲ့ကွာ ပြောပါတယ်။ အဲ့ဒါပြောပြီးတော့ တမျိုးဖြစ်တာဘဲဗျို့ တော်ပြီကွာ မင်းတို့ငါလည်းလူဘဲ မင်းတို့လဲလူဘဲ နာမ်နဲ့ငါလိုက်ပြီးတော့ အခုခင်ဗျားတို့ ဒီညနေရောက်လာတာ ပေကုန်းကဒေးစွန်ပါးက ဘုန်းကြီးတည်သွားတာ ဖြစ်လား။ မဖြစ်လားတော့ မသိဘူး။ ဒီမှာလာဖြစ်နေတယ်။ သိုကကလာပါတယ်။ ဘယ်လိုပြောမလဲ။ ဒီပွဲပြီးရင်တော့သွားရမယ်။ ခင်ဗျားတို့လိုက်ကြည့်နော်။ ခင်ဗျားတို့လှူပါလို့ မပြောဘူး။ သူထိုင်နေတာ မိုက်နဲ့အော်စရာမလိုဘူး။ ကြိုက်ရင်လှူ မကြိုက်ရင်မလှူနဲ့။ ဒီလိုသဘောမျိုး။ မင်းတို့လှူပါလို့မပြောဘူး။ ဘုရားတွေတည်သွားတယ်။ စည်ပင်စမ်းမှာတည်တယ်။ ဘာစည်ပင်စမ်းကျေးရွာမှာ ကောင်းလား။ မကောင်းဘူး ဘုန်းကြီးတွေဆီမှာလည်း မကောင်းဘူး။ နိုင်ငံတော်ဆီမှာလဲမကောင်းဘူးကွာတဲ့။ အဲလာလှူတာဘဲဗျို့။ သိုက်က လာလှူတယ်ကပင်စည်ပင်စမ်းလုပ်ဖြစ်လိုက်တာ။ မြောင်းမြမှာ ပိန္နဲကုန်းဘုရား အဲ့ဒီလိုဘဲမြောင်းမြမှာ သိန်းပေါင်းမြောက်များစွာ ဘယ်လောက်ကုန်သလဲဆိုတာ ကြည့်။ နိုင်ငံတော်အစိုးရဆီမှာ သွပ်တပြားသွားမလျှောက်ဘူး။ သူများစိတ်ညစ်အောင်မလုပ်ဘူး။ သူ့ဘာသာရုံးမှာ နေတာလျှောက်လျှာကြီးတကားကားနဲ့ လွယ်အိတ်ကြီးနဲ့ သဲဘာတွေက အဲ့ဒီမှာသဲမလျှောက်ဘူးသူများစိတ်ညစ်အောင်မလုပ်ဘူး။ ကိုယ်ဟာနဲ့ကိုယ်မှန်ကန်ရင် ဖြစ်လာမယ်။ ကိုယ်မှန်ကန်ဖို့လိုတယ်။ အဲ့ဒါကံတရားတွေ ဉာဏ်ကနှလုံးသားမှာဖြစ်လို့ ကံအလုပ်တွေလျှောက်လုပ်တာ။ သူ့ဘာသာတိုင်နေတာ ဘယ်မှလျှောက်တောင်းစရာမလိုဘူး။ လာခဲ့တဲ့ဒီလိုကြားတာဘဲဗျို့ မူးလာတဲ့ကောင် လာတာဘဲဗျို့ လာမင်းကောင်းကောင်းနေ သင်္ကန်းစီးပေးလိုက်တာဘဲဗျို့ အဲကောင်းကောင်းနေနေရင် မင်းသိလိမ့်မယ်။ ကျောင်းထဲမှာ အရက်သမားလာခဲ့။ ဘိန်းသမားလာခဲ့ တေလေဂျပိုးလာခဲ့။ သင်္ကန်းကိုအားကြီးရှိတယ်။ သင်္ကန်းကိုစည်းပေးတယ်။ တပုံးကြီးဘဲ အဲကုတ်နေတာဘဲ။ အာဏာစက်နဲ့လုပ်ထားလိမ်တာ။ ဘယ်သူသိလဲ။ မင်းကလေးမဟုတ်ဘူးကွာ။ လူကြီးကောင်းကောင်းနေ ဒါဘဲပြောလိုက်တယ်။ ပစ်လဲတယ်။ အရက်သမားခင်ဗျားတို့ ပုသိမ်ကဘာလဲ။ ဘိန်းဖြူလာ ဘိန်းမဲလား။ ကံ×××စားလာတဲ့ တရုတ် ဂျမ်းကပ်ကဘယ်မှာဖြတ်လို့မရဘူး။ လာခဲ့တဲ့ဝတ်လိုက်တဲ့ ဦးပဉ္စင်းထိန်းထားတယ်။ အဲ့ဒီကောင်ကိုဘာမှမလုပ်စေနဲ့ပ ဦးပဉ္စင်းကြီး ပြန်အပ်လိုက်တယ်။ ကောင်းကောင်းနေ ဒီလိုလုပ်တာ။ ကြာလာတော့ သူကောင်းလာရောဗျို့ အဲ့ကောင်းလာတော့ သူ့အကိုတွေ အမေတွေ သူ့အမျိုးတွေရောလာလှူတယ်။ လေးသောင်း ငါးသောင်းလာလှူတယ်။ သွားရောသွားသားအခုတော့ နည်းနည်းပါးပါးစားသေးတယ်လို့ ပြောသေးတယ်။ ဘယ်ကရလဲတော့ မပြောတတ်ဘူး။ လူကသူကလေးမှာ မဟုတ်တာလူကြီးဘဲ။ မဟုတ်တာမလုပ်နဲ့ပေ့။ လုပ်တော့ခံပေ့။ သေရော အဲ့ဒါမရတော့ဘူးနော်။ ဒါကြောင့်မို့

ဦးပဥ္ဇင်းက ကယ်တာပါ။ ဦးပဥ္ဇင်းက နဂိုကကောင်းတဲ့သူမဟုတ်ဘူး။ ရဟန်းဘောင်ရောက်တော့မှ ရဟန်းဘောင်ရောက်တာတောင် ဝိပဿနာကျင့်လို့ရဟန်းဘောင်ရောက်တာ ဝိပဿနာမကျင့်ရင် မရောက်ဘူး။ ဒါကြောင့် သင်လို့ကို မတတ်ဘူး။ ငါးပါးသီလသင် ငါမတတ်ဘူးတဲ့။ ရှစ်ပါးသီလ ငါမလုပ်တတ်ဘူးတဲ့၊ ရေစက်လဲငါမချတတ်ဘူးတဲ့၊ ဒါဖြစ်ဘာစားလဲ ကျွေးရင်စားမယ်။ မကျွေးရင်မစားဘူး။ ထိုင်နေတာ။ အဲ အဲ့ဒီလူကြီးက တူးမြောင်းက အရှင်ဘုရားတပည့်တော်ကို ××××× လာပြီးတော့ တူးမြောင်းရောက်လာပြီးတော့ ,ငါးပါးသီလမပေးတတ်၊ ရေစက်လဲမချတတ် ပဝါသနာလဲ ဘာမှလဲမတတ်ဘူး။ ဘာသွားစားမလဲ။ သူများကလာလှူမလား။ မလှူနေပေ့ါဗျာ တဲ့သူက အဲ့ဒီလိုပြန်ပြောတယ်။ ငါဟာငါထိုင်နေတာ။ ငါသစ်ပင်အောက်မှာ ထိုင်နေတာ။ တရားကျင့်နေတာ။ နင်လဲ ကျင့် အဲ့ဒီမှာ တူးမြောင်းမှာ အဲ့ဒီတော့ ကျောက်တူးတဲ့ရွာ အဲ့ဒီလူကြီးက လမ်းလျှောက်လာတော့ကျိုးတော့ကျိုး။ ခင်ဗျားခြေထောက်ဘာဖြစ်သလဲ မပြောပါနဲ့ဘုရားတဲ့။ ငွေးချောင်းကချောင်းသွာမွှေတာ ငါးအရိုးစူးသလား။ တုတ်စူးသလား။ တပည့်တော် ခြေထောက်ကြီးရောင်ကိုင်းနေတယ်ဘုရားတဲ့။ အဲ့ဒီခြေထောက်ကြီးရောင်ကိုင်းနေတာ စက်ကုန်းမှာသွားပြီးဆေးထိုးတယ်ဗျာ။ ဆေးဘိုးလဲပိုက်ဆံမရှိတော့ဘူး။ အလုပ်လဲပျက်နေတယ်ဘုရားတဲ့။ ဟာဘာကျွေးမလဲဆိုတဲ့ လူနဲ့တွေပြီဗျို့နော်။ အေးခင်ဗျားခြေထောက်ကိုင်ရမလား ကိုင်ပါဘုရား။ ခြေထောက်ကြီး ထိုးပေးတယ်။ ခြေထောက်သပ်ချလိုက်တယ်။ ဟာညကျတော့လေအိပ်တော့ အဲ့ဒီခြေထောက်ရောင်နေတဲ့ ဟာကြီးက ပေါက်ထွက်တယ်ဗျို့။ အဲ့ဒီတော့အစူးလား အရိုးလားဆိုပြီး ယူလာပြီးပြတယ်။ ပြတော့ အမလေး သူဝမ်းသာလိုက်တာ လေ။ ဘာဖြစ်လာလဲ ရေနွေးအိုးကြီးယူပြီးတော့ ကြံသကာတွေယူလာတယ်။ သားလေးနဲ့ဘူနဲ့လာတယ်။ ဆူးအပေါက် ဝမှာ တဲတဲကိုမဝင်ရဲဘူး။ အဲ့အပြင်မှာနေတယ်။ ကြည့်တော့မတွေ့ဘူးတဲ့ ဦးပဥ္ဇင်းကြီးကို အရှင်ဘုရားကို တပည့်တော် လှမ်းကြည့်တာ မတွေ့ဘူးတဲ့။ ဦးပဥ္ဇင်းက အထဲထဲမှာထိုင်နေတာ။ အဲ့ဒီတော့ ထွက်လဲလာရော ဘာလုပ်တာလဲတဲ့။ ရေနွေးအိုးနဲ့ကြံသကာကပ်တာပါ ဘာလို့ကပ်ရလဲ။ အရှင်ဘုရားကျေးဇူးအင်မတန်တူးမြတ်ပါတယ်ဘုရား။ တပည့်တော် ခြေထောက်ကြီး တပည့်တော်ခြေထောက်ကြီးက ပြည်ပေါက်သွားလို့ စူးတွေထွက်လာပါတယ်ဘုရားတဲ့။ ပြီးတော့ ဦးပဥ္ဇင်းက နယ်ပြန်မယ်ဆိုတော့ တစ်နေ့နေပါတဲ့။ တစ်နေ့တော့မနေ ဘူးဆိုပြီး အဲ့လိုပြန်လာတာ။ အဲ့ဒီလို အရှုံးအမုံးတွေ ပျောက်တဲ့သူကပျောက်တယ်။ သေတဲ့သူကသေတယ်။ ဒါဦးပဥ္ဇင်းက သဘာလေးနဲ့ဘဲပြောတာပါ။ အကုန်ရှင်တယ်လို့ ပြောတာမဟုတ်ပါဘူး။ သူပေါ်မူတည်တယ်။ ဒါတွေက ဝိပဿနာရဲ့စစ်မှန်တဲ့လမ်းကြောင်းကို ရောက်သွားရင် ကျွဲကူးရင်ရေပါတယ်ဗျာ။ အဲ့ဒီတော့ ဒါတွေက အဲ့ဒီပိုက်ဆံတွေနဲ့ သာသနာကိုအဆောက်အဦး လုပ်ပေးတာနော်။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ ကိုယ်ကိုကိုယ် သခ်ီရမဖြစ်စေနဲ့။ နှလုံးသားကော ဓကောဓမ္မောဖြစ်အောင်လုပ်၊ အဲ့ဒါမှ ဓမ္မစေတီခေါ်တယ်။ ဓမ္မစေတီဖြစ်မှ ကိုယတစ်ခုခုကိုစွဲကိုင်လို့ရမှာ။ ပရိဘောဂစေတီဆိုတာ ခင်ဗျားတို့စာတတ်တာဘဲဗျာ။ ကြောင်အိမ်တို့ဘာတို့ ပရိဘောဂ ဆိုင်ကြီးသွားဝယ်တာဘဲ။ ကျောင်းအိုကျောင်းပျက်ပြင်ပေးတယ်။ ဘုရားပြို ဘုရားပျက်ပြင်ပေတယ်။ သမိုင်းဝင်ဘုရားကိုလုပ်ပေးတယ်။ ခုနကပြောသလိုပေ့ါ အဲ့ဒီရွာသားကဘုရားတည်ချင်တယ်။ အဲ့ဘုရားပျက်မရှိရင် နိုင်ငံတော်အစိုးရဆီက သွားလျှောက်ရတယ်။ သူမြေစွပ်တည်လို့မရဘူး။ သူခွင့်ပြုရင် တည်လို့ရတယ်။ ခုနဘုရားပြို ဘုရားပျက်ကတော့

စေတီပုထိုးက အပေါင်းဆိုတော့ ပြင်ပြီးတော့တည်ပေးတာ။ သူကသမိုင်းဝင်ဘုရား ဘုရားလို့ခေါ်တယ်။ အဲ့ဒီလိုဘဲ ဘုရားတည်တယ်ဆိုတာ နားလည်ဖို့လိုတယ်။ နားမလည်ဘဲ စွတ်လုပ်ရင်စကားတွေ ဘာတွေများတတ်တယ်။ အဲ့ဒါကြောင့် ကုသိုလ်ဟာ အကုသိုလ်ဖြစ်တတ်တယ်။ စိတ် စိတ်မနော စိတ်ကံကိုဗျာ အဲ့ဒီကံကဘာကြောင့်ဖြစ်ရတာလဲ အဲ့ဒီကံကရုပ်နာမ် (၂) ပါး မတွဲလို့ ရုပ်နဲ့နာမ်မတွဲလို့ ကံဖြစ်တာ။ အဲ့ဒီလိုဘဲ ပြောလိုက်မယ်။ ရုပ်ကခြား နာမ်ကတခြား နာမ်ကဟိုမှာဝင်သွားပြီ။ ဘယ်သူသိမလဲ။ ရုပ်ကြီး အုပ်ထားတာ။ အဲ့ဒါကွဲသွားတာ။ အဲ့ဒီလိုသဘောမျိုးဖြစ်ရင်တော့ လက်ခမောင်းခတ်ပေတော့ပေ့ါတဲ့။ ရုပ်နဲ့နာမ် ပရိစေဒ ဉာဏ်မှ မရရင်ကံဘဲ သမ္မာကံတော့ဖြစ်မှာပေ့ါ။ ရုပ်နဲ့နာမ်ကွာသွားရမယ်။ ဒါမှသူများသွားမမေးနဲ့ အရှုးဖြစ်အုန်းမယ်။ ကိုယ့်ဟာကို သိရမယ်။ အင်မတန်မှအေးတယ်။ အရသာဘဲ ဘာနဲ့မှ မတူဘူး။ အဲ့ဒါကြောင့်မို့ ခင်ဗျားတို့ ဝါးခယ်မမြို့ကြီးမှာ လာပြီးတော့ ကိုယ့်အဖေလို ကိုယ်အကိုကြီးလို ကိုယ်အစ်မကြီးလို ကိုယ်ညီလို စာတော့မတတ်လို့ စကားမပြောတတ်ရင်တောင်းပန်ပါတယ်။ ဆရာတော်သမားတော်တွေ အဲ့စစ်ချင်တယ်ဆိုရင် စစ်လို့ရပါတယ်။ အဲ့ဒီတော့ စစ်လို့ရလို့မှားတယ်ဆိုရင်လဲ သင်္ကန်းချွတ်ပေးပါမယ်။ ပုဆိုးအင်္ကျီဝတ်ပြီးတော့ ငါသိသွားပြီတဲ့နော်။ အဲ့ဒီတော့သူကဘာမှမပြောဘူးတဲ့ ငါထွက်သွားမယ်တဲ့။ ငါသာသနာမပြုပါဘူးပေ့ါ။ ဒကာဒကာမများသာသနာပြုချင်တဲ့လူကိုငါက ပြီပြီပေ့ါ ××××× အမိန့်ချလိုက်တာ ပြီးပြီပေ့ါတဲ့။ ငါ့တာဝန်ကျေပြီ။ ငါပုဆိုးအင်္ကျီဝတ်သွားမယ်။ ထမင်းတလုပ်မပူတော့ဘူးတဲ့။ ထမင်းစားတတ်ပြီး နေတတ်ပြီ၊ သွားတတ်ပြီ၊ အိပ်တတ်ပြီ။ အားလုံး အားလုံး ငါသိသွားပါပြီတဲ့ ဒီလောက်ဆိုသဘောပေါ့က်ရောပေ့ါ။ သာဓု . . . သာဓု . .. သာဓု

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း။ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁၉)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

**09-250432050, 09-251620128**

**09-447572355**

## မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်(၁၁၉)

ဦးဖင်းက စာပေကျမ်းဂန်မတတ်ဘူး။ တောထွက်ကြီးပါ။ သူက လူ့လောကမှာ မကောင်းခဲ့ဘူး။ လူ့လောကမှာ ဘာကြောင့်မကောင်းခဲ့တာလည်းဆိုတော့ မကောင်းတဲ့အာရုံတွေယူ၊ မကောင်းတာတွေကြံ၊ မကောင်းတာတွေ စွဲ၊ ဥပါဒါန်တွေ ကံတွေဖြစ်ကြတာပေါ့။ ဒါကြောင့် ဘာမှ လောကီမှာ အားကိုးစရာမရှိဘူး။ သားသမီး(၄)ယောက်၊ မိန်းမ(၁)ယောက်၊ ဦးပဏ္ဍိတနဲ့ (၆)ယောက်ပေါ့ဗျာ။ ပညာအရည်အချင်း လောကီပညာအရည်အချင်း မတတ်ဘူး။ ကိလေသာဝဋ်ကို မသိတော့ ကမ္မဝဋ်ကိုလည်း မပယ်နိုင်ဘူးဗျို့။ အစွဲတရားတွေ ဘယ်ကံကို မပယ်နိုင်တာလည်း အာရုံကို ပစ္စုပ္ပန်တည့်တည့်လေးမှာ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ မနောက ဒါ သင်ညာလို့ ခေါ်ပါတယ်ဗျာ။ ပါဠိလို သင်ညာ ဦးဖင်းက စာမတတ်တော့ သံဃာတော်အရှင်သူမြတ်တွေ၊ သမားတော်ကြီးတွေအားလုံး ရှင်သာမဏေတွေ၊ ကိုရင်လေးတွေက အစပေါ့ဗျာ၊ ဦးပဏ္ဍိတ က စာပေကျမ်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားလို့ရှိရင် အားလုံးက ခွင့်လွှတ်ပါတဲ့။ သူ စာမတတ်ပါဘူးတဲ့။ မှတ်တမ်းရေးထားပါတယ်တဲ့။ အဲဒီတော့ ပညတ်နဲ့ ပရမတ် သဘောလေး သဘာဝကို သင်ဘာလေးနဲ့သိလို့ ခန္ဓာသိပြောပြပါ့မယ်။ အဲဒီတော့ ဒီကိစ္စတွေဟာ ဒကာကြီး၊ ဒကာမကြီးတွေ အားလုံး မှတ်သားကြဖို့ ဦးပဏ္ဍိတ ပြောပါမယ်။ လောကီပညာ ဘာမှမတတ်ခဲ့ဘူး။ စာမတတ်တဲ့အခါမှာ ပညတ်နယ်ထဲမှာ သွားလုပ်လိုက်တဲ့အခါကျတော့ ပြောတာတွေ မှားသွားခဲ့ရင် အားလုံးသည်းခံပါတဲ့။ သူက စာမတတ်လို့ပါ။ အဲဒီတော့ ပညတ်နဲ့ ပရမတ် သဘောလေးနဲ့ ဦးဖင်း ပြောပြပါ့မယ်။ ဘုရားကဟောထားတယ် သဗ္ဗေ အလုံးစုံသော သခ်ီရ အနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သခ်ီရ ဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သခ်ီရ အနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် လက္ခဏာရေးသုံးပါး ဒါ ဘယ်ဟာကို သိရမယ်။ ဘယ်ဟာကို ပယ်ရမယ်။ ဘယ်ဟာကို ကျင့်ရမယ်ဆိုတာကို သဘောလေးနဲ့နာ။ အဲဒီတော့ ဦးဖင်း က စာမတတ်တော့ သခ်ီရ ကို ဟောပေးမယ်တဲ့။ အဲဒီအာရုံပေါ်မှာ ခြောက်အာရုံကြောင့် သခ်ီရဖြစ်ပါလား။ အဲဒီသခ်ီရဟာ ဟိုကမြင်လိုက်၊ ကြားလိုက်။ သခ်ီရ အဲဒီဟာက ဒိဋ္ဌိဆိုတာပဲ။ အဲဒီအာရုံကိုယူတယ်ဗျို့။ အာရုံငါးပါးကို ယူထားတယ်။ အပြင်အာရုံနဲ့ မနောအာရုံနဲ့ ပေါင်းပေးတဲ့အခါမှာ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဘာနဲ့ယူထားလည်း သင်ညာနဲ့ယူထားတယ်။ ပညာမဟုတ်ဘူးနော်။ ဒါကြောင့်မို့ ပညာဖြစ်အောင် ဘာလုပ်ရမလဲ။ သဗ္ဗေ အလုံးစုံသော သခ်ီရဒုက္ခ၊ သဗ္ဗေ အလုံးသော သခ်ီရအနိစ္စ၊ သဗ္ဗေ အလုံးသော သခ်ီရအနတ္တ။ ဒါ ဘုရား

ပြောထားတာ အဲဒီတော့ စာတော့မတတ်ဘူး။ ဒီနေရာမှာတင် တရားကိုရအောင် ငါဘာလုပ်ရမလဲ ဆိုတော့ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ် လေ့လာသုံးသပ်ရတော့မယ်နော်။ ဒါက စာမတတ်တော့ ဝိပဿနာတရား လေ့လာကျင့်ကြံအားထုတ်ရမယ်တဲ့။ အသိလိုပါတယ်တဲ့။ အဲဒီတော့ ဒီဝိပဿနာတရားကို ဒီကံတွေကို ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ အဲဒီ ကာယကံ(၃)ပါးက ဘုရားပညတ်တယ်။ သူများအသက် မသတ်ပါနဲ့တဲ့။ သူများပစ္စည်း မခိုးပါနဲ့တဲ့။ သူများသားမယား မဖျက်ဆီးပါနဲ့တဲ့။ ဒါ ဦးဇင်းရဲ့ အသိလေးပါနော်။ ဒါ ကံတရား အဲဒီတော့ ဝစီကံ မဟုတ်မမှန်သော လိမ်လည်လှည့်ဖြားခြင်း၊ မုသာဝါဒ မပြောပါနဲ့တဲ့။ ဖရုသဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖာဖလပဝါစာ အချက်(၄)ချက်ကို ဒီအယူဝါဒကို မယူပါနဲ့ပတဲ့။ သဘောလေးနာ နောက်တခါ ဘယ်ကံလည်း မနောကံ။ မနောကံ ဘာတွေရေးထားလည်း ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒီနှစ်ခုဘာကြောင့် ရေးထားလည်းတဲ့။ ဒါ ဉပါဒါန်တရား အစွဲတရား ဗျာပါဒ သားလေးသေတယ်။ သမီးလေးသေတယ်။ ကိုယ်ကိုတိုင်ဆင်းရဲခြင်း၏ ဒုက္ခဖြစ်တာမသိဘူး။ စာပေကျမ်းဂန် မတတ်လို့ပါဗျာ။ သည်းခံကြပါ။ အဲဒီတော့ ဒီဉပါဒါန်တရားနဲ့ အဘိဇ္ဈာကို ကင်းကွာအောင်လုပ်ချင်ရင် ဒိဋ္ဌိသတ် ဒိဋ္ဌိက ဘာကိုမယူနဲ့လည်း အာရုံ(၅)ပါးကို မယူနဲ့တဲ့။ အဲဒါဖြင့် ကောင်းပြီ။ ငါ ဒီလောက်ဆို သဘောပေါက်ပြီကွာ။ သွားတော့မယ်။ သွားတဲ့အခါမှာ အင်မတန်မှ တောကြီးနက်ထဲ မဟုတ်ပါဘူးနော်။ လူသူခေါင်းပါးတဲ့နေရာ အင်မတန်မှ ခါးမြပေါ်တဲ့၊ သူခိုးပေါ်တဲ့ နေရာမဟုတ်ပါဘူး။ အဲဒီတော့ ဉတုသပ္ပါယ၊ ဘောဇဉ်သပ္ပါယ၊ နေရာထိုင်ခင်းကိုကြည့်တယ်။ ဒီနေရာမှာ တရားနှလုံးသွင်းရင် အေးတက်ပါ့မလား။ ဒီနေရာမှာတော့ ရန်သူမျိုးငါးပါးလည်း မရှိဘူးကွဲ့။ အင်း ဒီနေရာမှာ တရားနှလုံးသွင်းပါတော့မယ်။ အဲဒီတော့ ဒီ နှလုံးသွင်းတဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်ပြုလုပ်တဲ့ ကံရှိသလို၊ ကိုယ်မပြုလုပ်တဲ့ ကံ ရှိတယ်ဗျို့။ သဘောလေး နာ အဲဒီတော့ အကာနဲ့အနှစ်။ အနှစ်က ပရမတ်ခေါ်တယ်။ သဘောလေး နဲ့ဗျို့။ သဘောလေးနဲ့ ယူတာ။ အဲဒီတော့ အကာနဲ့အနှစ်မှန်ပြီ ဒါဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံကိုသတ်မလဲ။ အဲဒီတော့ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ် အာရုံ(၆)သွယ်ဖြစ်နေပါသလား။ မနော မနောကံဖြစ်နေပါသလား။ အစွဲကို ငါဘာနဲ့ယူသလဲ။ ငါရဲ့ သိတဲ့ သညာအသိနဲ့ယူပါသလားတဲ့။ သြော် ဘုရား ဘုရား သူ့စိတ်ကို စစ်နေတာ ဘာနဲ့စစ်နေလည်း။ မဂ္ဂင်နဲ့စစ်နေတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒါ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ခေါ်တယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ သိက္ခာ (၃)ပါးခေါ်တယ်။ တရားထိုင်တယ်။ မဂ္ဂင်နဲ့ မနောကိုစစ်နေပြီ၊ အတိတ် ဘဝ အနန္တကတစ်ဘဝဖြင့် တစ်ဘဝကံနဲ့လာခဲ့ပါသလားတဲ့။ ကံကြောင့် ဒီရုပ် ကိလေသာရုပ်ရလာတာ

တဲ့။ ကိလေသာရုပ်မှာ တဏှာတွေကပ်နေတယ်တဲ့။ တဏှာကပ်တာ ဂန္ထိရညာဏ်၊ ဇဝနညာဏ်၊ စက္ခု ဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ညာဏံဥဒပါဒိတဲ့။ အဲဒီညာဏ်နဲ့ ကြည့်ပေတော့တဲ့။ အဲဒါ ရုပ်နာမ်သိသွားပြီတဲ့နော်။ သဘောလေးသာ နာ ဦးပဏ္ဍိတ ရတယ်လို့မပြောဘူး။ သဘောလေးတွေ သဘာဝကိုကြည့်ရင် သဘောလို့ထင်လိုက်။ ကိုယ့်စိတ်ကိုယ်စစ်မယ်။ မနောစစ်မယ်။ ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့ စစ်တယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒါပညာဖြစ်ပြီး၊ ဒါ ပညတ်တက်ပေးလိုက်တာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သဘောပေါက်ဖို့လိုတယ်။ ဒီနေရာမှာ အဲဒီတော့ သူ့မှာ မှန်တာကိုကျင့်တယ်။ မှန်တာကိုပြောတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုတယ်။ ဒါနဲ့ သူစားလာတာ ကရင်တွေက လာကျွေးထားတယ်နော်။ တောထဲမှာ ဝင်နေတာ လာကျွေးထားတယ်။ အေးအေး ကောင်းတယ်ကွာ။ သူစားတယ်။ စားပြီး သူကျင့်တယ်။ ဘယ်မှမသွားဘူး။ သူအာရုံ(၅)ပါးကို ပယ်ပြီး ဒုစရိုက်ကံ(၁၀)ပါးကို သူပယ်ပြီ။ ဘယ်အကောင်ကိုသတ်မလဲဗျာ။ ဗျာပါဒ အဘိဇ္ဈာ ဒိဋ္ဌိကိုသတ်မယ်။ ဒိဋ္ဌိဟာ အာရုံကိုဝင်လို့ ဒိဋ္ဌိဖြစ်ရတာ။ အာရုံအမှတ်နဲ့ယှဉ်လို့ တွေးတော့တာပဲဗျို့။ တွေးတော့ ဓွဲတာ ကံပေ့ါဗျာ။ အဲဒါ ကိုယ့်ကိုကိုယ်စစ်။ အဲဒီလို မဂ္ဂင်နဲ့စစ်တဲ့အခါကျတော့ ဩော် ဘုရား ဘုရား အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါလား။ စိတ္တာ(၃)ပါးရှိတယ်။ ခန္ဓာသီလ၊ အဓိဆိုတာ သီလဖြစ်နေပြီ။ ခန္ဓာသီလ အဓိစိတ္တာဖြစ်နေလို့ပဲ။ အဲဒီနှစ်ခု အုပ်ချုပ်တာ ပညာကအုပ်ချုပ်သွားတယ်ဗျို့။ သညာမဟုတ်တော့ဘူး။ သဘောလေးနဲ့ နာ အဲဒီတော့ ပညာကနေပြီးတော့ ဩော် အေး အေး အေး ဒါ သဘာဝလေးပဲ။ ဝတ္ထုကာမနှင့် ဝ့ါမှာရှိတဲ့ အရိယာက မကြိုက်ဘူးတဲ့။ ကိုယ့်စိတ်ကိုယ်စစ်ပါတဲ့။ အမယ်လေး ကျွန်တော့်ကို စစ်ပါတယ်။ မင်း သာယာသေးသလားတဲ့။ သာယာရင် တဏှာပဲတဲ့။ ဟော သဘောလေး နာ အဲဒါ အရိယထသစ္စာလို့ခေါ်တယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာတသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာတဲ့။ ဒါ အရိယထသစ္စာအမှန်ကို အမှန်ပြောတာနော်။ ဒါကြောင့်မို့ ဒီ ကိလေသာနဲ့ တဏှာဒွန်တွဲနေတယ်။ ဦးပဏ္ဍိတ ကိုကြည့် အားလုံး ပုဂ္ဂိုလ်တွေလာ အကုန်ကျင့်နေတယ်။ ဒီတဏှာကို သတ်တာနော်၊ တဏှာဆိုတာ သာယာတာ။ စက္ခုအာရုံပေါ်မှာ သာယာတာ။ နားသောတမှာ သာယာတာ။ နံ့သာမှာ သာယာတာ။ ဇိဝါမှာ သာယာတာ။ ဟော အဲဒါတွေပဲဗျို့။ မနောကံပဲဗျို့။ နော် အေး အေး အေး အဲဒီတော့ ရုပ်တရား၊ နာမ်တရား၊ ရုပ်ကိုသတ်မှတ် နာမ်ပြတ်မယ်ဗျို့။ နာမ်ဆိုတာ တဏှာကောင်ကြီး။ အဲဒီတော့မှ ရုပ်မှာရှိတယ်ဗျို့။ ကျင့်တဲ့သူမှ သိတယ်။ သိလို့လာပြီးတော့ ဟောတာ။ အဲဒါ ခန္ဓာသိခေါ်တယ်။ စာနဲ့ပတ်သက်တဲ့ ဝိပဿနာအသိရှိတယ်။ ခန္ဓာနဲ့ပတ်သက်တဲ့ ဝိပဿနာအသိရှိတယ်။ မပယ်ဘူး။ သဘောလေး နာ အားလုံးလွတ်တဲ့သူက

ရှားတယ်။ မလွတ်တဲ့သူက များတယ်။ လူတော့လူပဲ အသိမတူဘူး။ ခုနကပြောသွားတယ်။ အသိ တစ်လုံး အမြတ်ဆုံး။ ဘယ်အသိလဲ။ လောကုတ္တရာရဲ့အသိ။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဒီဘက်ကမ်းက ဟိုဘက်ကမ်းရောက်တော့ သိတာပေါ့။ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ် နော်။ ဦးဇင်းရဲ့အဖေက ဦးချိုတိုး၊ အမေက ဒေါ်အုန်းမေ။ တွေးကြည့် အဲဒီ ဦးချိုတိုး ကလည်း တစ်ရွာ တစ်ကျေးမှာ ဒေါ်အုန်းမေ ကလည်း တစ်ရွာတစ်ကျေးမှာ နေကြတဲ့အခါကျတော့ အလုပ်လုပ်ရင်း သရက်ကုန်းကျေးရွာမှာ လာတွေ့တယ်။ ဒေါ်အုန်းမေ က ဦးချိုတိုး ကိုကြည့်လိုက်တယ်။ ရုပကာအရ ဟာ အင်မတန်ရိုးပါလား။ ဦးချိုတိုးကြီးကလည်း ရုပကာအရ အလွန်တင့်တယ်ပါလား။ အာရုံမှာ မှတ်ပြီးတော့ စွဲနေတာ။ တဏှာသဘောလေးသာ နာ ဦးချိုတိုး ကလည်း အမယ်လေး ချောပါလား။ လုံးကြီးပေါက်လှလေးပါလား။ အဲဒီရုပကာလေးကို သညာအမှတ်နဲ့ ယူလိုက်တာ။ တဏှာ။ အဲ ရုပကာကြောင့်ပဲဗျို့ အဲဒီတဏှာကနေ ကိလေသာဖြစ်တာပဲ။ အဲဒီ မြဲမောင် ကလည်း ဘဝအနန္တက တစ်ဘဝပြီးတစ်ဘဝ တစ်ဘဝပြီးတစ်ဘဝ တဏှာဦးစီးနေတာ။ သမုဒယသစ္စာ။ ဩော် အေး အေး ဟုတ်တာပေါ့။ ခုနက ရသွားပြီးတဲ့အခါ သီလ အဓိစိတ္တ၊ အဓိသီလ၊ အဓိပညာဆိုတာ ပညာ သညာ စွဲမဟုတ်ဘူး။ အဲဒီတော့် အဓိသီလဆိုတာ ဝဋ္ဋကြာမအာရုံပြတ်နေပြီ။ ဒကာမ လာလှူရင်တော့ ယူရတာပေါ့။ ဘာလှူလှူ ယူရတာပေါ့။ အေး အလှူခံတဲ့လူကလည်း မမ္မပီယနဲ့ယူ လှူတဲ့သူကလည်း ပုမ္မမုဋ္ဌပရစေတနာနဲ့လှူဒါန်းပြတ်ရမယ်နော်။ အဲဒီလိုလှူတတ်မှသာလျှင် ကုသလာနံ့ ဓမ္မာနံ့ ဟေတု ပစ္စယော။ ဒါ ဘုရားဟောခဲ့တာ စာဖော်ပေးတာနော်။ အဲဒီတော့ ကုသလာနံ့ ဓမ္မာနံ့ ဟေတုပစ္စယော။ ဝေဒနိယ ဗိဇ္ဇ လက်ငင်းမျက်မှောက်အကျိုးပေးတယ်။ အဲဒီတော့ ဦးပဏ္ဍိတ က စာမတတ်တော့ဘူး။ ဘာဖြစ်လာလဲဆိုတော့ ရေပုလင်းက ဆေးဖြစ်တယ်ဆို ဆေးဖြစ်လိုက်၊ ဟုတ်/မဟုတ် မသိ ဆေး ဖြစ်နေပြီ။ အဲဒါ ပညတ်ပရမတ်မဟုတ်ဘူး။ ပရမတ်ဆိုတာ နှလုံးသားမှာ ပရမတ်နှလုံးသားဖြစ်နေလို့ သိုက်တို့၊ ဓါတ်တို့၊ နတ်တော့ ဟောခုနက သိုက်တွေခေါ်လာတယ်၊ ရှိလားတဲ့။ ရှိတယ်တဲ့။ ဓါတ်ကော ရှိလားတဲ့ ရှိတယ်တဲ့။ နတ်ကောရှိလားတဲ့၊ အေး ရှိတယ်တဲ့။ အဲဒီပုဂ္ဂိုလ်ကို ငါနိုင်းမယ်ကွတဲ့။ နိုင်း ပါတဲ့။ သူတို့အလုပ်ကို သူမသိဘူးကွ။ ငါသိတယ်ကွတဲ့။ စာက မတတ်ပေမယ့် ငါသိတယ်ကွနော်။ ဒါကြောင့်မို့ ဘာဖြစ်ဖြစ် ဒိဝိပဿနာတရားကို ကျင့်ကြပါ။ ခုနက အဓိစိတ္တ၊ အဓိသီလ၊ အဓိပညာဆိုတာ (၃၁)ဘုံလွတ်တယ်။ ကြည့်စမ်းဟာ ခင်ဗျားတို့ဆောက်တည်တာက သီလပြီးတော့ သမာဓိ။ ဟော ဖြစ်လာပြီ။ ဘာဝနာနော်။ ပညာကို ရိုးရိုးမယူဘူး။ သီလက ဘာဝနာဖြစ်တာ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဒါ(၃၁)ဘုံလွတ်အောင် သွားမယ့်လမ်းတွေခေါ်တယ်။ ဒါန၊ သီလ၊ ဘာဝနာဟာ အဲဒါကံဗျ။

ကိုယ်ကိုကိုယ် ကံဖြစ်လို့ဖြစ်မှန်းမသိဘူး။ သီလဆိုတာ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ ရှစ်ပါးသီလ ယူထားတယ်။ ဟော ဘာလည်း ဝိကာလဘောဇန မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုခ၊ ဒဿန၊ ဝိသေသန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာ မပြောပါဘူး။ ဟော ဗျာပါဒနဲ့ အဘိဇ္ဈာကိုသတ်နေတာ ဘာလို့လဲ ဒိဋ္ဌိအလုပ်ကို မလုပ်လို့သတ်နေတာ။ မနောကဖြစ်နေတယ်။ ဟာ ဦးဇင်းတို့မလိုက်တော့ ဂိုးဂေါက် ဂိုးဂေါက်နဲ့ ပုတီးစိပ်နေတာဟာ မင်းအဖေနဲ့အမေ ကားတိုက်လို့ သေပြီကွာ။ ဟာ လွတ်ပြီး ထွက်ပြေးတာ ဥပါဒါန်တွေအမှတ်နဲ့ ယူထားတာ။ ဥပါဒါန်ကံပေါ့။ အဲဒီကံကို ဘာနဲ့သတ်မလဲ။ ခင်ဗျားတို့ယူထားတဲ့ သီလနဲ့ သီလ၊ ဒါန၊ ဘာဝနာနဲ့ သတ်လို့ရမလား။ အဲဒီ ဗျာပါဒ အဘိဇ္ဈာကို မဂ်ဉာဏ်နဲ့ သတ်မှ ပြတ်တာနော်။ အဲဒီတော့ ကာယသတိပဋ္ဌာန်ရေးထားတယ်။ ကာယသတိပဋ္ဌာန်ကိုစစ်။ မင်းနဲ့ ကံတရားတွေ ကာယကပြုတဲ့ကံတွေ ကာယကံ၊ ဝစီကံ၊ မနောကံ ကာယသတိပဋ္ဌာန်ကို မဂ္ဂင်နဲ့စစ်လို့ မှန်ရင် ဘာဖြစ်မလဲ။ သမုတိသစ္စာဖြစ်မယ်။ သမုတိသစ္စာဖြစ်ရင် ဝိရတိသစ္စာ။ မင်း ဝိပဿနာကျင့်။ ဒိဋ္ဌိနဲ့တဏှာသတ်လိုက်၊ ဒိဋ္ဌိသတ်ပြီး တဏှာပြတ်တယ်။ ပေးရဲ့သားနဲ့ ကြည့်မနေနဲ့။ ငွေရရင် ငွေနဲ့ တင်းမတိမ်နဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့ မတင်းတိမ်နဲ့။ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ကျောက်ကတော့ ခင်ဗျားတို့တွေးကြည့်၊ မိုးကုတ်ကထွက်တာ၊ ကျောက်တွင်းကြီးကထွက်တာ။ ကိုယ်လုပ်တာမဟုတ်ဘူး။ သဘာဝရဲ့သဘော အဲဒီတော့ ကျောက်ကလည်း အရည်အသွေးကောင်းတယ်။ ရတီလည်းကောင်းတယ်။ ကမ္ဘာကလည်း တန်ဖိုးမဖြတ်နိုင်၊ ကျောက်ကတော့ တန်ဖိုးမဖြတ်နိုင်ဘူးနော်။ အဲဒီ(၃)ခု ခင်ဗျားတို့ပညာတတ်တွေနော်၊ ရတာနဲ့ ကြည့်မနေနဲ့၊ အကုန်ပြန်ကြမှာ ရေးထားတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့။ အနတ္တကိုကြည့်၊ အနိစ္စဘာလဲ။ ဒုက္ခဘာလဲ။ ဉာဏ်နဲ့ကြည့်၊ ခင်ဗျားတို့ ကလေးတောင်ဆိုတတ်ပြီဟာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ခန္ဓာက အနိစ္စ၊ ခန္ဓာက ဒုက္ခ၊ ခန္ဓာက အနတ္တ။ သိမှ။ အဲဒီတော့ဘာဖြစ်လာလဲ။ သံဝေဂဝင်လာတယ်။ ကိုယ်ကျင့်တရား။ ကိုယ်ကျင့်လာတာကိုဗျ။ သံဝေဂတရား၊ ဗြဟ္မစိုရ်တရား။ ကိုယ်ကျင့်တရား။ အဲဒီတော့မှ လာဟောတာ။ ဘယ်သူမှ လွတ်သွားလို့မရဘူး။ ဘယ်လိုနည်းနဲ့မှ ထွက်သွားလို့မရဘူး။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်က လွတ်သွားမယ်။ လွတ်တတ်ဖို့လိုတယ်နော်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ အဲဒီတော့ ကိလေသာ တဏှာသတ်ပေးပါ။ ကိုယ့်စိတ်ကိုယ် မဂ်နဲ့စစ်။ ခင်ဗျား စာတော့မတတ်ဘူးပေါ့ဗျာ။ ပြောမှား ဆိုမှားရှိရင်တော့ အကုန်ခွင့်လွှတ်ပါဗျာ။ မပယ်ဘူး။ စာကိုမပယ်ဘူး။ ကိုယ်က သွားမစွဲနဲ့ ပညတ်ကိုမပယ်ဘူး။ ပရမတ်ကိုလည်း မပယ်ဘူး။ ပညတ်ကို သွားမစွဲနဲ့။ သဘောပြော

မလို့။ သဘောလေးနော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဘုရားကိုဆွမ်းတော်တင်တာ မှန်တယ်ဗျ။ ဘုရားကို ရေချမ်းကပ်တာ မှန်တယ်ဗျ။ အဲ ဘုရားရည်စူးပြီးတော့ အကုန်လုပ်တယ်။ ပရိတ်ရွတ်တယ်။ ဂုဏ်တော်ရွတ်တယ်။ ပဋ္ဌာန်းရွတ်တယ်။ အကုန်ကောင်းတယ်။ ဟုတ်တယ်။ သိပ်မှန်တယ်။ ဦးပဏ္ဍိတ က ပြောသွားပြီ။ မစွဲနဲ့နော်တဲ့။ ဒါပဲပြောမယ်။ မင်းအပေါ်မူတည်တယ်။ လုပ်တော့။ လုပ်တာမှန်တယ်။ မစွဲနဲ့ကွာတဲ့။ စွဲရင်တော့ မင်းစိတ်ကို မင်းစစ်။ ပြီးတော့တဲ့။ အဲဒီတော့ ပညတ်ကိုယူတယ်။ ပညတ်ကို မှတ်တယ်။ မစွဲနဲ့တဲ့။ ဒီက စွဲသေးတယ်နော်။ အဲဒီအစွဲတွေဟာ အမြင်မှာလည်း စွဲတယ်။ အသံမှာလည်း စွဲတယ်။ အနံ့မှာလည်း စွဲတယ်။ ဇီဝါမှာလည်း စွဲတယ်။ အဲဒီအစွဲတွေကို သတ်ရမယ်။ လောကီ ဒီကံဘဲ ဥပါဒါန်အစွဲနဲ့သေရင် ခင်ဗျားသိရောပေါ့ဗျာ။ အဲဒါကျင့်တဲ့သူပဲသိတယ်။ ဦးပဏ္ဍိတ ရတယ်လို့မပြောဘူး။ ပညတ်ကနေ ပရမတ်။ ခုနကရေးထားတယ်။ စိတ်ကနေ ဓါတ်ပရမတ်ရေးထားတယ်။ အခုဟောနေတာ စိတ်ဟောနေတာ။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်တွေ၊ ထိစိတ်တွေ။ ဒါဘာလည်း မြင်သူကသိတာပေါ့။ သိစိတ်ကော၊ မြင်စိတ်ကော အဲဒီမှာ သွားမှတ်နေတယ်။ သွားမှတ်ပြီးတော့ သွားစွဲနေတယ်။ မစွဲနဲ့တဲ့။ အဲဒါစွဲရင် ကံဖြစ်သွားလိမ့်မယ်နော်။ မစွဲရင် ဉာဏ်ဖြစ်သွားလိမ့်မယ်နော်တဲ့။ မင်းအပေါ် မူတည်တယ်တဲ့။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

ဦးဇင်းကတော့ ရောက်လာပြီ။ မြောင်းမြက ဒီရောက်လာပြီ။ ဘုရားကြီးရဲ့ ဝေယျာဝစ္စရှိတယ်။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီတော်ရှိတယ်။ ဒကာကြီး၊ ဒကာမကြီးတွေ နှစ်သက်ရာ နှစ်သက်ကြောင်း ဒကာမကြီးတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာကိုလည်း ပွားပါ။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိစိတ္တနဲ့ဆေးကြောမယ်။ အဓိသီလနဲ့ ဆေးကြောမယ်။ အဓိပညာနဲ့ဆေးကြောမယ်။ ခင်ဗျားတို့လှူချင်တယ်။ ကိုယ့်မှာမရှိ ကုန်းကောက်လှူလို့ရတယ်။ ဦးဇင်း ဒီမှာ အလှူခံပေးမယ်။ အဲ ဦးဇင်းကတော့ ဒီကပြန်သွားမှာကို ခင်ဗျားတို့ရဲ့ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်ကတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့လုပ်။ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန် ကြာရင် ခင်ဗျားတို့သိလာလိမ့်မယ်။ ခင်ဗျားတို့ကြိုက်တာလုပ်၊ မကြိုက်ရင် မလုပ်နဲ့။ ဦးဇင်းက အလှူခံပေးမယ်။ ရတဲ့ဟာကို ဆရာတော်ကြီးတွေ ဂေါပကတွေ လိုအပ်တဲ့နေရာမှာသုံးပါလို့ အားလုံးပေးလှူတယ်လို့။ ဦးဇင်း အောက်မှာ အလှူခံပေးမယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ် (၁၂၀)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

ဖုန်း - ၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၂၅၁၆၂၀၁၂၈

၀၉-၄၄၇၅၇၂၃၅၅

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၂၀)

ဦးဖင်းက စာပေကျမ်းဂန်မတတ်ပါဘူးဗျာ စာအားကြီးတတ်ချင်တယ် စာတတ်လို့ရှိရင် စကားပြောလို့ ကောင်းတယ် ဦးဖင်းကယ်စဉ်တောင်ကျေး ကလေးကို သင်မလာတဲ့အတွက်ကြောင့် မိဘများကကျောင်းရှိတယ် ဆင်းရဲနွမ်းပါးတော့ ကျောင်းမထားနိုင်ဘူး၊ မထားနိုင်တော့ စာမတတ်ဘူးပေါ့ဗျာ၊ အဲဒီတော့ တောမှာခေတ်ပျက်တော့ ဟိုရောက်၊ ဒီရောက်၊ ပုသိမ်ရောက်၊ မြောင်းမြရောက်၊ အဲဒီလိုရောက်တဲ့အခါမှာ ကမ္မဝဋ်ကို မသိတော့ ဘဝမှာ နစ်မျော ပါတယ်၊ ယောဒိပစ္စုပ္ပန်ဘဝ အဲဒီတော့ဘာလည်းအစွဲတရား စာပေကျမ်းဂန် ဘာမှမတတ်ပါဘူးနော် အဲဒီတော့ စာမတတ်တော့ ကိုယ်တတ်တဲ့အသိကို ဝိပဿနာခန္ဓာသိကို ကျင့်ပါတယ် သိချင်တဲ့အသိကိုပြောပြပါမယ်။ စာပေကျမ်း ဂန်မတတ်တော့ ဘာမှမသိပါဘူး သူစာသိပ်တတ်ချင်တယ် မတတ်ဘူးအသက်ကကြီးမှ အသက်(၅၀)ကျော်မှ ဝိပဿနာကိုလုပ်တာပါ လုပ်တော့မှသိလာတဲ့ အသိလေးကိုအားလုံး ဒကာ၊ ဒကာမများကို အသိလေးပြောပြပါမယ် ဘုရားကစာနဲ့ရေးထားတယ် ဘာတွေရေးထားသလဲ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တတဲ့ ဒါသဗ္ဗေဆိုတာဟာ အလုံးစုံပါသွားပြီ (၃၁)ဘုံနဲ့ တူပါတယ်ဗျာနော် အဲဒီတော့ (၃၁)ဘုံလွတ်တာနဲ့ မလွတ်တာအဲဒီတော့ လွတ်ကာကတော့ ဉာဏ်တရား မလွတ်တာကတော့ ကံတရား ဘယ်ကံလည်း၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီမနောကံဟာ စာမှရေးထားတယ်ဗျာ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာ၊ ဒိဋ္ဌိတဲ့နော် ဒိဋ္ဌိသတ်ရမယ်နော် ဒိဋ္ဌိဟာဘာကြောင့် ဒိဋ္ဌိအဲဒါပါဋ္ဌိ စကားဒိဋ္ဌိဟာ ဘာလည်းအာရုံ(၅)ပါးကိုယူတယ် အာရုံ(၅)ပါးနဲ့ အတွင်းအာရုံမနောနဲ့ပေါင်းတယ် အဲဒီတော့ မြင်လိုက်တဲ့အခါမှာ အော်ဒါငါ့သမီးပါလား၊ ဒါငါ့သားပါလား၊ ဒါငါ့မိန်းမပါလား၊ အဲဒါကိုသွား သာယာတာ၊ စွဲလန်းတာ အဲဒါတဏှာလို့ခေါ်မှာပေါ့ဗျာ တဏှာဆိုရင် ဘာဖြစ်မလဲ ဥပါဒန်းကံနော် သဘောလေးဒါအာရုံကိုယူတာ အဲဒီတော့မျက်စိမြင်လိုက်တယ် အဲဒီတော့မှ ဒီကံကတရားလေးတွေ ဟာ ဘယ်ကစသလဲ ခန္ဓာကစတယ် သံသရာဘယ်ကလည်သလည်း ခန္ဓာကစလို့လည်တယ် သံသရာဘယ်က ပြတ်သလဲ ခန္ဓာစလို့ပြတ်တယ် ဒါဥပါဒါန်းအစွဲတရားကံနော် ကိုယ့်စိတ်ကိုယ်စစ် ကိုယ့်စိတ်ကိုယ်စစ်ဆိုတာ ဘယ်လိုလည်း ငါသည်ဒီသံသရာကြီးဟာ အဲဒီတော့ ငါဟာအစွဲတရား အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ အာရုံကြောင့်မနောနဲ့ဖြစ်နေပါလား၊ ဒါအနုသယကံပေါ့တာ၊ အဲဒီအနုသယကံကို သစ္စာထားရမယ်၊ သမုတိသစ္စာ၊ ဝိတိသစ္စာ၊ သဘာဝသစ္စာ၊ မရမတ္ထသစ္စာ၊ အရိယတ္တသစ္စာ၊ ဒါဘုရားဟာတွေနော် အဲဒီသစ္စာတွေမှန်မှ ဒီကံဟာငါသည် အာရုံ(၆)ပါးကြောင့် အတ္တအယူတွေဖြစ်နေပါလား အတ္တဆိုတာအစွဲ အာရုံ(၆)ပါး အဲ့လိုရေးထား တယ်နော် အဲဒီအာရုံ(၆)ပါးမှာ အနုသယအာရုံ(၅)ပါးနဲ့ မနောနဲ့ပေါင်းရင် အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဒါသံသရာလည် တဲ့တရားတွေ အခုလည်နေတာ ဒါသင်္ခါရ ပဋိစ္စသမုပ္ပါ သင်္ခါရဆိုတာ ဒါလေးဥပမာပြောပြမှာပေါ့ဗျာ ဒီသင်္ခါရရပ်တဲ့ နေရာရှိတယ်။ သင်္ခါရမရပ်တဲ့နေရာလည်းရှိတယ် အဲဒီတော့ကိုယ်ကြိုးစားမှသာလျှင် ကိုယ်သိလာလိမ့်မယ်နော် အတ္တ ဆိုတာအစွဲနော် အတ္တဆိုတာအာရုံ(၆)ပါးမှာ စွဲနေတာ အကုသိုလ်ကံ၊ ကုသိုလ်ကံနော်၊ ဟိုကဆဲလိုက်တယ်၊ ကိုယ့် နာမည်နဲ့တကွ ဆဲလိုက်တယ်၊ အဆဲခံရတဲ့လူဟာ စိတ်ထဲမှာ ဘယ်လိုနေမလည်း အဲဒါဒေါသဖြစ်တယ် ဆဲကဲ့ သူက ဘာလဲ မိစ္ဆာအယူ အဲဒီမိစ္ဆာအယူကို ကိုယ်ကလည်းယူလိုက်တော့ ဒေါသဖြစ်တယ်၊ ဒေါသဖြစ်ရင် အာရုံကြောင့် မနောဟာ စေတနာပျက်မယ်။ ဒီကောင်ကို ငါထိုးချင်တယ်၊ ရိုက်ချင်တယ်၊ စေတနာပျက်သွားတယ်၊ စေတနာပျက်ရင် ဒေါသဖြစ်တယ်။

ဒီကောင်ကို ငါထိုးချင်တယ်၊ ရိုက်ချင်တယ်၊ စေတနာပျက်သွားတယ်၊ စေတနာပျက်ရင် ဒေါသဖြစ်တယ် စေတနာပျက်တာနဲ့ အတွင်းသီလမလုံဘူး အတွင်းသီလမလုံရင် ဘာကြောင့်မလုံလည်း အာရုံကြောင့် မလုံဘူး အာရုံမှာ ဘာဖြစ်လို့ဖြစ်ရတာလည်း သညာကြောင့်ဖြစ်ရတာ ပညာမဟုတ်ဘူးနော် ကိုယ့်စိတ်ကိုယ့်စစ် အဲဒီတော့ ကိုယ်စိတ် ကိုယ်စစ် ငါအတ္တကိုပယ်လို့မရဘူး ပယ်လည်းပယ်နိုင်တဲ့နေရာရှိတယ် ငါရောက် အောင်သွားမယ် အတ္တကိုပယ်နိုင်တဲ့အခါမှာ အဲဒီတော့မဂ္ဂင်ရှစ်ပါးရှိတယ် အဲဒီတော့ မဂ္ဂင်ရှစ်ပါးကို အတ္တပယ်မယ် နော် အနတ္တကို နှလုံးသွင်းမယ် အဲဒီတော့ သမ္မာ ဝါစာ၊ သမ္မာသမ္ဗုဒ္ဓ၊ သမ္မာအာဇီဝ ဒါသီလမဂ္ဂင်ခေါ်တယ် ဒီသီလ မဂ္ဂင်ဟာ ဒုစရိုက်(၁၀)ပါးလုံနေတယ်နော် အာရုံ(၅)ပါးလည်း မယူတော့ဘူး ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာ၊ စာရ၊ မုသာဝါဒါ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ ဒီကာယကံနဲ့ဝစီကံဟာ အဲဒီတော့ မနောသတ်တော့ ကာယကံနဲ့ ဝစီကံဟာ ကွဲကူးရေပါတယ်နော် ဒီကံတွေဟာ မိစ္ဆာကံတွေ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး။ ပါဏာတိပါတာကံ ဒါမိစ္ဆာကံ အဲဒီ မိစ္ဆာကံကို ဘယ်သူကလုပ်သလဲဗျာ ပါဒဆိုတာအစွဲ ဥပါဒါန်ကံနော် အဲဒီတော့ အဲဒီဗျာပါဒ ကုက္ကုစစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ အဲဒါတွေဟာ ခင်ဗျားသိလား အာရုံ(၅)ပါး မလွတ်လို့ဖြစ်တာနော် ဒီအာရုံကို ပယ်ရမယ် ဒုစရိုက်(၁၀)ပါးလည်းလုံရမယ် အဲဒီတော့ ခင်ဗျားပါးစပ်ကလည်း လုံလာပြီး၊ ကာယကံလည်းလုံလာပြီ မနောသတ်တယ်၊ အဲဒီတော့ မနောကဘာလည်း ဗျာပါဒ အဘိဇ္ဈာ၊ ကုက္ကုစစိတ်၊ ဒိဋ္ဌိဆိုတာ အပြင်အာရုံနဲ့ အတွင်း အာရုံကို ပေါင်းတာအယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ် အဲဒါဒိဋ္ဌိဘဲ အဲဒီတော့ အဲဒီအာရုံကို မယူတော့ ဘူး မမှတ်တော့ဘူး၊ မစွဲတော့ဘူး၊ ဝင်လေ၊ ထွက်လေ၊ ရှုတော့ အဲဒီအာရုံကော ယူသေးလား၊ မယူပါဘူး၊ အာရုံကော မှတ်သေးလား၊ မမှတ်ပါဘူး အာရုံကော စွဲသေးလား မစွဲပါဘူး။ အဲဒါလောကီအာရုံ အဲဒီတော့သံသရာဘယ်ကစသလဲ ခန္ဓာကစတယ် သံသရာ ဘယ်ကလည်သလဲ ခန္ဓကစလို့လည်တယ် သံသရာ ဘယ်ကပြတ်သလဲ၊ ခန္ဓာစလို့ ပြတ်တယ် နိဗ္ဗာသည် ခန္ဓာစတယ် ခန္ဓာမှဆုံးတယ် သီလမှာ ချုပ်တယ်နော် စာရေးထားတာ စာကမှန်၏ ဉာဏ်မမှီထိ အောင်သူ မိသ စာတွေငါတွေ့ အတွေ့နှစ်လီရှိတယ်၊ စာတွေ့ထက် ငါတွေ့ကသာတယ်။ သာတာပေါ့ သူခံစားရတာကို သူကျင့် ထားတာကိုနော် ခင်ဗျားတို့ ဘောကနိသလိုဘဲ ဘောမကနိတတ်တဲ့သူက ဘဲရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း လေ့ကျင့်တဲ့အခါကျတော့ အပြေးကလည်းကောင်းတယ် အမောကလည်းသူမှာ သိပ်မရှိတော့ဘူး လေ့ကျင့်ထား တာကို အဲဒီတော့ တိုင်းပြည်တစ်ပြည်မှာ သွားကနိလို့ရတာပေါ့။ အဲကိုယ်က ဖေလား၊ ဝါးလား လုပ်နေရင်တော့ ခံပေ့ါဗျာ၊ အဲဒီလိုဘောသမားများလိုဘဲ အဲဒီလိုကျင့်ရမယ် အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာစင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ် ဉာဏ်စခန်းတွေ ဝိပဿနာဟာ ဂမ္ဘီရဉာဏ်၊ ဇာဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကောဥပါဒိ၊ ဉာဏာဥဒပါဒိ အဲဒါလောကုတ္တရာဉာဏ်တွေ လောကီလည်း ဉာဏ်ရှိတယ် လောကီဉာဏ်ကတော့ ဘာခေါ်မလဲတော့ မပြောတတ်ဘူး လောကီဉာဏ်ရှိတာပေါ့ တစ်တန်းက၊ နှစ်တန်း သင်တယ်၊ သုံးတန်းက ဆယ်တန်းလောက်သင်လိုက် တော့ အဲဒါဉာဏ်ပေါ့ဗျာ၊ အဲဒါလောကီဉာဏ်ပေါ့နော် ရေဒီယို သွားပြင်တယ်၊ အဲဒါလောကီဉာဏ် အဝိဇ္ဇာက ထိုးတွင်းပြီးပေါက်တွင်းပြီး သိတာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက၊ ငါဘယ်ကလာတယ်ဆိုတာ လည်းသိတယ်၊ ဘယ်ကိုပြန်မယ်ဆိုတာလည်းသိတယ်နော်။

ဒါတွေဟာ ဉာဏ်တရားတွေ ကံတရားမဟုတ်ဘူးနော် အာရုံ(၆)ပါးလွတ်သလားဆိုတော့ မလွတ်ဘူး၊ မလွတ်တော့ အဲဒါ(၃၁)ဘုံလည်မှာဘဲနော် ကာယကံ၊ ဝစီကံကတော့မလုပ်ပါဘူးနော် မနောကံကဘာဖြစ်လာလည်း အာရုံနဲ့ ပေါင်းထားတယ် အော် အေး အေး အေး အော် ငါကိုဆဲလိုက်ပါလား။ ငါကိုတိုင်းလိုက်ပါလား အဲဒီ အာရုံမှာ မှတ်တာ မှတ်တော့ အဲဒီအာရုံမှာ ဒေါသဖြစ်သွားတယ်၊ အဲဒီထိုသူအပေါ်မှာ ဒေါသဖြစ်သွားတဲ့လူက စေတနာပျက်တယ် စေတနာပျက်တော့ ခင်ဗျားသီလရှိပါဒုံးမလားအတွင်း သီလပျက်သွားပြီး ဘာလို့လဲ အပြင်ကို ယူထားတာကို အပြင်ကို အမှတ်နဲ့ယူထားတယ် အဲဒီတော့ယူထားတော့  သာယာတဲ့ကံ၊ မသာယာတဲ့ကံ အဲဒါ (၃၁)ဘုံလည်တာ အခု လည်နေတာ အခုလည်ရင် နောင်လည်း လည်ဒုံးမှာဘဲနော် အဲဒီတော့ အပြင်မှာစင်ကြယ်ရမယ်၊ အပြင်မှာ စင်ကြယ်မယ်အတွင်းမှာလည်း စင်ကြယ်ရမယ် ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကိုသနားပါ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်တွေ ခနမာန်တွေ၊ ပစ္စည်းမာန်တွေး၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့ အဲဒါခင်ဗျား အပေါ်မှာ မူတည်တယ် သင်တော့သင်ပေ့ါ မစွဲနဲ့ သမ္မာနဲ့လုပ်ပေ့ါ မိစ္ဆာနဲ့သွားပြီးမစွဲနဲ့၊ သမ္မာနဲ့စွဲနော် မစွဲနဲ့လို့ အရှင်းမပြောဘူး  မိစ္ဆာနဲ့သွားမစွဲနဲ့ ဟောသမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ အပြင်မှာလည်းစင်ကြယ်တယ်၊ ခန္ဓာမှာလည်း စင်ကြယ်တယ်၊ ဟောအတ္တကိုဖြုတ်ပြီ အဲဒါအတ္တဆိုတဲ့ အစွဲတရားအာရုံ(၆)ပါး အဲဒီတော့ အာရုံ(၆)ပါး မယူတော့ဘူး မနောလည်းသတ်တယ်၊ တောင်ပို့မှာ ဂရယ် (၆)ပေါက်ရှိတယ် (၅)ပေါက်ပိတ် အပြင်အာရုံ(၅)ပေါက် ပိတ်အပြင်မနော၊ အတွင်းမနောကိုသတ် အဲသတ်တော့ခင်ဗျားသိမှာပေ့ါဗျာ၊ အဲဒါဘာဖြစ်လာလည်းဆိုတော့ အဲဒီတော့အတွင်းစိတ်က အပြင်အာရုံလည်မယူဘူး အဲဒီတော့အတွင်းစိတ်ကလေးဟာ ဘာဖြစ်လာလည်း ဓါတ်ဖြစ်လာတယ်၊ စိတ်မခေါ်တော့ဘူး ဓါတ်ဖြစ်လို့ သဘာဝ သဘောတရားကို သိလာလိမ့်မယ်နော် အော်အဲဒီတော့မှ သဘာဝသဘောတရားပါလား။ အရင်တုန်းကမြင်စိတ်၊ ကြားစိတ်၊ တွေးစိတ်၊ နံစိတ်၊ ထိစိတ်၊ အဲဒီစိတ်ကနေတဆင့် တက်လိုက်တော့ ဟောအတွင်းမှာ စေတသိတ် အဲဒီမြင်စိတ်ကနေပြီးတော့ အတွင်းယူလိုက်တော့ စေတသိတ် အဲဒီနှစ်စုပါယ်လိုက်တဲ့ အဲဒါခင်ဗျားပယ်လိုက်မှသိတာနော် အဲဒီတော့ ဒီစိတ်စေတသိတ်ကိုပါယ်ရင်ဘာလည်း ရုပ်ရှုဉာဏ်ဖြစ်လာတယ်နော် ဦးဇင်းကတော့ စာမတတ်ဘူး၊ ဥပမာလေး ပြောပြမယ် အမယ်လေးဗျာ အောင့်လိုက်တာဗျာ အဖေရယ်၊ အမေရယ်၊ ကျွန်တော်အောင့်လိုက်တာ အမယ်လေး ကျွန်တော်နို့ဒုံးကာပြီတွေထွက်တယ် အနာဖြစ်တယ် အမယ်လေးပါးတွေလည်း ကိုက်တယ်၊ ဟောရုပ်တရားဟာ ဖောက်ပြန်လာပြီနာမ်တရားက ခံစားရတယ်၊ ရုပ်အကျိုးနာမ်အကြောင်းအကျိုးပေါ်မှာ အကြောင်းတွေဖြစ်နေတယ် အဲဒါခင်ဗျားတွေးကြည့် ဒီရုပ်ကြီးလိုချင်သေးသလားဟာ ဒီရုပ်ကြီးမစုံမက်ပုံပျက်တဲ့ အဲဒီရုပ်ကြီးဟာ ရုပ်ရဲ့ဒဏ်ရာ ဒဏ်ချက်တွေကို နာမ်လေးက မခံသာဘူး အမယ်လေး အမယ်လေးအဲဒီရုပ်နဲ့ ပတ်သက်တဲ့အကြောင်းနော် အကျိုးပေါ်ကအကြောင်း အာရုံနဲ့ ပတ်သက်တဲ့အကြောင်း အဲဒါနှစ်ခုလွတ်အောင်သာသွားပြီးတော့ အဲဒီနှစ်ခုလွတ်ချင်တော့ ခင်ဗျားသိလိမ့်မယ် အဲဒီတော့ အခုက ကိလေသာက ငုပ်နေတာ စားကောင်း၊ သောက်ကောင်း ငုပ်နေတာတစ်နေ့အိုရမယ်၊ နာရမယ်၊ သေရမယ်၊ အိုလာရင်ဘာဖြစ်လည်း နာလာဒုံးမယ်။

အဲဒီရုပ်၊ အဲအမယ်လေးအမေရယ် ခေါင်းကိုက်လိုက်တာ၊ သွားကိုက်လိုက်တာ နာမည်နံပါတ် ပညတ်ကိုခေါ်ဝေါ် သတ်မှတ်လိုက်တာ ခေါင်းကိုက်တယ်လို့ လက်ကိုက်တဲ့လို့ ဟုတ်ပါတယ် ဟုတ်တယ် ဓါတ်တွေရဲ့ ဖောက် ပြန်တာ ကံနိမ့်လာလို့နော် ကံနိမ့်လာတော့ စိတ်တွေရဲ့ ဖိစီးလာပြီး ရောဂါတွေဝင်လာရင် မိစ္ဆာကိုဝင်လာလိမ့်မယ်နော် အဲဒီမိစ္ဆာကောင်တွေဝင်လာလိမ့်မယ်နော် အဲဒါလေး ဝိပဿနာကိုကျင့်ကြပါ ကိုယ့်အဖေလို၊ အမေလို၊ သမ္မာဝါစာ၊ သမ္မကမ္မန္တ၊ သမ္မာ အာဇီဝဦးဖင်းက ဆိုပြမယ် ကောင်းကောင်းတော့မတတ်ပါဘူးဗျာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒါသမာဓိ မဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကိုသိပြီ သမ္မာသင်္ကပ္ပ ရောက်သွားတော့ သမ္မာဒိဋ္ဌိကိုသိတာ ဟာကြည့်စမ်း၊ ဒိဋ္ဌိအယူမှားတယ် အမှတ်မှားတယ် အစွဲမှားတယ် ခန္ဓာကဖြစ်နေတာ အာရုံကြောင့်ဖြစ်နေပါတယ် သင်္ကပ္ပရောက်မှသိတယ်နော် စာရေးထားတယ် စာကမှန်၏ ဉာဏ်မမီထိအောင်သူမသိ ဉာဏ်နဲ့ကြည့်မှ ဒီရုပ်နာမ်ကိုသိမှာ ကံနဲ့ကြည့်တော့ဘာသိမှာလည်း ဒါကြောင့် ဝိပဿနာကို ဉာဏ်လို့ခေါ်တာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ် စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကော ဥဒပါဒိ ဦးပဏ္ဍိတရတယ်လို့ မပြောဘူး သဘောကိုပြတာ ဒီအာရုံအနုသယ အနုသယအာရုံမှာ အဲဒီအာရုံကိုပယ်ရော မပယ်နိုင်ဘာဖြစ်သလဲ ဝိပဿနာထိုင်တယ် ရှုပေးရှုပေးတော့ တွေးသေးသလား၊ လောကီအကြောင်းတွေတွေးသေးသလား၊ မယားအကြောင်းတွေ တွေးသေးလား၊ သားတွေးသေးသလား၊ ကံတရားတွေ၊ ဥပါဒါန်ကံတွေ အဲဒီတော့ဘာမှမတွေးပါဘူးဗျာ၊ အဲဒီနှာခေါင်း နှစ်ပေါက်ရဲ့ ဝင်လေထွက်လေ ဒရစည် ဒရစပ်လုပ်နေတဲ့ အာရုံကိုဘဝင်ကသိနေတယ် သိသိသိမှတ်နေတယ်နော် အဲဒီအသိမှတ်နေတော့ ခင်ဗျားအတ္တဆိုတဲ့ အယူရှိသေးလား အတ္တအယူမရှိတော့ဘာဖြစ်လည်း အဲသိသိဆိုတော့ ခင်ဗျား သမာဓိဖြစ်လာတာ ပညာကိုကူးရအုံးမယ်နော် ဘာလို့သမာဓိဖြစ်လည်း သိသိသိဖြစ်နေပြီ အဲဒီတော့ အပြင်အာရုံဒုစရိုက်(၁၀)ပါးလုံနေတာအပြင် သီလကလည်း စင်ကြယ်တယ် အတွင်းရဲ့ အဓိစိတကလည်း ဖြစ်နေပြီနော် အဲဒါအကျိုးရှိတယ် အသက်(၁၀၀)နေတာထက်မြတ်တယ် ခုနက ခင်ဗျားတို့ရောဂါဘယတွေ ပျောက်ကင်းတယ်နော် အာရောဂျံပရမံ ကျန်းမာရေးလိုက်တဲ့ ကျန်းမာရေးလိုက်တော့ မဟုတ်တော့ဘူး ခင်ဗျားဘယ်သာဒ်ရမလဲ နဘယံဘေးမရှိတဲ့ ဟောစာကရေးထားတယ် အဲဒါတွေခင်ဗျားတို့လုပ်ရမယ့်အလုပ်တွေ အခုတော့ ဟိုဟာလုပ်လိုက် ဒီဟာလုပ်လိုက်ကောင်းပါတယ်နော် အတ္တလို့ပြောထားတယ် အတ္တဆိုကတည်းကပြီးနေပြီပေါ့ဗျာ ကိုယ်ဟာကိုယ် ပွက်ကြည့် အဲဒီအတ္တကိုအလွန်ကြောက်လွန်းလို့ သမ္မာလုပ်နိုင်းတာ အဲဒီတော့ ဒီအတ္တဆိုတဲ့ အယူဝါဒလည်း မရှိတော့ဘူး ဟောခင်ဗျားဘာဖြစ်လာမလည်း ဟောအာရုံနဲ့လည်းမပေါင်းဘူး ဒုစရိုက်ဆယ်ပါးလည်းလွတ်နေပြီ ထိသိလည်း ဖြစ်နေပြီ ထိသိ၊ ထိသိ၊ ထိသတိခင်ဗျားခြေထောက်မြေကြီးနင်းတယ် ခင်ဗျားခြေထောက်ကမြေကြီး နင်းရင်မသိဘူးလား မြေကြီးခြေဖဝါးထိတော့မသိဘူးလား၊ သိတာကစိတ်၊ ထိတာကရုပ် ထိသိခေါ်တယ် အဲဒီထိသိများရင် ထိသိ၊ ထိသိ အဲဒီအာရုံကိုပယ်ထားသိနဲ့လိုက် သညာပယ်မယ် သညာပယ်မှ ပညာဝင်မယ် အာရုံကြောင့် သညာတွေမှတ်တာ မှတ်ရင်ဥပါဒါန်းကံတွေဖြစ်လိမ့်မယ် အဝိဇ္ဇာကြောင့် သင်္ခါရကြောင့်တဏှာ၊ တဏှာကြောင့် ဥပါဒါန်း ဥပါဒန်းကြောင့်ကံ စာမတတ်ဘူး ဝန်ခံထားလိုက်ပြီ၊ အဲတဏှာဆိုတာဘာလည်း ခင်ဗျား ဥပမာကျားကြီးတစ်ကောင်လဲနေတယ် သစ်ပင်အောက်မှာ သူမှေးပြီးတော့သူဒီလိုဘဲနေတာပေါ့ဗျာ။

ကျားကြီးကတစ်နေ့သောအခါ ချေကသူရှေ့ကိုဖြတ်သွားတယ် ဟာကျားက ဒါငါ့အစာဘဲ အဲဒါတဏှာဘဲ အဲဒီ တဏှာကြောင့် မာန်ဖြစ်သွားတာ တဏှာမာန်ဒိဋ္ဌိကလုပ်လိုက်တာ အာရုံကိုယူလိုက်တာ အယူမှားတယ်၊ အမှတ်မှား တယ်၊ အဲဒါသွားတာပေါ့၊ အဲဒါမိစ္ဆာအယူခေါ်တယ် စာလိုဆိုရင်နော် ခင်ဗျားတို့ကြည့်နေ၊ ကြည့်စား ပြန်မှာဘဲ လာတာ လည်းတစ်ယောက်ထဲ ပြန်တော့လည်းတစ်ယောက်ထဲ စားတော့အများခံတော့ ခင်ဗျားခံရမှာဘဲနော် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေကြည်စမ်း အာရုံကြောင့် ဒီအာရုံကိုမလွှတ်ဘူး လောကီအာရုံ ကိုမလွှတ်ဘူး စာတွေနဲ့မျှောနေတာ၊ ဂုဏ်တော်တွေနဲ့မျှောနေတာဟာ အကုန်ကံချည်းဘဲနော် (၃၁)ဘုံလည်နေတဲ့ ကံတွေဖြပ္ပဘုံရောက်မယ်၊ နတ်ဘုံရောက်မယ် အဲဒါခင်ဗျားတို့ ဖြပ္ပာနဲ့ နတ်ဘုံတော့ရောက်ပြီ အဲဒါကံဘုံတွေ အဲဖြပ္ပ ပြည်ကတစ်ဝင်းဝင်း ဝက်တကျင်းကျင်းလို့စာကရေးထားတယ် ခင်ဗျားနတ်ဘုံရောက်ရင် နတ်ရဲ့သတ္တိကုန်ရင် ခင်ဗျာ ဘယ်သွားတုံးမှာလည်း အောက်ပြန်ဆင်းမှာ အထက်မတက်ဘူး အတက်ထက်တာ ဦးပဏ္ဍိတ မျိုးစေ့လာပေးတာ ခင်ဗျားတို့ကို မဂ်မျိုးစေ့ လာပေးတာ ဒါနမျိုးစေ့ လာပေးတာသီလတော့ခင်ဗျားတို့ဆောက်တည် သီလကတော့ ဝိသုဒ္ဓိ နှလုံးသားက ဝိသုဒ္ဓိဖြစ်မှာသာလျှင် အပါယ်ပိတ်မယ် အဲဒီဝိသုဒ္ဓိဖြစ်တာ ဘာလို့လဲ ဝိသုဒ္ဓိ ဘာကြောင့်ဖြစ်ရလည်း သမ္မာကြောင့်ဖြစ်သွားတာ အာရုံမပေါင်းလို့ဖြစ်သွားတာ အာပြောလိုက်၊ ဆိုလိုက်၊ အဲဒါအတ္တတွေဘဲသိတာပေါ့။ အေးအေး အဲဒါအတ္တ အဲအတ္တဆိုတော့ မကောင်းရင်လည်းသူဘဲကောင်းရင်လည်းသူဘဲ အစွဲတဏှာတွေ အဲကိလေသာနဲ့ တဏှာတဲ့ အဲဒီတော့ကိလေသာနဲ့ တဏှာဘယ်သူ့သတ်ရမလည်း ကိလေသာ အရင်သတ် ကိလေသာ ဆိုတာရုပ်တရား အဲဒီတော့ ရုပ်တကား အဲဒီလိုကျင့်ခုနကစေတသိတ်လည်းမရှိတော့ဘူး စိတ်လည်းမရှိတော့ဘူး အဲဒီနှစ်ခု ပယ်ပြီ ဒီကောင်နှစ်ကောင်မရှုပ်တော့ဘူး လောကီအကြောင်းတွေပယ်ပြီ မြင်စိတ်ကြားစိတ်၊ သိစိတ်၊ သိစိတ်တွေလည်းပယ်ပြီ အဲဒီအာရုံကိုလည်း မတွေးတော့ဘူး အယူမှား အမှတ်မှား၊ အစွဲမှားမတွေးဘူး ရှုတာဘဲ လုပ်တယ်၊ အဲဒါလုပ်တော့ သမာဓိကောင်းရော သမာဓိကောင်းတဲ့အခါကျတော့ ရုပ်ရှုအနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော အနတ္တရဲ့သဘော အဲဒါဘဲဖို့ စိတ်ကလေးကလည်းငြိမ်လာတယ် ရုပ်တရားကဖောက်ပြန်လာတဲ့အခါမှာ မခံသာမှန်ပါဘိ ဒီတရားခံသာလျှင် သံသရာကြောမျှောလိမ်အများ ဦးဇင်းရဲ့ ကျင့်သွားတဲ့ အသိတရားကိုပြောတာ ဝေဒနာတွေ ခင်းတက်တယ်တဲ့ သူက လူမိုက်ကိုဗျာ လူသတ်တာတော့မဟုတ်ဘူး အရက်သောက်လိုက်၊ ဖဲရိုက်လိုက် ဘာလုပ်လိုက်၊ ညာလုပ်လိုက် အကုန်လျှောက်လုပ်နောက်တော့မှ ထမင်းဝတ်မှ မယားကမပေါင်းတော့မှ သားတွေ၊ သမီးတွေကလည်း မလာတော့ဘူး ဖအေကလူမိုက်ဖြစ်နေတော့ ဗလာနံလူမိုက် အရက်သောက်လိုက်၊ ဖဲရိုက်လိုက်၊ ဖဲတွေလိမ်ရိုက်လိုက် ဒါအစွဲတရားတွေမကောင်းတဲ့ ဒုစရိုက်တွေလုပ်လိုက် ဒီလူဟာတော်တော်ဆိုးတဲ့လူနော် သူ့နာမည်မြမောင်တဲ့ မှတ်ထား အုံး ဟာခင်ဗျားတို့ကတော့ ရန်ကုန်မြို့နေတာကို ဦးဇင်းက သီးကွင်းသရက်ကုန်း၊ အိမ်မဲပိုင်၊ အဲနောက်မှ ပြောင်းမြဲ ပြောင်းတာ ဒါအစွဲတရားတွေ ဒါမကောင်းတဲ့ မိစ္ဆာတွေ သူ့လယ်ထဲက စပါးတွေကို အဲ့မအေကို ထမင်းသွားပို့တယ် ဖအေ၊ မအေက ကောက်ရိတ်တယ် အင်မတန်ဆင်းရဲတာ ကောက်ရိတ်တော့ ထမင်းသွားပို့တယ် သူ့နာမည်က မြမောင်တဲ့ အဲသွားပို့ရော တောင်းလေးနဲ့ အဖေအဖေက ကန်ဆင်းပေါင်မှာစားတယ် အဲဒီတော့ သူကကောက်သင်း သွားကောက်တာ စပါးနှံတွေလျှောက်ကောက်တာ ကောက်လို့သိပ်မရဘူး ဘယ်လိုလုပ်လည်းဆိုတော့ ခလေးက (၁၂)၊ (၁၃)နှစ်ကလေး အဲငါတော့ဒီလိုကောက်လို့မရဘူးကွာ အဲဒီတော့ ဖအေ၊ မအေတံစဉ်ကိုယူပြီးတော့ စပါးနှံ တွေအဖျားတွေကို အကုန်လျှောက်ဖြတ်တာ တစ်ပုံကြီးရတယ် အာသူနိုးနော်သူများပစ္စည်းခိုးစားတာ အဲဒါတွေးကြည့်ပေါ့ဗျာ။

အဲဒီတော့တောင်းထဲထည့်တယ် အဝတ်ကလေးအုပ်လိုက်သေးတယ် အတော်ကလေးအုပ်ပြီး ပခုံးနဲ့ ထမ်းလာတယ်။ လယ်ပိုင်ရှင်မမြင်ဘူး မသိဘူး၊ ဖအေမအေကလည်း ငါးသားမင်းမလုပ်နဲ့ကွ သူများပစ္စည်းခိုးတာ အဒိန္နာဒါနကံ မင်းမလုပ်နဲ့လို့ ဖအေမအေကလည်း မပြောဘူး၊ လုပ်ကွ မြှောက်တောင်ပေးသေးတယ် ဒီအစွဲတရားတွေ ဒါမိစ္ဆာအယူတွေကောင်းလား အဲဒါကိုယ့်စိတ်သာကိုယ်စစ် အဲဒီတရားတွေ ပေါတာ အဲဒီစပါးတွေ ယူလာပြီးတော့ ဘယ်လိုလုပ်လည်းဆိုတော့ ရေအိုးစင်အောက်မှာ အဲဒီစပါးနှံတွေကိုခြေထောက်နဲ့ပွတ်တာဘဲဗျို့ အကုန်ပွတ်အသီးတွေ အကုန်ကြွေ ကြွေပြီးတော့ အမယ် လေးသူပြာတာပေါ့ဗျာ။ တစ်ခါတည်း စပါးတွေအကုန်ကြွေတော့ ဘယ်နှစ်ပြည်ရလည်းဆိုတော့ (၄)ပြည်ရတယ် ဘယ်နှစ်ပြည်ရလည်း (၆)ပြည်၊ (၈)ပြည် ဝမ်းကိုသာနေတာဘဲ အဲဒီတရုတ်ကျင်မက္ကိဆိုတဲ့ တရုတ်ဆီသွားရောင်းတယ်၊ အာရောင်းတော့ ပိုက်ဆံတွေရတယ် မြေပဲဝယ်စားလိုက်၊ ကြံသကာတွေဝယ်စားလိုက် ပျော်နေတာ ဒါဘဲနောက် လုပ်ချင်နေတယ် ဒီဟာကဘဲရတော့ ခိုးချင်နေတယ် ကြည့်စမ်းဒါအစွဲတွေ မိစ္ဆာအစွဲတွေ အဲကိုယ်စိတ်သာကိုယ်စစ် ခုနက အတ္တအယူမှာ၊ အစွဲများတွေဘဲ ရှုသာရှုပေး အဲဒါသာလုပ် နတ်ပြည်သွားချင်ရင်လုပ် အဲဒီတော့ အာရုံ(၅)ပါး လည်းမယူနဲ့ မနောကသိတယ်၊ သိတယ် အဲဒီဘဝကသိတယ်၊ သိတယ်၊ ထိတယ်၊ ထိတာလည်းမမြဲဘူး၊ သိတာလည်း မမြဲဘူး၊ အဲဒါမှတ်နေတော့ခင်ဗျား အစိစိတ္တဖြစ်လာတယ် အဓိစိတ္တဆိုတာ သမာဓိခေါ်တယ် စိတ်ငြိမ်လာတယ် အာရုံနောက်မလိုက်တော့ဘူး အဲဒါအပယ်ပိတ်ရားခေါ်တယ်။ ခင်ဗျားတို့အခုစိတ်ပုတီးစိတ်တယ် စိတ်ပုတီးတဲ့ ဘယ်စိတ်လည်း ဘဝင်ကိုထိန်ထားတာ ဒါပေမဲ့ထိန်းလို့မရဘူး နိဝဏတွေဝင်လာတာ အေးခင်ဗျားဝင်လားတဲ့ဝင်တယ်တဲ့ အဲဒါဘာကြောင့်ဝင်သလည်း ခင်သိလားတဲ့၊ မသိဘူးတဲ့အပြင်မှာ မစင်ကြယ်ရင်ခန္ဓာမှာမစင်ကြယ်ဘူး ခန္ဓာမှ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ် ခန္ဓာစင်ကြယ်ရင် ဉာဏ်မှာစင် ကြယ်တယ် ကြည့်စမ်း ဉာဏ်အလုပ် တွေဘယ်မှာလည်း မြဲမောင် ဘယ်မှာလည်း ငါပညတ်ကိုသွားပြီးမြင်နေကြတယ် ပရမတ်ကိုမသိကြဘူး ပရမက်ကို မသိကြဘူး ပညတ်ကိုသွားအားကိုးမှားနေကြတယ်။ အားကိုးမှားကြ အဲဒါခင်ဗျား တို့ကြည်သာလုပ်ကြ အဲဒီတော့ ဦးပဏ္ဍိတက အသိလာပြီးတော့ပေးတာ ဒီနေ့ရောက်လာတာ မြောင်းမြကနော် ဟိုမှာ ပြန်ရမယ် ဘာသွားလုပ်တယ် ဆိုတော့ ဘယ်သူသိလည်း ဦးပဏ္ဍိတချက်ခြင်းပြန်သွားတာ ဟိုမှာအိပ်ပြီး ချက်ခြင်းပြန်လာတာ ဟိုမှာတစ်ည ပျက်သွားတာပြန်ပြောပေးမယ်နော် သူမြောင်းမြမှာလည်း သာသနာတွေလုပ်နေတယ် နောက်ပျဉ်းကတိုးကုန်းမှာ ဘုရားအုတ်ပန္နက်တွေရိုက်ပြီး ပြီးပန်းရုံဆရာနဲ့ လူပေါင်း(၁၄)ယောက် အဲဒါခင်ဗျားတို့ တွေးတာကြည့်ပေတော့ ဒုဟာ ဟိုတုန်းကမိုက်လာတဲ့ဘဝဗျာ ဒါတွေဟာမကောင်းပါဘူးဗျာ၊ အစွဲတရားတွေမကောင်းပါဘူး၊ မိစ္ဆာအစွဲတွေပါ ဂျပန်ခေတ်ကလည်းမကောင်းဘူး ဦးနုခေတ်လည်းမကောင်းဘူး မယားတွေ၊ သားတွေ၊ သမီးတွေကလည်းမလာတော့ဘူး ဖအေကမှ အသုံးမကျတာနော် အိမ်မှာလည်းမနိုမိုးစရာမရှိဘူး၊ အိမ်လည်းပျက်ပြီး ထမင်းလည်းစားစရာမရှိတော့ အဲဒါတောထဲသွားကျင့်တော့ ကရင်ကကျွေးလို့ ဒီအသိတွေ ခင်ဗျားတို့ကို ပြန်ပြော တာနော် အခင်မတန်မုထူးတယ် ချာန်ဆိုတော့လည်း ဟုတ်တာပေါ့။ မဂ်ဆိုတော့လည်းဟုတ်တာပေါ့ ဖိုလ်ဆိုတော့လည်း ဟုတ်တာပေါ့ ဦးပဏ္ဍိတ ရတယ် မပြောဘူးနော် ခင်ဗျားတို့လုပ်အတွင်းမှာရှိတာ အတွင်းမှာရှိတဲ့ ပစ္စည်းတွေချာန်ဆို တာကလည်း အတွင်းမှာ မဂ်ဆိုတာလည်းအတွင်းမှာ အဲဖိုလ်ဆိုတာလည်းအတွင်းမှာနော် အဲဒါခင်ဗျားတို့ကျင့်ကြ ကြံကြ အဲဒီတော့ အင်္ဂုလိမာလတောင်ကျင့်ရသေးတယ် လူသတ်တဲ့အကောင်တောင်ရသေးတယ်နော် ခင်ဗျားတို့ ကျင့်နေတာတဏှာ သတ်နေတာ အဲဒီကိလေသာမှာ တဏှာကပ်နေတာ အဲဒီတဏှာကို ဉာဏ်နဲ့ကြည့်မှသိမှာ။

ကဲနဲ့ကြည့်လိုက်တော့ တဏှာကိုအားပေးနေတာဟာ ကိလေသာကိုအားပေးနေတာ အောင်မယ်လေး ဒါအန္တရာယ်ကို သတ်တာနော် ကိလေသာ ကို အားပေးနေတာ အမယ်လေးစားကောင်းလိုက်တာ၊ အိပ်ကောင်းလိုက်တာ၊ ဟာကိလေသာကို အားပေးတော့တဏှာကဟာ အလျှံပယ်ဖြစ်ကုန်ပြီးနော် ကိလေသာတဏှာလို့ခေါ်တယ် တဏှာသတ်ရမယ် တဏှာသတ် မဂ္ဂင်နဲ့သတ် ခင်ဗျားမဂ္ဂင်ရှစ်ပါးဆိုတာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်၊ သိက္ခာသုံးပါးဒါခေါ်တာ အဲဒီသီလဝိနည်းထက်မြတ်တယ် ခင်ဗျားတို့ ဝိနည်းသီလက ရှောင်ထားတာဒါမလုပ်နဲ့၊ ဒါမလုပ်နဲ့၊ ဒါမလုပ်နဲ့၊ ဘုရားက ပညတ်ထားတာ ဟိုတာရှောင်ထားတဲ့တရား ဒီကဆောင်ထားတဲ့တရားနော် ပရိယတ္တိသာသနာရှိတယ်၊ ပဋိပတ္တိသာသနာရှိတယ် ပဋိဝေဒအခုဖော်ပေးလိုက်တာနော် ပဋိဝေဒမြုပ်နေတာခင်ဗျားတို့ကို ဖော်ပေးလိုက်တာ အာရုံကို ကျင့်တဲ့ရဟန်းခေါ်တယ်နော် ရေးထားတယ် သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ ပေါအရိယာထသစ္စာဆိုတာ ဘာလည်းအဲအာရုံ အာသဝက္ခဉာဏ်ရတော့ အဲဒီအာရုံကိုသိတယ် သညာကို ပညာဖြစ်တယ်၊ အတ္တကိုအနတ္တဖြစ်တယ် ပညတ်ကိုပရမတ်ဖြစ်သွားတယ် အသိဉာဏ်တွေခေါ်တယ် အဲဒီလောက်ဆိုပြီးရောပေါ့ဗျာ သာဓု သာဓု သာဓုပါဘုရား

(နက်ဖြန်ခါကျရင်လာပြီးတော့ ကျင့်တဲ့နည်းပယ်အပ်တဲ့တရားသိတဲ့တရား၊ ကျင့်အပ်တဲ့တရား သဘောလေးနက်ဖြန်ခါကျ အသိလေးပြောပြပါ့မယ်ဗျာ၊ ဒီကောက်ဆိုပြီးရောပေါ့ဗျာ။)

❒ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။
မဂ်ဉာဏ်ရမှ ပြတ်တာ။
မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်
မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်
မဂ်ဉာဏ်။

❒ ဝိသုဒ္ဓိဝိပဿနာ
နှာသီးနှာဖျားဝ၊ ထိသိမမြဲ
လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမမြဲ
မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မမြဲ
အမြဲသတိကပ်မှတ်။

❒ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိသည်
သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ
မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ
ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❒ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍
သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍
ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်
သစ္စာ(၄)ပါးသိမြင်အောင်
အားထုတ်နည်းပင်ဖြစ်သည်။